# အဘိဓမ္မတ္ထသင်္ဂဟဋီကာကျမ်း

(အရှင်ပညာဝံသ)



အဘိဓမ္မဇ္ဈသင်္ဂဟသိင်္ဂီ, ဂန္ထကာရက, မဟာဝိဇ္ဇာလယ,

ပညာသာဘိဓဇ, အနုသေရ, ပုံရိပ်။

ရန်ကုန်မြို့။

# သိမ်ဖြူတိုက်—နရားကျောင်း။

ပုသိမ်-ဒိစကြာဝတီ၊ ကျောင်းကုန်းမြို့။ ပညာရာမ ကျောင်းတိုက် တို့၌။

အလှည့်အလည်-သီတင်းသုံးတော်မူသော (နာယကဆရာတော်)

ဦးနိဿတ္တုံသော သာသနာလင်္ကာရ ကောဝိဒ—ဘွဲ့ခံ။

အမျိုးသား-ပရိယတ္တိ (ပထမကျော်)

"အရှင်ပညာဝံသာဘိဝေ"

စီရင်တော်မူအပ်သော။

# အဘိဓမ္မတ္ထသင်္ဂဟာ သင်္ဂြိုဟ်ကျမ်း။

## ပထမတွဲ။

ပထမ, နှိပ်ခြင်း၊-အုပ်ရေ (၁၀၀၀)

သာသနာတော် = ၂၄၇၀ × မြန်မာ = ၁၂၉၇ ခု။

သီတင်းကျွတ်လ၊

အခွင့်ရှင်—ဒေါ်ခွေညွန့်

အဘိုး၊(၁ကျပ်-၁၂ပဲ။)

မြန်မာ့[illegible]ပုံနှိပ်တိုက်

နံပါတ်-၂၅၆၊ လွှတ်လမ်း။

ရန်ကုန်မြို့၊

1936

# နိဒါန်း။

ဖြစ်ဘူး။ သက္ကတသိဘာ နတ်ဦးနှင့်။ ထူးလှ နတ်ပေါင်း။ မရေရှောင်း
အောင်။ ရှပ်သောင်းကုဋေမျှကျွတ်ကုန်လေသည်။

ယင်းသို့ ဟောကြားတော်မူ အပ်သော။ အဘိဓမ္မာ ခုနစ်ကျမ်း
တို့ဖြင့်။ နိုင်တတ်နေသူ့တ်။ မိပ္ပါယ်ဖြတ်ကို။ လွယ်လင့်တကူ, သင်ယူနိုင်
ကြစေသောဟု။ ဒါယကာ မောင်နှမဖြင့်။ တောင်းပန်ခြင်း ယာစန
ကြောင့်။ လက်ဒီပ။ သီဟဠဝသင်။ မဟာပိဟာရ ဝါသီဂိုဏ်း။ မူလ
သောဓ, ကျောင်းတိုက်၌။ သီဘင်းသုံး နေတော်မူသော။ အနုရုဒ္ဓါ
ထေရ်ကျော်။ စီရင်တော်မူအပ်သော။ လက်သန်းအင်္ဂုဏ်ထာ။ မည်သော
တွင်မှန်း။ သင်္ဂြိုဟ်ကျမ်းသည်။ ဒီပနီ, ဋီကာ။ အဖြာဖြာဂဏ္ဌိ။ မရှိ
ညီလျှက်။ ပြုလစ်တက္ကွ။ အခြေကို, ပြသော်လည်း။ ဘိုးလ, တိမ်ယန်။
လေမထန်က။ ဝေဟာန်ရောင်လွင်။ မှောင်မစင်သို့။ ပျို့ယဉ်သောတု။
ဇာသင်နှံ့တို့ဖြင့်။ ပဘံကရ။ ဉာဏ်အလင်း မရခြင်းကြောင့်။ ငြိုငြင်
ပင်ပမ်း။ မမြန်းတိကျွ။ တန့်ကြရသည်များကို။ အသောင်းဘော် ဘုန်း
ဟော့။ သုမေဓာ, ရှင်ရသေ့ဖြင့်။ ကရုဏာသဒ္ဓါတိတ ပမာမျှသျက်။
သာဓကအခင်း။ တူစုံလင်းအောင်။ လွန်မင်းခြင်းကရုဏာ။ တိုက်တွန်း
ခြင်းရှိပါသော။ ကျောင်းကုန်းမြို့။ ပညာရာမတိုက်။ နာယကဆရာတော်
ပခိုယဿိ-ပထမကျော်။ အရှင်ပညာဝံသာဘိဓေ။ မည်ရကျော်ဂြာ။
ငါဆရာသည်။ အရပ်လေးချက်နှာမှ။ ဝင်လာခိုအောင်း။ ဇာသောင်း
တပည့် အပေါင်းတို့ဖြင့်။ တောင်းပန် လျှောက်ထားခြင်းကိုရင်း။ ထို
တပည့်တို့အား။ သနားခြင်းကရုဏာကိုရင်း။ အကြောင်းပြု၍။ သုတ
မယဉာဏ်။ စိန္တာမယဉာဏ်။ ထက်သန်ပွားများ စေခြင်းငှာရင်း။
ဒိဗ္ဗဝေးကွာ။ ငါးခန္ဓာကို သေချာစကျွ။ ဉာဏ်ခမ္မဖြင့်။ ရှုနိုင်ပါစေ
ခြင်းငှာရင်း။ (ပဒမြန်) စသော။ မေးပွဲ, ဖြေပွဲ, အငွဲ့ငွဲ့တို့၌။ အမြဲ
နှံ့နိုင်ကြစေခြင်းငှာရင်း၊ [အဘိဓမ္မတ္ထ သင်္ဂဟာသိဂီ ညဝါ ဟောရိုး
ကျမ်း] ကို။ သဒ္ဒါအရင်းခံ ရေးသားသည်ဖြစ်ဟန်ကြောင့်။ အတန်တန်
ကျက်မှတ်၍။ သုံးလူနတ်တို့ဆရာကို။ နတ်ဖြဟ္မာ ငွေခရုနှင့်။ အောင်
ဇေတု ဘိသိက်သွန်းသလို။ မြေမဟိမှာ ဘေရီသွန်းနိုင်ကြပါစေကုန်
သတည်း။

# အဘိဓမ္မတ္ထသင်္ဂဟသိင်္ဂိ ကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အဘိဓမ္မာဓိ ဒေသေန္တံ၊ ဗဟုကေနာဘိယာစိတော။
နမန္တွာရေဆိရိဿာမိ၊ ဉာဟံသောဘုဟိလက်ံ သာ။

[ဝတ္တဂါထာ။]

ယာစိတော—၌။နဠကွရေသုပါဒေသု။သွာဒိမှာယောဇ္ဇာဝါဝတ္တံ။ ဟူသော၊ဝုတ္တောဒယဆန်းသို့လိုက်၍။ဒိဃရေးကိသည့် ဟူလိုဝ်။

အဟံ၊ခန္ဓာငါး၀၊သမုဟာလျှင်၊လောကပညာတ်။ သကဋ္ဌ၊ဒဗ္ဗဋ္ဌ လိင်၊ သင်္ချာ၊ ကံ၊ ကတ္တာဖြင့်၊ ဝေါဟာသညာယ်၊ ပညာနွယ်သည့်။ ကဲအလွန်ဖြိုးမောင်၊တန်းခွန်ဆောက်ဟိတ်။ ဗျူပ်နိမိတ်ကြောင့်။(ပညာ ဒုံသာဘိဓဇ)မည်နာမဖြင့်။ မိန္ဒဟာဆရာပေးအပ်သောငါသည်။ (ငါ) ရာမည္တိုင်း။သမိုင်းမည်ကြို့။ပုသိန်မြို့ဖျ၊ဒိသာအဝင်နယ်ရပ်ခွင်တွင် တသွင်ပေါင်းကြူး။ကျောင်းကုန်းမည်၊ စွာ၊မြို့ယဉ်သာ၌။(ပညာရာမ) မည်နာမဖြင့်။ရပ်ဝေးရပ်နီး တပည့်အသီးသီးတို့၏။ခိုမှီးပျော်အောင်း နေရာကျောင်းခေတ်၊ တိုက်တာသစ်ကို၊မြေကြီးကွင်ပျက်။ အိင်လျှက် ကြည်စောင်၊တည်ဆောင်ပန်ဆင်းတော်မူသော။ဂုဏ်သကတ်ကြောင့် ပညာရေ-မဆရာတော် ဟု၊ အခေါ် ခံရသော ငါသည်၊(ငါ)ခေါ် ဝေါ် သမုတ်အကျူးပ်သည်၊ အဘိဓမ္မာဓိဒေသန္တံ၊ အဘိဓမ္မာ၏အနက် ကိုလှစ်ထုတ်၍၊ ဟောတော်မူတတ် ကုန်သော၊ သာငကတို့ထက်။ ဆထက်လွန်ရှု၊အဓိပတိပနှည်းပြ၍၊ ဟောတော်မူတတ် ဘုရားမြတ် ကို၊ နမာဒိ—ရွှေဘယောင်းတိုင်း၊ ဆယ်ချောင်း ဆိုင်လုက်၊ မဏ္ဍိုင်

ဗုဒ္ဓကိုပြ၏။သမ္ဗုဒ္ဓသဒ္ဒါဖြင့်။ ပစ္စေကဗုဒ္ဓကိုပြ၏။ သမ္မာဗုဒ္ဓသဒ္ဒါဖြင့်။ စတုသစ္စဗုဒ္ဓကိုပြ၏။သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့်။သဗ္ဗညုဗုဒ္ဓကိုပြ၏။

(၄) တနည်းကား။သုတဗုဒ္ဓ။အနုဗုဒ္ဓ။ပစ္စေကဗုဒ္ဓ။သဗ္ဗညုတဗုဒ္ဓ အားဖြင့်လေးပါးရှိ၏။ ထိုတွင် ရှင်ဗုဒ္ဓဃောသစသော သူတို့ကဲ့သို့၊ အကြားအမြင် များသော ရဟန်းသည်။ သုတဗုဒ္ဓမည်၏။ ရဟန္တာ သာဝကသည်။ သစ္စာလေးပါးကို။ ဘုရားထံမှ, တဆင့် သိရသော ကြောင့်။ အနုဗုဒ္ဓမည်၏။ မိမိဘပါးတည်းသာ။ သစ္စာလေးပါးကိုသိ တော်မူသောဘုရားသည်။ ပစ္စေကဗုဒ္ဓမည်၏။ သဗ္ဗညုတဉာဏ်နှင့် တကွ။ သစ္စာလေးပါးကိုသိတော်မူသော ဘုရားသည်။ သဗ္ဗညုတ ဗုဒ္ဓမည်၏။ ။တနည်းကား။ ။သမ္မာဗုဒ္ဓ။ သမ္ဗုဒ္ဓ။ သမ္မာသမ္ဗုဒ္ဓ။ ဟူ၍သုံးပါးရှိ၏။ထိုတွင်သမ္မာသဒ္ဒါဖြင့်။ သဗ္ဗညုတဉာဏ်ကိုယူအပ် ရကား။ပစ္စေကဗုဒ္ဓါကို။ သံ သဒ္ဒါဖြင့်-သဿယာနုသယဉာဏ်၊ အရဟတ္တမဂ် ဉာဏ်တို့ကိုယူအပ်ရကား။ သာဝကတို့ကိုနှစ်စေသည်။ ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့်။သဗ္ဗညုတဉာဏ်ကိုရရှိသည်နှင့်တကွ။ဘုရား ဟုပညတ်အပ်သောကြောင့်။အဆုံးမရှိသောဂုဏ်တော်အပေါင်းကို ဆောင်သော။ခန္ဓာတော်အစဉ်တည်းဟူသော။ သဗ္ဗညုစင်ဘုရားရှင် မြတ်ကိုရ၏။

(၅) သမ္မာသမ္ဗုဒ္ဓကား။ ကသ္မုံသာဓနကိတ်ပုဒ်။ သမ္မာဒုရှ။ သံရှေးရှိသော။ဗုဓဓာတ်။ တ=ပစ္စည်း။သမ္မာသဒ္ဒါ၏အရကား၊ အဝိ ပရီတာတ္ထဖြဘောဂုဏ်ရ၏။သံ=သဒ္ဒါ၏အရကား။ သာမတ္ထဘောဂုဏ် ရ၏။ ဗုဓ ဓာတ်၏ အရကား။ သဗ္ဗညုတ ဉာဏ်တော်သည်။ မချု အားဖြင့်ရ၏။ ပါရမီဉာဏ်။ဝိပဿနာဉာဏ်။မဂ်ဉာဏ်။ ဖိုလ်ဉာဏ် သည်။ ဖလူပစာရတ္ထအားဖြင့်ရ၏။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်။ အာသယာနုသယဉာဏ်။ ဒေသနာဉာဏ်သည်။ ကရဏူပစာရတ္ထ အားဖြင့်ရ၏။ တ=ပစ္စည်း၏အရကား။ ဘုရားဟုခေါ် ဝေါ်ပညတ် သမုတ်အပ်သော။အနုပ္ပုရဝိမောက္ခဖြင့်ထုံအပ်သော။ သဗ္ဗညုသန္တာ နပညာတ်။မြတ်ဘိသောသကိုရ၏။

(၆) ထိုတွင်သဗ္ဗညုတဉာဏ်တော်ကား။မချုဖြစ်၍ ဒသနတ္ထ။ ပါရမီဉာဏ်။ဝိပဿနာဉာဏ်ကား။ ဖလူပစာရတ္ထဖြစ်၍။ ဒိပကတ္ထ။

ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကား။ ပထမ ကာရဏရူပစာရဏ္ဍဖြစ်၍။ ပဘာသန္တ။ အာသယာနုသယဉာဏ်ကား။ ဒုတိယကာရဏရူပစာရဏ္ဍဖြစ်၍။ ဝိဘာဝနတ္တ။ ဒေသနာဉာဏ်ကား။ တတိယကာရဏရူပစာရဏ္ဍဖြစ်၍။ အနုဘာဝနတ္တမည်၏။

(၇) ထိုမှတပါး၊ သမ္မာသမ္ဗုဒ္ဓဘုရားဟူသည်။ ပရမတ္ထအားဖြင့်။ သဗ္ဗညုတဉာဏ်တော်ကို။ ပညတ်အားဖြင့်။ ခန္ဓာငြိပ်ကိုမှတ်အပ်၏။ ဤ၌သဗ္ဗညုဟူသည်၊ (က) ကမသဗ္ဗညု။ (ခ) သကိံသဗ္ဗညု။ (ဂ) သတတသဗ္ဗညု။ (ဃ) သတ္တိသဗ္ဗညု။ (င) ဉာတသဗ္ဗညုဟူ၍ ငါးပါးရှိ၏။ ထိုတွင် အစဉ်အားဖြင့် သိခြင်းသည်။ ကမသဗ္ဗညုမည်၏။ တကြိမ်အာရုံကိုယူခြင်းသည်။ သကိံသဗ္ဗညုမည်၏။ အာရုံအားလျော်စွာ စက္ခုဝိညာဉ်အစရှိသည်၏ ဖြစ်ခြင်းသည်။ သတတသဗ္ဗညုမည်၏။ အကြွင်းမရှိအလုံးစုံကိုသိခြင်းသည်။ သတ္တိသဗ္ဗညုမည်၏။ သိအပ်ပြီးသော အလုံးစုံသော တရားရှိခြင်းသည်။ ဉာတသဗ္ဗညုမည်၏။ ဤသမ္မာသမ္ဗုဒ္ဓ၌ကား။ သတ္တိသဗ္ဗညု။ ဉာတသဗ္ဗညုကိုသာအလိုရှိအပ်၏။

(၈) ထိုမှတပါး၊ ဘုရားသည်။ ပထမ မဂ်၏ အစွမ်းအားဖြင့်။ အနုဗုဒ္ဓမည်၏။ ဒုတိယမဂ်၏အစွမ်းဖြင့်။ ပဋိဗုဒ္ဓမည်၏။ တတိယမဂ်၏အစွမ်းဖြင့်။ သမ္ဗုဒ္ဓမည်၏။ စတုတ္ထမဂ်၏အစွမ်းဖြင့်။ သမ္မာဗုဒ္ဓမည်၏၊ အသင်္ချေယျာနိ၊ နာမာနိ။ သဂုဏေန မဟေသိနော။ ဟူသော ပါဠိဘာသာနှင့်အညီ၊ မြတ်စွာဘုရားအားများစွာသောအမည်တို့၏။ ရှိသည်၏အဖြစ်ကြောင့်၊ နာသော၊ လောကဝိဒူ စသောအမည်တို့ဖြင့် ဆိုအပ်လျက်၊ ဆိုမူ၍၊ သမ္မာသမ္ဗုဒ္ဓ ဟူသော အမည်ဖြင့် ဆိုခြင်းသည်၊ နာသော၊ လောကဝိဒူ စသော အမည် တို့သည်၊ ဝဇ္ဇေတဗ္ဗ၊ ဂဟေတဗ္ဗ၊ အနက်တို့ကိုမပြနိုင်ကုန်၊ သမ္မာသမ္ဗုဒ္ဓ ဟူသော အမည်သည်၊ ဝဇ္ဇေတဗ္ဗ၊ ဂဟေတဗ္ဗ၊ နှစ်ပါးကို ထင်ရှားစွာ ပြနိုင်သောကြောင့်၊ သမ္မာသမ္ဗုဒ္ဓ ဟူသောအမည်ကိုသာဆိုအပ်၏၊

(၉) ဝဇ္ဇေတဗ္ဗ၊ ဂဟေတဗ္ဗ၊ ဖြင့်ဟန်ကား၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ ဟူသောပုဒ်၌ကြည့်အပ်သော၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝဇ္ဇေတဗ္ဗမည်၊ သူအပ်းသော အဝိဇ္ဇာကိုသင်္ခါရဂဟေတဗ္ဗမည်ကို၊ မဂ္ဂ သဒ္ဒါဖြင့်

ပြသကဲ့သို့ ကြဉ်အပ်သော။ သုတာဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ ယူအပ်သော သဗ္ဗညုဗုဒ္ဓကို သမ္မာသဒ္ဒါဖြင့်ပြ၏။ ကြဉ်အပ်သောပစ္စေကဗုဒ္ဓ။ ယူအပ်သောသဗ္ဗညုဗုဒ္ဓကို။ သံသဒ္ဒါဖြင့်ပြ၏။ တနည်းကား။သမ္မာဗုဒ္ဓ၊ သမာဗုဒ္ဓ၊ အဘိသမ္ဗုဒ္ဓ၊ ဟုဝေဘန်၍၊ သမ္မာဗုဒ္ဓ၊ သမာဗုဒ္ဓကား။ ကြဉ်အပ်သော ဝစ္ဆေတဗ္ဗ။ အဘိသမ္ဗုဒ္ဓကား။ ယူအပ်သော ဂဟေတဗ္ဗဟုပြလိုသောကြောင့်။ ဋီကာကျော်ဆရာသည်။ တတ္ထသမ္မာသာ မဋ္ဌသဗ္ဗဓမ္မေ၊ အဘိသမ္ဗုဒ္ဓောတိ၊ သမ္မာသမ္ဗုဒ္ဓော-ဘဂဝါ။ ဟုဆိုတော်မူ၏။

(၁၀) ပကတိသာဝက တို့သည်။ ကပ္ပါတရော။ ကပ္ပါတထောင်ကိုသိကုန်၏။ ဤအသိဉာဏ်ကို သောက်၍။ ကပ္ပါတရာ။ ကပ္ပါတသောင်။ ပါရမီဖြည့်ရ၏။ အသီတိ မဟာသာဝက တို့သည်။ ကပ္ပါတသိန်းသိကုန်၏။ အဂ္ဂသာဝကတို့သည် တသင်္ချေနှင့် ကပ္ပါတသိန်းသိကုန်၏။ပစ္စေကဗုဒ္ဓါတို့သည် နှစ်သင်္ချေနှင့် ကပ္ပါတသိန်းသိကုန်၏။ ဘုရားတို့သည် အပိုင်း အခြားမရှိ သိကုန်၏။ ပစ္စေကဗုဒ္ဓါ တို့သည် မိမိသိ၏။သူတပါးကိုမသိစေနိုင်။အတ္ထရသကိုသာသိ၏။ ဓမ္မရသကို မသိ။လောကုတ္တရာတရားကို ပညာတ်တင်၍ မဟောနိုင်။သူအ,အိပ်မက်မြင်သကဲ့သို့မှတ်အပ်၏။

သမ္မာသာမဋ္ဌ၊ဟူသောဋီကာကျော်၏စကားဌ်။စသဒ္ဒါကို ဝေတ္ထကြံသောအခါ။ သမ္မာ နှောင်ထိုင်သော ဝေ ကား။ ကိုယ်တော်၏ မဖောက်မပြန် သိခြင်းသည်၊ ဂဟေတဗ္ဗ။ ဖောက်ပြန်သော သိခြင်းသည်။ နိဝတ္တေတဗ္ဗ။ သာဝကတို့၏။ မဖောက် မပြန် သိခြင်းသည်။ အနုညာတ။ သာမံ နှောင်ထိုင်သော ဝေကား။ ကိုယ်တော်၏။ကိုယ်တော်တိုင်သာလျှင် သိခြင်းသည်။ ဂဟေတဗ္ဗ။ သူတပါးတို့ သိစေခြင်းသည်၊ နိဝတ္တေတဗ္ဗ။ ပစ္စေကဗုဒ္ဓါတို့၏။ ကိုယ်တိုင်သိခြင်းသည် အနုညာတ။ဤသို့ဂဏ္ဌိဘုရားကြီးဆရာတော်မိန့်၏။ မဏိမဉ္ဇူဋ္ဌ်ကား။ ဘွင့်ချက်မရှိ။ စသဒ္ဒါကိုသမ္ပိဏ္ဍနတ္ထ ကြံသောအခါ။ ကိုယ်တိုင်သာ သိသည်မဟုတ်။မဖောက်မပြန်လည်းသိ၏။ မဖောက်မပြန်သာ သိသည်မဟုတ်။ကိုယ်တိုင်လည်းသိ၏။ဤအဓိပ္ပါယ်ကိုဂဏ္ဌိဘုရားကြီး

ဆရာတော်ပယ်၏။ဋီကာကျော်။ သကာလဗ္ဗိပုဒ်၌ ဝိသဒ္ဒါကို။သဗ္ဗာဝိ။ သာမံဝိဟု။ အဋ္ဌာနပယုဂ် ကြံလျှင်။ ဋီကာရှင်ပင် ပြသည် မည်သောကြောင့်သင့်၏ဟု ဆရာကြီးတို့ ဆိုကုန်၏။ ။[စကားချုပ်။]

(၁၁) အတုလံ–ဟူသောပုဒ်၌။တုလ။အတုလ။အတုလတုလ ဟူ၍သုံးပါးရှိ၏။ထိုတွင်တုလသဒ္ဒါဖြင့် နှိုင်းယှဉ်အပ်သော။ လူနတ်ဗြဟ္မာကိုယူအပ်၏။ အတုလ သဒ္ဒါဖြင့် ရှေးဘုရားကို ယူအပ်၏။ အတုလတုလသဒ္ဒါဖြင့်။ ငါတို့ဂေါတမဘုရားကိုယူအပ်၏။ ဤကား ပုဂ္ဂလဓိဋ္ဌာန်။ တုလသဒ္ဒါဖြင့်လူနတ်ဗြဟ္မာတို့၏ဉာဏ်ကိုယူအပ်၏။ အတုလသဒ္ဒါဖြင့်ရှေးဘုရားတို့၏ဉာဏ်ကိုယူအပ်၏၊အတုလတုလ သဒ္ဒါဖြင့်ငါတို့ဂေါတမဘုရား၏ ဉာဏ်ကို ယူအပ်၏။ ဤကား ဓမ္မဓိဋ္ဌာန်။ ။ထိုမှတပါး။ပသဇ္ဇပဋိသေဓ။ပရိယုဒါသပဋိသေဓ ဟူ၍ နှစ်ပါးရှိသည်တွင်။ အတုလံ၌, တူသောသူဒြပ်ကို မြစ်သောကြောင့်။ ပရိယုဒါသပဋိသေဓ မည်၏ဟု။ ဂဏ္ဌိဆရာတော် ဝေဘန်တော်မူခြင်းကိုအချို့ဆရာကြီးတို့မနှစ်သက်ကုန်။ အကြောင်းကား။ အသဒ္ဒါသည်ပဋိသေဓဟောမဟုတ်။ အညဝိရုဟ အနက်ဟော ဖြစ်သောကြောင့်တည်း။အကယ်၍ပဋိသေဓအနက်ကြံသော်။ ပသဇ္ဇပဋိသေဓသာသင့်ရာ၏။အလုံးစုံသော သဒိသဘာဝသာမညကြံယာကိုမြစ်မှ ဘုရားကိုရအပ်သည်။သဒိသဒြပ်ကိုမြစ်သည်ဖြစ်အံ့။ ပုဏ္ဏား ဒြပ်ကို မြစ်သည်ရှိသော်၊ ပုဏ္ဏားနှင့်တူသော ပုဏ္ဏားတဒြပ်ကို ရအပ်သကဲ့သို့၊ သဒိသဖြစ်သော၊ လူနတ်ဗြဟ္မာနှင့် တူသော အဆင်းသဏ္ဌာန်အားဖြင့်မတူကြသော၊လူနတ်ဗြဟ္မာဒြပ်ကိုသာရရာ၏။ ဘုရားကား တစုံတယောက်သောသူနှင့် မတူသောကြောင့် မရရာသတည်း။ မဏိမဥ္ဇူ၌သည်း၊ဂဏ္ဌိဆရာတော်အတူ။ ပရိယုဒါသပဋိသေဓ ဟု မိန့်တော်မူ၏၊ ။[စကားချုပ်၊]

(၁၂) ဘုနည်း၊ တုလံသဒိသံလောကိယကမ္မံနတ္ထိအဿာတိ၊ အတုလောဟူသောဒါနံ့အဋ္ဌကထာနှင့်အညီပြုသည်ရှိသော်၊ဘုရားရှင်၏ အဿ၊ထိုမြတ်စွာဘုရားအား၊ တုလံ သဒိသံ၊ တူသော၊လောကိယကမ္မံ၊ လောကီကံသည် နတ္ထိ၊ မရှိ၊ ဣတိ၊ ထို့ကြောင့်၊ အတုလော၊ အတုလမည်၏ ကနည်း ဘုလံ၊ကာယာဝစရ ရူပါဝစရသည်၊ နှ

မဟုတ်။အတုလံ–ကာမာဝစရ၊ရူပါဝစရမဟုတ်။ အရူပဈာန်ရ၏။ အတုလံ အသဿအတ္တိတိ အတုလော။ အသဿ၊ ထိုမြတ်စွာဘုရား။ အတုလံ၊အရူပဈာန်သည်။အတ္တိ၊ရှိ၏။ဣတိ၊ထို့ကြောင့်။အတုလော၊ အတုလမည်၏။တနည်း။တုလံ၊နည်းသောအကျိုးသည်။ န မဟုတ်။ အတုလံ၊နည်းသောအကျိုးမဟုတ်။ များသောအကျိုးရ၏။ အသဿ၊ ထိုမြတ်စွာဘုရားအား။အတုလံ၊များသောအကျိုးသည်။ အတ္တိ၊ရှိ၏။ ဣတိ၊ထို့ကြောင့်။အတုလော၊အတုလမည်၏။ ဘုရားရ၏။

(၁၃) တနည်း။ဂုဏ်အများပင်ရှိငြားသော်သည်း။အတုလံ ဟု။ ဥပလက္ခဏာနည်း။ နိဒဿန နည်းအားဖြင့် ဆိုတော်မူ၏။ တနည်း။ အတုလဂုဏ်သည်။ သီလ,သမာဓိ,ပညာ, သုံးပါးကိုပြနိုင်သည်ဖြစ်၍အလုံးစုံသောဂုဏ်တော်တို့သည်။ ထိုသီလ, သမာဓိ, ပညာ, သုံးပါး၌အကျုံးဝင်ရကား။ အတုလံ-ဟုမိန့်တော်မူ၏။ တနည်း။ သမ္မာသမ္ဗုဒ္ဓ-ဟူသောပုဒ်ဖြင့်ပြအပ်ပြီးသော။ ဝဓ္ဓေတဗ္ဗဖြစ်သော။ ပစ္စေကဗုဒ္ဓါသာဝက တို့နှင့်။ ဂဟေတဗ္ဗ ဖြစ်သော ဘုရား၏။ လက္ခဏာ အားဖြင့်။ မတူသောအဖြစ်ကိုငှင်း။ သမ္မာသမ္ဗုဒ္ဓ-ဟူသော ပုဒ်ဖြင့် ပြအပ်သော, ဝဓ္ဓေတဗ္ဗသာဝကတို့ကား။ ဓာတ်တစိတ်ကိုသုံးသတ်၍နိဗ္ဗာန်သို့ရောက်၏။ ဂဟေတဗ္ဗဘုရားကား။ အလုံးစုံသော။ သင်္ခါရကို, သုံးသတ်တော်မူ၍။ နိဗ္ဗာန်သို့ ရောက်သည်၏ အဖြစ်ကိုငှင်း။ ပြလို၍။ အတုလံ ဟု, ဂုဏ်အထူးကို မိန့်တော်မူ၏။ မတူဟူသည် မြတ်စွာဘုရားသည်၊ ပါရဂူ ငါးပါးသို့။ အပြီးတိုင် ရောက်တော်မူ၏။ ပါရဂူငါးပါးဟူသည်။ ငါးပါးသောခန္ဓာတို့ကို ပိုင်းခြား၍ သိသော။ ပရိညာပါရဂူ။ အလုံးစုံသော ကိလေသာတို့ကို ပယ်သော။ ပဟာန ပါရဂူ။လေးပါးသော မဂ်တို့ကိုပွားသော။ ဘာဝနာပါရဂူ။ နိရောဓ သစ္စာကို မျက်မှောက်ပြုသော။ သစ္ဆိကိရိယပါရဂူ။ ခပ်သိမ်းသော သမာပတ်တို့ကိုဝင်စားသော။သမာပတ္တိပါရဂူ။ ဤသို့ငါးပါးတည်း။

(၁၄) တနည်း။ သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့်ပြအပ်သော။ သုတဗုဒ္ဓ။ စတုသစ္စဗုဒ္ဓ။ပစ္စေကဗုဒ္ဓ-ဟု ဆိုအပ်သော။ ဝဓ္ဓေတဗ္ဗဗုဒ္ဓ တို့ကား။ တမြိုင်နက် ဖြစ်ကောင်း၏၊ ဂဟေတဗ္ဗ ဖြစ်သော။ သဗ္ဗညုဗုဒ္ဓကား။ နှစ်ဆူတမြိုင်နက်မဖြစ်ဟု သိစေလို၍။ အတုလံ ဂုဏ်ကိုမိန့်၏။ ဘုရား

နှစ်ဆူတပြိုင်နက်ဖြစ်ခြင်းကိုမဆိုသာ ဘိ။ ခါတ်တော်ရှိသေးလျှင်ပင်။ တပါးသောဘုရားမဖြစ်ဟု မှတ်အပ်၏။ သိလာဒိဟိဂုဏောဟိ၊ ကေန စိအာသဒိသော-ဟူသော ဋီကာကျော် ဂါကျ စကားနှင့် အညီ။ မြတ်စွာဘုရားသည်။ သာဝကတို့နှင့် သိလအားဖြင့်မတူ။ သာဝက တို့၌။ ကာယသမာစာရ။ ဝစီသမာစာရ။ မနောသမာစာရ-မဖြစ်သော ဌာနရှိ၏။ ကာယဒုစ္စရိတ။ ဝစီဒုစ္စရိတ သာကင်း၍။ မနောဒုစ္စရိတ ဖြစ်၏။ မြတ်စွာဘုရား၌။ သုံးပါးသော သမာစာရမဖြစ်သောဌာနမရှိ။ ကာယ,ဝစီ,မနော,သုံးပါးလုံးသောဒုစ္စရိတမှကင်းတော်မူ၏။ အကြား အမြင်နည်းသောရဟန္တာသည်။ လောကဝဇ္ဇသိက္ခာပုဒ်သို့။ အကယ် ၍ကား မရောက်ငြား သော်လည်း။ ပဏ္ဏတ္တိ သိက္ခာပုဒ်၌ . မလိမ္မာ သောကြောင့်။ ကျောင်းလုပ်ခြင်း။ ကုဋိလုပ်ခြင်း စသော အာပတ် တို့သည်။ ကာယဒွါရ၌ရောက်၏။ အောင်တမန်သွားလာခြင်း။ ပုဒ်ပြိုင် ဟောရွတ်ခြင်းစသောအာပတ်တို့သည်။ ဝစီဒွါရ၌ရောက်၏။ အနီး၌ ထားအပ်သော ရွှေ,ငွေ,ကို သာယာသည်၏ အစွမ်းဖြင့်။ မနောဒွါ ရ၌။ ရွှေ,ငွေ,ကို ခံသောအာပတ်သို့ရောက်၏။ [မနောဒုစ္စရိတ ဖြစ် ပုံကို အထက်လောကုတ္တရာစိတ်၌ အဘွင့်၌ထင်ရှားစေအံ့။]

(၁၅) ထိုမှတပါး။ သံယုတ် အဋ္ဌကထာ၌ လာသော နည်း အားဖြင့်။ (၁) သားနှဲချစ်ခြင်းသည်လည်း။ အတုမရှိသောကြောင့်။ အတုလ မည်၏။ (၂) နွားဟူသော ဥစ္စာ သည်လည်း အတုလ မည်၏။ (၃) နေ၏အရောင် သည်လည်း။ အတုလမည်၏။ (၄) သမုဒ္ဒရာ သည်လည်း။ အတုလမည်၏။ (၅) အတ္တပေမ သည် လည်း။ အတုလမည်၏။ (၆) စပါးဥစ္စာ သည်လည်း။ အတုလ မည်၏။ (၇) ပညာရောင် သည်လည်း။ အတုလမည်၏။ ဆိုအပ် ပြီးသောအတုလ တို့တွင်။ ပဉ္စောဘာသ အတုလကို အလိုရှိအပ်၏။ ဤအလို—နတ္ထိတုလော ဧတေဿာတိ အတုလော, ပြသော်။ ပညာ ရောင်ရ၏။အတုလောအဿအတ္ထိတိ အတုလော, ပြုသည်ရှိသော်။ ဘုရားရ၏။

(၁၆) တနည်း။ အတုလံ-ဟူသောပုဒ်၌။ အ—သဒ္ဒါကို။ အပါ ဒါနံ အဋ္ဌကထာ နည်းသို့ လိုက်၍။ တဿာ-အနက်ကြံလျှင်။ အတုလံ

ရှေးဘုရားတို့နှင့်တူသော ပါရမီရှိသောဟု။ ယောဇနာရမည်၊ တုလံ ဝေ အတုလံဟု။ တဘ္ဘာဝ ရုတ္တိကမ္မဓာရည်းသမာသ်တွဲးပြီးမှ။ အတု လံအသအတ္ထိတိအတုလော ဟု။ အသတ္ထိတဒ္ဓိတ် ပြု၍ ဘုရားကို ကောက်ယူအပ်၏။ တနည်း၊ အတုလံ-ဟူသောပုဒ်ကို။ တုလောစ။ အ တုလောစ၊ အတုလော-ဟု။ ဧကသိသ်ကြံ၍။ သဒ္ဒါဗိက။ ဝိရိယဗိက။ ဘုရားတို့နှင့်တူသောဘုရား။ ပစ္စေကဗုဒ္ဓါသာဝက တို့နှင့် မတူသော ဘုရား ဟု။ အထူးပြုအပ်၏။

(၁၇) သသဒ္ဓမ္မဂဏုတ္တမံ–ဟူသောပုဒ်၌။ သဒ္ဓမ္မ သည်လည်း အမျက်ထွက်ခြင်း၌။အလေးမပြုသောအဖြစ်ဟုဆိုအပ်သော။ သဒ္ဓမ္မ။ ကျေးဇူးချေခြင်း၌ အလေးမပြုသောအဖြစ်ဟု ဆိုအပ်သော။ သဒ္ဓမ္မ။ လာဘ်၌ အလေးမပြုသောအဖြစ်ဟု ဆိုအပ်သော။ သဒ္ဓမ္မ။ ပူဇော် သက္ကာရ၌အလေးမပြုသောအဖြစ်ဟုဆိုအပ်သော။ သဒ္ဓမ္မ။အားဖြင့် လေးပါးရှိ၏၊ထိုမှပြန်သောအားဖြင့်အသဒ္ဓမ္မလေးပါးကိုသိအပ်၏။

(၁၈) တရားတော်၏ ဆောင်ခြင်း မည်သည်။ အပါယ်စသည်၌ ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးခြင်းတည်း။ အတ္ထာနံ ဓာ ရဏဋ္ဌေနတူသု၊ အပါယေသု၊ ဝဋ္ဋဒုက္ခေသုစ၊ အပတမာနေကတွာ၊ ဓာရေတီတိဓမ္မော-ပြုရာ၌။ မဂ်လေးပါး။ ဖိုလ်လေးပါး။ နိဗ္ဗာန်၊ ပရိ ယတ္တိကိုရ၏။ ထိုတွင် မဂ်လေးပါးကား။ ကိလေသာကို ဖျက်ဆီး ခြင်းသည်။မှုချမည်၏၊ နိဗ္ဗာန်ကား။ မဂ်လေးပါး၏။ အာရုံအကြောင်း ဖြစ်၍။အကျိုးမဂ်၏အမည်ကို အကြောင်း နိဗ္ဗာန်၌ တင်စား၍။ ဖလူ ပစာရအားဖြင့်။ ဖျက်ဆီးခြင်း ဝိဓ္ဓံသန မည်၏။ ဖိုလ်လေးပါကား။ ပဋိပ္ပဿဒ္ဓိ၏အစွမ်းဖြင့်။ မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့်။ ကာရ ဏူပစာရ အားဖြင့်။ ဖျက်ဆီးခြင်း ဝိဓ္ဓံသန မည်၏။ ပရိယတ်ကား။ ထိုမဂ်ဖိုလ်ကိုရခြင်း၏ အကြောင်း ဖြစ်သောကြောင့်။ အကျိုးမဂ်၏ အမည်ကို။အကြောင်း ပရိယတ်၌ တင်စား၍။ ဖလူပစာရအားဖြင့်။ ဖျက်ဆီးခြင်း ဝိဓ္ဓံသန မည်၏။

ဂဏာနံ။ဂဏောသုဝါ။ဥတ္တမော။ဂဏုတ္တမော-ဟု။ တပ္ပုရိသ်တွဲး။ နိဒ္ဓါရဏလက္ခဏာယပန။ ဆဋ္ဌီယာသမာသော။ပဋိသိဒ္ဓေါ ဟု။ နိဒ္ဓါ

ရဏာသင်္ခါသ သမာသ်မရအပ်သင့်ကြောင်းကို၊ ဗုဒ္ဓဝင်အဋ္ဌကထာ၌ မိန့်တော်မူသောကြောင့်။ ထိုဆရာ အလိုအားဖြင့်။ ဂဏာနံ။ ဂိုဏ်း တို့ထက်။ ဂဏေသု။ဂိုဏ်းတို့၌။ ဟုယောဇနာရမည်။ ဋီကာကျော်။ မဏိမဉ္ဇူတို့ကား။ နိဒ္ဓါရဏာပုဒ်နှင့်၊ သမာသ်ဖြစ်၏ဟု အယူရှိသည်။ [စကားချပ်။]

(၁၉) သမာဝါယ အနက်ရှိသော။ သဟာသဒ္ဒါဖြင့်။ အညပုဒ် အရ။ ဘုရားသာပဓာနဖြစ်၍။ ပဏာမိတဗ္ဗ ဖြစ်သင့် သေးသည် မဟုတ်။ အပဓာန ဖြစ်သော သမာသ်ပုဒ်၏ အရ။ တရားသံဃာ သည်လည်း။ ပဏာမိဘဗ္ဗ ဖြစ်သင့်သည်ကို၊ သမဝါယ သုံးပါး တို့တွင်။ကြိယာသမဝါယဖြင့်ပြအပ်၏။သသာဝကော။ ဗုဒ္ဓေါဒကဲ့ ဏောယျောကဲ့သို့၊ အတုလံ ဂုဏ်ပုဒ်ကို။ သသဒ္ဒမှ ဂဏှတွာမ ပုဒ် တစိတ်၌စပ်လျှင်။အတုလံဂုဏ်ပုဒ်သင့်ပြန်သောကြောင့်။ဂုဏာသမဝါ ယလည်းသင့်တန်ရာ၏။

ဤ၌စကားချပ်ဦးအံ့။ ရှိခိုးခြင်း ကြိယာသည်။ အနုရုဒ္ဓါ ဒြပ်၌သာ တည်သည်ဖြစ်၍။ ရတနာ သုံးပါး၌ မတည်ရကား။ ကြိယာသမ ဝါယ, မသင့်ဟုငြား‌အံ့။ အနုရုဒ္ဓါ၏ ဝန္ဒကကြိယာ၏အရ။ ပဏာမ စေတနာသည်။ အာရမ္မဏိကဖြစ်၍အာရုံဖြစ်သော။ ရတနာသုံးပါး ဂုဏ်၌ဘည်ရကား။ ကြိယာသမဝါယဖြစ်၏။ တနည်း။ ဗဟုဗ္ဗိဟိ သမာသ်ဖြစ်၍။ဝါကျဉ္။ ဝတ္တုတိ။ဟောတိ, စသောကြိယာကို သုဉ် အပ်သောကြောင့်။ကြိယာသမဝါယမည်၏။ ဋီကာကျော်၌။ ယထာ သပုတ္တဒါရေ။အာဂတော, ဟု ကြိယာသမဝါယကို ထုတ်ဆောင် တော်မူ၏၊မဏိမဉ္ဇူ၌လည်း။ ဂုဏာသမဝါယအယူကို ကေစိထိုး၏။ အဘိဝါဒိယဟူသောကြိယာပုဒ်သာလျှင်ထင်သောကြောင့်။ကြိယာ သမဝါယဟု။ယူခြင်းသည်အလွန်သင့်မြတ်၏။

(၂၀) အဘိဝါဒိယ၌၊ ဝိသေသတ္ထ အဘိသဒ္ဒါဖြင့်။ ဘေးကို ကြောက်၍ရှိခိုးခြင်း။လာဘ်ကိုလို၍ရှိခိုးခြင်း။ အမျိုးအားဖြင့်ရှိခိုးခြင်း။ မိတ္တာဒိဗ္ဗအစွမ်းဖြင့်ရှိခိုးခြင်း။ တွေဝေသည်၏ အစွမ်းဖြင့် ရှိခိုးခြင်း။ သူတပါးကို စွတ်စွဲလိုသည်၏ အစွမ်းဖြင့် ရှိခိုးခြင်း။ ဤအလုံးစုံကို

ပယ်၍။ သက္ကစ္စဖြင့် ရှိခိုးခြင်းကိုပြ၏။ ထိုသက္ကစ္စ ကုသိုလ်သည်။ ဒါန မယ။ သီလမယ၊ ဘာဝနာမယ, သုံးပါးတို့တွင်။ ဘာဝနာမယသို့ အကျုံးဝင်၏။ ထိုဘာဝနာသည်လည်း။ သဗ္ဗသမ္ဘာရဘာဝနာ။ နိရန္တရဘာဝနာ။ စိရကာလဘာဝနာ။ သက္ကစ္စဘာဝနာ အားဖြင့်၊ လေးပါး ရှိသည်တွင်, သက္ကစ္စဘာဝနာမည်၏။ မျက်မှောက်ရှိခိုးခြင်း။ မျက်ကွယ် ရှိခိုးခြင်းနှစ်ပါးတို့တွင်။ အဘိဝါဒန သည်မျက်မှောက်ရှိခိုးခြင်းဖြစ်၍။ အဘိဝါဒိယပုဒ်သည်လည်း။ အဘိ-ရှေးရှုသော။ ဝဒ ဓါတ်အဖြစ် ဖြင့်တူရကား။ မျက်မှောက်၌ ရှိခိုးခြင်းပင်ဟု။ မိစ္ဆာဉာဏ် ဖြစ်မည် စိုးသောကြောင့်။ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာန် စံလွန်သည့်နောက် ဖြစ်၍, မျက်ကွယ် ရှိခိုးခြင်းသာတည်း ဟုပြလို၍, ဝန္ဒိတွာ-ဟု ဖွင့် တော်မူ၏။

(၂၁) ပဏာမသုံးပါး တို့တွင်။ ဝစီပဏာမကို ပဓာန။ ကာယ ပဏာမ။ မနောပဏာမကိုအပဓာန နည်းအားဖြင့် ယူအပ်၏။ ဋီကာ အလိုအားဖြင့်။ ရှေးဦးစွာမနောဒွါရ ဖြင့် ရှိခိုး၏။ နှစ်ကြိမ်မြောက် ကာယဒွါရဖြင့်ရှိခိုး၏။ သုံးကြိမ်မြောက်ဝစီဒွါရဖြင့် ရှိခိုး၏ ဟူ သည် ကိုပြ၏။ ပဏာမနံ ပဏာမော-ဟု၊ ဘာဝသာဓန ပြုသည် ရှိသော်။ ကိုယ်နှုတ် စိတ်တို့ဖြင့် ညွှတ်သော၊ စိတ္တုပ္ပါဒ်ရ၏။ ပဏာမန္တိ တေန ယာတိပဏာမောဟုကရဏသာဓန ပြုသည်ရှိသော်။ စေတနာရ၏။ ထိုပဏာမစေတနာသည်ကုသိုလ်-အကုသိုလ်၊ကြိယာအားဖြင့် သုံး ပါးရှိသည်တွင်။ ရဟန္တာပုဂ္ဂိုလ်တို့၏ရှိခိုးသောပဏာမကား။ ကြိယာ စေတနာတည်း။ သချာတိတ္ထိ တို့အား ပူဇော်သော။ တိတ္ထိသာဝက တို့၏ပဏာမကား၊ အကုသိုလ်စေတနာတည်း၊ ပုထုဇ္ဇဉ်။ သေက္ခ တို့၏ ပဏာမကား။ ကုသိုလ် စေတနာတည်း။ ဤ၌—ကာမာဝစရ ကုသိုလ်စိတ္တုပ္ပါဒ်။ ပထမဇောစေတနာကိုမှတ်အပ်၏။ ထိုပထမဇော စေတနာသည်။ ရတနာသုံးပါးတည်းဟူသောခေတ္တ။ ကြည်ညိုခြင်းဟု ဆိုအပ်သော။ အဇ္ဈာသယ။ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံလျှင်။ ဒိဋ္ဌဓမ္မိက ဖြစ်သော အန္တရာယ် ပျောက် ခြင်း။ ကျမ်းပြီးခြင်း တည်းဟူသော။ အကျိုးနှစ်ပါးကိုဖွံ့ ဖြိုးစေနိုင်၏။

(၂၂) ထိုမှတပါး။အဘိ ဓမ္မာရှိသောဝေဒနာ၏။ ဝေဒနာကြီးသော သည်လည်း။ ကာယဝေဒနာ။ ဝိစာဝေဒနာ။ မနောဝေဒနာ အားဖြင့် သုံးပါးရှိသည်တွင်။ ကာယဝေဒနာသည်လည်း။ အဋ္ဌလိကာမွဝေဒနာ။ ပဋ္ဌပတိဗ္ဗိတဝေဒနာ အားဖြင့် နှစ်ပါးရှိ၏။ ထိုတွင် ရှိုး ထိုက်သော ပုဂ္ဂိုလ်၏မျက်မှောက်။ ၎င်းပုဂ္ဂိုလ်သို့ရှေးရှု။ ဦးထိပ်ထက်၌ လက် ဆယ်ချောင်းကို။ ကြာဖူးအသွင် စုပေါင်း တင်မြှောက် ခြင်းသည်။ အဋ္ဌလိကာမွဝေဒနာမည်၏။ ဒူးလက်, နဖူး, ငါးဦးသော အင်္ဂါတို့ကို တည်စေ၍'ဝေဒနေယျ ပုဂ္ဂိုလ်သို့။ ရှေးရှု ညွတ်သော အားဖြင့်။ ရှိုး ခြင်းသည်။ပဋ္ဌပတိဗ္ဗိတဝေဒနာမည်၏။ ရတနာသုံးပါးတို့၏ ဂုဏ်ကို။ ဂါထာဗန္ဓစုဏ္ဏိယ။ စကုန်း ရေးသားလျက် ချီးမွမ်း ထောမနာခြင်း သည်။ဝိစာဝေဒနာမည်၏။ရတနာသုံးပါးတို့၏ဂုဏ်ကို စိတ်အောက် မေ့ကြည်ညို, ဗုဒ္ဓါနုဿရိစသည်ဖြင့်, နှလုံး သွင်းခြင်းသည်။ မနော ဝေဒနာမည်၏။ဤ၌–ဝိစာဝေဒနာကိုပဓာန ကာယဝေဒနာ။ မနောဝေဒ နာကို။အပဓာနအားဖြင့်မှတ်အပ်၏။

(၂၃) ဤရတနတ္တယ ပဏာမ စေတနာသည်။ အန္တရာယ်ကို ပြုတတ်ကုန်သော။ ဥပပိဋ္ဌကကံ။ ဥပစ္ဆေဒကကံတို့၏ အကြောင်း ကမ္မသတ္တိကိုဖြစ်သဖြင့်။အကျိုးအန္တရာယ်ကို မြစ်သည်မည်ရကား။ ယခုဘဝသစ်၌ပြုသော။ ပဏာမ ကုသိုလ် စေတနာသည်ပင်လျှင်။ မရှအန္တရာယ်ကို တားမြစ်နိုင်သည်။ ။ရှေးကံဟောင်း၏ ပိပါက် ခန္ဓာအစဉ်ကို။ကြာမြင့်စွာဖြစ်စေခြင်း၌သာလျှင်။ဤပဏာမကံ သည်။ ဥပထမ္ဘကဖြစ်၍။အထောက်အပံ့ကိုပြု၏။

(၂၄) တနည်းကား။ ပရဟိတပဏာမ။ အတ္တဟိတပဏာမ။ ပရအတ္တဟိတပဏာမအားဖြင့်သုံးပါးရှိသည်တွင်။ သူတပါးတို့ ပြု အပ်သော၊ ကာယပဏာမ။ မနောပဏာမကား။ ပရဟိတ ပဏာမ မည်၏။မိမိပြုအပ်သော။ ကာယပဏာမ။မနောပဏာမကား။ အတ္တ ဟိတပဏာမမည်၏။ ဝစီပဏာမကား၊ ပရ အတ္တဟိတ ပဏာမ မည်၏။အတ္တဟိတပုဂ္ဂိုလ်၊ ပရဟိတပုဂ္ဂိုလ်၊အတ္တပရဟိတပုဂ္ဂိုလ်၊ နအတ္တနပရဟိတ ပုဂ္ဂိုလ် လေးယောက် တို့တွင်၊ အဘိဂါမိယ

ဟူသော ဝဇီပဏ္ဏာမကို ထောက်သဖြင့်။ ၅င်အနုရုဒ္ဓါ၏ အတ္တပရ ဟိဘပုဂ္ဂိုလ်အဖြစ်ကို ပြသည့်ပြင်။ ပဏ္ဏာမစေတနာ၏ နိဗ္ဗာန်တိုင် အောင်သောအကျိုးကိုပြတော်မူ၏။

(၂၅) ဘာသိဿံ၌။ဘာသခါတ်၏ အရကား။ ကျမ်းတည်းဟူ သောကန္တာရ၌။ပညာတည်းဟူသောမျက်စိ။ ဝိရိယတည်းဟူသော ခြေထောက်။ သတိတည်းဟူသော အဖေါ်တယောက်နှင့် ပြည့်စုံမှ ကျမ်း ရေးသားခြင်း ပြည့်ဆုံး နိုင်သည်ကို ပြ၏။ သံဝိဘတ်၏။ ဘဝိဿန္တိ။ ကာလာတိပတ္တိ နှစ်ပါးတို့တွင်။ ဘဝိဿန္တိ အဖြစ်ကို ကထေဿာမိဟူသော သံဝဏ္ဏနာဖြင့် ပြ၏။ ။ထိုပထမဂါထာ၌။ ဘာသိဿံ ဟူသော ပါဌ်ဖြင့်။ ပဋိညာဉ်ကို။ အဘိဓမ္မတ္ထ သင်္ဂဟံ ဟူသောပါဌ်ဖြင့်။ ပဋိညာတဗ္ဗ ကိုပြ၏။ ထိုမှတပါး။ အဘိဝါဒိယ ဟူသောပါဌ်ဖြင့်။ပဏ္ဏာမကိုသမ္မာသမ္ဗုဒ္ဓံဟူသောပါဌ်ဖြင့် ပဏ္ဏာမိ တဗ္ဗကို။အတုလံ ဟူသောပါဌ်သေသဖြင့်။ ပဏ္ဏာမကာကို။ အတုလံ။ သသဒ္ဓမ္မဂဏုတ္တမံ ဟူသော ပါဌ်ဖြင့်။ ပဏ္ဏာမဟေတု ကို ပြ၏။ တနည်းလည်း။ သသဒ္ဓမ္မဂဏုတ္တမံ ဟူသောပါဌ်ဖြင့်။ ပဏ္ဏာမိတဗ္ဗ။ ပဏ္ဏာမဟေတု နှစ်ပါးကိုပြ၏။ သမ္မာသမ္ဗုဒ္ဓမတုလံ အဘိဝါဒိယ ဟူသောပါဌ်ဖြင့်။ဗုဒ္ဓပဏ္ဏာမကို၊ သသဒ္ဓမ္မဂဏုတ္တမံ အဘိဝါဒိယ ဟူသောပါဌ်ဖြင့်။ဓမ္မပဏ္ဏာမ။သံဃပဏ္ဏာမကိုပြ၏။

(၂၆) တနည်းကား။ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပါဌ်ဖြင့်။ ကျမ်း၏အမည်ဟုဆိုအပ်သော။သညာကိုပြ၏။ ဘာသိဿံ ဟူသော ပုဒ်၏သာမတ္ထိယအားဖြင့်၊ကရုဏာဘည်းဟူသောအဇ္ဈတ္တိကနိမိတ်၊ သောတုဇနတည်းဟူသောဗာဟိရ နိမိတ်နှစ်ပါးကိုပြ၏။ အဟံ ဟူ သောပါဌ်သေသဖြင့်။ ကျမ်းပြုဆရာတည်းဟူသောကတ္တားကိုပြ၏။ သင်္ဂဟံဟူသောပါဌ်ဖြင့်။ ကျမ်း၏ အတိုင်းအရှည်ဟုဆိုအပ်သော။ ပရိမာဏကိုပြ၏။သင်္ဂဟံ ဟူသောပုဒ်တစိတ်၏။ သာမတ္ထ ဟု ဆို အပ်သော။ ကာရဏရူပစာရတ္ထအားဖြင့်။ အကျိုးဟု ဆိုအပ်သော။ ပယောဇဉ်ကိုပြ၏။

(၂၇) တနည်းကား။ သမ္မာသမ္ဗုဒ္ဓံ။လ။အဘိဝါဒိယဟူသော ပါဌ်ဖြင့်။ ရတနတ္တ ပဏ္ဏာမကိုပြ၏။ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော

ပါဠိဖြင့်။ကျမ်း၏အနက်ဟုဆိုအပ်သော။ အဘိဓေယျ။ ကျမ်းပြုခြင်းကိုသိကြောင်းဖြစ်သော။ အခြင်းအရာဟု ဆိုအပ်သော။ ကရဏပ္ပကာရ၊ကျမ်း၏အမည်ဟုဆိုအပ်သော။ပကရဏာဘိဓာနတို့ကိုပြ၏။ သင်္ဂဟံဟူသောပုဒ်တစိတ်၏။ သာမညဟု ဆိုအပ်သော။ ကရဏာရူပစာရဿအားဖြင့်။ အကျိုးဟုဆိုအပ်သော။ ပယောဇဉ်ကိုပြ၏။

(၂၀) နေတ္တိနည်းဟူသည်။ ဂန္ထ။ ပဒ္ဓ။နေယျ။ ကဏ္ဍ။ ဟုဆိုအပ်သော။ဝါကျလေးပါးတို့တွင်။ တခုခုသောဝါကျပုဒ်တို့၌။ တဆယ့်ခြောက်ပါးသောနည်းတို့ဖြင့် ကောက်ယူခြင်းသည်။ နေတ္တိ မည်၏။ ထိုနေတ္တိသည်။ ဟာရ။နယ။သာသနပဋ္ဌာန အားဖြင့်။ သုံးပါးရှိသည်တွင်။ ဟာရသည်။ ဒေသနာဟာရ။ဝိစယ ဟာရ။ယုတ္တိဟာရ။ ပဒဋ္ဌာနဟာရ။လက္ခဏဟာရ။စတုဗျူဟဟာရ။အာဝဋ္ဋဟာရ။ ဝိဘတ္တိဟာရ။ပရိဝတ္တနဟာရ။ ဝေဝစနဟာရ။ ပညတ္တိဟာရ။ ဩတရဏဟာရ။သောဓနဟာရ။အဓိဋ္ဌာနဟာရ။ပရိက္ခာရဟာရ။သမာရောပနဟာရအားဖြင့် (၁၆) ပါးရှိ၏။ ထိုတွင်။သမ္ဗာသမ္ဗုဒ္ဓမတုလံစသောဂါထာ၌။ဒေသနာဟာရကိုထုတ်သော်ကား။သမ္ဗာသမ္ဗုဒ္ဓံအစရှိသောဝစီဘေဒသဒ္ဒရုပ်သည်။ဥပါဒါရုပ်ဖြစ်သောကြောင့် နိဿိတမည်၏။ ထိုနိဿိတ၏လည်း။ နိဿယနှင့် မကင်းသောကြောင့်။ ၎င်း၏မှီရာဖြစ်သော။မဟာဘုတ်လေးပါးတို့ကိုယူအပ်ကုန်၏။ထိုမဟာဘုတ်ဟုဆိုအပ်သောမှီရာလေးပါး၏လည်း။ နိဿိတနှင့်မကင်းသောကြောင့်။ ဝစီဘေဒသဒ္ဒမှကြွင်းသော။ ဥပါဒါရုပ်တို့ကို ယူအပ်ကုန်၏။ ထိုရုပ်အပေါင်းသည်ရူပက္ခန္ဓာမည်၏။ သမ္ဗာသမ္ဗုဒ္ဓံစသော ဝစီဘေဒသဒ္ဒကိုဖြစ်စေတတ်သောစိတ္တုပ္ပါဒ်၌။ ဝေဒနာသည်။ဝေဒနက္ခန္ဓာမည်၏။ သညာသည်။ သညက္ခန္ဓာမည်၏။ ကြွင်းစေတသိက်သည်။ သင်္ခါရက္ခန္ဓာမည်၏။စိတ်သည်ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာငါးပါးသည်။ ဒုက္ခသစ္စာမည်၏။ထိုသစ္စာသည်အကျိုးမည်၏။ ထိုအကျိုး၏လည်း။ အကြောင်းနှင့်မကင်းကောင်းသောကြောင့်။ အကြောင်းဖြစ်သော။ တဏှာကိုယူအပ်၏။ထိုတဏှာသည်။သမုဒယသစ္စာမည်၏။ထိုသမုဒယသစ္စာသည်ကား။ ပဟာတဗ္ဗတရားတည်း။ထိုပဟာတဗ္ဗ တရား၏လည်း။ပဟာယကနှင့် မကင်းသောကြောင့်။ ပဟာယက ဖြစ်သော။

မဂ္ဂင်ရှစ်ပါးကို ယူအပ်၏။ ထိုမဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာ မည်၏။ ထိုမဂ္ဂသစ္စာသည်။ အာရမ္မဏိကဘည်း။ ထိုအာရမ္မဏိကဖြင့်လည်း အာရုံနှင့် မကင်းကောင်းသောကြောင့်။ အာရုံ ဖြစ်သော နိဗ္ဗာန်ကို ယူအပ်၏။ ထိုနိဗ္ဗာန်သည်။ နိရောဓ သစ္စာ မည်၏။ ဤသို့ သစ္စာ လေးပါး ဖြစ်၏။ ထိုတွင် သမုဒယ သစ္စာဖြင့်။ အဿာဒဖြစ်၏။ ဒုက္ခ သစ္စာ ဖြင့်။ အာဒီနဝ ဖြစ်၏။ မဂ္ဂသစ္စာ။ နိရောဓ သစ္စာဖြင့်။ နိဿရဏ ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓ စသော။ ဝိဘေဒ။ သဒ္ဒကိုဆို ခြင်းကြောင့်။ သောတုဇန တို့ အားဖြစ်သော။ သုတမယ ဉာဏ်, စိန္တာမယဉာဏ်။ အတ္တလာဘ, နယလာဘ, အစရှိသော။ ပစ္စုပ္ပံ အကျိုး။ဘဝသမ္ပတ္တိ စသော သံသရာ အကျိုး။ သရာ၏အန္တရာယ် ပျောက်ခြင်း။ ကျမ်းပြီးခြင်း အစရှိသောအကျိုးသည်။ ဖလမည်၏။ သမ္မာသမ္ဗုဒ္ဓ စသော။ ဝိဘေဒ သဒ္ဒ ၏ အကြောင်း ဖြစ်သော။ စိတ္တုပ္ပါဒ်၌။ ယောနိသော မနသိကာရ အစရှိသည်, သည်။ဥပါယ မည်၏။ကျမ်းပြုဆရာတို့သည်။ကျမ်းမပြုမီရှေးအဘို့၌။ ရတနတ္တယ ပဏာမကိုပြုကုန်၏။ ထိုသို့ပြုခြင်းသည်။ ကျမ်းဆရာတို့၏ မွေဘာ မည်၏။ထို့ကြောင့်–သင်သည်လည်း။ ကျမ်းမပြုမီရှေးအဘို့၌။ ရတနတ္တယပဏာမကိုပြုလော့ဟု။မိမိသည်ပင်လျှင်။ မိမိကိုယ်ကို တိုက်တွန်းခြင်းသည်။ အာဏတ္တိ မည်၏။ တနည်း။ အန္တရာယ်ပျောက်ခြင်း။ကျမ်းပြီးခြင်းကိုအလိုရှိကုန်သောသူတို့သည်။ငါကဲ့သို့ ရတနတ္တယပဏာမကိုပြုကြကုန်လော့ ဟု။ တိုက်တွန်းခြင်းသည်။ အာဏတ္တိ မည်၏။ ဤသို့–အဿာဒ၊ အာဒီနဝ။ နိဿရဏ။ဖလ ဥပါယ။ အာဏတ္တိအားဖြင့်၊ခြောက်ပါးကိုဘွင့်ပြခြင်းသည်။ ဒေသနာဟာရ မည်၏။ ကျွန်ုပ်ဘဘသည် -ငါးပါးသော ဟာရတို့ကို ဂန္ထဂရု ကိုကြောက်ကုန်သော။စာသင်သားတို့အတွက်လျစ်လျူရှုအပ်သတည်း။

(၂၉) ပဋ္ဌာန်းနည်းအားဖြင့်။ အဟံ ကား။အဘိဝါဒယ၌၊ ဟေတုပစ္စည်း။အဘိဝါဒယကား။ဟေတုပစ္စည်း၏ပစ္စယုပ္ပန်။ အဘယ်သို့ဖြစ်သနည်းဟူမူကား။အဟံ၏အရဖြစ်သော။ အလောဘ။အဒေါသ။အမောဟ။ဤဟိတ်တပါး။နှစ်ပါး။သုံးပါး။ပစ္စည်းတရားတို့၏။ဟေတု

သဏ္ဍိသည်။ဟေတုပစ္စည်း။အဘိဓမ္မာယ၏ အရဖြစ်သော။ ဝိညာဏ် စိတ္တုပ္ပါဒ်သည်။ဟေတုပစ္စည်း၏ပစ္စယုပ္ပန်။ဤသို့ဖြစ်သတည်း။

အဟံ ကား။ အဘိဓမ္မာယ၌။ အဓိပတိ ပစ္စည်း။ အဘိဓမ္မာယ ကား။အဓိပတိပစ္စည်း၏ပစ္စယုပ္ပန်။အဘယ်သို့ဖြစ်သနည်းဟူမူကား။ အဟံ၏အရဖြစ်သော။ဆန္ဒ။စိတ္တ။ဝီရိယ။ဝိမံသ အားဖြင့်။ အဓိပတိ တရားကိုယ်။ သုံးပါး။လေးပါး တို့တွင် တပါးပါးသည်။ အဓိပတိ ပစ္စည်း။ အဘိဓမ္မာယ၏ အရ ဖြစ်သော၊ ဝိညာဏ် စိတ္တုပ္ပါဒ်သည်။ ပစ္စယုပ္ပန်။ ဤသို့ ဖြစ်သတည်း။

အဟံ ကား။အဘိဓမ္မာယ၌။ အနန္တရ။ သမနန္တရ။ အနန္တရူပ နိဿယ။အာသေဝန။နတ္ထိ။ဝိဂတ။ ပစ္စည်း။ အဘိဓမ္မာယကား။ ထို ပစ္စည်းတို့၏ပစ္စယုပ္ပန်။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ အဟံ၏ အရဖြစ်သော။ပထမဇော အစရှိသော။ ရှေးရှေးသောနာမက္ခန္ဓာ၏။ အနန္တရာဒိသဏ္ဍိသည်။ အနန္တရာဒိပစ္စည်း။ အဘိဓမ္မာယ၏ အရ ဖြစ်သော။ဒုတိယာဒိဇောနာမက္ခန္ဓာသည်။ထိုပစ္စည်းတို့၏။ပစ္စယုပ္ပန် ဤသို့ဖြစ်သတည်း။

အဟံ ကား။အဘိဓမ္မာယ၌။ သဟဇာတ။ အညမည။ နိဿယ။ သမ္ပယုတ္တ။အတ္ထိ။အဝိဂတ။ပစ္စည်း။ အဘိဓမ္မာယကား။ ထိုပစ္စည်း တို့၏ပစ္စယုပ္ပန်။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ အဟံ၏ အရ ဖြစ်သော။ဧကက။ဒုက။တိက။နာမက္ခန္ဓာတို့၏ သဟဇာတာဒိ သဏ္ဍိ သည်။သဟဇာတာဒိပစ္စည်း။အဘိဓမ္မာယ၏အရဖြစ်သော။ ဧကက။ ဒုက။တိက။နာမက္ခန္ဓာ–ဤတရားတို့သည်။ထိုပစ္စည်းတို့၏ပစ္စယုပ္ပန်။ ဤသို့ ဖြစ်သတည်း။ ။ဤနည်း အတူ ကြွင်းသော ပစ္စည်း တို့ကို လည်းသိအပ်ကုန်၏။

## ပဋ္ဌာန်းနည်းအဖွင့်ပြီး၏။

(၃၀) ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်။ အဘိဓမ္မာယ၏ အရ ဖြစ် သော။ ဝဋ္ဋနာပဏ္ဏာမ၏–ပဒဋ္ဌာန်ကား။ သာမည အားဖြင့်။ ယောနိ သောမနသိကာရတည်း၊ ထို၏ကား၊ သဒ္ဓမ္မသဝနတည်း။ ထို၏ကား။ နဝမခဏတည်း။ထို၏ကား။သပ္ပုရိသူပနိဿယတည်း၊ ထို၏ကား၊

အဇ္ဈတ္တသမ္ဘာပဏ္ဏတ္တိဘည်း။ထိုဖ္လိကား။ပဋိရူပဒေသတည်း။ထိုဖ္လိကား။ပုဗ္ဗေကတ ပုညတာတည်း။ ထိုပုဗ္ဗေကတ ပုညတာသည်။ သမ္ပဒါရတည်း။ထိုဖ္လိကားအဝိဇ္ဇာတည်း။ထိုဖ္လိကားတဏှာတည်း။ထိုဖ္လိကာဇရာမရဏာဘည်း။ ထိုဖ္လိကားဇာတိတည်း။ ထိုဖ္လိကား ဘဝတည်း။ထိုဖ္လိကားဥပါဒါန်တည်း။ထိုဖ္လိကားတဏှာတည်း။ထိုဖ္လိကားဝေဒနာတည်း။ ထိုဖ္လိကား ဖဿတည်း။ ထိုဖ္လိကား သဠာယတနတည်း။ထိုဖ္လိကားနာမ်ရုပ်တည်း။ထိုဖ္လိကားဝိညာဉ်တည်း။ ထိုဖ္လိကားသင်္ခါရတည်း။ထိုဖ္လိကား အဝိဇ္ဇာတည်း။

## ပဋိစ္စသမုပ္ပါဒ်နည်းအဖွင့်ပြီး၏။

(၃၁) အလင်္ကာနည်းအားဖြင့်။ အဘိဝါဒိယ ဟူ၍ ရှိခိုးသော။ အခြင်းအရာဖြင့်ဖြစ်သောကာလ၌။အနုရုဒ္ဓါဖ္လိပဏာမစေတနာသည်။ ရတနာသုံးပါးဂုဏ် တည်းဟူသော။ အာရုံ၌တည်၍။ ဝိဝိသောမနသအစရှိသည့်ကို။ပွားစေတတ်သောကြောင့် ဌာယီဘာဝမည်၏။ ရတနာသုံးပါးဂုဏ်တည်းဟူသော အာရုံသည်။ အာရမ္မဏဝိဘာဝမည်၏။ဥတုစသော။ကာလငန်နှင့်တကွသော။ ကာလသည်။ ဥဒ္ဒီပနဝိဘာဝမည်၏။အဘိဝါဒိယဟူသော။ ဝစီဘေဒ အကျိုးသဒ္ဒါသည်။ အနုဘာဝမည်၏။ ကြည်ညိုခြင်း။ တည်ကြည်ခြင်း အစရှိသည့် တို့သည်။ အလိုသို့မလိုက် ရှေးရှု ဖြစ်သောကြောင့်။ ဗျဘိစာရီ ဘာဝမည်၏။ ကြက်သီးမွေးညှင်းထခြင်းအစရှိသည့်, သည်။ သတ္တိဘာဝမည်၏။ပညာရှိတို့သာယာအပ်။ နှစ်သက်အပ်သည်ရှိသော်။ ဌာယီဘာဝသည်ပင်လျှင် ရသ မည်၏။

## အလင်္ကာနည်းအဖွင့်ပြဆိုချက်ပြီး၏။

(၃၂) ဆန်းနည်းအားဖြင့်။ သမ္ဘာသမ္ဗုဒ္ဓမတုလံ။စသော ပထမဂါထာသည်။မတ္တာဝုတ္တိ။ ဝဏ္ဏဝုတ္တိ နှစ်ပါးတွင်။ ဝဏ္ဏဝုတ္တိမည်၏။ သမဝုတ္တိ။အဍ္ဎသမဝုတ္တိ။ဝိသမဝုတ္တိတွင် အဍ္ဎသမဝုတ္တိ။။ကေကွရပါဒစသော။နှစ်ဆယ့် ခြောက်ပါးတို့တွင်။အဋ္ဌက္ခရပါဒ။ဝိသမပထမပါဒ၌။လေးလုံးနောင်—နှ, ဂိုဏ်း၊ဝိသမတတိယပါဒ၌။လေးလုံးနောင်

ယ,ဂိုဏ်း။သမဒုတိယစတုတ္ထပါဒ၌။ လေးလုံးနှောင်-၈,ဂိုဏ်း။ဤသို့ လက္ခဏာသုံးပါး ရောသောကြောင့်။ ပထမနက္ခာရ ပိပုလ-ပထျာ ဝတ္တဂါထာမည်၏။

(၃၃) သမ္မာသမ္ဗုဒ္ဓ၌။ ဒွေဝါတ်၏ အစွမ်းအားဖြင့် လေးနက်။ အတုလံ၌။ သမ္ဘိတတဒ္ဓိတ်။ သဒိသအားဖြင့်။ တပ္ပုရိသ် နှစ်ချက်။ ဗဟုဗ္ဗိဟိနှစ်ချက်။ပေါင်းလေးနက်။သဒ္ဓမ္မ၌သုံးပါကင်အားဖြင့်။သုံးနက် ဂဏုတ္တမေ၌ဥတ္တမသဒ္ဒါ၏အနက်ကို။ ပိသေသတဒ္ဓိတ်။ဗဟုဗ္ဗိဟိသေဒ္ဓ ဝါစကသုံးနက်ယူ၍၊ ဂဏနှင့် ပိသေသနပရပဒ တွဲးချဝယ်သုံးနက်။ နိဒ္ဓါရဏ၌သုံးနက်။ ပဥ္စမီတပ္ပုရိသ်သုံးနက်။သတ္တမီတပ္ပုရိသ် သုံးနက် ပေါင်း(၁၂)နက်။သမ္မာသမ္ဗုဒ္ဓ၏လေးနက်ကိုဘည်။ အတုလံ၏လေး နက်နှင့်မြှောက်။(၁၆) နက်ဖြစ်၏။ ၎င်းကိုဘည်။သဒ္ဓမ္မ၏ သုံးနက်နှင့် မြှောက် (၄၈) နက်ဖြစ်၏။ ၎င်းကိုဘည်။ဂဏုတ္တမ၏ (၁၂) နက်နှင့် မြှောက်။ငါးရာခုနစ်ဆယ့် ခြောက် နက် ဖြစ်၏။ ဤကား ပါဠာနုသာရီ သမ္ဗန္ဓ၌။ရအပ်သောအနက်။ ဥပမာ သမ္ဗန္ဓ စသည်တို့၌လည်း ဤ နည်းတူ။ငါးရာခုနစ်ဆယ့် ခြောက်နက်ပြီ။ပေါင်းနှစ်ထောင့်သုံးရာလေး နက်။ပဏ္ဏာမတွင်ရအပ်သော အနက်တည်း။ အဘိဓမ္မတ္ထသင်္ဂဟ၏ အနက်နှင့်တကွယူမှု။ ပါဠာနုသာရီ သမ္ဗန္ဓအနက်ကိုတည်။ အတိ ရေကံဝိသိဋ္ဌ။ဝုဋ္ဌိမန္တ အစဝ်သောအဋ္ဌကထာ၌လာသော။အဘိဓမ္မတ္ထ ခြောက်နက်နှင့်မြှောက်။ သုံးထောင့် လေးရာ ငါးဆယ့်ခြောက် နက် ဖြစ်၏။၎င်းကိုတည်၊ အဓိကရဏသာဓန။ကရဏသာဓန၏အစွမ်း ဖြင့်ရအပ်သော။သင်္ဂဟသဒ္ဒါ၏ နှစ်နက်နှင့် မြှောက်။ ခြောက်ထောင် ကိုးရာတစ်ဆယ့်နှစ်နက် ဖြစ်၏။ ၎င်းကိုဘည် သမ္ဗန္ဓ လေးပါးနှင့် မြှောက်။နှစ်သောင်းခုနစ်ထောင်-ခြောက်ရာလေးဆယ့်ရှစ်ဖြစ်၏။ ။ ဤကားအကျဉ်းမျှသာ။ အကျယ်ကို လိုလျှင်၊ သမ္မာသဒ္ဒါ၊ သံသဒ္ဒါ စသည်တို့၏၊ အနက်ကိုမှတ်၍မြှောက်လေ။ မြှောက်ရမည်၊

ဆန်းနည်း အမြွက်ပြဆိုချက် ပြီး၏။

ပထမဂါထာ၏ အဓိပ္ပါယ်ပြီး၏။

(၃၄) တဇ္ဇပုစ္ဆာ စသော ဒုတိယဂါထာ၌။သမ္ဗုထောက်။ ဓမ္မသင်္ဂဏီကျမ်းကိုဟောတော်မူသောကာလ။ ကုသိုလ်ကို မူလဘူတပြု၍။စိတ်၊စေတသိက်။ရုပ်။နိဗ္ဗာန်တို့ကို ဝေဘန်တော်မူသောကြောင့်။ ကုသလာဒိဝသေန ဟု ဖွင့်လေသည်။ ပဋ္ဌာန်းကျမ်းကို ဟောတော်မူသောကာလ။ရုပ်ကိုမူလဘူတပြု၍၊ စိတ်။စေတသိက် တို့ကိုဝေဘန်တော်မူသောကြောင့်။ ခန္ဓာဒိဝသေနဟုဖွင့်လေသည်၊ ပရမော။ ဥတ္တမော။အဘိပရိယေတာ။ အဘိဓမ္မာတိပရမတ္ထ ဟူသည်နှင့် အညီ။ မြတ်သောဖောက်မပြန်သောသဘောသည်။ ပရမတ္ထမည်၏။ ထိုပရမတ္ထဟူသောပုဒ်၌။ပရမသဒ္ဒါသည်။ဥတ္တမပုဒ်တည်း။ ဥတ္တမသည်လည်း။ ဥပါဒါယုပါဒါယ ဥတ္တမ။ ပဏီတုတ္တမ။အဘိပရိတုတ္တမ အားဖြင့်။ သုံးပါးရှိသည်တွင်။ ဤ၌ အဘိပရိတုတ္တမ ဟုသိအပ်၏။ ထို့ကြောင့်။ အဘိပရိဘသည်ပင်။ဥတ္တမ၏အကြောင်းဖြစ်လေသည်၊ အဘိပရိဘ၏ မဖောက်မပြန်ခြင်းဟူသည်။ ယန္တရား စက်ဝသို့ ကျသော ကြံရည်သည်။ သဘာဝ အချိုကို မစွန့်သကဲ့သို့။ စိတ်သည် ဥပါဒ်၌ရင်း။ ဋ္ဌီ၌ရင်း။ဘင်၌ရင်း။အာရုံကိုသိခြင်းသဘောမှမဖောက်ပြန်။စေတသိက်သည်။ စိတ်ကို မှီတတ်သော။ စိတ္တနိဿိတ သဘောမှ မဖောက်ပြန်။ ရုပ်သည်လည်း။ကြမ်းဘမ်းသော သဘောလက္ခဏာမှ မဖောက်ပြန်။ နိဗ္ဗာန်သည်လည်း။ရာဂစသော ဘေးဆယ့် တစ်သီးသော မီးတို့၏ ငြိမ်းရာ။ အသင်္ခတရူပသမ လက္ခဏာ သဘောမှ မဖောက်ပြန်။ ဤအကြောင်းတို့ကြောင့်။ပရမတ္ထဟူ၍ခေါ်ဝေါ်အပ်၏။

(၃၅) တနည်းကား။ ပရမဿ။ ဥတ္တမဿ။ ဉာဏဿ။ အတ္ထောဂေါစရောတိ။ ပရမတ္ထော ဟူသည်နှင့် အညီ။ မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့်။ ပရမတ္ထမည်၏။ ဤ၌ သဗ္ဗညုတဉာဏ်တော်သည်။ စိတ်။ စေတသိက်။ ရုပ်။ နိဗ္ဗာန်တည်းဟူသော။ လေးပါးသော ပရမတ်မှ တပါး။ ပညတ်တရားတို့၏အာရုံကို၊ အာရုံပြုငြားသော်လည်း။ ညွှန်၍ ပေါက်သောကြောင့်၊ပကတိဟူသောအမည်သည်။ ဟင်းညှန့်၊ ကတောက်။မြောက်လှေကူးစသော အပင်တို့နှင့် ဆက်ဆံနိုင်ငြားသော်လည်း။ ထိုအပင်တို့သည်။မထင်ရှားသဖြင့်။ ထင်ရှားသည့်ကြောကိုသာလျှင်။ အမည်

ထူးတင်သကဲ့သို့။ ပရမတ်ဟူသောအမည်သည်။ ပညာတ်နှင့်မထင်ရှား။ စိတ်။ စေတသိက်။ ရုပ်။ နိဗ္ဗာန်နှင့်သာ, ထင်ရှားသည် ဖြစ်၍။ အထင်ရှင်အားဖြင့်။ယင်းလေးပါးကိုသာ ပရမတ်ဟုဆိုအပ်၏။

(၃၆) တနည်းကားသဗ္ဗညုတဉာဏ်ကို ရမှသာလျှင် ပရမတ်ကို သိအပ် သိနိုင်၏။ သဗ္ဗညုတ ဉာဏ်တော်ကို မရသော်လည်း။ ပညာတ်ကိုကား။ သိအပ် သိနိုင်၏။ ထို့ကြောင့်—ပညာတ်သည်။သဗ္ဗညုတဉာဏ်တော်၏။ကျက်စားရာအာရုံမဟုတ်ဟူ၍ဆိုအပ်သေး၏။ [အဝေဠုသာရအလိုဟူ၏။] တနည်းကား။ ဤပရမတ္ထ တရားကို။ ဘုရားမှတပါးသော။ပစ္စေကဗုဒ္ဓါ။သာဝကတို့ မဟောစွမ်းနိုင်သည် ဖြစ်၍၊ ကျက်စားရာ အာရုံ ဟု ဆိုအပ်လေသည်။ [မဏိမဉ္ဇူအလိုဟူ၏] တနည်းကား။ စိတ်။ စေတသိက်။ ရုပ်။ နိဗ္ဗာန်ဟူသော အမည်သည်။ပညာတ်တရားပင်ဖြစ်သော်လည်း။ပုဂ္ဂိုလ်တို့၏။သဏ္ဌာန်နှင့်။ လောဘ။ဒေါသ။မောဟ။ စသည်ဟုဆိုအပ်သော။ ဖြစ်ဆဲ,ပျက်ဆဲး အခါကို။ပုထုဇ္ဇဉ်သာမဉ်တို့ မသိနိုင်။ ဘုရားရှင်တို့၏ အရာသာဖြစ်သောကြောင့်။ သဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံဟု ဆိုအပ်လေသည်။

(၃၇) ထိုပရမတ္ထတရားလေးပါးတို့တွင်။ စိတ်။စေတသိက်။ရုပ် ဤတရားသုံးပါးသည်။ ဥပါဒ်။ဌီ။ဘင်။တည်းဟူသော။ ခဏတ္တယနှင့် ယှဉ်သည်ဖြင့်။မမြဲခြင်းအနိစ္စဖြစ်ရကား။ အနေကန္တ ပရမတ် မည်၏။ နိဗ္ဗာန်သည်ဆိုခဲ့ပြီးသောခဏတ္တယနှင့်မယှဉ်သည်ဖြင့် နိစ္စဖြစ်ရကား။ ဧကန္တ ပရမတ် မည်၏။ တနည်းကား၊ စိတ်။ စေတသိက် နှစ်ပါးသည်။ ရုပ်အားမှီ၍ဖြစ်တတ်သောကြောင့်။ နိဿိတ ပရမတ်မည်၏။ ရုပ်သည်၊စိတ်။စေတသိက်တို့၏ မှီရာဖြစ်လေသောကြောင့်၊ နိဿယ ပရမတ်မည်၏။နိဗ္ဗာန်သည် ထိုနှစ်ပါးစုံမှ လွတ်သောကြောင့်။ တဒုဘယဝိမုတ္တပရမတ် မည်၏။ တနည်းကား။ ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော။စိတ်ပရမတ်။ ဝေဒနာက္ခန္ဓာ။ သညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာဟုဆိုအပ်သော။ စေတသိက်ပရမတ်၊ ရူပက္ခန္ဓာဟု ဆိုအပ်သော ရုပ်ပရမတ်။မဂ်ဖိုလ်တို့၏၊ အာရုံဖြစ်သော။ နိဗ္ဗာန် ပရမတ်။ ဤသို့အားဖြင့်၊ နှစ်ပါး, သုံးပါး, လေးပါး ဝီ။ ဝိစာအပ်၏။

(၃၈) ထိုဘွင်နိဗ္ဗာန်ကို နောက်ထား၍ဆိုခြင်းသည်၊ ပန္တိမဘဒိက။ ရဟာနုဿာသာဝက။ ပစ္စေကဗုဒ္ဓါ။ သမ္မာသမ္ဗုဒ္ဓတို့သည် သာလျှင်ရအပ်သောကြောင့်၎င်း၊ စိတ်။ စေတသိက်။ ရုပ်တရားတို့၏ ချုပ်ငြိမ်းရာ။ နိဗ္ဗာန်ဟု ပြလိုသောကြောင့်၎င်း။ နိဗ္ဗာန်ကို အဆုံး ထား၍။ စိတ္တံ။ စေတသိကံ။ ရူပံ၊ နိဗ္ဗာနမိတိ။ ဟု ပါဠိရှိလေသည်။ ထိုမှတပါး။ ကြွင်းသော။ သုံးပါးသော၊ ပရမတ်တို့တွင်။ ရုပ်တရားသည်။ စိတ်စေတသိက်တို့၏ မှီရာစင်စစ် ဖြစ်သောကြောင့်။ နောက်ထား ရသည်။ ဝိဘင်းကျမ်းကို ရည်၍, ခန္ဓာဒိဝသေန ဟု ဖွင့်သည်နှင့် လျော်စွာ။ ဝိဘင်းကျမ်းမှာလည်း ရူပက္ခန္ဓာကို။ ရှေးဦးစွာ ထား၍ ဟောတော်မူသောကြောင့်။ ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌လည်း။ ရုပ်ကို ရှေ့ထားသင့်ငြားသော်သည်း။ ကျမ်းပြုဆရာ အနုရုဒ္ဓါသည်။ ဝိဘင်းကျမ်းကို မမှီ။ ဓမ္မသင်္ဂဏီကျမ်းကိုမှီရကား။ စိတ်ကိုပင် ရှေ့ထား၍ ပြလေသည်၊ စိတ်စေတသိက်နှစ်ပါးတို့တွင်။ စိတ်သည် ပြဓာန်း၏။ စိတ်ရှိမှသာလျှင်၊ စေတသိက်ဖြစ်နိုင်၏။ စိတ်မရှိလျှင် စေတသိက် မဖြစ်နိုင်။ ထို့ကြောင့်—စိတ်ကိုရှေးဦးစွာပြ၍၊ နောက်မှ စိတ်နှင့် မကွေမကွာ ယှဉ်သော။ စေတသိက်ကိုပြရလေသည်။

(၃၉) စိတ္တံ ကို ဝိညာဏက္ခန္ဓာဟု ဖွင့်ခြင်းသည်။ စိတ္တသဒ္ဒါသည်။ ဆန်းကြယ်ခြင်း။ ပန်းချီအမှု၊ သူကြွယ်ဟူသောပညာတ်။ နွားလား၊ ဥယျာဉ်၊ အနက်တို့ကို နှစ်စေလိုသည်လည်း တကြောင်း။ အဘိဓမ္မာ။ ပရမတ္ထတောဟူသော။ သဒ္ဒန္တရ သန္နိဋ္ဌာန် တို့ကို သောက်၍။ ဝိညာဉ်ဟူသော အနက်ကို ယူစေလိုရကား။ စိတ္တံကို။ ဝိညာဏက္ခန္ဓာဟုဖွင့်သည်။ အာရမ္မဏံစိန္တေတီ။ ဟူသောဝစနတ္ထ၌။ စိန္တာသည်။ ဝိတက်ဟုဆိုအပ်သော—ဦဟနစိန္တာ။ ပညာဟု ဆိုအပ်သော။ ပဇာနနစိန္တာ၊ ဝိညာဉ်ဟုဆိုအပ်သော၊ ဝိဇာနနစိန္တာ။ သုံးပါးတွင် အာရမ္မဏံဝိဇာနာတိကိုသေခံ၍။ ဝိဇာနနစိန္တာကိုဤ၌ယူအပ်၏။ ထိုဝိဇာနနစိန္တာသည်။ သညာပညာကိစ္စတို့မှ၊ ထူးသောအာရုံကိုယူခြင်းသဘောရှိ၏။ လျင်သောဖြစ်ခြင်းချုပ်ခြင်းရှိ၏။ မျက်စိ တမှိတ်လျှပ် တပျက်အတွင်း၌သော်၎င်း။ ဤအမှုကိုဗိရင်ကုန်လော့ဟုစေခိုင်းသော အတွင်း၌သော်၎င်း။ ကုဋေတသိန်းသောစိတ်တို့သည် ဖြစ်၍ချုပ်ကုန်၏။

(၄၀) စိတ္တသဒ္ဒါကိုးအာရမ္မဏံစိန္တေတီတိစိတ္တံဟု,ကတ္တုသာဓနေ။ စိန္တေတိသမ္ပယုတ္တဓမ္မာ ဧတေနာတိစိတ္တံ ဟု,ကရဏသာဓနေ။ စိန္တနမတ္တံစိတ္တံဟုဘာဝသာဓနေ၊ ဤသုံးချက်ကို ပြုအပ်၏။ ထိုတွင် ဘာဝသာဓနေသာပရမတ္ထဓမ္မမှုချရ၏။ ကတ္တုသာဓနေ။ ကရဏသာဓနမှာ။ပရိယာယယမျှသာ,မှုချမရ။ ပရိယာယကထာဟူသည်။ အချို့ အရာ၌ရုဠှီ။အချို့ အရာ၌ဥပစာ။ အချို့ အရာ၌အဖွက်မျှသာ။ ပရိယာယတိ, လေသဘာဝေန။ ပဝတ္တတီတိပရိယာယော-ပြု၍။ ဤ၌ အဖွက်သာတည်း,အဖွက်ဟူသည် စိတ်၏ အာရုံကိုသိတတ်သော ကိစ္စ၌။ မိမိပြဋ္ဌာန်းသည်ကို စွဲ၍ ကတ္တား ဆိုလျှင်။ ကတ္တုသာဓန ဖြစ်သည်။ သဟဇာတ်ဖြစ်သော။ သမ္ပယုတ္တဓမ္မတို့၏။ အာရုံကို သိကြောင်းကိစ္စ၌။မိမိပြဋ္ဌာန်းသည်ကိုစွဲ၍။ကရိုဏ်းဆိုလျှင်။ ကရဏ သာဓန ဖြစ်သည်။ [ဤကား ရှေးဆရာကြီးတို့ ဝါဒနည်း အတိုင်း ဆုံးဖြတ်ချက်တည်း။]

ဘုရားကြီးဂဏ္ဍိဆရာတော်သည်။ တဒ္ဓမ္မူပစာ ကို ပယ်တော်မူ၏။ ပယ်ပုံကား–သိတတ်သော ကိစ္စ။ သိကြောင်းကိစ္စ၏။ ဗျာပါရရှိသော။ ပုဂ္ဂိုလ်သတ္တဝါ၌ သာထင်သည်။ ဗျာပါရ ကင်းသော ပရမတ္ထဓမ္မ၌မထင်။ ယင်းသို့ ဗျာပါရ ရှိသော။ ပုဂ္ဂိုလ်သတ္တဝါ၏ ထင်သောကိစ္စကို။ ဗျာပါရကင်းသောပရမတ္ထ၏၊ မထင်သောကိစ္စ၌ တင်စား၍။ကတ္တုသာဓနေ။ကရဏသာဓနဆိုခြင်းသည်။ တဒ္ဓမ္မူပစာ မည်၏ဟုပြောဆိုကြသည်။ မသင့်။ အဘယ့် ကြောင့်နည်း ဟူမူကား။ ပုဂ္ဂိုလ်သတ္တဝါဟု ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ ယင်းသို့ ပုဂ္ဂိုလ် သတ္တဝါမှထင်ရှားမရှိလျှင် ထိုပုဂ္ဂိုလ်သတ္တဝါ၏ကိစ္စသည်။ အဘယ် မှာလျှင်ထင်ရှားရှိကောင်းအံ့နည်း ထိုကြောင့်–မသင့်။ဤသို့ပယ်တော် မူ၏။ယင်းသို့ပင်ပယ်သော်လည်း။အတ္တပဋ္ဌာနတာယသမာရောပနေ န။ကတ္တုဘာဝေါ။ ဟူသော ဋီကာပါဌ်၌။ကတ္တုဘာဝသမာရောပနေန ပဋိပါဒေတဗ္ဗဓမ္မသကရဏဘာဝေါ ဟူသောဋီကာပါဌ်တို့၌၊ သမာရော ပနသဒ္ဒါနှင့် တကွ ဆိုသောကြောင့်ရှင်း။ အရှင်ကျောင်း ဆရာတော် နေဘဏ်ဟာရအားကောက်၍၊ ထင်ရှားရှိသော လောက၏ ဗျာပါရပုဂ္ဂန

အမည်ကို။ နိဗျာပါရသဘာဝ၌တင်စား၍။ တဒ္ဓမ္မူပစာကိုဆိုသော ကြောင့်၎င်း။ ဗျာပါရရှိသော ပုဂ္ဂိုလ်သတ္တဝါ၌။ ထင်သော ကတ္တား ကရိုဏ်းအမည်ကို။ မထင်သော နိဗျာပါရပရမတ္ထဓမ္မ၌တင်စား၍။ တဒ္ဓမ္မူပစာဆိုလျှင်သင့်၏ဟု။ ကျမ်းဂန်နှံ့စပ် ပညာတတ်တို့ ဆိုကြသေး၏။ ပြည်ဆရာတော်ကြီးသည်လည်း၊ တဒ္ဓမ္မူပစာဟု ယောဇနာတော်မူ၏။ [စကားချပ်။]

စိတ္တ သဒ္ဒါ၏ အနက်ကို။ အဋ္ဌကထာ ဆရာတို့ ချဲ့ရာတွင်။ စိတ္တံပိ စိတ္တံ ကရောတီတိ စိတ္တကရဏံ-ဟု ပြုရာ၌။ လောက၌ဆန်းကြယ်သော။ ပန်းချီဆေးအမှု အစရှိသည်ကို ပြုတတ်သော။ သပိညတ္တိက ဖြစ်သော။ သုံးဆယ့်နှစ်ပါးသော စိတ်ရ၏။ တနည်း။ ဆန်းကြယ်သော။ ဂတိအစရှိသည်ကိုပြုတတ်သော။ အာသဝ၏ အာရုံဖြစ်သော ကုသိုလ်အကုသိုလ်ရ၏။ ။စိတ္တံပိ စိတ္တံကရဏံ အဿာတိဝါ စိတ္တကရဏံ။ ပြုရာ၌၊ အသီးသီးပဋိသန္ဓေ အစရှိသော။ တဒ္ဒါန တတ်သော စိတ်သည်။ ကြဉ်အပ်သော အလုံးစုံသောစိတ်ရ၏။ တနည်းကား။ အာဝဇ္ဇန်းအစရှိသော အချင်းချင်းမတူသော။ ကိစ္စရှိသော အလုံးစုံသောစိတ်ရ၏။ ။ဤဝိစိတ္တကရဏ၌စိတ္တသဒ္ဒါသည်။ ဝိစိတ္တသဒ္ဒါ၏ ပရိယာယ်သဒ္ဒါတည်း။ ထို့ကြောင့်—ဝိစိတ္တသဒ္ဒါဖြင့်။ ဝိစိတ္တကရဏာဟု ဋီကာ ဆရာ ဖွင့်ပြသည်။ စိတ္တကရဏာဟု ဆိုအပ်လျက်။ ရူပ ဘဝေါ ရူပံ-ကဲ့သို့။ ကရဏာဟူသော။ နောက်ပုဒ်ကိုခြေ၍။ စိတ္တံ ဟု ဆိုအပ်သည်။ အတ္တနော စိတ္တတာယဝါတိ ဟူသောပါဌ်ဖြင့်။ မိမိ၏ဘုမ္မိဇာတိသမ္ပယောဂ အစရှိသောအားဖြင့်။ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ စိတ်မည်၏ဟူလို၏။ ဤဝိကပ်၌ တခုတည်းသော စိတ်သည်။ ဘုမ္မိဇာတိအစ ရှိသည်ဖြင့်။ ဆန်းကြယ်သည်မဖြစ်။ ထိုသို့ မဖြစ်သော်လည်း။ ဆန်းကြယ်ခြင်းအပေါင်းတို့၏ အတွင်း၌ ဝင်သည်၏ အဖြစ်ကြောင့်။ ထိုစိတ်တို့တွင်တခုခုသောစိတ်သည်လည်း။ ဘုမ္မိဇာတိအစရှိသည်ဖြင့်ဆန်းကြယ်သည်၏အဖြစ်ကြောင့်စိတ်ဟူ၍ဆိုခြင်းငှာအပ်၏။ အဘယ့်ကြောင့်။ သမုဒ္ဒေါ မယာ ဒိဋ္ဌော ၌ ကဲ့သို့အပေါင်း၏ အမည်ဖြင့်။ အစိတ်၏လည်း ခေါ်ဝေါ်အပ်၏ အဖြစ်ကြောင့်တည်း။

ကမ္မကိလေသေဟိစိတန္တိစိတ္တံ ပြုရာ၌။ဝိပါက်ဝိညာဉ်ရ၏။ ထို
ဝိညာဉ်သည်။ ကိလေသာလျှင် အဖေါ်ရှိသော ကံသည်။ အကျိုး၏
အဖြစ်ဖြင့်ဖြစ်စေရကား။ ကံကိလေသာတို့သည်၊ ဆည်းဘူးအပ်
သည်မည်၏။စိတံတာယတီတိစိတ္တံ ပြုရာ၌။ ၎င်းဝိပါက်ဝိညာဉ်ရ၏။
ကံကိလေသာသို့သည် ဆည်းဘူးအပ်သောအတ္တဘောကို။ ဝိညာဉ်
ကင်းသည်ရှိသော်။သေ၏ဟူ၍ဆိုအပ်၏။ ထို့ကြောင့်-ဝိပါက်ဝိညာဉ်
စောင့်၏။ တနည်း။ ဘဝင်စိတ်ကိုရင်း။ ဇီဝိတိန္ဒြေကိုရင်း။ ကမ္မဇ
ဘောဇောဓာတ်ကိုရင်း ရ၏။ စိနောတိအတ္တသန္တာနန္တိ စိတ္တံ ပြုရာ၌။
အာသေဝနပစ္စည်းတတ်သော။ဇောစိတ်ရ၏။'ရှေးရှေး၌ဖြစ်ကုန်သော
ဇောတို့သည်။နောက်နောက်၌ ဖြစ်ကုန်သော ဇောတို့အား။ အာသေ
ဝနပစ္စည်း တတ်သည် ဖြစ်၍။ မိမိဇောစိတ်အစဉ်၏ လေ့လာအပ်
သည်၏ အဖြစ်, အားရှိသည်၏ အဖြစ်, ကိုပြုသဖြင့်။ မိမိဇောစိတ်
အစဉ်ကိုပွားစေသည်မည်၏။ တနည်းကား။ အလုံးစုံသော စိတ်
သည်။အနန္တရပစ္စည်း အစရှိသည်တို့၏ အစွမ်းဖြင့်။ စိတ်အစဉ်၏
မပြတ်ဖြစ်ခြင်းကိုပြုတတ်သောကြောင့်။ စိတ်အစဉ်ကို ပွားစေသည်
မည်၏။စိတ္တံဝိစိတ္တံအာရမ္မဏံယသ္မာတိစိတ္တာရမ္မဏံ။ ပြုရာ၌အလုံး
စုံသောစိတ်ရ၏။ထိုအလုံးစုံသောစိတ်သည်။ များစွာသော အပြား
ရှိသောအာရုံ။မတူသောအာရုံ ရှိရကား စိတ်မည်၏။ တနည်းကား။
ဝိစိတ္တံကရောတီတိဝိစိတ္တကရဏံ ပြုရာ၌၊ ဝိ-ကိုခြေ။ ကရဏပုဒ်ကို
ခြေ၍ စိတ္တပြီး၏ဟုလိုပ်။ [စကားချပ်။]

(၄၁)' စေတသာကာဘံ။စေတသိကံ ဟူ၍ရင်း။စေတသာသမ္ပ
တံ။စေတသိကံ ဟူ၍ရင်း၊ ကတတဒ္ဓိတ်။ သမုဒ္ဒိတတဒ္ဓိတ် ပြုရာ။
စိတ္တဇရုပ်သည်။ စိတ်၏ ဥပါဒ်တိုင်းဖြစ်လေရကား။ စေတသိက်ပင်
မည်လေရာသောကြောင့်၊ ထိုစိတ္တဇရုပ်ကို နှစ်စေလို သည်လည်း
တကြောင်း။စေတသိဘဝံစေတသိကံ။ စေတသိနိယုတ္တံ။ စေတသိကံ
ဟု ဘာဝတဒ္ဓိတ်၊နိယုတ္တတဒ္ဓိတ်ပြု၍။ စေတသိက် ဒွေပညာသ ကို
ကောက်စေလိုရကား၊စေတသိကံဝေဒနာဒိက္ခန္ဓတ္တယံ ဟု ဖွင့်သည်။
စိတ်မရှိသော်၊ အချင်းချပ်သိမ်း, စေတသိက်၏ မဖြစ်ခြင်းကြောင့်။
စေတသိက်သည်။စိတ်နှင့်ကင်း၍ အာရုံကိုယူခြင်းငှာ မတတ်ကောင်း။

စိတ်သည်မူကား။ ဝိတက်စသော စေတသိက်။ [မဏိမဉ္ဇူအလို၊] ဈာနသာစသော စေတသိက်။ [အဘေဒ္ဓသာရအလို။] ထိုစေတသိက် အချို့တို့နှင့် ကင်း၍လည်း အာရုံ၌ဖြစ်၏။ ။ဝိတက်စသော စေတသိက်တို့သည်။ဒုတိယဈာန် စိတ်အစရှိသည်နှင့် ကင်း၍ အာရုံ၌ ဖြစ်ခြင်းကြောင့်၊ စေတသိက်သာ စိတ်နှင့်စပ်၍ ဖြစ်သည်မဟုတ်။ စိတ်သည်လည်း စေတသိက်နှင့် စပ်၍ ဖြစ်ခြင်းရှိ၏။ ဤသို့ ဆိုသင့်ငြားသော်လည်း။မနောပုဗ္ဗင်္ဂမာ ဟု။ စိတ်၏ပဓာနအဖြစ်ကို ဟောတော်မူသောကြောင့်၊ စိတ်သည်-စေတသိက် နှင့် စပ်၍ ဖြစ်ခြင်း ရှိ၏ ဟု ဆိုခြင်းငှာမထိုက်။ စေတသိက်သည် စိတ်နှင့်စပ်၍ ဖြစ်ခြင်း ရှိ၏ဟု ဆိုခြင်းငှာသာ, ပဓာနနည်းအားဖြင့်ထိုက်၏။.

(၄၂) တဏှာ၏အာရုံဖြစ်သော။ ချစ်အပ် သာယာအပ်သော။ လောကီစိတ်စေတသိက်။ စေတသိက်ဒွေပညာသ။ အပေါင်းဖြစ်သော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော။ဝိယရုပ်၊ သာတရုပ်ကို။ရုပ္ပနလက္ခဏာ မရှိသောကြောင့် မယူအပ်။ရုပ္ပနလက္ခဏာရှိသော။ အစိတ်ဖြစ်သော ရုပ်အဋ္ဌဝီသ။ရူပက္ခန္ဓာကိုယူစေလို၍ ရူပံကို-ရူပက္ခန္ဓောဟုဖွင့်သည်။ ရုပ်အဋ္ဌဝီသ၏သရုပ်ကိုပြလို၍။ ဘူတုပါဒါယ ဘေဒဘိန္နောဟု ဖွင့်သည်။ထိုရူပံဟူသောပုဒ်၏ ဘောက်ပြန်ခြင်း ဟူသည်ကား။ အချမ်းအစရှိသော။ဆန့်ကျင်ဘက်ဖြစ်သောအကြောင်းတို့၏။အညီအညွတ် ပေါင်းမိခြင်းကြောင့်။ရှေးရုပ်အစဉ်မှ, ဝေဒူသော။ နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းမျှကိုသာလျှင်။ ဘောက်ပြန်သည်ဟု ဆိုအပ်သည်။ ပရမတ္ထ သဘော၏မဘောက်မပြန်ခြင်းဟူသည် ပထဝီဓာတ်သည်။ တေဇော ဓာတ်လက္ခဏာသို့ မရောက်။ တေဇောဓာတ်သည်။ ဝါယောဓာတ် လက္ခဏာသို့မရောက်။ ရူပဓာတ်သည်။ သဒ္ဒဓာတ်အဖြစ်သို့မရောက်။ သဒ္ဒဓာတ်သည်၊ ဂန္ဓဓာတ် အဖြစ်သို့ မရောက်။ ဤသို့ စသည်ဖြင့်။ ပြောင်းရွှေ့ မရောက်ခြင်းသဘောကိုပင်လျှင်။ ပရမတ္ထ သဘောဟု ခေါ် ဆိုအပ်သည်။

(၄၃) ထိုသို့ဖြစ်သည်ရှိသော်။ ဘဝင်စိတ်မှ။ ဝိထိစိတ်၏ ဝေဒူသော။ ဖြစ်ခြင်း ရှိသောကြောင့်။ နာမ်တရားသည်, ရုပ်ဖြစ်ပြန်၏ ဟူငြားအံ့၊ သိတတေဇောနှင့်တွေ့သော။ ဥဏှတေဇောသည်။ မိမိနှင့်

မတူသော။သိတရုပ်ကိုဖြစ်စေ၏။မိမိဟူသော ဉဏ္ဏတေဇော သည့် ကား။ သိတ သဘောမျှလည်း မဖြစ်။ အသက်အတိုင်း အရှည်သို့ မရောက်သည်ဖြစ်၍။အဘယ်မှာချုပ်အံ့နည်း။ ။သိတ အစရှိသော။ သဒ္ဒါတို့၏အစွမ်းဖြင့်။ ရုပ်တရားတို့၏ အလွန်ထင်ရှားသော။ ဘောက်ပြန်ခြင်းကိုသာလျှင်။မတူသောဘောက်ပြန်ခြင်း။ ရုပ္ပနဟူ၍ မှတ်အပ်၏။နာမ်တရားတို့၏မတူသော။ ဘောက်ပြန်ခြင်းကား။မထင်ရှားရကား။ ထင်ရှားသော,ဝိဘူတရုပ္ပနကိုသာလျှင်။ ရုပ်ဟုခေါ်ဆိုအပ်၏။ဝိဘူတရုပ္ပန ကိုသာလျှင်ရုပ်ဟုဆိုအပ်သည်ရှိသော်။ရူပဗြဟ္မာဘုံ၌ကား။ရူပကာယကိုနှိပ်စက်တတ်သော။သိတဥဏှတို့၏။ဘောက်ပြန်ခြင်း မရှိသော်လည်း။ ထိုရူပဗြဟ္မာတို့အား။ဥတုဇရုပ်သည်ရှိသည်၏ အဖြစ်ကြောင့်။ရူပကာယကိုချီးမြှောက်တတ်သော။ သိတဥဏှ၏ အစွမ်းဖြင့်။ ထိုဗြဟ္မာဘုံ၌ ဘောက်ပြန်ခြင်းသည် ရှိ၏။ ထိုဘောက်ပြန်ခြင်းကိုလည်း။ ဘုရားလောင်းတို့၏။ ကောင်းမှုပြုသောအခါ၌။ ကောင်းချီးပေးခြင်းအစရှိသည်ဖြင့်၊လက်ပန်းပေါက်ခပ်ခြင်း၏အစွမ်းဖြင့်ရအပ်လေရကား၊ ရုပ်ဟူသော ခေါ်ဝေါ်ခြင်းသည်ဖြစ်နိုင်၏။ ထိုမှတပါး။ နိပ္ဖန္နရုပ်သည်။သလက္ခဏာသဘာဝရုပ်ဖြစ်၍ဖေါက်ပြန်၏။ အနိပ္ဖန္နရုပ်ကား။ အလက္ခဏ, အသဘာဝ, ဥပါဒါရုပ်ဖြစ်၍, မဘောက်ပြန်ဟူကဲ့သော်၊ အသီးလက္ခဏာကိုမရငြားလည်း။ ရုပ္ပနလက္ခဏာကို မလွန်သောကြောင့်။ ဘောက်ပြန်လေရကား။ ရုပ် ဟု ခေါ်ဆိုအပ်သေသည်။

(၄၄) ပဏ္ဍယေဟိသင်္တံအာဂတေတိ။ အသင်္ခတောဟူသည်နှင့်အညီ။ ပညာတ်တရား ဖြစ်သော ကောင်းကင်ကိုလည်း။ အကြောင်းတရားတို့သည် မပြုပြင်သဖြင့်။ ဥပါဒ် ဌီ ဘင် နှင့် ကင်းသည့်အရာကြောင့်။လျှည်းပါးဘွယ်နှင့်ပြန်လေရကား။ ထိုပညတ်တရားကိုစင်စေလိုသောကြောင့်။နိဗ္ဗာန်ကို။မဂ္ဂဖလ သာနမာရမ္မဏာဘူတော ဟုဖွင့်သည်။ ဝါနတော နိက္ခန္တံ နိဗ္ဗာန်-ဟူသည်နှင့်အညီ။ အရဟတ္တဖိုလ်သည်, တဏှာမှထွက်မြောက်သော်သည်း။ အကြောင်းတရားလေးပါးတို့နှင့် မကင်းသေးရကား။ ထိုအရဟတ္တဖိုလ်ကို စင်စေလိုသောကြောင့်။ အသင်္ခတဓမ္မောဟုဖွင့်သည်။ထိုနိဗ္ဗာန်သည်။ရဟန္တာတို့၏စိတ်တောင်

ချုပ်သဖြင့်။ တပြိုင်နက်။ ပစ္စုပ္ပန်၊ အတိတ်။ အနာဂါတ် ခန္ဓာတို့၏။ ငြိမ်းချုပ်ခြင်းဟုဆိုအပ်သော။ အရိယာတို့၏ မြင်အပ်သော တရားသည်။နိဗ္ဗာန်မည်၏။ဤသို့လျှင်ပရမတ္ထတရားလေးပါးဖြစ်သတည်း။

(၄၇) ထိုလေးပါးသော ပရမတ်တို့တွင်။ စိတ်သည် အာရုံကို အထူးသဖြင့်သိခြင်းအာရမ္မဏဝိဇာနနလက္ခဏာရှိ၏။စေတသိက်တို့၏ ရှေးသွားခြင်းပုဗ္ဗင်္ဂမကိစ္စရှိ၏၊ အစဉ်မပြတ်ဖြစ်ခြင်းသန္ဓာနပစ္စုပဋ္ဌာန်ရှိ၏။နာမ်ရုပ်လျှင်နီးစွာသောအကြောင်း။ နာမရူပ ပဒဋ္ဌာန်ရှိ၏။ စေတသိက်သည် စိတ်ကိုမှီတတ်ခြင်း။ စိတ္တနိဿိတလက္ခဏာ ရှိ၏။ စိတ်နှင့်မကွဲမကွာသည့်ခြင်း၊ အဝိယောဂုပ္ပါဒနကိစ္စရှိ၏။ စိတ်ဖြစ်ခြင်းလျှင်ရှေးရှုသင်သော၊ ပစ္စုပဋ္ဌာန် ရှိ၏။ စိတ်ဖြစ်ခြင်းလျှင် နီးစွာသောအကြောင်း။ စိတ္တုပ္ပါဒ ပဒဋ္ဌာန်ရှိ၏။ ။ရုပ်သည် ဖောက်ပြန်ခြင်းရုပ္ပနလက္ခဏာရှိ၏။ဖရိုဖရဲကွဲခြင်း ဝိကိရဏကိစ္စရှိ၏၊ အဗျာကတပစ္စုပဋ္ဌာန်ရှိ၏။ ဝိညာဉ်လျှင် နီးစွာသော အကြောင်း။ ဝိညာဏပဒဋ္ဌာန်ရှိ၏၊ ။နိဗ္ဗာန်သည် ငြိမ်းအေးခြင်းသန္တိလက္ခဏာရှိ၏။ မရွေ့လျှောခြင်း။အစ္စုတိကိစ္စရှိ၏။ သံသရာဝဋ်မှ ထွက်မြောက်ခြင်း။ ။နိဿရဏပစ္စုပဋ္ဌာန်ရှိ၏၊ ဤနိဗ္ဗာန်သည်ဘာစုံတခုသော အကြောင်းကြောင့်။မဖြစ်သောကြောင့်။ ပဒဋ္ဌာန်ကိုမရအပ်။ လက္ခဏာ၊ ရသ။ ပစ္စုပဋ္ဌာန် သုံးပါးကိုသာ ရအပ်၏။ ။စတုဓာ, ဓာပစ္စည်းသည်။ ပကာရတ္ထ,ကရဏတ္ထဖြစ်၏။ဥနသင်္ချာ။အဓိက သင်္ချာ။သမာနသင်္ချာ သုံးပါးတို့တွင်။ သင်္ချာ။ သင်္ချေယျ မှုသောကြောင့်၊ သမာန သင်္ချာ မည်၏။

(၄၈) စိတ္တံစေတသိကံ။ရူပံ။နိဗ္ဗာနမိတိ ဣ။စိတ္တံ ကား ဥဒ္ဒေသ။ တတ္ထစိတ္တံတာဝ အစရှိသော တတိယ ဂါထာသည်ကား။ နိဒ္ဒေသ။ သောမနဿသဟဂတံ အစရှိသော။ အလုံးစုံသော စိတ္တပရိစ္ဆေဒသည်။ပဋိနိဒ္ဒေသမည်၏။ ထိုတွင်—ဥဒ္ဒေသ ဟည်းဟူသော စိတ္တံ၌, စိတ်သည်။ ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်။ လောကုတ္တရာစိတ် အားဖြင့်။ လေးပါးရှိ၏။ ထိုတွင် ကာမာဝစရစိတ်သည်၊ ယုတ်ညံ့သော ကာမဘုံ၌။ အကျုံးဝင်သောကြောင့်။ ဟီနစိတ်မည်၏။ရူပါဝစရစိတ်သည် မြတ်သောရူပဘုံ၌ အကျုံးဝင်

သောကြောင့်။ဥက္ကဋ္ဌစိတ်မည်၏၊ အရူပဝစရ စိတ်သည်။ မြတ်သည် ထက်မြတ်သောအရူပဘုံ၌။အကျုံးဝင်သောကြောင့်။ဥက္ကဋ္ဌတရစိတ် မည်၏။လောကုတ္တရာစိတ်သည်, မြတ်သည်ထက် အလွန်မြတ်သော။ နိဗ္ဗာန်အာရုံလျှင် အာရုံ ရှိသည်၏ အဖြစ်ကြောင့်။ ဥက္ကဋ္ဌတမစိတ် မည်၏။ တနည်းကား။ ကာမစိတ် ငါးဆဲ့လေးခုသည်။ နည်းသော အာနုဘော်ရှိသောကြောင့်။ ပရိတ္တစိတ်မည်၏။ ရူပစိတ်-၁၅။ အရူပ စိတ်-၁၂။ ပေါင်း-၂၇-ပါးသောစိတ်သည်။ မြတ်ကုန်သော ဈာနလာ ဘီအရိယာပုဂ္ဂိုလ်တို့သည်။ ရောက်အပ် ရအပ် ကုန်သောကြောင့်။ မဟဂ္ဂတစိတ်မည်၏။ လောကုတ္တရာစိတ် ၈-ခုသည်။ နှိုင်းယှဉ်တတ် သော ရာဂ အစရှိသောကိလေသာတို့၏။ ဆန့်ကျင်ဘက် ဖြစ်သော ကြောင့်။ အပ္ပမာဏ စိတ်မည်၏။ တနည်းကား။ လောကီစိတ် ဧကေ သီတိ။ (၈၁) ခုသည်။ ဘုံသုံးပါးတည်းဟူသော ဝဋ်တရား၌အကျုံး ဝင်သောကြောင့်။ ပရိယာပန္န စိတ်မည်၏။ လောကုတ္တရာစိတ်ရှစ်ခု သည်။ ဘုံသုံးပါး တည်းဟူသော။ ဝဋ်တရား၌ အကျုံး မဝင်သော ကြောင့်။အပရိယာပန္နစိတ်မည်၏။တနည်းကား။ကုသိုလ်အကုသိုလ် စိတ်သည်။ ရာဂ စသည်။ လောဘစသည်တို့မှ ဖြစ်သောကြောင့်။ အာရုံ၏အရသာကိုခံစားတတ်ရကား။ အာရမ္မဏာနုဘဝနစိတ်မည် ၏။ဝိပါက်စိတ်သည်။ကံအဟုန်၏ပစ်ချအပ်သောကြောင့်ရင်း။ကြိယာ စိတ်သည်အလွန်အားနည်းသည်၏အဖြစ်။ အလွန်ငြိမ်သက်သည်၏ အဖြစ်ကြောင့်ရင်း။အာရုံ၏အရသာကို။မခံစားတတ်ရကား။အာရမ္မ ဏာနုဘဝနစိတ်မည်၏။

(၄၇) ထိုမှတပါး။ ကာမာဝစရ ဟူသောပုဒ်၌။ ကာမသည် ဝတ္ထုကာမ ကိလေသာကာမ အားဖြင့်နှစ်ပါးရှိ၏။ ထိုတွင်—ဘုံသုံး ပါး၌ဖြစ်သောဝဋ်တရားသည်။ဝတ္ထုကာမမည်၏။ ထိုဝဋ်တရားကို အလိုရှိတတ်သော၊ဆန္ဒရာဂသည်။ကိလေသာကာမ မည်၏။ (၅၄) ပါးအပြား ရှိသောစိတ်၌။ အာရုံပြုသည်၏ အစွမ်းအားဖြင့်။ ကာမ တဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့်။ ထို (၅၄) ပါး အပြား ရှိသောစိတ်သည်။ ကာမာဝစရ စိတ်မည်၏။ တနည်းကား။ ကိလေ သာကာမသည် အလိုရှိအပ် သောကြောင့်။ (၁၁) ပါးသော ဘုံ

သည်။ကာမဘုံမည်၏။ ထိုကာမဘုံ၌များသောအားဖြင့်။ ကျင်လည်တတ်ဖြစ်တတ်သောကြောင့်။ ဤ (၅၄) ပါးသောစိတ်သည်။ ကာမာဝစရစိတ်မည်၏။ တနည်းကား။ နှစ်ပါးသော ကာမတဏှာ၏ ဖြစ်ရာဖြစ်သောကြောင့်။ (၁၁) ပါးသောဘုံသည်။ ကာမာဝစရ မည်၏။ မဉ္စာဥက္ကုဋ္ဌိ ကရောတိ-ကဲ့သို့။ နိဿိတ ဖြစ်သော စိတ်၌။ နိဿယ ဖြစ်သောဘုံ၏။ကာမာဝစရ ဟူသောအမည်ကိုတင်စား၍။ ခေါ်ဝေါ်အပ်သော။နိဿယူပစာရအားဖြင့်၊ကာမာဝစရမည်၏။ရူပါဝစရ။ အရူပါဝစရ တို့၌။ထိုကာမာဝစရ ပုဒ် အတူပင်နည်းရှိ၏။

(၄၈) ကိလေသာ ကာမ သည်၊ အလိုရှိအပ် တောင့်တအပ်သောကြောင့်။ကာမ—မည်၏ ဟူရာဝယ်။ သုဂတိဘုံသည်သာလျှင်။ ကာမမည်၏။ဒုဂ္ဂတိဘုံသည် ကာမ, မမည်ရာဟု။ စောဒနာသင့်ငြားသော်လည်း။ ဘဝတဏှာဖြင့်။ တောင့်တခြင်း ရှိသောကြောင့်ရင်း။ ဥပပတ္တိဘဝသည်။ နိကန္တိတဏှာ၏။ တည်ရာ၏ အဖြစ်ကြောင့်။ ထိုဥပပတ္တိဘဝ၌သွတ်သည်၏ အဖြစ်ဖြင့်။ ဒုဂ္ဂတိအရပ်သည်လည်း။ ကိလေသာ ကာမ၏။ တောင့်တ အပ်သည် မည်သောကြောင့်ရင်း။ ဒုဂ္ဂတိဘုံသည်လည်း။ ကာမ—မည်အပ်၏ဟူလို၊ကာမာဝစရစိတ်သည်၊ ရူပဘုံအရူပဘုံတို့၌ ကျင်လည်ငြားသော်လည်း။ကာမဘုံ၌။ များသောအားဖြင့် ကျင်လည်တတ်သောကြောင့်။ ကာမာဝစရစိတ်ဟူ၍သာ ဆိုအပ်ကြောင်းကို။ ခဒိရဝန။အမ္ဗဝန။ဝေဠုဝန တို့ကဲ့သို့ မှတ်အပ်၏။ ထိုအတူ—ရူပါဝစရစိတ်။အရူပါဝစရစိတ်တို့၏။ တရံတခါကာမဘုံ စသည်သို့။ ကျင်လည်ရာ၌လည်း။ ကာမာဝစရ ဟူသောအမည်ကိုမရ။ ရူပါဝစရ။အရူပါဝစရ ဟူသော။ အမည်ကို သာရအပ်၏။

(၄၉) ကာမာဝစရ စိတ်၏။ ဘူမိပရိစ္ဆေဒ သည်၊ မုချဘူမိပရိစ္ဆေဒ။ဥပစာရဘူမိပရိစ္ဆေဒ၊ အားဖြင့်နှစ်ပါးရှိ၏။ ထိုတွင်—မုချဘူမိပရိစ္ဆေဒသည်။ အာလမ္ဗဏဓမ္မ၏ အစွမ်းဖြင့်။ ဘူမိပရိစ္ဆေဒ။ သဟဇာတ၏ အစွမ်းဖြင့် ဘူမိပရိစ္ဆေဒ။ အာလမ္ဗိတဗ္ဗဓမ္မ၏ အစွမ်းဖြင့် ဘူမိပရိစ္ဆေဒ။ဝိပါကဒါန၏အစွမ်းဖြင့် ဘူမိပရိစ္ဆေဒ။ ဟူ၍ လေးပါးရှိ၏။ ထိုတွင်—ကာမေ အဝစရတိ ဧတ္ထအာလမ္ဗဏ

ကရဏာ ဝသေနာတိ ကာမာဝစရံ။ ဟူ၍၎င်း။ ကာမေယေဘုယျေန အဝစရတိတိ ကာမာဝစရံ။ဟူ၍၎င်း။ ပြုအပ်သော။နှစ်ပိကပ်သည်။ အာလမ္ဗဏဓမ္မ၏ အစွမ်းဖြင့်ဖြစ်သော။ ဘူမိပရိစ္ဆေဒမည်၏။ ကာမေအာဝစရတိဧွေသဟဇာတဝသေနာတိကာမာဝစရံ။ ဟူ၍ပြုအပ်သောပိကပ်သည်။သဟဇာတ၏အစွမ်းဖြင့်ဖြစ်သော။ ဘူမိပရိစ္ဆေဒမည်၏။ အာရမ္မဏကရဏဝသေနကာမေအာဝစရတိတိ ကာမာဝစရံ။ပြုအပ်သောပိကပ်သည် အာလမ္ဗဏပ္ပဓမ္မ၏ အစွမ်းဖြင့်ဖြစ်သော ဘူမိပရိစ္ဆေဒ မည်၏။ ဝိပါကဒါနဝသေန။ ကာမေအာဝစရ တိတိ ကာမာဝစရံ။ဟူ၍ ပြုအပ်သောပိကပ်သည်။ ဝိပါကဒါန၏အစွမ်းဖြင့် ဖြစ်သော။ဘူမိပရိစ္ဆေဒမည်၏။ ထိုတွင်—ကာမာဝစရစိတ်။ရူပါဝစရစိတ်။ အရူပါဝစရစိတ်ဘို့ကို။ အာလမ္ဗဏဓမ္မ၏ အစွမ်းဖြင့်သာ။ ဘူမိပရိစ္ဆေဒကိုပြုအင်၏။လောကုတ္တရာစိတ်သည်။ လောကမှထွက်မြောက်သည်၏အဖြစ်ကြောင့်။ လေးပါးသုံးနှင့် ဆက်ဆံသော။ ဘူမိပရိစ္ဆေဒမည်၏။ ။ဘူမိပရိစ္ဆေဒဟူသည်။ ကာမာဝစရ စသော။ အမည်ကို မှတ်ခြင်းပင်တည်း။ ဘူမိသဒ္ဒါသည်။ အဝတ္ထာ ဝါစက။ အဝတ္ထာသည်လည်း။ ဇာတ်, ဂုဏ်, ကြိယာ, ဒြပ် အစရှိသည်တို့၏ အစွမ်းဖြင့်။ များသော အပြား ရှိသည်တွင်။ ဤ၌ ကာမာဝစရ စသောအမည်ဟုဆိုအပ်သော။နာမ်အဝတ္ထာကိုသာအလိုရှိအပ်၏။

(၅၀) ဥပါဒါနက္ခန္ဓသင်္ခါရ လောကာတော။ ဥတ္တရတိ။ အနာသဝဘာဝေနာတိ။လောကုတ္တရံဖြင့်။မဂ်စိတ်ကိုရ၏။ လောကတော။ ဥတ္တိဏ္ဏ နှိလောကုတ္တရံဖြင့်ဖိုလ်စိတ်ကိုရ၏။လောကတော။ဥတ္တရံအဓိကန္တံလောကုတ္တရံ—ဖြင့်။မဂ်စိတ်ဖိုလ်စိတ်နှင့်တကွ နိဗ္ဗာန်ရ၏။ ။ သောကီစိတ် တို့သည်။ လောကမှ ထွက်မြောက်ကြောင်း ဖြစ်သော်လည်း။ သောကုတ္တရာစိတ်တို့ကဲ့သို့။ လောကီစိတ်တို့မှာ။ အကျိုးနှင့် အကြောင်းသည်။တပေါင်းတည်း မစပ်ခြင်းကြောင့်။ လောကုတ္တရာ ဟူသောအမည်ကိုမရအပ်။ လောကုတ္တရ ဟူသောပုဒ်၌။ လောကသည်။လောကောဝုစ္စတိ။လုဇ္ဇနပလုဇ္ဇနဋ္ဌေန။ ဟူသည်နှင့်အညီ။ ဝဋ်တရားကို။ခဏိကဘင်အားဖြင့်။ပျက်တတ်သောသဘော။အဆုံး စုတိအားဖြင့်။အကြွင်းမဲ့ပျက်တတ်သော သဘောကြောင့်။ လောက

ဟူ၍ဆိုအပ်၏။ တနည်းကား။ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ ဌိတိက္ခဏေ လုဇ္ဇတိ။ ပဋိသန္ဓိက္ခဏေ ပလုဇ္ဇတိ။ ဟူသည်နှင့် အညီ။ ဌိတိခဏ၌ငင်း။ ပဋိသန္ဓေ ခဏ၌ငင်း။ ပျက်စီးတတ် သောကြောင့်။ လောကဟုဆိုအပ်၏။

(၅၁) ထိုလောကသည်လည်း။ သတ္တလောက။ သင်္ခါရ လောက။ ဩကာသလောက။ အားဖြင့်သုံးပါးရှိ၏။ ထိုတွင် (၃၁)ဘုံသည်။ ဩကာသလောကမည်၏။ ထို (၃၁)ဘုံ၌တည်သော။ ပုဂ္ဂိုလ်သတ္တဝါသည်။ သတ္တလောကမည်၏။ ပုဂ္ဂိုလ်သတ္တဝါတို့အားတည်သော။ ရုပ် နာမ် တရားတို့သည်။ သင်္ခါရလောက မည်၏။ တနည်းကား။ ဇိန္ဒြိယဗဒ္ဓဖြစ်သောခန္ဓာတို့၏အပေါင်းသည်။ သတ္တလောကမည်၏။ အနိန္ဒြိယဗဒ္ဓဖြစ်သော။ ရုပ်တို့၏အပေါင်းသည်။ ဩကာသလောကမည်၏။ ဇိန္ဒြိယဗဒ္ဓ။ အနိန္ဒြိယဗဒ္ဓ နှစ်ပါးတို့၌ ဖြစ်သော ခန္ဓာသည်။ သင်္ခါရလောကမည်၏။ ထိုလောကသုံးပါးမှ လွန်မြောက်ခြင်းကြောင့် လောကုတ္တရာမည်၏။ လွန်မြောက်ဟန်ကား။ သောတာပန် ပုဂ္ဂိုလ်သည်။(ဝါ)သောတာပတ္တိမဂ်သည်။ အပါယ်လေးဘုံမှလွန်မြော်၏။ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ (ဝါ) မဂ်သည်။ကာမဘုံတစိတ်မှ လွန်မြောက်၏။ အနာဂါမ်ပုဂ္ဂိုလ်သည်။ (ဝါ) မဂ်သည်။ အလုံးစုံသော ကာမဘုံမှ လွန်မြောက်၏။ ရဟန္တာပုဂ္ဂိုလ်သည်။ (ဝါ) မဂ်သည်။ ဘုံသုံးပါးမှလွန်မြောက်၏။ ။သောတာပန်သည်ပုထုဇ္ဇဉ်သတ္တဝါမှ လွန်မြောက်၏။ သကဒါဂါမ်သည်။ သောတာပန်မှ လွန်မြောက်၏။ အနာဂါမ်သည်။သကဒါဂါမ်မှလွန်မြောက်၏။ရဟန္တာသည်။ အနာဂါမ်မှလွန်မြောက်၏။ ဤသို့လျှင် သတ္တလောကမှလွန်မြောက်၏။သောတာပန်သည်။ ခုနစ်ဘဝကို ထား၍။ အစ မရှိသော သံသရာဝဋ်၌။ ဖြစ်လတံ့သော။သင်္ခါရလောကမှလွန်မြောက်၏။ သကဒါဂါမ်သည်။ နှစ်ဘဝကိုထား၍။သုံးဘဝတို့၌ ဖြစ်စေလတံ့သော။ ဥပါဒိန္နကသင်္ခါရလောကမှ လွန်မြောက်၏။ အနာဂါမ်သည်။ တဘဝကိုထား၍။ ဒုတိယဘဝ၌ ဖြစ်လတံ့သော။ ဥပါဒိန္နက သင်္ခါရလောကမှ လွန်မြောက်၏။ရဟန္တာသည်။တဘဝ၌ဖြစ်လတံ့သော သင်္ခါရလောကမှ လွန်မြောက်၏။ဤသို့လျှင်သင်္ခါရလောကမှလွန်မြောက်၏။

(၅၂) ဘဝန္တိ ဩသက္ကာဝမ္မာတိ ဘူမိ။ ဟူသည်နှင့် အညီ။ ဘုံသည်ဌာနဘုံ။အဝတ္ထာဘုံအားဖြင့် နှစ်ပါးရှိသည်တွင်။ ကာမရူပ။ အရူပသတ္တဝါတို့၏ဖြစ်ရာဖြစ်သော။ကာမဘုံ။ရူပဘုံ။အရူပဘုံကား ဌာနဘုံမည်၏။ကာမာဝစရ။ရူပါဝစရ။အရူပါဝစရဓမ္မတို့၏။ကာမ တဏှာဖြင့်ပိုင်းခြားအပ်သည်ကား။ ကာမအဝတ္ထာဘုံမည်၏။ ရူပ တဏှာဖြင့် ပိုင်းခြားအပ်သည်ကား။ရူပအဝတ္ထာဘုံမည်၏။ အရူပ တဏှာဖြင့် ပိုင်းခြားအပ်သည်ကား။ အရူပအဝတ္ထာဘုံမည်၏။ ထို တဏှာသုံးပါးဖြင့် မပိုင်းခြားအပ်သော။လောကုတ္တရာ တရားသည် ကား။လောကုတ္တရာအဝတ္ထာဘုံမည်၏။ ထိုလောကုတ္တရာ၌, ဌာနဘုံ ကိုမရအပ်, ကြွင်းသော။ကာမ, ရူပ, အရူပ, ဘုံတို့၌ကား။ ဌာနဘုံ။ အဝတ္ထာဘုံနှစ်ပါးကိုပင်ရအပ်၏။

(၅၃) တတ္ထကတမံကာမာဝစရံ စသော။ ပဋိနိဒ္ဒေသစကား၌။ ကာမာဝစရစိတ်ဟူသည်။ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, အားဖြင့်လေးပါးရှိသည်တွင်။ကုသလာဓမ္မာဟူ၍ ကုသိုလ်ကို မူလ ဘူတပြု၍။ဟောငြားသော်သည်း။အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်သော။တခုယုတ်ခြောက်ဆယ်။(၀၁)ကိုးဆယ့်တပါးတို့၏။ သောဘဏဟူသော အမည်ဖြင့်။ ခေါ်ဝေါ်လွယ်ခြင်းဌာရင်း။ ပါပါ ဟေတုကမုတ္တာနိသောဘဏာနိတိဝုစ္စရေ ဟု။ ဤသို့ ဆိုလတ္တံ့သော စကားကိုမှီ၍။အကုသိုလ်စိတ်ကိုရှေးဦးစွာပြအပ်၏။ တနည်းကား။ အသောဘဏစိတ်သည်။ သောဘဏ စိတ်ထက် ယုတ်ညံ့သော ကြောင့်။အသောဘဏ စိတ်ကို ရှေးဦးစွာ ပြအပ်၏။ အသောဘဏ စိတ်တို့တွင်လည်း။ အကုသိုလ်စိတ်သည်။ အကြောင်းတရား ဖြစ် သောကြောင့်။ အကျိုးတရားဖြစ်သော။ အဟိတ်စိတ်၏ ရှေးဦးစွာပြ အပ်၏။အကုသိုလ်စိတ်တို့တွင်။လောဘမူစိတ်ကို။ အဝိဇ္ဇာ တဏှာ တည်းဟူသော။ မူလနှစ်ပါးနှင့် ယှဉ်သောကြောင့်၎င်း။ ဘဝသစ်၌ ပဋိသန္ဓေတည်နေသော သတ္တဝါတို့အား။ ဝိထိစိတ်၏ အစွမ်းဖြင့်။ မနောဒွါရဝဇ္ဇန်း စိတ်သည်။ ရှေးဦးစွာ ဖြစ်သော်လည်း, မပြခန်း။ ပြခန်းသော, လောဘမူဇောစိတ်တို့၏ သာလျှင်, ရှေးဦးစွာ စော ခြင်းကြောင့်။ ရှေးဦးစွာပြအပ်၏။ ထိုနောက် ဒွိဟိတ်ခြင်း တူသော

ကြောင့်။ လောဘမူစိတ်၏ အခြားမဲ့၌။ ဒေါသမူစိတ်ကို ပြအင်၏။ ထို့နောက်—ဇကေဟိတ်ဇိတ် ဖြစ်သောကြောင့်။ ဒွိဟိတ်ဒေါသမူ၏ အခြားမဲ့၌။ မောဟမူစိတ်ကို ပြအင်၏။ သုခံ, ဒုက္ခံ, ဥပေက္ခာ ဟူသော ဒေသနက္ကမပါဠိကိုမှီ၍၊ လောဘမူစိတ်၌။ သောမနဿ သဟဂုတ်ကို ရှေးဦးစွာပြအင်၏။ မရှိခြင်းအဘာဝ မည်သည်။ ရှိခြင်းဘာဝကိုမှီ၍ ဖြစ်ရကား။ ဒိဋ္ဌိဂတ သမ္ပယုတ်ကို ရှေးဦးစွာ ပြအင်၏။ တိက္ခမန္ဒ သဘောကိုမှီ၍။အသင်္ခါရိကကို ရှေးဦးစွာပြအပ်၏။ အသာဓာရဏ ဖြစ်၍။ဝေဒနာအားဖြင့်။ သောမနဿ။ ဥပေက္ခာဟု။ အထူးမှတ်၍ ပြအင်၏။

(၃၄) မသင့်မတင့်နှလုံးသွင်းခြင်း။ အယောနိသောမနသိကာရသည်။ အကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းမည်၏။ ဒိဋ္ဌမင်္ဂလာ။ သုတမင်္ဂလာ။မုတမင်္ဂလာ။ဤသုံးပါးသည်။ လောဘမူစိတ်ဖြစ်ခြင်း၏အကြောင်းမည်၏။ ထိုတွင်မိုးယံ်စာဌက်ကို မြင်ခြင်း အစရှိသော။ မင်္ဂလာရှိ၏ဟု သမုတ်အပ်သော။ အဆင်းကိုမြင်ခြင်းသည်။ ဒိဋ္ဌမင်္ဂလာမည်၏။ဝဍ္ဎမာနအစရှိသော။မင်္ဂလာဟုသမုတ်အင်သော။ အသံကိုကြားခြင်းသည်။သုတမင်္ဂလာမည်၏။ ပဒုမ္မာကြာပန်းကိုနမ်းခြင်း။ ပန်းသစ်သီးကို စားရခြင်း။ ကိုယ်ဖြင့်, သုံးသပ်ခြင်း အစရှိသော။ မင်္ဂလာဟု သမုတ်အပ်သော။ အနံ့ကိုနမ်းခြင်း အရသာကိုလျက်ခြင်း။ဖေါဋ္ဌဗ္ဗာရုံကိုတွေ့ခြင်းသည်။မုတမင်္ဂလာမည်၏။

(၃၅) သဘောအားဖြင့်ရင်း။ ကြီးသောအားဖြင့်ရင်း။ ဖြစ်သော ဣဋ္ဌာရုံ, သောမနဿပဋိသန္ဓေနေခြင်း, မနက်နဲသောသဘောရှိခြင်း, ဤသုံးပါးသည်။သောမနဿဖြစ်ခြင်းအကြောင်းမည်၏။ ။ဣဋ္ဌမဇ္ဈတ္တာရုံ, ဥပေက္ခာ ပဋိသန္ဓေ ရှိသောအဖြစ်, နက်နဲသော။ သဘောရှိသောအဖြစ်, ဤသုံးပါးသည်။ ဥပေက္ခာဖြစ်ခြင်း၏အကြောင်းမည်၏။ ။အယူဖေါက်ပြန်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း, သဿတအယူ, ဥစ္ဆေဒ အယူကို အလိုရှိသော အဖြစ်, ဤနှစ်ပါးသည်။ ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်ခြင်း၏အကြောင်းမည်၏။ ။လျောက်ပတ်သော။ ဥတုဘောဇဉ် အစရှိသည်ကား။ အသင်္ခါရိကဖြစ်ခြင်း၏ အကြောင်း

မည်၏, မလျောက်ပတ်သော။ ဥတု ဘောဇဉ် အစရှိ သည်ကား။ သသင်္ခါရိကဖြစ်ခြင်းအကြောင်းမည်၏။ ။ဒိဋ္ဌိဂတသမ္ပယုတ္တံ၌။ ဒိဋ္ဌိ သဒ္ဒါသည်။မိစ္ဆာသမ္မာနှစ်ပါးနှင့် ဆက်ဆံသော်လည်း။ အကုသိုလ် အရာဖြစ်သော။ သာမညဗ္ဗိယကြောင့်ရင်း။ လောဘသဟဂတစိတ္တာနိ နာမဟူသော။ နိဂုံးစကား သဒ္ဒန္တရသန္နိဓာန်ကြောင့်ရင်း။ မိစ္ဆာဟု သိအပ်၏၊

(၃၆) သင်္ခါရဂတံသာမဂတံ စသည်တို့၌။ ဂတ သဒ္ဒါ သည်။ တဗ္ဘာဝအနက်၌ ဖြစ်သကဲ့သို့။ဒိဋ္ဌိဂတဉ္စ, ဂတသဒ္ဒါသည်။ တဗ္ဘာဝ၊ တဗ္ဘာဝဟူသည်ကား, အနက်အသိးမရှိ။ ဒိဋ္ဌိ အနက်ကိုပင် ဟော၏။ လုံးလုံးအနက်မရှိသည် မဟုတ်။ တဿဘာဝေါ။ တဗ္ဘာဝေါ။ ။ တဗ္ဘာဝေါ, ဘာဝေါ, ယဿာတိ, တဗ္ဘာဝေါ။ဟု ဝစနတ္ထပြု။ တဿ ထိုဒိဋ္ဌိဟူသော ရှေးပုဒ်၏၊ ဘာဝေါ, အဓိပ္ပာ, အနက်တည်း။ တဗ္ဘာဝေါ။ထိုဒိဋ္ဌိဟူသောရှေးပုဒ်၏ အနက်။ ယဿ အကြင် ဂတ သဒ္ဒါအား။တဗ္ဘာဝေါ။ထိုဒိဋ္ဌိဟူသော။ရှေးပုဒ်၏အနက် ဟုဆိုအပ် သော။ဘာဝေါအနက်သည်။ အတ္ထိ၊ရှိ၏။ဣတိ ထိုကြောင့်။တဗ္ဘာဝေါ တဗ္ဘာဝ မည်၏။ ဒိဋ္ဌိယေဝ ဂတံဒိဋ္ဌိဂတံ ဟု။ တဗ္ဘာဝ ဝုတ္တိကမ္မ ဓာရည်းပြု။အချို့ကား။ ဒိဋ္ဌိစတံဂတဉ္စာတိဒိဋ္ဌိဂတံ ဟူသော ဝိဂြုဟ် ကိုပြု၏ဟုဆို၏။ မဏိမဉ္ဇူ စသော ကျမ်းတို့၌၊ ဝိဂြုဟ်ပြုဟု မယူ။ ဝိဂြုဟ်စပ်ပင် ယူသောကြောင့် သင့်အံ့ မထင်။ ဤမိစ္ဆာဒိဋ္ဌိသည်။ သိလဗ္ဗတပရာမာသ။ ဣဒံသစ္စာဘိနိဝေသ အားဖြင့် နှစ်ပါး ၎င်း။ ထို့ပြင်။အလေ့အကျင့်အားဖြင့်။ စင်ကြယ်၏ဟူသော။ အခြင်းအရာ ဖြင့်ဖြစ်သော။မိစ္ဆာဒိဋ္ဌိ သည်။ သိလဗ္ဗတပရာမာသမည်၏။ ဣဒမေဝ သစ္စံမောဃမညံ ဟူသော။ အခြင်းအရာဖြင့် ဖြစ်သော။ မိစ္ဆာဒိဋ္ဌိ သည်။ဣဒံသစ္စာဘိနိဝေသမည်၏။

(၃၇) ဆုတ်နစ်သောစိတ်ကိုအားပေးသောအားဖြင့်။ သူတပါး သန္တာန်။မိမိသန္တာန်နှစ်ပါး၌ဖြစ်သော၊ ပုဗ္ဗပယောဂသည်။ သင်္ခါရ မည်၏ ပါဘာကာဘိပါဘအစ သောအကုသိုလ်ကို။ပြုသည်ကာလ။ထိ နည်း၏နှင့်စက်ခြင်း။ကိုယ်၏မခန့်ခြင်းစသည်တို့ကြောင့်။ စိတ်၏တွန့်

တိုခြင်းဖြစ်သည်ရှိသော်။ထိုစိတ်အား။အားထုပ်ခြင်းကိုဖြစ်စေသည်၏အစွမ်းဖြင့်။ဒွါရသုံးပါး၌ဖြစ်သော။ မိစ္ဆာဝါယာမသည်။ မိမိပုဗ္ဗပယောဂမည်၏။ တွန့်တိုသောစိတ် ရှိသောသူအား။ အကုသိုလ်ကိုပြုခြင်း၌။အားထုပ်ခြင်းကို ဖြစ်စေသည်၏ အစွမ်းဖြင့်။ သူတပါးတို့၏ ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော။ အာဏတ္တိသည်။ သူတပါးပုဗ္ဗပယောဂ မည်၏။ ဤကား အကုသိုလ် အတို့၌ သင့်သောစကားတည်း။ဒါနစသည်ကိုပြုခြင်း၌။ အားထုပ်ခြင်းကိုဖြစ်စေသည်၏အစွမ်းဖြင့်။ ဒွါရသုံးပါး၌ဖြစ်သော။ သမ္မာဝါယာမသည်။ မိမိပုဗ္ဗပယောဂမည်၏။ ဒါနကိုပြုလော့။ သီလကိုဆောက်တည်လော့-ဟု။ သူတပါးတို့၏ ကာယဒွါရ။ ဝစီဒွါရ၌ ဖြစ်သော။ အာဏတ္တိသည်။ သူတပါး၏ပုဗ္ဗပယောဂမည်၏။ ပုဗ္ဗပယောဂမည်သည်ကား။ အာဏတ္တိစေတနာဝါယာမ။ထိုအာဏတ္တိစေတနာဝါယာမ။ပြဓာန်းသောလေးပါးသောခန္ဓာရ၏၊

(၅၈) တိုက်တွန်းခြင်း ပုဗ္ဗပယောဂ မရှိသော စိတ်သည်။ အသင်္ခါရိကမည်၏။ ပုဗ္ဗပယောဂရှိသောစိတ်သည်။ သသင်္ခါရိကမည်၏။ တနည်းကား။ ထက်သည်၏အဖြစ်တည်းဟူသော။ ဝါယာမဟုဆိုအပ်သော။တန်းဆာအထူးမရှိသောစိတ်သည်။ အသင်္ခါရိကမည်၏။ထက်သည်၏ အဖြစ် တည်းဟူသော။ ဝါယာမဟု ဆိုအပ်သော။ တန်းဆာအထူးနှင့် တကွ ဖြစ်သောစိတ်သည်။ သသင်္ခါရိကမည်၏။ လောဘမူစိတ်၌, သောဘဟိတ်။ မောဟဟိတ် နှစ်ပါးရှိသော်လည်း။ မောဟသည် အကုသိုလ်ဒွါဒသ, အလုံးစုံနှင့် ဆက်ဆံသောကြောင့်။ မောဟနှင့်မမှတ်မူ၍။ သောဘမူစိတ်၌သာ။ဆက်ဆံသောလောဘနှင့်မှတ်၍၊ တပါးသော ဒေါသမူ, မောဟမူစိတ်တို့မှ ထူးခြားကွဲပြားစေခြင်း၌။ လောဘသဟဂတစိတ္တာနိ ဟုဆိုအပ်၏။ ဣမာနိအဋ္ဌပိလောဘသဟဂတစိတ္တာနိနာမ, ကား ဆိုအပ်ပြီးသော။ အနက်ကိုတဖန်ဆိုသောကြောင့်။နိဂုံးမည်၏။အဋ္ဌပိ၌ သမ္ပိဏ္ဍန အနက်ရှိသောပိသဒ္ဒါဖြင့်။လောဘမူစိတ်ရှစ်ခုကိုသည်၊အကုသလကမ္မပထတရားဆယ်ပါးတွင်။ပါဏာတိပါတ။ဖရုသဝါစာ။ဗျာပါဒမှ ကြွင်းခုနစ်ပါး

နှင့်မြှောက်သော်။ငါးဆယ့်ခြောက်ဖြစ်၏။ ၎င်းကိုအာရုံ ခြောက်ပါးနှင့်မြှောက်သော်။သုံးရာသုံးဆယ့်ခြောက်ရဖြစ်၏။ ၎င်းကိုဝိမံသာဓိပတိမှတပါး။အဓိပတိသုံးပါးနှင့်မြှောက်သော်။တထောင့်ရှစ်ရဖြစ်၏။ ၎င်းကိုကံသုံးပါးနှင့်မြှောက်သော်။သုံးထောင်နှစ်ဆယ့်လေးရဖြစ်၏။ ဤသို့သုံးထောင့်နှစ်ဆယ့်လေးရသော။ လောဘမူစိတ်တို့ကို။ ပေါင်းခြင်းအနက်ရှိ၏။ ကာလဒေသ စသည်တို့၏ အစွမ်း အားဖြင့်ကား။ မရေတွက်မနှိုင်းယှဉ်နိုင်အောင်များပြား၏။

(၃၉) ဤရှစ်ပါးသောလောဘမူစိတ်တို့တွင်။ သောမနဿသဟဂုတ်စိတ်ထက်။ဥပေက္ခာသဟဂုတ်စိတ်အားကြီး၏။ ဤကား—အဘိဓမ္မာအလို။ ပီတိသောမနဿ ဖြစ်ဖန် များသဖြင့်။ ပြုလွယ်သောကြောင့်။သောမနဿအကုသိုလ်ကသာလွန်၍အဖြစ်ကြီး၏။ ဤကား။ သုတ္တန်အလို။ သောမနဿ အကုသိုလ်ကိုပြုသောသူသည်။ တဏှာစရိုက်အားကြီးတတ်၏။ ဥပေက္ခာအကုသိုလ်ကိုပြုသော သူသည်။ မောဟစရိုက်အားကြီးတတ်၏ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ထက်။ဒိဋ္ဌိဂတသမ္ပယုတ်စိတ် အားကြီး၏။ သသင်္ခါရိကစိတ်ထက်။ အသင်္ခါရိကစိတ်အားကြီး၏။ဝေဒနာဒိဋ္ဌိနှင့်ယှဉ်ခြင်း၏ အစွမ်းဖြင့်။ ဗလဝဒုဗ္ဗလဖြစ်ပြားသော်လည်း။ သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, အသင်္ခါရိကစိတ်ထက်။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ်အားကြီး၏။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်ထက်။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်အားကြီး၏ ထို့ကြောင့်—စတုတ္ထစိတ်ထက်။ တတိယစိတ်, ထိုထက်အဋ္ဌမစိတ်၊ ထိုထက်သတ္တမစိတ်။ထိုထက်ဒုတိယစိတ်။ထိုထက်ပထမစိတ်။ ထိုထက်ဆဋ္ဌမစိတ်။ ထိုထက်ပဉ္စမစိတ်တို့၏။အားကြီးသောအဖြစ်ကိုသိအပ်၏။

(၄၀) ထိုလောဘသည်အာရုံကို စွဲလမ်းခြင်း လက္ခဏာရှိ၏။ အာရုံ၌ငြိခြင်းကိစ္စရှိ၏။ စွန့်အပ်သောဥစ္စာကို။ မစွန့်ကြဲခြင်းလျှင်ထင်သောအခြင်းအရာဟု ဆိုအပ်သော။ပစ္စုပဋ္ဌာန်ရှိ၏။ တပ်သောအားဖြင့်ယူခြင်းလျှင်နီးစွာသောအကြောင်း။ ပဒဋ္ဌာန်ရှိ၏။ လောဘသည်တဏှာမည်၏"ထိုတဏှာသည်။ ကာမတဏှာ ဘဝတဏှာ။

ဝိဘာဝတဏ္ဍာအားဖြင့်သုံးပါးရှိ၏။ထိုသုံးပါးကိုအာရုံခြောက်ပါးနှင့် မြှောက်သော်၊တဆယ့်ရှစ်ဖြစ်၏။ ၎င်းကိုကာလသုံးပါးနှင့် မြှောက်သော်။ ငါးဆယ့်လေးပါး ဖြစ်၏။ ၎င်းကိုအဇ္ဈတ္တသန္တာန်။ ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့်မြှောက်သော်။တရာ့ရှစ်ပါး ဖြစ်၏။

(၆၁) ဒေါသမူဒွေန္ဒ၊ ဒုဋ္ဌုံမနောဒုမ္မနော ဟု ပြုသည်ရှိသော်။ ဒုမ္မနသဒ္ဒါသည်။ဒေါမနဿ ဝေဒနာကို အကြောင်းပြု၍ စိတ်ဖြင်ကို ဟော၏။ဒုဋ္ဌုံမနောဧတဿာတိ ဒုမ္မနော ဟု ပြုသည်ရှိသော်။ ဒုမ္မန သဒ္ဒါသည်။ဒေါမနဿဝေဒနာကို၎င်း၊ စိတ်ကို၎င်း အကြောင်းပြု၍၊ ပုဂ္ဂိုလ်ဒြပ်ကိုဟော၏။ ဒုမ္မနဿဘာဝေါဒေါမနဿံ ဟု ပြုသည်ရှိ သော်။ဒေါမနဿဝေဒနာစေတသိက်ရ၏။ဤဒေါသမူစိတ်၌ ဝေဒနာ အပြားမရှိဘဲလျက်။ ဒေါမနဿသဟဂတံဟု အထူးပြုခြင်းသည်။ ဒေါမနဿဝေဒနာ၏။ တပါးသောစိတ်၌ မဆက်ဆံသော အဖြစ် ကို၎င်း။ဤဒေါသမူစိတ်နှစ်ခု၌ မြဲသည်၏ အဖြစ်ကို၎င်း။ ပြ၍မှတ် ခြင်းငှာ။ဒေါမနဿသဒ္ဒါကို အထူးပြု၍ဆိုအပ်၏။ ဒေါမနဿသဒ္ဒါ ဖြင့်။ဒေါမနဿဝေဒနာကို ယူအပ်၏။ ပဋိဃသဒ္ဒါဖြင့်။ ဒေါသစေ တသိက်ကိုယူအပ်၏။ ထို့ကြောင့်—ဒေါမနဿ ဝေဒနာနှင့်၊ဒေါသ စေတသိက်နှစ်ပါးတို့၏၊ ဧကန်တက္ကဖြစ်သည်ကိုပြခြင်းငှာ။ ပဋိဃ သမ္ပယုတ္တသဒ္ဒါကိုဆင့်၍ဆိုအပ်၏။ ဒေါမနဿကား။ဝေဒနက္ခန္ဓာ၌ အကျုံးဝင်၏။ဒေါသကား။သင်္ခါရက္ခန္ဓာ၌အကျုံးဝင်၏။

(၆၂) ဒေါမနဿပဋိဃတို့၏။ ဖြစ်ခြင်း အကြောင်းကား။ အ နိဋ္ဌာရုံ။အာဃာတဝတ္ထု။ဤနှစ်ပါးတည်း။ထိုတွင် အာဃာတဝတ္ထု သည်ကိုးပါးအရေးအတွက်ရှိ၏။ ကိုးပါး ဟူသောကား။ ငါ၏ အ ကျိုးမဲ့ကိုဤသူသည်။ ပြုဆဲ, ပြုပြီး, ပြုလတံ့ဟု။ မိမိ၌သုံးပါး။ ငါချစ် အပ်သောပုဂ္ဂိုလ်၏အကျိုးမဲ့ကို ပြုဆဲပြုပြီးပြုလတံ့ဟု။ ပိယပုဂ္ဂိုလ် ၌သုံးပါး။ ငါ၏ရန်သူ ဖြစ်သော ပုဂ္ဂိုလ်၏အကျိုးမဲ့ကို။ ပြုဆဲ ပြုပြီး ပြုလတံ့ဟု။ဝေရီပုဂ္ဂိုလ်၌သုံးပါး။ ဤသို့လျှင်ကိုးပါးဖြစ်၏။ တနည်း။ အရာမဟုတ်သည်၌အမျက်ထွက်ခြင်းဟုဆိုအပ်သော။အဋ္ဌာနကော ပသည်လည်း။ ဒေါသဖြစ်ခြင်း၏ အကြောင်းမည်၏။ ၎င်းအဋ္ဌာန

ကောပကိုထည့်လျှင်။ အာဃာတဝတ္ထုဆယ်ပါးဖြစ်၏။ အာသက်မရှိသော၊ အဝိညာဏကသင်္ခါရဓမ္မဖြစ်သော။ အဋ္ဌာနကောပသည်။ အပါယ်သို့ရောက်။ ကမ္မပထမြောက်အောင်မပြုတတ်။ သတ္တဝါတို့၌ဖြစ်သော။ အဋ္ဌာနကောပသည်ကား။ အပါယ်သို့ရောက်, ကမ္မပထမြောက်အောင်ပြုတတ်၏။

(၄၃) ထိုနှစ်ပါးသောဒေါသမူစိတ်တို့တွင်။ ပထမစိတ်သည်။ ခြောက်ပါးသောအာရုံတို့၌။ ဖြစ်မြားထိပါးသောသူအားဖြစ်၏။ ဒုတိယစိတ်သည်။ သသင်္ခါရိက ဖြစ်သောကြောင့်။ သူတပါးတို့သည်။ တိုက်တွန်းအပ်သောသူအား၎င်း။သူတပါးတို့၏ အပြစ်ကိုအောက်မေ့စေအပ်သောသူအား၎င်း,မိမိသည်ပင်လျှင်သူတပါးတို့၏အပြစ်ကိုအောက်မေ့၍။ အမျက်ထွက်သောသူအား၎င်း ဖြစ်၏။ ဤစိတ်နှစ်ပါးတို့တွင်။ ပထမစိတ်သည် ဗလဝ။ ဒုတိယစိတ်သည်။ ဒုဗ္ဗလဖြစ်၏။ ။ဒေါမနဿဝေဒနာသည်။ အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏။အနိဋ္ဌအခြင်းအရာဖြင့် ဆောင်ခြင်းကိစ္စ ရသ ရှိ၏။စိတ်၌မှီသောဝေဒနာ၏။ ကျင်နာခြင်းလျှင်ထင်သော။ ပစ္စုပဋ္ဌာန်ရှိ၏။ စင်စစ်အားဖြင့်။ဟဒယဝတ္ထုလျှင်နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။ ထိုမှတပါး,ဒေါသသည်။ ကြမ်းထမ်းခြင်း လက္ခဏာရှိ၏။ မိမိကိုယ်ကိုပင်ပန်းပျက်စီးစေခြင်းကိစ္စရှိ၏။ ဖြစ်မြားခြင်းလျှင် ထင်သော အခြင်းအရာဟုဆိုအပ်သော။ပစ္စုပဋ္ဌာန်ရှိ၏။ ရန်ငြိုးဖွဲ့လျက်အမျက်ထွက်ခြင်းလျှင်။နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။ ဒွေပိ၌။ သမ္ပိဏ္ဍနအနက်ရှိသောပိသဒ္ဒါဖြင့်။ ဒေါသမူစိတ် နှစ်ပါးကိုတည်း။ ကာမေသုမိစ္ဆာစာရ၊အဘိဇ္ဈာ၊မိစ္ဆာဒိဋ္ဌိမှကြွင်းသော။ အကုသလကမ္မပထခုနစ်ပါးနှင့်မြှောက် (၁၄) ပါးဖြစ်၏။ ၎င်းကိုအာရုံခြောက်ပါးနှင့်မြှောက် (၈၄) ပါးဖြစ်၏။၎င်းကိုဝီမံသာဓိပတိမှတပါး။အဓိပတိသုံးပါးနှင့်မြှောက်။ (၂၅၂) ဖြစ်၏။ ၎င်းကို ကံသုံးပါးနှင့်မြှောက် (၇၅၆) ဖြစ်၏။ ။ ကာလဒေသစသည်တို့၏အစွမ်းဖြင့်ကား။ အသင်္ချေယျ၊ အပ္ပမေယျဖြစ်၏။

(၄၄) သဘာဝံဝိစိနန္တော ကိစ္ဆတိကိလမတီတိဝိစိကိစ္ဆာ-ဟု ပြုသည်နှင့်သင့်။ဝိစိကိစ္ဆာစေတသိက်ရ၏၊ဝိစိကိစ္ဆာယသမ္ပယုတ္တံ

ဝိစိကိစ္ဆာသမ္ပယုတ္တံ ဟု ပြသည်ရှိသော်၊ စိတ်ရ၏၊ ဥဒ္ဓိဓုနာတိ ကမ္ပတီတိဥဒ္ဓတံ၊ပြသည်ရှိသော်၊စိတ်ရ၏၊ ဥဒ္ဓတဿ၊ဘာဝေါဥဒ္ဓစ္စံ ဟုပြသည်ရှိသော်၊ စေတသိက်ရ၏၊ ဥဒ္ဓစ္စေနသမ္ပယုတ္တံ၊ ဥဒ္ဓစ္စသမ္ပယုတ္တံ၊ဟုပြသည်ရှိသော်၊စိတ်ရ၏၊ဥဒ္ဓစ္စစေတသိက်သည်၊ အလုံးစုံသော၊အကုသိုလ်စိတ်နှင့်၊ သက်ဆံသောအဖြစ် ရှိငြားသော်လည်း၊ လောဘမူစိတ်၌၊လောဘ၊ ဒေါသမူစိတ်၌၊ဒေါသ၊ ဝိစိကိစ္ဆာသမ္ပယုတ်၌၊ဝိစိကိစ္ဆာရှိသည်၏ အဖြစ်ကြောင့်၊ ဥဒ္ဓစ္စသည်၊ လောဘမူ၊ ဒေါသမူ၊ဝိစိကိစ္ဆာစိတ်တို့၌အားငယ်၏၊ နောက်ဆုံးဖြစ်သောအကုသိုလ်စိတ်၌ အားကြီး၏၊ ထို့ကြောင့်—နောက်ဆုံးစိတ်ကို သာလျှင်၊ ဥဒ္ဓစ္စဖြင့်အထူးပြု၍ ညွှန်ခြင်းကိုဆိုအပ်၏။

(၄၈) ဤနှစ်ပါးသော၊ မောဟမူစိတ်တို့သည်၊ အလုံးစုံသော ဣဋ္ဌာရုံ၊အနိဋ္ဌာရုံ၊မဇ္ဈတ္တာရုံ တို့၌၊ လောဘသဟဂုတ် စိတ်ကဲ့သို့၊ တပ်ခြင်းရဉ္စနမရှိ၊ပဋိဃသဟဂုတ် စိတ်ကဲ့သို့၊ ပြစ်မှားခြင်း ဒုဿနမရှိသောကြောင့်,ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်၏၊ မောဟမူစိတ်သည်၊အသင်္ခါရိက၊ သသင်္ခါရိကတို့တွင်၊ အသင်္ခါရိကသဘောသက်၏ဟု၊အချို့ဆရာကြီးတို့ယူကုန်၏၊ ထိုသို့ယူကုန်သော်လည်း၊ သဘောအားဖြင့် ထက်ခြင်း မရှိသောကြောင့်၊ အသင်္ခါရိက ဟူ၍လည်းမဆိုအပ်၊ အားသွပ်အပ်သည်၏ အဖြစ် မရှိသောကြောင့်၊ သသင်္ခါရိက ဟူ၍လည်း မဆိုအပ်၊ ဝိဘူတာဝိဘူတဘေဒေါနတ္ထိဟူစကား၌၊ ဘေဒသဒ္ဒါအပြားကို ဟောသည်ဖြစ်၍၊ ဝိဘူတာရုံတပါးကိုသာယူအပ်သကဲ့သို့၊သင်္ခါရဘေဒေါနတ္ထိ ဟူသော၊ဋီကာစကား၌၊ ဘေဒသဒ္ဒါအပြားဟောမဟုတ်၊တဒတ္ထဖြစ်၍၊အသင်္ခါရိက၊သသင်္ခါရိကနှစ်ပါးလုံးပင် မရှိဟု ယူအပ်၏၊ တနည်း၊ ဘေဒသဒ္ဒါ၏ များသောအနက်ရှိသောကြောင့်၊ သင်္ခါရ အပေါင်းဖြစ်၍ ဖြစ်ကုန်သောဓမ္မတို့၏၊အထူးဝိသေသအဝယဝအစိတ်ကို၊ဘေဒသဒ္ဒါဟောသောကြောင့်၊သင်္ခါရနှစ်ပါးလုံးပင် စင်စစ်ကေန် အမှန်မရှိဟု ယူအပ်၏၊ သသင်္ခါရိကအဝိဇ္ဇာ၊ အသင်္ခါရိကအဝိဇ္ဇာ ဟူသော၊ ပဋိစ္စသမုပ္ပါဒ်ဝိဘင်းအဋ္ဌကထာ စကားသည်၊ လောဘမူ၊ ဒေါသမူ ၌ရှိ သော၊

မောဟ ကိုသာလျှင် ရည်သန်၍ ဖွင့်လေသောကြောင့်၊ မောဟမူဠ်။ မောဟသည်ကား။သဗ္ဗာရနှစ်ပါးမှလွတ်သော။မောဟမူ၍။သန္နိဋ္ဌာန် ကျမှတ်အပ်၏။

(၄၄) ဤနှစ်ပါးသော စိတ်တို့တွင်။ ဝိစိကိစ္ဆာသမ္ပယုတ် စိတ်သည်။ခြောက်ပါးသောအာရုံတို့၌။ခံစားခြင်း၏အစွမ်းဖြင့်။ လျစ်လျူ ရှုသောသူအား။ ယုံမှားဖြစ်သော ကာလ၌ဖြစ်၏။ ဥဒ္ဓစ္စသမ္ပယုတ် စိတ်သည်။ခြောက်ပါးသောအာရုံတို့၌။ဝေဒနာ၏အစွမ်းဖြင့် မရှုတ္တ ဖြစ်၍။တုံလှုပ်ပျံ့လွင့်သောအခါ၌ ဖြစ်၏။ ဝိစိကိစ္ဆာသဟဂုတ် စိတ် သည်။အဓိမောက္ခကိုမရသောကြောင့်။ ဒုဗ္ဗလ ဖြစ်၍ အားငယ်၏။ ဥဒ္ဓစ္စသဟဂုတ်စိတ်သည်။ အဓိမောက္ခကို ရသောကြောင့်။ ဗလဝ ဖြစ်၍အားကြီး၏။ ဥဒ္ဓစ္စ, ဝိစိကိစ္ဆာတို့၏အထူးကား။ဥဒ္ဓစ္စသည် တခုသောအာရုံ၌ဘုံလှုပ်၏။ဝိစိကိစ္ဆာသည်။ အထူးထူးသော အာ ရုံ၌ဘုံလှုပ်၏။ ။အလွန် မိုက်မဲ့း တွေဝေခြင်း။ ပညာ နည်းပါး၍ ဒုပ္ပညမိတ်သဟာယကိုမှီဝဲခြင်း။ ဤနှစ်ပါးသည်, မောဟဖြစ်ခြင်း၏, အကြောင်းမည်၏။ တနည်းကား။ အလေး အမြတ် ပူအပ်သော။ ဆရာကိုမပေါင်းဖေါ်ခြင်း။ မသင်ခြင်း။ သင်အပ်ပြီးသည်ကို။ မမေး မြန်းခြင်း။တရားမနာခြင်း။ အရာဟုတ်သည်။မဟုတ်သည်ကို။ မဆုံး ဖြတ်နိုင်ခြင်း။ ဤငါးပါးသည် မောဟဖြစ်ခြင်း၏ အကြောင်းမည်၏။ ထိုမောဟဖြစ်ခြင်းသည်။ အယောနိသော မနသိကာရလျှင် နီးစွာ သောအကြောင်းရှိ၏။

(၄၅) ဒွေဒိဋ္ဌိ။ သဒ္ဒိဋ္ဌာန အနက်ရှိသော။ပိသဒ္ဒါဖြင့်။ မောဟမူ စိတ်နှစ်ပါးကိုတည်း။အကုသလကမ္မပထတရား ဆယ်ပါးနှင့်မြောက် နှစ်ဆယ်ဖြစ်၏။၎င်းကိုအာရုံခြောက်ပါးနှင့်မြောက် (၁၂၀) ဖြစ်၏။ အဓိပတိပစ္စည်းမတတ်ရကား။ အဓိပတိနှင့်မမြောက်ရ။ ကံသုံးပါး နှင့်မြောက်(၃၆၀) ဖြစ်၏။ ကာလဒေသ စသည်တို့၏ အစွမ်းဖြင့်။ အသင်္ချေယျ။အပ္ပမေယျ ဖြစ်၏။ အကုသိုလ်စိတ် သုံးရပ်ကို ပေါင်း သော်၊ လေးထောင်ဘရာ့လေးဆယ် (၄၁၄၀) ဖြစ်၏။ ဝိစိကိစ္ဆာ သည်စင်စစ်အာရုံ၌ လိမ့်ဘတ်၏။ ဥဒ္ဓစ္စသည်။ အာရုံ၌ရအပ်သော၊

အမိမောက္ခရှိသည်၏အဖြစ်ကြောင့်။ ထေံရာတည်ရာကိုရရှိရကား။ တန့်၍ဘန့်၍ လိမ့်တတ်၏။ ။ထိုဥဒ္ဓစ္စသည်။ ပဋိသန္ဓေ အကျိုးကို မပေး။ ပဝတ္တိ အကျိုး ကိုသာပေး၏။ တနည်းကား။ ဥဒ္ဓစ္စသည် ပုထုဇ္ဇဉ်သန္တာန်၌ဖြစ်မူ။ ပဋိသန္ဓေပဝတ္တိအကျိုးနှစ်ပါးကို ပေးစွမ်းနိုင်၏။သောတာပန် သကဒါဂါမ်။ အနာဂါမ်သန္တာန်၌ ဖြစ်မူကား။ ပဋိသန္ဓေအကျိုးမပေးနိုင်ဟု ဝိသေသအားဖြင့်မှတ်အပ်၏။

ဝေတသိက်။လောဘ ဒေါသတို့သည်။ မူလ လည်းမည်ကုန်၏။ ကမ္မပထလည်းမည်ကုန်၏။ စိတ်၌လောဘဒေါသ တို့သည်။ မူလသာ မည်ကုန်၏။ ကမ္မပထမမည်ကုန်။ ။မောဟမူစိတ်၌။ မောဟမူဟာ စိတ္တာနိဟုဆိုအပ်လျက်။ဟ, အက္ခရာကိုချေ၍။တွေဝေခြင်းအနက်ကို ဟောသော။ပရိယာယ်နှစ်ပုဒ်ဖြင့် ဆိုလေရကား။ လောဘမူ။ဒေါသမူ၌ရှိသော။မောဟထက်။ မောဟမူ၌ရှိသော မောဟသည်။ ပြင်းစွာ တွေဝေသည်၏ အဖြစ်ကိုသိအပ်၏။ တနည်း။ လောဘမူ။ ဒေါသမူ၌,ရှိသော မောဟသည်။ ယှဉ်ဘက်လောဘ။ဒေါသ အသီးသီး ရှိရကား။ တွေဝေခြင်း၌, အားနည်း၏။ မောဟမူ၌, ရှိသော။ မောဟသည်ကား။ယှဉ်ဘက် လောဘ ဒေါသ ကင်းရကား။ အာရုံ၌အားရှိခြင်းကြောင့်။အထူးသဖြင့်တွေဝေ၏။

(၄၈) မောဟသည်။ စိတ်၏မိုက်မဲတွေဝေသည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။အာရုံ၏သဘောကို။ဖုံးလွှမ်းခြင်းကိစ္စရှိ၏။ မိုက်မဲစွာ ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဉာတွေဝံ။, ဉာတိဝေံ ပြင်ရာ၌။ဉာတိသဒ္ဒါမှာ, သဒ္ဒါအနက် အပေါင်းကိုပြသည်။ ဝေံသဒ္ဒါမှာ။ သဒ္ဒါအနက်အစဉ်ကိုပြသည်။ ဉာတွေဝံစသောဂါထာသည်။ သမ္မုဟနိဂုံးမည်၏။ အဋ္ဌဝါစသောဂါထာသည်။ အဝယဝ နိဂုံး မည်၏။ မောဟောယေဝမူလံဧတေသန္တိ၊ မောဟမူလာနိဟုပြသည်ရှိသော်။ မောဟ နောင်ထိုင်သော ဧဝသဒ္ဒါဖြင့်။လောဘ။ဒေါသ ဒြပ်တပါးကို ကန့်၍။မောဟသာလျှင်မူလရှိသည်မဟုတ်။ ပစ္စယဟု ဆိုအပ်သော မူလလည်းရှိသေး၏ဟူသောဂုဏ်တပါးကိုခွင့်ပြု၏။ အကုသလကမ္မပထတရား ဆယ်ပါးသည်။ အကုသိုလ် မည်၏။ လောဘ။ ဒေါသ၊

မောဟတရားသုံးပါးသည်။ အကုသလမူလမည်၏။ ဆိုအပ်ပြီးသော အကုသိုလ်ဆယ်ပါးသည်။ သီလဝိပ္ပတ္တိ။ စိတ္တဝိပ္ပတ္တိ။ ဒိဋ္ဌိဝိပ္ပတ္တိ အားဖြင့်သုံးပါးရှိ၏။ ထိုတွင် ပါဏာတိပါတ။ အဒိန္နဒါန။ ကာမေသုမိစ္ဆာစာရ။ မုသာဝါဒ။ ပိသုဏာဝါစာ။ ဖရုသဝါစာ။ သမ္ဖပ္ပလာပ။ ဤခုနစ်ပါးသောအကုသိုလ်သည်။ သီလဝိပ္ပတ္တိ မည်၏။ အဘိဇ္ဈာ, ဗျာပါဒ, သည်။ စိတ္တဝိပ္ပတ္တိမည်၏။ မိစ္ဆာဒိဋ္ဌိသည်။ ဒိဋ္ဌိဝိပ္ပတ္တိမည်၏။ အကုသိုလ်မူလကြောင့်သာလျှင်, လောကသည်, ပျက်၏။ ရာဂများသော်, မီးဖျက်၏။ ဒေါသများသော်, ရေဖျက်၏။ မောဟများသော်, လေဖျက်၏။ လောဘမူ စိတ်ကြောင့်။ ပြိတ္တာဘုံ၌ ဖြစ်၏။ ဒေါသမူစိတ်ကြောင့်, ငရဲဘုံ၌ဖြစ်၏။ မောဟမူစိတ်ကြောင့်။ တိရစ္ဆာန်ဘုံ၌ဖြစ်၏။

(၆၉) ဟိနတိက်၌အကုသိုလ်ကို။ ဟိန အဖြစ်ဖြင့် ဟောတော်မူသော်လည်း။ ယုတ်သောဆန္ဒဖြင့်။ အားထုပ်ကုန်သော။ အကုသိုလ်တို့သည်ဟိနမည်ကုန်၏။ မြတ်သောဆန္ဒဖြင့်အားထုပ်ကုန်သောအကုသိုလ် တို့သည်။ ပဏီတမည်ကုန်၏။ လောဘမူစိတ်ကြောင့်။ ပြိတ္တာသီး။ ဒေါသမူစိတ်ကြောင့်ငရဲသီး။ မောဟမူစိတ်ကြောင့် သံသရာမီးလောင်ကုန်၏။ လောဘကြောင့်။ ဒုက္ခိကျွန်ရကပ်ဖြစ်တတ်၏။ ဒေါသကြောင့်။ သတ္တန္တရကပ်ဖြစ်တတ်၏။ မောဟကြောင့် ရောဂန္တရကပ် ဖြစ်တတ်၏။ အဋ္ဌသာလောဘမူလာနိစသော သင်္ဂဟ ဂါထာ၀ယ်။ တတိယပါဒ၌၊ ဒုတိယပါဒကဲ့သို့။ ဒွိဓာမထားဘဲ။ ဒွေ ဟု ထားခြင်းသည်။ လောဘမူ၊ ဒေါသမူ တို့ကဲ့သို့။ သမ္ပါရ အပြားမရှိသောကြောင့်ဟု မှတ်ရမည်။

(၇၀) အကုသိုလ်စိတ်၊ ၁၂-ခုသည်။ ဝေဒနာအားဖြင့်။ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ၊ ဝေဒနာသုံးပါးရ၏။ လောဘမူ၊ ဒေါသမူသည်ဒွိဟိတ်စိတ်မည်၏။ မောဟမူသည်။ ဧကဟိတ်စိတ်မည်၏။ ဟိတ်အားဖြင့်၊ လောဘ။ ဒေါသ။ မောဟ။ ဟိတ်သုံးပါးရ၏။ ကိစ္စအားဖြင့်။ အကုသိုလ်စိတ် ၁၂-ခုသည်။ ဇောကိစ္စ တတ်၏။ ဒွါရ အားဖြင့် ခြောက်ဒွါရ၌ဖြစ်၏ အာရုံအားဖြင့်- လောကီကို အာရုံပြု၏။ (၀ါ) လောကီစိတ်ကေသိက်ကို အာရုံပြု၏။ ဝတ္ထုအားဖြင့်။ ဒေါသမူစိတ်

သည်။ဟာဒယဝတ္ထုကိုသာမှီ၍ ဖြစ်၏။ လောဘမူ။ မောဟမူသည်။ ဟာဒယဝတ္ထုရုပ်ကိုရံခါမှီ, ရံခါမမှီမူ၍ဖြစ်၏။

(၇၁) အကုသိုလ်စိတ်တို့တွင်။ဒေါသသဟဂုတ်သည်။ ဩဠာရိက။လောဘသဟဂုတ် စိတ်သည်။ သုခုမ၊ နိယတ၊ အနိယတ၊ ဒေါသသဟဂုတ်နှစ်ပါးတို့တွင်။နိယတကား၊ဩဠာရိက။အနိယတကား။ သုခု။မနိယတ သည်လည်း။ ကပ္ပဋ္ဌိတိက။ နောကပ္ပဋ္ဌိတိက၊ နှစ်ပါးတို့တွင်။ကပ္ပဋ္ဌိတိကကား။ ဩဠာရိက။ နောကပ္ပဋ္ဌိတိကကား။ သုခုမ။ကပ္ပဋ္ဌိတိကသည်လည်း၊ အသင်္ခါရိက။ သသင်္ခါရိက နှစ်ပါး တို့တွင်။ အသင်္ခါရိကကား။ ဩဠာရိက။ သသင်္ခါရိကကား။ သုခုမ။ လောဘသဟဂုတ်စိတ်၌။ သောမနဿကား။ဩဠာရိက။ ဥပေက္ခာ ကား။သုခုမ။ဒိဋ္ဌိဂတသမ္ပယုတ်ကား။ ဩဠာရိက။ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ကား။သုခုမ။ ဒိဋ္ဌိဂတသမ္ပယုတ်သည်လည်း။ နိယတ။ အနိယတ နှစ်ပါးတို့တွင်။ နိယတကား။ဩဠာရိက။ အနိယတကား။သုခုမ။ နိယတသည်လည်း၊ အသင်္ခါရိက၊ သသင်္ခါရိက နှစ်ပါး တို့တွင်။ အသင်္ခါရိကကား။ ဩဠာရိက။ သသင်္ခါရိကကား။ သုခုမ။ ။အကျဉ်းမှတ်ဘွယ်ကား။ အကုသိုလ်သို့ ရောက်၍၊ အကြင် တရားသဘောသည်များစွာအကျိုးပေး၏။ ထိုတရားသဘောသည်။ ဩဠာရိက။အကြင်တရားသဘောသည်အနည်းငယ်အကျိုးပေး၏။ထိုတရား သဘောသည်။သုခုမ။ကုသိုလ်သို့ရောက်၍ကား။အနည်းငယ်, အကျိုး ပေးအံ့၊ဩဠာရိက။ များစွာအကျိုးပေးအံ့။သုခုမ။

(၇၂) ရှစ်ပါးသော။ လောဘမူစိတ်တို့၏ ဖြစ်စဉ်ကား။ ။အကြင်အခါ၌၊ကာမဂုဏ်တို့၌အပြစ်မရှိ။ ဤသို့စသောနည်းဖြင့်၊ မိစ္ဆာ ဒိဋ္ဌိကိုရှေးသွားပြု၍။ ရွှင်သန်းနှစ်သက်စွာ သဘောအားဖြင့် ထက် သည်လျှင်ဖြစ်သော။ တိုက်တွန်းခြင်းကင်းသောစိတ်ဖြင့်။ ကာမဂုဏ် တို့ကိုမူလည်းသုံးဆောင်ခံစား၏။ဒိဋ္ဌမင်္ဂလာစသည်တို့ကို မူလည်း။ မြတ်သောအားဖြင့်ယုံကြည်၏။ ထိုအခါပထမလောဘမူစိတ်ဖြစ်၏။ အကြင်အခါနှံ့ နှေးသော။ တိုက်တွန်းအပ်သောစိတ်ဖြင့်။ သုံးဆောင် ခံစားယုံကြည်၏။ထိုအခါဒုတိယစိတ်ဖြစ်၏။ (ဤစိတ်၌ စကားချပ်

ဦးအံ့။ အကြင်အခါ၌။အမျိုးကောင်းသားသည်၊ မိစ္ဆာဒိဋ္ဌိ။အမျိုး၏ သမီးကိုတောင့်တ၏၊ မိစ္ဆာဒိဋ္ဌိ အပေါင်းတို့သည်။ သတို့သမီးကို မပေးလင့်ဟု ဆိုကုန်၏။ ထိုအခါ သတို့သား၏ ဆွေမျိုးတို့သည်။ သင်တို့သည်ပေးကုန်လော့။ သင်တို့ကဲ့သို့ သာလျှင်။ ဤသတို့သား သည်ပြုလတ္တံ့ဟုဆို၍ ပေးစေ၏။ အမျိုးကောင်း သားသည်။ ထိုသူ တို့နှင့်တကွ တိတ္ထိတို့သို့ ဆည်းကပ်၏။ အစမှသာလျှင်, ယုံမှားခြင်း ရှိ၏။ သွားတိုင်းသွားတိုင်းသော ကာလ၌။ တိတ္ထိတို့၏ အမူအရာကို နှစ်သက်၍။ဒိဋ္ဌိအယူကိုယူ၏။ ဤသို့သောအရာ၌။ ဤဒုတိယ စိတ်ကို ရအပ်၏ဟုသိအပ်၏။) အကြင်အခါ၌ မိစ္ဆာဒိဋ္ဌိကိုရှေးသွားမပြုမူ၍ သက်သက် ရွှင်လန်းနှစ်သက်စွာ။သဘောအားဖြင့်၊ ထက်သည်သာ လျှင်ဖြစ်သော။တိုက်တွန်းခြင်းကင်းသောစိတ်ဖြင့်။ မေထုန်ကိုမှီဝဲ၏။ သူတပါး စည်းစိမ်ကိုမူလည်း ရှေးရှုကြံ၏။ သူတပါး ဘဏ္ဍာကိုမူ လည်းခိုး၏။ထိုအခါ၌တတိယစိတ်ဖြစ်၏။အကြင်အခါ၌။နုံ့ နှေးသော တိုက်တွန်းအပ်သောစိတ်ဖြင့်။မှီဝဲခြင်းစသည်ကိုပြု၏။ ထိုအခါ၌ စ တုတ္ထစိတ်ဖြစ်၏။အကြင်အခါ၌ ကာမဂုဏ်တို့၏မပြည့်စုံခြင်းကိုစွဲ၍ တပါးလည်းဖြစ်ကုန်သော။ သောမနဿ အကြောင်းတို့၏၊ မရှိခြင်း ကြောင့်။လေးပါးသော ဝိကပ်တို့၌၊ သောမနဿ ကင်းခြင်းတို့သည် ဖြစ်ကုန်၏။ထိုအခါကြွင်းသော။ လေးပါးသော။ ဥပေက္ခာသဟဂုတ် စိတ်တို့သည် ဖြစ်ကုန်၏။ ။သောမနဿ။ ပ။ သမ္ပယုတ္တာနိ။ တိုင် အောင်ကား၊ ဂီတိမည်၏။ အဋ္ဌခ။ ပ။ သိယံကား။အနုဂီတိမည်၏။ ဂီတိကိုမုဒိန္ဒြိယပုဂ္ဂိုလ် အလို့ငှာ ဆိုအပ်၏၊ အနုဂီတိကို တိက္ခိန္ဒြိယ ပုဂ္ဂိုလ် အလို့ငှာ ဆိုအပ်၏၊ တနည်းကား။ ဂီတိကို။ ဝိတ္ထာရရုစိ ပုဂ္ဂိုလ်အလို့ငှာဆိုအပ်၏။အနုဂီတိကို။ သံခိတ္တ ပုဂ္ဂိုလ် အလို့ငှာ ဆို အပ်၏၊ တနည်းကား။ ဂီတိကို နေယျပဒပရမ ပုဂ္ဂိုလ် အလို့ငှာ ဆိုအပ်၏၊အနုဂီတိကို ဥဂ္ဃဋိတညူ။ဝိပဉ္စိတညူ။ပုဂ္ဂိုလ်တို့၏ အလို့ငှာ ဆိုအပ်၏၊

ဤသို့သော စကားအစဉ်ဖြင့်။ အကုသိုလ်စိတ်၏

အဖွင့်ပြီး၏ ဘည်း။

(၇၃) အနုပုနပ္ပ၊ နွဲ့ငမ္မယော ဝံ။ ယုဋ္ဌေတိဘိ။ အနုံရဋ္ဌေါ။ ဟူသော ဝစနတ္ထ။ ဝစနနှုပ်ပါးမိန့်ကြားအပ်သည်နှင့်အညီ။ အဘယ^ိ ရိဝါဒီ။ ဇောတာ ၁ နဝါသိအရောတို့၏ မိန္ဒ္ဓာ အသယူမိန္ဒ္ဓာ ဥာဏ်။ ထိုမိန္ဒ္ဓာ အယူ။ မိန္ဒ္ဓာ ဥာဏ်၏။ အာရုံဖြစ်သော။ ဖေါက်ပြန်သော အနက်ဟု ဆိုအပ်သော။ မိန္ဒ္ဓာ ရနံ့ညစ် တရားစစ်ကို။ အသင်ထပ် အောင်စွမ်းအောင်။ တိုက်တော်မူတတ်သော။ သတ္တ္ပ ကြောင့်။ အနုံရဋ္ဌေါ အမည်သာသော။ ကျမ်းပြုဆရာ။ သေရဲမဟာသည်။ မူလတို့၏အထူးအားဖြင့်။ သုံးပါး အပြားရှိသော။ အကုသိုလ်စိတ်ကို။ သမ္ပယောဂ အစရှိသော အပြားအားဖြင့်။ တဆယ့်နှစ်ပါး ဝေဘန်ပြီး၍။ အသောဘဏ အဖြစ်ဖြင့် တူသော အဟိတ်စိတ်တို့ကိုပြတော်မူ၏။

(၇၄) ၎င်းအဟိတ်စိတ်တို့သည်၊ ဝေဒနာအားဖြင့်။ ဒုက္ခ၊ သုခ။ သောမနဿ။ ဥပေက္ခာ။ ဝေဒနာ ဟူ၍လေးပါး၊ အဟိတ်စိတ်ဖြစ်သောကြောင့်။ ဟိတ် ဘားမရှိ။ ကိစ္စအားဖြင့်။ တဆယ့်လေးပါး။ ဒွါရ အားဖြင့်။ သုခသန္တီရဏ၊ ဝုဋ္ဌော။ ဟသိတုပ္ပါဒ် စိတ်တို့သည်။ ခြောက်ဒွါရ၌ဖြစ်ကုန်၏။ ဥပေက္ခာသန္တီရဏ နှစ်သည်။ ခြောက်ဒွါရ၌ ရံခါ ဖြစ်၍။ ရံခါလွတ်၏။ ဒွေပဉ္စဝိညာဉ်တဆယ်တို့သည်။ တဒွါရ၌ဖြစ်ကြ ကုန်၏။ ပဉ္စဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော, မနောဓာတ် သုံး ခုသည်။ ငါးဒွါရ၌ ဖြစ်၏၊ အာရုံအားဖြင့် ဒွေပဉ္စ ဝိညာဉ်တဆယ်, မနောဓာတ်သုံးခုတို့သည်။ ပဉ္စာရုံကိုအာရုံပြုကုန်၏။ သန္တီရဏသုံးခု။ ဟသိတုပ္ပါဒ်တို့သည်၊ ကာမကိုအာရုံပြုကုန်၏။ မနောဒွါရဝဇ္ဇန်းသည် အလုံးစုံ ကိုအာရုံပြု၏။ ဝတ္ထုအားဖြင့်။ ဒွေပဉ္စဝိညာဉ် တဆယ်တို့ သည်ပဉ္စဝတ္ထုရုပ်ကိုသာမှီကုန်၏၊ မနောဓာတ်သုံးခု။ သန္တီရဏစိတ် သုံးခု။ ဟသိတုပ္ပါဒ်စိတ်သည်။ ဟဒယဝတ္ထုကိုသာမှီကြကုန်၏။ မနော ဒွါရာဝဇ္ဇန်းသည်။ ဟဒယဝတ္ထုရုပ်ကိုရံခါမှီ၍, ရံခါမမှီ၍ဖြစ်၏။

(၇၅) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်ဖြင့်။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့သည်။ အပါယ်လေးဘုံ၌။ ပဋိသန္ဓေ နေကုန်၏။ အဟိတ်ကုသလ ဝိပါက် သန္တီရဏစိတ်ဖြင့်၊ သုဂတိ အဟိတ်ပုဂ္ဂိုလ်ဟုဆိုအပ်သော။ လူဘုံ၌ပဋိသန္ဓေအားဖြင့်ကန်းသောသူ

အစရှိသည်တို့သည်၎င်း။ဝိနိပါတိကအသူရာတို့သည်၎င်း။ပဋိသန္ဓေနေကုန်၏။ထိုမှတပါး အသောဘဏစိတ်ချင်းတူသောကြောင့်။ အကုသိုလ်စိတ်၏ အခြားမဲ့၌ အဟိတ်စိတ်ကို ဆိုသည်။ အကုသိုလ်၏ အကျိုးဖြစ်၍။အကုသလဝိပါက်ကိုရှေးဦးစွာဆိုသည်။ ဝိပါက်ချင်းတူသောကြောင့်။အကုသလဝိပါက်၏အခြားမဲ့၌။ကုသလဝိပါက်ကိုဆိုသည်။ အဟိတ်ချင်း တူသောကြောင့်။ အဟိတ်ကုသလ ဝိပါက်၏ အခြားမဲ့၌။ အဟိတ်ကြိယာကို ဆိုသည်။ နိယတာရမ္မဏ။ အနိယတာရမ္မဏနှစ်ပါးတို့တွင်။ နိယတာရမ္မဏဖြစ်၍။ ဒွေပဉ္စဝိညာဉ်ကို ရှေးဦးစွာဆိုသည်။ထို့နောက်, အနိယတာရမ္မဏ ဖြစ်သောကြောင့်။ သမ္ပဋိစ္ဆိုင်းသန္တီရဏတို့ကို ဆိုသည်။ မှိုရာပသာဒရုပ်တို့၏ အစဉ်အားဖြင့်။ဒွေပဉ္စပညာဉ်တို့၏ဖြစ်သောအစဉ်ကား။သင်္ခေပအလိုအားဖြင့်။ပထမ။ရေကြည်သဏ္ဌာဟာ။ဒုတိယ။အမြှုပ်သဏ္ဌာဟာ။တတိယ သားတစ်သဏ္ဌာဟာ။ စတုတ္ထ။အခဲးသဏ္ဌာဟာ။ ပဉ္စမ။ ခက်မငါးဖြာသဏ္ဌာဟာ။ဆဋ္ဌမ။ရင့်ကျက်သည်ပရိပါကသဏ္ဌာဟာ။ သတ္တမ။စက္ခု။ သဏ္ဌာဟာ။အဋ္ဌမ။သောတသဏ္ဌာဟာ။ နဝမ။ဃာနသဏ္ဌာဟာ။ ဒသမ ဇိဝှာသဏ္ဌာဟာ။ ထို့နောက်—ကောသ လောမ။ အစရှိသော ဒွတ္တိံသ, ကာယ။တသဏ္ဌာဟာစီ။ပေါင်း (၄၂) သဏ္ဌာဟာ ဖြစ်၏။ မူလဋီကာ, အာနန္ဒာအလိုအားဖြင့်။ရေကြည်နှစ်သဏ္ဌာဟာ။ အမြှုပ်နှစ်သဏ္ဌာဟာ။ သားဘစ်နှစ်သဏ္ဌာဟာ။အခဲးနှစ်သဏ္ဌာဟာ။ ခက်မငါးဖြာနှစ် သဏ္ဌာဟာ၊စက္ခု။သောတ။ဃာန ဇိဝှာ။တစ်သဏ္ဌာဟာစီ။ကေသအစရှိသော ဒွတ္တိံသာကာရ။ တစ်သဏ္ဌာဟာ စီ။ ပေါင်း(၄၈) သဏ္ဌာဟာဖြစ်၏။ သင်္ခေပဋီကာနည်း။ အဋ္ဌကထာနည်း အားဖြင့်။ ဒသမ သဏ္ဌာဟာ မြောက်၍။နှစ်လနှင့်သယ်ရက်ရောက်လျှင်။အာယတန ပြည့်စုံ၍ အကောင်ထင်ရှား ဖြစ်ပေါ်လာ၏၊ မူလဋီကာနည်း အားဖြင့်။ (၁၄) သဏ္ဌာဟာမြောက် သုံးလနှင့် ၄ရက်ရောက်မှ၊ အာယတနပြည့်စုံ၍ အကောင်ထင်ရှားဖြစ်ပေါ်လာ၏၊ သင်္ခေပ အလိုအားဖြင့်၊ (၄၂) သဏ္ဌာဟာမြောက်သော် (၂၉၄)ရက်ဖြစ်၍။ (၉)လနှင့် (၂၄)ရက်၌။ အလွန်အားဖြင့်။အလုံးစုံပြည့်စုံသည်ကိုပြ၏။ မူလဋီကာ အလို အားဖြင့်။(၄၈)သဏ္ဌာဟာဖြစ်သော်၊ (၃၃၆) ရက်ဖြစ်၍။ (၁၀)လ

နှင့်ရှစ်ရက်၌။ အလွန်အားဖြင့်။ အလုံးစုံပြည့်စုံသည်ကို ပြ၏။ ။ ကာယပသာဒသည်။ ကလလရေကြည် အခါ၌ပင် ဖြစ်ငြားသော်လည်း။ ဗေဒ္ဓဗ္ဗာရုံတို့၏ အဖြစ်ဖြင့် ကြမ်းတမ်းသောကြောင့်။ အလုံးစုံသော။ပသာဒချပ်တို့၏ နောက်၌ဆိုအပ်၏။ သမ္ဗန္ဓိနိဿိုင်း။ သင်္ဂြိုဟ်ရဏာတို့ကို။ဝိတ္ထိစိတ်အစဉ်အားဖြင့်ဆိုအပ်၏။

(၇၆) အညမည ဝိရုဒ္ဓါနံ။ ကုသလာ ကုသလာနံ။ ပါကာဝိပါကာ။ ဟူသည်နှင့်အညီ။ ကမ္မဇရုပ်သည်။ ကုသိုလ် အကုသိုလ်ကံကြောင့်ဖြစ်ရကား။ ဝိပါက်ဟူသော အမည်ကို ရသင့်ငြားသော်လည်း။ကုသိုလ်အကုသိုလ်တို့နှင့်နာမ်တို့၏အဖြစ်ဖြင့်ရင်း။ သာရမ္မဏတို့၏ အဖြစ်ဖြင့်ရင်း။ သမ္ပယုတ္တ အစရှိသော အဖြစ်ဖြင့်ရင်း။ တူသောကြောင့်။ကုသလဝိပါက်, အကုသလ ဝိပါက် စိတ်သည် သာလျှင်။ ဝိပါက ဟူသောခေါ်ဝေါ်ခြင်းကို ရအပ်၏။ လောကူပမာအားဖြင့်။ သလေးမျိုးစေ့တို့၏ အသီးတို့သည်။ အကြောင်းမျိုးစေ့နှင့် တူကုန်သည်ဖြစ်၍။ဝိပါကဟူသောခေါ်ဝေါ်ခြင်းကိုရကုန်၏။ အမြစ်အညွန့် အရွက်အရိုး တို့သည်။ အကြောင်း မျိုးစေ့နှင့်။ မတူသောကြောင့်။ ဝိပါကဟူသော အမည်ကို မရအပ်ကုန်သကဲ့သို့။ ကမ္မဇ ရုပ်တို့ကိုလည်း ထိုအတူမှတ်အပ်ကုန်၏

(၇၇) စက္ခုသည်။ မံသစက္ခု။ ပညာစက္ခု အားဖြင့်နှစ်ပါးတို့တွင်။ပညာစက္ခုသည်။ ဉာဏစက္ခု။သမန္တစက္ခု။ဉာဏစက္ခု။ဒိဗ္ဗစက္ခု ဓမ္မစက္ခု။ အားဖြင့် ငါးပါးတို့၏၊ ထိုတွင် အာသယာနုသယဉာဏ်။ ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်သည်။ ဗုဒ္ဓစက္ခု မည်၏။ သဗ္ဗညုတ ဉာဏ်သည်။ သမန္တစက္ခု မည်၏။ သစ္စာ လေးပါးကို။ ပိုင်းခြားသော ဉာဏ်သည်။ ဉာဏစက္ခု မည်၏။ အာလောက ကိုပွား စေသော အားဖြင့်။ ဖြစ်သော ဉာဏ်သည်။ ဒိဗ္ဗစက္ခု မည်၏၊ အောက်မဂ် သုံးခု အောက်ဖိုလ်သုံးခုသည် ဓမ္မစက္ခု မည်၏။ မံသစက္ခုသည်လည်း။ သမ္ဘာရစက္ခု။ ပသာဒစက္ခု နှစ်ပါးရှိသည်တွင်။ မျက်တွင်း၌။ မျက်လွှာတို့ဖြင့်။ ခြံရံအပ်သော။ မဟာဘုတ်လေးပါး။ ဝဏ္ဏ။ ဂန္ဓ။ရသ။ ဩဇာ။ သမ္ဘာ။ ဇီဝိတ။ ဘာဝ။ စက္ခုပသာဒ။

ကာယပသာဒ။ဟူ၍ သံယုတ်အဋ္ဌကထာ အလိုအားဖြင့်(၁၃)ပါး။ အဋ္ဌသာလိနီအဋ္ဌကထာ အလိုအားဖြင့်။ သဏ္ဌာန ရုပ်ကိုထည့်၍။ (၁၄)ပါး။အကျယ်အားဖြင့်။ဓာတ်(၄)ပါး။ဝဏ္ဏ, ဂန္ဓ, ရသ,ဩဇာ သမ္ဘဝ။ ဤကိုးပါးကို တည်။ ကံ, စိတ်, ဥတု, အဟာရ, လေးပါးနှင့် မြှောက်သော်။(၃၆) ဖြစ်၏။ ၎င်းကို ဇီဝိတ၊ ဘာဝ၊ စက္ခုပသာဒ၊ ကာယပသာဒ၊လေးပါးပေါင်းသော်, လေးဆယ် ဟု ဆိုအပ်သော။ အဋ္ဌသာလိနီအဋ္ဌကထာအလိုအားဖြင့်။ဓာတ်လေးပါး။ ဝဏ္ဏ။ ဂန္ဓ။ ရသ၊ဩဇာ။သဏ္ဌာန။သမ္ဘဝ။ တဆယ်ကိုတည်။ အကြောင်း လေးပါးနှင့်မြှောက်။ (၄၀) ဖြစ်၏။ ဇီဝိတ။ဘာဝ။စက္ခုပသာဒ။ကာယပသာဒ။လေးပါးပေါင်းသော်။ (၄၄) ခုဟုဆိုအပ်သော။ အသားစိုင်သည်။သမ္ဘာရစက္ခုမည်၏။ မျက်ဖြူဝန်းဖြင့်။ ပိုင်းခြား အပ်သော။ မျက်နက်ဝန်းဖြင့်ခြံအပ်သော။ မြင်အပ်သောအဝန်း၌ သန္နိဝိဋ္ဌဖြစ်၍။ ရူပါရုံကိုမြင်ခြင်းငှာ စွမ်းနိုင်သော။ သန်းဦးကျောင်းပမာဏ ရှိသော။ မျက်လွှာခုနစ်ထပ်ကိုနှံ့၍တည်သော။ပသာဒရုပ်သည်။ပသာဒစက္ခုမည်၏။ ထိုစက္ခုပသာဒ ရုပ်ကိုမှီ၍ ဖြစ်သော ဝိညာဉ်သည်၊ စက္ခုဝိညာဉ်မည်၏။

(၅၈) ထိုသို့ဆိုအပ်ပြီးသောနည်းအတူ။ စက္ခုပသာဒကိုပယ်။ သောတပသာဒကိုထည့်၍။ အကျဉ်း အားဖြင့် ၁၃-ပါး။ ၁၄-ပါး။ အကျယ်အားဖြင့် ၄၀—၄၄ ပါးသောရုပ်ဟု ဆိုအပ်သော။ အသားစိုင်သည်။သမ္ဘာရသောတမည်၏။ သမ္ဘာရနားတွင်း၌ သိမ်မွေ့ နီပြန်းသောအမွေးဟုဆိုအပ်သော ကြေးနီ လက်စွပ်ကွင်း သဏ္ဌာန်ရှိသော အရပ်၌တည်သော၊ ပသာဒရုပ်သည်။ သောတပသာဒမည်၏။ ထိုသောတပသာဒရုပ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည်၊ သောတဝိညာဉ်မည်၏။ ဃာနပသာဒ ကို ထည့်၍။ အကျဉ်း အားဖြင့် ၁၃-ပါး။ ၁၄-ပါး။အကျယ်အားဖြင့်။၄၀-၄၄ ပါးသော ရုပ်ဟုဆိုအပ်သော။ အသားစိုင်သည်၊သမ္ဘာရဃာနမည်၏။ ထိုသမ္ဘာရဃာန၏အတွင်း။ ဆိတ်ခွာသဏ္ဌာန်ရှိသော, အရပ်၌တည်သော။ပသာဒရုပ်သည်, ဃာနပသာဒရုပ်မည်၏၊ ထိုဃာနပသာဒ ရုပ်ကိုမှီ၍ ဖြစ်သော, ဝိညာဉ်

သည်။ ဃာနပိညာဉ် မည်၏။ ဇိဝှာပသာဒ ကို ထည့်၍။ အကျဉ်းအားဖြင့် ၁၃-ပါး။ ၁၄-ပါး။ အကျယ်အားဖြင့် ၄၀-၄၄ ပါး သောရုပ်ဟု ဆိုအပ်သော အသားစိုင်သည်။ သမ္ဘာရ ဇိဝှာ မည်၏။ ထိုသမ္ဘာရလျှာ၏ အလယ်၌။ အသက်ကြာရွက်ဖျားပြတ် သဏ္ဌာန်ရှိသော အရပ်၌တည်သော။ ပသာဒရုပ်သည်။ ဇိဝှာပသာဒမည်၏။ ထိုဇိဝှာပသာဒကိုမှီ၍ဖြစ်သောပိညာဉ်သည်, ဇိဝှာဝိညာဉ်မည်၏။ ဥပါဒိန္နက ရုပ်အပေါင်းဟုဆိုအပ်သော။ တကိုယ်လုံးသည်။ သမ္ဘာရ ကာယ မည်၏။ ဝါဂွမ်းဆိုင်ကိုဆီနှံ့သကဲ့သို့။ ဥပါဒိန္နက။ ကာယသမ္ဘာရကို။ နှံ့၍တည်သော။ ပသာဒရုပ်သည်။ ကာယပသာဒမည်၏။ ထိုကာယ ပသာဒကိုမှီ၍ဖြစ်သော ပိညာဉ်သည်။ ကာယဝိညာဉ်မည်၏။ ကမ္မဇ တေဇော၏ဘည်ရာ။ အစာအိမ်။ ဆံ။ အမွေး။ ခြေသည်း။ လက်သည်း။ သွား။ အရေခြောက်တို့ကိုထား၍။ ကြွင်းသောအလုံးစုံသောကိုယ်ကို နှံ့၍။ ကာယပသာဒသည်ဖြစ်၏။

(၇၉) ထိုမှတပါး။ လောကူ ပမာအားဖြင့်။ စက္ခုသည်, မညီမညွတ်သော။ ချုံးပန်းချုံးနွယ်ကိုအလိုရှိတတ်သောကြောင့်။ တံမျက်ချေးစုရာအရပ်ကို အလိုရှိတတ်သော။ မြွေနှင့်တူ၏။ သောတသည်, နားတွင်းကိုအလိုရှိတတ်သောကြောင့်။ အလံတရာမျှရေရှိသောတွင်းသို့။ ဝင်၍အိပ်ခြင်းကိုအလိုရှိသောမိကျောင်းနှင့်တူ၏။ ဃာန သည် လေကိုမှီ၍။ ဂန္ဓာရုံ၌ ကျက်စား၍။ ကောင်းကင်ကို အလို ရှိသောကြောင့်။ ကောင်းကင်း၌ ပျံသွားခြင်းကို အလိုရှိသော, ငှက်နှင့်တူ၏။ ဇိဝှာသည်လျှာ၏ အလယ်ကိုအလိုရှိခြင်းကြောင့်။ ရွာလယ်ကိုအလိုရှိသော, အိမ်ခွေးနှင့်တူ၏။ ကာယသည်။ ပထဝီနိဿိတ။ ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍။ ဥပါဒိန္နကကို,အလိုရှိသောကြောင့်။ သုသာန်၌လူသားကိုခဲ့ခြင်းငှာအလိုရှိသောတောခွေးနှင့်တူ၏။

(၈၀) အကုသလဝိပါက် ဖြစ်ခြင်း၏ အကြောင်းကား။ လေ။ သည်းခြေ။ သလိပ်။ သန္နိပါတ။ ဥတုပရိဏာမဇ။ ဝိသမပရိဟာရဇ။ ဩပက္ကမိက။ ကမ္မဝိပါကဇ။ ဤရှစ်ပါးတည်း။ ထိုတွင်—လေ။ သည်းခြေ။ သလိပ်။ စုဝေးခြင်းသည်။ သန္နိပါတမည်၏။ ဥတု ဖေါက်ပြန်ခြင်း

သည်။ဥတုပရိဏာမဇမည်၏။မညီမညွတ်သောအစာသည်။ ဝိသမပရိဟာရဇမည်၏။ သူတပါးသုလ္လသည်။ ဩပက္ကမိက မည်၏။ ကံသည်ကမ္မဝိပါကဇမည်၏။ထိုရှစ်ပါးတို့တွင်။လေသည် အချမ်း။အပူ။အစာငတ်ခြင်း။ ရေသိတ်ခြင်း။ အလွန်စားခြင်း။ရပ်ခြင်း။ လည်းခြင်း။ အလွန်ပြေးခြင်း။ သူတပါးသုလ္လ။ကံ။ ဤဆယ်ပါးသော အကြောင်းကြောင့်ပျက်၏။ ။သည်းခြေသည်။ အချမ်း။အပူ။ မညီညွတ်သော အစာ။ဤသုံးပါးသော အကြောင်းကြောင့် ပျက်၏။ သလိပ်သည်။အချမ်း။အပူ။ထမင်းအဖျော်။ ဤသုံးပါးသောအကြောင်းကြောင့်ပျက်၏။ ကံကြောင့်ဖြစ်သော။ဝေဒနာကားနည်း၏။ ကံမှတပါး။ အကြွင်းခုနစ်ပါးကြောင့်ဖြစ်သော ဝေဒနာကားများ၏။ ထိုသို့ အကုသိုလ်ဝေဒနာအကျိုးဖြစ်ရာ၌။ဉာဏ်မရှိသဖြင့်။ ဗာလစပ် မည်ကုန်သော သူမိုက်တို့သည်။အလုံးစုံသော ဝေဒနာအကျိုးသည်။ ကံကြောင့် သာလျှင်ဖြစ်ကုန်၏ဟု။မိစ္ဆာဉာဏ်သို့ပြေးဝင်ကုန်၏။

(၁၁) တနည်းကား။ ကာလဝိပတ္တိ။ ဂတိဝိပတ္တိ။ ဥပဓိဝိပတ္တိ။ ပယောဂဝိပတ္တိအားဖြင့်ဝိပတ္တိလေးပါး။ ကံ။စိတ်။ဥတု။အာဟာရလေးပါး။ ဤရှစ်ပါးသော အကြောင်းကြောင့်လည်း။ အကုသလဝိပါက်ဖြစ်၏။ဝိပတ္တိလေးပါးတွင်။ မကောင်းသောမင်း။ မကောင်းသောလူရှိသော။ ကာလ ဟု ဆိုအပ်သော, ဖေါက်ပြန်သော ကာလသည်။ကာလဝိပတ္တိမည်၏။အပါယ်လေးဘုံသည်။ဂတိဝိပတ္တိမည်၏ ယုတ်သောအတ္တဘောသည်။ဥပဓိဝိပတ္တိမည်၏။ မှားသောအကျင့်ကိုအားထုတ်ခြင်းသည်။ပယောဂဝိပတ္တိမည်၏။ ထိုရှစ်ပါးတို့တွင် (ကံ)ကား ဇနက အကြောင်း။ဝိပတ္တိလေးပါးကား။ ဥပထမ္ဘကအကြောင်းမည်၏။ ။အစဉ်ပါသော။ကုသလဝိပါကသန္ဒိကား။ ဂုဏ်ကိုပြ၏။ နိဂုံး၌ပါသော။ကုသလဝိပါက သန္ဒိကား။ အမည်ကိုပြ၏။ ဇုတိမိသောဘဂဝါ၌။အဘဂဝါကား။ဘုရားအမည်တော်ကိုပြ၏။အဆုံးဘဂဝါကား။ဂုဏ်တော်ကိုပြ၏ ကဲ့သို့ မှတ်အပ်၏။ ကုသလဝိပါကဟူသောအမည်ကိုနိဂုံးနှင့်ပြနိုင်သောကြောင့်။အစဉ်ပါသော။ ကုသလဝိပါကဟူသောသဒ္ဒါသည်၊ ဋီကာမှာသည်းဖွင့်ချက် မရှိသဖြင့်။ ပါဠ်လွန်ဟူ၍အချို့ဆရာကြီးတို့ဆိုကြကုန်၏။

(၁၂) အကုသလဝိပါက်စိတ်သည်။ စင်စစ်အဟိတ်သာဖြစ်၍။ သဟိတ်အဖြစ်၌သျှဉ်းပါးဘွယ် ဗျဘိစာရမရှိသောကြောင့်။ နိဂုံး၌။ အဟေတုကသဒ္ဒါကို။မ=မ, သဘည်း။သမ္ဘဝဗျဘိစာရရှိမှ။ဝိသေသနံ,မ-ရခြင်းအကျိုးရှိ၏။သမ္ဘဝဗျဘိစာရ မဖြစ်ဟန်ကား။ အကုသိုလ်ဟိတ်သုံးပါးသည်။အဗျာကတဖြစ်သော၊အကုသလဝိပါက်၌ မသျှဉ်သင့်၊ အလောဘ-အဒေါသ အမောဟ။ အဗျာကတ ဟိတ် သုံးပါးသည်လည်း၊အကုသလဝိပါက်၏ အကြောင်းဖြစ်သော။ အကုသိုလ်စိတ်နှင့် ဆန့်ကျင်သောကြောင့်၊ အကုသလဝိပါက် အဗျာကတ၌ မသျှဉ်။ထိုသို့ဟိတ် (၆) ပါးမသျှဉ်သည်ရှိသော်။ တခုတခုသော သ, ဟိတ်ဖြစ်သင့်ခြင်း။သမ္ဘဝမရှိ။ ထိုသို့ အကြောင်း သမ္ဘဝ မရှိသော်။ အဟိတ်သာဧကန္တိကဖြစ်၍၊ အကျိုးဖြစ်သော။ အနေကန္တိကဗျဘိစာရမရှိ။ ထိုသို့ မရှိသောကြောင့်။ အဟေတုက သဒ္ဒါကို အထူး မပြုအပ်။

(၁၃) အဟိတ် ကုသလ ဝိပါက် စိတ်သည်ကား။ သဟိတ် အဟိတ်၏အဖြစ်၌။ ဆက်ဆံခြင်းသမ္ဘဝ။ သျှဉ်းပါးဘွယ် ဗျဘိစာရရှိသောကြောင့်။အဟေတုက သဒ္ဒါကို အထူးပြုရသေသည်။ သမ္ဘဝဗျဘိစာရဖြစ်ဟန်ကား။ အဗျာကတဟိတ် သုံးပါးသည်။ ကုသလဝိပါက်၏အကြောင်းဖြစ်သော။ ကုသိုလ်နှင့် ဆန့်ကျင်ခြင်း မရှိသောကြောင့်။မဟာဝိပါက်စိတ်ကဲ့သို့။သ,ဟိတ်၏အဖြစ်ဖြင့်။ ဖြစ်သင့်ခြင်းသမ္ဘဝရှိသည်။ ထိုသို့ရှိသော်။ ကုသလဝိပါက်စိတ်သည်။ အဟိတ်ဧကန္တိကမဟုတ်။အနေကန္တိကဖြစ်သော။ ဗျဘိစာရရှိသည်။ ယင်းသို့ရှိသောကြောင့်။ အဟေတုက ဝိသေသနပုဒ်ကို။ မ—ရသည်။ ထို့ကြောင့်။အ,ဟိတ်ကုသလဝိပါက်။ အ,ဟိတ်ကြိယာ။ သ,ဟိတ်ကုသလဝိပါက်။သ,ဟိတ်ကြိယာ။ ဟုလေးဌာနရှိကြရာတွင်။ ကုသလဝိပါက်ကြိယာ ဟု၊ သာမည ဆိုချေလျှင်။ သဟိတ်သော။ အဟိတ်လော-ဟု။ တွေးတောသက်ာ မကင်းမည့်အချက်ကြောင့်။ အဟေတုကသဒ္ဒါကို မ-ရလေသည်ဟုမှတ်အပ်၏။ ။ဝါတသမုဋ္ဌာန် အစရှိသော။ ရှေး၌ဆိုအပ်ခဲ့ပြီးသည်ကိုပြန်၍ ရသောအကြောင်း ရှစ်ပါးသည်။အဟိတ်ကုသလဝိပါက်ဖြစ်ခြင်း၏အကြောင်းမည်၏။တနည်း

ကား။ သမ္ပယုတ္တလေးပါး၊ ကံ၊ စိတ်၊ ဥတု၊ အဟာရ၊ ဤရှစ်ပါးသည် အာဟိတ်ကုသလ ပိပါက် ဖြစ်ခြင်း၏ အကြောင်းမည်၏။ ထိုတွင်—ကံ၊ ကားဇနကအကြောင်း။ သမ္ပယုတ္တလေးပါးကား၊ ဥပထမ္ဘက အကြောင်းမည်၏။ ထိုသမ္ပယုတ္တ လေးပါးတို့တွင်။ နတ်ပြည်-လူပြည်သည်။ ဂတိသမ္ပယုတ္တမည်၏။ ကောင်းစွာအားထုပ်ခြင်းသည်။ ပယောဂ သမ္ပယုတ္တမည်၏။ အတ္တဘော၏ ပြည့်စုံခြင်းသည်။ ဥပဓိသမ္ပယုတ္တမည်၏။ မင်းကောင်း၊ လူကောင်းတို့၏ ဖြစ်သောအခါဟု ဆိုအပ်သော။ ပြည့်စုံသောကာလသည်။ ကာလသမ္ပယုတ္တမည်၏။

(၈၄) စက္ခုဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းကား။ စက္ခုပသာဒ။ ရူပါရုံ။ အာလောက။ မနသိကာရလေးပါး။ သောတဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းကား၊ သောတပသာဒ။ သဒ္ဒါရုံ။ အာကာသဓာတ် မနသိကာရ လေးပါး။ ဃာနဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းကား။ ဃာနပသာဒ။ ဂန္ဓာရုံ။ ဝါယောဓာတ်။ မနသိကာရ လေးပါး။ ဇိဝှါဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းကား။ ဇိဝှါပသာဒ။ ရသာရုံ။ အာပေါဓာတ်။ မနသိကာရ လေးပါး။ ကာယဝိညာဉ် ဖြစ်ခြင်း၏ အကြောင်းကား။ ကာယပသာဒ။ ဖောဋ္ဌဗ္ဗာရုံ။ ပထဝီဓာတ်။ မနသိကာရ လေးပါး။ သမ္ပဋိစ္ဆိုင်းဖြစ်ခြင်း၏အကြောင်းကား ပဉ္စဝိညာဉ်ချုပ်ခြင်းကင်းခြင်း တပါး၊ သန္တီရဏ ဖြစ်ခြင်း၏ အကြောင်းကား။ သမ္ပဋိစ္ဆိုင်း၏ ချုပ်ခြင်းကင်းခြင်းတပါး၊ ဤသို့အင်္ဂါလက္ခဏာကိုမှတ်အပ်သိအပ်၏။

(၈၅) ပသာဒရုပ်သည်မှုရစက္ခုမည်၏ အသားစိုင်ကို။ ကုန္တာ ပစရန္တိ အစရှိသည်တို့၌ကဲ့သို့။ ဌာနီဖြစ်သောပသာဒ၏။ စက္ခု ဟူသောအမည်ကို၊ ဌာနဖြစ်သောအသားစိုင်၌ တင်စား၍။ ဌာနူပစာရအားဖြင့်စက္ခုဟုဆိုအပ်၏။ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ တို့သည်လည်း စက္ခုအတူပင်တည်း။ အကျိုးဖြစ်သော ဇိဝိတိန္ဒြေ၏၊ ဇိဝိတဟူသောအမည်ကို အကြောင်းဖြစ်သော အာဟာရ—ရသ၌တင်စား၍ ဖလူပစာရအားဖြင့် ဇိဝိတဟုဆိုအပ်၏။ ဇိဝိတိန္ဒြေ တည်ခြင်း၏ အကြောင်းဖြစ်သော၊ အာဟာရ ရသကိုခေါ်ပေါ်သကဲ့သို့ ဖြစ်တတ်သောကြောင့်၊ ဇိဝှါမည်၏။ အကုသိုလ်တရားတို့၏ ဖြစ်ရာ ဖြစ်သောကြောင့်၊ ကာယမည်၏။ အကုသိုလ် တရားတို့သည်။ ကာယပ

သာဒရုပ်ကိုမမှီ။ ဟာဒယဝတ္ထုရုပ်ကိုသာ မှီသောကြောင့်။ ဟာဒယဝတ္ထုရုပ်ကိုသာ-အကုသိုလ်တရားတို့၏ဖြစ်ရာဟု ဆိုသင့်ငြားသော်လည်း။ကာယပသာဒသည်။ ဖောဋ္ဌဗ္ဗာရုံကိုယူခြင်း သဘောရှိသည်၏အဖြစ်ကြောင့်။ဖောဋ္ဌဗ္ဗာရုံကို၊ သာသာသည်၏ အစွမ်း အားဖြင့်ဖြစ်ကုန်သော။ ဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရှိကုန်သော အကုသိုလ်တရားတို့၏။ဟာဒယဝတ္ထုမှ ထူးသောအကြောင်းဖြစ်၏။ ထို့ကြောင့်။ ဃာန၊ဇိဝှာ၊ကာယ တို့တွင်။ ကာယပသာဒသည်။ အကုသိုလ်ဖြစ်ခြင်း၌။ထူးသောအကြောင်းဖြစ်ရကား။အကုသိုလ်တို့၏ ဖြစ်ရာကဲ့သို့ယူအပ်၏။ ။ဆိုအပ်ခဲ့ပြီးသော။ စက္ခုပသာဒစသည်တို့၏ဖြစ်ခြင်းအကြောင်း လေးပါးကို။ အဋ္ဌကထာဆရာတို့ ပြတော်မူခြင်းသည်။ အာရမ္မဏပ္ပစ္စယသတ္တိဖြင့်။ ကျေးဇူးပြုဟန်ကိုရည်သန်၍ ပြတော်မူသည်။ဖြစ်တတ်သော ဇနက အားဖြင့်ကား၊ ကုသိုလ် ဇနကံ တည်းဟူသောအကြောင်းငါးပါးတည်း။

(၁၄) ကုသလဝိပါက်၌ကား။ဣဋ္ဌာရုံ၊ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့်။ဝေဒနာပြားသင့်ရကား။ဣဋ္ဌာရုံ၌သောမနဿ။သန္တီရဏဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံ၌။ ဥပေက္ခာသန္တီရဏဖြစ်၏။ ။အကုသလ ဝိပါက်မူကား။အနိဋ္ဌာရုံ။ အနိဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့်။ ဝေဒနာမပြားနိုင်သည်ဖြစ်၍။ အနိဋ္ဌမဇ္ဈတ္တာရုံ တပါးတည်း သာလျှင်ဖြစ်ရကား။ ထိုနိဋ္ဌမဇ္ဈတ္တာရုံ၌။ဥပေက္ခာသန္တီရဏ, တပါးသာဖြစ်၏။ အကုသလဝိပါက်၌အနိဋ္ဌာရုံသည်အကယ်၍ဖြစ်ငြားအံ့။ ဒေါမနဿသန္တီရဏသည်ဖြစ်ရာ၏။ ထိုသို့ဖြစ်က။ ဒေါမနဿဝေဒနာသည်။ ဒေါသစေတသိက်ဟုဆိုအပ်သော။ပဋိဃနှင့်တရံတဆစ်မျှမကင်းကောင်းသောအဝိနာဘာဝ တရားမျိုး ဖြစ်ခြင်းကြောင့်။ ပဋိဃသန္တီရဏလည်းပါဝင်ရာ၏ ထိုပဋိဃသည်။ အကုသိုလ်ဇာတ် သဘောသာတည်း။ အကုသလဝိပါက်သည်။အဗျာကတသဘောသာတည်း။ဤသို့လည်း အကုသိုလ်ဇာတ်ဖြစ်သော, သဘောတရားသည်။ အဗျာကတဇာတ်ဖြစ်သော, သဘောတရားတို့၌။မရထိုက်မဖြစ်ထိုက်ကုန်။ ထို့ကြောင့် အကုသလ ဝိပါက်၌၊ ဒေါမနဿ သန္တီရဏ မဖြစ်သင့် ရကား။ ဥပေက္ခာသန္တီရဏတပါးကိုသာလျှင်မိန့်တော်မူ၏။

(၁၇) စက္ခုဝိညာဉ်စသော။လေးပါးသောစိတ်တို့သည်။ စက္ခုဝတ္ထုစသည်ကိုမှီ၍ဖြစ်ကုန်၏။ထိုဝတ္ထုရုပ်တို့သည်လည်း။ဥပါဒါရုပ်သာတည်း။ရူပါရုံစသည်တို့သည်လည်း၊ဥပါဒါရုပ်သာတည်း။ဤသို့ဥပါဒါရုပ်ချင်း ထိခိုက်ခြင်းသည်၊ အလွန်အားနည်းရကား။ ဝါဂွမ်းစိုင် နှစ်ခုတို့၏ထိခိုက်ခြင်းနှင့်တူ၏။ ထို့ကြောင့်—အလုံးစုံသော။ဣဋ္ဌာရုံ။အနိဋ္ဌာရုံတို့၌။ ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်၏၊ ။ကာယဝိညာဉ်စိတ်သည်။ အာပေါဓာတ် ကြဉ်သော။ ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော။ မဟာဘုတ်သုံးရ အပေါင်းကိုမှီ၍ဖြစ်၏၊ ထိုမဟာဘုတ်သည်၊ ကာယပသာဒကို ထိခိုက်သည် ရှိသော်၊ ကာယပသာဒကို လွန်၍။ကာယပသာဒ၏မှီရာ။မဟာဘုတ်တိုင်အောင်ထိခိုက်၏။ ဤသို့ မဟာဘုတ်အချင်းချင်း ထိခိုက်ခြင်းသည်။ အလွန်အားကြီးရကား။ ပေထက်၌ရှိသော၊ ဝါဂွမ်းစိုင်ကို။ တူဖြင့် ထုသည်ရှိသော်၊ ဝါဂွမ်းစိုင်ကို လွန်၍၊ ပေကိုထုမိသကဲ့သို့။ ဝတ္ထုအာရုံထိခိုက်ခြင်း အလွန်ပြင်းထန်သောကြောင့်။ ကာယဝိညာဉ်သည်။ အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်။ဣဋ္ဌာရုံ၌ သုခသဟဂုတ်ဖြစ်ရလေသည်။

(၁၈) သမ္ပဋိစ္ဆိုင်းသည်။ ဟဒယဝတ္ထုရုပ်ကိုမှီ၏။ ပဉ္စဝိညာဉ်သည်။ပဉ္စဝတ္ထုကိုမှီ၏။ ထိုသို့မှီရာ မတူသောကြောင့်။ သမ္ပဋိစ္ဆိုင်းသည်။မှီရာတူအဆောက်အအုံ အနန္တရ ပစ္စည်းကိုမရသဖြင့်။ သဘောတူအဆောက်အအုံမှကင်းသော ယောကျ်ားကဲ့သို့၊ အားမကြီးလှုံ့ရကား၊ အလုံးစုံသောအာရုံ၌။ ဥပေက္ခာသဟဂုတ် သာ ဖြစ်ရ၏။ကုသလဝိပါက် သန္တီရဏသည်။ မိမိနှင့် တည်ရာ, ဝတ္ထုရုပ်, သဘောတူသော။သမ္ပဋိစ္ဆိုင်းမှ အနန္တရပစ္စည်းကို ရသည်ဖြစ်၍။ သဘောတူအဆောက်အအုံကောင်းသော ယောကျ်ားကဲ့သို့။ အလွန်အားရှိရကား အာရုံ၏ အရသာကို ခံစားခြင်းငှာ စွမ်းနိုင်၏၊ ထို့ကြောင့်—ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်။ဣဋ္ဌမဇ္ဈတ္တာရုံ၌။ဥပေက္ခာသဟဂုတ်ဖြစ်ရလေသည်၊

(၁၉) အာဝဇ္ဇန်းနှစ်ပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်၊ဒွေး၌ တရံတခုသောစိတ်သည်၊ မသုအပ်သေးသော အာရုံ၌တကြိမ်သာ

ဖြစ်၏။မနောဒွါရာဝဇ္ဇန်းသည်။ ဝိထိစိတ် တို့သည် ယူအပ်ပြီးသော။ အာရုံကိုလည်းယူရသည်။ ထိုအာရုံ၌ အကြိမ်များစွာလည်း ဖြစ်ရသည်။အာရုံ၏ အရသာကိုခံစားခြင်း ကိစ္စကိုသာငဲ့ရသည်မဟုတ်။ မိမိနှင့် ဇာတ်မတူသော။ ဇောစိတ်, ဘဝင်စိတ်, တို့၏ အစဉ်ကို။ အနန္တရ ပစ္စည်းအစရှိသည်တို့၏အစွမ်းဖြင့်။ နောက်၌ဖြစ်စေခြင်း တည်းဟူသောကိစ္စတပါးကိုလည်းငဲ့ရသောကြောင့်။ အာရုံ၏ အရသာကိုခံစားခြင်းငှာမတတ်ကောင်းရကား။ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရ၏။ငါးဒွါရ၌ထိခိုက်သော။ အာရုံငါးပါးကို ဆင်ခြင်တတ်သော ကြောင့်။ပဉ္စဒွါရဝဇ္ဇန်းမည်၏။ ဆင်ခြင်၏ ဟူသည်။ဉာဏ်ဖြင့်ဆင်ခြင် သည်မဟုတ်။ နှလုံးသွင်းခြင်းပင်တည်း။ ထိုနည်းကား။ စိတ်အစဉ် ကို။ဘဝင်၏အစွမ်းအားဖြင့်။ဖြစ်ခြင်းငှာမပေးမူ၍။ ဝိထိစိတ် ဖြစ်ခြင်း ငှာညွတ်ခြင်းသည်။ဆင်ခြင်သည်မည်၏။

(၉၀) မနောဒွါရ၌။ဣဋ္ဌ၊သုတ၊မုတ၊ဝိညာတ,တို့၏ အစွမ်းဖြင့်။ ထင်ခြင်းသို့ရောက်သောအာရုံကို ဆင်ခြင်တတ်သောကြောင့်။ မနော ဒွါရာဝဇ္ဇန်းမည်၏။ ဤမနောဒွါရာဝဇ္ဇန်းသည်။ အကြင် အခြင်းအရာ ဖြင့်။သန္တိရဏသည် စုံစမ်းအင်ပြီးသောအာရုံကို။ မှတ်တတ်သော ကြောင့်။ ဝုဋ္ဌောလည်းမည်၏။ ပဉ္စဒွါရဝိထိ၌။ ဝုဋ္ဌောကိစ္စတတ်၏။ မနောဒွါရဝိထိ၌။ဝုဋ္ဌောမမည်၊ မနောဒွါရဝဇ္ဇန်းသာ မည်၏။ မနော ဒွါရ၌။ပဉ္စဒွါရကဲ့သို့။ထိခိုက်ခြင်းယန္တရားမရှိရကား။ ထင်ခြင်းသို့ရောက် သော၊ အာပါထဂတ ဟု ဆိုအပ်လေသည်။ ။ရူပါရုံသည် ဒိဋ္ဌ မည်၏။သဒ္ဒါရုံသည် သုတမည်၏။ဂန္ဓ၊ရသ၊ဖောဋ္ဌဗ္ဗာရုံသုံးပါးသည်။ မုတမည်၏။ မနောဝိညာဉ်ဖြင့် သာ၍ သိအပ်သော။ အလုံးစုံသော အာရုံ ဟူသမျှသည်။ ဝိညာတ မည်၏။ ။မနောဒွါရာဝဇ္ဇန်းဖြင့်။ အာရုံမပြုနိုင်သော။အရာမည်သည်မရှိ။ဘုရားသဗ္ဗညုအားဖြစ်သော ဉာဏ်တော်တို့သည်သည်း။ မနောဒွါရာဝဇ္ဇန်းသည်။ ယူ၍ပေးအပ် သောအာရုံကိုသာလျှင်ယူရ၏။ ဤမနောဒွါရာဝဇ္ဇန်းစိတ်သည်။ သဗ္ဗ ညုတဉာဏ်တော်နှင့်အလားတူသောစိတ်ဖြစ်ရကား။ဆင်ပြောင်ကြီး နှင့်တူသောကြောင့်။ မဟာဂဇ စိတ်ဟူ၍ အဋ္ဌကထာဆရာ မိန့် တော်မူ၏။

(၉၁) ကြိယာစိတ်တို့တွင်။ အကြင် ကြိယာစိတ်သည်။ ဇော အဖြစ်သို့မရောက်။ ထိုကြိယာသည် လေကြောင့်ပွင့်ရသော။ ပွင့်ပျက်ပန်းနှင့်တူ၏၊ အကြင်ကြိယာစိတ်သည်။ ဇော၏ အဖြစ်သို့ရောက်၏။ ထိုကြိယာစိတ်သည်။ အမြစ်ပြတ်သော သစ်ပင်နှင့်တူ၏။ ထိုကြိယာစိတ်တို့သည်။ ယောနိသောမနသိကာရ။ အယောနိသောမနသိကာရဟုဆိုအပ်ကုန်သော။ ကုသိုလ်, အကုသိုလ် အကြောင်းတို့၏ မရှိခြင်းကြောင့်။ ကုသိုလ်, အကုသိုလ်လည်းမမည်။ ကုသိုလ်, အကုသိုလ်ဟု ဆိုအပ်သော။ ဇနက အကြောင်းမရှိသောကြောင့်။ ကုသိုလ်, အကုသိုလ်ကံတို့၏အကျိုးဝိပါက်လည်းမမည်-ဟုမှတ်အပ်၏။ အသောဘဏ စိတ်တို့တွင်။ ဒွေပဉ္စဝိညာဉ်တဆယ်။ မနောဓာတ်သုံးခု။ သန္တီရဏသုံးခု။ ပဝိကိဏ္ဏာ။ ဤတဆယ့်ခုနစ်ပါး တို့သည်။ အားငယ်သောစိတ် မည်ကုန်၏။

(၉၂) ပြုံးခြင်းမျှကိုသာလျှင် ဖြစ်စေတတ်သောကြောင့်။ ဟသိတုပ္ပါဒ်မည်၏။ ထိုဟသိတုပ္ပါဒ်သည်။ သာမညအားဖြင့် တပါးသာ ဝိသေသလက္ခဏာအားဖြင့် သော်ကား။ သိတ၊ ဟသိတ၊ ဝိဟသိတ၊ ဥပဟသိတ၊ အပဟသိတ၊ အတိဟသိတ အားဖြင့်။ ခြောက်ပါးရှိ၏။ ထိုတွင်—မျက်စိပွင့်ရုံ ရယ်ခြင်းသည်။ သိတမည်၏။ စဉ်းငယ်သွားပေါ် ရုံရယ်ခြင်းသည်။ ဟသိတမည်၏။ အသံညင်းညင်းထွက်ရုံရယ်ခြင်းသည်။ ဝိဟသိတမည်၏။ ပခုံးဦးခေါင်းလှုပ်အောင်ရယ်ခြင်းသည် ဥပဟသိတမည်၏၊ မျက်ရည်ထွက်အောင် ရယ်ခြင်းသည်။ အပဟသိတမည်၏၊ ကိုယ်အင်္ဂါကိုပစ်၍ ရယ်ခြင်းသည်။ အတိဟသိတမည်၏။ ဤဟသိတုပ္ပါဒ ဟူသော ပုဒ်၌။ ပဌမ သိတ မျှကိုသာယူအပ်၏။ ရှေးနှစ်ပါးကား။ ဘုရားပစ္စေကဗုဒ္ဓါစသောသူမြတ်တို့၏ ရယ်ခြင်း။ အလယ်နှစ်ပါးကား သူလတ်တို့၏ရယ်ခြင်း၊ နောက်နှစ်ပါးကား။ သူယုတ်တို့၏ရယ်ခြင်းမည်၏။

(၉၃) ရွှင်ခြင်းကိုဖြစ်စေတတ်သောစိတ်ကား။ လောဘမူသော မနဿလေးခု၊ မဟာကုသိုလ် သောမနဿလေးခု၊ မဟာကြိယာ

သောမနဿလေးခု။ဟသိတုပ္ပါဒ် စိတ်တခု။ ပေါင်း တဆယ့်သုံးပါး တည်း။ထိုတွင် လောဘမူသောမနဿလေးခု။ မဟာကုသိုလ်သော မနဿလေးခု။ဤရှစ်ပါးသောစိတ်တို့ဖြင့်။ပုထုဇဉ်တို့သည်ရယ်ရွှင် ကုန်၏။ကုသိုလ်သောမနဿလေးခု။ ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ နှစ်ခု။ ဤခြောက်ပါးသောစိတ်တို့ဖြင့်။ သောတာပန်။ သကဒါဂါမ်။ အနာဂါမ် ပုဂ္ဂိုလ်တို့သည် ရယ်ရွှင်ကုန်၏။ မဟာကြိယာ သောမ နဿလေးခု။ ဟသိတုပ္ပါဒ်။ ဤငါးပါးသော စိတ်တို့ဖြင့်။ ရဟန္တာ ပုဂ္ဂိုလ်တို့သည်ရယ်ရွှင်ကုန်၏၊ မဟာကြိယာ သောမနဿ ဉာဏ သမ္ပယုတ်စိတ်နှစ်ခု။ ဟသိတုပ္ပါဒ်စိတ်တခု။ ဤသုံးပါးသောစိတ်တို့ ဖြင့်။ဘုရားရှင်တို့သည်ရယ်ရွှင်ကုန်၏။

(၆၄) ဟသိတုပ္ပါဒ်မှကြွင်းသော၊ တဆယ့်နှစ်ပါးသော။ ရယ် ရွှင်ခြင်းကိုပြုတတ်သောစိတ်တို့သည်။သောမနဿပဋိသန္ဓေရှိသည် ၏အဖြစ်ကြောင့်၎င်း။ဣဋ္ဌာရုံကြောင့်၎င်း။မနက်နဲသော ဉာဏ်ပညာ ရှိသောကြောင့်၎င်း။ရယ်ရွှင်ခြင်းကိုဖြစ်စေကုန်၏၊ ဟသိတုပ္ပါဒ်စိတ် ကား။ဣဋ္ဌာရုံကြောင့်သာလျှင်ရယ်ရွှင်ခြင်းကိုဖြစ်စေ၏။ တဆယ့်နှစ် ပါးသောစိတ်တို့သည် ဟသနရုပ်ကို၎င်း။ဟသနရုပ်မဟုတ်သည်ကို ၎င်း။ဖြစ်စေကုန်၏။ဟသိတုပ္ပါဒ်စိတ်သည်ကား။ ဟသနရုပ် ကိုသာ ဖြစ်စေ၏။ ထို့ကြောင့်—တဆယ့်နှစ်ပါးသော စိတ်တို့သည်။ ဟသိ တုပ္ပါဒ်မမည်။ ဟသိတုပ္ပါဒ်စိတ်သည်သာလျှင်။ ဟသိတုပ္ပါဒ်မည်၏။ တနည်းကား။ ရယ်ခြင်း(၆)ပါး တို့တွင်။ ဤစိတ်သည် ရှေးဦးစွာ သော။သိတမျှကိုသာ ဖြစ်စေတတ်သောကြောင့်။ ဟသိတုပ္ပါဒ် ဟူ သောအမည်ကိုရသည်။ တဆယ့်နှစ်ပါးသော စိတ်တို့သည်။ သိတ စသောခြောက်ပါးလုံးကို ဖြစ်စေတတ် သောကြောင့်။ ဟသိတုပ္ပါဒ် ဟူသော အမည်ကိုမရကုန်။ ပဉ္စဒွါရ၌ ဖြစ်သော စိတ်တို့သည်။ ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့်။ ဤဟသိတုပ္ပါဒ်စိတ်ဖြင့်။ ဝမ်း မြောက်ခြင်း သောမနဿမျှကိုဖြစ်စေ၏။ ရယ်ရွှင်ခြင်းကိုမဖြစ်စေ။ မနောဒွါရ၌ကား၊ရယ်ရွှင်ခြင်းကိုဖြစ်စေနိုင်၏။တနည်းလည်းရှိဟု မဏိမဉ္ဇူသာဆို၏၊ ဤစိတ်ကား။ဘုရားရဟန္တာပုဂ္ဂိုလ်၌သာဖြစ်သည်။

အဘိဓမ္မာဝတာရ၌။ အနန္တရေသု ဟု ဆိုသောကြောင့်။ မဖြတ်သောအပ္ပဏိတအာရုံ၌။ ဟသိတုပ္ပါဒ်စိတ်ဖြစ်၏ ဟုဆိုသော်။ ရဟန္တာပုဂ္ဂိုလ်သည်။ ဒွိပဉ္ဉာသဖြစ်ရာ၏။ ၎င်း၏ အဖွင့် ဖြစ်သောဋီကာ၌။ ဆုဗ္ဗာရမ္မဏေသွေဝ ဟုဆိုသောကြောင့်။ ဤအရာ၌လည်း။ ဆုဗ္ဗာရုံကိုသာယူအပ်၏။ ဤသို့ဆုဗ္ဗာရုံကိုသာယူခဲ့သော်။ အငိုးစု။ သောသောရုပ်တို့၌။ ဟသိတုပ္ပါဒ်စိတ် မဖြစ်ဟူငြားအံ့။ မဖြစ်သည် မဟုတ် ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူကား။ ဆုဗ္ဗ ဟု မဆိုမူ၍၊ အနောဠာရိက ဟု ဆိုသောကြောင့်။ အကြွင်း အာရုံသည်။ အနိဋ္ဌပင် ဖြစ်သော်လည်း။ သိမ်မွေ့၏။ ပကတိသော သတ္တဝါတို့အား ထင်ခြင်းသို့မရောက်။ ထိုအာရုံကို။ အနောဠာရိကသဒ္ဒါဖြင့်။ သင်္ဂြိုဟ်အပ်သောကြောင့်။ ယောနိသောမနသိကာရဖြင့် နှလုံးသွင်းကုန်သော ရဟန္တာတို့အား။ ဒွိပဉ္ဉာသ မရှိ။ [စကားချပ်။]

ဤဟသိတုပ္ပါဒ်စိတ်သည်။ ဘုရားမြတ်တို့အား။ ပုဗ္ဗေနိဝါသဉာဏ် သဗ္ဗညုတ ဉာဏ်တော်တို့ဖြင့်။ လေ့ကျက်အပ်သည် အဆုံး၌၎င်း။ အနာဂတံသဉာဏ်။ သဗ္ဗညုတဉာဏ်တော်တို့ဖြင့်။ လေ့ကျက်အပ်သည့် အဆုံး၌၎င်း ဖြစ်၏။ ။ဤဟသိတုပ္ပါဒ် စိတ်သည်၊ ဆင်ခြင်ခြင်းဉာဏ်ကင်း၏။ သက်သက် သောမနဿ မျှကိုဖြစ်စေသောသူအားဖြစ်၏။ မြတ်စွာဘုရား၏ ကိုယ်နှုတ်စိတ် အမူအရာတော်သည်။ တခါတသစ်ဉာဏ်နှင့်ကင်း၍မဖြစ်ကောင်းသောကြောင့်။ ဟသိတုပ္ပါဒ်စိတ်၏ မြတ်စွာဘုရား၌ ဖြစ်ခြင်းကို၊ မူလဋီကာရှင် နှစ်သက်တော်မမူ၊ အနုဋီကာဆရာကား၊ ဤဟသိတုပ္ပါဒ် စိတ်ဖြင့်။ မြတ်စွာဘုရားအားပြုံးရယ်ခြင်းကို ပြုခြင်းသည်၊ ဖြစ်ငြားသော်လည်း၊ ပုဗ္ဗေနိဝါသ။ အနာဂတံသ။ သဗ္ဗညုတဉာဏ်တော်တို့သို့ အစဉ်လိုက်သည်၏ အဖြစ်ကြောင့် ဉာဏာနုပရိဝတ္တိမည်သည်သာလျှင်တည်း။ ဤသို့ ဉာဏာနုပရိဝတ္တိဖြစ်သည်ရှိသော်၊ ဘယုတ်ရသော ပါဠိအဋ္ဌကထာတို့၏ ဆန့်ကျင်ခြင်းသည်မရှိ၊ ဤသို့သော အကြောင်းကြောင့်။ အဋ္ဌကထာ၌။ တေသံဉာဏာနုပရိဝတ္တနတော၊ ဇဝနံ ဥပ္ပဇ္ဇတိ ဟု ဆိုအပ်၏။ ဤအဓိပ္ပါယ်ကို ဤသို့သာမှတ်ကြောင်းလိုက်အပ်၏ ဟုဆို၏။ ထိုသို့ပင်အနုဋီကာ ဆိုသော်လည်း၊ ဉာဏ်တော်တို့၏၊ လေ့ကျက်

ခြင်းဖြစ်သည်ကားတဝိထိ။ရယ်ရွှင်ခြင်းဖြစ်သည်ကားတဝိထိ၊ဤသို့အသီးသီးဖြစ်သောကြောင့်။ ဉာဏ်တော်သို့ အစဉ်လိုက်၍ဟူသော။အနုဋီကာစကားကို။ဆင်ခြင်အပ်၏ဟုဂမ္ဘီရဉာဏ်ထက်သန်ရင့်သီးဆရာကြီးတို့ ဆိုကုန်၏။ ။ဂမ္ဘီရမိဒံ ဝိမံ သိတွာ ဂဟေ တဗ္ဗံ။ [စကားချပ်။]

(၄၅) အကြောင်း သာမညကို စွဲ၍ ဖြစ်သည်ကား ဝိညာဉ်။ စက္ခုပသာဒ။ရူပါရုံကိုစွဲ၍ ဖြစ်သည်ကား။ စက္ခုဝိညာဉ်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ ဤ(၆)ပါးကား။ သဒွါရ ခြောက်စင်းမည်၏။အနုရုဒ္ဓါမဟာထေရ်သည်။ လူ့ပြည်၊ နတ်ပြည်၌ ဖြစ်သောအခါ။မံသစက္ခုဖြင့်၊ ထက်ပန်းကျုံဘာယူဇနာမြင်၏။ ဉာဏစက္ခုဖြင့်၊ စကြာဝဠာဘောင်းမြင်၏။ ရဟန္တာတို့သည်၊ ငါးပါးသောစိတ်တို့တွင်။အားကြီးသော အာရုံ ထင်ခြင်းသို့ ရောက်သော်။နှစ်ပါးသောဉာဏသမ္ပယုတ်စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။ အားငယ်သောအာရုံသင်ခြင်းသို့ ရောက်သော်။ ဒွိဟိတ် သောမနဿ နှစ်ခု။ဟသိတုပ္ပါဒ်။ ဤသုံးပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။ ။စက္ခုဝိညာဉ်စသောငါးပါးသောစိတ်တို့သည်။ အာရုံ၌ ကျခါမျှဖြစ်သောကြောင့်။ အလောဘအစရှိသော ဟိတ်ခြောက်ပါးတို့နှင့် ယှဉ်ခြင်းသည်မဖြစ်သင့်။နွယ်သောကိစ္စ။အလွန်နွယ်သောကိစ္စ ရှိကုန်သော သမ္ပဋိစ္ဆန်း။ သန္တီရဏ အစရှိသည်တို့၌။ ထိုအတူ ဟိတ်ခြောက်ပါးတို့နှင့်ယှဉ်ခြင်းသည်မဖြစ်သင့်။ဤသို့ဟိတ်တို့၏ယှဉ်ခြင်းမသင့်သောကြောင့်။ ထိုတဆယ့်ရှစ်ပါးသော စိတ်တို့၏ အဟိတ် အဖြစ်ကိုမှတ်အပ်၏။

(၄၆) ၎င်းအဟိတ် စိတ်သည်။ အာရုံကို မြင်ခြင်း။ ကြားခြင်းစသည်မျှသာဖြစ်သောကြောင့်။တိုက်တွန်းခြင်း။သသင်္ခါရ။အားထုတ်ခြင်း။ဥဿာဟဖြစ်ဘို့ရန်မရှိ၍။ ဤအဟိတ်စိတ်ကို။ တိုက်တွန်းခြင်းအမြဲမရှိသော။အသင်္ခါရိကဟူ၍မှတ်အပ်၏ဟု။ အချို့ ဆရာကြီးတို့ဆိုဖြတ်ကြကုန်၏။ ။ထိုသို့ပင် ဆိုဖြတ်ကြကုန်သော်လည်း။ အဟိတ်စိတ်တို့သည်ရူပါရုံစသည်၌။ရှေးရှုကျခြင်းမျှစသော။ကိစ္စရှိကုန်

သည်ဖြစ်၍။သသင်္ခါရိကအဖြစ်အားဆန့်ကျင်သော။ သဘောလည်း မရှိ။အသင်္ခါရိက အဖြစ်အား ဆန့်ကျင်သော သဘောလည်းမရှိ။ ထိုသို့နှစ်ပါးစုံသော အသင်္ခါရိက။ သသင်္ခါရိကအား မဆန့်ကျင် ခြင်းကြောင့်။ နှစ်ပါးစုံသော အသင်္ခါရိက, သသင်္ခါရိက ကံကြောင့် လည်း။အဟိတ်စိတ်တို့၏ဖြစ်ခြင်းကို။ မဟာဒဋ္ဌမထေရ် ခွင့်ပြုတော် မူကြောင်းကို။ မူလဋီကာ၌ပြတော်မူ၏။ ထို့ကြောင့်—အသင်္ခါရိက, သသင်္ခါရိကဖြင့်အထူးမပြုမူ၍။ သာမညအားဖြင့် မိန့်ဆိုအပ်လေ ရကား။အသင်္ခါရိက, သသင်္ခါရိကနှစ်ပါးစလုံးပင်။ရံခါအသင်္ခါရိက။ ရံခါသသင်္ခါရိကဖြစ်နိုင်ရနိုင်ဟူ၍မှတ်အပ်၏။

(၄၇) အလောဘစသော။ သမ္ပယုတ်ဟိတ် မရှိသည်၏ အဖြစ် ကြောင့်။သမ္ပယုတ်မဟုတ်, ဝိပ္ပယုတ် ဟူ၍ မှတ်အပ်၏။ ဟေတုဝိပ္ပ ယုတ္တာဟူသောပါဠိတော်အရ။ အဟိတ်စိတ်အဓ္ဓာရသ။ ဆန္ဒကြည် သော။ အညသမာန်းစေတသိက်ဒွါဒသ။ မောဟမူဒွေ့ မောဟ။ ရုပ် အင်္ဂါဝိသ။နိဗ္ဗာန်ရ၏ဟူကောက်ရာဝယ်။နိဗ္ဗာန်သည် ဝိပ္ပယုတ်ကေန်, စင်စစ်မှန်သောကြောင့်။အလောဘစသော,ဟိတ်တို့နှင့်မယှဉ်ရကား။ နိဗ္ဗာန်ကိုတော့တ ပဋ္ဌာနာပြုခြင်းကို။ အလောဘ မဟုတ်။ ကုသ လဇ္ဈတ္တဟူ၍ရင်း။ သမ္ဗာဆန္ဒဟူ၍ရင်း ခေါ် ဆိုအပ်၏။ ဤစိတ် အ ပေါင်းသည်။ သမ္ပယုတ်ဟိတ်မရှိသောကြောင့်။ အဟိတ်ဟူသောခေါ် ဝေါ် ခြင်းကို ရကုန်သော်လည်း။ဇနကဟိတ်၏အစွမ်းအားဖြင့်ကား။ သဟိတ်စိတ်ပင်မည်၏။

(၄၈) ပါပါဟေတုဘာ ရတ္တာနိစသော၊ သင်္ဂဟဂါထာ၌။ အ ကျုံးဝင်သော။သောဘဏသဒ္ဒါ သည်ကား။ သဒ္ဒရတ္တဝါစအနိပ္ဖန္န ပါဒ္ဓပင်္ကပုဒ်တည်း။ တနည်း၊ သုဂ္ဂါဘဝန်သောဘဏ ဟူသည်နှင့် အညီ၊ဘင့်တသ်၏ဟူသည်။အပြပ်ကင်းသော။အလောဘ၊အဒေါသ အမောဟ, ဟိတ်သုံးပါးနှင့်ယှဉ်ခြင်းကိုမှတ်အပ်၏။ အကုသိုလ်စိတ်။ အဟိတ်စိတ်တို့သည်၊ ဆိုအပ်ခဲ့ပြီးသော၊ ဟိတ်သုံးပါးနှင့် မယှဉ် သောကြောင့်၊ဗုတ်ရေက၊အဝုဥ္ဇသိဒ္ဓ နည်းအားဖြင့်။ အသောဘဏ စိတ်ဟူသော။အမည်ကိုရကုန်၏။ ဝုတ္တရေဝုတ္တ ဟု ဘွင့်ခြင်းသည်။ ဝစခါတ် အနုဝိဘတ်ကို။ ရေပြုသည်ဟု ဆိုစေ၏၊အဝ သဒ္ဒါ ဝါ

သဒ္ဒါတို့ကား။ အနက်တူသောကြောင့်ပေါင်း၍ သမ္ပာန်သည်။ ထို၌ ဝါသဒ္ဒါ။အထဝါသဒ္ဒါတို့ကား။အကြောင်းတူ။အကျိုးမှုပြား။ အကျိုးတူ။အကြောင်းမှုပြား။ဟူသည်နှင့်အညီ။ ဤ၌ကား။ သညာနာမ ဖြစ်သော။ သောဘဏ ဟူသော အကျိုးတူ၍ သညီနာမ် ဖြစ်သော ဇေကူနာဘမ္ဗ ဇေကနဝုဘိ, ဟူသော။အကြောင်း ကွဲပြား သောကြောင့်။ အထဝါနှင့်ဆိုသည်။

(၉၉) ထိုသောဘဏစိတ်သည်လည်း၊ ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာဟုလေးပါးရှိသည်တွင်။ ကာမာဝစရ စိတ်ဘို့ကိုသာလျှင်။ ဥဒ္ဒေသ၌ရှေးဦးစွာပြအပ်သည့်၏အဖြစ်ကြောင့် ကာမာဝစရစိတ်ကို။ ထိုတွင်လည်း ဝိပါက်၊ကြိယာဟုဆိုအပ်သောအဗျာကတစိတ်တို့၏ ကုသိုလ်လျှင်ပြဓာန်းခြင်းရှိသောကြောင့်။ ရှေးဦးစွာ ကုသိုလ်စိတ်ကိုငင်း၊အကြောင်းဖြစ်သောကုသိုလ်စိတ်၏အခြားမဲ့၌။ အကျိုးဖြစ်သော ဝိပါက်စိတ်ကိုငင်း၊ထိုဝိပါက်၏ အခြားမဲ့၌။ ကာမာဝစရ တည်းဟူသော, တူသောဘုံ၌ အကျုံးဝင်သောကြိယာစိတ်ကိုငင်း။ ဝေဒနာ, ဉာဏ်, သင်္ခါရ, အပြားအားဖြင့်ရှစ်ပါးပြားခြင်း၌။ သောမနဿသဟဂတံ, အစရှိသည့်ကိုမိန့်တော်မူ၏။

(၁၀၀) ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းကား။ အသင့်အားဖြင့် နှလုံးသွင်းခြင်းဟု ဆိုအပ်သော၊ယောနိသောမနသိကာရပင်တည်း။ သောမနဿဖြစ်ခြင်း၏အကြောင်းကား အားကြီးသောသဒ္ဓါ။ ဟုတ်မှန်သောအမြင်။ ပစ္စည်း၏ပြည့်စုံခြင်း။ အလှူခံ၏ပြည့်စုံခြင်း။ ဒေသ၏ပြည့်စုံခြင်း။ကာလ၏ပြည့်စုံခြင်း။အဆွေခင်ပွန်း၏ပြည့်စုံခြင်း။ အာနိသံသကိုသိခြင်း။သောမနဿပဋိသန္ဓေနေခြင်း။ ပေါင်းကိုးပါးတည်း။ ထိုတွင်ရခဲသော။ ဆင်းအပျော်ရှိသောအရပ်သည်။ဒေသ၏ပြည့်စုံခြင်းမည်၏။ရခဲသော ဆင်းအပျော်ရှိသော ကာလသည်။ ကာလ၏ပြည့်စုံခြင်းမည်၏။ ထိုသို့ ရခဲသော, အရပ်, ကာလ၌။ အလှူသည်။ အလိုအားကြီးသည်၏အဖြစ်ကြောင့်။ များမြတ်သော အကျိုးလည်းရှိ၏၊သောမနဿ သည်းဖြစ်၏။ [ထိုကြောင့်—ခေါင်းပါးသောအလှူခံအား လှူဒါန်း ခြင်းသည်။ မြတ်သော အကျိုးရှိ၏ ဟုမှတ်ရာ၏။] အဆွေခင်ပွန်း၏ ပြည့်စုံခြင်းသည်။ ဒါနစသည်တို့၌ စိတ်တက်ကြွ

ခြင်းသို့ရောက်၏။ ထို့ကြောင့်သောမနဿဖြစ်ခြင်းအကြောင်းမည်၏။ ဈာန္မာရုံသည် လောဘ၏ တပ်ခြင်း အကြောင်းဖြစ်သော်လည်း။ ကုသိုလ်ကိုပြုခြင်း၌စိတ်ကိုမှတ်ခြင်း။ အကုသိုလ်ဖြစ်ခြင်းမှနစ်၍။ ကုသိုလ်ပြုခြင်း၌သွတ်ခြင်း။ ပြောင်ပြုသဖြင့်ကုသိုလ်ကို လေ့ကျက်ခြင်း။ ဉာဏ်ပြဋ္ဌာန်းခြင်း။ ပန္နရူပဒေသဝါသ။ သဒ္ဓမ္မသဝန။ သပ္ပုရိသူပနိဿယ။ ပဋိရူပဒေသဝါသ, ဟု ဆိုအပ်သော စက်လေးပါးကို မှီသည်၏ အစွမ်းဖြင့်။ အသင့်နှလုံးသွင်းခြင်း။ ဤအကြောင်းတို့ကြောင့်။ ဈာန္မာရုံ၌လည်း။ ကုသိုလ်ဖြစ်၏။ (ဈာန္မာရုံသည်။ လောဘ၏ အကြောင်းဖြစ်သောကြောင့်။ အဘယ်သို့လျှင် ကုသိုလ် ဖြစ်ပါအံ့နည်းဟု။ စောဒကအာဘောဂရှိသည်။)

(၁၁၁) ဉာဏသမ္ပယုတ်ဖြစ်ခြင်းအကြောင်းကား။ သူတပါးတို့အားဘရေးဟောခြင်းစသောပညာကို ဖြစ်စေတတ်သောကံ။ ဒေါသကင်းရာရူပါဝစရဖြဟ္မာဘုံ၌ ဖြစ်ခြင်း။ ပညိန္ဒြေ၏ရင့်ခြင်း။ သမထ ဝိပဿနာတို့ဖြင့်ခွာအပ်သည်၏အဖြစ်ကြောင့်။ ကိလေသာမှဝေးခြင်း။ ဤလေးပါးတည်း။ အသင်္ခါရိကဖြစ်ခြင်း၏ အကြောင်းကား။ လျောက်ပတ်သော။ ကျောင်းအိပ်ရာနေရာ။ ဥတုဘောဇဉ် အစရှိသည်တို့၏ အစွမ်းဖြင့်။ ကိုယ်စိတ်တို့၏ခန့်သည်၏အဖြစ်သည်လည်းကောင်း။ ဒါနစသည့်တို့၌ ပြုအပ်ပြီးသော လေ့ကျက်ခြင်းရှိသည်၏ အဖြစ်သည်လည်းကောင်း။ ဤနှစ်ပါးတည်း။ ဤသို့ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့မှ ပြန်သောအားဖြင့်။ ဥပေက္ခာသဟဂုတ်။ ဉာဏဝိပ္ပယုတ်။ သသင်္ခါရိကဖြစ်ခြင်းအကြောင်းကိုသိအပ်၏။

(၁၀၂) ထိုရှစ်ပါးသော။ မဟာကုသိုလ်စိတ်တို့တွင်။ အကြင်အခါ၌။ အသူဂဏ္ဍ။ အသူခံစသည်တို့၏ ပြည့်စုံခြင်းကိုရင်း၊ တပါးသော။ သောမနဿ ဖြစ်ခြင်း အကြောင်းကိုရင်း၊ စွဲ၍ ရှင်လန်းနှစ်သက်စွာ။ အညီဒိန္နအစရှိသောနည်းဖြင့် ဖြစ်သော။ သမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍။ မုဒုစာဂစသည်၏အစွမ်းဖြင့်။ ဆုတ်နစ်ခြင်းမရှိ။ သူတပါးတို့သည်။ တိုက်တွန်းအပ်သည်ဖြစ်၍။ ဒါနစသောကောင်းမှုတို့ကိုပြု၏။ ထိုအခါ၌ပြုသောသူ၏စိတ်သည်၊ သောမနဿသဟဂုတ်။ ဉာဏသမ္ပယုတ် အသင်္ခါရိကဖြစ်၏။ အကြင်အခါ ဆိုအပ်ပြီးသောနည်း

ဖြင့်။ ရွှင်လန်းနှစ်သက်စွာ သပ္ပာယ်ငြိကို ရှေ့သွား ပြု၍။ လွှတ်လွှတ် မစွန့်ခြင်းအစရှိသည်တို့၏အစွမ်းဖြင့်။ တွန့်တိုဆုတ်နစ်သည် ဖြစ်၍ ၎င်း။သူတပါးဘို့ဘိုက်ဘွန်းအင်သည်ဖြစ်၍၎င်းပြု၏။ ထိုအခါ၌ ပြု သောသူ၏စိတ်သည်၊ သသင်္ခါရိကဖြစ်၏။ အကြင် အခါ၌, ဆွေမျိုး အပေါင်းတို့၏, အကျင့်ကို မြင်သဖြင့်။ ဖြစ်သော လေ့ကျက်ခြင်း ရှိ ကုန်သော သူငယ်တို့သည်။ ရဟန်းကိုမြင်၍ ဝမ်းမြောက်ခြင်း ဖြစ် လျက်။အသောဘလျင် တရံဘခု လက်ခြှိုဟ်သော။ ဝတ္ထုကိုမူလည်း လှူကုန်၏။ ရှိခိုးမှုလည်းရှိခိုးကုန်၏။ ထိုအခါ သူငယ်တို့အား သုံးရ မြောက်သောစိတ်သည်ဖြစ်၏၊ အကြင်အခါ လှူကုန်သော့။ ရှိခိုးကုန် သော့။၍သို့ဆွေမျိုးတို့သည်။တိုက်တွန်းအပ်ကုန်သည်ဖြစ်၍။ လှူကုန် ရှိခိုးကုန်၏၊ ထိုအခါ သေးချမြောက်သော စိတ်သည်ဖြစ်၏။ ။အ ကြင်အခါ, အလှူဝတ္ထု, အလှူခံတို့၏မပြည့်စုံခြင်းကို၎င်း။ တပါးကုန် သော။ သောမနဿ အကြောင်းတို့၏ မရှိခြင်းကို၎င်းစွဲ၍၊ လေးပါး ကုန်သောဒိကပ်တို့၌။ သောမနဿ ကင်းခြင်းတို့သည် ဖြစ်ကုန်၏။ ထိုအခါ၌ကြွင်းကုန်သော။ လေးပါးကုန်သော။ ဥပေက္ခာသဟဂုတ် စိတ်တို့သည်ဖြစ်ကုန်၏။

(၁၀၃) ထိုရှစ်ပါးသောစိတ်တို့တွင်။ သောမနဿ သဟဂုတ် စိတ်ထက်, ဥပေက္ခာသဟဂုတ်စိတ်သည်, ဗလဝဖြစ်၍ အားကြီး၏။ ဉာဏဝိပ္ပယုတ်စိတ်ထက်။ ဉာဏသမ္ပယုတ်စိတ်။ သသင်္ခါရိကစိတ် ထက်, အသင်္ခါရိကစိတ်သည်, ဗလဝဖြစ်၍ အားကြီး၏၊ မတူကြ သောစိတ်သည်။ဝေဒနာ ဉာဏ်။ ပယောဂတို့၏အစွမ်းဖြင့်။ ဗလဝဒုဗ္ဗ လဖြစ်၏၊ ထိုကြောင့်—စတုတ္ထစိတ်ထက်, တတိယစိတ်။ တတိယ စိတ်ထက်, အဋ္ဌမစိတ်။ အဋ္ဌမစိတ်ထက်, သတ္တမစိတ်။ သတ္တမစိတ် ထက်, ဒုတိယစိတ်။ဒုတိယစိတ်ထက်, ပဌမစိတ်။ပဌမစိတ်ထက်, ပဉ္စမစိတ်။ပဉ္စမစိတ်ထက်,ဆဋ္ဌမစိတ် ဗလဝဖြစ်၍အားကြီး၏။မဟာ ဝိသသဖြစ်၍၎င်း။ သမ္ပဇဉာဏ် ဖြစ်သောကြောင့်၎င်း။ ဥပေက္ခာ သဟဂုတ်သည်။ သောမနဿ သဟဂုတ်ထက် ဗလဝဖြစ်၍အား ကြီး၏။ကုသိုလ်, အကုသိုလ် နှစ်ပါးတို့တွင်။ ကုသိုလ်သည်, ဗလဝ။ အကုသိုလ်သည်, ဒုဗ္ဗလမည်၏။

(၁၀၄) မဟန္တံကုသလစိတ္တံ၊ မဟာကုသလစိတ္တံ၊ ပြုသည်ရှိသော် သောမနဿအစရှိသော အင်္ဂါနှင့်ပြည့်စုံသောကြောင့်။ မဟာကုသိုလ်စိတ်မည်၏။မဟန္တံပူဇိတံကုသလစိတ္တန္တိ။ မဟာကုသလစိတ္တံ ဟု ပြုသည်ရှိသော်။ပစ္ဆိမဘဝိကဘုရားလောင်းတို့၏ ပဋိသန္ဓေကိုင်သောကြောင့်၊မဟာကုသိုလ်စိတ်မည်၏၊ ဤကာမာဝစရ ကုသိုလ်စိတ်သည်၊ဒွါရအားဖြင့် ပဉ္စဒွါရ၊မနောဒွါရ နှစ်ပါး၌ဖြစ်သော်လည်း၊ပဉ္စဒွါရ၌ဖြစ်သောအခါ။ ဒါနမယ၊သီလမယ၊ဘာဝနာမယ၊ သုံးပါးကိုမရအပ်။မနောဒွါရ၌ ဖြစ်သောအခါ။ ထိုသုံးပါးကိုရအပ်၏။ထိုတွင်အကြင်အခါ၊ ငါ့အား ဒါန ဖြစ်စေသတည်းဟု ပေးလှူ၏။ ထိုအခါ ဒါနမယ ကုသိုလ်ဖြစ်၏။ အကြင် အခါ၊ ထိုထို သို့သော လှူဘွယ်ဝတ္ထုကိုရ၏။ ဤသို့လှူဒါန်းခြင်းသည်၊ ငါ့၏ အမျိုးအနွယ်၊ အစဉ်အဆက် အလေ့အကျင့်တည်းဟု နှလုံးသွင်း၍၊ဘုရားရတနာ စသည်တို့အားပူဇော်၏။ထိုအခါသီလမယကုသိုလ်ဖြစ်၏၊ အကြင် အခါ၊ ထိုသို့သဘောရှိသော ဝတ္ထုဖြင့်ပူဇော်ခြင်းကိုပြု၍၊ ဤအဆင်းသည်ကုန်ခြင်းသို့ရောက်လတံ့၊ပျက်ခြင်းသို့ရောက်လတံ့။ဤသို့ ခယ၊ ဝယ၊ ကမ္မဋ္ဌာန်းကိုဖြစ်စေ၏၊ ထိုအခါ၊ ဘာဝနာမယကုသိုလ်ဖြစ်၏။ ထိုသုံးပါးတို့တွင်၊ တပါးပါးသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ အားဖြင့် သုံးပါးစီ ပြား၏။ ထိုတွင် ကိုယ်တိုင် ပူဇော်ခြင်းသည်။ ကာယကံ။ စေခိုင်း၍ပူဇော်ခြင်းသည် ဝစီကံ။ အကြင်အခါ၌၊ ထင်ရှားရှိသောဝတ္ထုကအာရုံပြု၍၊ အဆင်းဒါနကို ပြုအံ့ဟု ဤသို့ကြံ၏။ ထိုအခါမနောကံဖြစ်၏၊ ဝိနည်းဒေသနာ သို့ရောက်၍၊ ပေးလှူအံ့ဟု နှုတ်မြွက်သည်မှစ၍ဒါနမည်၏။ အဘိဓမ္မာဒေသနာတော်သို့ ရောက်၍ ထင်ရှားရှိသောဝတ္ထုကိုအာရုံပြု၍၊ ပေးလှူအံ့ဟု ကြံသောအခါမှစ၍ ဒါနကုသိုလ်မည်၏။

(၁၀၅) သီလမယကုသိုလ်၊ ဘာဝနာမယကုသိုလ် တို့ သည်လည်း၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ အားဖြင့် သုံးပါးစီ ပြား၏။ ထိုသုံးပါးသောအပြားကို၊ ဒါနမယအပြား၌ ဆိုအပ်ပြီးသော နည်းဖြင့်သိအပ်၏။ဤသို့ရူပါရုံလျှင် အာရုံရှိသော၊ ကာမာဝစရ ကုသိုလ်သည်၊ ဒါနမယ၊သီလမယ၊ဘာဝနာမယ အားဖြင့်သုံးပါး။ ထိုတွင်

တပါးပါး၌။ကံသုံးပါးစီဖြစ်ရကား။ ကိုးပါး ပြားသတည်း။ သဒ္ဒါရုံ စသောအာရုံငါးပါးတို့၌လည်း။ထိုနည်းပင်နည်းနှိ၏။

(၁၀၆) ဍုမာနိအင်္ဂုပိ ဟူသောနိဂုံး၌။သမ္ပိဏ္ဍနအနက်ရှိသော။ ပိသဒ္ဒါဖြင့်။ကာမာဝစရကုသိုလ်ရှစ်ခုကိုတည်း။ပုညကြိယာဆယ်ပါး နှင့်မြှောက်။ ရှစ်ဆယ်ဖြစ်၏။ ၎င်းကိုအာရုံခြောက်ပါးနှင့် မြှောက်။ (၄၈၀) ဖြစ်၏။၎င်းကိုနှစ်ရပ်ခွဲး(၂၄၀)စီဖြစ်၏။၎င်းကိုဝိမံသာဓိပ တိမှတပါး။အဓိပတိသုံးပါးနှင့်မြှောက်(၇၂၀)ဖြစ်၏။ယခင် (၂၄၀) ကိုအဓိပတိလေးပါးနှင့်မြှောက်(၉၆၀)ဖြစ်၏။၎င်းကိုယခင်(၇၂၀) နှင့်ပေါင်း။တထောင့်ခြောက်ရာ့ရှစ်ဆယ်ဖြစ်၏။ ၎င်းကိုကံသုံးပါးနှင့် မြှောက်။ငါးထောင့်လေးဆယ်ဖြစ်၏။ ၎င်းကို ဟီန၊ မဇ္ဈိမ၊ ပဏီတ၊ သုံးပါးနှင့်မြှောက်။ တသောင်းငါးထောင် တရာ့ နှစ်ဆယ်ဖြစ်၏။ အဘိဓမ္မာဝတာရ ဋီကာ။ ရှင်ဗုဒ္ဓဒတ္တ မထေရ်၏။ အလိုအားဖြင့် သမ္ပယုတ် ဝိပ္ပယုတ်မခွဲးမူ၍။ သာမညအားဖြင့်။ အဓိပတိလေးပါးနှင့် မြှောက်လေသောကြောင့်။ ကာမာဝစရ ကုသိုလ် စိတ်သည်။ တ သောင်းခုနစ်ထောင် နှစ်ရာ့ ရှစ်ဆယ် ဖြစ်၏။ ကာလဒေသ စသည် တို့၏အစွမ်းဖြင့်ကား။မရေတွက်နိုင်။

(၁၀၇) မဟာဝိပါက်စိတ်၏ နိဂုံး၌။ သမ္ပိဏ္ဍန အနက်ရှိသော ပိသဒ္ဒါဖြင့်။ မဟာဝိပါက်စိတ် ရှစ်ခု ကိုတည်း။ အာရုံခြောက်ပါးနှင့် မြှောက်(၄၈)ဖြစ်၏။၎င်းကို ဟီန၊မဇ္ဈိမ၊ပဏီတ သုံးပါးနှင့်မြှောက် (၁၄၄) ဖြစ်၏။ ။ကာမာဝစရကုသိုလ်စိတ်ကဲ့သို့၊ဒါနစသော အ စွမ်းဖြင့်မဖြစ်ခြင်းကြောင့်။ ပုညကြိယာ ဆယ်ပါးနှင့် မမြှောက်ရ။ ဝိညတ်ကိုမဖြစ်စေတတ်သောကြောင့်။ဒွါရဖြင့်မမြှောက်ရ။ အကျိုး ကိုမဖြစ်စေတတ်သောကြောင့်။ ကံဖြင့်မမြှောက်ရ။ ဆန္ဒ စသည်ကို ရှေ့သွားပြု၍မဖြစ်ခြင်းကြောင့်။ အဓိပတိနှင့် မမြှောက်ရ။ ဟူ၍မှတ် အပ်၏။ ။မဟာကြိယာစိတ်သည်။ မဟာကုသိုလ်စိတ်နှင့်မြှောက် ပွားပုံအလုံးစုံတူ၏။ဝိဘာဝနီအလို (၁၅၁၂၀။) ရှင်ဗုဒ္ဓဒတ် ဆရာ အလို (၁၇၂၈၀) မဟာကြိယာစိတ် အရေအတွက်ရှိ၏။ ကာလ ဒေသစသည်တို့၏အစွမ်းဖြင့်မရေတွက်နိုင်ကုန်။

(၁၀၇) ဤမဟာဝိပါက်စိတ်တို့သည်။ ဉာဏ်သမ္ပယုတ်၌ သောမနဿသဟဂုတ်။ ဉာဏဝိပ္ပယုတ်၌၊ ဥပေက္ခာသဟဂုတ်တို့ ဖြစ်ကုန်၏။ ပဋိသန္ဓေအခါ၌ ကံ၏ဗလဝ။ အဗလဝကြောင့်-သမ္ပယုတ်။ ဝိပ္ပယုတ် ဖြစ်ကုန်၏။ဘဒါရုံဖြစ်သောအခါ၌။ များသောအားဖြင့်။ ဇောအားလျော်စွာ။ ဉာဏသမ္ပယုတ်။ ဉာဏဝိပ္ပယုတ် တို့ဖြစ်ကုန်၏။ တရံ တခါ။ ကံအားလျော်စွာ။ ဉာဏသမ္ပယုတ်။ ဉာဏဝိပ္ပယုတ် တို့သည် ဖြစ်ကုန်၏။ ထင်စေအင်သော။ ကံစသော အကြောင်းတို့ဖြင့်ရင်း။ ဥတုဘောဇဥ်စသည်တို့၏လျောက်ပတ်။ မလျောက်ပတ်သည်၏ အစွမ်းဖြင့်ရင်း။အသင်္ခါရိက။ သသင်္ခါရိက တို့သည်ဖြစ်ကုန်၏။ မဟာကြိယာစိတ်တို့၏လည်း။ ကုသိုလ်၌ဆိုအပ်ပြီးသောနည်းဖြင့်သိအပ်၏။ ဝိပါက်ကြိယာတို့၌၊သဟေတုကသဒ္ဒါဖြင့်။ အထူးပြုခြင်းကိုလည်း။ ရှေးနည်းအတူ။သဟိတ်,အဟိတ်၌ တွေးတောဘွယ်ရှိသောကြောင့်။ အထူးပြုအင်၏။ မဟာကုသိုလ်သည်ကား။ ဧကန် သဟိတ်ဖြစ်၍ တွေးတောဘွယ်မရှိခြင်းကြောင့်။ သဟေတုက သဒ္ဒါဖြင့် အထူးမပြုအပ်။ရဟန္တာတို့၏ ကိုယ်အမူအရာ။ နှုတ်အမူအရာတို့ဖြင့်။ ပြုခြင်းအခြင်းအရာသည်။ကြိယာမည်၏။ ။[ဤကြိယာ ဟူသောပုဒ်ကို။ ကရတောရိယသတ်ဖြင့်။ကရဓာတ် နောင် ရိရိယ ပစ္စည်းသက်၍။ ရဗ္ဗိရန္တောရာဒိနော, သုတ်ဖြင့်။ဓာတ္တန်ရအက္ခရာ။အနုဗန္ဓရ=တို့ကို ချေ၍၊ က,အက္ခရာကို။ ရိ,အက္ခရာနှင့်ကင်၍။ရ, အက္ခရာကိုဝိပရိတ်ပြု၍၊ကြိယ, ဟုရှင်ပြီးအပ်၏။ ဣတ္ထိလိင် အာ, ပစ္စည်းသက်ပြန်လျှင်။ ကြိယာ=ဟုပုဒ်ဖြစ်ပြန်၏။တနည်း ကိရိယ, ဟုတည်၍။ သရလော ..ယမနချဒိသု ဟူ..သောသဒ္ဒနီတိသုတ်ဖြင့်။က-အစိတ်။ဣ-ကိုချေ၍ က-ကို ရ်-သို့ကင်၍၊ ကြိယ-ဟုပြီး..ည်၊ တနည်း ကဒွင်း။ ဇူကြင်း။ သရေသရေလော..ပ် သုတ်၌ လောပ်-ဟူသော၊ ယောဂဝိဘာဂဖြင့်။ နောက်ရဗျည်းနှောင်းသောကြောင့်၊ ရှေ့ဇူသရကိုချေ၊ က-ကို၊ ရ်-သို့ ကင်၊ ကြိယ-ဟု ပြီးသည်

(၁၁၄) နိဂုံး၌သ..ေ..ဘုက သ..ါကို။ သ..ွ.. ဗျာ..ိစာရ မရှိသောကြောင့်။ ကု..သ..သဒ္ဒါနှင့် မသ..ဥ်အင်။ ..ဆ..သ..ဘ နည်းအ..းဖြင့်။ဝိပါက်, ကြိယာ၌သာ, ..ဥ်အပ်၏။..ေဒနာ ဉာဏသင်္ခါရ

ဘေဒနအစရှိသော ဂါထာသည်။ သင်္ဂဟဂါထာ။ ဥဒ္ဒါနဂါထာ။ အနုဂီတိဂါထာမည်၏။ ထိုဂါထာသည် တတိယ ဘဏာရဝိပုလာ ဂါထာမည်၏။ဝေဒနာတို့သည်။သဘောအားဖြင့် ပြားသောကြောင့်။ ဝေဒနာတို့၏အပြားသည်သင့်ရား၏။ ဉာဏသမ္ပယုတ်၌သာ ဉာဏ်ရှိ၏။ ဉာဏဝိပ္ပယုတ်၌ ဉာဏ်မရှိ။ သသင်္ခါရိက၌သာ, သင်္ခါရရှိ၏။ အသင်္ခါရိက၌, သင်္ခါရမရှိ။ ထိုသို့မရှိသောကြောင့်။ ဉာဏ်သင်္ခါရတို့၏ အပြားသည်, မသင့်ရား၊ ထိုသို့ မသင့်ရားငြားသော်လည်း။ ဋိယိုး၏သဝိဇ္ဇမာန။အဝိဇ္ဇမာနနှစ်ပါးသည်။ဝပြောခြင်း။တွေ့တတ်ခြင်းကိုပြုအင်၏ဟုဆိုသင့်လျက်။ မဆိုဘဲ၊ ဋိယိုးသည်ပင်-ဝပြောခြင်း။တွေ့တတ်ခြင်းနှစ်ပါးကိုပြုအင်၏ဟုဆိုသကဲ့သို့။ ဉာဏ်ရှိသော အဖြစ်ဟုဆိုအင်သော။ဉာဏသမ္ပယုတ်။ မရှိသောအဖြစ်ဟု ဆိုအင်သော။ ဉာဏဝိပ္ပယုတ်။သင်္ခါရ၏ရှိသောအဖြစ်ဟု ဆိုအင်သော၊ သသင်္ခါရိက။မရှိသော အဖြစ်ဟု ဆိုအင်သော၊ အသင်္ခါရိက သည်ပင်လျှင်။ ဉာဏ်သင်္ခါရတို့၏ အပြားသည်၏၊ ထိုသို့ ဉာဏ်သင်္ခါရတို့၏,ဘာဝ။ အဘာဝအပြားကိုလည်း။ အဘေဒဘေဒူပစာရ အားဖြင့်။ ဉာဏ်သင်္ခါရသည်ပြုအင်သကဲ့သို့မှတ်အင်၏။ အကုသိုလ်စိတ်၏ နိဂုံး၌။ အယုတ်အားဖြင့်အကုသိုလ်သည်ပါး။ ဆိုအင်ပြီးသော တသယ့်နှစ်ပါးသောနည်းထက်။အလွန်လည်းရှိသေး သည်။ထို့ကြောင့်—အယုတ်အလွန်နှစ်ပါးကိုကန့်၏။ ဤကာမစိတ်၌ကား အလွန်သာရှိသည် အယုတ်မရှိ။ ထို့ကြောင့် အလွန်ကိုသာ ကန့်၏ အယုတ်ကို မကန့်။ ထိုသို့မကန့်သော်လည်း။မိစ္ဆာဉာဏ်ကိုပယ်လို၍။ အယုတ်အလွန်နှစ်ပါးကိုပင်, ကန့်သော်လည်း။ တစုံဘခု အပြစ်မရောက်ဟူ၍ မှတ်အင်၏။

(၁၁၀) ကာမာဝစရ စိတ် အပေါင်း တို့တွင်။ မဟာကုသိုလ်စိတ်သည်။အပြစ်မရှိခြင်း လက္ခဏာရှိ၏။ ဖြူစင်သော အဖြစ်ဟု ဆိုအင်သော,ရသ ရှိ၏၊ ကောင်းသော အကျိုးဟု ဆိုအင်သော။ ပစ္စုပဋ္ဌာန်ရှိ၏။အသင့်အားဖြင့်နှလုံးသွင်းခြင်းဟုဆိုအင်သော။ ပဒဋ္ဌာန်ရှိ၏။တနည်းကား။ အပြစ်မရှိချမ်းသာသောအကျိုးကိုပေးခြင်း လက္ခဏာရှိ၏။အကုသိုလ်ကိုဖျက်ဆီး ခြင်း ဝိဒ္ဓံသနရသ ရှိ၏။ ဖြူစင်သော

ပစ္စုပဋ္ဌာန်ရှိ၏။အသင့်နှလုံးသွင်းခြင်း ပဒဋ္ဌာန်ရှိ၏။ ။မဟာဝိပါက် စိတ်တို့သည်။ ပဋိသန္ဓေ။ဘဝင်။စုတိ။တဒါရုံ။ ဤလေးဌာန တို့၌ ဖြစ်ကုန်၏။ ခပ်သိမ်းသော,ဘုရားလောင်းတို့သည်။ အဆုံးပဋိသန္ဓေယူသောအခါ။ မဟာဝိပါက်။ပထမစိတ်ဖြင့်။ ပဋိသန္ဓေယူကုန်၏။ ထိုပဋိသန္ဓေစိတ်သည်။မေတ္တာပုဗ္ဗဘာဂစိတ်၏ အကျိုးတည်း။ မဟာသိဝမထေရ်ကား။သောမနဿသဟဂုတ်ထက်။ ဥပေက္ခာသဟဂုတ်အားကြီးသောကြောင့်။မဟာဝိပါက်ပဉ္စမဖြစ်သော။ ဥပေက္ခာသဟဂုတ်။ဉာဏသမ္ပယုတ်။ အသင်္ခါရိကစိတ်ဖြင့်။ ပဉ္စမဘာဝိက,ဘုရားလောင်းတို့သည်။ ပဋိသန္ဓေယူကုန်၏ဟု ဆို၏။ ထိုသို့ပင် ယူသော်လည်း။ဘုရားလောင်းတို့သည်။သူတပါးတို့၏အကျိုးစီးပွားအလို့ငှာကျင့်တော်မူသောကြောင့်။မေတ္တာပုဗ္ဗဘာဂကာမာဝစရ ကုသိုလ်၏အကျိုးဖြစ်သော။ သောမနဿသဟဂုတ်။ တိဟိတ် ပထမ အသင်္ခါရိကစိတ်ဖြင့်။ ပဋိသန္ဓေ ယူခြင်းကိုသာ မှတ်သား အပ်ကြောင်းကို။ အဋ္ဌကထာဆရာ ဆုံးဖြတ်တော်မူ၏။ မဟာကြိယာ ပထမ စိတ်၌ရှိသောပညာသည်။သဗ္ဗညုတဉာဏ်မည်၏။

(၁၁၁) ခပ်သိမ်းသော ဘုရားလောင်းတို့သည်။ ရှေးအဘို့၌ဖြစ်သော။ သောမနဿသဟဂုတ်။ ဉာဏသမ္ပယုတ်။ အသင်္ခါရိကစိတ်ဖြင့်။ပဋိသန္ဓေယူကုန်၏။ ထိုစိတ်ဖြင့် ပဋိသန္ဓေယူသော သူတို့အား အသင်္ချေယျအသက်ရှည်၏။ ထိုသို့ဖြစ်လျက်။ ဂေါတမဘုရားရှင်သည်။အသက်အသင်္ချေတည်နေနိုင်သော်လည်း။လူတို့၏အသက်ပန်းငါးပုံငါးစုရှေ့တွင်။တပုံတစုကို အကြွင်းထား၍။ ပရိနိဗ္ဗာန်ပြုရမည်ဖြစ်တော်မူရကား။ သက်တော် ရှစ်ဆယ်နှင့်ပင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ [မဟာပဒါနသုတ်ဋီကာအလို။] ဥတုဘောဇဉ် ဖောက်ပြန်သည်၏အစွမ်းကြောင့်ရင်း။ဒေဝဒတ်၏သုတ်သေး၏အစွမ်းကြောင့်ရင်း။ အသက်တန့်မမြဲရကား။ အသက်တန်း ကိုသာ လိုက်၍ ပရိနိဗ္ဗာန်ပြုတော်မူကုန်၏။ [ပုလင်္ဂကာ-အနုဋီကာအလို။] ကာမာဝစရကုသိုလ်စိတ်သည်။ ကမ္မပထအားဖြင့်ဆယ်ပါး။ မူလ အားဖြင့် သုံးပါး။ဝိဉ္ဉတ်ပွါးအားဖြင့် ရှစ်ပါး ဖြစ်သတည်း။

(၁၁၂) ဇော၏အဖြစ်သို့ရောက်သောကြိယာစိတ်တဆယ့်ရှစ်ခု
သည်၊ ပန့်ဖြစ်ပြတ်ပြီးသောရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်ခြင်း
ကြောင့်၊ အမြစ်ပြတ်ပြီးသောသစ်ပင်၏ပန်းကဲ့သို့၊ အကျိုးမပေး။ ဇော၏
အဖြစ်သို့မရောက်သော၊ ပုထုဇဉ်၊ သေက္ခတို့၏ သန္တာန်၌ဖြစ်သော၊
အာဝဇ္ဇန်းဒွေဟုဆိုအပ်သော ကြိယာသည်၊ အားသောဝနပစ္စည်းကို
မရသောကြောင့်၊ အသီးမသီးအချည်းနှီးသောပန်းကဲ့သို့၊ အကျိုး
မပေးဟုမှတ်အပ်၏။ ထိုမှတပါး၊ ကာမာဝစရစိတ်သည်၊ ဘုရားရှင်
တို့၏ပုံသဏ္ဌာန်နေခြင်းတည်းဟူသော၊ ဝိပါက်ကို ဖြစ်စေတတ်
သော ကုသိုလ်ဖြစ်သောကြောင့်၊ ကြီးကျယ်မြင့်မြတ် လေရကား၊
မဟာသဒ္ဒါဖြင့်၊ အထူးပြု၍၊ မဟာကုသိုလ်ဟူသော အမည်ကိုရ၏၊
ကာမာဝစရ ကုသိုလ်နှင့် မဟာကုသိုလ်စိတ် ဟူသည်။ သဒ္ဒ
အရေအတွက်မပြားခြားသော်လည်း။ ဝဋ်ဘဝကို တောင့်တ၍ဒင်း။
သာမည အားဖြင့်၎င်း။ ပြုအပ်သော ကုသိုလ်သည် ကာမာဝစရ
ကုသိုလ်မည်၏၊ ဝဋ်ဆင်းရဲ ငြိမ်းငြေးဘဝ၏ကင်းရာ နိဗ္ဗာန်ကိုတောင့်
တ၍ပြုသောကုသိုလ်သည်မဟာကုသိုလ်မည်၏။ ထိုမှတပါး၊ ပညာပါ
ရမီအလို့ငှါပြုအပ်သောကုသိုလ်သည်။ ဉာဏသမ္ဘာရကုသိုလ်မည်၏။
စည်းစိမ်အလို့ငှါပြုအပ်သော ကုသိုလ်သည်။ ပုညသမ္ဘာရ ကုသိုလ်
မည်၏။ ထိုတွင် ပုညသမ္ဘာရ ကုသိုလ်သည်။ ဝဋ္ဋဂါမိကကုသိုလ်
မည်၏။ ဉာဏသမ္ဘာရကုသိုလ်သည်။ ဝိဝဋ္ဋဂါမိက ကုသိုလ်မည်၏။
မဂ်ဖိုလ် နိဗ္ဗာန်ကို လိုချင်တောင့်တ, သမ္မာဆန္ဒ။ ဝိဝဋ္ဋ ကုသိုလ်
သည်သာလျှင်၊ ပါရမီ ကုသိုလ်မည်၏၊ ထိုမှ ပြန့်သော အားဖြင့်
သာမညကုသိုလ်ကိုသိအပ်၏။

(၁၁၃) တန်ခိုးပြာဋိဟာကို၊ ပြတော်မူသောကာလ၌၊ သော
မနဿသဟဂုတ်။ ဥပေက္ခာသဟဂုတ်။ မဟာကြိယာ ဉာဏသမ္ပ
ယုတ်၊ အသင်္ခါရိကစိတ်နှစ်ခုတို့ရှိသော။ ပညိန္ဒြေ, စေတသိက်ဖြင့် ပြ
တော်မူ၏။ ။ ဉာဏသမ္ပယုတ်ဖြစ်ခြင်း အကြောင်းတို့ကား။ ပညာ
ဒသကသို့ရောက်၍။ ပညိန္ဒြေ၏ ရင့်ကျက်ရာ ကာလကို ပြရာဝယ်။
တရားဘန်း၌။ အစ, ဆယ်နှစ်သည်။ မန္ဒဒသကမည်၏။ အနှစ် နှစ်ဆယ်
သည်၊ ခိဍ္ဍာဒသကမည်၏။ အနှစ်သုံးဆယ်သည်။ ဝဏ္ဏဒသက မည်၏။

အနှစ်လေးဆယ်သည်၊ ဗလဒသကမည်၏။ အနှစ် ငါးဆယ်သည်။ ပညာဒသကမည်၏။အနှစ်ခြောက်ဆယ်သည်။ ဟာနိဒသကမည်၏။ အနှစ်ခုနစ်ဆယ်သည်။ ၀က်ဒသက မည်၏။ အနှစ် ရှစ်ဆယ်သည်။ မောဟဒက မည်၏။ အနှစ် ကိုးဆယ်သည်။ သေယျဒသက မည်၏။ အနှစ်ဘရာသည်။မရဏဒသကမည်၏၊

(၁၁၄) ထိုကာမာ၀စရ စိတ်၌၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာ သုံးပါးသည်။ဝေဒနာအားဖြင့်။ သောမနဿ၊ ဥပေက္ခာ။ နှစ်ပါးရ၏။ ဟိတ် အားဖြင့်။ အလောဘ၊ အဒေါသ၊ အမောဟ။ သုံးပါးရ၏။ ကိစ္စအားဖြင့်,ကုသိုလ်ကြိယာတို့သည် ဇောကိစ္စတတ်၏။ ဝိပါက် စိတ်သည်။ပဋိသန္ဓေ၊ဘဝင်၊စုတိ၊တဒါရုံ၊လေးကိစ္စတတ်၏။ ဒွါရအား ဖြင့်ကုသိုလ်ကြိယာတို့သည်။ ခြောက်ဒွါရ၌ ဖြစ်ကုန်၏။ ဝိပါက်စိတ် သည်။ပဋိသန္ဓေကိစ္စ။ ဘဝင်ကိစ္စ။စုတိကိစ္စ။ တတ်သောအခါ ခြောက် ဒွါရမှလွတ်၏။ တဒါရုံကိစ္စတတ်သောအခါ ခြောက်ဒွါရ၌ ဖြစ်၏။ အာရုံအားဖြင့်။ ဉာဏဝိပ္ပယုတ်, ကုသိုလ်ကြိယာ တို့သည်။ လော ကုတ္တရာကိုကြည့်၍။ အလုံးစုံကိုအာရုံပြုကုန်၏။ဉာဏသမ္ပယုတ် ကု သိုလ်သည်။ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြည့်၍။ အလုံးစုံကို အာရုံပြု၏၊ဝိပါက်သည် ကာမကိုသာ အာရုံပြု၏။ ဉာဏသမ္ပယုတ် ကြိယာသည်။အလုံးစုံကိုအာရုံပြု၏။ဝတ္ထုအားဖြင့်။ ကုသိုလ်ကြိယ တို့သည်။ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ရုပ်ခါ ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်၏၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ၊ရုပ်ခါ မမှီမူ၍ဖြစ်၏။ ဝိပါက်သည်။ ဟဒယဝတ္ထုရုပ်ကို သာမှီ၍ဖြစ်၏။

(၁၁၅) ကာမာဝစရ ကုသိုလ်သည်၊ ဆင်မိုးရေ၌ဖြစ် အငိုက် ကိုဖျောက်သကဲ့သို့။ ဒ ဒ ဟာနိ သဘ္ဘ တည်းဟူသော။ ထိုကုသိုလ် အ ါဖြင့်၊အကုသိုလ်ကို ယ်၏ မဟာဂ္ဂုတ်ကုသိုလ်သည်။ရေအိုးဖြင့် မှော်သေး, မှော်နှမ်း တို့ကို တွန်း သကဲ့သို့။ ဝိက္ခမ္ဘနပဟာန် သဘ္ဘ တည်းဟူသော၊ ထိုကုသိုလ်အ ါဖြင့်။ နီဝရဏ တို့ကိုခွာ၏။ လောကုတ္တရာ ကုသိုလ် သည်၊ သိကြားမင်း၏ လက်နက် ဝဇီရစိန် စက်ကဲ့သို့ သမုစ္ဆေဒပဟာန် သဘ္ဘတည်းဟူသော မဂ်ကုသိုလ်ဖြင့်။

အနုသယကိလေသာ တည်းဟူသော၊ ဘဝကုသိုလ်ကို အကြွင်းမဲ့ ပယ်၏။ ထို့ကြောင့်—ကုသိုလ်သည် ပယ်တတ်သော၊ ပဟာယက တရားမည်၏ အကုသိုလ်သည် ပယ်အပ်သော၊ ပဟာတဗ္ဗ တရား မည်၏။ သိဒ်ီးချောင်နှင့် အမိုက်မှောင်၊ ကြောင်နှင့် ကြွက် အလား ကဲ့သို့ဖြစ်၏ဟူ၍ ပြတ်စွာသုံးရေးပေ ကြားတော်မူ၏။

ကာမာဝစရစိတ်ပြီး၏။

(၁၁၆) ကာမာဝစရံ ရူပါဝစရံ၊ အရူပါဝစရံ၊ လောကုတ္တရဉ္စေ တိ ဟူသောစကားသည်။ ဥဒ္ဒေသမည်၏။ ထိုဥဒ္ဒေသဖြင့်, ပြအပ်ကုန် သောစိတ်တို့သည်။ ဥဒ္ဒိဋ္ဌ မည်ကုန်၏။ တတ္ထကတမံ အစ ရှိသော အလုံးစုံသော ပဒမဂ္ဂရိနိဒ္ဒေသသည်။ နိဒ္ဒေသမည်၏၊ ထိုနိဒ္ဒေသဖြင့် ပြအပ်ကုန်သောစိတ်တို့သည်။ နိဒ္ဒိဋ္ဌ မည်ကုန်၏။ စိတ္တံ၊ စေတသိကံ၊ ရူပံ၊ နိဗ္ဗာနံ, ဟူသော စကားရပ်၌၊ စိတ္တံသည်၊ ဥဒ္ဒေသမည်၏။ ထို ဥဒ္ဒေသဖြင့်ပြအပ်သော စိတ်သည်။ ဥဒ္ဒိဋ္ဌမည်၏။ တတ္ထစိတ္တံတာဝ စတုဗ္ဗိဓံဟောတိ။ အစရှိသော အလုံးစုံသော ပဒမဂ္ဂရိနိဒ္ဒေသသည်။ နိဒ္ဒေသမည်၏။ ထိုနိဒ္ဒေသဖြင့်, ပြအပ်ကုန်သော စိတ်တို့သည်။ နိဒ္ဒိဋ္ဌ မည်ကုန်၏၊ ။ တတ္ထကတမံ ကာမာဝစရံ ကို။ တတ္ထကတမံ ရူပါ ဝစရံ ဟုပြ၍၊ အဓိကာရ နည်းအားဖြင့် လိုက်အပ်၏။ [ဤ၌ အ ကျဉ်းကို။ ဥဒ္ဒေသခေါ် လျှင်၊ အကျယ်ကိုနိဒ္ဒေသခေါ် မြဲ။ အကျဉ်းကို သင်္ခေပခေါ် လျှင်။ အကျယ်ကိုဝိတ္ထာရခေါ် မြဲ အကျဉ်းကို မာတိကာ ခေါ် လျှင်။ အကျယ်ကိုပဒဘာဇနီခေါ် မြဲတည်း။]

(၁၁၇) တတ္ထကတမံ ရူပါဝစရံ ဟူသောနိဒ္ဒေသ၌။ ရူပါဝစရစိတ် သည်။ ဈာန်အားဖြင့်။ ပဌမဈာန်၊ ပ။ ပဉ္စမဈာန်ဟူ၍ ငါးပါးရှိ၏။ ဈာန်၏အင်္ဂါအားဖြင့်ကား။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဟူ၍ ငါးပါးရှိ၏။ ထိုတွင်သမ္ပယုတ်တရားတို့ကို။ အာရုံသို့ ရှေးရှုတင် တတ်သောကြောင့်။ ဝိတက်မည်၏။ ထိုဝိတက်သည်။ သဟဇာတ် တရားတို့ကို၊ အာရုံသို့ ရှေးရှု တင်ခြင်း လက္ခဏာ ရှိ၏။ ရွာနေ ယောက်ျား။ ဘျေးသက်သားသည်။ မင်းအား, အကျွမ်းဝင်စွာ စပ် ခြင်းရှိသော, ဆွေမျိုးကို၎င်း။ အဆွေခင်ပွန်းကို၎င်း။ အမှီပြု၍။ မင်း

အိမ်သို့ဝင်နိုင်သကဲ့သို့။ ထို့အတူ—ဝိတက်ကိုမှီ၍။ သမ္ပယုတ္တဓမ္မနှင့် တကွဖြစ်သောစိတ်သည်၊ အာရုံသို့ရှေးရှုတက်နိုင်၏။ ဝိတက်ကိုအမှီပြု၍။ စိတ်သည်အာရုံသို့ရှေးရှုတက်ရလျှင်။ မနောပုဗ္ဗင်္ဂမာ ဟူသော ပါဠိတော်နှင့် ဆန့်ကျင့်ခဲ့၏ ဟူငြားအံ့။ စိတ်သည် ဝိတက် ကိုပင်မှီသော်လည်း။ ဝိတက်သည်နိဿယဖြစ်၍မပြခြင်း။ စိတ်သာ နိဿယ ဖြစ်၍ပြခြင်း၏။ ဝိတက်ကိုအမှီပြု၍၊ အာရုံသို့တက်၏ ဟူသော်။ အဝိတက္ကစိတ်အပေါင်းသည်။ ဝိတက်မရှိသောကြောင့်။ အဘယ်သို့လျှင်အာရုံသို့ တက်နိုင်ပါအံ့နည်း ဟူငြားအံ့၊ တက်နိုင်၏။ ရွာနေယောက်ျားကျေးသက်သားသည်၊ မင်းကျွမ်းဝင်သော အဆွေခင်ပွန်းကိုမှီ၍။ မင်းအိမ်သို့ ဝင်ဘူးသဖြင့်။ ထိုမင်းကျွမ်းဝင်သော သူနှင့်ကင်း၍လည်း။ ကြောက်ရွံ့ခြင်းမရှိ။ မင်းအိမ်သို့ဝင်နိုင်လေဘိသကဲ့သို့ ထို့အတူ—ရှေး၌ဝိတက်နှင့်တကွ လေ့လာဘူးသောကြောင့်။ ဝိတက်နှင့်ကင်းသော်လည်း။ အဝိတက္ကစိတ်သည်အာရုံသို့တက်နိုင်၏။

(၁၁၈) ဈာနင်္ဂလေ့လာ၏ ဟူသည်။ သမထဘာဝနာ။ ဝိပဿနာဘာဝနာ၊ ပုညကြိယဝတ္ထုဘာဝနာ ဟု ဆိုအပ်သော။ စိတ္တဘာဝနာရှိ၏၊ ထိုစိတ္တဘာဝနာ ဟူသည်လည်း၊ အတိဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်း ဟု ဆိုအပ်ကုန်သော။ သဝိတက္ကစိတ်တို့၏အခြား၌ ဖြစ်ပွားသည့်ဘဆယ်တို့တွင်။ တရစသော အဝိတက္ကစိတ်သည်။ သဝိတက္က စိတ်အပေါင်း၌။ လေ့လာသည်၏ အစွမ်းဖြင့်ဖြစ်၏ ထို့ကြောင့်—အကြံမများသွား။ သဝိတက္ကဝိတက်တို့၏ဖြစ်ခြင်းသည်၊ စိတ္တဘာဝနာ မည်၏။ တနည်းကား၊ ဒွေပဉ္စဝိညာဉ်ဟု ဆိုအပ်သော အဝိတက္ကစိတ်သည်။ ဝတ္ထုအာရုံကို ထိပ်တိုက်ခြင်းကြောင့်၊ အာရုံသို့ တက်နိုင်၏၊ ဒုတိယဈာန်စသော၊ အဝိတက္ကစိတ်သည်။ ပဌမဈာန် စသော၊ အောက်အောက်သော ဘာဝနာ၏အစွမ်းကြောင့် အာရုံသို့တက်နိုင်၏။

(၁၁၉) [illegible] ရသည် အာရုံ၌ အဘယ်ကဲ့သို့ [illegible] ဆင် ခြင်ခြင်းသျှ [illegible] ရယက်ကြမ်းတမ်းသော အနက်ကြောင့်လည်း [illegible] ရှေ့သွား ဖြစ်ခြင်းကြောင့်လည်း

အာရုံသို့ ရှေးရှုတင်ခြင်းဟူသော အနက်ကြောင့်ငင်း။ ရှေးဦးစွာထိုး အပ်သော, ခေါင်းလောင်းသံ ကဲ့သို့။ စိတ်၏ အာရုံ၌ ရှေးဦးစွာ ကျ ခြင်းသည်။ဝိတက်မည်၏။ ဝိတက်အောက် သိမ်မွေ့သည့်၏ အဖြစ် ကြောင့်ငင်း။ ဝိတက်အောက်မပြတ်နိုးသောသဘောကြောင့်ငင်း။အ ဘန်တလဲလဲ သုံးသတ်တပ်သော အနက်သဘောကြောင့်ငင်း။ခေါင်း လောင်း၏ ကြေးညဉ်းသောအသံကဲ့သို့။ စိတ်၏ အာရုံကို၊ နောက်၌ အဘန်တလဲလဲကျက်စားခြင်းသည်။ဝိစာရမည်၏။ဤကားဝိတက်, ဝိစာရတို့၏ အချုံသော ပထမစျာန်စိတ်။ ကာမာဝစရစိတ်၌, မကွေ မကွာသှဉ်သည်ရှိသော်၊ဤဆိုအပ်ခဲ့ပြီးသောအထူးကိုမှတ်အပ်၏။

(၁၂၀) တနည်းကား။ ဝိတက်သည် ကောင်းကင်သို့ ပျံတက် ခြင်းငှာအလိုရှိသောငှက်၏။ အတောင်ကိုခတ်ခြင်းကဲ့သို့ငင်း။ အနံ့သို့ အစဉ်လိုက်သော စိတ်ရှိသော ပိတုန်း၏။ ပဒုမ္မာကြာတောသို့, ရှေးရှု ကျခြင်းကဲ့သို့ငင်း။စိတ်၏ တုံလှုပ်သည်၏ အစွမ်းဖြင့်ဖြစ်ခြင်းသည်။ ဝိတက်မည်၏။ ။ဝိစာရသည်, ကောင်းကင်သို့ ပျံတက် ပြီးသော ငှက်၏။ အတောင် ကိုဆန့်တန်းခြင်း ကဲ့သို့ငင်း။ ပဒုမ္မာကြာတောသို့ ရှေးရှုကျသောပိတုန်း၏ အထက်၌, တေးရန် မရှိ သည်၏ အဖြစ်ကို စုံစမ်းခြင်းငှာ။ရစ်ဝဲခြင်းကဲ့သို့ငင်း။ စိတ်၏မတုံလှုပ်သည်၏ အစွမ်း ဖြင့်ဖြစ်ခြင်းသည်။ဝိစာရမည်၏။

(၁၂၁) ထိုနှစ်ပါးတို့တွင်၊ဝိတက်သည်။ ကာမဝိတက်။ဗျာပါဒ ဝိတက်။ဝိဟိံသဝိတက် ဟူ၍သုံးပါးရှိ၏။ ထိုတွင်—ချစ်အပ် မြတ်နိုး အပ်သော။သတ္တဝါ, သင်္ခါရတို့ကို ကြံသော ပုဂ္ဂိုလ်တို့အား။ ကာမ ဝိတက်ဖြစ်၏။မချစ်မနှစ်သက်သော။ သတ္တဝါသင်္ခါရတို့ကို။ အမျက် ထွက်၍၊ ကြည့်ရှုသော ကာလမှ။ ပျက်စီးသည် တိုင်အောင်သော ကာလသည်။ ဗျာပါဒဝိတက် မည်၏။ ဤသတ္တဝါသည်။ သေပါစေ သတည်း။ပျက်စီးပါစေသတည်း။ပြတ်ပါစေသတည်း ဟု။ ကြံစည် သောကာလသည်။ ဝိဟိံသဝိတက် မည်၏။ ဤကား—အကုသိုလ်ဝိ တက်သုံးပါးတည်း။တနည်းကား။နေက္ခမဝိတက်။အဗျာပါဒဝိတက်။ အဝိဟိံသဝိတက်၊ ဟူ၍ သုံးပါးရှိ၏။ ထိုတွင်—အသုဘဘာဝနာ၏

ရှေးအဘို့၌ ဖြစ်သော ဝိတက်သည်။ နေက္ခမ္မဝိတက် မည်၏။ မေတ္တာ ဘာဝနာ၏ ရှေးအဘို့၌ ဖြစ်သော ဝိတက်သည်။ အဗျာပါဒဝိတက် မည်၏။ ကရုဏာ၏ ရှေးအဘို့၌ ဖြစ်သော ဝိတက်သည်။ အဝိဟိံသ ဝိတက်မည်၏။ ဤကား—ကုသိုလ်ဝိတက် သုံးပါးတည်း။ ။ဝိတက် နှင့်ဝိစာရ အထူးကား။ ဝိတက်သည်။ စကားဆိုသည်၏ ရှေးအဘို့၌ ဖြစ်၏ ဝိစာရသည်။စကားဆိုသည်၏ နောက်အဘို့၌ဖြစ်၏။ တနည်း လည်း။ ဝိတက်သည်။ပကတိစေတသိက်၌ အတွင်းဝင်၏။ ဝိစာရ သည်။သဗ္ဗစိတ္တသာဓာရဏ၌ အတွင်းဝင်သော မနသိကာရ စေတ သိက်တည်း။ဤသို့သောအထူးကိုမှတ်အပ်၏။

(၁၂၂) ရူပကာယသမ္မုတ်စိတ်ကို။ရောင့်ရဲစေတတ်။ ပြည့် စေတတ်။ ပွားစေတတ်သော။ သဘောတရားသည်။ ပီတိ မည်၏။ ထိုပီတိသည်အာရုံကို နှစ်သက်မြတ်နိုးခြင်းလက္ခဏာရှိ၏။ အာရုံကို သင့်သျှော်လျောက်ပတ်သောအားဖြင့်။သူ့ခြင်းဟူလိုဝ်။ ဥပမာ အား ဖြင့်ပြည့်တန်ပဋ္ဌာန်များရတနာကိုရခြင်းကဲ့သို့ မှတ်အပ်၏။ ။ထိုပီတိ သည်။ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ။ ဩက္ကန္တိကာပီတိ။ ဥဗ္ဗေဂါပီတိ။ ဖရဏာပီတိ ဟူ၍ငါးပါးရှိ၏။ ထိုတွင်—ကိုယ်၌ ကြက်သီး မွေး ညှင်းထခါမျှဖြစ်သော ပီတိသည်၊ ခုဒ္ဒကာပီတိ မည်၏။ ခဏတိုင်း ခဏတိုင်းလျှပ်စစ် ပြက်သည်နှင့် တူသည်ဖြစ်၍၊ အကြိမ် များစွာ ဖြစ်သောပီတိသည်။ခဏိကာပီတိမည်၏။လှိုင်းထပိုးသည်၊ သမုဒ္ဒရာ ကမ်းသို့ သက်၍သက်၍ ပျက်၏သို့။ဩမိခန္ဓာသို့သက်၍ သက်၍ ပျက် သောပီတိသည် ဩက္ကန္တိကာပီတိမည်၏၊ အားရှိသည်ဖြစ်၍၊ ကိုယ် ကိုအသက်သွင်းပြီးတက်သည်ကိုပြု၍ ကောင်းကင်၌ လေပျံ့တတ်သော။ ငှမ်းပုံကဲ့သို့။ဘက်ကြွ ချဘက်စေခြင်းအတိုင်းအရှည်သို့ရောက်သော ပီတိသည်၊ ဥဗ္ဗေဂါပီတိမည်၏ လေဖြင့် ပြည့်သော။ စည်ပေါင်းကဲ့သို့ ရေး သည်းစွာသော တောင်ကျချောင်းရေအလျဉ်သည် ဝိုးဝင်သော ဘောင်ငှမ်းကဲ့သို့ရင်း၊ အလုံးစုံသော ခန္ဓာကိုယ် အလုံးကို။ အစဉ် မပြတ် သက်ဝန်းကျင်၍၊ တွေ့နှံ့အပ်သော ပီတိ သည်။ ဖရဏာပီတိ မည်၏။

(၁၂၃) ထိုပါးပါးတို့တွင်။ ဥဗ္ဗေဂါပီတိသည်။ ကောင်းကင်သို့ ပျံတက်စေနိုင်သော။ အားနှင့်ပြည့်စုံသော်လည်း။ ဖရဏာပီတိသည်၊ မတုံမလှုပ်အမြဲ တည်ရကား၊ ဥဗ္ဗေဂါပီတိထက်။ ဖရဏာပီတိသည်သာလျှင်။အလွန်မြတ်၏ဟုမှတ်အပ်၏။ ထိုမှအပါး ခုဒ္ဒကာပီတိသည်၊လျှပ်စစ်ကြက်သီးမွေးညှင်းထခါမျှဖြစ်၍ ပျက်သည်ဖြစ်သော် တဘန်ထပ်၍မဖြစ်။ခဏိကာပီတိသည် အကြိမ်များစွာထင်၍ဖြစ်၏။ ဆိုအပ်ပြီးသော။ပါးပါးသောပီတိသည်၊ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ တည်းဟူသော။ သားကိုဘွားမြင်၏။ ပဿဒ္ဓိသည်။ ကာယိကသုခ။ စေတသိကသုခ။ တည်းဟူသော သားကိုဘွားမြင်၏။ သုခသည်။ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ တည်းဟူသော သားကိုဘွားမြင်၏၊ ထိုကြောင့်—ပီတိ၏သားကား ပဿဒ္ဓိ ပဿဒ္ဓိ၏ သားကား သုခ၊သုခ၏ သားကား သမာဓိ ဟူ၍ အဋ္ဌကထာဆရာ။ ဥပမာပြတော်မူ၏၊ ပီတိနှင့် ပါမောဇ္ဇ အထူးကား။ အနည်းငယ် နှစ်သက်ခြင်းသည်။ ပါမောဇ္ဇမည်၏။ အားကြီးသော နှစ်သက်ခြင်းသည်။ပီတိမည်၏ ပီတိနှင့်သုခ တို့သည်။ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာတူကြသော်လည်း။ ဣဋ္ဌာရုံကိုရခြင်း၌ အဘွဲ့ဖြင့်နှစ်သက်ခြင်းသည်ပီတိမည်၏။ ရအပ်ပြီးသော အာရုံ၏ အရသာကို ခံစားခြင်းသည် သုခ မည်၏။

(၁၂၄) သမ္ပယုတ် တရားတို့ကို၊ ချမ်းသာစေတတ်သော။ သဘောတရားသည်။သုခ မည်၏ ထိုသုခသည်။ ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ ဖဿ အစရှိသော။ တရားတို့သည်လည်း၊ အာရုံ၏ အရသာကိုခံစားကုန်၏။ ထိုသို့ခံစားခြင်းတူသော်လည်း။ စားတော်ကဲသည်။အရသာတစိတ်ကိုသာ ခံစားရသကဲ့သို့။ ဖဿ အစရှိသောတရားတို့သည်။အာရုံ၏အရသာ။တစိတ်ကိုသာ ခံစားကုန်၏၊ မင်းသည်အလိုရှိတိုင်း အစိုးတရ ခံစားသကဲ့သို့။ သုခဝေဒနာသည်။ အာရုံ၏အရသာကိုအစိုးတရခံစား၏။ ပီတိသုခတို့တွင်။ မြင်၍ နှစ်သက်ခြင်းသည်၊ ပီတိမည်၏။ မြင်အပ်ပြီးသော။ အာရုံကို ခံစားခြင်းသည်။သုခမည်၏။ လောကဥပမာအားဖြင့်။ နွေဥတု ခရီးခဲသို့ သွားခြင်းကြောင့်။ ပင်ပန်းသော သူ၏။ တောအုပ်၌ ရေကို မြင်ခြင်းကဲ့သို့။

ပိတ်ကိုမှတ်အပ်၏။မြင်အပ်ပြီးသောရေကိုသုံးဆောင်ခံစားခြင်းကဲ့သို့ သုခကိုမှတ်အပ်၏။ တနည်း။ ပီတိသည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏။သုခသည် ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်၏။

(၁၂၅) တခုသောအာရုံဟုဆိုအပ်သော။ အတူ အစု ရှိသော စိတ်၏အဖြစ်သည်။ဧကဂ္ဂတာမည်၏။ထိုဧကဂ္ဂတာဟူသည်။သမ္မာဓိ ရ၏။ထိုသမာဓိသည်။ မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ထိုသမ္မာဓိ၏ အစွမ်းဖြင့်။ဧကဂ္ဂတာနှင့်ယှဉ်သော။ ဥဒ္ဒစ္စသည် မပျံ့လွင့်ခြင်းလက္ခဏာရှိ၏။ဥဒ္ဒစ္စသည်။ အာရုံ၌ပျံ့လွင့်၏ဟု ဆိုပြားသော်လည်း။ မိမိနှင့် သဘောတူသော။ ဥဒ္ဒစ္စစေတသိက်နှင့်။ ဥဒ္ဒစ္စစိတ်တို့၏ ယှဉ်သော အခါ၌သာလျှင်ပျံ့လွင့်သည်။ကိုယ်စိတ်တူသော လူဆိုးနှစ်ဦးကဲ့သို့။ ဥပမာကို မှတ်အပ်၏။ သဘောမတူ။ မိမိသက် တန်းခိုးကြီးသော။ သမာဓိဟုဆိုအပ်သော။ဧကဂ္ဂတာနှင့် ယှဉ်သောအခါ။ အာရုံ၌ မပျံ့ လွင့်မူ၍။တည်ကြည်စွာဖြစ်ခြင်းသဘောရှိ၏။ အစိုးရမင်းတို့ ရောက် သောအရပ်၌။ လူဆိုးများမဆိုးဘဲသကဲ့သို့။ ဥပမာကိုမှတ်အပ်၏။

(၁၂၆) အာရုံ၌ကား။ဥပနိဗ္ဗန္ဓာယတိ၀ီရိယာနုံ။ဟူသည်နှင့် အညီ။ ပထဝီကသိုဏ်း စသောအာရုံသို့ကပ်၍ ရှုတတ်သောကြောင့်။ ဈာန် မည်၏။ တနည်း။ ပစ္စနိကဓမ္မေ ဈာပေတီတိ ဈာနံ။ ဟူသည်နှင့် အညီ။သန့်ကျင်ဘက်ဖြစ်သော။ ကာမစ္ဆန္ဒ စသော။ နီဝရဏ တရား တို့ကိုဖုတ်ကြည်း တတ်သောကြောင့် ဈာန် မည်၏။ ဤသို့ ကသိုဏ်း စသော အာရုံသို့ကပ်၍ရှုခြင်းကိစ္စ။ နီဝရဏတို့ကို ဖုတ်ကြည်း တတ် သော ကိစ္စနှစ်ပါး ရှိခြင်းကြောင့်။ ဝိတက် စသော ငါးပါးသော စေတ သိက်တရားတို့ကိုသာလျှင်၊ ဈာန်ဟု ခေါ်ဝေါ်အပ်၏။ ဖဿ အစရှိ သော။အပါးသော စေတသိက်တို့သည်၊ ဆိုအပ်ပြီးသော ကိစ္စနှစ်ပါး မရှိခြင်းကြောင့် ဈာန်ဟု မခေါ်ဝေါ်အပ်ကုန်။

(၁၂၇) ထိုဈာန်ကို ဥပမာအားဖြင့် မှတ်သော်ကား။ ရထား ဟူသော၊ ပဉ္စင်္ဂ ဘက် တေးသည်။ အကွက်၊ အကျုံး၊ ပုန်းတောင်း၊ အနှံသော အင်္ဂါတို့ကိုစေါ်ဝေါ် သည်မဟုတ် အပေါင်း အစု ဖြစ်သော အင်္ဂါကိုသာ ခေါ်ဝေါ် ရာတွင်သကဲ့သို့ ဝိတက် စသော

ဈာန်အင်္ဂါငါးပါးအပေါင်း။ ဝိစာရစသော ဈာန်အင်္ဂါ လေးပါး အပေါင်း။ ပီတိစသောဈာန်အင်္ဂါသုံးပါးအပေါင်း။ သုခစသော ဈာန်အင်္ဂါနှစ်ပါးအပေါင်း၊ ဥပေက္ခာစသော ဈာန်အင်္ဂါနှစ်ပါးအပေါင်း။ တို့ကိုသာဈာန်ဟူ၍ခေါ် လေသည်၊ ဝိတက်စသော အစိတ်အစိတ်မှာမူကား။ ဈာန်၏အင်္ဂါမျှသာဖြစ်သည်။ ရထဗ္ဘာရား ငါးပါးတို့တွင်၊ အစိတ်အစိတ်သော။ သူ့အသက်ကိုသတ်ခြင်း စသော ဒုစရိုက်ကို။ ပါဏာတိပါတစသော။ အစိတ်အစိတ်သော။ ဒသတို့သည် ပယ်သကဲ့သို့။ ထိန၊ မိဒ္ဓ၊ နီဝရဏကို၊ ဝိတက်ဈာန်။ ဝိစိကိစ္ဆာနီဝရဏကို။ ဝိစာရဈာန်။ ဗျာပါဒနီဝရဏကို။ ပီတိဈာန်။ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏကို၊ သုခဈာန်။ ကာမစ္ဆန္ဒနီဝရဏကို။ ဧကဂ္ဂတာဈာန်။ ဤသို့အစိတ်အစိတ်သောဈာန်သည်၊ အစိတ်အစိတ်သော။ နီဝရဏတို့ကိုသာ ပယ်လေသည်၊ အဘိဇ္ဈာနီဝရဏကိုကား။ ဈာန်အင်္ဂါဖြင့် မပယ်နိုင်ကုန်၊ အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်ကုန်၏။ မာန ကိုလည်း။ ဤနည်းတူမှတ်အပ်၏၊ ထိုဈာန်သည်အာရမ္မဏူပနိဇ္ဈာနဈာန်။ လက္ခဏူပနိဇ္ဈာနဈာန်အားဖြင့်၊ နှစ်ပါးရှိ၏။ ထိုတွင်—သမာပတ်ရှစ်ပါးသည်။ အာရမ္မဏူပနိဇ္ဈာနဈာန်မည်၏။ ဝိပဿနာ၊ မဂ်၊ ဖိုလ်သည် လက္ခဏူပနိဇ္ဈာနဈာန်မည်၏၊ ဤရူပစိတ်ခန်းကား။ အာရမ္မဏူပနိဇ္ဈာနဈာန်ကိုသာအလိုရှိအပ်၏။

(၁၂၈) ဥပေက္ခာဝေဒနာကို ထည့်၍၊ ဈာန်အင်္ဂါ ခြောက်ပါး ပြားသင့်ငြား သော်လည်း။ ဥပေက္ခာဝေဒနာသည် ငြိမ်သက်သော။ သဘောရှိသောကြောင့်။ သုခဝေဒနာ၌သွင်းရကား။ ဈာန်အင်္ဂါ ငါးပါး သာပြားရ၏။ ထိုသို့ ငါးပါးပင် ပြားသော်လည်း၊ ဈာန်ငါးပါးကို အသိဝေဘန်သည်ရှိသော်။ ပဉ္စမဈာန်၏အရာ၌၊ ဥပေက္ခာဟု ဆိုအပ်သောဈာန်အင်္ဂါကို၊ ထုတ်ဖော် ၍ဝေဘန်ရသည်။ ဈာန်သည် ပဉ္စကနည်းအားဖြင့်ငါးပါး။ စတုက္က နည်းအားဖြင့်လေးပါး။ ထိုတွင်—စတုက္ကနည်းသည်။ ပဉ္စကနည်း၌ အကျုံးဝင်သောကြောင့်။ စတုက္ကနည်းကိုမပြု၍ ပဉ္စကနည်းကိုသာ။ ရှင်အနုရုဒ္ဓါ ပြတော်မူ၏။ ။ စတုက္ကနည်းကိုဆိုလိုမူ၊ ဝိတက္ကဝိစာရ။ ပီတိသုခေကဂ္ဂတာ သဟိတံ ပဌမဇ္ဈာနကုသလစိတ္တံ။ ပီတိသုခေကဂ္ဂတာသဟိတံ။ ဒုတိယဇ္ဈာန

ကုသလစိတ္တံ။ သုခေ ကဂ္ဂတာ သဟိတံ။ တတိယဈာန ကုသလ စိတ္တံ။ ဥပေက္ခာကဂ္ဂတာ သဟိတံ။ စတုတ္ထဈာန ကုသလစိတ္တဉ္စေ တိဣမာနိ စတ္တာရိပိ။ ရူပါဝစရ ကုသလ စိတ္တာနိ နာမ, ဟုဆို အပ်၏။ဝိပါက်ကြိယာတို့၌နည်းတူပင်တည်း။ ဤသို့ စတုက္က နည်း ယူလျှင်။ရူပါဝစရစိတ် တဆယ့်နှစ်ပါး ဖြစ်၏။

(၁၂၉) ထိုနည်းနှစ်ပါးတို့တွင်။ ဝိတက်,ဝိစာရ, ဈာန်အင်္ဂါ နှစ်ပါးကို။တပြိုင်နက်လွန်မြောက်အောင်။ပွားများနိုင်သော။ ထက်သော ပညိန္ဒြေရှိသော။တိက္ခဉာဏိက ပုဂ္ဂိုလ်အား။ စတုက္ကနည်း။ ဝိတက် ဝိစာရဈာန်အင်္ဂါနှစ်ပါးကို။ တခုစီသာလွန် မြောက်အောင် ပွားများ နိုင်သော။မထက်လွန်းသော။ပညိန္ဒြေရှိသော။ နာတိတိက္ခပုဂ္ဂိုလ်အား ပဉ္စကနည်း။ဤသို့ပုဂ္ဂလဇ္ဈာသယ။ ဒေသနာဝိလာသ၏ အစွမ်းဖြင့်။ စတုက္ကနည်း။ပဉ္စကနည်း ဟူ၍။ မြတ်စွာဘုရား။ နှစ်ပါး ဟောတော် မူသည်။ ။ဈာန်ဟူသည်။ သမာဓိပင်တည်း။ ထိုသမာဓိ သည် လည်း။ သဝိတက္က သဝိစာရသမာဓိ။ အဝိတက္ကဝိစာရမတ္တသမာဓိ။ အဝိတက္ကအဝိစာရသမာဓိ။ အားဖြင့် သုံးပါးရှိ၏။ ထိုတွင်—ပဌမ ဈာန်သမာဓိသည်။ သဝိတက္ကသဝိစာရသမာဓိမည်၏။ ဒုတိယဈာန် သမာဓိသည်။ အဝိတက္က ဝိစာရမတ္တ သမာဓိ မည်၏။ တတိယ။ စတုတ္ထ။ပဉ္စမဈာန်သမာဓိသည်။အဝိတက္ကအဝိစာရသမာဓိမည်၏။

(၁၃၀) ထိုသုံးပါးတို့တွင်။ သဝိတက္ကသဝိစာရသမာဓိ။ အဝိ တက္ကအဝိစာရသမာဓိနှစ်ပါးကိုပြလို၍။ စတုက္ကနည်းကိုဟောတော် မူသည်။အဝိတက္ကဝိစာရမတ္တသမာဓိကိုပြလို၍။ ပဉ္စကနည်းကိုဟော တော်မူသည်။ ပဉ္စကနည်း၌ ဒုတိယဈာန်ကို။ စတုက္ကနည်း၌ ဒုတိ ယဈာန်သို့။ သွင်းသည်ကို ပြု၍ ဟော [illegible] အပ်၏။ ။ပဉ္စကနည်း၌ ဒုတိယဈာန်သည်။ သဝိစာရဖြစ်၍ စတုက္ကနည်း။ ပဌမဈာန်၌သာ။ ထည့်သွင်းအပ်သော် စတုက္ကနည်း။ ဒုတိယဈာန်၌ ထည့်သွင်းခြင်း၏ အကြောင်းကား ဧကတ္တကာယ နာနတ္တသညီ သတ္တာဝါသ, အကျိုး၏ အဖြစ်ဖြင့် ဒုတိယဈာန်နှင့်တူသော အကျိုးရှိသည်၏ အဖြစ်ကြောင့် ၎င်း။ ပဌမဈာန်သမာဓိ၏ဖြစ်သည်၏အဖြစ်ကြောင့်၎င်း။ ဒုတိယဈာန်

သို့သာထည့်သွင်းအပ်၏။ ပထမဈာန်သို့ မထည့်သွင်းအပ်၊ ပဉ္စက နည်း၌၊ဒုတိယဈာန်ကို။စတုက္ကနည်း၌၊ ပထမဈာန်သို့၊ သုတ္တန် နည်း အားဖြင့်။ထည့်သွင်းအပ်သည်မဟုတ်လောဟူငြားအံ့။ မထည့်သွင်း အပ်၊ပဉ္စကနည်း၌။ဒုတိယဈာန်, တတိယဈာန်, နှစ်ပါးကိုသာ ပေါင်း အပ်၏။

(၁၃၁) ကာမာဝစရစိတ်၌ကဲ့သို့။သင်္ခါရအပြားကိုမဆိုခြင်း၏ အကြောင်းမှာ။ရှေးအကြောင်း သက်သက်ကြောင့်မဖြစ်ရကား။ အ သင်္ခါရိကလည်းမဟုတ်။ ယခုရှိ ဘဲ အကြောင်းသက်သက်ကြောင့် မဖြစ်ရကား။သသင်္ခါရိကလည်းမဟုတ်။ထို့ကြောင့်—သင်္ခါရ အမည် ထူးကို ရူပစိတ်၌ မရအပ်၊ ဤနည်းကား။ အလုံးစုံသော ဈာန်၏။ ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းဖြင့်သာလျှင်။ ဖြစ်သည်၏ အဖြစ်ကြောင့်။ တရံတဆစ် အသင်္ခါရိက အဖြစ်သည်မရှိ၊ ထို့ကြောင့်—အသင်္ခါရိက ဟူ၍လည်းမဆိုအပ်။ စင်စစ်သသင်္ခါရိက ဖြစ်၍၊ ထိုသသင်္ခါရိက အဖြစ်၌။လျဉ်းပါးဘွယ် မရှိသောကြောင့်။ သသင်္ခါရိက ဟူ၍လည်း မဆိုအပ်။ ထိုသို့ မဆိုအပ်သော်လည်း။ မဂ္ဂါဓိဂမသုတ္တ အားဖြင့်။ ရအပ်သောဈာန်၏လည်းကောင်း။ သမထာနုယောဂ၏ အစွမ်းဖြင့် ရအပ်သောဈာန်၏လည်းကောင်း။ပုဗ္ဗာဘိသင်္ခါရ။ ပရိကမ္မဘာဝနာ ဟုဆိုအပ်သော။ ပယောဂကင်း၍ မဖြစ်ခြင်းကြောင့်။ သသင်္ခါရိက ဟူ၍မှတ်အပ်၏။

(၁၃၂) သမ္ဘဝမရှိသောကြောင့်။ အသင်္ခါရိက ဟူ၍လည်းမဆို အပ်၊ ဗျဘိစာရမရှိသောကြောင့်၊ သသင်္ခါရိကဟူ၍လည်းမဆိုအပ်။ သမ္ဘဝဗျဘိစာရနှင့်မှ-ဝိသေသန, မ, ရခြင်းအကျိုးရှိ၏။ သမ္ဘဝဗျဘိ စာရ ဟူသည်။ အကြောင်း အကျိုးမျှဟူ၍ ဆရာကြီးတို့ဆိုကုန်၏။ သမ္ပယုတ်။ဝိပ္ပယုတ်နှစ်ပါးတို့တွင်။ ဝိဟိတ်စိတ်သာလျှင်ဖြစ်သော ကြောင့်။ ဉာဏသမ္ပယုတ်စိတ် ဟူ၍ မှတ်အပ်၏။ သောမနဿ။ ဥပေက္ခာနှစ်ပါးတို့တွင်။ ပထမဈာန်။ ဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန်, လေးပါးသည်။ သုခဝေဒနာ နှင့် ယှဉ်ရကား။ သောမ နဿမည်၏။ ပဉ္စမဈာန်စိတ်သည်။ဥပေက္ခာဝေဒနာနှင့် ယှဉ်ရကား။

ဥပေက္ခာ မည်၏။ ထို့ကြောင့်—ရူပါဝစရ စိတ် တဆယ့်ငါးပါး ၌။ သောမနဿ တဆယ့်နှစ်။ဥပေက္ခာ သုံးခု ဟူ၍မှတ်အပ်၏။

(၁၃၃) နိဂုံး၌ ဝိ သဒ္ဒါဖြင့်။စတုက္ကနည်းလေးပါး။ ပဥ္စကနည်း ငါးပါးကိုပေါင်း၍သက်သက်သော သုဒ္ဓိကနဝကတပါး။ ၎င်းကိုပဋိ ပဒါ, စတုက္ကနှင့်မြှောက်။ပဋိပဒါနဝကလေးပါးဖြစ်၏။တဖန် သုဒ္ဓိက နဝကကိုလည်း၊ အာရမ္မဏစတုက္ကနှင့်မြှောက်။ အာရမ္မဏနဝကလေး ပါးဖြစ်၏။ သုဒ္ဓိကနဝကတပါး။ ပဋိပဒါနဝကလေးပါး။ အာရမ္မဏ နဝကလေးပါး။သုံးရပ်ပေါင်းနဝကကိုးပါးဖြစ်၏။ပဋိပဒါစတုက္ကကို အာရမ္မဏစတုက္ကနှင့်မြှောက် (၁၆) ပါးဖြစ်၏။ ၎င်း (၁၆) ပါးနှင့် သုဒ္ဓိကနဝကတပါးကိုမြှောက်။ နဝက (၁၆) ပါးရ၏။ ၎င်း နဝက (၁၆) ပါးနှင့်။ယခင်နဝကကိုးပါးကိုပေါင်း။နဝက နှစ်ဆယ့်ငါးပါး ဖြစ်၏။၎င်း (၂၅) ပါးနှင့်။ ပထဝီအစ, ဩဒါတ အဆုံးရှိသော။ က သိုဏ်းရှစ်ပါးနှင့်မြှောက်၊နှစ်ရာဖြစ်၏။ယခင်နဝက(၂၅)ပါးတို့တွင်။ သုဒ္ဓိကနဝကတပါး။ ပဋိပဒါနဝက လေးပါး။ အာရမ္မဏ နဝက နှစ်ပါး။ ပဋိပဒါရမ္မဏနဝက ရှစ်ပါး။ ပေါင်း (၁၅) ပါးကိုလည်း၊ အဘိဘာယတန ရှစ်ပါး တို့တွင်။ ရှေးလေးပါးနှင့် မြှောက်။ နဝက ပေါင်း (၆၀) ဖြစ်၏။ ယခင် နဝက (၂၅) ကိုလည်း၊ နောက် အဘိ ဘာယတနလေးပါးနှင့်မြှောက်။ နဝက နှစ်ရာ ဖြစ်၏။ ယခင် နဝက (၂၅)ကိုလည်း။ဝိမောက္ခသုံးပါးနှင့်မြှောက်။နဝက(၇၅)ဖြစ်၏။ယခင် နဝက(၂၅)ပါးကို။စတုက္ကရာနှင့်, ကေဠွဖရာနှင့် တခု။ ပဥ္စကရာနှင့်မှ, [illegible]နှင့်[illegible]ချနုတ်၍၊သဋ္ဌကပြုပြီးလျှင်။သဋ္ဌက (၂၅)ပါးကိုလည်း ဖြပုဒ်ဘာရတ[illegible]လေး[illegible]၊ [illegible]။ကရုဏာ။မုဒိတာ,ရှေ့သုံး ပါးနှင့်မြှောက်၊သဋ္ဌက [illegible](၂[illegible])ပါးဖြစ်၏၊ယခင်နုတ်၍ထားခဲ့ သော ရာ(၂[illegible])[illegible]ကိုလည်း။ ဥပေက္ခာ ဖြဟ္မဝိဟာရ တပါးနှင့် မြှောက် ဘေက (၂[illegible]) ပါးဖြစ်၏၊ပသ[illegible]ရှုံ၍ အစွမ်းဖြင့် ဘေက [illegible] ဘေက(၂[illegible]) [illegible]ကို[illegible]အာ[illegible]ဘာဒယ[illegible]နှင့်မြှောက်(၂[illegible]၀) [illegible]၏ ဤအ[illegible]ရှိသော [illegible]နှင့်ပြားကို ပေါင်း၍၊ [illegible]ပါက်ကြွယာ [illegible]၌[illegible]သည်းနည်း[illegible]မြှောက်အပ်၏

(၁၃၄) ကာမာဝစရကုသိုလ်ကဲ့သို့။ ရူပါဝစရ။အရူပါဝစရ။ လောကုတ္တရာ ကုသိုလ်တို့သည်လည်း။ မတူသော အကျိုးကိုပေးသည်မဟုတ်၊ ရူပါဝစရ။ အရူပါဝစရ ကုသိုလ်တို့မှာ။ အနန္တရပယ် မန့်သည်ရှိသော်။ဥပပဇ္ဇဝေဒနီယကံ၏ အစွမ်းဖြင့်။ အခြားမဲ့ဘဝ၌ အကျိုးပေးခြင်းမြဲသောကြောင့်။ တူသောအကျိုးကိုသာပေးသည်။ လောကုတ္တရာကုသိုလ်ကား မိမိအခြားမဲ့၌ အကျိုးပေးခြင်းမြဲသောကြောင့်။ တူသောအကျိုးကိုသာပေးသည်။ ကာမာဝစရ ကုသိုလ်သည်ကား။ဒိဋ္ဌဓမ္မစသည်တို့၏အစွမ်းဖြင့်။အထူးထူးသောကာလ၌ အကျိုးပေးခြင်းကို ပြုတတ် သောကြောင့်။• မိမိနှင့် တူ, မတူ,သော အကျိုးကိုပေးတတ်၏။ထို့ကြောင့်=ရူပါဝစရ ဝိပါက်စိတ်ကိုလည်း။ အကြောင်းဖြစ်သော ကုသိုလ်ဈာန်နှင့် အတူသာလျှင်။ ဈာန်ငါးပါးကို ဝေဘန်အပ်၏။ လောကူပမာ အားဖြင့်။ ဆင်ကောင်, မြင်းကောင်, ဘောင်, စသည်တို့၏ အရိပ်သည်။ ဆင် စသည်တို့နှင့်တူကုန်သကဲ့သို့တည်း။ဆိုလတ့ံသော။အရူပ။ လောကုတ္တရာဝိပါက် တို့၌လည်း။ နည်းတူသိအပ်၏။

(၁၃၅) ပဋိပဒါဟူသည်၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည်မှစ၍။ အကြင်၍လောက်။ထိုထိုသို့သောဈာန်၏။ဥပစာရသည်ဖြစ်၏။ ထို၍လောက်ဖြစ်သော။သမာဓိဘာဝနာသည်။ ပဋိပဒါမည်၏။ ဥပစာရဈာန်ဖြစ်သည်မှစ၍ အကြင်ရွေ့လောက်။အပ္ပနာဖြစ်၏။ထို၍လောက်ဖြစ်သောပညာသည်။ အဘိညာမည်၏။ အောက်ပညာမှ ထူးသောပညာသည်အဘိညာမည်၏။ဥပစာရဈာန်ဟူသည်။နီဝရဏာဘိရေး။ ဝိတက်ဝိစာရ၌၊ နိကန္တိ စသည်တို့၏ငြိမ်းခြင်း၌ မြဲမြံသည်ဖြစ်၍ ဖြစ်သော။ ကာမာဝစရဈာန်တည်း။ ထိုပဋိပဒါသည်။ အချို့သောသူအား။နီဝရဏ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော တရားတို့၏။ ဖြစ်ခြင်းကိုယူခြင်းကြောင့်။ဒုက္ခဖြစ်၏။ အချို့သောသူအား။ထိုတရားတို့၏။ဖြစ်ခြင်းကိုမယူခြင်းကြောင့်။သုခဖြစ်၏။ အဘိညာသည်လည်း အချို့သောသူအားနှေး၏။အချို့သော သူအားလျှင်မြန်၏။

(၁၃၆) အကြင်သူသည်။ အသပ္ပါယကို မှီဝဲ၏။ ထိုသူအား။ ဒုက္ခပဋိပဒါဒန္ဓာဘိညာဖြစ်၏။ သပ္ပါယကိုမှီဝဲသောသူအား။ သုခ

ပဋိပဒါခိပ္ပါဘိညာဖြစ်၏။ ရှေးအဘို့၌ အသပ္ပါယကိုမြဲ၍ နောက်အဘို့၌၊သပ္ပါယကိုမြဲသောသူအား။ဒုက္ခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ ရှေးအဘို့၌။ သပ္ပါယကိုမြဲ၍၊ နောက်အဘို့၌၊ အသပ္ပါယကိုမြဲသောသူအား၊ သုခပဋိပဒါဒန္ဓာဘိညာဖြစ်၏။ ရှေးအဘို့၊နောက်အဘို့တို့၌၊သပ္ပါယကိုမြဲသောသူအား။ သုခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ တဏှာနှိပ်စက်သောသူအား။ ဒုက္ခပဋိပဒါ။ တဏှာ မနှိပ်စက်သောသူအား။သုခပဋိပဒါ။ အဝိဇ္ဇာ နှိပ်စက်သောသူအား။ ဒန္ဓာဘိညာ။ အဝိဇ္ဇာမနှိပ်စက်သောသူအား။ခိပ္ပါဘိညာ။ သမထ၌ မပြုအပ်သော အဓိကာရရှိသောပုဂ္ဂိုလ်အား။ ဒုက္ခပဋိပဒါ။ သမထ၌ပြုအပ်သော။ အဓိကာရရှိသော ပုဂ္ဂိုလ်အား။ သုခ ပဋိပဒါ။ ။[အဓိကာရဟူသည်။ရှေးဆုတောင်းတည်း။]

(၁၃၇) ဝိပဿနာ၌ပြုအပ်သော။အဓိကာရမရှိသော။ ပုဂ္ဂိုလ်အား,ဒန္ဓာဘိညာ။ဝိပဿနာ၌ပြုအင်သောအဓိကာရရှိသော ပုဂ္ဂိုလ်အား။ခိပ္ပါဘိညာ။ဤသို့ အဝိဇ္ဇာတဏှာတို့၏အစွမ်းဖြင့်လည်းကောင်း။ သမထဝိပဿနာတို့၏ အစွမ်းဖြင့်ရင်း။ ပဋိပဒါ အဘိညာ၌ တို့သည်။ (၁) ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာ။ (၂) ဒုက္ခ ပဋိပဒါ ခိပ္ပါဘိညာ။ (၃) သုခပဋိပဒါဒန္ဓာဘိညာ။ (၄) သုခပဋိပဒါခိပ္ပါဘိညာ။ ဟူ၍ လေးပါးရှိ၏။ ထိုတွင်—ဆင်းရဲစွာ ကျင့်ရ၍။ နှေးနှေးစွာ သိရခြင်းသည်။ဒုက္ခပဋိပဒါဒန္ဓာဘိညာမည်၏။ဆင်းရဲစွာကျင့်ရ၍။ လျင်မြန်စွာသိရခြင်းသည်။ဒုက္ခပဋိပဒါခိပ္ပါဘိညာမည်၏။ချမ်းသာစွာ ကျင့်ရ၍၊နှေးနှေးစွာသိရခြင်းသည်၊ သုခပဋိပဒါဒန္ဓာဘိညာမည်၏။ ချမ်းသာစွာကျင့်ရ၍၊ လျင်မြန်စွာသိရခြင်းသည်။ သုခပဋိပဒါခိပ္ပါဘိညာမည်၏၊

(၁၃၈) ထိုပဋိပဒါသည်၊ သမထပဋိပတ္တိ။ ဝိပဿနာပဋိပတ္တိအားဖြင့်နှစ်ပါးတို့တွင်။ ဤ၌ ရူပါဝစရစိတ်၌ကား သမထ ပဋိပတ္တိကိုအလိုရှိအပ်၏၊အာရမ္မဏာဘေဒ၌ အာရုံလေးပါး ဟူသော်ကား။ (၁) ပရိတ္တပရိတ္တာရမ္မဏ၊ (၂) ပရိတ္တအပ္ပမာဏာရမ္မဏ။ (၃) အပ္ပမာဏ အပ္ပမာဏာ ရမ္မဏ၊ (၄) အပ္ပမာဏ ပရိတ္တာ ရမ္မဏ။

အားဖြင့်လေးပါးတည်း။ ထိုတွင်—အကြင်ဈာန်သည်၊ ငါးပါးသော ဝသီဘော်ဖြင့်။မလေ့လာအပ်သည်ဖြစ်၍၊ အထက်ဈာန်၏ အကြောင်း ဖြစ်ခြင်းငှာမဟုတ်နိုင်။ဤဈာန်သည်ပရိတ္တမည်၏။အကြင်ဈာန်သည်။ စကြာဝဠာ အဆုံး တိုင်အောင် လည်းကောင်း၊ အလိုရှိအပ်သော အရပ်ချဲ့သောကသိုဏ်း။မကြီးမပွား၊ ကွက်မန်း, စကောမော့တော ကဲ့သို့သော အာရုံရှိဖြစ်၏။ထိုဈာန်သည်။ပရိတ္တာရမ္မဏမည်၏။

(၁၃၉) အကြင်ဈာန်သည်၊ ငါးပါးသောဝသီဘော်ဖြင့်၊ ကောင်း စွာလေ့လာ ပွားများအပ်သည်ဖြစ်၍၊ အထက်ဈာန်၏ အကြောင်း ဖြစ်ခြင်းငှာဟုတ်နိုင်၏၊ ထိုဈာန်သည်အပ္ပမာဏမည်၏။ အကြင်ဈာန် သည် စကြာဝဠာအဆုံးတိုင်အောင်ရှိ။ အလိုရှိအပ်သော အပိုင်း အခြားမျှရှိ။ ပွားစေအပ်သည်ဖြစ်၍၊ ကျယ်သော အာရုံရှိဖြစ်၏။ ထိုဈာန်သည်အပ္ပမာဏာရမ္မဏမည်၏။ဆိုအပ်ပြီးသောလက္ခဏာကို ပြန့်သောအားဖြင့်။ဝေါမိဿကနည်းကိုသိအပ်၏၊ ထို့ကြောင့်—ငယ် သောအာရုံ။နည်းသောအာနုဘော်ရှိသောဈာန်သည်၊ ပရိတ္တပရိတ္တာ ရမ္မဏမည်၏။ ငယ်သောအာရုံ ကြီးပွားသော အာနုဘော်ရှိသော ဈာန်သည်။ ပရိတ္တအပ္ပမာဏာရမ္မဏ မည်၏။ ကြီးပွားသောအာရုံ။ ငယ်သော အာနုဘော်ရှိသော ဈာန်သည်၊ အပ္ပမာဏပရိတ္တာရမ္မဏ မည်၏။ကြီးပွားသောအာရုံ။ ကြီးပွားသော အာနုဘော်ရှိသော ဈာန် သည်။ အပ္ပမာဏ အပ္ပမာဏာရမ္မဏ မည်၏။ ။ဝိမောက္ခသည်။ သုညတဝိမောက္ခ၊အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ ဟူ၍ သုံးပါးရှိ၏။ထိုတွင်—အနတ္တမှ ဆိုက်သည်ဖြစ်၍၊ သံယောဇဉ်မှ လွတ် သောဈာန်သည်၊သုညတဝိမောက္ခမည်၏။နိစ္စနိမိတ်,မရှိသည်ဖြစ်၍။ သံယောဇဉ်မှ လွတ်သောဈာန်သည်။ အနိမိတ္တဝိမောက္ခ မည်၏။ တောင့်တခြင်းမှကင်း၍၊သံယောဇဉ်မှ လွတ်သောဈာန်သည်၊ အပ္ပ ဏိဟိတဝိမောက္ခမည်၏။

(၁၄၀) အဘိဘာယတန ရှစ်ပါး ဟူသည်ကား၊ (၁) အချို့ သောသူသည်။ မိမိသန္တာန်၌ ဖြစ်ကုန်သော။ ဆံ အစရှိကုန်သော။ ကောဋ္ဌာသတို့၌ ရုပ်ဟုအမှတ်ရှိသည်ဖြစ်၍။သူတပါးတို့၏သန္တာန်၌ ဖြစ်ကုန်သော၊ ဆံအစရှိကုန်သော။ ကောဋ္ဌာသတို့၌၊ နည်းကုန်သော။

ကောင်းသော အဆင်းရှိသည်။ မကောင်းသောအဆင်း ရှိသည်ဖြစ်ကုန်သော။ ကသိုဏ်းရုပ်တို့ကိုရှု၍။ ထိုရှုသော ပုဂ္ဂိုလ်သည်။ ထိုရုပ်တို့ကိုနှိုင်စက်၍။ ငါသည် သိ၏။ မြင်၏။ ဤသို့အမှတ်ရှိခြင်းတပါး။ (၂) အချို့သောပုဂ္ဂိုလ်သည်။ မိမိသန္တာန်၌ဖြစ်ကုန်သော။ ဆံ အစရှိကုန်သော။ ကောဋ္ဌာသတို့၌။ ရုပ်မဟုတ်ဟု အမှတ် ရှိသည်ဖြစ်၍။ သူတပါးတို့၏သန္တာန်၌ဖြစ်ကုန်သော။ ဆံအစရှိကုန်သော။ ကောဋ္ဌာသတို့၌များကုန်သော။ ကောင်းသော အဆင်းရှိသည်။ မကောင်းသော အဆင်းရှိသည် ဖြစ်ကုန်သော။ ကသိုဏ်းရုပ်တို့ကိုရှု၍။ ထိုရှုသော ပုဂ္ဂိုလ်သည်။ ထိုရုပ်တို့ကို နှိုင်စက်၍။ ငါသည် သိ၏။ မြင်၏။ ဤသို့ အမှတ်ရှိခြင်းတပါး။ (၃) အချို့သော ပုဂ္ဂိုလ်သည်။ မိမိသန္တာန်၌ ဖြစ်ကုန်သော။ ဆံအစရှိကုန်သော။ ကောဋ္ဌာသတို့၌။ ရုပ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ သူတပါးတို့၏သန္တာန်၌ဖြစ်ကုန်သော။ ဆံ အစ ရှိကုန်သော ကောဋ္ဌာသတို့၌။ နည်းကုန်သော။ ကောင်းသောအဆင်း ရှိသည်။ မကောင်းသော အဆင်းရှိသည် ဖြစ်ကုန်သော။ ကသိုဏ်းရုပ် တို့ကိုရှု၍ ထိုရှုသောပုဂ္ဂိုလ်သည်။ ထိုရုပ်တို့ကိုနှိုင်စက်၍။ ငါသည် သိ၏ မြင်၏။ ဤသို့ အမှတ်ရှိခြင်း တပါး။ (၄) အချို့သောပုဂ္ဂိုလ် သည် မိမိသန္တာန်၌ဖြစ်ကုန်သော။ ဆံ အစရှိကုန်သော။ ကောဋ္ဌာသ တို့၌ ရုပ်မဟုတ်ဟု အမှတ်ရှိသည် ဖြစ်၍။ သူတပါးတို့၏ သန္တာန်၌ ဖြစ်ကုန်သော ဆံအစရှိကုန်သော။ ကောဋ္ဌာသတို့၌ များကုန်သော။ ကောင်းသော အဆင်းရှိသည်။ မကောင်းသော အဆင်းရှိသည် ဖြစ် ကုန်သော ကသိုဏ်းရုပ်တို့ကိုရှု၍။ ထိုရှုသောပုဂ္ဂိုလ်သည်။ ထိုရုပ် တို့ကိုနှိုင်စက်၍ ငါသည် သိ၏ မြင်၏ ဤသို့အမှတ်ရှိခြင်းတပါး။ (၅) အချို့သော ပုဂ္ဂိုလ်သည်။ မိမိသန္တာန်၌ဖြစ်ကုန်သော။ ဆံ အစရှိကုန်သော ကောဋ္ဌာသတို့၌ ရုပ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍။ သူတပါးတို့၏သန္တာန်၌ဖြစ်ကုန်သော။ ဆံအစရှိကုန်သော။ ကောဋ္ဌာ သတို့၌ ညိုကုန်သော ညိုသော အဆင်းရှိကုန်သော အညိုဟူ၍ ထင်ရှားကုန်သော ညိုသော အရောင်ရှိကုန်သော။ ကသိုဏ်း ရုပ်တို့ကို ရှု၍ ထိုရှုသော ပုဂ္ဂိုလ်သည် ထိုရုပ်တို့ကို နှိုင်စက်၍။ ငါသည် သိ၏ မြင်၏ ဤသို့ အမှတ်ရှိခြင်း တပါး။ (၆) ထိုငါးခု

ဖြောက်အတူ။ ဖွေးကုန်သည်သော။ ဖွေးသော အဆင်း ရှိကုန်သည်သော။ အဖွေးဟူ၍ ထင်ရှားကုန်သည်သော။ ဖွေးသောအရောင် ရှိကုန်သည်သော။ ကသိုဏ်းရုပ်တို့ကို ရှု၏။ ထိုရှုသောပုဂ္ဂိုလ်သည်။ ထိုရုပ်တို့ကိုနှိပ်စက်၍ ငါသည် သိ၏ မြင်၏။ ဤသို့အမှတ်ရှိခြင်းတပါး။ (၇) ထိုအတူ—နီကုန်သည်သော။ နီသောအဆင်း ရှိကုန်သည်သော။ အနီဟူ၍ထင်ရှားကုန်သည်သော။ နီသောအရောင်ရှိကုန်သည်သော။ ကသိုဏ်းရုပ်တို့ကိုရှု၏။ ထိုရှုသောပုဂ္ဂိုလ်သည်။ ထိုရုပ်တို့ကိုနှိပ်စက်၍။ ငါသည် သိ၏ မြင်၏။ ဤသို့အမှတ်ရှိခြင်းတပါး။ (၈) ထိုအတူ—ဖြူကုန်သည်သော။ ဖြူသော အဆင်း ရှိကုန်သည်သော။ အဖြူဟူ၍ ထင်ရှား ကုန်သည်သော။ ဖြူသော အရောင်ရှိကုန်သည်သော။ ကသိုဏ်းရုပ်တို့ကိုရှု၏။ ထိုရှုသောပုဂ္ဂိုလ်သည်။ ထိုရုပ်တို့ကိုနှိပ်စက်၍။ ငါသည်, သိ၏ မြင်၏။ ဤသို့ အမှတ်ရှိခြင်းတပါး။ ဤ ရှစ်ပါး တည်း။

(၁၄၁) ကသိဏဟူသောအမည်။ အဘိဘာယတန ဟူသော အမည်။ ဝိမောက္ခဟူသောအမည်သည်။ ကာရဏူပစာရအားဖြင့်။ ရူပါဝစရဈာန်၏အမည်တည်း။ အာရုံ၏ အလုံးစုံ ဟူသော အနက်ကြောင့်။ ကသိဏမည်၏။ အာရုံကိုနှိပ်စက်တတ်သောကြောင့်။ အဘိဘာယတနမည်၏။ အာရုံ၌ နှလုံးသွင်းတတ်သောကြောင့်၎င်း။ ဆန့်ကျင်ဘက်ဓမ္မတို့မှလွတ်တတ်သောကြောင့်၎င်း။ ဝိမောက္ခမည်၏။

(၁၄၂) ငါးပါးသော ဈာန်တို့တွင်။ ပထမဈာန်ကို ရခြင်း၏ အကြောင်းကား။ ကသိုဏ်းဆယ်ပါး။ အသုဘဆယ်ပါး။ ကာယဂတာသတိ။ အာနာပါနဿတိ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ။ ပေါင်း (၂၅) ပါး။ ဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန် ရခြင်း၏ အကြောင်းကား။ ကသိုဏ်းဆယ်ပါး။ အာနာပါနဿတိ။ မေတ္တာ။ ကရုဏာ။ မုဒိတာ။ ပေါင်း (၁၄) ပါး။ ပဉ္စမဈာန်ရခြင်း၏ အကြောင်းကား။ ကသိုဏ်းဆယ်ပါး။ အာနာပါနဿတိ။ ဥပေက္ခာ။ ပေါင်း (၁၂) ပါး အသီးသီးဖြစ်၏။ ။ကြမ်းသောရေအလျဉ် ရှိသောမြစ်၌။ ထိုးပါးဖြင့်သာလှေသည်တည်၏။ ထိုးဝါးနှင့်ကင်း၍ တည်ခြင်းငှာ မတတ်ကောင်းသကဲ့သို့၊ ထိုအတူ—အာရုံ၏အားနည်းသည်၏အဖြစ်

ကြောင့်။ ဝိတက်အစွမ်းဖြင့်သာလျှင်။ စိတ်သည် တရတည်းသော အာရုံရှိသည်ဖြစ်၍တည်၏။ ဝိတက်နှင့်ကင်း၍ တည်ခြင်းငှါ မတတ်ကောင်း။ ထိုကြောင့်—ပထမဈာန် သည် သာလျှင်။ အသုဘဆယ်ပါး။ ကာယဂတာသတိ။ အာရုံရှိဖြစ်၏။ ဒုတိယ။ တတိယ။ စတုတ္ထ။ ပဉ္စမဈာန်တို့သည်မဖြစ်ကုန်။

(၁၄၃) ရူပ‌ပဝတ္တာဝေတိဟူသည်နှင့်အညီ။ ရူပါရုံရှိ ဖြစ်ခြင်းအကြောင်းကား။ ရူပါဝစရဈာန်တည်း။ စေတနာသာ ပဋိသန္ဓေကိုငင်သောကြောင့်။ မဂ္ဂဖို့အရ။ စေတနာကိုရင်း။ စေတနာသမ္ပယုတ္တဓမ္မဈာန်ကိုရင်း။ ယူအပ်၏။ ဤဈာန်ကို လေးပါးသော ပဋိပဒါ တို့တွင်။ တပါးပါးဖြင့်ပြီးစေအပ်၏။ ကာမာဝစရ ကုသိုလ်ကဲ့သို့ ပဋိပဒါနှင့် ကင်း၍မဖြစ်၊ ဤဈာန်သည် ကာမဂုဏ်တို့၏ ထွက်မြောက်ရာတည်း။ အကုသိုလ်ကိုပယ်ရ၍၊ ကာမာဝစရ ကုသိုလ်သည်။ တဒင်္ဂပဟာန်ဖြင့်ပယ်၏။ မဟဂ္ဂုတ်ကုသိုလ်သည်။ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်၏။ မဂ်ကုသိုလ်သည်။ သမုစ္ဆေဒပဟာန်ဖြင့်ပယ်၏၊ ဖိုလ်စိတ်သည်၊ ပဋိပ္ပဿဒ္ဓိပဟာန်ဖြင့်ပယ်၏။ နိဗ္ဗာန်သည်။ နိဿရဏပဟာန်ဖြင့်ပယ်၏။ ထိုသို့ပဟာန် ငါးချက်သို့လိုက်၍၊ အကုသိုလ်ကိလေသာတို့၏ဆိတ်ငြိမ်ခြင်း ဝိဝေကသည်။ တဒင်္ဂဝိဝေက။ ဝိက္ခမ္ဘနဝိဝေက။ သမုစ္ဆေဒဝိဝေက။ ပဋိပ္ပဿဒ္ဓိဝိဝေက၊ နိဿရဏဝိဝေက, ဟူ၍ ငါးပါးရှိ၏။ တနည်း ကာယဝိဝေက၊ စိတ္တဝိဝေက။ ဝိက္ခမ္ဘနဝိဝေက, ဟူ၍ ၃ ပါးရှိ၏၊ ထိုသို့ဝိဝေက များစွာပင်ရှိသော်လည်း။ ဤရူပါဝစရဈာန်အရာ၌ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဝိက္ခမ္ဘနဝိဝေက။ သုံးပါးကိုသာ ယူအပ်၏။

(၁၄၄) ကသိုဏ်းဆယ်ပါးတို့တွင်၊ အာကာသ ကသိုဏ်း၌။ စတုတ္ထ, ပဉ္စက ဈာန်သာလျှင် ဖြစ်၏၊ အရူပဈာန်ကား မဖြစ်။ အကြောင်းကို ဆိုအံ့။ ကသိုဏ်းကိုခွာ၍ မရကောင်းသောကြောင့်တည်း။ ဤအာကာသကသိုဏ်းသည်။ ခွာ၍မရကောင်းသောကြောင့်။ အာကာသကသိုဏ်းအာရုံရှိဖြစ်သောဈာန်သည် များကိုမြောက်၍ ချမ်းသာစွာနေခြင်း ငှါဖြစ်၏၊ အဘိညာဉ်တို့၏ ပါဒကဖြစ်၏၊ ဝိပဿနာ၏

ပါဒကဖြစ်၏။ နိရောဓသမာပတ်၏ ပါဒကကား မဖြစ်။ အစဉ်အတိုင်း ပဋ္ဌမဈာန်၏ ချုပ်ခြင်းကိုရ၏။

(၁၄၅) ၎င်းရူပါဝစရဈာန်ကို။ တိဟိတ်ပုဂ္ဂိုလ်သည်းဖြစ်စေ။ အန္တရာယ်ငါးပါးတို့တွင်။ တပါးပါးမရှိသည်လည်း ဖြစ်စေ။ ကာမစ္ဆန္ဒ။ ဗျာပါဒ။ ထိန- မိဒ္ဓ။ ဥဒ္ဓစ္စ- ကုက္ကုစ္စ။ ဝိစိကိစ္ဆာ။ ကာမဂုဏ်၌ အပြစ်မမြင်ဟူသော။ ခြောက်ပါးသော တရားတို့ကို ပယ်သည်လည်း ဖြစ်စေ။ ဤအကြောင်းတို့နှင့် ပြည့်စုံမှ ရနိုင်၏။ ။အန္တရာယ် ငါးပါး ဟူသော်ကား။ ကမ္မန္တရာယ်၊ ကိလေသန္တရာယ်။ ဝိပါကန္တရာယ်။ အရိယူပဝါဒန္တရာယ်။ အာဏာဝီတိက္ကမန္တရာယ်, ဟူသတည်း။ ဤငါးပါးသည်။ သဂ္ဂမောက္ခဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏။ ထိုတွင်—မာတုဃာတက။ ပိတုဃာတက။ အရဟန္တဃာတက။ လောဟိတုပ္ပါဒက။ သံဃဘေဒက။ ဤပဉ္စာနန္တရိယကံ ငါးပါးသည်၊ ကမ္မန္တရာယ်မည်၏။ ဘိက္ခုနီဒူသကကံ သည်လည်း။ ကမ္မန္တရာယ်ပင်မည်၏။ ထိုသို့ပင်မည်သော်လည်း။ မဂ်ဖိုလ်၏ အန္တရာယ်သာဖြစ်၏၊ နတ်ရွာ၏အန္တရာယ်မဖြစ်၊ နိယတမိစ္ဆာဒိဋ္ဌိတရားသည်၊ ကိလေသန္တရာယ်မည်၏။ ပဏ္ဍုတ်။ တိရစ္ဆာန်။ ဥဘတောဗျည်းတို့၏ ပဋိသန္ဓေသည်။ ဝိပါကန္တရာယ် မည်၏။ အရိယာကို စွတ်စွဲသောဓမ္မသည်။ အရိယူပဝါဒန္တရာယ် မည်၏။ မကန်တော့ သမျှပတ်လုံးသာ အန္တရာယ်ဖြစ်၏။ ကန်တော့မှုကား။ အန္တရာယ် မဖြစ်။ စေတနာနှင့်တကွ လွန်ကြူးအပ် ကုန်သော။ ခုနစ်ပါးသော အာပတ်တို့၏။ ကျိုးပျက်ခြင်းသည်။ အာဏာဝီတိက္ကမန္တရာယ်မည်၏။ အကြင်ရွေ့လောက် ရဟန်းအဖြစ်ကိုခံ၏။ ဝုဋ္ဌာနကံဖြင့် မထစေ။ ဒေသနာလည်းမကြား။ ထိုရွေ့လောက်အန္တရာယ်မည်၏။ ဝုဋ္ဌာနကံ ဖြင့်။ ထစေသောအခါ။ ဒေသနာကြားသောအခါမှစ၍။ အန္တရာယ် မဖြစ်။

(၁၄၆) ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော။ ဝိဝေကကြောင့် ဖြစ်သော။ ပီတိသုခ ရှိသောဈာန်ကို။ ပဌမဈာန်ဟု ဆိုအပ်၏။ ဝိတက် ဝိစာရတို့၏ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တ, သမ္ပသာဒနစိတ်၏။ ဧကောဒိ

ဘာဝဟုဆိုအပ်သော။အပ္ပိတက္က။အပ္ပိစာရသမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသောဈာန်ကို။ ဒုတိယဈာန်ဟုဆိုအပ်၏။ ပီတိ၌ တပ်ခြင်း ကင်းသောကြောင့်။ လျစ်လျူရှု၍ နေခြင်း။ သတိသမ္ပဇညဖြင့်။ ချမ်း သာကို ကိုယ်ဖြင့် ခံစားခြင်းရှိသော ဈာန်ကို။ တတိယဈာန်ဟု ဆို အပ်၏။ သုခကိုပယ်ခြင်းကြောင့်၎င်း။ ဒုက္ခကိုပယ်ခြင်းကြောင့်၎င်း။ သောမနဿဒေါမနဿတို့၏ချုပ်ခြင်းကြောင့်။အဒုက္ခမသုခဥပေက္ခာ သတိပါရိသုဒ္ဓိကို။စတုတ္ထဈာန်ဟုဆိုအပ်၏။ ထိုဈာန် လေးပါးတို့၏ ပယ်ခြင်း အထူးကား၊ ပထမဈာန်သည် ဒုက္ခကိုပယ်၏။ ဒုတိယ ဈာန်သည်။ဒေါမနဿကိုပယ်၏။ တတိယဈာန်သည်သုခကိုပယ်၏။ စတုတ္ထဈာန်သည်သောမနဿကိုပယ်၏။ ဤသို့လျှင် စတုက္ကနည်းသို့ လိုက်သောမှတ်ဖွယ်ပုံတည်း။

(၁၄၇) ဆယ်ပါးသောအသုဘ။ ဥဒ္ဓုံသ ဟူသော။ ကာယ ဂတာသတိတပါး အစဖြစ်သောကသိုဏ်းရှစ်ပါး။မေတ္တာ။ကရုဏာ။ မုဒိတာ။အာဏာပါဏ။ပရိစ္ဆေဒါကာသ။ ဤနှစ်ဆယ့်လေးပါးသော အရာတို့၌။ပထမဈာန်ကိုမြတ်စွာဘုရား ဝင်စားတော်မူ၏။ ဥဒ္ဓုံသ ကာရ။အသုဘဆယ်ပါးကိုထား၍။ကြွင်းကုန်သော (၁၃) တဆယ့် သုံးပါးသော အရာ တို့၌။ ဒုတိယ ဈာန်ကို ဝင်စားတော် မူ၏။ ထိုအတူ တတိယ ဈာန်ကို ဝင်စားတော် မူ၏။ အစ ဖြစ်သော ကသိုဏ်း ရှစ်ပါး။ ဥပေက္ခာ ဗြဟ္မဝိဟာရ တပါး။ အာဏာပါဏ တပါး၊ ပရိစ္ဆေဒါကာသ တပါး။ အရူပကမ္မဋ္ဌာန်း လေးပါး။ ဤ တဆယ့်ငါးပါးကုန်သောအရာတို့၌။ စတုတ္ထဈာန်ကို ဝင်စားတော် မူ၏။

(၁၄၈) ပရိနိဗ္ဗာန်စံတော်မူသော။မြတ်စွာဘုရားသည်။အလုံးစုံ ကုန်သော [illegible]သုံး၊ လေးသိန်း ကုန်သော။ သမာပတ် တို့ကို ဝင်စား၍ အာရုံ[illegible]ပါးသို့ခွဲသွားလိုသောသူသည်။ဆွေမျိုးအပေါင်း တို့၏ သည့်ကိုဘောက် [illegible] သမာပတ်ချမ်းသာကိုခံစားတော်မူ၍။ ရှစ်ပါးသောသမာပတ်ကို ပထမဈာန်မှစ၍၊ အဆုံးဈာန်တိုင်အောင် အနုလောမ နည်းအားဖြင့်၎င်း။ အဆုံးဈာန်မှ စ၍၊ အစဈာန် တိုင်

အောင်ပန်သောမနည်းအားဖြင့်ရင်း။ ထဖန်။ ပထမဈာန်မှ စတုတ္ထဈာန်တိုင်ဝင်စား၍။ ထိုစတုတ္ထဈာန်မှ။ ထသည်ဖြစ်၍အခြားမဲ့၌။ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာန်စံတော်မူ၏။

(၁၄၉) ဈာနသမနန္တရ။ ပစ္စဝေက္ခနာ သမနန္တရ-ဟူ၍။ ပရိနိဗ္ဗာန်စံသော။ သမနန္တရသည်နှစ်ပါး၏။ ထိုတွင်—စတုတ္ထဈာန်မှ ထ၍ ဘဝင်သို့သက်သောမြတ်စွာဘုရားအား ရှေးအဘူ ပရိနိဗ္ဗာန်စံတော်မူခြင်းသည်။ ဈာနသမနန္တရ မည်၏။ စတုတ္ထဈာန်မှ ထ၍။ တဘန်ဈာန်အင်္ဂါကိုဆင်ခြင်၍။ ဘဝင်သို့သက်သော မြတ်စွာဘုရားအား။ ရှေးအဘူပရိနိဗ္ဗာန်စံတော်မူခြင်းသည်။ ပစ္စဝေက္ခနာသမနန္တရ မည်၏။ ဈာန်ကိုဝင်စား၍ဈာန်မှထ၍၊ ဈာန်အင်္ဂါတို့ကို ဆင်ခြင်၍၊ ဘဝင်စိတ်အဗျာကတဒုက္ခသစ္စာဖြင့်။ ပရိနိဗ္ဗာန် စံတော်မူ၏။ ခပ်သိမ်းသော။ ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့သည်ရင်း။ အယုတ်သဖြင့်၊ ပိုးရွခြံုးကိုအစပြု၍ ခပ်သိမ်းသော သတ္တဝါတို့သည်ရင်း။ ဘဝင်စိတ်အဗျာကတဒုက္ခသစ္စာဖြင့်သေကြကုန်၏။

(၁၅၀) အဘိဒ္ဓသေသတောဇာနာတိတိအဘိညာ ဟူသည်နှင့်အညီ။ အောက်ပညာမှထူးသောအားဖြင့် သိတတ်သော။ ရူပါဝစရကုသိုလ်ကြိယာ ပဉ္စမဈာန်နှင့် ယှဉ်သော။ ပညာသည် မှရှု အဘိညာဉ်မည်၏။ ပဉ္စမဈာန်ကိုရခါမျှနှင့်။ စင်စစ်အဘိညာဉ်ကို ရသည်မဟုတ်သေး။ ထိုကြောင့်—ကုသိုလ်ကြိယာပဉ္စမဈာန်သည်။ ဈာန်သာမည်၏။ အဘိညာဉ်မမည်သေး၊ ထိုဉာဏ်သည် ကုသိုလ်ကြိယာနှင့် မတွေမကွာဖြစ်၍၊ ကုသိုလ်ကြိယာပဉ္စမဈာန်သည်။ ဥပစာအားဖြင့် အဘိညာဉ်မည်၏။ ထိုကြောင့်အဘိညာဉ်နှင့် မယှဉ်သောအခါ။ ပစ္စနိကဗျာပနတ္ထကြောင့် ဈာန်မည်၏၊ အဘိညာဉ်နှင့် ယှဉ်သောအခါ။ အဘိဒ္ဓသေသဇာနနတ္ထကြောင့်။ အဘိညာဉ်မည်၏။

(၁၅၁) ရပြီးသောပဉ္စမဈာန်ကို အကြိမ်ကြိမ် ဝင်စားခြင်း။ ငင်းဈာန်၌ ရှိသော။ ဥပေက္ခာဧကဂ္ဂတာ တို့ကို။ ပစ္စဝေက္ခနာ တင်၍ သုံးသပ်မှသာလျှင်။ အဘိညာဉ်ကိုရ၏။ ထိုအဘိညာဉ်သည်လည်း။ သာမညလက္ခဏာအားဖြင့်တပါးသာ။ ဝိသေသလက္ခဏာအားဖြင့်

သော်ကား။ဒိဗ္ဗစက္ခု။ ဒိဗ္ဗသောတ။ ဇာနိ္ဒြိယ။ ပရစိတ္တဝိဇာနန။ ပုဗ္ဗေနိဝါသာနုဿတိ အားဖြင့်။ လောကီအဘိညာဉ် ငါးပါး ပြား၏။ အာသဝက္ခယဉာဏ်ကိုထည့်လျှင် ခြောက်ပါး ပြား၏။ ဒိဗ္ဗစက္ခု အဘိညာဉ်၌ အကျုံးဝင်သော။ အနာဂတံသ။ ယထာကမ္မူပဂ။ ဧတ္ထ ပပါဘ။ငင်းဉာဏ်သုံးပါးထည့်လျှင်ကိုးပါးပြား၏။

(၁၅၂) ထိုကိုးပါးတို့တွင်။ ဇာနိ္ဒြိယ အဘိညာဉ် သည်လည်း။ အဓိဋ္ဌာနိဒ္ဓိ။ဝိကုဗ္ဗနိဒ္ဓိ။ မနောမယိဒ္ဓိ။ ဉာဏဝိပ္ဖါရိဒ္ဓိ။ သမာဓိဝိပ္ဖါရိဒ္ဓိ။ အရိယိဒ္ဓိ။ ကမ္မဝိပါကဇိဒ္ဓိ။ ပုညဝတောဣဒ္ဓိ။ ဝိဇ္ဇာမယိဒ္ဓိ။ ဘာဝနာမယိဒ္ဓိ။ ဤသို့ဆန်းခုံးဆယ်ပါး ပြား၏။ ။ထိုဆယ်ပါးတို့တွင်။ အနည်းကိုအများဖြစ်အောင်။ အထောင်အရာကိုဆင်ခြင်၍။ ဉာဏ်ဖြင့် ဓိဋ္ဌာန်ခြင်းသည်။ အဓိဋ္ဌာနဣဒ္ဓိမည်၏။ ။ဒိဋ္ဌာန်သော အခြင်းအရာ ကား။အဘိညာဉ်၏ ပါဒကဖြစ်သော။ စတုတ္ထဈာန်ကိုဝင်စား၍။ ထို ဈာန်မှထပြီးလျှင်။ သတံဟောမိ၊သဟဿံဟောမိ, ဟု ကာမာဝစရ စိတ်တို့ဖြင့်။ပရိကံပြု၍၊ တဖန် အဘိညာဉ်၏ ပါဒက ဖြစ်သော။ ဈာန်ကိုဝင်စား၍ ထိုဈာန်မှထ၍ တဖန်ဆင်ခြင်၍ ဒိဋ္ဌာန်၏၊အဓိဋ္ဌာန် စိတ်နှင့်တကွ၊ အရာအသောင်ဖြစ်၏။ ။ပကတိအဆင်းကိုစွန့်၍။ အထူးထူးသောအဆင်းကိုပြသည်၏ အစွမ်းဖြင့်ဖြစ်သော တန်ခိုး သည်၊ ဝိကုဗ္ဗနာဣဒ္ဓိ မည်၏။ ။ဤကိုယ်မှ–တပါးသော ကိုယ်ကို ဖန်ဆင်း၏။ချပ်နှံခြင်းစိတ်ဖြင့်ပြီးသော၊အလုံးစုံသော အင်္ဂါကြီးငယ် မယုတ်သောဣဒ္ဓိကို၏။ဤသို့သောနည်းဖြင့် လာသောတန်ခိုးသည်။ ကိုယ်၏အတွင်း၌တပါးသောစိတ်ဖြင့်ပြီးသော။ ကိုယ်၏ ဖြစ်ခြင်း၏။ အစွမ်းဖြင့်ဖြစ်သောကြောင့်။မနောမယိဒ္ဓိမည်၏။ ။အရှင်ဗါကုလ, သံကိစ္စမထေရ်တို့ကဲ့သို့ အရဟတ္တမဂ် ဉာဏ်၏၊ အာနုဘော်ဖြင့် ဖြစ်သောအထူးသည် ဉာဏဝိပ္ဖါရဣဒ္ဓိမည်၏၊ ။အရှင် သာရိပုတ္တရာ ကဲ့သို့၊ သမာဓိမှရှေး၌၎င်း၊ နောက်၌၎င်း။ ထိုခဏ၌၎င်း။ သမထ၏ အာနုဘော်ဖြင့်ဖြစ်သောအထူးသည် သမာဓိဝိပ္ဖါရဣဒ္ဓိမည်၏။စက် ဆုပ် ရွံရှာဘွယ်၌၊ စက်ဆုပ်ရွံရှာဘွယ်မဟုတ်ဟု ရှု၍ ၊ ရွံရှာဘွယ် မဟုတ်သည်၌။ရွံရှာဘွယ်ဟုရှု၍၎င်း၊အ တ်ပြု၍နေနိုင်၏၊ ပဋိကူလ၊အပ ဋိကူလဘို့၌၊ဘျှ ျ ၍နေ၏၊ဤဝ စိတ်၏အလိုသို့ လိုက်ကျန်သော

အရိယာဝဒ္ဓိအားသော။ ဖြစ်သောတန်းခုံးသည်။ အရိယာဒုဋ္ဌိမည်၏။
ခပ်ခပ်မိုးသောမှက်, နဖ, ကမ္ဗာ ဦးဘူ။ အချိုးသောဝိနိပါတိကတို့၏
ကောင်းကင်း၌သွားခြင်းသည်။ ကပ္ပဒိပါကဇိဒ္ဓိမည်၏။ ။စကြာမင်း
၏လေးပါးသော စစ်သည်နှင့်တကွ။ ကောင်းကင်သွားခြင်း၊ ဇရိုလ
သူဋ္ဌေး၏။ အတောင်ရှစ်ဆယ် အတိုင်း အရှည်ရှိသော။ ရွှေတောင်
ပေါက်ခြင်းတို့သည်။ ပုညဘောဂဒိဒ္ဓိမည်၏။ ။ဝိဇ္ဇာဓိုရ်ဘို့သည်။
အတတ်မန္တာန်ကိုစိပ်၍၊ ကောင်းကင်သို့ သွားခြင်း။ ကောင်းကင်၌
ဆင်ကိုပြခြင်း။မြင်းကိုပြခြင်း။ အထူးထူးသော စစ်သည်ကို ပြခြင်း။
အစရှိသောအားဖြင့်ဖြစ်သောဘန်းဒုံးသည်။ ဝိဇ္ဇာမယိဒ္ဓိမည်၏။ ။
ဘာဝနာ၏အာနုဘော်ဖြင့် ပြီးသော ဘန်းဒုံးသည်၊ ဘာဝနာမယိဒ္ဓိ
မည်၏။

(၁၅၃) အဘိညာဉ် ဟူသည်။ ပဉ္စမဈာန်၏ သဘွဲ့ပင်တည်း။
ကမ္မဋ္ဌာန်းကို အထူးအားမထုတ်ရပြီ၊ အဘိညာဉ်သည် ရူပစိတ်၌၊
အပိုလည်းမဟုတ်။ အသာလည်း မဟုတ်။ နှုတ်သော်လည်း သဉ္ဇာ
ယုတ်လျော့သည် ဟူ၍ရှိ။ ။အဘိညာဉ် ကိစ္စ တတ်သော ပဉ္စမ
ဈာန်သည်။တူသောဘုံမှ အာသေဝန ပစ္စည်းကို မရသောကြောင့်။
ပဋိသန္ဓေ။ပဝတ္တိအကျိုးကိုမပေးနိုင်။ အဘိညာဉ် ကိစ္စမတတ်သော
ပဉ္စမဈာန်သည်။ ဆုံးမြဲငါးပါးအားလျော်စွာ အကျိုးပေး၏။ တနည်း
ကား၊ အဘိညာဉ် ကိစ္စမတတ်သော ပဉ္စမ ဈာန်သည်။ ကသိုဏ်း
ဆယ်ပါး။ အာကာသာ ကာသိ။ ဥပေက္ခာဗြဟ္မဝိဟာရ အားဖြင့်။
ဤဆယ့်နှစ်ပါးသော။ပညတ်ကိုအာရုံပြု၍ဖြစ်သည်။ အဘိညာဉ်
ကိစ္စတတ်သော ပဉ္စမဈာန်နှစ်ခုတို့တွင်။ ကုသိုလ် အဘိညာဉ်သည်။
အရဟတ္တမဂ်။ အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံသော တရားကို
အာရုံပြုသည်။ကြိယာအဘိညာဉ်သည်ကုန်အောင်စုံသော။ တရား
ကိုအာရုံပြုသည်။ဤသို့ထူးသည်၏အဖြစ်ကိုမှတ်အပ်၏။

(၁၅၄) ရူပါဝစရစိတ်သည်။ဝေဒနာ အားဖြင့်။ သောမနဿ
ဝေဒနာ။ဥပေက္ခာဝေဒနာနှစ်ပါး ဟိတ်အားဖြင့်။ အလောဘ၊ အဒေါ
သ။အမောဟ သုံးပါး။ ကိစ္စအားဖြင့် ကုသိုလ် ကြိယာသည် ဇော
ကိစ္စတပါးသာတတ်၏၊ဝိပါက်သည်။ ပဋိသန္ဓေ။ဘဝင်။စုတိ။သုံးကိစ္စ

တတ်၏။ ဒွါရအားဖြင့်။ ကုသိုလ်ကြိယာတို့သည်၊ မနောဒွါရ၌သာ ဖြစ်ကုန်၏၊ ဝိပါက်စိတ်သည်။ အချင်းခပ်သိမ်း ခြောက်ဒွါရမှ လွတ်၏။ အာရုံအားဖြင့် ပညတ်ကို အလုံးစုံ အာရုံပြု၏။ ဝတ္ထုအားဖြင့်။ ဟဒယဝတ္ထုကိုသာ အလုံးစုံမှီ၏။

သမထယောဂီပုဂ္ဂိုလ်သည် သုံးယောက်ရှိ၏။ ထိုတွင်–ပုထုဇ္ဇဉ်သည်။ ကျင်နာသောကိုယ်ရှိသည်ဖြစ်၍။ ကျင်နာသောစိတ် ရှိသောပုဂ္ဂိုလ်မည်၏။ ရဟန္တာသည်။ ကျင်နာသောကိုယ်ရှိ၍။ မကျင်နာသော စိတ်ရှိသောပုဂ္ဂိုလ်မည်၏။ သေက္ခခုနစ်ယောက်သည်။ ကျင်နာသောစိတ် ရှိသည်လည်းမဟုတ်။ မကျင်နာသောစိတ်ရှိသည်လည်းမဟုတ်သော ပုဂ္ဂိုလ်မည်၏။ အကယ်၍ သွင်းသည်ရှိသော်၊ ကျင်နာသောစိတ် ရှိသောပုဂ္ဂိုလ်၏အဖြစ်သို့ရောက်၏။

အဿာသအာရုံကို ပွားသောသူသည်။ ဒုက္ခပဋိပဒါကို ကျင့်သော သူမည်၏။ ပထမဈာန်အစရှိသည်တို့ကို ကျင့်သောသူသည်။ သုခပဋိ ပဒါကိုကျင့်သောသူမည်၏။ သိမ်းမခံနိုင်သောအကျင့်သည်။ အက္ခမ ပဋိပဒါမည်၏။ သိမ်းခံသောအကျင့်သည်။ ခမပဋိပဒါမည်၏။ ဈာန်ခြေ ကိုဆုံးမသောအကျင့်သည် ဒမပဋိပဒါ မည်၏။ အကုသလဝိတက် ငြိမ်းသောအကျင့်သည်။ သမပဋိပဒါမည်၏။

ဤသို့သောစကားအစဉ်ဖြင့်–ရူပါဝစရစိတ်၏

အဖွင့်ပြီး၏တည်း။

(၁၅၅) တဗ္ဗူကတမေဓမ္မာအရူပါဝစရာ, ဟူသောအကျဉ်းဥဒ္ဒေသ မာတိကာ၏ အကျယ်နိဒ္ဒေသ။ ဒေသနာစဉ်ဖြစ်သော။ အရူပါဝစရ စိတ် တဆယ့်နှစ်ပါးသည်။ သောမနဿ။ ဥပေက္ခာ။ နှစ်ပါးတွင်။ ဥပေက္ခာဟူ၍မှတ်အင်၏။ သမ္ပယုတ်။ ဝိပ္ပယုတ်တို့တွင်။ သမ္ပယုတ် ဟူ၍မှတ်အင်၏။ အသင်္ခါရိက။ သသင်္ခါရိက တို့တွင်။ သသင်္ခါရိက ဟူ၍မှတ်အင်၏။ ဈာန်ငါးပါးတို့တွင်။ ပဉ္စမဈာန် ဟူ၍ မှတ်အင်၏။ အလုံးစုံသော အရူပါဝစရဈာန်တို့၏။ ဥပေက္ခာ ဧကဂ္ဂတာ နှစ်ပါးနှင့်

သာသဉ်ခြင်းကြောင့်။ ဈာန်အင်္ဂါ၏ အစွမ်းဖြင့် အပြားမရှိ။ အာရုံ၏
အစွမ်းဖြင့်သာအပြားရှိ၏။

(၁၅၄) အာကာသာနဉ္စာယတန စိတ်၌။ အာကာသ ဟူသည်။
ရေးခြစ်၍ မရအပ်သောကြောင့်။ အာကာသမည်၏။ ထိုအာကာသ
သည်။အဇဋာကာသ။ ပရိစ္ဆေဒါကာသ။ ကသိဏုဂ္ဃာဋိမာ ကာသ။
ရူပပရိစ္ဆေဒါကာသ အားဖြင့်။လေးပါးရှိ၏။ ဤအရူပစိတ်၌။ ကသိ
ဏုဂ္ဃာဋိမာကာသ ကို အလိုရှိအပ်၏။ ကသိဏုဂ္ဃာဋိမာကာသ
ဟူသည်။ပြောသော့သောကောင်းကင်ဟုတ်။ အာကာသ ကသိုဏ်း
သည်ကြည့်အပ်သော။ ကသိုဏ်း ပဋိဘာဂ နိမိတ် ကိုးပါးတို့တွင်။
တပါးပါးကိုခွာ၍ရအပ်သော။ ကောင်းကင်ပညတ်ကို မှတ်အပ်၏။
အာကာသ ကသိုဏ်းကို ခွာခြင်းငှာ မဘတ် ကောင်းသောကြောင့်။
အာကာသ ကသိုဏ်းကို ကြည့်ရသည်။ ကသိုဏ်းကိုခွာ၏ဟူသည်။
ဖြိတွယ်စပ်ရှက်သည့် ဖျာအခင်းမန်းသော ဝဋ္ဋပစ္စည်းရပ်တို့ကို။
ခွာသူအပ်သကဲ့သို့ မဟုတ်။ စင်စစ်ကား။ ထိုကသိုဏ်း ပဋိဘာဂ
နိမိတ်ကို။နှလုံးမသွင်းမထင်ခြင်းသာ။ ထိုနိမိတ်နှင့်ချာ အရပ်ကို။ အာ
ကာသောအနန္တော။အာကာသောအနန္တော-ဟု။နှလုံးသွင်းခြင်းသည်
ပင်။ကသိုဏ်းကိုခွာသည်မည်၏။

ရူပါဝစရပဉ္စမဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည်။ အာကာသာ
နဉ္စာယတန ဈာန်ကို ဖြစ်စေလိုလျှင်သော်။ ငါရပြီးသော ပဉ္စမ
ဈာန်သည်။စတုတ္ထဈာန်ဘည်းဟူသော။နီးသောရန်သူရှိ၏ ဟူ၍ငင်း။
သတ္တဝါတို့သည်။ ရုပ်ရှိခြင်းကြောင့်။ ခိုက်ရန်ဖြင်းခုံခြင်း နာကျင်ခြင်း
တို့သည်, ဖြစ်ကုန်၏။ရုပ်မရှိသော်။ ဤကဲ့သို့ မဖြစ်ရာဟု။ ကရဇကာ
ယရုပ်၌။စက်ဆုပ်ရွံရှာဘွယ်သောအဖြစ်ကိုမြင်၍။ ရှေ့ပ မိချုပ်, အစ
ရှိသည်ဖြင့်ဖြစ်ဖြန်း၏။ မိဘနှစ်ပါးတို့၏ သုတ်သွေးကြောင့် ဖြစ်သော။
ကရဇကာယ ရုပ်သည် သာလျှင်။ ခိုက်ရန်ဖြစ်ခြင်း။ နာကျင်ခြင်း
စသည်တို့ဖြစ်ကုန်၏။ကသိုဏ်းဝန်းဥဒ္ဒိဿောရုပ်သည်ကား။ ထိုကဲ့သို့
မဖြစ်ကုန်။ သို့ဖြစ်၍ အဘဲ့ကြောင့်။ ခတ်သိမ်းသော ရုပ်တို့ကို။ စက်
ဆုပ်, ဆုတ်ခွါ ရှာသနည်းဟူမူ။ ကသိုဏ်းဝန်း ရုပ်နှင့်။ ကရဇကာယ
ရုပ်သည်။ ရုပ်ချင်းတူသောကြောင့်။ ကရဇကာယကဲ့သို့ပင်။ နာကျင်

တတ်သော။ သဘောဇို့ဖို့ဟု မှတ်သောကြောင့်။ စက်ဆုပ်ရွံရှာလေ
သည်။ ဥပမာ—ဘီလူးကို ကြောက်သော သူသည်။ ညဉ့်အချိန်မှဲ့၌။
ခရီးလမ်းအကြား။ ထန်းငုတ် တို ကိုတွေ့၍။ ထိုထန်းငုတ် တို ကို။
ဘီလူးမှတ်၍ပြေးသကဲ့သို့တည်း။ ဤဥပမာ၌။ ဘီလူးကိုကြောက်၍
ပြေးသောသူနှင့်။ အာကာသာနဉ္စာ ယတန ဈာန်ကို။ ရအောင်စီးဖြန်း
သော။ယောဂါဝစရ ပုဂ္ဂိုလ်နှင့်တူ၏။ ဘီလူးစစ်နှင့်၊ ကရဇကာယ
ရုပ်နှင့်တူ၏။ထန်းပင်ငုတ်နှင့်။ ကသိုဏ်းဝန်း၌ ရှိသော ရုပ်နှင့် တူ၏။
ရူပါဝစရပဉ္စမဈာန်၌။ တည်ခြင်းကိုစွန့်၍။ အာကာသာနဉ္စာ ယတန
ဈာန်ကိုအလိုရှိသော ပုဂ္ဂိုလ်သည်။ မိမိရပြီးသော ပဉ္စမဈာန်ကိုဝင်
စား၍ ထိုဈာန်၌ရှိသော။ တေဘုမ္မကသင်္ခါရတို့ကိုသုံးသပ်၍။ ထိုဈာန်
၌ရှိသော။ဥပေက္ခာဧကဂ္ဂတာတို့ကိုလည်း။ဝိပဿနာတင်၍။ သုံးသပ်
၏။ထိုဈာန်၌တည်ခြင်းကိုစွန့်၍။ငါရသောရူပါဝစရပဉ္စမဈာန်သည်။
အောက်စတုတ္ထဈာန် တည်းဟူသော နီးသော ရန်သူရှိ၏။ အာကာ
သာနဉ္စယတန ဈာန်သည်ကား နူးညံ့ သိမ်မွေ့၏။ ငါ့အားရသော်
ကောင်းလေစွဟု။ အာကာသာနဉ္စာယတန ဈာန်ကို။ ငြိမ်သက်သော
အားဖြင့် နှလုံးသွင်း၍။ ကသိုဏ်ကိုးပါးတို့တွင်, ပထဝီကိုသော်၎င်း
အာပေါကိုသော်၎င်း။အလိုရှိအပ်သော။အာရင်ကိုပိုင်းခြား၍ပထဝီ။ပ
ထဝီ။အစရှိသည်ဖြင့်စီးဖြန်းလျှင်။မိမိစီးဖြန်းသောဘာဝနာဖို့အဟုန်
ကြောင့်ပိုင်းခြားတိုင်း။ ကြည့်တိုင်းသော,အရပ်ကောင်းကင် အားလုံး
သည်။ ပထဝီ အပြည့်ချည်းသာ ထင်ကုန်၏။ ထိုသို့ထင်သောအခါ။
ကောင်းကင်နေ,လ,နက္ခတ်,တာရာကား၊အပိတ်အဆို့ မရှိချေ။ကောင်း
ကင်သည် ယခုငါ့ဖို့ဘာဝနာအဟုန်ကြောင့်သာ။ တစုံတခုသော နေ,
လ,နက္ခတ်, တာရာ,တို့ကိုမမြင်ရမူ၍၊ ကသိုဏ်းဝန်းတို့ကိုသာမြင်ရ၏
ထိုသို့ နေ,လ,နက္ခတ်,တာရာ,တို့ကို မမြင်ရသည်ရှိသော်။ ထိုနေ,လ
နက္ခတ်တာရာတို့သည် မရှိကောင်းသည် မဟုတ် ရှိကောင်း၏။ငါဖို့
ကသိုဏ်းဝန်းသည် ဖုံးသွမ်းပိတ်ဆို့၍၊ နေသောကြောင့်သာ၊ မမြင်
နိုင်လေသည်ဟု ကောင်းကင်နေ, လ, နက္ခတ်, တာရာ,တို့ကိုမြင်လို၍၊
ထိုကသိုဏ်းကိုးပါးတို့တွင်တပါးပါးကိုခွါ၏ ဟုလိုပ် စကားချင်း၊
(၁၅၇) ကသိုဏ်းပနှ[illegible] နိမိတ်ကို ခွါ၍ရအပ်သော။ဟင်း

လင်းသင်သော ကောင်းကင်ပညတ်ကို၊ ယောဂီပုဂ္ဂိုလ်သည်။ အာ
ကာသောအနန္တော အာကာသောအနန္တော ဟု စီးဖြန်းသဖြင့်၊ အာ
ကာသာနဉ္စာယတန ဈာန်ကို ရ၏။ စီးဖြန်းအပ်သော ကောင်းကင်
ပညတ်သည်။ ဖြစ်ခြင်း ပျက်ခြင်း အဆုံးအတန့် မရှိသောကြောင့်
ငင်း။ အဆုံးမရှိ ဟု နှလုံးသွင်းသည်၏ အစွမ်းအားဖြင့်ငင်း၊ အာကာ
သာနန္တမည်၏ အာကာသာနန္တမေဝ အာကာသာနဉ္စ ဟု ပြုသည်
ရှိသော်၊ သကတ်အနက်၌။ ဘာဝဏျပစ္စည်း သက်သည်၏ အစွမ်း
ဖြင့်။ အာကာသာနဉ္စ ဟု ဆိုအပ်၏ (ရှင်ပြီးဟန်ကား အာကာသာ
နန္တလိုင်တည်။ ဏျပစ္စတာဘာဝေတု။ သုတ်၌။ ဏျပစ္စတာဟူသော
ယောဂဝိဘာဂဖြင့်။ အာကာသာနန္တသကတ်အနက်၌, ဏျပစ္စည်း
သက်, သာ,ရကမ္မ ဘာဝအနက်၌ သက်သကဲ့သို့။ နောက်ပုဒ်အနက်၌
မသက်ရပြီ ရှေးပုဒ်အနက်၌ သက်သည်ကိုပင် သကတ်ဆိုသည်။
အနုဗာန် ဏ, ကိုချေ န္တ အစိတ် အ, ကိုချေ န, ကို နိဂ္ဂဟိတ်ပြု။
ဟိတ်ပြု၊ ငင်းနိဂ္ဂဟိတ်ကို ဥ,ပြု တ,ကိုယ,သို့ကင်။ ယဝတံသုတ်ဖြင့်
ဏျကိုစပြု၊ နသနိဂ္ဂဟိတံဏျာနမေ၊ ကောစော။ ဟူသော သဒ္ဒနီတိ
သုတ်ဖြင့်မူလည်း ပီရင်အပ်၏။)

(၁၅၈) အာကာသာနဉ္စမေဝ အာယတနံ၊ အာကာသာနဉ္စာ
ယတနံ ဟုပြုသည်ရှိသော်။ ဥပါဒ်၌ ဌီ ဘင် ဟုဆိုအပ်သော။ အရိုင်း
အခြားအဆုံးပျက်စီးခြင်း မရှိသော။ ကောင်းကင်ပညတ် သည်ပင်
လျှင်။ မုချ အာကာသာနဉ္စာယတန မည်၏။ ဈာန်ကား။ ဌာနူပစာရ
အားဖြင့်။ အာကာသာနဉ္စာယတန မည်၏။ ဌာနအာရုံ ဖြစ်သော
ကောင်းကင်ပညတ်၏။ အာကာသာနဉ္စာယတနဟူသော အမည်ကို။
ဌာနီအာရမ္မဏိကဖြစ်သောဈာန်၌ တင်စား၍။ အာကာသာနဉ္စာယ
တနဟူသော အမည်ကို ရ၏ ဟူလို၏။ အာယတနသဒ္ဒါ။ တည်ရာကို
ဟော၏။

(၁၅၉) အာကာသောအနန္တော။ အာကာသော အနန္တော ဟု
စီးဖြန်းသောကာလ။ အာကာသာ နဉ္စာယတန ဈာန်ကို ရပြီးသော
ပုဂ္ဂိုလ်သည်။ မိမိရပြီးသောဈာန်၌ အပြစ်ကိုရှုပြန်သဖြင့်။ အာကာ
သာနဉ္စာယတနဈာန်ကိုပင်အာရုံပြု၍။ ဝိညာဏံ အနန္တံ။ ဝိညာဏံ

အနန္တံ ဟု။အဘန်တလဲလဲစီးဖြန်းသဖြင့်။ ဝိညာဏဉ္စာယတနဈာန်ကိုရသည်ဖြစ်အံ့။ပဌမာရုပ္ပဝိညာဉ်သည်။ ဝိညာနဉ္စာယတနစိတ်၏အာရုံဖြစ်သည်။ ထိုသို့ ဖြစ်ရကား။ ဥပါဒ်, ဌီ, ဘင်, အပိုင်းအခြားမရှိသော။ကောင်းကင်၏ အနန္တ အဖြစ်ကို။ ဥပါဒ်, ဌီ, ဘင်, အပိုင်းအခြားရှိသော။အာကာသာနဉ္စာယတနစိတ်ဖြင့်တင်စားသောအားဖြင့်ဖြစ်သောနှလုံးသွင်းခြင်း၏ အစွမ်းဖြင့်။ ၎င်းအာကာသာနဉ္စ စိတ်ကိုပင်။ဝိညာဏံအနန္တံ ဟုစီးဖြန်းသည် ဟုလိုဝ်။ ဈာန်စိတ်ကို ဟောခြင်းဌာအားယတန သဒ္ဒါ ဖြင့်အထူးပြုသည်။

(၁၆၀) ဝိညာဏဉ္စာယတနဈာန် ကို ရပြီးသော ပုဂ္ဂိုလ်သည်။ မိမိရပြီးသောဈာန်၌အပြစ်ကိုရှုပြန်သဖြင့်။ အာကာသာနဉ္စာယတနဈာန်စိတ်၏၊ဥပါဒ်၊ဌီ၊ဘင်၊သုံးပါးကိုမဆိုထားဘိ။ဘင်ခြမ်းမျှမရှိခြင်းတည်းဟူသော။နတ္ထိဘောပညာတ်ကိုအာရုံပြု၍။ နတ္ထိကိဉ္စိ။နတ္ထိကိဉ္စိ ဟုစီးဖြန်းသောကာလ။ အာကိဉ္စညာယတနဈာန် ကိုရ၏။ ။အာကိဉ္စညာယတနဈာန်ကိုရပြီးသောပုဂ္ဂိုလ်သည်။မိမိရပြီးသောဈာန်၌အပြစ်ကိုရှုပြန်သဖြင့်။အာကိဉ္စညာယတနဈာန်ကိုပင် တဘန် အာရုံပြုပြန်၍၊ သန္တမေတံ။ ပဏီတမေတံ ဟု စီးဖြန်းသောကာလ။ နေဝသညာနာသညာယတနဈာန်ကိုရလိုလပ်သော်။အာကိဉ္စညာယတနဈာန်ကိုပင်အာရုံပြု၍။ မနေ့ာဒွါရဝဇ္ဇန်း။ ပရိကံ။ ဥပစာ။ အနုလုံ။ ဂေါတြဘု, ဟုဆိုအပ်သော။ ကာမဇော (၃)ကြိမ် (၄)ကြိမ် ဖြစ်ပြီးမှ။ နေဝသညာ နာသညာ ယတန ဈာန်ဇော ဟု ဆိုအပ်သော။ အပ္ပနာဇောသည်။ လေးကြိမ်မြောက်, ငါးကြိမ်မြောက်၌။ တကြိမ်သာဖြစ်၍ချုပ်၏။

(၁၆၂) ရုံ့ရင်းသေါသညာကားမရှိ။သိမ်မွေ့သေါသညာကားရှိ၏ဟူရာဝယ်။ ရုံ့ရင်းသောသညာကိစ္စဟူသည်ကား။ အာရုံကိုမှတ်နိုင်ခြင်း၊ဝိပဿနာ, အာရုံ၏ အဖြစ်သို့ ရောက်၍။ ငြီးငွေ့သည်ကိုဖြစ် စေခြင်းဟုဆိုအပ်သော။ထင်သောပဋုသညာကိစ္စ ကိုပြုခြင်းငှာ။ မစွမ်းနိုင်သော၊အကြောင်းကိုမှတ်အပ်၏။ သိမ်မွေ့သောသညာကိစ္စဟူသည်။ သင်္ခါရအကြွင်းသည်ဖြစ်၍။ သိမ်မွေ့သောသညာ ရှိသည်ကို သိအပ်၏၊ ။အာကာသာနဉ္စာ ယတန ဈာန်ကို စွန့်ခွာ

ပြီးလျှက်။ တဘန်–၎င်းဈာန်ကိုပင် အာရုံပြု၍။ အာကာသံ, အနန္တံ ဟုရှုဆင်ခြင်ပြန်ခြင်း။ အာကိဉ္စညာယတန ဈာန်ကို ရွှန့်သွားပြီးလျှက်။ တဖန်–၎င်းဈာန်ကိုပင် အာရုံ ပြု၍။ သန္တမေတံပဏီတမေတံ ဟု ရှုဆင်ခြင်ခြင်းတို့သည်။၎င်းဈာန်တို့မှတပါး။တခြားသော ကမ္မဋ္ဌာန်းတရားတို့ကိုအာရုံပြုသဖြင့်။ ရှုဆင်ခြင် ဖြားသော်လည်း မရနိုင်ရာ။ ထိုကြောင့်–နှစ်သက်ခြင်းမရှိသော်လည်း။ အောက်သို့ တဘန် လည် ပြန်၍။အထက်ဈာန်ကိုလှမ်းယူရပြန်လေသည်။

(၁၆၃) မနာယတန။ ဓမ္မာယတန ၌ အကျုံး ဝင်သောဟု အနက်ယောဇနာရေးဝယ်။အာယတနသဒ္ဒါသည်။ မနာယတန။ဓမ္မာယတနကိုဟောခဲ့သော်၊ ကုသလစိတ္တံနှင့်အဘယ်သို့ သမာသ်တွဲရ အံ့နည်းဟုဖြားအံ့။ ပဓါနအားဖြင့်။ဈာန်ကိုရည်၍။ နေဝသညာ။ နာ သညာယတနေနသမ္ပယုတ္တံ။ ကုသလစိတ္တံ။ နေဝသညာ နာသညာ ယတနကုသလစိတ္တံ, ဟု သမာသ်တွဲအပ်၏။ စိတ်ကိုရည်၍။ နေဝ သညာ နာသညာယတနမေဝကုသလစိတ္တံ။ နေဝသညာ နာသညာ ယတနကုသလစိတ္တံ ဟုသမာသ်တွဲအပ်၏။ သူအချို့ကား။ ကုသ လစိတ္တံ ဟူသောနောက်ပုဒ်နှင့် မတော် သောကြောင့်။ မနာယတန သဒ္ဒါကား။ ပမာဒလေခ ဟုဆိုကုန်၏။ မသင့်။ မနာယတန။ ဓမ္မာ ယတန။ ပရိယာပန္နတ္တာ ဟု။ အဋ္ဌကထာ မိန့်ချက် ရှိသောကြောင့် တည်း။ရဟန်းဘယောက်ထည်းကိုပင်။ ရဟန်းပုဏ္ဏားဟု။ သဟာစရိ တဖြင့်အစွမ်းဖြင့်ဆိုသကဲ့သို့။ဓမ္မာယတနတခုကိုပင်။ သဟာစရိတဖြင့် အစွမ်းဖြင့်။ မနာယတန။ ဓမ္မာယတန ဟုဆို၏၊ သဒ္ဒဝိဒူ တို့ကား။ မနာယတနနှင့် ယှဉ်သောဓမ္မာယတန၌ အကျုံးဝင်သည်ဖြစ် အဖြစ် ကြောင့်။ဤသို့ဆိုကုန်၏။ အရူပစိတ်၌ ယှဉ်သော စေတသိက်တိ်ုသ တို့တွင်။သညာ ကိုသာ။ ဥပလက္ခဏနည်းအားဖြင့် မှတ်၍။ နေဝ သညာနာသညာဟုဆိုသည်။ဝေဒနာစသည့်တို့ကို ဆိုလိုမူ နေဝဝေ ဒနာ, နာဝေဒနာ ဟုစသည်ဆိုရမည်ဟူလို၏။

(၁၆၄) နိဂုံး၌ ပိ သဒ္ဒါဖြင့် ပေါင်းဟန်ကား။ အာကာသာနဉ္စာ ယတနစသော။သုဒ္ဓိကလေးပါး။ ၎င်းကို ပဋိပဒါလေးပါးနှင့် မြှောက်။ပဋိပဒါကေက တဆယ့်ခြောက်ပါးဖြစ်၏။ ယခင် သုဒ္ဓိက

ကေကလေးပါးကိုတည်ပြန်။ အာရုံလေးပါးနှင့်မြှောက်။ အာရမ္မဏ ကေကာဘဆယ့်ခြောက်ပါးဖြစ်၏။ ၎င်းသုံးရပ်ပေါင်းသော်။ ကေက ပေါင်း (၃၆) ပါးဖြစ်၏။ ပဋိပဒါ လေးပါးကို။ အာရုံ လေးပါးနှင့် မြှောက် (၁၆) ပါးဖြစ်၏။၎င်း (၁၆) ပါးနှင့်။ ယခင် သုဒ္ဓိက ကေက လေးပါးကိုမြှောက်။ ကေကပေါင်း (၆၄) ပါးဖြစ်၏။ ၎င်း ကေက (၆၄) ပါးနှင့်။ ယခင် ကေက (၃၆) ပါးကိုပေါင်း။ ကေက တရာ ဖြစ်၏။ဤအလုံးစုံသောဈာန်အပြားကိုပေါင်း၏။

(၁၆၅) ဈာန်သည်။အင်္ဂါကိုလွှန်၍ ရအပ်သော။ အင်္ဂါတိက္ကမ ဈာန်။အာရုံကိုလွှန်၍ရအပ်သော။အာရမ္မဏာတိက္ကမဈာန် အားဖြင့် နှစ်ပါးရှိ၏။ထိုတွင်—ရူပါဝစရဈာန်သည်။ဝိတက်အစရှိသော။ အင်္ဂါ ကိုလွှန်၍ရအပ်သောကြောင့်။အင်္ဂါတိက္ကမဈာန်မည်၏။အရူပါဝစရ ဈာန်သည်။ကသိုဏ်းအာရုံအစရှိသည်ကိုလွှန်၍ ရအပ်သောကြောင့်။ အာရမ္မဏာတိက္ကမဈာန် မည်၏။ ။အာရုံကို လွှန်ဟန်ကား။ အာ ကာသာနဉ္စာယတနစိတ်သည်။ ပဉ္စမဈာန်၏ အာရုံ ဖြစ်သော။ က သိုဏ်းနိမိတ်အာရုံကိုလွှန်၍။ထိုကသိုဏ်းနိမိတ်မှခွာ၍ရအပ်သော။ ကောင်းကင်ပညတ်ကို အာရုံပြု၍ ဖြစ်၏။ ဝိညာဏဉ္စာယတန စိတ် သည်။ ကောင်းကင်ပညတ်ကိုလွှန်၍။ ကောင်းကင် ပညတ်၌ ဖြစ် သော။ပဌမာရုပ္ပဝိညာဉ်ကို အာရုံပြု၍ ဖြစ်၏။ အာကိဉ္စညာယတန စိတ်သည်။ပဌမာရုပ္ပဝိညာဉ်ကိုလွှန်၍။ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း တည်းဟူသော။နတ္ထိဘာဝပညတ်ကို အာရုံပြု၍ဖြစ်၏။ နေဝသညာ နာသညာနာသညာယတနစိတ်သည်။ နတ္ထိဘာဝပညတ်ကို လွှန်၍။ နတ္ထိဘာဝပညတ်အာရုံ၌ဖြစ်သော။ဒုတိယာရုပ္ပဝိညာဉ်ကိုအာရုံပြု၍ ဖြစ်၏။

(၁၆၆) ထို့ကြောင့်—ကသိုဏ်းပညတ်။ကောင်းကင်ပညတ်။ ပဌမာရုပ္ပဝိညာဉ်။ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း တည်းဟူသော။ နတ္ထိဘာဝပညတ်။ ဤလေးပါးသည်။ အရူပါဝစရစိတ်၏ လွှန်အပ် သော။အတိက္ကမိတဗ္ဗအာရုံ မည်၏။ ။ကောင်းကင်ပညတ်။ ပဌ မာရုပ္ပဝိညာဉ်။ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း တည်းဟူသော နတ္ထိ ဘာဝပညတ်။ဒုတိယာရုပ္ပဝိညာဉ်။ ဤလေးပါးသည်။ အရူပါဝစရ

စိတ်၏အာရုံပြုအပ်သော။ အာလမ္ဗတဗ္ဗအာရုံ မည်၏။ အရူပါဝစရ စိတ်သည်။ဥပေက္ခာ။ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးစီ တူမျှသော်လည်း။ဘာဝနာ ထူးသောကြောင့်။ ရှေးရှေးသော သမာပါတ်ထက်။ နောက်နောက်သော သမာပါတ်သည်။ အစဉ် အတိုင်း မြတ်၏။ လောကူပမာအားဖြင့် ပြဿာဒ်လေးဆောင်တို့၏ အလျားအနံ တူမျှကြသော်လည်း။အောက်အောက်ပြဿာဒ်ထက်။ အထက်အထက်ပြဿာဒ်သည်။ကာမဂုဏ်ငါးပါးထူးခြားမွန်မြတ်သကဲ့သို့ငှင်း။ ပုဆိုးလေးသည်တို့၏အလျားအနံတူမျှကြသော်လည်း။နူးညံ့သိမ်မွေ့သော။ အဖြစ် ထူးခြားခြင်းကြောင့်။ လေးပိုလ်၊ သုံးပိုလ်။ နှစ်ပိုလ်။ တပိုလ်ဘိုဖြင့်၊ရှေးရှေးပုဆိုးထက်။ နောက်နောက်ပုဆိုး၏။ သာလွန်မွန်မြတ် သကဲ့သို့ငှင်း။ ဤအတူ—အရူပါ ဝစရ စိတ်သည်လည်း။ ရှေးရှေးစိတ်ထက်။ နောက်နောက် စိတ်သည်။ ဘာဝနာ ထူးသော ကြောင့်မြတ်၏ဟူ၍ မှတ်အပ်၏။

(၁၆၇) အာကာသာနဉ္စာယတန အစရှိသော။ အရူပ သမာပါတ်၌ လွန်သောရူပသညာကား၊ ရူပစိတ် (၁၅) ခု။ ပထဝီ အစရှိသောရှစ်ပါးသောကသိုဏ်း။ဤသို့အာရုံအားဖြင့် (၂၃) ပါးတည်း။ ပဋိဃသညာနံအတ္ထင်္ဂမာဟုဓမ္မသင်္ဂဏီ၌ဟောတော်မူသောကြောင့်။ အရူပသမာပါဘ်ဟုဆိုအပ်သောဈာန်ဓမ္မ၌။ချုပ်သောပဋိဃသညာကား။ကုသလဝိပါက်၏ အစွမ်းအားဖြင့်။ ရူပ။ သဒ္ဒ။ ဂန္ဓ။ရသ။ဖေါဋ္ဌဗ္ဗ။အကုသလဝိပါက်၏ အစွမ်း အားဖြင့်၊ ရူပ။ သဒ္ဒ။ ဂန္ဓ။ ရသ။ ဖောဋ္ဌဗ္ဗ။ ဤဆယ်ပါးတည်း။

(၁၆၈) နာနတ္တသညာနံအမနသိကာရာ ဟု။ဓမ္မသင်္ဂဏီ၌ဟော တော်မူသောကြောင့်။ အရူပ သမာပါဘ်၌ နှလုံး မသွင်းအပ်သော။ နာနတ္တသညာကား။ ရှစ်ပါးသော ကာမာဝစရ ကုသိုလ် သညာ။ ဆယ်နှစ်ပါးသောအကုသိုလ်သညာ။မဟာဝိပါက်ရှစ်ခု။ကုသလဝိပါက်၊ သမ္ပဋိစ္ဆိုင်းတစ်။ သန္တီရဏနှစ်ခု။ ဤသို့ (၁၁) ပါးသော။ ကုသလဝိပါက်သညာ၊ အကုသလဝိပါက်။ သမ္ပဋိစ္ဆိုင်း။သန္တီရဏ အားဖြင့်။နှစ်ပါးသောအကုသလဝိပါက်သညာ။မဟာကြိယာရှစ်ခု၊

အဟိတ်ကြိယာသုံးခုအားဖြင့် (၁၁)ပါးသော ကာမာဝစရ ကြိယာသည်၊ ဤသို့ (၄၄) ပါးသောနာနတ္တသညာဖြစ်၏။

(၁၆၉) ရူပသညာ ကို လွန်ခြင်း။ ပဋိဃ သညာ၏ ချုပ်ခြင်း။ နာနတ္တသညာကို နှလုံး မသွင်းခြင်းသည်။ အာကာသာနဉ္စာ ယတန ဈာန်မည်၏။ အာကာသာနဉ္စာယတနဈာန် ကိုလွန်ခြင်းသည်။ ဝိညာ နဉ္စာယတနဈာန် မည်၏။ ဝိညာနဉ္စာယတနဈာန် ကိုလွန်ခြင်းသည်။ အာကိဉ္စညာယတနဈာန်မည်၏။ အာကိဉ္စညာယတန ဈာန်ကိုလွန် ခြင်းသည်။နေဝသညာ နာသညာယတနမည်၏။ အရူပ သမာပတ် ကိုဝင်စား၍။ သန်္ဒါရကို သုံးသပ်သဖြင့်။ မဂ်ရသော ပုဂ္ဂိုလ်သည်။ အရူပသမာပတ်ဖြင့်။ရူပကာယမှလွတ်၏။မဂ်ဖြင့်အကုသိုလ်တည်း ဟူသောနာမကာယမှလွတ်၏။ ထိုနှစ်ပါးမှလွတ်သောကြောင့်။ ဥဘ တောဘာဂဝိမုတ်ပုဂ္ဂိုလ်မည်၏။လောကီသမာပတ် ၈ပါးတို့တွင်။ အောက်သမာပတ်(၇)ပါးကို။ဖြတ်စွာဘုရားသည်။အာဠာရအထံ၌ရ သည်နေဝသညာနာသညာယတနသမာပတ်ကို။ဥဒကအထံ၌ရ၏။ အဘိညာ၅ကိုလည်း။အာဠာရအထံ၌ပင်ရသည်။

(၁၇၀) အရူပါဝစရ စိတ်သည်။ ဝေဒနာအားဖြင့်။ ဥပေက္ခာ ဝေဒနာတပါး။ ဟိတ် အားဖြင့်။ အလောဘ၊ အဒေါသ၊ အမောဟ သုံးပါး။ ကိစ္စအားဖြင့်၊ ကုသိုလ်ကြိယာတို့သည်။ ဇောကိစ္စတတ်၏။ ဝိပါက်စိတ်သည်။ပဋိသန္ဓေ၊ဘဝင်၊စုတိ၊သုံးကိစ္စတတ်၏။ ဒွါရ အား ဖြင့်။ကုသိုလ်ကြိယာတို့သည်။ မနောဒွါရ၌သာ ဖြစ်ကုန်၏။ ဝိပါက် စိတ်သည် အချင်းခပ်သိမ်း ခြောက်ဒွါရမှ လွတ်၏။ အာရုံအားဖြင့်။ မဟဂ္ဂုတ်ပညတ်ကိုအာရုံပြုကုန်၏။ ဂဇ္ဇုအားဖြင့်ကုသိုလ် ကြိယ တို့သည်။ဟဒယဝတ္ထုကို၊ ရုံ၍၊ ရုံ၍မှီမှု၍ ဖြစ်ကုန်၏။ ဝိပါက် စိတ်သည်ကား။အရူပ ၌ မှီရာ ဝတ္ထုရုပ် မရှိသောကြောင့်။ အချင်း ခပ်သိမ်းမမှီမူ၍ဖြစ်၏။

(၁၇၁) အရူပ ... ရခြင်း၏ကြောင်းနှင့်မှာ။ပညတ်နှင့်မဟဂ္ဂုတ် နှစ်ပါး ... ... ပါးသော ကမ္မဋ္ဌာန်းတို့ကို ... ပြန်းသော်လည်း မရနိုင်ရာ အရူပ ... ရ ကုသိုလ်ကြိယာတို့သည် အသညသတ်...။

အပါယ်လေးဘုံတို့၌မဖြစ်။ ကြွင်း (၂၆) ဘုံတို့၌သာဖြစ်၏။ ဝိပါက်စိတ်သည်။ဘုံအားဖြင့်။ အရူပလေးဘုံတို့၌သာလျှင်ဖြစ်၏။ တပါးသောဘုံ၌မဖြစ်။ ပုဂ္ဂိုလ် အားဖြင့်။ တိဟိတ် ပုဂ္ဂိုလ်တို့၌ သာလျှင်ဖြစ်၏။ဒွိဟိတ်ပုဂ္ဂိုလ်တို့၌မဖြစ်။

(၁၇၂) မဟန္တဘာဝံ ဂတတ္တာ မဟဂ္ဂတံ။ ဟူသည်နှင့် အညီ။ ရူပစိတ်၊ အရူပစိတ်တို့သည်။ မြတ်သော အရိယာစသော အဖြစ်သို့ ငင်း။ နိဗ္ဗာန်မဂ်ဖိုလ်သို့ငင်း။ ရောက်စေတတ်သောကြောင့်။ မဟဂ္ဂုတ်မည်၏။ တနည်းကား။ ရူပအရူပဈာန်တရားတို့ကို။မြတ်ကုန်သော သဒ္ဓါ၊ ဝီရိယ၊ စိတ္တ၊ ပညာ၊ ရှိကုန်သောပုဂ္ဂိုလ်တို့သည်။ ကျင့်အပ်သောကြောင့်။ မဟဂ္ဂုတ်စိတ်မည်၏၊ ။ဤမဟဂ္ဂုတ် စိတ်သည်။ အန္တရာယ်မရှိခဲ့သော်။ ဥပပဇ္ဇဝေဒနီယကံ၏ အစွမ်းဖြင့်။ ဒုတိယဘဝ၌ အကျိုးပေးခြင်းမြဲသောကာလရှိသောကြောင့်။ တူသောအကျိုးကိုပေး၏။ လောကုတ္တရာ စိတ် သည်လည်း။ မဂ်ဖြစ်ပြီးသည် နောက်။ ဖိုလ်တည်း ဟူသော အကျိုးကို တဘဝ၌။ ပေးခြင်းမြဲသောကြောင့်။ တူသောအကျိုးပေး၏။

(၁၇၃) စတုက္ကနည်း အားဖြင့်။ ရူပါဝစရ ဈာန် လေးပါး။ အရူပါဝစရဈာန်လေးပါး၊ပေါင်းဤရှစ်ပါးသော။သမာပါတ်နှင့်ပြည့်စုံသော သူသည်သာလျှင်။ အဘိညာဉ်ကိုရနိုင်၏။ မပြည့်စုံလျှင်မရနိုင်။သမာပါတ်ရှစ်ပါးတွင်။ အကြွင်သမာပါတ်ကိုလေ့လာ၏။ ထိုသမာပါတ်ဖြင့်။ဒုတိယဘဝဖြဟ္မာ့ဘုံ၌ အကျိုးပေး၏။ ရှစ်ပါးလုံးကိုလေ့လာသည်ဖြစ်အံ့။ တောင့်တအပ်သော သမာပါတ်၏ အစွမ်းဖြင့် ဖြဟ္မာဘုံ၌အကျိုးပေး၏။ပဋ္ဌာနာဖြင့်မတောင့်တသည်ဖြစ်အံ့။ စုတေခါနီးဝင်စားအပ်သော။သမပါတ်၏အစွမ်းဖြင့်အကျိုးပေး၏။ စုတေခါနီးဝင်စားအင်သော။သမာပါတ်မရှိခဲ့လျှင်။အထက်ဖြစ်သော နေဝသညာနာသညာယတနသမာပါတ်ဖြင့်။ဖြဟ္မာဘုံ၌ဖြစ်ရ၏။နိရောဓသမာပါတ်ကိုသည့်လျှင်(၉)ပါး။ဖလသမာပါတ်ကိုသည့်လျှင်(၁၀)ပါးဖြစ်၏။

ဤသို့သောစကားအစဉ်ဖြင့်-အရူပါဝစရစိတ်၏
အဘွင့်သည်ပြီး၏တည်း။

(၁၇၄) တဆ္တကတမံ၊လောကုတ္တရံ-ဟူသော အကျဉ်းဥဒ္ဒေသ။ မါတိကာ၏အကျယ်ဝိဘင်္ဂ ရပဒ သာဇနီဖြစ်သော။လောကုတ္တရာစိတ်သည်။ကုသိုလ်စိတ်။ဝိပါကစိတ်ဟူ၍ငှင်း။ မဂ်စိတ်။ ဖိုလ်စိတ်ဟူ၍ ငှင်း။နှစ်ပါးရှိ၏၊ ထိုတွင်–ကိလေသမာရနေတ္တာ နိဗ္ဗာနံဂစ္ဆတီတိ မဂ္ဂေါ ဟူသည်နှင့်အညီ။နာမ်တောပညာသ (၅၃)ရှိမှု၊ နှစ်ရပ်အဋ္ဌာရသ (၁၈)လက္ခဏာရပ် (၄) ပေါင်း (၇၅) ပါးဖြစ်၏။ ငှင်းကို ကိလေသာ ဆယ်ပါးနှင့်မြှောက်(၇၅၀)ဖြစ်၏။ငှင်းကိုသန္တာန် နှစ်ပါးနှင့်မြှောက် တထောင်ငါးရာ (၁၅၀၀) ဖြစ်၏။ ဤတထောင်ငါးရာ ကိလေသာ တို့ကိုသတ်ပြီး၍။နိဗ္ဗာန်သို့သွားတတ်သောကြောင့်။မဂ်မည်၏။ထိုမဂ် စိတ်သည်။လောကုတ္တရာကိုသာ အာရုံပြု၏။ လောကီကိုအာရုံမပြု။ လောကီကို အာရုံ မပြုလျှင်။ ကိလေသာတည်းဟူသော။ လောကီ တရားကို။ အသို့လျှင် သတ်နိုင်အံ့နည်း-ဟူငြားအံ့။ တထောင့်ငါးရာ လူဆိုးတို့ကို။ပြည့်ရှင်မင်း-ကွပ်ညှပ် စီရင်လေပြီ ဟူသော စကား၌။ စင်စစ်မင်း-ကား-မသတ်။ မင်း၏ အစွယ် အပွား ဖြစ်သော။ မြို့ကွပ်, သောင်းမှူးတို့သည်သာ။ကွပ်ညှပ်စီရင်သည်ကိုပင်။မင်းစီရင်သည်ဟု ဆိုကြ သကဲ့သို့။ ဤ၌သည်း–ကိလေသာ တို့ကို မဂ်ကား မသတ်။ မဂ်၏ရှေးဖြစ်သော။ ဝိပဿနာ မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် တို့ သည်သာ။သတ်လေသည်ကိုပင်။မဂ်သတ်သည်ဟု ဆိုလေသည်။

မဂ္ဂေါ ဟူသော ပုဒ်သည်။ မရဓာတ်၊ ဂမုဓာတ်၊ ငါးကြင်းပြွက် ကဲ့သို့။အစုံအစုံဖြစ်၍တည်ရကား။မဂ္ဂယုဂဠဓာတ်ဟုဆရာကြီးတို့ အမယ်ပေးကုန်၏။ တဗျာသုံးတန်တည်သားပြန်၊အ၊ ကာ, သန်နှင့် မြှောက်၊ တဗျာ အစ၊ ဇရာ့ရှစ် ဖြစ်၏-လူမှာရေ-က်။ နံ၊ နိလက် ကံ၌။ ကိသန္တာန်နှင့်မြှောက်။ တထောင့်ငါးရာကိလေသာ။ ဖြစ်ရှာ အပြီးရောက်။ဟူသောလင်္ကာကိုလည်းမှတ်အင်၏၊ [စကားချင်။]

(၁၇၅) ဝိသုဒ္ဓိမာဟူ၍ ဟောတော်မူခြင်းကြောင့်။ အောက်မဂ် သုံးပါးသည်။လျှင်စစ်ချေ၍ကဲ့သို့။ကိလေသာတည်းဟူသော အမိုက် မှောင်ကိုပယ်၏၊ဝိဇ္ဇူပမာဟူ၍ဟောတော်မူခြင်းကြောင့်။အရဟတ္တ မဂ်သည် ဝဇိရ ဖိန်နဲ့ကျဘ်ကဲ့သို့ အကြွင်းမဲ့ ကိလေသာ တို့ကိုပယ် ဖျက်၏ ဤနှစ်ခွဲကိုရိုက်သည် မိုးကြိုးသော နေရာ၌ အစုံတခုကျ၊

ဖြင်တို့သည်။ မကွဲးမပျက် တည်တန့်နိုင်သည်မရှိ။ တဘန်–ဖေ့စပ် ပေါက်ရောက်ပြန်ခြင်းငှာ။မဘတ်နိုင်သကဲ့သို့။ ထိုအတူ–အရဟတ္တ မဂ်ပညာတည်း ဟူသော။ ဝဇိရမိန်လက်နက်ဖြင့်။ သိကြားမင်းနှင့် တူသော။အရိယာတို့သည်။ ကိလေသာတည်းဟူသော။ ဝတ္ထုဖြင်၌ ချလိုက်သည်ရှိသော်။ တဘန်–ဖေ့စပ်ပေါက်ရောက်ခြင်း မဖြစ်ကုန် ဟူ၍မှတ်အပ်၏။

(၁၇၄) အသီးမရှိသော။သစ်ပင်ကိုမရုတ်ဖြတ်သေးလျှင်၊ ပထ ဗိရသ၊အာပေါရသတို့ကိုအစွဲးပြု၍။ ကေန်သီးမည်ဖြစ်တော့သည်။ ချတ်ဖြတ်ခြင်းကြောင့်သာလျှင်။အနာဂါတ်ကာလ၌ သီးလတ့် **အသီး** တို့သည်။မသီးရသကဲ့သို့။ ထိုအတူ=အရိယာမဂ် မဖြစ်သေးလျှင်။ ပုထုဇ္ဇဉ်သေက္ခတို့၏သန္တာန်၌။ ကေန်ကိလေသာဖြစ်ပေါ် လာမည်။ အရိယာမဂ်ဖြစ်ခြင်းကြောင့်သာလျှင်။ အနာဂါတ်၌ ဖြစ်လတ့်သော။ ကိလေသာတို့သည် မဖြစ်ရကုန်။ထိုကြောင့်–အနာဂါတ်ဟု ဆိုအပ် သော။ကိလေသာတို့ကိုပယ်၏ဟူလို၏။

(၁၇၅) မြတ်စွာဘုရားသည်။ သစ္စာ လေးပါးကို သိမြင် ရာ၌။ အပြန်အလှ္ဂာသုံးပါး၊အခြင်းအရာ တဆယ့်နှစ်ပါးတို့ဖြင့်သိ၏။ သစ္စာ လေးပါးတို့၌။ အပြန်အလှ္ဂာသုံးပါး။ အခြင်းအရာ တဆယ့် နှစ်ပါး ဟူသော်ကား။သစ္စာလေးပါးတို့၌၊ပိုင်းခြားဝေဘန်၍။ အမှန်သိသော ဉာဏ်သည်။ သစ္စာဉာဏ် မည်၏။ ဒုက္ခ သစ္စာသည်။ ပိုင်းခြား၍ သိအပ်သော။ ပရိညေယျကိစ္စမည်၏။ သမုဒယသစ္စာသည်၊ ပယ် အပ်သော။ ပဟာတဗ္ဗကိစ္စမည်၏။ နိရောဓသစ္စာသည်။ မျက်မှောက် ပြုအပ်သော သစ္ဆိကာတဗ္ဗကိစ္စ မည်၏။ မဂ္ဂသစ္စာသည်။ အဘန် တလဲလဲပွားအပ်သော။ဘာဝေတဗ္ဗကိစ္စမည်၏၊ ဤသို့ သစ္စာလေး ပါးတို့၏။ကိစ္စကိုပိုင်းခြား၍သိသောဉာဏ်သည်။ ကိစ္စဉာဏ်မည်၏။ ပရိညေယျစသောကိစ္စ၏။ပြုအပ်ပြီးသည်၏အဖြစ်ကို။ဆုံးဖြတ်သော အားဖြင့်။သိသောဉာဏ်သည်။ကတဉာဏ်မည်၏။ ဤသို့လျှင် သစ္စာ တပါးတပါး၌။အပြန်အလှ္ဂာသုံးပါးဖြစ်သော်။သစ္စာလေးပါးအတွက် အခြင်းအရာ တဆယ့်နှစ်ပါးတို့သည်ဖြစ်ကုန်၏။ ထိုကြောင့်–သော တာပန်။သကဒါဂါမ်။အနာဂါမ် ဖြစ်ပြီးမှ။ အရဟတ္တမဂ်။အရဟတ္တ

ဖိုလ်သို့ရောက်၍။ ဘုရားဖြစ်ရကား။ မြတ်စွာဘုရား၏။ မဂ်လေးတန်သည်။ ကိလေသာအခြားရှိသော။ မဂ်လေးတန်မည်၏။

(၁၇၈) နိဂုံး၌ ဝိ သဒ္ဒါဖြင့်။ ပေါင်းအပ်သော။ နည်း အများတို့တွင်။ မွေ့သက်ထိ၌လာသော။ စတုသဟဿနည်းကား။ သောတာပတ္တိမဂ်ကိုတည်။ သုညတ, အပ္ပဏိဟိတ နှစ်ပါးနှင့်မြှောက်။ သုဒ္ဓိကဈာန်နှစ်ပါးဖြစ်၏။ ၎င်းကို ပဋိပဒါလေးပါးနှင့်မြှောက်။ ရှစ်ပါးဖြစ်၏။ အောသုဒ္ဓိကနှစ်ပါးနှင့်ပေါင်း။ ဈာန်အမည်အားဖြင့်ဆယ်ပါးဖြစ်၏။ ထိုအတူ—သောတာပတ္တိမဂ်ကို။ မဂ်၏ အမည်အားဖြင့် ဟောအပ်သည်ရှိသော်။ နည်းဆယ်ပါးတို့သည်ဖြစ်ကုန်၏။ သတိပဋ္ဌာန်။ သမ္မပ္ပဓာန်။ ဣဒ္ဓိပါဒ်။ ဣန္ဒြေ။ ဗိုလ်။ ဗောဇ္ဈင်။ သစ္စာ။ သမထ။ ဝိပဿနာ။ ဓမ္မ။ ခန္ဓာ။ အာယတန။ ဓာတ်။ အာဟာရ။ ဖဿ။ ဝေဒနာ။ သညာ။ စေတနာ။ စိတ်။ ဤ (၁၉) ပါးတို့၌လည်း။ တဆယ်စီဖြစ်ရကား။ ပေါင်း နှစ်ရာ (၂၀၀) ဖြစ်၏။ ၎င်းကိုတည်။ အဓိပတိ လေးပါးနှင့်မြှောက်။ ရှစ်ရာ (၈၀၀) ဖြစ်၏။ ယခင်နှစ်ရာနှင့်ပေါင်း။ တထောင်ဖြစ်၏။ ၎င်းကိုတည် မဂ်လေးပါးနှင့်မြှောက်။ မဂ်စိတ်ပေါင်းလေးထောင်ဖြစ်၏။

(၁၇၉) သစ္စ ဝိဘင်း၌ လာသော။ သဋ္ဌိသဟဿ နည်းကား။ အဋ္ဌင်္ဂိကဝါရ။ ပဉ္စင်္ဂိကဝါရ။ သဗ္ဗသင်္ဂါဟိကဝါရ။ ဟူ၍ သုံးပါးတို့တွင် တပါးတပါး၌။ (၁) တဏှာယ ပဟာနံ။ (၂) တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ ပဟာနံ။ (၃) တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ ပဟာနံ။ (၄) တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ၊ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ တိဏ္ဏဉ္စ ကုသလ မူလာနံ သာသဝါနံ ပဟာနံ။ (၅) တဏှာယစ အဝ သေသာနဉ္စ၊ ကိလေသာနံ အဝ သေသာနဉ္စ။ အကုသလာနံ ဓမ္မာနံ၊ တိဏ္ဏဉ္စ ကုသလ မူလာနံ။ သာသဝါနံ အဝသေသာနဉ္စ၊ ကုသလာနံ ဓမ္မာနံ။ ဤသို့ အားဖြင့် ငါးပါးသော ကောဋ္ဌာသတို့တွင်။ ပဌမကောဋ္ဌာသဈာနာဘိနိဝေသ၌။ သုဒ္ဓိကပဋိပဒါ သုဒ္ဓိကသုညတ။ သုညတပဋိပဒါ၊ သုဒ္ဓိကအပ္ပဏိဟိတ။ အပ္ပဏိဟိတပဋိပဒါ ဟူ၍ ငါးဌာနရှိ၏။ ၎င်းငါးဌာနကို။ စတုက္ကနည်း ပဉ္စကနည်း နှစ်ပါးနှင့်မြှောက်။ ဆယ်ပါးဖြစ်၏။ ထိုအတူ—မဂ္ဂါဘိနိ

ဝေသစသည်တို့၌လည်း။ဆယ်ပါးမိဖြစ်ရကား။ပေါင်းနှစ်ရာ(၂၀၀) ဖြစ်၏။ ၎င်းကိုအဓိပတိလေးပါးနှင့်မြှောက်။ ရှစ်ရာ (၈၀၀) ဖြစ်၏။ ၎င်းကိုယခင်နှစ်ရာနှင့်ရော။တထောင်ဖြစ်၏။ ၎င်းကို မဂ်လေးပါးနှင့် မြှောက်။ လေးထောင် (၄၀၀၀) ဖြစ်၏။ ၎င်းကို ဆိုအပ်ပြီးသော။ ကောဋ္ဌာသငါးပါးနှင့်မြှောက်။နှစ်သောင်း(၂၀၀၀၀) ဖြစ်၏။ ၎င်းကို ဆိုအပ်ပြီးသော။ဝါရသုံးပါးနှင့်မြှောက်။ခြောက်သောင်း(၆၀၀၀၀) ဖြစ်၏။ ၎င်းနည်းဘို့ကိုပေါင်း၏။

(၁၈၀) ဖလတိပေဟတုတော၊ နိပ္ဖတ္တိပဝတ္တတိတိ ဖလံ။ ဟူသည်နှင့်အညီ။ မဂ်တည်းဟူသောအကြောင်းကြောင့်။ ပြီးတတ် ဖြစ်တတ်သောစိတ်သည်။ဖိုလ်စိတ်မည်၏။ ထိုဖိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာလျှင်။သောတာပန်။ သကဒါဂါမ်။အနာဂါမ်။ ရဟန္တာ ဟူ၍ခေါ်ဝေါ်အပ်၏။ မဂ်ပုဂ္ဂိုလ်တို့ကိုကား။ သောတာပတ္တိ သစ္ဆိကိရိယာပဋိပန္န၊ သကဒါဂါမိ သစ္ဆိကိရိယာပဋိပန္န။ အနာဂါမိသစ္ဆိကိရိယာပဋိပန္န။ အရဟတ္တ ဖလသစ္ဆိကိရိယာပဋိပန္န။ ပုဂ္ဂိုလ်ဟူ၍ ခေါ်ဝေါ်အပ်၏။ ။ဤနေရာ၌ မဂ် ပုဂ္ဂိုလ်နှင့် ဖိုလ် ပုဂ္ဂိုလ်အား လှူရခြင်းသည်။အဘယ်သို့ထူးသနည်းဟူမူ။ဖြေဆိုခြင်းငှာ ခဲယဉ်း၏။အကြောင်းသော်ကား မဂ်ခဏ၌ ဆိုင်းငံ့သည်မရှိ။ မဂ်ဖြစ်သည် နောက်။ဘဝင်မခြားဘဲ။ စင်ခါ ဖိုလ်စိတ် ဖြစ်သောကြောင့်တည်း။ မဂ်စိတ်၏ခဏတ္တယနှင့်ပြည့်စုံသောမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား။ပေးလှူခြင်း ငှာ စွမ်းနိုင်ပါမည်လော ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို။ ဝိပဿနာ အားထုတ်၍နေသောရဟန်း။ ဆွမ်းခံကြွလာသော အခါ။ သပိတ်၌ ခဲဘွယ်ဘောဇဉ်ကို ထည့်၍။ လှူတို့သည် လှူကုန်၏။ ထိုလှူသော ခဏ၌။မဂ်မှထခြင်းသည်ဖြစ်၏။ ဤအလှူသည်မဂ်၏။ ခဏတ္တယနှင့် ပြည့်စုံသောပုဂ္ဂိုလ်အားလှူသောဒါနမည်၏ဟု။အဘူတ ပရိကပ္ပနာ နည်းအားဖြင့်။ကြံဆ၍အဋ္ဌကထာဆရာဖြေတော်မူ၏။

(၁၈၁) သောတာပတ္တိဟူသောပုဒ်၌။သောတဟူသည်။ မဂ္ဂင် ရှစ်ပါးကိုမှတ်အပ်၏။အာပန္နဟူသည်။ သကဒါဂါမိမဂ်,စသည်သို့ ရောက်သည်မှ။ရှေးဦးစွာရောက်ခြင်းကိုမှတ်အပ်၏။နှစ်ရှင်ကိုပေါင်းသည် ရှိသော်။နိဗ္ဗာန်သို့အာရုံပြုသည်၏အစွမ်းဖြင့်။ရှေးရှုကင်တတ်သော။

အရိယာမဂ္ဂင်ရှစ်ပါးသို့။ အထက်မဂ်သုံးပါးတို့၏။ ရှေးဦးစွာရောက်ခြင်းရှိသော။ ပုဂ္ဂိုလ်သည်သောတာပန်ပုဂ္ဂိုလ်မည်၏။ထိုသောတာပန်သည်။ဈာန်ရ,မရနှစ်ပါးတို့တွင်။ဈာန်ရသော,သောတာပန်သည်။ ထိုဘဝ၌အရဟတ္တဖိုလ်သို့ရောက်မှု။ပရိနိဗ္ဗါန်စံရ၏။အရဟတ္တဖိုလ်သို့မရောက်သေးမူကား။ဗြဟ္မာ့ဘုံသို့ရောက်ရ၏၊ရောက်သည်ရှိသော်။ကာမဘုံသို့မပြန်သောကြောင့်။အနာဂါမ်မဟုတ်သော်လည်း။ ဈာန်၏အစွမ်းအားဖြင့်၊ အနာဂါမ်မည်၏ဟု မှတ်အပ်၏။ ဈာန်မရ။ဈာန်ဘည်းဟူသော။အစေးခြောက်သော။သုက္ခဝိပဿက။သောတာပန်သည်။ဧကဗီဇိသောဘာပန်။ကောလံကောလသောတာပန်။သတ္တက္ခတ္တုပရမသောဘာပန်။ဟူ၍သုံးပါးရှိ၏။ ထိုတွင်လူ့ဘုံ၌ဖြစ်စေ။နတ်ဘုံ၌ဖြစ်စေ။တခုသောပဋိသန္ဓေတည်နေသည်ဖြစ်၍အရဟတ္တဖိုလ်သို့ရောက်တဘဝသာနေ၍၊ ပရိနိဗ္ဗာန်ပြုသော။ သောတာပန်သည်။ ဧကဗီဇိသောတာပန်မည်၏။

(၁၀၂) နှစ်ဘဝသော်၎င်း။သုံးဘဝ။လေးဘဝ။ငါးဘဝ။ခြောက်ဘဝသော်၎င်း။လူ့ဘုံနတ်ဘုံ၌ပဋိသန္ဓေနေ၍။ လူနတ်ရှေးသော ဘဝအကြိမ်၏အစွမ်းဖြင့်။အရဟတ္တဖိုလ်သို့ရောက်။ ပရိနိဗ္ဗာန် ပြုသောပုဂ္ဂိုလ်သည်။ ကောလံကောလ သောတာပန် မည်၏။ ။လူ့ဘုံ၌သောဘာပန်ဖြစ်၍စုတေသောပုဂ္ဂိုလ်သည်။ရှေးဦးစွာပထမ နတ်ဘုံတကြိမ်။ဒုတိယလူ့ဘုံတကြိမ်။၎င်းနှစ်ကြိမ်ကိုမိဿကပြု၍။တဘဝ။လ။ဘေရသမနတ်ဘုံတကြိမ်။စုဒ္ဒသမလူ့ဘုံတကြိမ်။၎င်းနှစ်ကြိမ်ကိုမိဿကပြု၍၊ဘဘဝ။ နတ်ဘုံ၌ သောဘာပန်ဖြစ်၍ စုတေသောပုဂ္ဂိုလ်၏၊ [illegible]သို့ဖြစ်ရာ၌လည်း။ နည်းတူပင်တည်း၊ ဤသို့မိဿကပြု၍ရအပ်သော [illegible]ဘဝ သာ။ ကာမ[illegible] ဖြစ်ကောင်း၏။ ထိုအက်လွန်၍ [illegible]ဖြစ်ကောင်း။ဗြဟ္မာ[illegible]ကား။အပိုင်းအခြားမရှိ၊ အကြိမ်များစွာ။ထိုအက်လွန်၍ ဖြစ်သဖြင့်၊ ပရိနိဗ္ဗာန်ပြုရသော။ သောဘာပန်သည်။သတ္တက္ခတ္တု[illegible]ရမသောဘာပန်မည်၏။

(၁၀၃) ထိုသုံးပါးသော။သောတာပန်တို့တွင်၊ အထက်မဂ်သုံးပါးတို့၏ဝိပဿနာသည်၊ အလွန် အားကြီးစွာ။ ဗလဂဖြစ်ငြားအံ့၊ ဧကဗီဇိသောတာပန်မည်၏ အနည်းငယ်နှံ့ ငြားအံ့။ကောလံကောလ

သောတာပန်မည်၏။အလွန်နှံ့ကြားအံ့။ သတ္တက္ခတ္တုပရမ သောတာပန်မည်၏။ထိုသုံးယောက်တို့တွင်။ သတ္တက္ခတ္တုပရမ သောတာပန်။ ကောလံကောလ သောတာပန်, နှစ်ပါးကို၊ လူပဋိသန္ဓေ။ နတ်ပဋိသန္ဓေ နှစ်ပါးကိုရောမှ။ ဘဝဟူ၍မှတ်အပ်သော။ အကြိမ်၏ အစွမ်းဖြင့်ယူအပ်၏။ကေဠိသောတာပန်ကို။ လူဘဝ၏ အစွမ်းအားဖြင့် သာလျှင်ဖြစ်စေ။နတ်ဘဝ၏အစွမ်းအားဖြင့် သာလျှင်ဖြစ်စေ။ တခုခုကိုဘဝဟူ၍ယူအပ်၏။

(၁၀၄) ပဋိသန္ဓေ၏အစွမ်းဖြင့်။ ဤလူ့ဘုံသို့။ တကြိမ်လာတတ်သော ပုဂ္ဂိုလ်သည်။ သကဒါဂါမ် မည်၏။ ထိုသကဒါဂါမ်သည်။ (၁) လူပြည်၌သကဒါဂါမိဖိုလ်သို့ရောက်၍။ လူပြည်၌ ပရိနိဗ္ဗာန်ပြုသော။ သကဒါဂါမ် တယောက်။ (၂)နတ်ပြည်၌သကဒါဂါမိဖိုလ်သို့ရောက်၍၊ နတ်ပြည်၌ပရိနိဗ္ဗာန်ပြုသော။ သကဒါဂါမ်တယောက်။ (၃) လူပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍၊ နတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော။သကဒါဂါမ်တယောက်။ (၄) နတ်ပြည်၌။ သကဒါမိဖိုလ်သို့ရောက်၍။လူပြည်၌ပရိနိဗ္ဗာန်ပြုသော။ သကဒါဂါမ် တယောက်။ (၅) လူပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍။ နတ်ပြည်၌ ဖြစ်၍။ လူပြည်၌ပရိနိဗ္ဗာန်ပြုသော။ သကဒါဂါမ်တယောက်။ ဤသို့အားဖြင့် ငါးယောက် ရှိသည်တွင်။ နောက်ဆုံး ဖြစ်သော။ သကဒါဂါမ်ကို သာလျှင်။ဤမဂ်စိတ်အရာ၌ကောက်ယူအပ်၏။ ကေဠိသောတာပန်သည်။ပဋိသန္ဓေတကြိမ်သာလျှင်နေ၏။ သကဒါဂါမ်သည်။ ပဋိသန္ဓေ နှစ်ကြိမ်နေ၏။ ဤသို့ပဋိသန္ဓေအားဖြင့် ထူး၏။ ကွင်းလေးယောက်ကား။အဘွင်ရဂ္ဂိအားဖြင့်။သကဒါဂါမ်မည်၏။

(၁၀၅) ပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဤကာမဘုံသို့ မလာသော ပုဂ္ဂိုလ်သည်။အနာဂါမ်မည်၏။ပဋိသန္ဓေ၏ အစွမ်းဖြင့် မလာသော်လည်း။ ပစ္စတ္တိ အခါမှုကား။ ဘုရားကိုဖူးမြင်ခြင်း။ တရားတော်ကို နာခြင်း အကျိုးငှာ။ ဤလူ့ဘုံသို့ လာသေး၏။ ထိုအနာဂါမ်သည်။ (၁) အန္တရာပရိနိဗ္ဗာယီ အနာဂါမ်။ (၂) ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်။ (၃) အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်။ (၄) သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်။ (၅) ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်။

အားဖြင့်ငါးယောက်ရှိ၏။ ထိုတွင်–အကြွင် အနာဂါမ်သည်။ သုဒ္ဓါဝါသ။ ငါးဘုံတို့၌ ဖြစ်၍။ အသက်တန်း၏။ အလယ်ကို မလွန်မူ၍ အကြား၌ သာလျှင်။ ကိလေသ ပရိနိဗ္ဗာန် ပြု၍။ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအနာဂါမ်သည်။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်မည်၏။ အသက်တန်း၏အလယ်ကိုလွန်၍။ အရဟတ္တဖိုလ်သို့ ရောက်သော။ အနာဂါမ်သည်။ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် မည်၏။ ချမ်းသာသ ဖြင့်လွယ်ကူစွာ အရဟတ္တဖိုလ်သို့ ရောက်သော။ အနာဂါမ်သည်။ အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်မည်၏။ ကိုယ်စိတ်ပင်ပမ်းအားထုတ် ခြင်းမှ။အရဟတ္တဖိုလ်သို့ ရောက်သော။အနာဂါမ်သည်။ သသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်မည်၏။ဤလေးယောက်သောအနာဂါမ်တို့ကို။ သုဒ္ဓါဝါသငါးဘုံ၌ရအပ်ကုန်၏။

(၁၀၆) ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်ကို။ လေးမျိုး ပိုင်း ခြား။လေးဂါးစတုက္ကဖြင့်မှတ်အပ်၏။ အကြွင် အနာဂါမ်သည်။ အဝိ ဟာဘုံမှစ၍။ အထက်ဘုံကိုသုတ်သင်၍။ အကနိဋ္ဌဘုံသို့ရောက်၍။ ပရိနိဗ္ဗာန်ပြု၏၊ ထိုပုဂ္ဂိုလ် သည်။ဥဒ္ဓံသောတ, အကနိဋ္ဌဂါမီ မည်၏။ အကြွင်အနာဂါမ်သည်။ အဝိဟာဘုံမှစ၍။ အတပ္ပါဘုံသို့ရင်း။ သု ဒဿာဘုံသို့ရင်း။ သုဒဿီဘုံသို့ရင်း။ သွား၍ ပရိနိဗ္ဗာန်ပြု၏။ ထို ပုဂ္ဂိုလ်သည်။ဥဒ္ဓံသောတသာမည်၏။ အကနိဋ္ဌဂါမီမည်။ အကြွင် အနာဂါမ်သည်။ကာမဘုံမှ။ အကနိဋ္ဌဘုံ၌ ဖြစ်၍။ ပရိနိဗ္ဗာန်ပြု၏။ ထိုပုဂ္ဂိုလ်သည်။ အကနိဋ္ဌသာမည်၏။ ဥဒ္ဓံသောတမမည်။ အကြွင် အနာဂါမ်သည်။သုဒ္ဓါဝါသငါးဘုံတို့တွင်။ အောက်လေးဘုံ၌ဖြစ်၍။ ထိုအောက် လေးဘုံ၌ ပင်လျှင်။ ပရိနိဗ္ဗာန် ပြု၏။ ထိုပုဂ္ဂိုလ်သည်။ ဥဒ္ဓံသောတလည်းမမည် အကနိဋ္ဌလည်းမမည်။ဤသို့လေးမျိုးပိုင်း၍ သိအပ်၏၊

(၁၀၇) သံသရာစက်၏၊ ကိလေသာ တည်းဟူသော။ အကန့် အကွက်တို့ကို။ အရဟတ္တမဂ် ဉာဏ်ဖြင့်၊ ပယ်သတ် တတ်သော ကြောင့် အရဟာ မည်သော ပုဂ္ဂိုလ်သည်။ရဟန္တာမည်၏။ ပယ်သတ် ပုံမှာ။အဝိဇ္ဇာ။ဘဝတဏှာ, ဖြင့်ပြီးသော၊ အပုညာဘိသင်္ခါရ ဟု ဆို အပ်သောအကန့်ကို ဇရာမရဏာဟု ဆိုအပ်သော။ အကွပ်ကို,အာသ

ဝတည်းဟူသော။ ဝင်ရိုးဖြင့် ထိုးလျက်။ ဘဝသုံးပါးတည်းဟူသော ရထားကြီး၌ ယှဉ်မှီးလျက်အစမရှိသောသံသရာစက်၏ ကိလေသာ ဟုဆိုအပ်သော အကန့်ကိုရဟန္တာပုဂ္ဂိုလ်သည်။ ဝီရိယ တည်းဟူ သောခြေသောက်ကို။သီလတည်းဟူသော မြေကြီးပေါ်၌ထားလျက်။ သဒ္ဓါတည်းဟူသောလက်ဖြင့်။သမာဓိ တည်းဟူသော ကျောက်ဖျာ ဝယ်၊ ကောင်းစွာ သွေးအပ်သော။ အရဟတ္တမဂ် တည်းဟူသော ပေါက်ဆိန်ကိုယူ၍။ကောင်းစွာမကြွင်းတချင်းချင်းကုန်စေ။ နုတ်ထွင် ပယ်သတ်၏ ဟူလို၏။

(၁၈၈) ထိုရဟန္တာသည်။ သုက္ခဝိပဿကရဟန္တာ။ သမထ ယာနိကရဟန္တာ ဟူ၍ နှစ်ပါးရှိသည်တွင်။ ဈာန်မရသောရဟန္တာ သည်။သုက္ခဝိပဿကရဟန္တာမည်၏။ ဈာန်ရသောရဟန္တာသည်။ သမထယာနိကရဟန္တာမည်၏။ ရှေးဘဝ၌ အားထုတ်ခဲ့သော။ ပုဗ္ဗ ပယောဂဘာဝနာ အားကြီးသောရဟန္တာနှင့်သည်ဈာန်ကိုရ၏။ ပုဗ္ဗ ပယောဂဘာဝနာ မရှိသော ရဟန္တာသည်၊ ဈာန်ခြောက်သော။ သုက္ခဝိပဿက ရဟန္တာ မည်၏။ တနည်းကား။ ဣရိယာပထ။ သမသီသီ ရဟန္တာ။ ရောဂသမသီသီ ရဟန္တာ။ ဇီဝိတ, သမသီသီ ရဟန္တာဟူ၍ ၃-ယောက် ရှိ၏။ ထိုတွင်—ဣရိယာပုထ် လေးပါး တို့တွင်။ တခုခုသော ဣရိယာပုထ်ဖြင့်။ ရဟန္တာဖြစ်၍။ ထိုဣရိယာ ပုထ်ဖြင့်ပင်။ ပရိနိဗ္ဗာန်ပြုသော ရဟန္တာသည်။ ဣရိယာပထ။ သမ သီသီရဟန္တာမည်၏။အကြင်ရောဂါ ဖြင့်။ ရဟန္တာဖြစ်၍။ ထိုရောဂါ ဖြင့်။ ပရိနိဗ္ဗာန်ပြုသော ရဟန္တာသည်။ ရောဂသမသီသီ ရဟန္တာ မည်၏။အကြင်ပုဂ္ဂိုလ်အား။ အဝိဇ္ဇာဟူသော ဥကျောင်း။ ဇီဝိတိန္ဒြေ ဟူသောဥကျောင်း၊ နှစ်ပါးသည်အညီအမျှ။ ဝိထိသာခြား၍။ အစဉ် မခြား။ ကုန်ခြင်းသို့ ရောက်၏။ ထိုပုဂ္ဂိုလ်သည်။ ဇီဝိတ သမသီသီ ရဟန္တာမည်၏။

(၁၈၉) ကိလေသာ၏ ဥကျောင်းဟု ဆိုအပ်သော အဝိဇ္ဇာကို။ အရဟတ္တမဂ်သည်ကုန်စေ၏။ ပဝတ္တိ၌ဥကျောင်းဖြစ်သောဇီဝိတိန္ဒြေ ကိုစုတိစိတ်သည်ကုန်စေ၏။အဝိဇ္ဇာကိုကုန်စေတတ်သော။အရဟတ္တ မဂ်သည်။ဇီဝိတိန္ဒြေကိုကုန်စေခြင်းငှာ မတတ်ကောင်း။ ဇီဝိတိန္ဒြေကို

ကုန်စေတတ်သော။စုတိစိတ်သည်။အပိဇ္ဇာကိုကုန်စေခြင်း၌ါမတတ်ကောင်း။ အပိဇ္ဇာကို ကုန်စေတတ်သော။ အရဟတ္တ မဂ်စိတ်လည်း တပါး။ ဇီဝိတိန္ဒြေကို ကုန်စေတတ်သော စုတိစိတ်လည်း တပါး။ ဤသို့ပိုင်းခြားမှတ်သားအပ်၏။

(၁၉၀) ယေပုဂ္ဂလာ, အဋ္ဌသတံ–ဟူသော ပါဠိနှင့် အညီ။ သုတ္တနိပါတ်အဋ္ဌကထာလာ။ အရိယာ ပုဂ္ဂိုလ် တရာ့ရှစ်ယောက်ကား။ ။သောတာပန်သုံးယောက်ကို။ပဋိပဒါလေးပါးနှင့်မြှောက်။ တကျိပ်နှစ်ယောက်ရ၏။ကာမ၊ရူပ၊အရူပ၊သကဒါဂါမ်သုံးယောက်ကို။ပဋိပဒါလေးပါးနှင့်မြှောက်။ တကျိပ်နှစ်ယောက်ရ၏။ အဝိဟာ၊ အတပ္ပါ၊သုဒဿာ၊သုဒဿီဘုံတို့၌။ အနာဂါမ်ငါးယောက်စီ။ အကနိဋ္ဌာဘုံတို့၌။ဥဒ္ဓံသောတအနာဂါမ်မရှိခြင်းကြောင့်။ အနာဂါမ်လေးယောက်။ပေါင်း(၂၄)ယောက်တို့သည်ဖြစ်ကုန်၏။ သုက္ခဝိပဿကရဟန္တာ။သမထယာနိကရဟန္တာအားဖြင့်နှစ်ယောက်။ မဂ်ပုဂ္ဂိုလ်လေးယောက်။ပေါင်း (၅၄) ယောက်တို့ကို။ သဒ္ဓါဓူရ။ပညာဓူရ။ နှစ်ပါးနှင့်မြှောက်သော်။အရိယာ(၁၀၈) ဖြစ်၏ ဟူလို။

(၁၉၁) ပုဂ္ဂလပညတ်။ အဋ္ဌကထာလာ။ အရိယာ ပုဂ္ဂိုလ် (၉၆) ယောက်ကား။ သောတာပန်သုံးယောက်ကို။ ပဋိပဒါလေးပါးနှင့်မြှောက်။တကျိပ်နှစ်ယောက်။ ၎င်းကို သမထဓူရ။ ဝိပဿနာဓူရ နှစ်ပါးနှင့်မြှောက်။ (၂၄) ယောက်။ သကဒါဂါမ် ငါးယောက်တွင်။ နောက်ဆုံးသကဒါဂါမ် တယောက်ကို။ ဝိမောက္ခသုံးပါးနှင့်မြှောက် (၃) ယောက်။ ၎င်းကို ပဋိပဒါ လေးပါးနှင့် မြှောက်။ တကျိပ်နှစ်ယောက် အဝိဟာ၊အတပ္ပါ၊သုဒဿာ၊သုဒဿီ ဘုံတို့၌။ အနာဂါမ်ငါးယောက်ကို။အသင်္ခါရ။သသင်္ခါရနှစ်ပါးနှင့်မြှောက်။ဆယ်ယောက်စီရ၏။အကနိဋ္ဌာဘုံ၌။ဥဒ္ဓံသောတမရှိခြင်းကြောင့်၊ပုဂ္ဂိုလ်ရှစ်ယောက်ရ၏။ရဟန္တာတပါးကို။ ဝိမောက္ခ သုံးပါးနှင့်မြှောက်။ သုံးယောက်။ ၎င်းကို ပဋိပဒါလေးပါးနှင့်မြှောက်။ တကျိပ်နှစ်ယောက်။ အလုံးစုံ ပေါင်းသော်။အရိယာပုဂ္ဂိုလ် (၉၆) ယောက်ဖြစ်၏။

(၁၉၂) ရဟန္တာ ပုဂ္ဂိုလ်သည်။ သုက္ခဝိပဿက ရဟန္တာ။ သမထယာနိကရဟန္တာ။ ဟူ၍နှစ်ပါး။ ဗျာနိကရဟန္တာ။ အဗျာနိက

No-15.

ရဟန္တာ။ ဟူ၍နှစ်ပါး။ သမထယာနိကရဟန္တာ။ ဝိပဿနာယာနိက ရဟန္တာ၊ ဟူ၍နှစ်ပါး။ သမထဓုရရဟန္တာ။ ဝိပဿနာဓုရရဟန္တာ။ ဟူ၍နှစ်ပါး။ သဒ္ဓါဓုရ ရဟန္တာ။ ပညာဓုရ ရဟန္တာ၊ ဟူ၍နှစ်ပါး။ သာဝကပါရမီပတ္တရဟန္တာ။ သာဝကပါရမီအပတ္တရဟန္တာ၊ ဟူ၍ နှစ်ပါး။ ဤသို့—အမျိုးမျိုးရှိ၏၊

(၁၉၃) ရဟန္တာပုဂ္ဂိုလ်တို့သည်၊ ပုထုဇ္ဇဉ် သေက္ခ ဖြစ်သော ကာလ၌၊ ဝင်စားအပ်သော။ ကုသိုလ်သမာပတ် ရှိသောကြောင့်။ ကြိယာသမာပတ်ကိုမဝင်စားသမျှ ကာလပတ်လုံး။ ကုသိုလ်ရ၏။ ကုသိုလ်ဖြစ်၏။ သမာပတ်ကို ဝင်စားသောကာလမှစ၍။ ရဟန္တာ အား။ ကြိယာဖြစ်၏ ဟူလို၊။

(၁၉၄) ဒုစရိုက်သည်။ ပုထုဇ္ဇဉ်ဒုစရိုက်။ ရဟန္တာ ဒုစရိုက်။ ဟူ၍နှစ်ပါးရှိသည်တွင်။ အကုသလကမ္မပထတရား ဆယ်ပါးသည်။ အပါယဂါမိဖြစ်သောကြောင့်။ ပုထုဇ္ဇဉ်ဒုစရိုက်မည်၏။ ၎င်းပုထုဇ္ဇဉ် ဒုစရိုက်ကို။ မဂ်အားဖြင့်ပယ်ကုန်၏။ ပယ်ဟန်ကား။ သောတာပတ္တိ မဂ်သည်။ ကာယဒုစရိုက်သုံးပါး။ မုသာဝါဒ၊ ပိသုဏာဝါစာ။ ဝစီ ဒုစရိုက်နှစ်ပါး၊ မိစ္ဆာဒိဋ္ဌိ။ ပေါင်း (၆) ပါးကိုပယ်၏။ ဖရုသဝါစာ။ ဗျာပါဒ-နှစ်ပါးကို။ အနာဂါမိမဂ်သည်ပယ်၏။ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ နှစ်ပါးကို။ အရဟတ္တမဂ်သည် ပယ်၏။ ။မြတ်စွာဘုရားသည်။ မချီးမွမ်းအပ်သော။ အပါယ်သို့ မလားစေတတ်သော၊ မနောဒွါရ၌ ဖြစ်သော။ ဒုစရိုက်သည်။ ရဟန္တာ ဒုစရိုက်မည်၏။ ထိုသို့ရဟန္တာ၌ ဖြစ်သောမနောဒုစရိုက်ဟူသည်။ နောင်သူတပါးကို။ မဆုမ္မတော့အံ့။ မကာံမြစ်တော့အံ့ဟုကြံစည်သော ဝိတက်မျှကိုယူအပ်၏။

(၁၉၅) သင်္ဂဟဂါထာ၌။ စတုမဂ္ဂပ္ပဘေဒေန ဖို့အရကို။ သောတာပတ္တိ အစရှိသော မဂ်လေးပါးကို ယူအပ်၏။ သမ္မာဒိဋ္ဌိအစရှိသည်တို့၏အစွမ်းဖြင့်။ အဋ္ဌင်္ဂိက အဖြစ်တူမျှခဲ့သော်၊ အဘယ်သို့ မဂ်လေးပါး ပြားနိုင်အံ့နည်း။ တပါးသာ မဟုတ်လော ဟူငြားအံ့။ သံယောဇဉ်ကိုပယ်ခြင်း ကိစ္စထူးသောကြောင့်။ လေးပါးပြားနိုင်၏။ ပယ်ခြင်းအထူးကား။ သောတာပတ္တိမဂ်သည်။ သက္ကာယဒိဋ္ဌိ။ ဝိစိ ကိစ္ဆာ။ သီလဗ္ဗတပရာမာသတို့ကို။ အကြွင်းမဲ့ပယ်၏။ သကဒါဂါမိ

မဂ်သည်။ကာမရာဂ၊ဗျာပါဒ တို့ကို ခေါင်းပါးစေ၏။ အနာဂါမိမဂ်သည်။ထုံနှုံးညှံ့သိမ်မွေ့သော။ကာမရာဂ။ ဗျာပါဒတို့ကို။ အကြွင်းမဲ့ပယ်၏။အရဟတ္တမဂ်သည်။ရူပရာဂ၊အရူပရာဂ၊မာန၊ဥဒ္ဓစ္စ၊အဝိဇ္ဇာတို့ကိုအကြွင်းမဲ့ပယ်၏။ ဤသို့မဂ်လေးပါးတို့၏ ပယ်ခြင်းအထူးကိုမှတ်အပ်၏။ထူးပုံမှာဇာနွေ့တို့၏။မထက်သည်၏အဖြစ်။ထက်သည်၏အဖြစ်။အထူးသဖြင့် ထက်သည်၏အဖြစ်။ အထူးသဖြင့် အလွန်ထက်သည်၏အဖြစ်။ ဤသို့ ဇာနွေ့မတူသောကြောင့်။ ပယ်ခြင်းမတူထူးကြသည်—ဟူလို၏။

(၁၄၆) လောကုတ္တရာစိတ်၌။ မဂ်စိတ်၏ တကြိမ်သာဖြစ်ခြင်းကြောင့်။ကြိယာစိတ်မရှိသင့်။ မဟာကုသိုလ် စိတ်သည်။ ပုထုဇဉ်။ သေက္ခသန္တာန်၌ပေးကမ်းခြင်း စသည်ကို ပြုသောအခါ။ မဟဂ္ဂုတ်ကုသိုလ်သည်လည်း။ပုထုဇဉ်သေက္ခသန္တာန်၌။ ရူပ၊အရူပ၊ သမာပါတ်ကိုဝင်စားသောအခါတို့၌ ဖြစ်သော စိတ်သည်။ ကောင်းသောအကျိုးကိုပေးခြင်းသဘောရှိသောကြောင့်။ကုသိုလ်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌။ ထိုကဲ့သို့ ပြုသောအခါ။အကျိုးပေးခြင်းသဘောမရှိသောကြောင့်။ကြိယာဖြစ်၏။ထို့ကြောင့်—လောကီစိတ်၌ ကြိယာရှိသည်။လောကုတ္တရာစိတ်၌ကား။ မဂ်စိတ်တို့ သဘောမှာ။ မိုးကြိုးတချက်ကျခါမျှဖြင့်။ သစ်ပင်အပေါင်းတို့သည်။ အမြစ်နှင့်တကွကိုနစ်စင်အောင်ဖြတ်လေသကဲ့သို့။ ပယ်စရာရှိသမျှကိလေသာတို့ကို။ မဂ်စိတ်တခါကျနှင့်ပင်။ စင်လေသည့် အရာကြောင့်။ တကြိမ်သာမဂ်သေက္ခသန္တာန်၌ဖြစ်၍၊ နောင်တဘန် ရဟန္တာ သန္တာန် မဖြစ်ရကား။ ကြိယာဟု ခေါ်ဝေါ်စရာ မရှိသောကြောင့်။ ကြိယာမပါကင်းလေသည်။

(၁၄၇) လောကီကုသိုလ်သည်။ စုတိ ပဋိသန္ဓေကို ဆည်းဘူးတတ်သောကြောင့်။အာစယဂါမိမည်၏။လောကုတ္တရာကား။ စုတိပဋိသန္ဓေကိုမဆည်းဘူးတတ်သောကြောင့်။အပစယဂါမိမည်၏။လောကုတ္တရာမဂ်သည်အဋ္ဌင်္ဂိကမည်သကဲ့သို့။ရှေးအဘို့၌ဖြစ်သောဝိပဿနာမဂ်သည်လည်း။အဋ္ဌင်္ဂိကမည်၏။လောကီလောကုတ္တရာအားဖြင့်အဋ္ဌင်္ဂိကမဂ်နှစ်ပါးတို့တွင်။ဝိပဿနာ၏။အဋ္ဌင်္ဂိကအမည်သည်။ ဥပ

စာ,ပဋ္ဌဂီကအမည်သာမရချဟုံသိအပ်၏။အကြောင်းကား။တပြိုင်နက်သောခဏ၌ဝိရတီသုံးပါးကိုမရသောကြောင့်တည်း။ လက္ခဏာရေးသုံးပါးတို့တွင်၊တပါးပါးကိုသာထင်၍၊ မဂ်ကိုမရ။ သုံးပါးလုံးထင်မှမဂ်ကိုရ၏။လက္ခဏာရေးသုံးပါးတို့တွင်။ အနိစ္စကိုရှုလျှင်။ လောဘပျောက်၍။အလောဘဖြစ်၏။ဒုက္ခကိုရှုလျှင်။ ဒေါသပျောက်၍။ အဒေါသဖြစ်၏။အနတ္တကိုရှုလျှင်။မောဟပျောက်၍။အမောဟဖြစ်၏။

(၁၉၈) လောကုတ္တရာမဂ် ရခြင်းဖို့ အပြားကား။ အဇ္ဈတ္တ၌နှလုံးသွင်း၍။အဇ္ဈတ္တမှထခြင်း။အဇ္ဈတ္တ၌နှလုံးသွင်း၍။ဗဟိဒ္ဓမှထခြင်း။ဗဟိဒ္ဓ၌နှလုံးသွင်း၍။ဗဟိဒ္ဓမှထခြင်း။ဗဟိဒ္ဓ၌နှလုံးသွင်း၍။ အဇ္ဈတ္တမှထခြင်း။ရုပ်၌နှလုံးသွင်း၍။ ရုပ်မှထခြင်း။ရုပ်၌ နှလုံးသွင်း၍။ နာမ်မှထခြင်း။ နာမ်၌နှလုံးသွင်း၍။ နာမ်မှထခြင်း။နာမ်၌နှလုံးသွင်း၍။ ရုပ်မှထခြင်း။တပြိုင်နက်ငါးပါးသော ခန္ဓာတို့မှ ထခြင်းအားဖြင့်။ ကိုးပါးရှိ၏။ထိုတွင်—ရံခါအဇ္ဈတ္တ၊ရံခါဗဟိဒ္ဓ။ခန္ဓာကိုသုံးသပ်၍။အဇ္ဈတ္တကိုသုံးသပ်သောအခါ၌။ မဂ်ကိုရသည် ဖြစ်အံ့။ အဇ္ဈတ္တ၌နှလုံးသွင်း၍ အဇ္ဈတ္တမှထသည်မည်၏။ကြွင်းရှစ်ပါးကို။ ဤနည်းကိုမှီ၍သိအပ်၏။ အလုံးစုံဖြစ်တတ်သောဓမ္မသည်။ ချုပ်တတ်သောဓမ္မမည်၏။ ဤသို့နှလုံးသွင်း၍မဂ်ကိုရခြင်းသည်။တပြိုင်နက် ခန္ဓာငါးပါးမှ ထသည်မည်၏။ဤခန္ဓာငါးပါးမှထခြင်းသည်။ ကြီးမြတ်သော။ ပညာရှိသောရဟန်းဖို့ဝိပဿနာမည်၏။

(၁၉၉) သကဒါဂါမိပုဂ္ဂိုလ်အား။ သားမယားယူခြင်း ရှိသေးသောကြောင့်။ခေါင်းပါးသောကိလေသာမရှိ။ ရုံ့ရင်းသော ကိလေသာဖြစ်သည်ဟုမှတ်ထင်သင့်ငြားသော်လည်း။ကိလေသာဖို့ မပြတ်မဖြစ်ခြင်းကြောင့်၎င်း။ မဂ်နှစ်ပါးဖြင့်ပယ်၍။ ပယ်ခြင်းဖို့ နည့်သောကြောင့်၎င်း။ခေါင်းပါးဖို့ဟူ၍သာမှတ်အပ်၏။

(၂၀၀) သောတာပတ္တိမဂ် သည်သာ (၆၂) ပါးသော ဒိဋ္ဌိကိုပယ်သောကြောင့်။အထက်မဂ်သုံးချ၌ ပယ်အပ်သောဒိဋ္ဌိ မည်သည် မရှိရကား။အထက်မဂ်သုံးချ၌။ သမ္မာဒိဋ္ဌိမဂ္ဂင် အမည်သည် မရှိသင့်ဟုငြားအံ့။မြွေသည် အဆိပ် ရှိသည်လည်းဖြစ်စေ။ မရှိသည်လည်းဖြစ်စေ။မြွေဟူ၍ ခေါ်ပေါ်အပ်သကဲ့သို့။ မိစ္ဆာဒိဋ္ဌိ ရှိသည် ဖြစ်စေ။

မရှိသည်ဖြစ်စေ။ အထက်မဂ်သုံးချက် ဖြစ်သော။ ပညိန္ဒြေစေတသိက်သည်။ သမ္မာဒိဋ္ဌိ မည်သည် သာလျှင်တည်း။ တနည်းကား။ ဒိဋ္ဌိအရာ၌တည်သော။ မာနကိုပယ်သောကြောင့်။ အထက်မဂ် သုံးပါး၌လည်း။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ကောင်း၏။ မာနနှင့်ယှဉ်သော။ အကုသိုလ်ခုနစ်ပါးကို ပယ်ခြင်းသည်။ သမ္မာသင်္ကပ္ပ စသော။ ခုနစ်ပါးသောမဂ္ဂင်ဖြစ်၏။

(၂၀၁) သောတာပတ္တိမဂ် သည်။ ဒိဋ္ဌိဂတသမ္ပယုတ် လေးခု။ ဝိစိကိစ္ဆာ။ ဤငါ့ပါးသောစိတ်တို့ကိုအကြွင်းမဲ့ပယ်၏။ သကဒါဂါမိမဂ်သည်။ ကြမ်းတမ်းသော အကျိုးကို ပေးစေတတ်သည်။ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု။ ဒေါသမူနှစ်ခုတို့ကို။ တနုကရအားဖြင့် ခေါင်းပါးစေ၏။ အကြွင်းမဲ့ကားမပယ်နိုင်။ အနာဂါမိမဂ်သည်။ သိမ်မွေ့သော အကျိုးကိုပေးစေတတ်သည်။ ဒေါသမူနှစ်ခုတို့ကို အကြွင်းမဲ့ပယ်သည်။ အရဟတ္တမဂ်သည်။ ရူပရာဂ။ အရူပရာဂ တို့ကို တပ်တတ်သော။ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု။ ဥဒ္ဓစ္စတို့ကိုအကြွင်းမဲ့ပယ်၏။ ။မဂ်လေးပါးပယ်သောစိတ်ကား။ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု။ မဂ်သုံးပါး ပယ်သောစိတ်ကား။ နှစ်သမူနှစ်။ မဂ်တပါးပယ်သောစိတ်ကား။ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု။ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စသဟဂုတ် စိတ်ပေါင်း ခြောက်ခု။ အသီးသီးဖြစ်ကုန်၏။

(၂၀၂) ကာမ၊ ရူပ၊ အရူပ၊ ကုသိုလ်တို့သည်။ အားထုပ် အပ်သော။ ကာလတပါး။ အကျိုးပေးသော ကာလကား။ တခြားစီဖြစ်၍။ မိမိဝိပါက်ကို အဓိပတိရစေခြင်းငှါ မတတ်ကောင်း။ လောကုတ္တရာကုသိုလ်သည်ကား။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ၊ မငြိမ်း၍။ မချုတ်မယွင်း။ မဂ်၏အခြားမဲ့၌။ အကျိုးကိုရခြင်းကြောင့်။ မိမိ၏ဝိပါက်ကို။ အဓိပတိရစေခြင်းငှါ တတ်ကောင်း၏။ သောတာပန်။ သကဒါဂါမ်တို့၏စိတ်ကား။ ကာမမှ မထွက်မြောက်သေး။ အနာဂါမ် ရဟန္တာတို့၏ စိတ်သာ ကာမမှ ထွက်မြောက်၏။ ။မဂ်ဖိုလ်ကို အလိုရှိအံ့။ သံဝေဂ ရှစ်ပါးကိုနှလုံးသွင်းအပ်၏။ ရှစ်ပါးဟူသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အပါယဒုက္ခ၊ အတိတ်ဝဋ်ဒုက္ခ၊ အနာဂါတ်ဝဋ်ဒုက္ခ၊ ပစ္စုပ္ပန်၌ အာဟာရပရိယေဋ္ဌိမူလကဒုက္ခ။ ဤရှစ်ပါးတည်း။

(၂၀၃) သောတာပန်အား,ခုနစ်ဘဝကိုထား၍၊ရှစ်ဘဝ၌။ဘဝ
တနှုကမရှိ။သကဒါဂါမ်အား။နှစ်ဘဝကိုထား၍။ငါးဘဝတို့၌။ ဘဝ
တနှုကမရှိ။အနာဂါမ်အား။ ရူပဘဝ။ အရူပဘဝကိုသား၍၊ ကာမ
ဘဝ၌။ဘဝတနှုကမရှိ။ ရဟန္တာအား တစုံတခုသောဘဝ၌။ ဘဝ
တနှုကမရှိ။ဘဝယူပုံအောက်၌ဆိုအင်ပြီးသည့်အတိုင်းသိအင်၏။

(၂၀၄) သောတာပတ္တိမဂ်ဖြင့်။ မက္ခ၊ပလာသ၊ ဣဿာ၊ မစ္ဆ
ရိယ၊မာယာ၊သာထေယျ၊ဤခြောက်ပါးတို့ကိုပယ်ကုန်၏။အနာဂါမိ
မဂ်ဖြင့်။ဗျာပါဒ၊ကောဓ၊ဥပနာဟ၊ပမာဒ၊ဤလေးပါးကိုပယ်ကုန်၏။
အရဟတ္တမဂ်ဖြင့်။အဘိဇ္ဈာဝိသမလောဘ၊ ထမ္ဘ၊ သာရမ္ဘ၊ မာန၊
အတိမာန၊မဒ၊ဤခြောက်ပါးတို့ကိုပယ်ကုန်၏။ အဘိဇ္ဈာနှင့် ဝိသမ
လောဘကား။ အထူးမရှိ အတူတူပင်မှတ်အင်၏။ ထို့ကြောင့်—
အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ အဘိဇ္ဈာဝိသမလောဘန္တိ။ အဘိဇ္ဈာသင်္ခါ
တံဝိသမလောဘံ-ဟု မိန့်တော်မူ၏။ ။မိမိသိမ်းဆည်း အပ်သော
ဝတ္ထုနှင့်ဖြစ်သော။ လောဘသည်။ ဝိသမလောဘ မည်၏။ တနည်း။
သုံးဆောင်ခြင်းငှာ သင့်သော အရာဌာန၌လည်း။ အားကြီးစွာဖြစ်
သောလောဘသည်။ဝိသမလောဘမည်၏။ ထို့ကြောင့်—သုတ်ပါထေ
ယျအဋ္ဌကထာ စက္ကဝတ္တိသုတ်၌။ ဝိသမလောဘောတိ။ ပရိဘောဂ
ယုတ္တေသုပိဌာနေသု။ အတိဗလဝလောဘော-ဟုမိန့်၏။ မိမိတို့သည်။
သုံးဆောင်ခြင်းငှာ သင့်သော။ မိမိတို့၏ သားမယား ဖြစ်ငြားသော်
လည်း။ သန္တေ့ရှိသောအခါ။ သူငယ်တို့အား နို့တိုက်သော အခါ။
ယောနိဆင်းရဲသောအခါ။ ဥတုလာသော အခါ။ တည်းဟူသော
အကာလ။ခတ်တော်။ စေတီရှိရာအရပ်။ စာပေသင်ကြားရာအရပ်။
တရားနာရာအရပ်။ဆရာရှိရာအရပ်။မိဘတို့ ရုဝေးနေထိုင်ရာ အရပ်
တည်းဟူသောအဒေသ။ထိုအခါကာလ၌ မေထုန်မှီဝဲရာဝယ်။ ဗဟာ
လကိလေသာ, ဟူ၍ မှတ်အင်၏။ ဤဗဟာလကိလေသာနှင့်။ ဝိသမ
လောဘကား။ အတူတူပင်ဟူ၍မှတ်အပ်၏။ ဗဟာလကိလေသာကို။
စက္ကဝတ္တိသုတ်ဋီကာ၌။ အတိဗလဝါ လောဘောတိ။ အတိဝိယဗလ
ဝါ။ဗဟာလကိလေသော-ဟုမိန့်၏။ အတိဗလဝါ လောဘောတိ ဟူ

သည်ကား။အတိဝိယ။အလွန်လျှင်။ဗလဝ။အားကြီးသော။ ဗဟာလ ကိလေသော။ထူထဲသောကိလေသာသည်။ဟောတိ၊ဖြစ်၏။

(၂၀၅) ဆီမီး ရောင်ဖြင့် အမိုက် မှောင်ကို ဖျောက်သကဲ့သို့။ ထိုအတူ ကာမာဝစရ ကုသိုလ် ဖြစ်ခိုက်၌။ ထိုကုသိုလ်အင်္ဂါဖြင့်။ အကုသိုလ်အင်္ဂါကိုပယ်ခြင်းသည်။ တဒင်္ဂပဟာန် မည်၏။ အမိုက် အတန့်ပယ်နိုင်၏ဟူလို၊ ။မှော်အတိ ဖုံးလွှမ်းသော ရေအပြင်ကို အိုးစသည်ဖြင့်။ ဖယ်ရှား၍ ကြွလိုက်သည်ရှိသော်။ တခဏခြင်းရေ အပြင်ကိုမဖုံးလွှမ်းနိုင်။ကြာမြင့်မှ ဖုံးလွှမ်းနိုင်သကဲ့သို့။ ထိုအတူ— ဈာန်ဖြင့်ဖျက်ဆီးအပ်သော။နီဝရဏအကုသိုလ် တရားသည်။ ထို ဈာန်ချုပ်ပြီး၍ ထင်ရှားမရှိသော်လည်း။ တခဏခြင်းမဖြစ်မူ၍။ ကြာ မြင့်မှ ဖြစ်ခြင်းငှာ စွမ်းနိုင်သော အခြင်းအရာဖြင့် ပယ်ခြင်းသည်။ ဝိက္ခမ္ဘနပဟာန်မည်၏။ မိုးကြိုး လောင်မီး ကျရောက် ခြင်းကို ခံရသောသစ်ပင်တို့သည်။အသစ်တဖန်ရှင်ပြန်ခြင်းငှာမတတ်ကောင်း သကဲ့သို့။ထိုအတူ—တကြိမ်ဖြစ်သဖြင့်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ အစရှိသော ကိလေသာတို့ကို။တဖန်မဖြစ်စေမူ၍။ အကြွင်းမဲ့အားဖြင့်ပယ်ခြင်း သည်။ သမုစ္ဆေဒပဟာန် မည်၏။ မီးလောင်ရာ၌ မီးသေပြီးသော် လည်း။ပူသောအဟုန် မကုန်သေးသဖြင့်။ ထိုပူသောအဟုန်ကို ငြိမ်း စေခြင်းငှာ။ ရေဖြင့် လောင်းသည်ကာလ အပူဟုန် ငြိမ်းသကဲ့သို့။ ထိုအတူ—မဂ်ဖြင့်ပယ်အပ်ပြီးသော။ကိလေသာအဟုန် မငြိမ်းသေး သည်ဖြစ်၍။ ထိုအဟုန်ကို ငြိမ်းစေသော အားဖြင့် ပယ်ခြင်းသည်။ ပဋိပ္ပဿဒ္ဓိပဟာန်မည်၏။ ။ကုသိုလ်အကုသိုလ် ဟူသမျှသည်။ အကြောင်းတရားမည်၏။ဝိပါက်ဟူသမျှသည်။ကုသိုလ် အကုသိုလ် တို့၏။မချအကျိုးမည်၏။ ချမ်းသာဆင်းရဲစသည်ကား။ အာနိသံသ အကျိုးမည်၏။ ။[စကားချင်း။]

(၂၀၆) ဒွါဒသာ ကုသလာနေဝံ,စသောပထျာဝတ္တ ဂါထာ သည်။ ဇာတိဘေဒသင်္ဂဟဂါထာမည်၏။ စတုပညာသဓာကာမေ စသောပထျာဝတ္တဂါထာသည်။ ဘူမိဘေဒသင်္ဂဟ ဂါထာမည်၏။ ထိုဘူမိဘေဒ ဂါထာ၌၊ လောကုတ္တရေ၌ ဘုံဟူသော စကားမှာ၊ စိတ်ဖြစ်သော အခိုက်အတန့် ကိုသာစွဲ၍။ အဝတ္ထာ အားဖြင့်ဆို

လေသည်၊ဂါထာ၌သင်္ခေပအလိုအားဖြင့်။ အနုတ္တရေတာထာ ရှိလို၏။ မဟာဋီကာ၌ အလိုအားဖြင့်။ အနုတ္တရေဌိတာ ရှိလို၏။ နှစ်ပါးလုံးပင် ဂါထာလည်းမပျက်။ အနက်လည်း မချွတ်ယွင်း။ နှစ်သက်ခြင်းကို စွဲ၍။ဤ ရဓယေ နှင့်စပ်၍။ဋီကာ၌အနက်ပေးသောကြောင့်။အနုတ္တရေ တထာရှိသောပါဌ်သာမူရင်းဘည်းဟု။အသင့်မှတ်အပ်၏။

(၂၀၇) ဤဂါထာ၌။ကာမာဝစရစိတ်။ ရူပါဝစရစိတ်။အရူပါ ဝစရစိတ်။လောကုတ္တရာစိတ်။ယင်းလေးမျိုးတို့၏။ သင်္ချာကိုပြရာ၌။ ကာမစိတ် (၅၄) ခုတို့တွင်။ စက္ခုဝိညာဉ်ဒွေ။ သောတဝိညာဉ်ဒွေ။ သမ္ပဋိစ္ဆိုင်းဒွေ။သန္တီရဏသုံးခု။ ပဉ္စဒွါရာဝဇ္ဇန်း။ ဟသိတုပ္ပါဒ်။ ဤ ၁၁-ပါးသော စိတ်တို့သည်။ ကာမဘုံမှတပါး။ ရူပ ၁၅-ဘုံတို့၌ လည်းဖြစ်၏။လောဘမူစိတ် ၈စ်ခု။ မောဟမူစိတ် နှစ်ခု။ မနောဒွါရာ ဝဇ္ဇန်း။မဟာကုသိုလ် ၈စ်ခု။ မဟာကြိယာ ၈စ်ခု။ ဤ ၂၇-ပါးသော စိတ်တို့သည်။ ကာမဘုံမှတပါး။ ရူပ,အရူပ,ဘုံ၌လည်းဖြစ်ကုန်၏။ ထိုသို့ဖြစ်သော်လည်း။ ကာမတဏှာ၏ အာရုံဖြစ်သောကြောင့်၎င်း။ ကာမဘုံ၌ များသော အားဖြင့် ကျင်လည်တတ် ဖြစ်တတ်သော ကြောင့်၎င်း။ ကာမာဝစရစိတ်ပင် မည်၏။ ရူပစိတ် ၁၅-ခုတို့တွင်။ ကုသိုလ်ကြိယာ တို့သည်။ ရူပဘုံမှတပါး။ ကာမသုဂတိ ၇-ဘုံ၌ ဖြစ်ငြားသော်လည်း။ ရူပတဏှာ၏ အာရုံပြုသဖြင့် ကျင်လည်ရာ။ ဖြစ်သောကြောင့်၎င်း။ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်ဘတ်သောကြောင့်၎င်း။ရူပါဝစရစိတ်မည်၏။အရူပစိတ် ၁၂-ခု တို့တွင်။ကုသိုလ်ကြိယာတို့သည်။ အရူပဘုံမှတပါး၊ အပါယ်လေး ဘုံ။အသညသတ်ဘုံကြဉ်သော၊ ပဉ္စဝေါကာရ (၂၂) ဘုံတို့၌ ဖြစ် သော်လည်း၊အရူပတဏှာ၏ အာရုံပြုသဖြင့်ကျင်လည်ရာဖြစ်သော ကြောင့်၎င်း။အရူပဘုံ၌များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ် သောကြောင့်၎င်း။ အရူပါဝစရ စိတ်မည်၏။ ။လူမိန်းမမှ ဘွား သောတိရစ္ဆာန်သည်။ အဓိကိုစွဲ၍ လူဟူသောဝေါဟာရမရှိ။ တိ ရစ္ဆာန်အမျိုး၌အကျုံးဝင်သည်၏အဖြစ်ကြောင့်။တိရစ္ဆာန်ဟူသော ဝေါဟာရသာရှိသကဲ့သို့တည်း။ ဤဥပမာနဖြင့်။ တဏှာ၏ အာရုံ သွဖြင့်ကျင်လည်ရာဖြစ်သောကြောင့်ဟူသော ဟိတ်စကားနှင့် ဟတ်

ရမည်။ ။စစ်မြေအရပ်၌များသောအားဖြင့် ကျင်လည်တတ်သော ကြောင့်။သင်္ဂါမာဝစရ မည်သောဆင်သည်။ စစ်မြေအရပ်မှတပါး။ မြို့ရွာ၌ ကျင်လည် ငြားသော်လည်း။ သင်္ဂါမာဝစရ မည်သကဲ့သို့ တည်း။ ဤဥပမာနအားဖြင့်။ များသော အားဖြင့်။ ကျင်လည်တတ် ဖြစ်တတ်သောကြောင့်။ ဟူသောဟိတ်စကားနှင့်ဟတ်ရမည်။

(၂၀၇) ဈာနင်္ယောဂ ဘေဒေန ဂါထာဖြင့်။ လောကုတ္တရာ စိတ်သည်။ ။မှချအားဖြင့် (၄၀) ပြားသည်မဟုတ်။ လောကီပါဒက ဈာန်စသည်တို့နှင့်တူသောကြောင့်။ သဒိသူပစာရ အားဖြင့်။ လေး ဆယ်ပြားသည်။ထိုကြောင့်—ဂါထာ၌။ ဥပစာအနက်ကိုညွှန်ပြသော ဝုတ္တိသဒ္ဒါဖြင့်။ မိန့်အပ်၏ဟူလို၊ ထိုကိုထောက်၍။ လောကုတ္တရာ စိတ်၌မှချဈာန်ဝင်္ဂဟူ၍သိအပ်၏။ ဈာန်ဖွဲ့အင်္ဂါလက္ခဏာသည် လော ကုတ္တရာစိတ်၌။အရိပ်အရောင်မျှမပါဝင်ခြင်းကြောင့်။ ထိုလောကုတ္တ ရာစိတ်၌။ဈာန်စစ်ကေန်မရှိဟာန်ကိုသိအပ်၏။

(၂၀၈) အဋ္ဌလောကုတ္တရေ အရမ္မာ။ ဝိဝဿနာနိယာမ ဖြစ် သော၊မဂ်,ဖိုလ်ပုဂ္ဂိုလ်နှစ်ဦးကိုရည်၍ထားသည်။အနုတ္တရစိတ္တံစအွာ ထိသ, အရမ္မာ။ ဈာနနိယမ ဖြစ်သော။ မဂ်, ဖိုလ်, ပုဂ္ဂိုလ်နှစ်ဦးကို ရည်၍ထားသည်။ထိုဈာနနိယမကိုပြရာ၌။ သိဟိုဠ်ကျွန်းဝယ်။ တိပိ ဋကစူဠနာဂမထေရ်။မဟာဒတ္တမထေရ်။တိပိဋကစူဠာဘယမထေရ် ဟူ၍ ပိဋကတ်ကျမ်းတတ်။မထေရ်မြတ်သုံးဦးတို့သည် ထင်ရှားကုန် ၏၊ ။ထိုသုံးဦး တို့တွင်။ တိပိဋက စူဠနာဂ မထေရ် သည်ကား။ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောဖြို့ ရှေးအဘို့၌။ ဝင်စားအပ်သော ဈာန် သည်။ပါဒကဈာန်မည်၏၊ ၎င်းဈာန်ဖြင့် မဂ်အားမှတ်၏ဟု ဆို၏။ မောရဝါဒီအရပ်၌ သတင်းသုံးနေလေ့ ရှိသော။ မဟာဒတ္တမထေရ် သည်ကား၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောဖြို့ ရှေ့အဘို့၌။ သုံးသပ်အပ် သောဈာန်သည်၊သမ္မသိတဈာန်မည်၏၊ ၎င်းဈာန်ဖြင့်မဂ်အားမှတ်၏ ဟုဆို၏၊ တိပိဋကစူဠာဘယ မထေရ် သည်ကား။ ပဌမဈာန်နှင့် တူသော၊အင်္ဂါပါးပါးရှိသော၊မဂ်ဖြစ်မှုကား ကောင်းလေစွ စသည် ဖြင့်၊တပါးပါးသောဈာန်နှင့်တူသော၊မဂ်ဖြစ်ခြင်းကို၊တောင့်တသော

ပုဂ္ဂိုလ်၏။ကုသလ ဉာဏသည်၊ ပုဂ္ဂလဇ္ဈာသယချွန်မည်၏။ ၎င်းချွန်ဖြင့်မဂ်အားမှတ်၏ဟုဆို၏။

(၂၁၀) ထိုဝါဒသုံးပါးတို့တွင်။ပထမ, မထေရ် ဝါဒ၏ အလိုကား။ ပထမချွန်စသည်တို့တွင်။ တပါးပါးသောချွန်ကိုဝင်စား၍ ထိုချွန်မှထ၍ ပကိဏ္ဏကသင်္ခါရတို့ကို။အနိစ္စစသောလက္ခဏာဖြင့် သုံးသပ်၍။မဂ်ဖိုလ်ရသည်ရှိသော်။ ဝင်စားအပ်သော ပါဒကချွန်နှင့် တူစွာရ၏ဟုလို၏။ ။ဒုတိယမထေရ်ဝါဒ၏ အလိုကား။ ဝင်စားအပ်သောပါဒကချွန်မရှိဘဲ။သက်သက်ပထမချွန်စသည်တို့တွင်။ တပါးပါးသောချွန်ကို သုံးသပ်၍။ မဂ်ကိုရသည်ရှိသော်။ သုံးသပ်အပ်သော။ သမ္မသိတချွန်နှင့် တူစွာရ၏ ဟုလို၏။ ။တတိယ မထေရ်ဝါဒ၏အလိုကား။ ပထမချွန်စသည်တို့တွင်။ တပါးပါးသောချွန်ကိုဝင်စား၍။ဒုတိယချွန်စသည်တို့တွင်။ တပါးပါးကို အနိစ္စစသည်ဖြင့်သုံးသပ်၍၊ မဂ်ကိုရသည်ဖြစ်အံ့။ ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ။ ပထမချွန်နှင့်တူသောမဂ်ကိုအလိုရှိမူ။ ပထမချွန်နှင့် သွဉ်သောမဂ်ကိုရ၏။ ဒုတိယချွန်နှင့် တူသော မဂ်ကိုအလိုရှိမူ။ ဒုတိယချွန်နှင့်သွဉ်သော မဂ်ကိုရ၏။ အဘယ်ချွန်ကိုမျှ အလိုမရှိငြားအံ့။အောက်အောက်ချွန်ကိုဝင်စား၍။ အထက်အထက်ချွန်ကို သုံးသပ်သည်၏အခြားမဲ့၌။ မဂ်ကိုရသည်ဖြစ်အံ့။ ထိုမဂ်သည်။ သုံးသပ်အပ်သော။ သမ္မသိတချွန်နှင့်တူ၏။ အထက်အထက်ဖြစ်သောချွန်ကိုဝင်စား၍။ အောက်အောက်ဖြစ်သော ချွန်ကို သုံးသည်၏ အခြားမဲ့၌။ မဂ်ကိုရသည် ဖြစ်အံ့။ ထိုမဂ်သည် ဝင်စားအပ်သော ပါဒကချွန်နှင့်တူ၏ဟုလို၏။ ။ဤကားချွန်နိယမပုဂ္ဂိုလ်တည်း။

(၂၁၁) ပါဒကချွန်စသောအားဖြင့်ဖြစ်သောမဂ်တို့၌။ ဝုဋ္ဌာနဂါမိနိဝိပဿနာဖြစ်သော။မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝေဒနာဖြင့်မှတ်ခြင်းသည်။ဝေဒနာနိယမပုဂ္ဂိုလ်မည်၏။ ။မှတ်ဘန်ကား။ မဂ်၏နေးအတိုက်၌ ဖြစ်သော။ ဝုဋ္ဌာနဝိပဿနာ မဟာကုသိုလ် စောသည်။သောမနဿဖြစ်အံ့။မဂ်သည်လည်း။သောမနဿသဟဂုတ်ဖြစ်၏။ ဥပေက္ခာသဟဂုတ်ဖြစ်အံ့။မဂ်သည်လည်း။ဥပေက္ခာသဟဂုတ်ဖြစ်၏။ ။ပါဒကချွန်။ သမ္မသိတချွန်။ ပုဂ္ဂလဇ္ဈာသယ ချွန်၏

အစွမ်းဖြင့်ပြားသောနှစ်ဆယ်သောမဂ်စိတ် တို့တွင်။ ဝိပဿနာနိယမအားဖြင့် (၁၆) ပါးသောမဂ်တို့သည်။ သောမနဿသဟဂုတ်ဖြစ်ကုန်၏။ လေးပါးသော မဂ် တို့သည်။ ဥပေက္ခာ သဟဂုတ်ဖြစ်ကုန်၏။

(၂၁၂) ဈာနလာဘီသည်ပင်၊ ဈာန်ကို အခြေပါဒက စသည် မပြုဘဲ။ ပကိဏ္ဏက သင်္ခါရတို့ကိုသာ သုံးသပ်၍။ မဂ်ကိုရသည် ဖြစ်အံ့။ရသောမဂ်သည်။ ပုဗ္ဗာနုဂါမိနီ ဝိပဿနာ ဖြစ်သော။ မဟာကုသိုလ်နှင့်တူစွာ။အင်္ဂါငါးပါးနှင့်ပြည့်စုံ၏။ဤပုဂ္ဂိုလ်သည် ဝိပဿနာနိယမပုဂ္ဂိုလ် မည်၏။ ။သုက္ခဝိပဿက ပုဂ္ဂိုလ် အားလည်း။ ပါဒကဈာန်စသည်တို့၏။အစွမ်းဖြင့်မှတ်ဘွယ်မရှိရကား။ ထိုအတူ ဝိပဿနာ နိယမ ပုဂ္ဂိုလ် မည်၏။ ။ဤကား ဝိပဿနာနိယမ ပုဂ္ဂိုလ်တည်း။ဖိုလ်၏ ဈာနနိယမ။ဝေဒနာနိယမ။ ဝိပဿနာနိယမ တို့သည်။မဂ်နှင့်တူကုန်၏။

အကျဉ်းချုပ်မှတ်ပုံကား။ လောကီဈာန် ကိုးပါးလုံးကို။ အကုန်ရပြီးသောပုဂ္ဂိုလ်သည်။ မဂ်ကိုအလို့ငှါ စီးဖြန်းသည့်ကာလ။ မိမိရပြီးသော။ ပထမဈာန်စသည်ကို ဝင်စား၏။ ထိုဝင်စားသောဈာန်သည်။ပါဒကဈာန်မည်၏။ အကြင်သို့သော ဈာန်ကို လက္ခဏာရေးတင်၍သုံးသပ်၏။ ထိုသုံးသပ်သောဈာန်သည်။သမ္မသိတဈာန်မည်၏။ ပုဂ္ဂိုလ်၏အလိုဆန္ဒသည် ပုဂ္ဂလဇ္ဈာသယ မည်၏။ ပုဂ္ဂလဇ္ဈာသယကား၊ကုသလစ္ဆန္ဒကိုကောက်အပ်၏။ ဈာန်ကိုမကောက်အပ်။ အာရုံကဖြစ်သောဆန္ဒ၏။ပုဂ္ဂလဇ္ဈာသယဟူသောအမည်ကို။အာရုံဖြစ်သောဈာန်၌တင်စားမှု။ဥပစာရအားဖြင့်။ဈာန်မည်၏ ဟု ဆိုအပ်သင့်၏ ဟူလို၊ ပထမဈာန်ကို၊သမာပဇ္ဇနဝသီ။အဓိဋ္ဌာနဝသီ။ ဝုဋ္ဌာနဝသီအားဖြင့်၊ နံနက်အာရုဏ်တက်မှစ၍။ မွန်းတည့် တိုင်အောင်သော်၎င်း အဓိဋ္ဌာန်သည့် အတိုင်း ဝင်စား၏၊ ထိုသို့ဝင်စားသည့်ကာလ ပတ်လုံးအတွင်း တပါးသောဝိတက်မဖြစ်ဘဲ ဈာန်ဈာန် ဟု ဈာန်စောသာဖြစ်သတည်း၊ မွန်းတည့်သောကာလ၌၊ အဓိဋ္ဌာန်သည့် အတိုင်းထသား၍၊ ဘာဂျကျပြီးသည်နောက်၊ ထိုက်သည်အား သော့ဘွားကုန်သော၊ ဝိသဝိတက်တို့ဖြစ်ကုန်၏၊ ။မဂ်ကိုမစီးဖြန်းခင်

ဈာန်ကိုဝင်စားရခြင်း၏ အကြောင်းကား။ မဟဂ္ဂုတ်ဈာန်သည်။ ကိလေသာတရားတို့ကို။ဝိက္ခမ္ဘန ပဟာန်အားဖြင့်။ ပယ်ခွာတတ်သည် ဖြစ်၍။ နီဝရဏာမှငြိမ်းသဖြင့်။ သမာဓိဖြစ်လွယ်သည်။ သမာဓိ ဖြစ်လွယ်သဖြင့်။မဂ်ကိုဖြစ်းဖြန်း၍ရလွယ်သည်။ ထို့ကြောင့်—မဂ်ကို မဖြစ်း ဖြန်းခင်ကာလ။ ဈာန်ကို ဝင်စားရသည်။ ထိုဝင်စားသော ဈာန်ကို။ မဂ်၏အခြေဖြစ်သောကြောင့်။ ပါဒကဈာန်မည်၏ဟု အဋ္ဌကထာရှင်, မိန့်တော်မူ၏။[စကားချပ်။]

(၂၁၃) လောကုတ္တရာ စိတ်သည် ဈာန်အင်္ဂါနှင့် မယှဉ်မူ၍။ အကျဉ်းအားဖြင့်ဖြစ်သောအခါ။(၈)ပါးသာတည်း။ထိုအခါ။ သောမနဿဟူ၍၎င်း။ဥပေက္ခာဟူ၍၎င်း။ပထမဈာန်ဟူ၍၎င်း။ လ။ ပဥ္စမဈာန်ဟူ၍၎င်း။ အထူးမဆိုရကား။ ကေဒေါသသဿဂဟာဏေအသတိ၊ ဂဟေတဗ္ဗဿ၊နိဗ္ဗဒေသတာဝ၊ဝိညာယတိ, ဟူသော ပရိဘာသာ နှင့်အညီ။သောမနဿသဟဂတံစသည်ဖြင့်၎င်း။ ပထမဈာန သဗ္ဗ ယုတ္တံစသည်ဖြင့်၎င်း။ အစိတ်ကိုယူခြင်း မရှိရကား။ ယူအပ်သော အနက်၏အကြွင်းမရှိသည်၏အဖြစ်ကိုသိအပ်သောကြောင့်။ ဝေဒနာ အားဖြင့်နှစ်ပါးလုံးပင်။ ဈာန်အားဖြင့် ငါးပါးလုံးပင်ကောက်ယူအပ်၏။ ။အချို့သောဝိညူတို့ကား။လောကုတ္တရာစိတ်အကျဉ်းကို။ ဝေဒနာအားဖြင့်သောမနဿ။ ဈာန်အားဖြင့်ပထမဈာန်ဟူ၍ မှတ်အပ်၏ဟုဆိုကုန်၏။ ။[ရူပါဝစရ။အရူပါဝစရ။လောကုတ္တရာ စိတ်တို့သည်။ပရိကံဟူသော။ ရှေးလုလ္လပယောဂနှင့်ကင်း၍။ မဖြစ်ရကား။ သသင်္ခါရိကသာဖြစ်၏။တိဟိတ်စိတ်တို့ဖြစ်ရကား။ ဉာဏသမ္ပယုတ်သာဖြစ်၏။ စကားချပ်။]

(၂၁၄) လောကီသား ရသော ဈာန်ကို လောကီဈာန်။ လောကုတ္တရာသားရသောဈာန်ကို။လောကုတ္တရာဈာန်, ဟု သမုတ်သည်။ လောကုတ္တရာ၌ဈာန်စစ်မရှိ။လောကီကိုသာစွဲ၍၊ လောကုတ္တရာဈာန် ဟုခေါ်လေသည်။ ယထာစရူပါဝစရံ စသောဂါထာသည်။ အရူပ စိတ်(၁၂)ခုကို။ပဥ္စမဈာန်နှင့် ဥပေက္ခာဧကဂ္ဂတာ တည်းဟူသော။ ဈာန်အင်္ဂါတူသည်၏ အဖြစ်ကြောင့်။ ပဥ္စမဈာန်၌သွင်း၍ ယူရမည့် အကြောင်းကိုပြသည့် ဂါထာတည်း။ သတ္တတိံသဝိဓံပုညံ စသော

ဂါထာဖြင့်၊ ပါဒကချာန် စသည်တို့၏ အစွမ်းဖြင့်။ ရေတွက်ခြင်း၏ ပွားခြင်းသည်။ကုသိုလ်ဒိပါက်၌သာ ဖြစ်သင့်သောကြောင့်။ ထိုကုသိုလ်ဒိပါက်တို့၏ အရေ အတွက်ကို။ ရေတွက်ခြင်း၏ အကြောင်း။ အစိတ်၏အဖြစ်ဖြင့်ပြသည်။

(၂၁၅) ဇာတိအဘိဓမ္မတ္ထသင်္ဂဟေ၌။ဇာတိသဒ္ဒါကား။ နိဒဿန အနက်ရှိ၏။ ဇာတိဝေ့ယထာဝုတ္တနယေန ဟု ဘွင့်၍ သမ္ဗန်ရမည်။ ရစ်ယိသောဓိ။ ဝဏ္ဏနတ္ထိ ဟူသော ဋီကာ ဝါကျ ကဲ့သို့၊ အဆုံး၌ တည်သော ဇာတိသဒ္ဒါ သည်သာ။ ပရိသမာပန အနက်ဖြစ်၏။ဤ၌ ရှိသောဇာတိသဒ္ဒါကား။အသီးအခြားတည်သော။ ဇာတိသဒ္ဒါ ဖြစ်၍။ ပရိသမာပန အနက် သင့်အံ့ဟုမထင်။

အဘိဓမ္မတ္ထသင်္ဂဟသိင်္ဂီကျမ်း—ပထမပရိစ္ဆေဒ ပြီး၏။

နမတ္ထု, စေတသိကဝိဘာဂဿ။

(၁) စိတ္တံ-ဟူသော။ အကျဉ်း ဥဒ္ဒေသ ၏။ အကျယ် နိဒ္ဒေသကို ပြပြီး၍။ စေတသိကံဟူသော။ အကျဉ်းဥဒ္ဒေသ၏။ အကျယ်နိဒ္ဒေသကို ပြလိုသော။ ၎င်အနုရုဒ္ဓါ ထေရ်မဟာသည်။ ကေပ္ပါဒ စသည်ကို မိန့်တော်မူ၏။ထိုကေပ္ပါဒစသော။ပထမဂါထာပဏ္ဍာဝယ်။ကေပ္ပါဒ ကေနိရောဓ၊ ကောလမ္ဗဏာ၊ ကေဝတ္ထုကာ,ဟု ဆိုအပ်သော။ သမ္ပယောဂ လေးပါးတို့တွင်။ တပါးပါးကိုသာမဆိုမူ၍။ လေးပါးလုံးကို ဆိုခြင်းသည်။ ဗွိပညာဟူသောတရား၏။ ဤလက္ခဏာ လေးပါးနှင့် ညီမှ စေတသိက်မည်သည်၏ အဖြစ်ကို ပြ၏။၊ ၎င်းလက္ခဏာလေး ပါးလုံးကိုသည်း။ ပဥ္စဝေါကာရဘုံ၌သာ ရအပ်၏။ စတုဝေါကာရ ဘုံ၌ကား၊ ဝတ္ထုရုပ် မရှိသောကြောင့်။ ကေဝတ္ထုကလက္ခဏာ ကို မရအပ်။သုံးပါးသောလက္ခဏာကိုသာရအပ်၏။

(၂) အနုသောမနည်းအားဖြင့်။ ဤလက္ခဏာ လေးပါးတို့တွင်။ ကေနိရောဓသဒ္ဒါဖြင့်။ စိတ်နှင့် အတူတကွ ဖြစ်သော၊ ကမ္မဇရုပ် စိတ္တဇရုပ်တို့၏၊ စေတသိက်အဖြစ်ကို နှစ်စေသည်၊ ကောလမ္ဗဏာ

သဒ္ဒါဖြင့်။ စိတ်နှင့် တကွဖြစ်။ တကွချုပ်ကုန်သော။ ဝိညာဏ်ခွေး။ ဓာတိစိတ်၏အသက်၌ဖြစ်သော။ အပိန်ငြိ ၁ဂရုပ် ၅စ်ခုတို့၏။ စေတသိက်အဖြစ်ကိုနှစ်စေသည်။ ဧကဝတ္ထုက သဒ္ဒါဖြင့်။ ရှေးလက္ခဏာသုံးပါးနှင့်ပြည့်စုံသော။စေတသိက်တို့သည်။ စင်စစ်တူသော။ မှီရာရှိကုန်သည်သာတည်းဟု။ ဥက္ကဋ္ဌ နည်းအားဖြင့်ပြ၏။ ။ပဋ္ဌာနလောမနည်းအားဖြင့်ကား။ ဧကာလမ္ဗဏသဒ္ဒါဖြင့်။ တခုသော မဟာဘုတ်လျှင်မှီရာရှိသော။ ကြွင်းသောမဟာဘုတ်။ ဥပါဒါရုပ်။ မရဏာသန္ဓေဝိထိ၌။တူသောမှီရာရှိသော။ ဇော, တဒါရုံ, စုတိ, တို့၏။ စေတသိက်အဖြစ်ကိုနှစ်စေသည်။ ဧကနိရောဓသဒ္ဒါဖြင့်။ ပဋိသန္ဓေ, ပထမဘဝင်တို့၏။ စေတသိက် အဖြစ်ကို နှစ်စေသည်။ ဧကုပ္ပါဒ သဒ္ဒါဖြင့်။ နော်သက္ခဏာသုံးပါးနှင့်ပြည့်စုံသော။စေတသိက်တို့သည်။မြဲသောအားဖြင့်။အတူတကွဖြစ်ခြင်းရှိသည်၏အဖြစ်ကိုပြ၏။

(၃) အာရုံ၊စိတ်၊စေတသိက်၊သုံးပါး တို့တွင်။ အာရုံသည်ရှေးဦးစွာဖြစ်၏။နောက်မှစိတ်နှင့်၊ စေတသိက်တို့ဖြစ်ကြ၏။ ငါးဆယ့်နှစ် (၅၂) ပါးသော။စေတသိက်တို့၏အစုကို။ ပိုင်းခြား၍ပြအပ်သောရာသိသည်။အညသမာန်းရာသိ။ အကုသလာရာသိ။ သောဘဏာရာသိ။ အားဖြင့်သုံးပါးရှိ၏။ထိုတွင်—အသောဘဏ။သောဘဏာစိတ် နှစ်ပါးတို့နှင့်ဆက်ဆံသည်၏အဖြစ်ကြောင့်။ အညသမာန်းရာသိကို။ ရှေးဦးစွာပြအပ်၏။ထိုတွင်လည်း။ စိတ်အာသြဉ်၌ အရာကျယ်သောကြောင့်။ သဗ္ဗစိတ္တသာဓာရဏစေတသိက်။ ခုနစ်ခုတို့ကို။ ရှေးဦးစွာပြအပ်၏။ ထို့နောင်မှ-ဖဿစသောစေတသိက်တို့ကို။ ဒေသနာအစဉ်အားဖြင့်။ ရှေးဦးစွာပြ၏။

(၄) ထိုစေတသိက်တို့တွင်။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ဤလေးပါးသည်။ကာမဘုံဖြစ်၏။ ကရုဏာ၊ မုဒိတာ၊ နှစ်ပါးသည်။ ကာမ၊ရူပ, ဤနှစ်ဘုံ၌ဖြစ်၏။ ကြွင်းသော စေတသိက် (၄၆) ပါးတို့သည်။ကာမ၊ ရူပ၊ အရူပ၊ သုံးဘုံ၌ ဖြစ်၏။ ။တနည်းကား။ ကာမ ပထစေတသိက်။ အကာမပထစေတသိက်, ဟူ၍နှစ်ပါးရှိ၏။ ထိုတွင် လောဘ။ဒေါသ။ဒိဋ္ဌိ။အလောဘ။အဒေါသ။အမောဟ။ ဝိရတိ သုံးခု။

စေတနာ။ဤဆယ်ပါးသည်။ကာမာဝစရစေတသိက်မည်၏။ ကြွင်းသော စေတသိက် (၄၂) ပါးသည်။ အကာမာဝစရ စေတသိက် မည်၏။ တနည်း။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်သည်။ ခွဲခြမ်း၍မယှဉ်သောကြောင့်။ အပိနိယောဂစေတသိက် မည်၏။ ကြွင်းသော စေတသိက် (၄၅) ပါးသည်။ ခွဲခြမ်း၍ ယှဉ်ခြင်းကြောင့်။ ပိနိယောဂ စေတသိက်မည်၏။ တနည်း။ အကုသိုလ်စေတသိက် (၁၄) ပါးသည်။ သာဝဇ္ဇစေတသိက်မည်၏။သောဘဏ စေတသိက် (၂၅)ပါးသည်။ အနဝဇ္ဇစေတသိက်မည်၏။အညသမာန်းစေတသိက်(၁၃) ပါးသည် နေဝသာဝဇ္ဇနအနဝဇ္ဇစေတသိက် မည်၏။ တနည်းကား။ ထိုတွင် သောဘဏစေတသိက်မှ။ကာယပဿဒ္ဓိ။စိတ္တပဿဒ္ဓိ စသော စေတသိက် (၁၂) ပါး။ အကုသိုလ်စေတသိက်မှ။ ထိနမိဒ္ဓ။ ပေါင်း (၁၄) ပါးသည်။ အစုံအစုံကို ဆောင်တတ် သောကြောင့်။ သယုဂဠရစေတသိက်မည်၏။ ကြွင်းသောစေတသိက် (၃၈) ပါးသည်။ အယုဂဠရ စေတသိက်မည်၏။

(၅) ဝိတက္ကသဂ်ဝိယာ ဖဿော–ဟူသည်နှင့် အညီ၊ ဝတ္ထု၊ အာရုံ၊ ဝိညာဉ်တို့၏ ပေါင်းမိခြင်းကြောင့်။ ဖဿဖြစ်၏။ ထိုဖဿ၏ အာရုံကိုတွေ့ထိခြင်း လက္ခဏာရှိ၏ဟူရာဝယ်။ ဖဿသည် နာမ်တ[illegible]းဖြစ်သောကြောင့်။စင်စစ် မတွေ့ထိ ငြားသော်လည်း။ ချဉ်သီးစားသောသူကို[illegible]သည်ရှိသော်၊ တပါးသောသူ၏။ တံတွေးဖြစ်ခြင်း စသည်ကဲ့သို့၊တွေ့ထိ[illegible] အခြင်းအရာဖြင့် သ[illegible]လျှင် မှတ်အပ်၏။ ဆိတ်နှစ်ကောင်တို့၏ခတ်ခြင်း၌ တကောင်သောဆိတ်ကဲ့သို့။စက္ခုပသာဒကို မှတ်အပ်၏။နှစ်ခုမြောက်သော ဆိတ်ကဲ့သို့။ရူပါရုံကို မှတ်အပ်၏။ [illegible]တ်ကုန်[illegible]ကုန်[illegible] သကဲ့သို့။ ဝိညာဉ်ကို မှတ်အပ်၏။ သစ်ပင်ဖျား၌ တည်သော[illegible]ယာကို[illegible]ကိုမြင်၍။မြေ၌တည်သောပုဂ္ဂိုလ်၏။ကြက်သီးမွေးညှင်း[illegible]ခြင်း။သလုံး[illegible]ခါ[illegible]ခြင်းကဲ့သို့။ဖဿကိုမှတ်အပ်၏ ထိုဖဿသည်။ စက္ခုသမ္ဖဿ။ သောတသမ္ဖဿ။ ဃာနသမ္ဖဿ။ ဇိဝှာသမ္ဖဿ။ကာယသမ္ဖဿ။မနောသမ္ဖဿ, အားဖြင့်။ခြောက်ပါးရှိ၏။ထိုတွင်–စက္ခုဝိညာဉ်နှ စသည်၌ ရှိသော။ ဖဿစေတသိက်သည်။စက္ခုသမ္ဖဿမည်၏၊ ဒွေပဉ္စဝိညာဉ် တဆယ် ကြည်

သောစိတ် (၇၉) ချွန်ရှိသော ဖဿစေတသိက်သည်။ မနောသမ္ဖဿ မည်၏။

(၆) ဝေဒနာသည်အာရုံ၏အရသာကို။ အစိုးတရ ခံစားခြင်း လက္ခဏာရှိရကား။ဘောဇဉ်ကိုသုံးဆောင်ခံစားတတ်သောပြည့်ရှင် မင်းနှင့်တူ၏၊ဝေဒနာမှကြွင်းသော တရားတို့သည်။ တစိတ်တဒေသ အားဖြင့်။အာရုံ၏အရသာကို ခံစားတတ်ရကား။ ပွဲတော်အုပ် ဖြင် သောစားတော်ကဲနှင့်တူ၏။ထို့ကြောင့်—အလွန်အကဲအားဖြင့် ဖြစ် သော။ခံစားခြင်းသဘောတရားကိုသာလျှင်။ ဝေဒနာဟု ဟောတော် မူအပ်၏။ကြွင်းသောတရားတို့ကို ဝေဒနာဟု မဟောအပ်။ ဖဿ, သညာ, စသည်ဖြင့်၊အမည်ထူးရှိပြီး ဖြစ်သောကြောင့်။ မဟောဟူ ၍သည်းသိအပ်၏။ထိုဝေဒနာသည်လည်း။စက္ခုသမ္ဖဿဇာဝေဒနာ စသောအားဖြင့်ခြောက်ပါးရှိ၏။ထိုတွင်—စက္ခု ဝိညာဉ်နှ စသည်၌ ရှိသော၊ သဟဇာတ။ ဖဿကြောင့် ဖြစ်သော၊ ဝေဒနာစေတသိက် သည်။ စက္ခုသမ္ဖဿဇာ ဝေဒနာ, စသည်မည်၏။ တနည်းကား။ နိရာမိသဝေဒနာ။နေယျာသဝေဒနာ, အားဖြင့်နှစ်ပါးရှိ၏။ ထိုတွင်—သုခ ဝေဒနာကို အနိဋ္ဌအသင်္ခတဟု ဟောရာ၌။ နိတ္တဝေဒနာ မည်၏။ ဘောက်ပြန်သည်၏အစွမ်းကြောင့်။ အလုံးစုံသောဝေဒနာကို။ ဒုက္ခ ဟုဟောရာ၌။နေယျတ္ထဝေဒနာ မည်၏။ တနည်းကား။ သာတဝေဒ နာ။အသာတဝေဒနာ။နေဝသာတနာသာတဝေဒနာ။ဟူ၍သုံးပါးရှိ၏ ထိုတွင်—တပါးပါး၌။ကာယိက။မာနသိက နှစ်ပါးစီရှိရကား။ ကိုယ်, စိတ်, ကိုမှီ၍ခြောက်ပါးပြား၏။

(၇) သညာ-ဟူသည်၊လက်သမားတို့၏။သစ်ကိုရွေသောအခါ။ အမှတ်ပြုသကဲ့သို့။နောက်မှအမှတ်ပြု၍သိတတ်သောလက္ခဏာရှိ၏။ မျက်ကို လုပ်သောလယ်စောင့် ယောကျ်ားရုပ် ကဲ့သို့၎င်း။ ဆံချေ, မန်းဝန်း။တမြက်စွန်, ဖြင့်။ ဆင်ကိုညွှန်းသော သူကန်း သုံးယောက် ကဲ့သို့၎င်း။သညာ၏ ဥပမာန။ ဥပမေယျကို မှတ်အပ်၏။ ထိုသညာ သည်။ ဉာဏ်နှင့်ယှဉ်သောသညာ။ မယှဉ်သောသညာ။ သမာဓိနှင့် ယှဉ်သောသညာ။ မယှဉ်သော သညာ, အားဖြင့်။ လေးပါး ရှိ၏။ ထိုတွင်—ဉာဏ်နှင့်ယှဉ်သောသညာ။ သမာဓိနှင့် ယှဉ်သောသညာ

တို့သည်။ ဉာဏ်ဖြင့်နောက်။သမာဓိဖြင့် နောက်သို့ အစဉ် လိုက်ကုန်၏။ တနည်း။ရူပသညာ။လ။ဓမ္မသညာအားဖြင့်။ခြောက်ပါးရှိ၏။ ထိုတွင် ရူပါရုံစသည်ကိုအာရုံပြု၍ဖြစ်သောသညာသည်။ ရူပသညာစသည် မည်၏။ ။ဤ၌—သညာသိ။ဝိညာဉ်သိ။ ပညာသိ။ ဟူ၍သုံးပါးရှိ၏။ ထိုဘွင်—သူငယ်တို့၏ရွှေ၏အဆင်းမျှကိုသာသိခြင်းကဲ့သို့။သညာသိ ကိုမှတ်အပ်၏။မိဘတို့၏ငွေ့ ဟူ၍၎င်း။အဘိုးတန်၏ဟူ၍၎င်း။ သိခြင်း ကဲ့သို့၊ဝိညာဉ်သိကို မှတ်အပ်၏။ ရွှေပန်းထိမ်သည်တို့၏။ အလုံးစုံ ရှစ်မှုးရေ, ကိုးမှုးရေ,စသည်ဖြင့်။ သိခြင်း ကဲ့သို့။ ပညာသိကို မှတ် အပ်၏။

(ဂ) စေတနာ-ဟူသည်။ မိမိတို့၏။ ဖသန၊စေဒိယန။သဥ္စာနန။ စသောကိစ္စ၌။ နေရာတကျ စီရင်သကဲ့သို့။ စေ့ဆော်ခြင်း လက္ခဏာ ရှိ၏။မိမိကိစ္စ။သူတပါးကိစ္စကိုပြီးစေတတ်သော။တပည့်ကြီး။ လက် သမားကြီး။စစ်ဗိုလ်ကြီးကဲ့သို့၎င်း။ပုံတီးဆရာက အချက်ပေးသည့်ရှိ သော်၊ငယ်သားတို့သည် ညီညာဖြဖြ တီးမှုတ်ကြဘိ သကဲ့သို့၎င်း။ စေတနာ၏ဥပမာန-ဥပမေယျကိုမှတ်အပ်၏။ထိုစေတနာသည်လည်း။ နာနက္ခဏိကစေတနာ။သဟဇာတစေတနာဟူ၍နှစ်ပါးရှိ၏။ ထိုတွင် နာနက္ခဏိကစေတနာသည်၊ကုသိုလ်အကုသိုလ်အားဖြင့်နှစ်ပါးရှိ၏။ သဟဇာတစေတနာသည်။ ကုသိုလ်။ အကုသိုလ်။ဝိပါက်။ ကြိယာ အားဖြင့်လေးပါးရှိ၏။ ထိုတွင်၊နာနက္ခဏိကစေတနာသည်သာ။ကမ္မ ပစ္စည်းဖြစ်၍။ပဋိသန္ဓေကိုပေးနိုင်၏။ ဝိရတီနှင့်ယှဉ်သော။ စေတနာ ကား။ပဋိသန္ဓေကိုမပေးနိုင်။ စေတနာစေတသိက် သည်သာ။ ကမ္မ ပစ္စည်းတင်သဖြင့်။ ပဋိသန္ဓေအကျိုးပေး၏။ တနည်းကား။ ရူပသဉ္စေ တနာ၊လ၊ဓမ္မသဉ္စေတနာ ဟူ၍ ခြောက်ပါးရှိ၏။

(ဃ) ဧကဂ္ဂတာ-ဟူသည်။ လေဆိတ်သော အရပ်၌။ ဆီမီးလျှံ တို့၏၊တည်ကြည်ငြိမ်သက်သကဲ့သို့။ တခုတည်းသောအာရုံ၌စိတ်၏ တည်ကြည်ငြိမ်သက်ခြင်း လက္ခဏာ ရှိ၏။ ဧကံအာရမ္မဏံအဂ္ဂံ ဧတ ဿာတိဧကဂ္ဂံ။ ဋီကာဘ်ငြဟ။ စိတ်ရ၏။ ဧတဿစိတ္တဿ, အား။ ဧကံအာရမ္မဏံ၊ တခုသော အာရုံ ဟုဆိုအပ်သော အဂ္ဂံ၊ အစုအဘို့ သည်၊ တနည်း၊ ဧကံ၊ တခုသော၊ အဂ္ဂံ၊ အာရမ္မဏံ၊ အာရုံသည်၊

အညီ ရှိ၏။ ဇာတိ ကြောင့်။ တံစိတ္တံ-သည် ကေဂ္ဂံ ၊ မည်၏။ အဘိဓာန်၌
အဂ္ဂသဒ္ဒါ၏။ အနက်ငါးပါးတွင်။ အာရမ္မဏ အနက်ဟော မပါသော
ကြောင့် အရအဘိဓာန်ကိုသမ္ဗန်သည်။ ဇကာမဉ္ဇူဆရာကား။ အဂ္ဂသဒ္ဒါ
အာရုံကို ဟောသည် ဆိုသောကြောင့်။ နောက်နည်း၌ အဂ္ဂသဒ္ဒါကို
အာရမ္မဏဟော သမ္ဗန်သည်။ ဋီကာ၌-အဂ္ဂံ အာရမ္မဏံ ဟု မဖွင့်မူ၍။
အာရမ္မဏံအဂ္ဂံ ဟုဖွင့်ခြင်းသည်။ သဒ္ဒါစဉ်ပင် မဟုတ်သော်လည်း။
နာနာနယဒီ ပဏာဂ ဣရိ ဖြစ်ရကား။ နည်းအထူးဟု မှတ်အပ်၏။
ကေဂ္ဂဿဘာဝေါ ကေဂ္ဂတာ-ပြုသော်။ သမာဓိ ရ၏။ အဓိပ္ပါယ်ကား။
သမာဓိ၏ အစွမ်းဖြင့် သန္တာနယုတ်နှင့် တကွသော စိတ်သည်။ မပျံ့လွင့်
ခြင်းလက္ခဏာရှိ၏-ဟူလိုသ်။

(၁၀) ဇီဝိတိန္ဒြေ-ဟူသည်။ မပြတ်ဖြစ်သော။ ဥပါဒိန္နက ခန္ဓာ
အစဉ်၌။ အစိုးရသည်ဖြစ်၍။ ကြာရိုး၌ ရှိသော ရေသည်။ ကြာကို
မညှိုးမနွမ်းရအောင်။ စောင့်ရှောက်သကဲ့သို့။ မိမိနှင့် အတူတကွ ဖြစ်
သောရုပ်နာမ်တရားတို့ကို။ အစဉ်စောင့်ခြင်း လက္ခဏာရှိ၏။ ထိုဇီဝိ
တိန္ဒြေသည်။ ရုပ်ဇီဝိတိန္ဒြေ။ နာမ်ဇီဝိတိန္ဒြေ။ နှစ်ပါးရှိသည်တွင်။ နာမ်ဇီ
ဝိတိန္ဒြေကို။ ဤ၌အလိုရှိအပ်၏။ ၎င်းဇီဝိတိန္ဒြေနှစ်ပါးသည်။ ရုပ်စိတ်၏
ဘင်ခဏ၌အတူချုပ်ကုန်၏။

(၁၁) မနသိကာရ-ဟူသည်။ အာဇာနည် မြင်း နှစ်ကောင် ကို။
နှင်တတ်၊ ပြေးစေတတ်သော။ ရထားထိန်းကဲ့သို့။ အာရုံကို ရှေးရှု
နှင်တတ်၊ ပြေးစေတတ်သော လက္ခဏာရှိ၏။ ထိုမနသိကာရ သည်။
အာရမ္မဏပဋိပါဒကမနသိကာရ၊ ဝီထိပဋိပါဒကမနသိကာရ။ ဇဝန
ပဋိပါဒကမနသိကာရ အားဖြင့်။ သုံးပါးရှိ၏။ ထိုတွင်—မနသိကာရ
စေတသိက်သည်။ အာရုံကို ဗိရင်တတ် သောကြောင့်။ အာရမ္မဏ
ပဋိပါဒကမနသိကာရမည်၏။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်။ ဝီထိစိတ်ကို
ဗိရင်တတ်သောကြောင့်။ ဝီထိပဋိပါဒကမနသိကာရ မည်၏။ မနော
ဒွါရာဝဇ္ဇန်းစိတ်သည်။ ဇောကိုဗိရင်တတ်သောကြောင့်။ ဇဝန ပဋိပါ
ဒကမနသိကာရမည်၏။ ။နောက်နှစ်ပါး မနသိကာရ မည်ဟန်မှာ။
ရှေးဖြစ်သောဘဝင်စိတ်မှမတူသော။ ဝီထိစိတ်၊ ဇောစိတ်ကိုပြုတတ်
သောကြောင့်။ မနသိကာရမည်၏ ဟူလိုဝ်။ ပဉ္စဒွါရာဝဇ္ဇန်း။ မနောဒွါရာ

ဝဇ္ဇနိုးဖြင့်။ရှေးစိတ်ကနောက်စိတ်ကိုအထူးပြုမှ။ ပဋ္ဌာနဒွါရာဝီထိ။မနော
ဒွါရဝီထိစောဖြစ်သည် ဟူလိုဝ်။ မနသိကာရ စေတသိက်ဖြင့်။ နှလုံး
သွင်းမှုအာရုံအလုံးစုံကိုထင်နိုင်၏။ ။မနသိကာရ နှင့် သတိအထူး
ကား။မနသိကာရသည်၊အာရုံ၌ကောင်းစွာဟှဉ်လျက်။ သံယောဇန
၏အစွမ်းဖြင့်။ရှေးရှုဖြစ်ဘတ်၏။ သတိသည်အာရုံ၌ မတွေဝေသည်
၏အစွမ်းဖြင့်။ ရှေးရှုဖြစ်တတ်၏၊ ဤသို့ထူး၏။ ။ဝိတက်။စေတနာ။
မနသိကာရ တို့၏အထူးကား။သဟဇာတ်တရားတို့ကိုအာရုံ၌ ထည့်
သွင်းသကဲ့သို့။ဖြစ်တတ်သည်ကား။ ဝိတက်။ အာရုံ၌—ဝိတက်သည်
တင်အပ်ကုန်ပြီးသော။ သဟဇာတ်တရားတို့ကို။ မိမိနှင့်တကွ ယှဉ်
စေတတ်သည်ကား။စေတနာ။စစ်မြေ၌ ဗိုလ်ပါကိုယှဉ်စေတတ်သော။
ဗိုလ်မှူးကဲ့သို့မှတ်အပ်၏။ ဝိတက်တင်အပ်သော။ သဟဇာတ်တရား
တို့ကို၊အာရုံသို့ရှေးရှုထင်စေတတ်သည်ကား။မနသိကာရ။ အာဇာနီ
မြင်းတို့ကို။ရထား၌ယှဉ်စေတတ်သော။ ရထားထိန်းကဲ့သို့မှတ်အပ်၏
ဤသို့အထူးကိုလည်းသိအပ်၏။

သဗ္ဗစိတ္တသာဓာရဏစေတသိက်ပြီး၏။

ဝိတက်-ဝိစာရ, ပီတိ တို့ကို။ အောက်ရူပါဝစရစိတ်၏ အဘွင့်၌
ပြအပ်ခဲ့ပြီးသည်ဖြစ်၍။ဤ၌လျစ်လျူရှုပေအံ့။

(၁၂) အဓိမောက္ခ-ဟူသည်။အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာ
ရှိ၏ဟူရာ၌။ဟုတ်မဟုတ်-မှန်မမှန်ကို ဆုံးဖြတ်သည်မဟုတ်။ တံခါး
တိုင်ကဲ့သို့အာရုံ၌ မဆုတ်မနွဲ့တည်တန့်မြဲမြံသည်ကို မှတ်အပ်၏။
အဓိမောက္ခနှင့် သဒ္ဓါအထူးကား။ ဟုတ်သည်ဖြစ်စေ။ မဟုတ်သည်
ဖြစ်စေ၊ အာရုံ၌ဆုံးဖြတ်ခြင်းသည်။ အဓိမောက္ခမည်၏။ ကြည်ညို
ထိုက်သော ရတနာသုံးပါးတို့၌။ ကြည်ညိုသော အားဖြင့် ဆုံးဖြတ်
ခြင်းသည်၊သဒ္ဓါမည်၏ ဤသို့အထူးကိုသိအပ်၏ ထိုမှတပါး။ အာရုံ
ကိုဆုံးဖြတ်လျက်အောင်တတ်သော တရားသည်။ နိစ္ဆယ မည်၏၊
ထိုနိစ္ဆယနှင့်အဓိမောက္ခ တို့၏ အထူးကား။ အာရုံသို့ သက်ဝင်၍
တည်သည်ကား၊အဓိမောက္ခ အာရုံကိုဆုံးဖြတ်ခါမှုသည်ကား၊နိစ္ဆ
ယမည်၏၊ တနည်း၊ အဓိမောက္ခ သည် ကြည်ညိုခြင်း ပသာဒ၌

လည်းဖြစ်၏။နိဗ္ဗာန်ယသည် ကြည်ညိုခြင်းပသာဒဖြစ်ကုန်။ ဟူ၍ အဘိဓာန်ဋီကာ၌ဆို၏။

(၁၃) ဝီရိယ-ဟူသည်။ဆွေးမြေ့သော အိမ်ကိုထောက်သော တိုင်နှင့်တူ၏။ထိုဝီရိယသည်။ ဝါယမ၏ အမည်သာတည်း။ ထိုဝါယာမသည်လည်း။သမ္မာဝါယမ၊မိစ္ဆာဝါယာမ၊နှစ်ပါး၄၏။ထိုတွင် သမ္မာဝါယာမကို။ ကုသိုလ်၌ရအင်၏။ မိစ္ဆာဝါယာမကို။ အကုသိုလ်၌ရအင်၏။

(၁၄) ဆန္ဒ-ဟူသည်။သမ္မာဆန္ဒ၊ မိစ္ဆာဆန္ဒ အားဖြင့်။ နှစ်ပါးရှိ၏။ထိုတွင်—ဥစ္စာထုပ်ကို ဖြန့်စမ်းသောလက်ကဲ့သို့။ မိစ္ဆာဆန္ဒကို မှတ်အင်၏။ မိဘိပစ်အပ်သောများကို။ တဘာန် ကောက်ယူ ခြင်း၌။ လက်ကိုဆန့်တန်းသကဲ့သို့။သမ္မာဆန္ဒကိုမှတ်အင်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုချင်တောင့်တရာ၌။သမ္မာဆန္ဒကိုသာမှတ်အင်၏။

ပကိဏ်းစေတသိက်ပြီး၏။

အညသမာန်းစေတသိက်၏။ အညအပါဒါနိကား မမြဲ။ သောဘဏာနှင့်ယှဉ်ခိုက်။ အသောဘဏာ အပါဒါနိ။ အသောဘဏာနှင့် ယှဉ်ခိုက်။သောဘဏာအပါဒါနိဖြစ်၏။ အညေစ။ အညေစ။ အညေ။ အညေစ၊သောဘဏာမှ တပါးသော။ အသောဘဏာ စိတ်တို့လည်း။ အညေစ၊ အသောဘဏာမှတပါးသော၊ သောဘဏာ စိတ်တို့လည်း။ အညေ၊ သောဘဏာမှတပါး။ အသောဘဏာစိတ်။ အသောဘဏာမှ တပါး။ သောဘဏာစိတ်တို့။ ကေသေသ သာမည နိဒ္ဒေသ နည်း။

*ပုဂံပြည်တွင်။နရသီဟပတေ့မင်း လက်ထက်။ သက်တော်(၆၀) ကျော်မှရဟန်းပြုသော။ရဟန်းကြီးတဦးသည်။စာပေသင်ရန်။ကန့်ကူခံမည်ဟု။မင်းနန်းတော်သို့ဝင်လေသော်။အကြောင်းကိုမေး၍၊ စာပေ သင်ရန်ကန့်ကူခံလာကြောင်းကိုပြောပြသည်တွင်။ကျည်ပွေ့အတက် ပေါက်မှ။စာတတ်ခံည်ဟုမင်းကလျှောက်လိုက်သည်နှင့်။ တနေ့လျှင် တံပူတချောင်းခန့်မျှ စာတက်၍။ သဒ္ဒါ သင်္ဂြိုဟ်က စလျက်။ စာပေ ကျမ်းဂန်ကိုသင်ကြားသည်။မကြာမြင့်မီပင်။ကျမ်းဂန်တတ်မြောက်၍ ကျည်ပွေ့ကိုသစ်ခက်သစ်ညွန့်စည်းပြီးလျှင်။ မင်းနန်းတော်သို့ဝင်ပြန်

သည့်တွင်။ အကြောင်းကိုမေးသော်။ ကျည်ပွေ့ အတက် ပေါက်၍
ဝင်လာကြောင်းကို ပြောဆိုသောကြောင့်။ စာပေကျမ်းဂန် တတ်
မြောက်ပြီးဆိုလိုသည်။ (၄) ကျောင်းသား ကျမ်းဂန် တတ်သည့်။
သဃ်ာများကို။မေးမြန်းစုံစမ်းစေ။အမိန့်တော်ရှိ၍။ မေးမြန်းစုံစမ်းကြ
သည်။မေးမြန်းတိုင်းဖြေဆိုနိုင်သည်။ငါ့ရှင်တို့ငါ့ကို မေးမြန်းလှလေပြီ။
ငါကလည်းမေးမြန်းပါဦးမည်ဟု ဝင့်ပန်၍။ အညသမာန်း စေတသိက်၌။
အညဖို့၏အပါဒါန်ကို။ ခံပါကုန်ဟု။ ရဟန်းကြီးက မေးမြန်းသည်ကို။
(၄) ကျောင်းသားသဃ်ာများတို့အပါဒါန်ခံတည့်နိုင် ရှိလေသည်။
ထိုအကြောင်းကို။ နရသီဟပတေ့ခင်းအား လျှောက်ကြား၍။ ထိုရ
ဟန်းကြီးကို။ ဒိသာပါမောက္ခ ဟူသော တံဆိပ်နာမံနှင့်။ ဆရာပြု၍
ကိုးကွယ်သည်ဟု။ ယခုထက်တိုင်။ ဆရာစဉ်ဆက်။ ဥဒါန်းစဉ်ရှည်
ပြောဆိုကြသည်ဟု။ဘုရားကြီးဆရာတော်မိန့်တော်မူ၏။ ဤသို့ (၄)
ကျောင်းသားကျမ်းတတ်များမှမခံနိုင်တည့်သော။ အညဖို့ အပါဒါန်
ကိုလည်း။ သတိရှိကြစေ။ ဦးကျည်ပွေ့ အမည်တွင်။ သေရာအရှင်
ထံးကို။နှလုံးသွင်း၍။ဝီရိယကိုလည်းထက်ကြစေ။ [စကားချပ်။]

(၁၅) အကုသိုလ်စေတသိက် (၁၄) ပါး တို့တွင်။ မောဟ၊
အဟိရိက၊အနောတပ္ပ၊ဥဒ္ဓစ္စ။ဤ(၄)ပါးသောစေတသိက်တို့ကို။လော
ဘစသည်တို့ဖို့ ရှေးဦးစွာထားခြင်းသည်။ အလုံးစုံသောအကုသိုလ်
စိတ်တို့နှင့်။ဆက်ဆံသည်ဖို့အဖြစ်ကြောင့်။ ရှေးထားသည်။ ။မော
ဟသည်။သစ္စာလေးပါး။ ပဋိစ္စသမုပ္ပါဒ် တရားတို့ဖို့။ ရှေးအစွန်းကို
မမြင်ရအောင်။ ဖုံးလွှမ်းတတ်သော သဘောရှိ၏။ ဘုံအားဖြင့် နေ
သည္ဘာနှာ ညာယဘနဘုံ တိုင်းအောင်။ မွေအားဖြင့်။ သောတာ
ပဋ္ဌိမဂ် ရှေးဂေါတြဘု တိုင်အောင်။ ပုဂ္ဂိုလ် အားဖြင့်။ အနာဂါမ်
ပုဂ္ဂိုလ် တိုင်အောင်။ ဖုံးလွှမ်းတတ်၏။ ။သံသရာစက်ဖို့ အကန့်
အကွက်တို့ကိုမသိအောင် ဖုံးလွှမ်းခြင်းသည်။ မောဟဖုံးလွှမ်းခြင်း
ပင်ခံသည့်၏။မောဟကြောင့် များသောအားဖြင့်။ တိရစ္ဆာန်မျိုး၌ ဖြစ်
တတ်၏။ ။ထိုမောဟသည်။ ဒိဋ္ဌိသဟိတမောဟ။ အဒိဋ္ဌိရဟိတမော
ဟ, အားဖြင့်နှစ်ပါးရှိ၏။ထိုတွင်—တိဘ္ဘတို့ စကားကိုယုံကြည်ခြင်း၌
ဖြစ်သောမောဟသည်။ ဒိဋ္ဌိသဟိတမောဟ မည်၏။ ဆင်ခြင်တတ်

သောပညာ၏။ဆန့်ကျင်ဘက်ဖြစ်၍၊ သက်သက်တွေဝေခြင်း မောဟ သည်။ဒိဋ္ဌိရဟိတမောဟမည်၏။

(၁၆) ရွာသူတို့၏ဝက်သည်။ မစင်မှစက်ဆုပ်ခြင်းမရှိသကဲ့သို့။ အဟိရိက သည်။ကာယဒုစရိုက်စသည်မှ မစက်ဆုတ်ခြင်းလက္ခဏာ ရှိ၏။ ထိုအဟိရိက သည်။ ဇာတိအဟိရိက။ ပယောဂ အဟိရိက အားဖြင့်နှစ်ပါးရှိ၏။ထိုတွင်–ပင်္ဂုသဗ္ဗေ ဇာတ်အားဖြင့်။ အကုသိုလ်မှမရှက်ခြင်းသည်၊ဇာတိအဟိရိကမည်၏။ တစုံတခုပယောဂကြောင့်။ အကုသိုလ်မှမရှက်ခြင်းသည်။ပယောဂအဟိရိကမည်၏။

(၁၇) ပိုးဖလံသည်။မီးမှမထိတ်လန့်သကဲ့သို့။ အနောတပ္ပသည် ကာယဒုစရိုက်စသည်မှ။မထိတ်လန့်ခြင်း လက္ခဏာရှိ၏။ ထိုအနော တပ္ပသည် ဇာတိအနောတပ္ပ။ပယောဂအနောတပ္ပ ဟူ၍နှစ်ပါးရှိ၏။ မောဟနှင့်သှဉ်သောစိတ္တုပ္ပါဒ်၌။ အဟိရိက။ အနောတပ္ပ။ နှစ်ပါးစုံ ပင်အားကြီး၏။မောဟဖုံးလွှမ်းခြင်းကြောင့်။ဤတရားနှစ်ပါးဖြစ်ရ၏။

(၁၈) ကျောက်ဖြင့်ခတ်မိ၍ အသက်သို့ တက်သော ပြာကဲ့သို့ ၎င်း။လေခတ်သဖြင့်။ တုံလှုပ်သောတန်းခွန်ကဲ့သို့၎င်း။ စိတ်၏ မငြိမ် သက်ခြင်း ပြန့်လွင့်ခြင်း လက္ခဏာသည်။ ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စသည် သရူပ-ဥဒ္ဓစ္စ။ယောဝါပနကဥဒ္ဓစ္စ။ အားဖြင့်နှစ်ပါးရှိ၏။ ထိုတွင်–ဥဒ္ဓစ္စ သဟဂုတ်၌ရှိသော ဥဒ္ဓစ္စသည်။ သရူပဥဒ္ဓစ္စမည်၏။ ဥဒ္ဓစ္စသဟဂုတ်မှ ကြွင်းသော။အကုသိုလ်စိတ်(၁၁)ခုရှိသော။ဥဒ္ဓစ္စသည်။ ယောဝါပန ကဥဒ္ဓစ္စ မည်၏။

(၁၉) လောဘသည်။ သမလောဘ။ ဝိသမလောဘ, အားဖြင့် နှစ်ပါးရှိ၏။ ထိုတွင်–မိမိသိမ်းဆည်း အပ်သော။ ဝတ္ထုနှံ ဖြစ်သော။ အားကြီးစွာသော။ လောဘသည်။ ဝိသမလောဘ မည်။ (ဝိသမ လောဘ၏အခြင်းအရာကို စုံလင်စွာသိလိုမူ။ လောကုတ္တရာအခွင့် တွင်ဆိုခဲ့ပြီ။) တနည်းကား။ အတြိစ္ဆလောဘ။ မဟိစ္ဆလောဘ။ ပါပိစ္ဆလောဘ။အပ္ပိစ္ဆလောဘ။အားဖြင့်လေးပါးရှိ၏။ထိုတွင်–မိမိ ဥစ္စာ၌သာလျှင်။မရောင့်ရဲမူ၍။သူတပါးလာဘ်၌တောင့်တခြင်းသည် အတြိစ္ဆလောဘမည်၏။ အတိုင်း အရှည်ကို မသိသော လောဘ သည်။မဟိစ္ဆလောဘမည်၏။အလိုဆိုးနှိပ်စက်သည်ဖြစ်၍။အံ့ဘွယ်

ကိုပြသဖြင့်။ အတိုင်းအရှည်ကို မသိသည်ထက်။ မသိအောင် ဖြစ်သော လောဘသည်။ပါပိစ္ဆလောဘမည်၏။အနည်းကိုအလိုရှိသော လောဘသည်။ အပ္ပိစ္ဆလောဘ မည်၏။ ။လောဘသည် တဏှာမည်၏။ ထိုတဏှာသည်။ မဟာတဏှာ။အတိတဏှာ။ ဂိဒ္ဓတဏှာ။ အားဖြင့်သုံးပါးရှိ၏၊ထိုတွင်—အထူးထူးသောအာရုံကိုအလိုရှိသော တဏှာသည်။ မဟာတဏှာမည်၏။ တခုသောအာရုံ၌ အကြိမ်များစွာအလိုရှိသော တဏှာသည်။ အတိတဏှာမည်၏၊ ဤနှစ်ပါးစုံ၌ တပ်တတ်သောတဏှာသည်။ ဂိဒ္ဓတဏှာမည်၏။ ။လောဘနှင့်ဆန္ဒ အထူးကား။အားကြီးသောတပ်နှစ်သက်ခြင်းသည်-လောဘ။ အားနည်းသောတပ်နှစ်သက်ခြင်းသည်-ဆန္ဒမည်၏။

(၂၀) အနိစ္စသဘာဝမှ ဖောက်ပြန်၍။ နိစ္စသဘာဝ အားဖြင့် ရှုတတ်သောသဘောသည်။ဒိဋ္ဌိမည်၏။ထိုဒိဋ္ဌိသည်လည်း။ နိယတဒိဋ္ဌိ။အနိယတဒိဋ္ဌိ အားဖြင့် နှစ်ပါးရှိ၏။ ထိုတွင်—နိယတဒိဋ္ဌိသည်လည်း၊ အဟေတုကဒိဋ္ဌိ။အကိရိယဒိဋ္ဌိ။ နတ္ထိကဒိဋ္ဌိ အားဖြင့် သုံးပါးရှိ၏။ထိုတွင်—အကြောင်းမရှိဘဲ သတ္တဝါတို့ စင်ကြယ်ကုန်၏။ အစရှိသည်ဖြင့်။ကံ-ကံ၏အကျိုးနှစ်ပါးစုံကိုမြစ်သောအယူသည်။ အဟေတုကဒိဋ္ဌိမည်၏။ မကောင်းမှုကို ပြုသော်လည်းပြုသည် မမည်။ မကောင်းမှုမရှိ၊ကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်။ ကောင်းမှုမရှိဟု။ကံ ကိုမြစ်သောအယူသည်။ အကိရိယဒိဋ္ဌိ မည်၏။ ကောင်းမှုမကောင်းမှု၏အကျိုးသည်မရှိ။ အစရှိသည်ဖြင့် ကံ၏ အကျိုးကိုမြစ်သော အယူသည် နတ္ထိကဒိဋ္ဌိမည်၏။ ဤသုံးပါးသည်။ ကမ္မပထကို ပြုတတ်၏။ကြွင်းဒိဋ္ဌိတို့ဖြင့်ကမ္မပထကိုမပြုတတ်ကုန်။ ။ဘုရားရှင် ပေါ်ထက်တော်က-ပူရဏသည်။ ကံကိုတားမြစ်၏။ အဇိတသည် ဝိပါက်ကိုတားမြစ်၏။မက္ခလိသည်။ ကံ-ကံ၏အကျိုး၊ ဤနှစ်ပါးကို တားမြစ်၏။

(၂၁) မာနသည်။ သူ့ရှုးကဲ့သို့ ထောင်လွှားခြင်း၊ ဥဏ္ဏတိလက္ခဏာရှိ၏။ထိုမာနသည်၊ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်၊ ဟူ၍ သုံးပါးရှိ၏။ မြတ်သောသူ၊ တူသောသူ၊ ယုတ်သောသူ တို့၌ တယောက်တယောက်လျှင် သုံးပါးစီဖြစ်ရကား ကိုးပါးပြား၏။ မြတ်

သောသူအား-သေယျမာန်။တူသောသူအား-သဒိသမာန်။ယုတ်သောသူအား-ဟီနမာန်"ဤသုံးပါးသာလျှင်။ ဟုတ်မှန်သော မာန် မည်၏။ ထိုမာန်ကိုအရဟတ္တမဂ် မှသာလျှင် ပယ်သတ်နိုင်၏။ ကြွင်းသော မာန်ကားမဟုတ်မှန်။ထိုမာန်ကို သောတာပတ္တိမဂ်ဖြင့် ပယ်သတ်၏။ ဇာတိ အားဖြင့်၎င်း။ ကောင်းမှု အားဖြင့်၎င်း။ ဂုဏ်အားဖြင့်၎င်း။ ယုတ်သောအားဖြင့်၎င်း။ အတူအားဖြင့်၎င်း။ အမြတ်အားဖြင့်၎င်း။ ဤခြောက်ပါးသည်။မာန်တက်ခြင်း၏အကြောင်းမည်၏။

(၂၂) ဒေါသသည်။ ရုံ့ရင်းကြမ်းတမ်းသည်၏ အဖြစ်တည်းဟူသော။စဏ္ဍိက္ကလက္ခဏာရှိ၏။ထိုဒေါသသည်သူတပါးကားပျက်စီးသည်လည်းရှိ၏။ မပျက်စီးသည်လည်းရှိ၏။ မိမိမူကား အယုတ်သဖြင့်။အရေအဆင်းဘောက်ပြန်ခြင်းစသော။ ပျက်စီးခြင်းသို့ရောက်ရ၏။ထို့ကြောင့်—ဒေါသကြီးသောသူသည်။ အိုမင်းလွယ်ကြောင်းကို တိက္ခဒေါသဿခိပ္ပံဇရာသမ္ဘဝတော-ဟု။ အဋ္ဌကထာဆရာဆိုတော်မူ၏။ ။အားနည်းသော အမျက်သည်။ ဒေါသမည်၏။ အားကြီးသောအမျက်သည်။ပဋိဃ မည်၏။ ရှေးဦးစွာဖြစ်သောအမျက်သည်။ ကောဓမည်၏။နောက်အဘို့၌ဖြစ်သောအမျက်သည်။ဒေါသမည်၏။

(၂၃) ဣဿာသည်။သူတပါးစည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိ၏။မစ္ဆရိယသည်။ရပြီး, ရဆဲ, ရလတ္တံ့လည်းဖြစ်သော။ မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်းလက္ခဏာရှိ၏။ဤဖွံ့ဘွယ်သရဲသည်။ သူတပါးတို့အား မဖြစ်စေသတည်း။ ငါ့အားသာလျှင် ဖြစ်စေသတည်း ဟု။ ဤသို့ဖြစ်စေခြင်းသည်။ မစ္ဆရိယမည်၏။ ထိုမစ္ဆရိယသည်လည်း။ အာဝါသမစ္ဆရိယ၊ကုလမစ္ဆရိယ၊လာဘမစ္ဆရိယ၊ဝဏ္ဏမစ္ဆရိယ ဓမ္မမစ္ဆရိယ အားဖြင့်။ ငါးပါးရှိ၏။ ထိုတွင်—အာဝါသ မစ္ဆေရကြောင့်။သံပူအိမ်ငရဲ၌ကျက်ရ၏။ ကုလမစ္ဆေရကြောင့်။ ဆင်ဘုတ်ငရဲ၌ကျက်ရ၏။ လာဘမစ္ဆေရကြောင့်။ လာဘ်သပ်ပကာ ရှားပါးရတတ်၏။ဝဏ္ဏမစ္ဆေရကြောင့်။ဂုဏ်အဆင်းမရှိဖြစ်ရ၏။ဓမ္မမစ္ဆေရကြောင့်။ပြာပူငရဲ၌ကျက်ရခြင်း။ ထို့ကြောင့်—ဆိုလတ္တံ့သော ဂါထာကိုနှလုံးသွင်းရာ၏။

အာဝါသေနလောဟဂေဟော၊ ကုလေနဂူထနိရ
ယော။လာဘေနအပ္ပလာဘောဝ၊ ဝဏ္ဏေနတုအဝဏ္ဏ
ကော။ ဓမ္မာကုက္ကုဠနိရယော၊ ပစ္စတေဓမ္မကာမိနော။

[အဋ္ဌသာလိနီရစနာဂါထာ။]

အာဝါသေန၊ အာဝါသမစ္ဆရိယကြောင့်။ လောဂေဟော၊သံအိမ်ငရဲ၌။ပစ္စတေ၊ကျက်ရတတ်ချေ၏။ကုလေန၊ကုလမစ္ဆရိယကြောင့် ဂူထနိရယော၊ဘင်ဘုတ်ငရဲ၌။ပစ္စတေ၊ကျက်ရ၏။ လာဘေန၊လာဘမစ္ဆရိယကြောင့်။အပ္ပလာဘော၊နည်းသောလာဘ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏေန၊ဝဏ္ဏမစ္ဆရိယကြောင့်။ အဝဏ္ဏကော အဆင်းမလှသည်။ဟောတိ၊ဖြစ်၏။ဓမ္မာ၊ဓမ္မမစ္ဆရိယကြောင့်။ ကုက္ကုဠနိရယော၊ ပြာပူငရဲ၌။ပစ္စတေ၊ကျက်ရ၏။ ဣတိ၊ဤသို့။ ဝဏ္ဏံ၊အပြစ်ကို၊ဒိသွာ၊ မြင်၍။ဓမ္မကာမိနော၊ တရားကိုအလိုရှိသောသူတို့သည်။ ဒက္ခေထ၊ရှုကြည့်ကြကုန်လော။

တနည်းကား။ အာဝါသမစ္ဆရိယကြောင့်၊ ဘီလူးပြိတ္တာဖြစ်၍။ ထိုကျောင်း အရိပ် အာဝါသ၌ တံမျက်ချေး တို့ကို, ဦးခေါင်းဖြင့် ရွက်၍၊ လှည့်လည်ရ၏။ ကုလမစ္ဆရိယ ကြောင့်။ ခံတွင်းမှသွေးသည်အံထွက်၏။ဝမ်းသွားကျသည်လည်းဖြစ်၏။ အရုတို့သည်အပိုင်းအပိုင်း၊ အထုံးထုံးဖြစ်၍။ ထွက်ကုန်၏၊ လာဘမစ္ဆေရ ကြောင့်။ ဂပါးကြီးမြွေဖြစ်တတ်၏။

(၂၄) ဣဿာသည် ဗဟိဒ္ဓကို အာရုံပြု၏။ မစ္ဆရိယ သည် အဇ္ဈတ္တကိုအာရုံပြု၏။ ၊တနည်း။ဣဿာသည်အဇ္ဈတ္တကိုလည်း အာရုံပြုနိုင်သေး၏။ မစ္ဆရိယသည် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါး၌ ပင်လျှင်ထိုက်သင့်သည်အားလျော်စွာ အာရုံပြု၏။ မစ္ဆေရ ၄းပါးတို့သည်။ အဇ္ဈတ္တကိုသာ အာရုံပြုသည်မဟုတ်၊ အဇ္ဈတ္တဗဟိဒ္ဓနှစ်ပါးကိုပင်ထိုက်သည်အားလျော်စွာအာရုံ ပြုကုန်၏၊ မာတိကာ အကောက်စသည်တို့၌ ဣဿ စေတသိက်ကို ဗဟိဒ္ဓါရမ္မဏာဓမ္မာဟူသော ပုဒ်၌သာ ကောက်ကြကုန်၏၊ ယင်းသို့ ကောက်ငြားသော်လည်း ၄င်း အဇ္ဈတ္တာရမ္မဏာဓမ္မကိုပြရာ ဓမ္မသင်္ဂဟပါဠိတော်ပဌာန်း အဇ္ဈတ္တာ

ရမ္မဏာ ဝါဒ်တို့၌ အသိုးမလာရကား။ပမာဏမပြုအပ်သော စကား ဟူ၍ မှတ်အပ်သောအကြောင်းကို အချုပ်ဉည်း။ တို့ဆိုကုန်၏။

(၂၅) ပြုအပ်ပြီးသောဒုစရိုက်။မပြုလိုက်ရသောသုစရိုက်တည်းဟူ သောအဘိတ်ကိုအာရုံပြု၍။နောင်တ,တဖန်ပူပန်ခြင်း။နှလုံးမသာယာ ခြင်း။ဝိပ္ပဋိသာရ စိတ္တုပ္ပါဒ်သည်ကုက္ကုစ္စမည်၏။ပြုအပ်ပြီးသော သုစ ရိုက်ကို အာရုံပြု၍ စိုးရိမ်ခြင်းသည် သောကသာ ဖြစ်၏။ ကုက္ကုစ္စ မဖြစ်။ မပြုရသေးသော ဒုစရိုက်ကိုအာရုံပြု၍အဖန်ဘသဲ့သဲ့စိုးရိမ် ခြင်းသည်၊မိစ္ဆာဝါယမသာဖြစ်၏။ကုက္ကုစ္စမဖြစ် ။တနည်းကား။ပြု အပ်ပြီးသောသုစရိုက်မပြုလိုက်ရသောဒုစရိုက်ကိုအာရုံပြု၍ ငြိမ်လေ ခြင်း။ မပြုမိလေခြင်း။ ဟုဖေါက်ပြန်ခြင်းသည်၊ ကုက္ကုစ္စမည်။ဒိဋ္ဌိ ဝိပ္ပလ္လာသ မည်၏။ အင်သသော, မအပ်သသော, ဟုဖြစ်သော စိတ္တုပ္ပါဒ်သည်။ ဝိနယကုက္ကုစ္စ မည်၏။ ၎င်းကုက္ကုစ္စသည် ရှုးစမ်း သော ဝိမံသနအားဖြင့် ဖြစ်သော၊ ကုသိုလ်ကြိယာ စိတ္တုပ္ပါဒ် ကို မှတ်အပ်၏၊ အကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်သော ကုက္ကုစ္စ မဟုတ် ဟူ လို၏။ ဤ၌အကုသိုလ်ကိုယူရမည်။

(၂၆) ထိနသည်၊နေပူဖြင့်တွေ့သော ပန်းကဲ့သို့။ အားထုတ်ခြင်း ကင်းသည်၏ အဖြစ် တည်းဟူသော။ အနုသာဘ လက္ခဏာရှိ၏၊ မိဒ္ဓသည် မိုးပူဖြင့်တွေ့သော အမွေးကဲ့သို့ အမှုမကောင်းသည် ၏အဖြစ်။မခန့်သည်၏ အဖြစ်ဘည်းဟူသော အကမ္မညတာလက္ခ ဏာရှိ၏၊ထိနသည်ဉည္စနက္ခန္ဓါ၏မခန့်ခြင်း၊မိဒ္ဓသည်ဝေဒနာ,သညာ သင်္ခါရဟု ဆိုအပ်သော ခန္ဓာ သုံးပါးတို့၏ မခန့်ခြင်း သဘောရှိ၏။ သေက္ခ ပုထုဇ္ဇဉ်တို့အား။ ထိန, မိဒ္ဓ, စေတသိက်သည် အိပ်ခြင်း၏ ရှေးအတို့နောက်အတို့တို့၌ ဖြစ်ကုန်၏။ ထိနမိဒ္ဓကိုပယ်ပြီး ဖြစ်သော ကြောင့်၊ရဟန္တာတို့အားကြိန်းစက်ခြင်း၊နိဒ္ဒါတရားသည်မရှိ ဟူခြား အံ့။ရဟန္တာတို့ကြိန်း စက်တော်မူခြင်းမှာ။ကရဇကာယ၏အားနည်း သည်၏အဖြစ်ဖြင့်။ဘဝင်စိတ်နှင့်မရောမရှက်၊ ဘဝင်စိတ်သို့ သက်ခြင်း ဖြစ်လတ်သော် ။ရဟန္တာတို့၏ ကြိန်းစက်ခြင်း ဖြစ်တော့သည်။

(၂၇) ကရဇကာယ၏ အားနည်းသည်၏ အဖြစ်ကို မဂ်ဖြင့် မပယ်အပ် သောကြောင့်။ ဥပါဒိန္နကသန္တာန်၌၎င်း။ အနုပါဒိန္နက

သင်္ခါရက္ခန္ဓဝင်း။ ရဟန္တာပုဂ္ဂိုလ် တို့၏ ခရီးပင်ပန်းခြင်း ဖြစ်သော အခါ၌ ကရဇကာယ၏ ဥပါဒိန္နကသင်္ခါရက္ခန္ဓ ရအပ်၏။ ပဒုမ္မာကြာပန်းစသည်တို့သည်။ နေပူသဖြင့် ပြန့်ခြင်း။ ညဉ့်၌တွန့်ခြင်းတို့ ဖြစ်သောအခါ၌ ကရဇကာယသဒိသ၏ အားနည်းသည်၏ အဖြစ်ကို အနုပါဒိန္နကသင်္ခါရက္ခန္ဓရအပ်၏။ ထိန နှင့် မိဒ္ဓ။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ တို့ကား။ ဝီရိယ၏ ဆန့်ကျင်ဘက် သမထ၏ ဆန့်ကျင်ဘက်ခြင်း။ တူကြသောသဘောရှိ၏

(၂၈) ဝိစိကိစ္ဆာသည် နှစ်ခြာကွဲသော ခရီးကဲ့သို့။ ယုံမှားခြင်း သံသယလက္ခဏာ ရှိ၏။ ထိုဝိစိကိစ္ဆာသည်။ ကေန္တ ဝိစိကိစ္ဆာ။ ပဋိရူပက ဝိစိကိစ္ဆာဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် ဘုရား၌ ယုံမှားခြင်း စသော ရှစ်ပါးသော ယုံမှားခြင်းသည် ကေန္တ ဝိစိကိစ္ဆာ မည်၏။ အနာဂါတ်၌ယုံမှားခြင်းငါးပါး၊ ပစ္စုပ္ပန်၌ ယုံမှား ခြောက်ပါး။ အတိတ်၌ယုံမှားငါးပါး။ ပေါင်း (၁၆)ပါးသောယုံမှားခြင်းသည်။ ပဋိရူပကဝိစိကိစ္ဆာမည်၏။ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ နှစ်ပါးသည်။ သဗ္ဗာဝါတို့၏။ နှလုံးကိုရေးခြစ်တတ်သောကြောင့်။ မနောဝိလေခ။ တရားမည်၏ဟု အဋ္ဌကထာဆရာဘွင့်ပြတော်၏။

အကုသလရာသိ စေတသိက် ပြီး၏။

(၂၉) သဒ္ဓါဟူသည်။ ရတနာသုံးပါး။ ကံ-ကံ၏ အကျိုးဟု ဆိုအပ်သော။ သဒ္ဒေယျဝတ္ထုကို ယုံကြည်ခြင်း။ သဒ္ဒဟနလက္ခဏာရှိ၏။ ရေနောက်ကိုကြည်စေတတ်သော။ စက္ကဝတ်မင်း၏။ ပတ္တမြား ရတနာနှင့်တူ၏။ ထိုသဒ္ဓါသည် ကုသိုလ်တရားကိုယူခြင်း၌ လက်နှင့် တူ၏။ လူနတ်ဗြဟ္မာတို့၏ စည်းစိမ်ကို ပြီးစေခြင်း၌။ ဥစ္စာနှင့်တူ၏။ အမြိုက်နိဗ္ဗာန်တည်းဟူသော အသီးကိုသီးစေခြင်း၌။ မျိုးစေ့နှင့်တူ၏။ ။ တိတ္ထိတက္ကတွန်းတို့၌ ကြည်ညိုခြင်းကား၊ သဒ္ဓါမမည်။ မိစ္ဆာအဓိမောက္ခစေတသိက်သာမည်၏။ ရတနတ္တယ၊ ကမ္မဖလတို့၌။ ပညာရှိသွား သတိမထားဘဲ အပြောကောင်း၍ရင်း အသံကောင်း၍

ၿငင်း။ မြွောက်ပင့်၍ၿငင်း။ ပြောဆိုခြင်းကြောင့်။ ကြည်ညိုခြင်းသည်။ သဒ္ဒါမဟုတ်အမိမောက္ခစေတသိက်မျှသာဖြစ်၏။

(၃၀) ထိုသဒ္ဒါသည်။ အာဂမသဒ္ဒါ။ အဓိဂမသဒ္ဒါ။ ဩကပ္ပနသဒ္ဒါ။ပသာဒသဒ္ဒါ။ အားဖြင့်လေးပါးနှင့်၏။ ထိုတွင်–ဗောဓိလောင်းတို့အား။ဆုပန်သည်မှလာရှိသောသဒ္ဒါသည်။ အာဂမသဒ္ဒါမည်၏။ မဂ်ဖိုလ်နှင့်သှဉ်သဖြင့်ၿငင်း။ သစ္စာလေးပါးကိုထိုးထွင်း၍ သိသဖြင့်ၿငင်း။ရအပ်သောသဒ္ဒါသည်။အဓိဂမသဒ္ဒါမည်၏။ တဘာဝလုံးခိုင်မြဲသည်ဖြစ်၍။ သက်ဝင်အပ်သော။ ဉာဏသမ္ပယုတ် သဒ္ဒါမျိုးသည်။ ဩကပ္ပနသဒ္ဒါမည်၏။ ပျက်လွယ်သည် ဖြစ်၍။ ကြည်ညိုအပ်သောဝတ္ထုနှိ။ကြည်ညိုသောဉာဏဝိပ္ပယုတ်သဒ္ဒါမျိုးသည်။ ပသာဒ သဒ္ဒါမည်၏။ ။အလင့္ခိဒုသိလစသော။ မကြည်ညိုအပ်သော ဝတ္ထုနှိ။ သဒ္ဒါတရေးအားကြီး၍။ ပညာနဲ့သောပုဂ္ဂိုလ်အားဖြစ်သော။ ကြည်ညိုခြင်းသည်သဒ္ဒါစစ်မဟုတ်၊ မိုက်သော ကြည်ညိုခြင်းဟု ဆိုအပ်သော။ မုဒ္ဓပသန္နသဒ္ဒါမည်၏။ သရာဒိဋ္ဌိကို ကြည်ညိုခြင်းသည်။ မုဒ္ဓပသန္နသဒ္ဒါပင်တည်း။ တရေးကိုယ် အားဖြင့်။ မောဟစေတသိက် ရ၏။

(၃၁) သတိ-ဟူသည်။ ဒုစရိုက်တရေးကိုပယ်ရှား၍။ သုစရိုက်တရေးကိုချီးပင့်ခြင်းလက္ခဏာနှိ၏။ထိုသတိသည်။ အာရုံ၌ မြဲမြံစွာ တည်သည်၏ အဖြစ်ကြောင့်။ စိုက်ထား အပ်သော တံခါးတိုင်နှင့်လည်းတူ၏။ စက္ခုဒွါရ အစရှိသည်ကို စောင့်ရှောက် တတ်သော ကြောင့်။ တံခါးစောင့် ယောကျ်ားနှင့်လည်း တူ၏။ မိစ္ဆာ၊ သမ္မာ နှစ်ပါးရှိသည်တွင်။သမ္မာသတိ ကိုသာ ဤ၌မှတ်အပ်၏။ ။သညာသည် ဖေးဦးစွာသော အာရုံ နိမိတ်၌။မပြဲခန်းသောကိစ္စနှိ၏။သတိသည်ကား။ဖေးဦးစွာယူအပ်သော။အာရုံနိမိတ်၌။မပြဲခန်းသောကိစ္စရှိသည်ဖြစ်၍ဖြစ်၏။

(၃၂) ဟိရိဟူသည်။ အမျိုးကောင်း ချွေးမနှင့်တူ၏။ သူတော်ကောင်းတို့၏စကားကိုခံခြင်းနှင့်တကွရိုသေခြင်း။သပ္ပဋိဿဝလက္ခဏာရှိ၏။ ။ဩတ္တပ္ပသည်။ ပင့်သန္ဓေ ကိုယ်ဝန်နှင့်ခြင်းမှ ကြောက်သော။ပြည့်တန်ဆာမနှင့်တူ၏။အထူးကား။ ဟိရိသည် မိမိလျှင် အ

ကြီးအမှုးရှိ၏။ဩတ္တပ္ပသည်။လောကလျှင်အကြီးအမှုးရှိ၏။ တနည်း။ ဟိရိသည်။ အဇ္ဈတ္တသမုဋ္ဌာန်လျှင် အကြောင်း ရှိ၏။ ဩတ္တပ္ပသည်။ ဗဟိဒ္ဓသမုဋ္ဌာန်လျှင်အကြောင်းရှိ၏။ ။ဟိရိသည်မိမိအဇ္ဈတ္တကိုငဲ့၍ ရှက်သောအားဖြင့်။ အကုသိုလ်ကို ရှောင်ကြဉ်၏။ ဩတ္တပ္ပသည်။ ဗဟိဒ္ဓကိုငဲ့၍။ အပါယ်ဘေးစသည်မှ ကြောက်သောကြောင့်။ အကုသိုလ်ကိုရှောင်ကြဉ်၏။ဤတရားနှစ်ပါးကို ဒေဝဓမ္မတရား ဟူ၍၎င်း။ လောကပါလတရားဟူ၍၎င်း ဆိုအပ်၏။

(၃၃) အလောဘသည်။ ကြာသက်၌ရေပေါက်ကဲ့သို့၎င်း။ ကိလေသာမှလွတ်ပြီးသော ရဟန္တာကဲ့သို့၎င်း။အာရုံ၌ စိတ်၏ မတပ်ခြင်းလက္ခဏာရှိ၏။ ။အဒေါသသည်။အလိုသို့လိုက်သော။အဆွေခင်ပွန်းကောင်းကဲ့သို့၎င်း။စန္ဒကူးနံ့ သာတုန်း။ လပြည့်ဝန်းကြီးကဲ့သို့၎င်း။စိတ်၏မကြမ်းတမ်းသည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။ ။အလောဘ၊အဒေါသ၊အမောဟ တို့၏အထူးကား။ အလောဘသည်။ ဒါနဖြစ်ခြင်း၏ အကြောင်း။ အဒေါသသည်။ သီလ ဖြစ်ခြင်း၏ အကြောင်း။အမောဟသည်။ဘာဝနာဖြစ်ခြင်း၏အကြောင်းမည်၏။ ။ အလောဘဖြင့်။ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲမဖြစ်။ အဒေါသဖြင့်။ မချစ်မနှစ်သက်သောသူနှင့် ယှဉ်တွဲရခြင်း ဆင်းရဲ မဖြစ်။ အမောဟဖြင့်၊အလိုရှိအပ်သည်ကိုမရခြင်းကြောင့်ဖြစ်သော ဆင်းရဲ မဖြစ်။ ။အလောဘဖြင့် ဇာတိဒုက္ခမဖြစ်။ အဒေါသဖြင့်။ ဇရာဒုက္ခ မဖြစ်။အမောဟဖြင့်။မရဏဒုက္ခမဖြစ် အလောဘသည်၊ အနာကင်းခြင်း၏အကြောင်းဖြစ်၏။အဒေါသသည်။ အရွယ် ပျိုမြစ် ခြင်း၏ အကြောင်းဖြစ်၏။အမောဟသည်။ အသက်ရှည်ခြင်း၏ အကြောင်းဖြစ်၏။ ။အလောဘသည်။စည်းစိမ်ပြည့်စုံခြင်း၏ အကြောင်း။ အဒေါသသည်အဆွေခင်ပွန်းပြည့်စုံခြင်း၏အကြောင်း။အမောဟသည်။ အတ္တဘောပြည့်စုံခြင်း၏အကြောင်းဖြစ်၏၊

(၃၄) အလောဘဖြင့် အနိစ္စဟု ရှုခြင်း၊ အဒေါသဖြင့် ဒုက္ခဟု ရှုခြင်း။အမောဟဖြင့် အနတ္တဟု ရှုခြင်းသည်ဖြစ်၏၊ ။အလောဘကြောင့် ပြိတ္တာဘုံ၌မဖြစ် အဒေါသကြောင့်။ငရဲဘုံ၌မဖြစ် အမောဟကြောင့်။တိရစ္ဆာန်ဘုံ၌မဖြစ်၊ အလောဘဖြင့်လူတို့၏ ငြင်းခုံခြင်း

မရှိ၊ ချမ်းသာစွာနေရခြင်း။ ။အဒေါသဖြင့် လူရဟန်း နှစ်ဦးတို့၏ ငြင်းခုံခြင်းမရှိ။ ချမ်းသာစွာနေရခြင်း။ အမောဟဖြင့်။ ရဟန်းတို့၏ အယူဒိဋ္ဌိငြင်းခုံခြင်းမရှိ။ ချမ်းသာစွာနေရခြင်း။ ရှိသည်၏ အဖြစ်သည် ဖြစ်၏။

(၃၅) တတြမဇ္ဈတ္တတာ-ဟူသည်။ အညီအမျှ သွားကုန်သော။ အာဇာနီမြင်းတို့ကို။လျစ်လျူရှုသော ရထားထိန်း ကဲ့သို့။ သမ္ပယုတ် ဖြစ်သော။စိတ်, စေတသိက်တို့ကို။ အညီအမျှ မိမိကိစ္စတို့၌။ ဖြစ်စေခြင်းသမဝါဟိတလက္ခဏာရှိ၏။ နှစ်ပါးသော စိတ်စေတသိက် တို့၏ အလယ်၌တည်၍၊ တရရသောတရားကို။အဖေါ်မပြု။လျစ်လျူရှုသည်၏အဖြစ်သည်။ တတြမဇ္ဈတ္တတာစေတသိက်မည်၏ ဟူလို။ ။တတြမဇ္ဈတ္တတာသည်။စေတသိက်၏သက္ခဏာ။ ဥပေက္ခာသည်စိတ်၏ လက္ခဏာရှိ၏။ဤသို့ထူး၏။

(၃၆) ကာယပဿဒ္ဓိသည်။ ဝေဒနက္ခန္ဓာ။သညာက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ။သုံးပါးအပေါင်း၏။ပူပန်စေတတ်သော။ ဥဒ္ဓစ္စပြဓာန်းသော။ ကိလေသာတို့ကို ငြိမ်းစေခြင်း။ ဒရထဝူပသမလက္ခဏာရှိ၏။ စိတ္တပဿဒ္ဓိသည်။ သောဘဏ စိတ်၏ ပူပန်စေတတ်သော ကိလေသာတို့ကို။ ငြိမ်းစေခြင်း လက္ခဏာရှိ၏။ ၎င်းစေတသိက် နှစ်ပါးသည်။ ကိုယ်စိတ်၏မငြိမ်သက်ခြင်း၊ တုံလှုပ်ခြင်းတို့ကို ပြုတတ် ကုန်သော။ ဥဒ္ဓစ္စပြဓာန်းသောကိလေသာတို့၏၊ဆန့်ကျင်ဘက်ကိုပြုတတ်ကုန်၏။

(၃၇) ကာယလဟုတာ။ စိတ္တလဟုတာ။ စေတသိက် နှစ်ပါးသည်။ကိုယ်စိတ်တို့၏လေးသည်၏ အဖြစ် ဟူ သော။ထိန, မိဒ္ဓ, ပြဓာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း။ ကာယစိတ္တဂရုဘာဝူပသမလက္ခဏာရှိ၏။ ။လေးသည်၏ အဖြစ်ကို ပြုတတ်သော၊ ထိနမိဒ္ဓ အစရှိသောကိလေသာတို့၏။ ဆန့်ကျင်ဘက်ကိုပြုတတ်ကုန်၏။ ညွန့်အိုင်မှတက်။ ကုန်းထက်သို့ လမ်းသွားသော ယောက်ျား နှင့် တူ၏။

(၃၈) ကာယမုဒုတာ။စိတ္တမုဒုတာ, နှစ်ပါးသည်၊ကိုယ်စိတ်တို့၏ ခက်မာသည်၏အဖြစ်ဟူသော။ ဒိဋ္ဌိ, မာန, ပြဓာန်းသော ကိလေသာ တို့ကိုငြိမ်းစေခြင်း။ကာယစိတ္တထဒ္ဓဘာဝူပသမ လက္ခဏာရှိ၏။ ။

ချစ်ခင်နှစ်သက် စုံမက်ခြင်းရှိသော ဆွေမျိုးတို့၏ အလယ်သို့ရောက်
သောစစ်သူကြီးနှင့်တူ၏။

(၃၉) ကာယကမ္မညတာ။စိတ္တကမ္မညတာ နှစ်ပါးသည်။ ပုည
ကြိယဝတ္ထူနံ။ မကောင်းသည်, မလျောက်ပတ်သည်၏ အဖြစ် ဟူ
သော။ကာမစ္ဆန္ဒပြဓာန်းသော။ သံကိလေသဓမ္မတို့ကို ငြိမ်းစေခြင်း။
အကမ္မညတာ ဘာဂူပသမ လက္ခဏာ ရှိ၏။ ။ထိုစေတသိက် တို့
သည်။ဆိုအပ်ပြီးသော။ဥဒ္ဓစ္စ စသည်မှ ကြွင်းကုန်သော။ ကာမစ္ဆန္ဒ
နီဝရဏ။သံကိလေသဓမ္မတို့၏။ ဆန့်ကျင်ဘက် ဖြစ်ရကား။ အညစ်
အကြေးကင်းသော။ဦးပြီးစရွှေစင်နှင့်တူ၏။

(၄၀) ကာယပါဂုညတာ။စိတ္တပါဂုညတာ နှစ်ပါးသည်။ကိုယ်
စိတ်တို့၏ ကျင်နာသောအဖြစ်ကို ပြုတတ်သော။ အသဒ္ဓိယစသော
ပါပဓမ္မတို့၏ ဆန့်ကျင်ဘက်၏ အဖြစ် တည်းဟူသော။ အဂေလည
ဘာဝလက္ခဏာရှိ၏။ ။ရေဖြင့်ဆွတ်အပ်သော မိကျောင်းနှင့်တူ၏။

(၄၁) ကာယုဇုကတာ။စိတ္တုဇုကတာ,နှစ်ပါးသည်။ကိုယ်စိတ်
တို့၏ဖြောင့်သောအဖြစ်ကိုပြုတတ်သော။ မာယာ, သာဌေယျ,
အစရှိသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်၍။ ကိုယ်စိတ်တို့၏ ဖြောင့်မတ်
စွာဖြစ်ခြင်း၊ကာယစိတ္တအဇ္ဇဝလက္ခဏာရှိ၏။ ။တွင်းသို့ဝင်သော
မြွေနှင့်တူ၏။

(၄၂) ကာယပဿဒ္ဓိ။စိတ္တပဿဒ္ဓိ စသည်တို့ကို။ ဒွန္ဒ။နိမ္မဒွန္ဒ
စသော။ကိစ္စအားဖြင့်တူသောကြောင့်။ တခုတည်းဆိုအပ်လျက် နှစ်
ပါးစုံ ဆိုခြင်းသည်။ စိတ္တပဿဒ္ဓိ အစရှိသည်ဖြင့်။ စိတ်သာလျှင်
ပဿဒ္ဓိ၊လဟု၊မုဒု၊ကမ္မည၊ဥဇု၊ဖြစ်၏၊ ကာယပဿဒ္ဓိ အစရှိသည်
တို့ဖြင့်ကား။ဝေဒနာစသောနာမကာယသည်ရှင်း။ ရူပကာယ သည်
ရှင်း။ ပဿဒ္ဓိ၊လဟု၊မုဒု၊ကမ္မည၊ဥဇု၊ ဖြစ်၏။ ထိုကြောင့်—မြတ်စွာ
ဘုရားသည်။ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ စသည်တို့၌သာလျှင်။ ဒွိဓ
အဖြစ်ကိုဟောတော်မူ၏၊သမာဓိစသည်တို့၌ ဒွိဓ အဖြစ်ကိုဟော
တော်မမူ၊ရှင်အားရုဒ္ဓါသည်လည်း။ဘုရားဟောအတိုင်း။ ဒွိဓအဖြစ်
ကိုပြတော်မူ၏၊

သောဘဏသာဓာရဏစေတသိက် ပြီး၏။

(၄၂) ဝိနာတေဟိ ရမတီတိ ဝိရတိ-ဟု။ ဗုဒ္ဓမတညုကျမ်းပြုအဋ္ဌကထာဆရာဘွင့်အပ်သည်နှင့် အညီ။ အကုသိုလ်စေတနာတို့မှကင်း၍။ ကြဉ်ဘတ်သော သဘောကြောင့်။ ဝိရတိမည်၏။ ထိုဝိရတိ သည်လည်း။ သမ္မာဝါစာ။ သမ္မာကမ္မန္တ။ သမ္မာအာဇီဝ။ ဟူ၍ သုံးပါးရှိ၏။ ထိုတွင်—သမ္မာဝါစာ။ သမ္မာကမ္မန္တ နှစ်ပါးသည်။ မိမိတို့စားသုံးရန် အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ အသက်မွေးခြင်းကို မငဲ့ဘဲ။ အပါယ်ဆင်းရဲဟုဆိုအပ်သော။ ဗဟိဒ္ဓသန္တာန်ကိုသာငဲ့သောအားဖြင့်။ ဝစီဒုစရိုက်လေးပါး။ ကာယဒုစရိုက်သုံးပါးတို့ကို ကြဉ်ရှောင်ခြင်း လက္ခဏာရှိ၏။

(၄၄) သမ္မာအာဇီဝစေတသိက်သည်။ နောင်ခံရမည့်။ အပါယ်ဗဟိဒ္ဓသန္တာန်ကို တဆံချည်မျှမငဲ့ဘဲ။ စားသုံးရန် အသက်မွေးခြင်း။ အတွင်းအဇ္ဈတ္တ သန္တာန်ကိုသာ။ငဲ့သောအားဖြင့်။ ဝစီဒုစရိုက်လေးပါး။ ကာယဒုစရိုက်သုံးပါးတို့ကိုရှောင်ကြဉ်ခြင်းလက္ခဏာရှိ၏။

(၄၅) သမ္မာဝါစာ သည်။ စေတနာဝါစာ။ ဝိရတိဝါစာ။ သဒ္ဒဝါစာ။ အားဖြင့်သုံးပါးရှိ၏။ ထိုတွင်-ကောင်းစွာ။ကာရက။ ကြိယာနှင့်ပြည့်စုံစွာဆိုခြင်း ဟူသော။ အပိသုဏဝါစာ။ တရားနှင့် ယှဉ်၍ ဆိုခြင်း ဟူသော အသမ္ဖပ္ပလာပဝါစာ။ ချစ်ဘွယ် သာယာဘွယ် ဆိုခြင်း ဟူသော အဖရုသဝါစာ။ မှန်ကန်စွာဆိုခြင်း ဟူသော အမုသာဝါဒ၊ ဤအင်္ဂါလေးတန်နှင့် ပြည့်စုံစွာဆိုအပ်သောစကားသည်။ စေတနာဝါစာမည်၏။ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသည်။ ဝိရတိဝါစာ မည်၏။ နှုတ်မြွက်ခြင်းသည် သဒ္ဒဝါစာမည်၏။ ဤ၌ဝိရတိဝါစာကိုသာလိုအပ်၏။

(၄၆) သမ္မာကမ္မန္တသည်။ စေတနာကမ္မန္တ။ ဝိရတိကမ္မန္တ။ ကြိယာကမ္မန္တ ဖို့ အစွမ်းဖြင့်သုံးပါးရှိ၏။ ထိုတွင်အပြစ်မရှိသော အမှုကို ပြုစေတတ်သော စေတနာသည်။ စေတနာကမ္မန္တမည်၏။ ကာယဒုစရိုက်သုံးပါးမှ ကြဉ်ရှောင်ခြင်းသည်။ ဝိရတိကမ္မန္တ မည်၏။ အပြစ် မရှိသော အမှုကိုပြုသော ကိုယ်အမူအရာသည်၊ ကြိယာကမ္မန္တမည်၏။ ဤ၌ဝိရတိကမ္မန္တကိုအလိုရှိအပ်၏။

(၄၇) သမ္မာအာဇီဝသည်။ ဝိရိယအာဇီဝ။ ဝိရတိအာဇီဝ။ ဟူ၍နှစ်ပါးရှိ၏။ ထိုတွင်—အပြစ်မရှိသော အမှုကိုပြု၍၊ အသက်မွေးသောသူ၏ လုလ္လသည်။ ဝိရိယအာဇီဝမည်၏။ အသက်မွေးကြောင်းကာယဒုစရိုက်သုံးပါး။ ဝစီဒုစရိုက်လေးပါးမှကြဉ်ရှောင်ခြင်းသည်။ ဝိရတိအာဇီဝမည်၏။ ဤ၌ ဝိရတိအာဇီဝကို အလိုရှိအပ်၏။ ။ သုံးပါးသော ဝိရတိ တို့တွင် တပါးပါး၌။ သမ္ပတ္တဝိရတိ။ သမာဒါနဝိရတိ၊ သမုစ္ဆေဒဝိရတိ အားဖြင့်။ သုံးပါးစီ ပြားရကား။ ဝိရတိ (၉)ပါးဖြစ်၏။ ရောက်လာသောဝတ္ထုမှ။ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ ဆောက်တည်သည်၏ အစွမ်းဖြင့်ဖြစ်သော ရှောင်ကြဉ်ခြင်းသည်။ သမာဒါနဝိရတိမည်၏။ အရိယာမဂ်နှင့်ယှဉ်၍ဖြတ်တောက်သည်၏ အစွမ်းအားဖြင့် ဖြစ်သော တချက်ထည်းရှောင်ကြဉ်ခြင်းသည်။ သမုစ္ဆေဒဝိရတိမည်၏။

(၄၈) လွန်ပြီးသော ဒုစရိုက် သည်။ ချုပ်လေပြီး ဖြစ်၍။ ကြဉ်ဘွယ်မရှိ မပြုသေးသော ဒုစရိုက် လည်း။ မရှိသေး၍ ကြဉ်ဘွယ်မရှိ၊ တွေ့ဆဲဒုစရိုက်ကိုသာ ကြဉ်သင့်သည်။ ပြုဆဲဒုစရိုက်ကိုငင်း။ ပြုလတ္တံ့သော ဒုစရိုက်ကိုငင်း။ အာရုံပြု၍ ကြဉ်နိုင်သည်။ အသက်မွေးကြောင်း မဟုတ်သော။ ပါဏာတိပါတ စသည် တို့သည်။ ဒုစရိုက်မည်၏။ အသက်မွေးလို၍ပြုအပ်သော ပါဏာတိပါတစသည် တို့သည်။ ဒုရာဇီဝမည်၏။

(၄၉) သဘင်ကချေသည် များသည်ငင်း။ ရှေနေ ရှေ့ရပ် များသည်ငင်း။ မုဆိုးတံငါများသည်ငင်း။ သမ္မာအာဇီဝပျက်၏။ သမ္မာဝါစာ။ သမ္မာကမ္မန္တ-မပျက်ကုန်။ ရယ်မြူးလို၍ မုသားဆိုအံ့။ သမ္မာဝါစာပျက်၏။ သမ္မာအာဇီဝ မပျက်။ ပျော်ရွှင်လို၍၊ သားသမင်ကို သတ်ငြားအံ့။ သမ္မာကမ္မန္တပျက်၏။ သမ္မာအာဇီဝမပျက်။

(၅၀) ရှေးခါကမုဆိုးတံငါ လုပ်ရသောပစ္စည်းဖြင့်။ ထိုအမှုကို ကြဉ်ရှောင်လျက်၊ ဒါနစသည်ကို ပြုသောသူအား။ သမ္မာအာဇီဝ ဖြစ်၏။ ။အကြောင်းသော်ကား။ ပစ္စည်းဝတ္ထုသည်။ အဝိဇ္ဇယလာဒ္ဓ ဖြစ်သော်လည်း။ ဖြူစင်သောစေတနာ ဖြစ်သောကြောင့်ငင်း။ ပစ္စည်း

ဝတ္ထုသည်ဝိရတိမဟုတ်။ ရှောင်ကြဉ်ခြင်း စေတနာသာလျှင် ဝိရတိဖြစ်သောကြောင့်တည်း။

(၅၁) သမ္မတ္တဝိရတိ၊သမာဒါနဝိရတိနှစ်ပါးသည်။လွန်ကြူးအပ်သော၀ီတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြု၏၊ သမုစ္ဆေဒဝိရတိသည်။နိဗ္ဗာန်ကိုအာရုံပြု၏။ ။သမ္ပတ္တနှင့် သမာဒါန သည်။ အာရုံပြုခြင်း တူငြားသော်လည်း။ သမ္ပတ္တဝိရတိသည်၊ ပစ္စုပ္ပန်ဖြစ်သော၊ ဝီတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြု၍။ ဒုသီလျ စေတနာမှကြဉ်သည်။သမာဒါနဝိရတိသည်။ ပစ္စုန်၊အနာဂါတ်ဖြစ်သော၊ ဝီတိက္ကမိတဗ္ဗကို အာရုံပြု၍။ ဒုသီလျစေတနာမှ ကြဉ်သည်။ ။ဖြဟ္မာဘုံ၌လွန်ကြူးအပ်သောဝတ္ထုဖြဲ မရှိခြင်းကြောင့်၊ လောကုတ္တရာ ဖြစ်သောသမုစ္ဆေဒဝိရတိကားရှိ၏။ ဇီဝိတိန္ဒြေစသည်-သည်။ ဝီတိက္ကမိတဗ္ဗဝတ္ထုမည်၏။ရှောင်ကြဉ်အပ်သော စေတနာသည်။ ဝိရမိတဗ္ဗဝတ္ထုမည်၏။ ။ဝိရမိတဗ္ဗဝတ္ထုကို ရှောင်ကြဉ်သျှင်ပင်။ ဝီတိက္ကမိတဗ္ဗကိုလည်း။ရှောင်ကြဉ်ခြင်းဖြစ်သောကြောင့်။ သဘောအားဖြင့် ထူးပြားသော်လည်း။ရှောင်ကြဉ်ခြင်းအားဖြင့်မထူးကုန်ဟုမှတ်အပ်၏။

(၅၂) သဘာဝတိ ဖြဟ္မာ-မြတ်စွာ ဘုရား အား တရား ဟောတောင်းပန်ရာ၌။ သမ္မာဝါစာမဖြစ်။ကရုဏာ ပြခါန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သာဖြစ်၏။စိတ်ဖြင့်သာလျှင်ရှောင်ကြဉ်ခြင်းသည်။အာရတိမည်၏။ကိုယ်နှုတ်တို့ဖြင့်မကောင်းမှုကြဉ်ခြင်းသည်။ ဝိရတိ မည်၏။ တနည်း။ ဝီတက္ကမိတဗ္ဗဝတ္ထုကို မတွေ့မှီ ရှောင်ကြဉ် ခြင်းသည်။ အာရတိမည်၏။ တွေ့၍ရှောင်ကြဉ်ခြင်းသည်။ ဝိရတိ မည်၏။ ။ တနည်း။ ဒုစရိုက်မှရှောင်ကြဉ်ခြင်းသည်။အာရတိမည်၏၊ ဒုရာဇီဝမှရှောင်ကြဉ်ခြင်းသည်။ ဝိရတိမည်၏။ ။အာ-ဟူသော ဥပသာရ။ ဝိ-ဟူသောဥပသာရမျှထူး၍"ရမုဓာတ်ဖြဲအနက်မှာကား။ ကြဉ်ခြင်းအနက်၌ဖြစ်၍။မထူးဟူ၍သည်းဆရာကြီးတို့ဆိုကုန်၏။ မင်္ဂလသုတ်ပါဠိ၌တော်၌။ဆန်းကြောင့်—အာရတိ, ဝိရတိ-ဟု။ ဒီဃရောက်သည်။

(၅၃) အသက်မွေးခြင်းဖြဲ အကြောင်းမဟုတ်သော။ မိစ္ဆာဝါစာ။မိစ္ဆာကမ္မန္တသည်။ ဒုစရိုက်မည်၏။ အသက် မွေးခြင်းဖြဲ အကြောင်းဖြစ်သော။မိစ္ဆာဇီဝသည်။ ဒုရာဇီဝမည်၏။ ။ဝိရတိသည်

ကာယကံ။ဝစီကံ၌သာဖြစ်၏။ မနောကံ၌မဖြစ်။ အကြောင်း သော်ကား။ မနောကံသုံးပါးကို။ ဝိရတိသီလဖြင့်။ ဆောက်တည်ရ၏ ဟု။ ပါဠိအဋ္ဌကထာတို့၌မလာမရှိသောကြောင့်၎င်း။ အာရတိ သီလဖြင့်သာလာရှိသောကြောင့်၎င်း။သိအပ်၏။

(၅၄) ဝိရတိသုံးပါးတို့တွင်။ အာဇီဝသည် အသီးအခြား မရှိ။ သမ္မာဝါစာ။သမ္မာကမ္မန္တကိုယူသဖြင့်။ အာဇီဝ ပါဝင်လေတော့သည်။ထိုသို့ပါလျက်။အာဇီဝကို အသီးအခြားယူခြင်းကား။ အကုသိုလ်မှမရှောင်ကြဉ်ဘဲ။ ပြုကျင့်မှီဝဲသောသူအား။ မိစ္ဆာဇီဝ ဖြစ်သည်ကိုပြအံ့သောငှာ။သမ္မာအာဇီဝကိုအသီးထုတ်၍ ဟောတော်မူအပ်၏ ဟူလို။

(၅၅) သမ္မာကမ္မန္တမှ။ကာယကံသုံးပါး။ သမ္မာဝါစာမှ။ ဝစီကံလေးပါး၊ပေါင်းခုနစ်ပါးတို့နှင့်တကွ။သမ္မာအာဇီဝကို။ ရှစ်ခုမြောက်ပြု၍။အာဇီဝဋ္ဌမကသီလကိုပြအပ်၏။ ပဋ္ဌပဋ္ဌ အစဉ်အားဖြင့်။ မဂ်၏အစဟု ဆိုအပ်ရကား။အာဒိဗြဟ္မစရိယကသီလဟူ၍လည်း ဆိုအပ်၏။အဓိသီလသိက္ခာပုဒ်၌အကျုံးဝင်သောသီလဟူသမျှသည်။ အဘိသမာစာရိကသီလမည်၏။ ။အပိစနိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိအဓိသီလံ၊ ဒသသီလမ္ပိ အဓိသီလ မေဝ-ဟူ၍။ သင်္ဂီတိသုတ်အဋ္ဌကထာ၌။ဘွင့်ဆိုတော်မူသောကြောင့်။ နိဗ္ဗာန်ကိုတောင့်တ၍ဆောက်တည်အပ်သော။ငါးပါးသီလ၊ဆယ်ပါးသီလသည်လည်း။ အဓိသီလပင်မည်၏။

(၅၆) ကရုဏာသည်။သတ္တဝါတို့အား ဖြစ်သောဆင်းရဲကို။ ပယ်လိုသောအခြင်းအရာအားဖြင့်ဖြစ်ခြင်း လက္ခဏာရှိ၏။ မုဒိတာသည်။သူတပါး၏စည်းစိမ်ကုန်လုံကြွယ်ဝသည်ကို။ဝမ်းမြောက်ခြင်းလက္ခဏာရှိ၏။၅၂အပ္ပမညာစေတသိက်ကို အခြားစေတသိက်တို့ကဲ့သို့။ ဋ္ဌဝ-ဟူသောသင်္ချာကိုမထည့်မူ၍။ သာမည အားဖြင့် ဆိုခြင်းသည်။ အထက် ဖြစ်သော ကမ္မဋ္ဌာန်းပိုင်း၌။ စတဿောအပ္ပမညာယော-ဟု။ အပ္ပမညာလေးပါးကို။ သင်္ချာတင်၍ ပြလတ့ံ ဖြစ်သောကြောင့်၊အပ္ပမညာသည်နှစ်ပါးမက လေးပါး ရှိသည်ကို သိရကား။ ဋ္ဌဝ-ဟူသော၊သင်္ချာကိုမထည့်သတည်း။

(၅၇) ဤစေတသိက် ပိုင်း၌ နှစ်ပါးကိုပင် ပြခြား သော်လည်း။ အဒေါသဖြင့်၊ မေတ္တာကို။ တတြမဇ္ဈတ္တတာဖြင့်။ ဥပေက္ခာကိုယူအပ်ရကား။ အပ္ပမညာလေးပါးလုံးပါဝင်သည်၏ အဖြစ်ကို သိစေလို၍ သင်္ချာ မတပ်သည် ဟူလိုဝ်။ ။ထိုသို့သိစေလိုရာဝယ်၊ မေတ္တာတိတိ မေတ္တာပြုသည်ရှိသော်။ ချစ်တတ်သောသဘောတရားသည်။ မေတ္တာမည်၏။ ထိုမေတ္တာ၏ ချစ်ခြင်းသည်။ တဏှာ ပြခန်းသော ချစ်ခြင်း မဟုတ်။ ပညာပြခန်းသော။ အစီးအပွားကိုလိုသော။ အခြင်းအရာအားဖြင့်ဖြစ်သော ချစ်ခြင်းကို ယူအပ်၏။ ထို့ကြောင့်—မေတ္တာသည် သတ္တပါတို့၏။ အကျိုးစီးပွားကို ကျင့်သော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။ ဥပေက္ခာ သည်။ ပိယ, အပိယ, စသောပုဂ္ဂိုလ်တို့၌၊ အလတ်သဘော ရှိသော အခြင်းအရာ အားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

(၅၈) အပ္ပမညာလေးပါးတို့၏။ သမ္ပတ္တိ၊ ဝိပ္ပတ္တိကား။ ဗျာပါဒကို ဝိက္ခမ္ဘနပဟာန်အားဖြင့်ငြိမ်းခြင်းသည်။ မေတ္တာ၏ပြည့်စုံခြင်းမည်၏ တဏှာသိနေဟ၏ဖြစ်ခြင်းသည်။ မေတ္တာ၏ ပျက်စီးခြင်းမည်၏။ ။ သတ္တဝါတို့ကို ညှင်းဆဲကြောင်းဖြစ်သော ပဋိဃစိတ္တုပ္ပါဒ်၏ ငြိမ်းခြင်းသည်။ ကရုဏာ၏ ပြည့်စုံခြင်းမည်၏။ သောက ဖြစ်ခြင်းသည်။ ကရုဏာ၏ ပျက်စီးခြင်းမည်၏။ ။မမွေ့လျော်ခြင်း ငြိမ်းခြင်းသည်။ မုဒိတာ၏ပြည့်စုံခြင်းမည်၏။ ဂေဟသိတပီတိ အားဖြင့်၊ ရွှင်ခြင်း၏ ဖြစ်ခြင်းသည်။ မုဒိတာ၏ ပျက်စီးခြင်းမည်၏။ ။မုန်းခြင်းချစ်ခြင်းကို ငြိမ်းစေခြင်းသည်။ ဥပေက္ခာ၏ ပြည့်စုံခြင်းမည်၏။ ကာမဂုဏ်ကို မှီသော၊ သောမနဿ။ ဒေါမနဿ မှကင်းလျက်။ သိကြသက်မသိခြင်း၊ အညာဏသာဖြစ်ခြင်းသည်။ ဥပေက္ခာ၏ပျက်စီးခြင်းမည်၏။

(၅၉) အကျိုးအားဖြင့်။ မေတ္တာသည်။ ဗျာပါဒကို ပျောက်ခြင်း အကျိုးရှိ၏။ ကရုဏာသည်။ ဝိဟိံသကို ပျောက်ခြင်း အကျိုးရှိ၏။ မုဒိတာသည်။ အရတိကိုပျောက်ခြင်းအကျိုးရှိ၏။ ဥပေက္ခာသည်။ ရာဂကိုပျောက်ခြင်းအကျိုးရှိ၏။ ။ဤအပ္ပမညာ လေးပါး တို့တွင်။ တပါးပါးသောတရားအား။ နီးသောရန်သူ။ ဝေးသောရန်သူ ဟူ၍။ နှစ်ပါးရှိ၏။ ထိုတွင်—ရာဂ သည်။ မေတ္တာ၏နီးသောရန်သူမည်၏။ ဗျာပါဒ

သည်။မေတ္တာ၏ဝေးသောရန်သူမည်၏။ ။ဒေါမနဿပြဓာန်းသော။ သောကတရားသည်။ကရုဏာ၏နီးသောရန်သူမည်၏။ဝိဟိံသသည် ဝေးသော ရန်သူ မည်၏။ ။သောမနဿ ပြဓာန်းသော။ ပဟာသ တရားသည်။မုဒိတာ၏နီးသောရန်သူမည်၏။မနှစ်လျော်ခြင်း။ အရတိ သည်။ဝေးသောရန်သူမည်၏။ ။သောမနဿ။ ဒေါမနဿမှ ကင်း လျက်မသိခြင်း။ အညာဏ သက်သက်သည်။ ဥပေက္ခာ၏ နီးသော ရန်သူမည်၏။ရာဂ၊ပဋိဃတို့သည်။ ဝေးသောရန်သူ မည်၏။

(၆၀) မေတ္တာ ကရုဏာ-မုဒိတာ ဥပေက္ခာတို့သည်။ ချစ်အပ် သောသူ။မချစ်အပ်သောသူ။ လျစ်လျူရှုအပ်သောသူ။ရန်သူဖြစ်သော သူတို့တွင်။တယောက်ယောက်ကိုအာရုံပြု၍စီးဖြန်းသော်လည်း။ထို မေတ္တာစသည်တို့၏ သဘောသည်။ အတိုင်းမသိသော သတ္တဝါ။ ကိုဝ်အရပ်ကို နှံ့စေသည်၏ အစွမ်းဖြင့်ဖြစ်ခြင်းကြောင့်။ အပ္ပမညာ ဟုဆိုအပ်၏ [အတ္တ သဒ္ဒါကိုအစွဲပြုလျှင်။ ကိုဝ် ဟု ရေးရမည်။ကာ ယသဒ္ဒါကိုအစွဲပြုလျှင်။ကိုယ်,ဟုရေးရမည်။စကားချပ်။]

(၆၁) ထိုအပ္ပမညာ တို့သည်။ မြတ်သော အနက် သဘော ကြောင့်ရင်း။အပြစ်မရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဗြဟ္မဝိဟာရမည် ကုန်၏။ ။မြတ်ပုံကား။ တပါးသော ကမ္မဋ္ဌာန်းတို့သည်။ သမ္မာပဋိ ပတ္တိဖြစ်ကုန်သော်လည်း။ဤမီအကျိုးစီးပွားအဖြစ်ဖြင့်။ကောင်းသော အကျင့်မျှသာဖြစ်၏။ဤဗြဟ္မဝိဟာရကမ္မဋ္ဌာန်း သည်ကား။ ပရဟိတ ပဋိပတ္တိဖြစ်ပေကုန်၏။ ထိုသို့ သတ္တဝါတို့၌ ကောင်းသောအကျင့်၏ အဖြစ်ကြောင့်။ဤသို့နေခြင်းတို့သည်။မြတ်သည်ဖြစ်၍ဖြစ်ကုန်၏။ ။ တနည်းကား။ဥပပတ္တိဗြဟ္မာ ဘုရားလောင်းတို့သည်။ နိဝရဏစ သော။အပြစ်ကင်းသောစိတ်ရှိကုန်သည်ဖြစ်၍။ ဤတရားလေးပါးတို့ ဖြင့်နေကုန်၏။ထိုတရားလေးပါးဖြင့် နေကုန်သော ယောဂီပုဂ္ဂိုလ်တို့ သည်လည်း။ဥပပတ္တိဗြဟ္မာ။ဘုရားလောင်းဗုဒ္ဓင်္ကုရဗြဟ္မာနှင့် တူကုန် သည်ဖြစ်၍ ဗြဟ္မဝိဟာရဟုဆိုအပ်၏။

(၆၂) ပကာရေနဇာနာတိ အနိစ္စာဒိဝသေန- အဝဗုဇ္ဈတီတိ ပညာ ဟုဝိုကာဝစနတ်ခိုန်အပ်သည်နှင့်အညီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ကိုသိစေတတ်သောကြောင့်။ပညာမည်၏။ထိုပညာသည်ပင်လျှင်။

အဝိဇ္ဇာကိုလွှမ်းမိုးတတ်ရကား။ အစိုးရသောအနက်ကြောင့် ဣန္ဒြေ မည်၏။ "အနိစ္စာဒိ၌။ အာဒိသဒ္ဒါဖြင့် သင်္ခါရ—ဝိကာရ,လက္ခဏာ, နိဗ္ဗာန်။ပညတ်တည်းဟူသော။ ဉေယျဓံတရားငါးပါးကို ယူအပ်ရကား။ပညတ်ဖြစ်သော။လက်မှု နှုတ်မှု အတတ်သည်လည်း ပညာ စေတသိက်ပင်မည်၏။

(၄၃) ပညာ၏ ယှဉ်ရာ မဟာကုသိုလ်စိတ် လေးခုသည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကြဉ်သောအလုံးစုံကို အာရုံပြုနိုင်ရကား။ မကောင်းမှုကို ပြုရာ၌။ကုသိုလ်ဉာဏသမ္ပယုတ်စိတ်နှင့် ရှေးဦးစွာသိ ပြီးမှ။လောဘ၊ ဒေါသ။ မောဟစိတ်တို့နှင့် မကောင်းမှုကိုပြု၏။လော ဘ၊ ဒေါသတို့၏ရှေး၊ ကုသလဝီထိစိတ်၌။ ဝင်သော ဉာဏ်ကိုပင်။ သမီပူပစာရအားဖြင့်။ သေကြောင်း ကြံသော ဉာဏ်စသည်ဟု ဆို အပ်၏ ထိုပညာသည်။ စိန္တာမယ၊ သုတမယ, ဘာဝနာမယ,အား ဖြင့်သုံးပါးရှိ၏။ ထိုတွင်, သူတပါးထံမှ မကြားမနာရမူ၍ သိအပ် သောပညာသည်။စိန္တာမယပညာမည်၏ ကြားနာရ၍သိအပ်သော ပညာသည်-သုတမယပညာမည်၏။ ဝိပဿနာပညာ မဂ်ပညာတို့ သည်။ဘာဝနာမယပညာမည်၏။

(၄၄) ထိုပညာသည်ပင်, ထက်ဝန်းကျင် အပြားအားဖြင့် သိ တတ်သောကြောင့်။ သမ္ပဇဉ်တရားမည်၏။ ထိုသမ္ပဇဉ်တရားသည် လည်း။ (၁)သတ္ထကသမ္ပဇဉ်။ (၂)သပ္ပါယသမ္ပဇဉ်။ (၃) ဂေါစရ သမ္ပဇဉ်။(၄)အသမ္မောဟသမ္ပဇဉ်။ အားဖြင့် လေးပါးရှိ၏။ထိုတွင်, အကျိုးရှိသည်မရှိသည်ကိုသိမ်းဆည်းတတ်သောဉာဏ်သည်။သတ္ထ ကသမ္ပဇဉ်မည်၏။ လျောက်ပတ်သည်, မလျောက်ပတ် သည်ကို။ သိမ်းဆည်းတတ်သောဉာဏ်သည်။သပ္ပါယသမ္ပဇဉ်မည်၏။ဆွမ်းခံ ရွာတို့၌ကမ္မဋ္ဌာန်းအာရုံကိုမစွန့်ခြင်းသည်။ ဂေါစရသမ္ပဇဉ် မည်၏။ တနည်း။ကျက်စားသင့်သည်။ကျက်မစားသင့်သည်ကို သိမ်းဆည်း တတ်သောဉာဏ်သည်။ဂေါစရသမ္ပဇဉ်မည်၏။နိသတ္တ နိဇ္ဇီဝ အစ ရှိသောဓာတ်၏ အစွမ်းဖြင့်။ ရှုစမ်းဆင်ခြင် သိမ်းဆည်းတတ်သော ဉာဏ်သည်။အသမ္မောဟသမ္ပဇဉ်မည်၏။

(၆၅) ထိုပညာသည်ပင် သမ္မာဒိဋ္ဌိမည်၏။ ထိုသမ္မာဒိဋ္ဌိသည်လည်း။ ကမ္မဿကတာသမ္မာဒိဋ္ဌိ။ ဈာနသမ္မာဒိဋ္ဌိ။ ဝိပဿနာသမ္မာဒိဋ္ဌိ။မဂ္ဂသမ္မာဒိဋ္ဌိ။ဖလသမ္မာဒိဋ္ဌိ။အားဖြင့် ငါးပါးရှိ၏။ ထိုတွင်ကမ္မဿကတာသမ္မာဒိဋ္ဌိသည်။လူ့နတ် စီးစိမ်စသော ဘဝ၏ပြည့်စုံခြင်းကိုင်၏၊ဈာနသမ္မာဒိဋ္ဌိသည်။ ရူပ,အရူပဘဝ၌ ပဋိသန္ဓေကိုပေး၏။ မဂ္ဂသမ္မာဒိဋ္ဌိသည်။ ဝဋ်တရားကို ဖျက်ဆီးတတ်၏။ ဖလသမ္မာဒိဋ္ဌိသည်။ဘဝကိုတားမြစ်တတ်၏။ ဝိပဿနာသမ္မာဒိဋ္ဌိသည်။ ပဋိသန္ဓေကိုမငင်။(ဝါ)မပေး။ထိုသို့မပေးဟုဆိုရာ၌။ယခုဘဝ အရဟတ္တဖိုလ်ကို။ရောက်ခြင်းငှါစွမ်းနိုင်ပါမူကား။ ပဋိသန္ဓေမပေးဟု ဆိုခြင်းသည်သင့်မြတ်၏။သတ္တက္ခတ္တုပရမသောတာပန်ဖြစ်မူကား။အဝိဇ္ဇာ,တဏှာ,မပြတ်သေးသောကြောင့်။ (၇)ဘဝပဋိသန္ဓေကိုပေးနိုင်၏ဟု။ တိပိဋကစူဠာဘယမထေရ်မိန့်တော်မူ၏။ပါရမီဆယ်ပါးတွင်၊ ပညာပါရမီသည်အမြတ်ဆုံး။ကြွင်းသောပါရမီတို့သည်၊ ပညာပါရမီ၏ အခြံအရံသာဖြစ်ကုန်၏၊သညာ။ဝိညာဉ်၊ပညာတို့တွင်။ သညာသည်။ညိုသောအဆင်းစသည်တို့၏အစွမ်းဖြင့်။ အမှတ်ကိုပြု၍ သိခြင်းမျှသာလျှင်ဖြစ်၏၊အနိစ္စစသော လက္ခဏာကို ထိုးထွင်း၍သိခြင်းငှါမတတ်နိုင်။ဝိညာဉ်သည်။ညိုသောအဆင်းစသည်တို့၏ အစွမ်းဖြင့်။အမှတ်ပြု၍သိခြင်း၊အနိစ္စ။ဒုက္ခ။အနတ္တဟုဆိုအပ်သော-သဘောလက္ခဏာကို။ထိုးထွင်း၍သိခြင်းကိုလည်းပြီးစေတတ်၏။ လုလ္လကြိုးကုတ် အားထုတ်၍။ဝိပဿနာကို ပွါးစေသဖြင့်၊ မဂ်သို့ ရောက်စေခြင်းငှါကားမတတ်နိုင်။ပညာသည်။ညိုသောအဆင်းစသည်တို့၏အစွမ်းဖြင့်။အမှတ်ကိုပြု၍သိခြင်း။အနိစ္စ၊ဒုက္ခ၊အနတ္တ၊သက္ခဏာကို ထိုးထွင်း၍သိခြင်း။မဂ်သို့ရောက်စေခြင်း။ဤသုံးပါးသော ကိစ္စကို ပြီးစေတတ်၏။ဤသို့လျှင်။သညာ။ဝိညာဉ်။ပညာတို့၏ ထူးသည်၏အဖြစ်ကိုလည်းတနည်းမှတ်အပ်၏။ဉာဏ်နှင့်မယှဉ်သော။သညာ၏နောက်၌။ သိခြင်း၏အကြောင်းဖြစ်သော။အခြင်းအရာကို ယူခြင်း၏ အစွမ်းအားဖြင့်ဖြစ်သောအခါ၌၊ဝိညာဉ်သည် မပြခန်း၊နောက်၌သိခြင်း၏ အကြောင်းဖြစ်သော။အခြင်းအရာကိုယူသည်မှ။ ကြွင်းသောကာလ၌။ ဝိညာဉ်သည်ပြခန်း၏။ဉာဏ်နှင့်ယှဉ်သော၊သညာ၊ ဝိညာဉ်၊တို့သည်ကား။

ထိုဥာဏ်သို့အစဉ်လိုက်၍ဖြစ်ခြင်းရှိကုန်၏။ဤသို့ သညာ၊ ဝိညာဉ်တို့ ၏အထူးကိုလည်းသိအပ်၏။

(၄၄) ဆိုအပ်ခဲ့ပြီးသော-၅၂-ပါးသောစေတသိက်တို့ကို။သမ္ပယောဂနည်း၊ သင်္ဂဟနည်းတို့ဖြင့်ဝေဘန်အပ်၏၊ ထိုတွင် စေတသိက်တို့ စိတ်ကိုပဓါနပြု၍။သချာထားသည်ခြင်း။သမ္ပယောဂနည်း မည်၏။ စိတ်၌စေတသိက်ကိုပဓါနပြု၍ သချာထားခြင်းသည်။ သင်္ဂဟနည်း မည်၏။ ထိုတွင်။တေသံစိတ္တဝိယုတ္တာနံစသောဂါထာဖြင့်။သမ္ပယောဂနည်း၏အခြင်းအရာကိုပြတော်မူ၏။ သဗ္ဗစိတ္တသာဓာရဏာ စသောဂါထာဖြင့်၊သမ္ပယောဂနည်း၏ဥဒ္ဒေသကိုပြ၏။ ကထံသမ္ပယောဂနည်းစိတ္တသာဓာရဏာတာဝ။ လ။သောဘဏေသွေဝသောဘဏာ တိုင် အောင်သောပါဠိဖြင့်သမ္ပယောဂနည်း၏နိဒ္ဒေသကိုပြတော်မူ၏။ ထိုနိဒ္ဒေသတွင်လည်း။ အညသမာန်းစေတသိက်၌ (၇)ပါး။ အကုသိုလ်စေတသိက်၌(၅)ပါး။ သောဘဏသာဓာရဏစေတသိက်၌၊၄ ပါး။ ဤသို့သမ္ပယောဂနည်း(၁၆)ပါးဖြစ်သတည်း။

(၄၇) အညသမာန် စေတသိက်၏။သမ္ပယောဂနည်း(၇)ပါးတို့တွင်။ ဝိတက်၊ ဝိစာရ။ ပီတိ။ စေတသိက် တို့သည်။ ဈာနင်္ဂကိစ္စတတ်သောကြောင့်။ အကျယ်(၁၂၁)ပါး၌ယှဉ်ကုန်၏။အဓိမောက္ခ။ ဝီရိယ၊ဆန္ဒ။စေတသိက်တို့သည်။ ဈာနင်္ဂကိစ္စ မတတ်သောကြောင့်။ အကျဉ်းတခုကိုးဆယ်၌ယှဉ်ကုန်၏။ ။ထိုတွင်ဝိတက်စေတသိက်သည်။ ဒွေပဉ္စဝိညာဉ်တို့ကိုသဘောအားဖြင့်။ ဝိတက်မရှိသည်၏အဖြစ်ကြောင့်၎င်း။တနည်း။ဈာနင်ကိစ္စကင်းသည်၏ အဖြစ်ကြောင့်၎င်း။ မဂ္ဂင်ကိစ္စမတပ်သည်၏ အဖြစ်ကြောင့်၎င်း။ ကြဉ်အပ်ကုန်၏။ ။ ဒုတိယဈာန်စသည်တို့ကိုလည်း။ ဘာဝနာ၏ အစွမ်းအားဖြင့်။ပယ်အပ်သည်၏ အဖြစ်ကြောင့်။ ကြဉ်အပ်ကုန်၏။ ဝိစာရ၌ ကြဉ်ခြင်းကိုလည်း။ဝိတက်အတူသိအပ်၏။

(၄၈) အဓိမောက္ခသည်။ ဒွေပဉ္စဝိညာဉ်တဆယ်ကို။ ဆုံးဖြတ်ခြင်း။အဓိမောက္ခကင်းသောကြောင့်။ ကြဉ်သည်။ နှလုံးနှစ်ခု သဘောရှိသောကြောင့်။ဝိစိကိစ္ဆာကိုလည်းကြဉ်သည်။ဝီရိယသည်။ ပဉ္စဒွါရာဝဇ္ဇန်း။ဒွေပဉ္စဝိညာဉ်တဆယ်။ သမ္ပဋိစ္ဆိုင်းနှစ်ပါး သန္တီရဏသုံးခု။ဤ

၁၄ ပါးသောစိတ်တို့ကို။ မိုလ်ကိစ္စတပ်ခြင်း ကင်းသောကြောင့် ကြဉ်သည်။ ။ဒိတိသည်။ ဒေါသမူဒွေ။ ဒွ္ဘိသဟဂုတ်ကာယဝိညာဉ်တို့ကို ဆန့်ကျင်ဘက်ဖြစ်၍ ကြဉ်သည်။ သုခသဟဂုတ် ကာယဝိညာဉ်သည်။ ကာယိကဝေဒနာဖြစ်၍။ မာနသိက ဝေဒနာဖြစ်သော ပီတိနှင့်။ သဘောမဘူရကားကြဉ်ရသည်။ ဥပေက္ခာသဟဂုတ်။ ၅၅ ခုကိုလည်းသောမနဿသဘောမရှိသောကြောင့်ကြဉ်ရသည်။ စတုတ္ထဈာန်တို့ကို ဘာဝနာဖြင့် အစွမ်းကြောင့် ကြဉ်ရသည်။ ။ဆန္ဒသည်။ မောဟမူဒွေ။ အဟိတ်စိတ်တို့ကို။ ပြုလိုသည်ဖြင့် အဖြစ်တည်းဟူသော ကတ္တုကမျတာ သဘောမှကင်းသောကြောင့်ကြဉ်ရသည်။

(၆၉) အကုသလသမ္ပယောဂနည်း၌။ သဗ္ဗာကုသလသာဓာရဏနာမဟူသောပါဠိဖြင့်။ မောဟ-အဟိရိက။ အနောတ္တပ္ပ။ ဥဒ္ဓစ္စတို့၏ သဗ္ဗာကုသလသာဓာရဏစေတသိက်မည်သည်ဖြင့် အဖြစ်သည်ပြီး ကောင်းသျက်။ သဗ္ဗေသုပိဒွါဒသာကုသလေသု လဗ္ဘန္တိ။ ဟူသော ပါဠိကိုတင်၍ဆိုခြင်း၌။ နိရုတ္တကဒေါသ ရောက်ရာဖြင့်ဟု စောဒနာသင့်ငြားသော်လည်း။ အလုံးစုံသောအကုသိုလ်စိတ် ၁၂ ပါးတို့၌ရအင် ရထိုက်သောကြောင့် သာလျှင်။ သဗ္ဗာကုသလသာဓာရဏဟူသောအမည်သည်ဖြစ်၏။ ဤသို့သော အနက်ကို ထင်စွာပြခြင်းငှါ။ သဗ္ဗေသုပိဒွါဒသာကုသလေသုလဗ္ဘန္တိကို။ တပ်၍ ဆိုအင်ရကား မစောဒနာသင့်ဟူလို၏။

(၇၀) လောဘ။ ဒိဋ္ဌိ။ မာန။ စေတသိက် သုံးပါးတို့ကို။ လောဘမူစိတ်၌သာဖြစ်ခြင်းတူရကား။ သမ္ပယောဂ နည်းတနည်း ထား၍ ကောက်အင်၏။ ။မောဟစသော စေတသိက် လေးပါး တို့၏။ အကုသိုလ်စိတ် ၁၂ ပါး၌ သင့်ပုံကား။ အကြင်သူသည်။ နိရယ,ဘေးဒုက္ခကိုမသိသော။ မောဟကြောင့်လည်း ပြု၏။ အပြစ်ကိုပင် သိသော်လည်း။ အကုသိုလ်မှ မစက်ဆုပ်သည် ဖြစ်သော။ အဟိရိက ကြောင့်လည်းပြု၏။ အကုသိုလ်မှမလန့်သော အနောတ္တပ္ပကြောင့်လည်းပြု၏။ အကုသိုလ်မှ လန့်ငြားသော်လည်း။ အကုသိုလ်မပြုရလျှင်။ မငြိမ်သက်သောစိတ်ရှိသော။ ဥဒ္ဓစ္စကြောင့်လည်းပြု၏။ ။ဤလေးပါးတို့တွင်တပါးပါးနှင့် ပြည့်စုံသော သူသည်။ အကုသိုလ်အလုံးစုံကိုပြု

ကျင့်ရကား။ဤစေတသိက်လေးပါးသည်။အကုသိုလ်စိတ် ၁၂ ပါး၌ အမြဲးယှဉ်၏ဟူလို၏။

(၁၀) ဒိဋ္ဌိ။မာန။တို့သည်။ဒုစရိုက်နှင့် နီးစွာသောအကြောင်းအဖြစ်ဖြင့်တူသောကြောင့်။တပေါင်းတည်း။တရတည်းသောစိတ်၌ ဖြစ်သင့်ငြားသော်လည်း။ဒိဋ္ဌိသည်ငါ၏ကိုယ်ဟုမှတ်ထင်သောအဖွဲ့ဒိဋ္ဌိအစွမ်းရှိ၏။မာနသည်။ငါဘကားဟု ထောင်လွှားသော အစွမ်းရှိ၏။ ထို့ကြောင့်တရသောသိုင်ဂူ၌။အားခြင်းတူသောခြင်္သေ့နှစ်ကောင် မအောင်းနိုင်သကဲ့သို့။ထို့အတူဒိဋ္ဌိနှင့်မာနသည်။တရသောစိတ္တုပ္ပါဒ်၌ တကွမဖြစ်ကုန်။

(၁၂) ဒေါသမူစိတ်၌။ဒေါသစေတသိက်ယှဉ်ခြင်းသည်သင့်၏။ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊စေတသိက်တို့၏ ယှဉ်ခြင်းသည် မသင့်ဟူငြားသော်လည်း။ထိုထိုအာရုံ၌ထိခိုက်သောဒေါသ, ပဋိဃာတ၏ အစွမ်းဖြင့်သာ။ထိုဣဿာမစ္ဆရိယ၊ ကုက္ကုစ္စတို့၏ ဖြစ်ခြင်းကြောင့် ဒွေသမူဒွေ၌ ယှဉ်နိုင်၏ ဟူလို၏။ ။ထိန,မိဒ္ဓ,နှင့်ပြည့်စုံသည် ဖြစ်၍။ အမှုကိုပြုခြင်းငှါ ခန့်သောသဘောမရှိသော ပုဂ္ဂိုလ်အား။သဘောအားဖြင့်ထက်ကုန်သော—အသင်္ခါရိကစိတ်တို့၌ မဖြစ်ခြင်းကြောင့်။ ထိန,မိဒ္ဓ,စေတသိက်တို့သည်၊သသင်္ခါရိကစိတ်၌သာလျှင်ဖြစ်ကုန်၏။

(၁၃) သောဘဏစေတသိက်တို့၏ သမ္ပယောဂနည်း၌။ ဝိရတိစေတသိက် သုံးခုတို့သည်။ လောကုတ္တရာစိတ် ရှစ်ခုတို့၌။ထိုထိုသို့သောဒုစရိုက်၊ဒုရာဇီဝ၊တို့ကို။မဂ်စိတ်တချက်ဖြင့်၊ တပြိုင်နက် ပယ်သည်၏အစွမ်းကြောင့်။နိယတမည်၏။ဝိရတိတို့၏တရံတဆစ်မျှမဂ်စိတ်၌ကင်းခြင်းမရှိသည်၏အဖြစ်ကြောင့်၊မဂ်ဖြင့် ပယ်အပ်ပြီးသော ဒုစရိုက်တို့ကိုဖိုလ်ကတဘန်ထပ်၍ ငြိမ်းလေသောကြောင့်။ လောကုတ္တရာစိတ်၌ တပေါင်းတည်း ယှဉ်သည်၏ အဖြစ်ကို။ ဧကတောဟူသောပါဠ်ဖြင့်ပြ၏။ ။ကာမာဝစရ ကုသိုလ်၌ ယှဉ်သော အခါ။ ကဒါစိ,နာနာ,ဖြစ်ပုံကား။ရှောင်ကြဉ်သောအခါဖြစ်၏။ မရှောင်ကြဉ်သောအခါမဖြစ်။ရှောင်ကြဉ်သောအခါဖြစ်ငြားသော်လည်း။ ဝီတိက္ကမိတဗ္ဗဟုဆိုအပ်သောအာရုံတို့၏။ အထူးထူး ပြားသောကြောင့်။တပေါင်းတည်းကာမာဝစရကုသိုလ်၌မယှဉ်နိုင်,မဖြစ်ကုန်။ အသီးသီး

သာဖြစ်ကုန်၏။ဤသို့သော အဓိပ္ပါယ်ကို။ကဒါစိ-ဝိသုံဒိသုံ ဟူသော ပါဠိဖြင့်ပြ၏။သဗ္ဗတာပိကို,ကေစိဆရာတို့က ပါဠိလွန်ဟူကုန်၏။

(၁၄) အပ္ပမညာစေတသိက်၏ ပစ္စမဏျာန်ကို ကြည့်ပုံကား။ အပ္ပမညာသည်။အပ္ပနာဝီထိသို့ ရောက်သော အပ္ပမညာ။ မရောက်သော အပ္ပမညာဟူ၍နှစ်ပါးရှိသည်တွင်။အပ္ပနာဝီထိသို့ ရောက်သော အပ္ပမညာသည်,မြဲမြန်သော သမာဓိတို့ဖြင့် တည်ရှိရကား၊ သောမနဿဝေဒနာနှင့်တရံတဆစ်မျှကင်း၍မဖြစ်သောကြောင့်။ဥပေက္ခာသဟဂုတ်ရှိသောပဥ္စမဏျာန်ကိုကြည့်ရသည်။ ။အပ္ပနာဝီထိသို့ မရောက်သော အပ္ပမညာသည်,ကရုဏာမုဒိတာကို ပွားသည်ရှိသော်။ ပွားစကာလသောမနဿဝေဒနာနှင့် ယှဉ်၍။ကာလကြာသောအခါ။ ပရိစယ၏အစွမ်းဖြင့်။လျင်လျူ သဘောရှိသော ဥပေက္ခာဝေဒနာနှင့် စီးဖြန်းခြင်းဖြစ်နိုင်၏။ ။လောကူပမာ အားဖြင့်၊ လေ့ကျက်ခြင်း များသောကျမ်းဂန်၌။တခြားအာရုံကိုနှလုံးသွင်း၍။သရဇ္ဈာယ်နိုင် သကဲ့သို့ငှင်းဉာဏသမ္ပယုတ်စိတ်ဖြင့်။လေ့ကျက်ခြင်းများသောသင်္ခါရတရားတို့ကိုဉာဏဝိပ္ပယုတ်စိတ်တို့ဖြင့်လည်း။သုံးသပ်ဆင်ခြင်နိုင်သကဲ့သို့ ငှင်းတည်း။အပ္ပနာဝီထိသို့ရောက်သော။ မဟာကုသိုလ် မဟာ ကြိယာတို့၌ ယှဉ်သောအပ္ပမညာသည်။ အလေ့အကျက် မများသေးလျှင်။ သောမနဿ, မှာ ယှဉ်၍။ အလေ့ အကျက် များလျှင်- ဥပေက္ခာမှာပါ ယှဉ်သည်ဖြစ်ရကား။(မဟာကုသိုလ်– မဟာကြိယာ ဥပေက္ခာသဟဂုတ်စိတ်ရှစ်ခုတို့၌။ အပ္ပမညာမယှဉ်နိုင်ဟုဆိုသော။ သစ္စသံခိပ်ကျမ်းပြု။ ဓမ္မပါလဆရာနှင့်၏ဝါဒကို။ကေစိဝါဒ ၌ ဟူသော ပါဠိဖြင့်။ ကေစိဝါဒ ညွှန်းတော်မူ၏)။ ။ဤ၌-ကစိ-ကေနစိ ဆိုလျှင် ကိုယ့်အောက်ပညာယုတ်သည်၊ အညေ၊ကေ၊ ကေစွေ၊ဆိုလျှင် ကိုယ်နှင့်ပညာတူသည်။ အပရေဆိုလျှင် ဆရာတူသည်။အာစရိယာ ဆိုလျှင် ကိုယ့်ထက်သာသည်၊တို့ကိုအသီးသီးမှတ်အင်ကုန်၏။

(၁၅) သမ္ပယောဂနည်း၌ပြအပ်သောစေတသိက်တို့တွင်။နိယတယောဂီ စေတသိက် (၄၁) ပါး၊ အနိယတ ယောဂီစေတသိက် (၁၁)ပါး အပြားရှိ၏၊ထိုတွင်ဒေါသမူစိတ်၌ ယှဉ်သော စေတသိက် (၂၂)ပါးတို့တွင်- ဣဿာ၊မစ္ဆရိယ ကုက္ကုစ္စသည် အနိယတ၊ဖြင့်

စေတသိက်(၁၉)ပါးသည်။ နိယတ၊ ကာမာဝစရ ကုသိုလ်စိတ်၌ ယှဉ်သောစေတသိက် ၃၈ပါးတို့တွင်။ဝိရတီသုံးခုသည်။ အနိယတ ကြွင်းစေတသိက် ၃၅ ပါးသည် နိယတ။ ။ပဉ္စမရောန် ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ခု၊မဟာကုသိုလ် မဟာကြိယာ၌ ယှဉ်သော စေတသိက်(၃၈)ပါးတို့တွင် ကရုဏာ။မုဒိတာသည်။ အနိယတ ကြွင်း စေတသိက်(၃၆)ပါးသည် နိယတ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ ယှဉ် သောစေတသိက်၂၁ပါးတို့တွင်။မာနသည် အနိယတ၊ ကြွင်းစေတ သိက်၂၀သည်နိယတ။ ။သသင်္ခါရိက စိတ် ၅ခု၌ ယှဉ်သောစေ တသိက်(၂၆)ပါးတို့တွင်။ ထိန၊ မိဒ္ဓသည်။အနိယတ ကြွင်းစေတ တသိက်၂၄ပါးသည်နိယတ·ဤသို့ အနိယတ-နိယတ အဖြစ်ကို သိအပ်၏။

(၇၆) တဆယ့်ဘပါးသော၊အနိယတယောဂီ စေတသိက်တို့ ၏နာနာကဒါစိဖြစ်ပုံကား။သူတပါး၏စည်းစိမ်ကိုငြူစူသောအခါ,ဣဿာ ဖြစ်၏။မစ္ဆရိယ ကုက္ကုစ္စမဖြစ်။ မိမိ၏စည်းစိမ်ကို လျှို့ဝှက်သော အခါ။ မစ္ဆရိယဖြစ်၏။ဣဿာကုက္ကုစ္စမဖြစ်။ပြုအပ်ပြီးသော ဒုစရိုက်။ မပြု လိုက်မိသောသုစရိုက်တို့၌စိုးရိမ်သောအခါ။ကုက္ကုစ္စဖြစ်၏။ ဣဿာ မစ္ဆရိယမဖြစ်။ ဤကား နာနာဖြစ်ပုံတည်း။ ။သူတပါး၏စည်းစိမ်ကို ငြူစူသောအခါဣဿာဖြစ်၏။မငြူစူသောအခါမဖြစ်။ မိမိ၏စည်းစိမ်ကို လျှို့ဝှက်သောအခါ။မစ္ဆရိယဖြစ်၏။မလျှို့ဝှက်သောအခါ မဖြစ်။ပြု အပ်ပြီးသောဒုစရိုက်။ မပြုလိုက်မိသေးသော သုစရိုက်တို့၌ စိုးရိမ် သောအခါ။ကုက္ကုစ္စဖြစ်၏။မစိုးရိမ်သောအခါမဖြစ်။ ဤကား ကဒါစိ ဖြစ်ပုံတည်း။ ။ဝိရတီစေတသိက်၃ ခု။အပ္ပမညာစေတသိက် ၂ခုတို့ ၏နာနာဖြစ်ပုံ။ကဒါစိဖြစ်ပုံကိုနည်းတူသိအပ်၏။

(၇၇) မာန=ထိန-မိဒ္ဓ-ဤစေတသိက် ၃ ခုတို့၌။ ကဒါစိတခုကို သာရအပ်၏။နာနာကိုမရအပ်။လောဘမူဝိပ္ပယုတ်,သသင်္ခါရိကစိတ် နှစ်ခု၌။ထိန၊မိဒ္ဓလည်းယှဉ်ရကား။ထိုထိန၊ မိဒ္ဓသည်။ မာနနှင့်စပ်၍။ သဟလည်းရ၏။ နာနာလည်း ရ၏။ လောဘမူဒိဋ္ဌိ ဂတဝိပ္ပယုတ် အသင်္ခါရိကနှစ်ခု၌ယှဉ်သောမာနသည်။ကဒါစိ သာရ၏လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်သသင်္ခါရိကနှစ်ခု၌ယှဉ်သော မာနသည်။ ထိန,မိဒ္ဓ

နှင့်စပ်၍ကဒါစိလည်းရ၏။နာနာလည်းရ၏၊ ထိန,မိဒ္ဓနှစ်ပါးသည်,အတူတကွမကွဲမပြားဖြစ်သောကြောင့်, သဟလည်းရ၏။ [သဟစေတသိက်ဟူလိုဝ်]နာနာလည်းရ။ကဒါစိလည်းရ၏။

(၁၈) အချုပ်အားဖြင့်။ နာနာ၏အရ ဖြစ်ပုံတစိတ်ကိုထုတ်မူကား။ဣဿာကြောင့်ဖြစ်သောဒေါသမူစိတ်၌စေတသိက် ၂၂ ပါးတို့တွင်။ဣဿာဖြစ်ခိုက်မစ္ဆရိယကုက္ကုစ္စတို့ မယှဉ်နိုင်မဖြစ်နိုင်သည်ဖြစ်၍။မစ္ဆရိယကုက္ကုစ္စ ကြဉ်သော နှစ်ဆယ် ၂၀သောစေတသိက်သာယှဉ်နိုင်ဖြစ်နိုင်၏ဟူသော, ဣဿိတဗ္ဗကို ပြသည်။ ။ကြွင်းသောဝိရတိ,အပ္ပမညာ,မာန၊ထိန၊မိဒ္ဓတို့၌လည်း ဤနည်းတူ သိအပ်ကုန်၏။

(၁၉) သင်္ဂဟနည်း။ (၃၃) နည်းဟူသည်ကား။ လောကုတ္တရာစိတ်၌ (၅) နည်း။မဟဂ္ဂုတ်စိတ်၌ (၅) နည်း။ ကာမာဝစရ သောဘဏစိတ်၌ (၁၂) နည်း၊အကုသိုလ်စိတ်၌ (၇) နည်း။ အဟိတ်စိတ်၌ (၄) နည်း။ဤသို့ (၃၃) နည်း ဖြစ်သတည်း။ ထိုတွင်–လောကုတ္တရာသင်္ဂဟနည်း၌၊အပ္ပမညာသည်။ဒုက္ခိတသုခိတသတ္တဝါ ပညာတ်ကိုအာရုံပြု၏။လောကုတ္တရာသည်နိဗ္ဗာန်ကိုအာရုံပြု၏။ထိုသို့ အာရုံပြားသောကြောင့်။အပ္ပမညာကိုကြဉ်ရသည်။

(၂၀) မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း၌။ ဝိရတိစေတသိက်သုံးခု တို့သည်၊ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြု၏၊ မဟဂ္ဂုတ်စိတ်ကား။ ပညာတ်မဟဂ္ဂုတ်ကိုအာရုံပြု၏။ ထိုသို့ အာရုံပြားသောကြောင့် ကြဉ်ရသည်။ ဟနည်းကား။ မဟဂ္ဂုတ် ဈာန်တို့သည်။ သီလဝိသုဒ္ဓိ၏ အစွမ်းဖြင့်။ သုဒ္ဓသင်အင်ပြီးသော။ကာယပယောဂ။ဝစီပယောဂရှိသော။ ယောဂီပုဂ္ဂိုလ်အား၊ သက်သက်စိတ်ကို ကောင်းစွာ ထားကာမျှဖြင့်။ မဟဂ္ဂုတ်ဈာန်တို့ သည်ဖြစ်ကုန်၏၊ ကာမာဝစရကုသိုလ်ကဲ့သို့။ ကာယကံ, ဝစီကံ, ကိုသုံးသင်သည်၏ အစွမ်းဖြင့်လည်းမဖြစ်။ လောကုတ္တရာကုသိုလ်ကဲ့သို့။ ဒုစရိုက်, ဒုရာဇီဝတို့ကို။ အကြွင်းမဲ့ ဖြတ်သည်၏အစွမ်းဖြင့်လည်းမဖြစ်၊ ထို့ကြောင့်–ဒုစရိုက် ဒုရာဇီဝတို့ကို ဖြတ်ဘတ်သော။ဝိရတိစေတသိက်ကို၊ မဟဂ္ဂုတ်စိတ်၌ကြဉ်ရသည်။

(၈၁) ထိုမှတပါး ။ဘိန္နာရမ္မဏတာ-ဟူသော။ ဋီကာပါဌ်နှင့် အညီ။မဟဂ္ဂုတ်ဘေးမှာ။ ပဉ္စာတ်မဟဂ္ဂုတ်ကို အာရုံပြု၍။ လောကုတ္တရာ၌ရှိသောဝိရတိကား။ နိဗ္ဗာန်ကိုသာ အာရုံပြု၍။ လောကီ၌ရှိသောဝိရတိကား။ဒုစရိုက်ကိုသာအာရုံပြု၍။ယင်းသို့ အာရုံ ကွဲပြားသည့်အရာကြောင့်ကြဉ်တော်မူ၏။ ။ကရုဏာမုဒိတာ ပနေတ္ထပဏ္ဏတ္တိကမေဝယောဇဘဗ္ဗာ-ဟူသောပါဌ်ဖြင့်၊ ကရုဏာကို ပွားသဖြင့်။ မဟဂ္ဂုတ်ဈာန်ကိုရသော။ ယောဂီပုဂ္ဂိုလ်၏ မဟဂ္ဂုတ်ဈာန် စိတ်၌။ မုဒိတာကြဉ်သောစေတသိက် (၃၄) ပါးကိုသာရ၏၊ ။မုဒိတာကို ပွားသဖြင့်။မဟဂ္ဂုတ်ဈာန်ကိုရသော ယောဂီ ပုဂ္ဂိုလ်၏။ မဟဂ္ဂုတ်ဈာန်စိတ်၌၊ကရုဏာကြဉ်သော (၃၄) ပါးသော စေတသိက်ကိုသာ ရအပ်၏။ (၃၅) ပါး ဆိုသည်ကား၊ ဥပ္ပဏ္ဏနည်း အားဖြင့်ဆိုခြင်းတည်း။ဤသို့သော အဓိပ္ပါယ်ကိုညွှန်းတော်မူ၏။ ။မဟဂ္ဂုတ် ပဉ္စမဈာန်စိတ် (၁၅) ပါး၌။အပ္ပမညာနှစ်ပါးကိုကြဉ်ရခြင်းမှာ။အပ္ပနာ တည်းဟူသောဈာန်သို့ ရောက်ပြီးသော။ အပ္ပမညာသည်။ သောမနဿဝေဒနာနှင့် တရံတဆစ်ကင်း၍ မဖြစ်သောကြောင့်။ ဥပေက္ခာသဘောရှိသော။ပဉ္စမဈာန်၌။ ခံစားခြင်းဝေဒနာသည်။ ဝိသဘာဂဖြစ်၍ ကြဉ်ရသည်။

(၈၂) ကာမာဝစရသောဘဏစိတ်သင်္ဂဟနည်း၌။ကာမာဝစရကုသိုလ်ကိုပြရာ။အပ္ပမညာဝိရတိယောပနေတ္ထပဏ္ဏတ္တိကမေဝယောဇေတဗ္ဗာ-ဟူသောပါဌ်ဖြင့်။အပ္ပမညာယှဉ်ခိုက်။ဝိရတိမယှဉ်နိုင်။ ဝိရတိယှဉ်ခိုက်။ အပ္ပမညာမယှဉ်နိုင်၊ အပ္ပမညာသည်။ သတ္တဝါပညာတ်ကိုအာရုံပြု၏။ လောကီ ဝိရတိကား။ ဒုစရိုက်ကို အာရုံပြုလေသည်၊ ဤသို့ အာရုံပြားသောကြောင့်။ အသီးသီးသာလျှင် ဖြစ်ကုန်။ ယှဉ်ကုန်၏။ ။အသီးသီး ဖြစ်ပုံကို။ ယထာလာဘ နည်း အားဖြင့် ကောက်မှု။ဒါနပြုသောကာမာဝစရကုသိုလ်၌။ အပ္ပမညာ ဝိရတိတို့ မယှဉ်နိုင်ရကား။စေတသိက် (၃၃) ပါးသာလျှင်ယှဉ်ကုန်ရကုန်၏။ သီလဆောက်တည်သော။ကာမာဝစရကုသိုလ်၌။ အပ္ပမညာ ကြဉ်သော။ စေတသိက် (၃၆) ပါးသာ ယှဉ်ကုန် ရကုန်၏။ ကရုဏာကို ပွားသောကာမာဝစရကုသိုလ်၌ငင်း။ မုဒိတာကို ပွားသော ကာမာ

ဝစရကုသိုလ်၌ဖုင်း။(၃၄)ပါးသော စေတသိက်တို့သည်သာ။ ယှဉ်ကုန်ရကုန်၏။ဤသို့သောအဓိပ္ပါယ်ကို ညွှန်တော်မူ၏။ ထို့ကြောင့်—အဋ္ဌတိံသပါဠိကိုအလွန့်ဖို့ အစွမ်းဖြင့် ဆိုတော်မူဖို့ ဟူလိုဝ်။

(၁၃) မဟာကြိယာကိုပြရာ၌။ လောကီဝိရတိသည်။ စင်စစ် ကုသိုလ် သဘော ဖြစ်သောကြောင့် ကြဉ်ရသည်။ ။မဟာဝိပါက်ကိုပြရာ၌။မဟာဝိပါက်သည်။ ကာမကိုအာရုံပြု၏။ အပ္ပမညာသည် သတ္တဝါပညတ်ကိုအာရုံပြု၏။ ဝိရတီသည် ကုသိုလ် သဘောရှိ၏။ ထိုသို့ အာရုံသဘော ထူးခြားကုန် သောကြောင့်။ ဝိရတိ (၃) ခု၊ အပ္ပမညာ (၂) ခု။ပေါင်း (၅) ခုတို့ကိုကြဉ်ရလေသည်။ ။အနုတ္တရေဈာနဓမ္မာ-စသောဂါထာ၏အရမှာ။ လောကုတ္တရာ၌ ဈာန်တရား၊ မဟဂ္ဂုတ်၌ဈာန်တရား။အပ္ပမညာတရား။ကာမာဝစရ၌။ အပ္ပမညာ။ ဝိရတိ၊ ပညိန္ဒြေ။ပီတိ, တို့သည်။ယှဉ်မယှဉ်သည်ကိုပင် အထူး ပြသည် ဟူလိုဝ်။

(၁၄) အကုသိုလ်စိတ် သင်္ဂဟ နည်း၌။ ဣဿာ၊ မစ္ဆေရ၊ ကုက္ကုစ္စာနိပနေတ္ထ ပစ္စေကမေဝ ယောဇေဘဗ္ဗာ-ဟူသော ပါဠိဖြင့်။ ဒေါသမူအသင်္ခါရိကစိတ်၌။ယှဉ်သော စေတသိက် (၂၀) တို့တွင်။ ဣဿာကြောင့်။ဒေါသဖြစ်သောပုဂ္ဂိုလ်၏။အသင်္ခါရိက ဒေါသမူစိတ်၌ မစ္ဆရိယ၊ ကုက္ကုစ္စ ကြဉ်သော။ စေတသိက် (၁၈) ပါးကိုသာရအပ်၏။ ။ထို့အတူ—မစ္ဆရိယကြောင့်ဖြစ်သော။ဒေါသမူ အသင်္ခါရိက စိတ်၌။ဣဿာကုက္ကုစ္စကြဉ်သော။ စေတသိက် (၁၈)ပါး။ ကုက္ကုစ္စကြောင့်ဖြစ်သော။ ဒေါသမူအသင်္ခါရိက စိတ်၌။ ဣဿာ၊ မစ္ဆရိယ ကြဉ်သောစေတသိက် (၁၈) ပါး။ ဤသို့ အသီးသီး ရအပ်သည်ဖို့ အဖြစ်ကိုညွှန်းတော်မူ၏။

(၁၅) သသင်္ခါရိကအရာ၌။အသင်္ခါရိကငါးပါးဝယ်။ အသီးသီး ယှဉ်သော စေတသိက်တို့၌၊ ထိန၊ မိဒ္ဓ၊ နှစ်ပါးကို ထည့်လျှင်၊ သသင်္ခါရိကငါးပါး၏။စေတသိက် အသီးသီးဖြစ်သည်ဖြစ်၍။အသင်္ခါရိကငါးပါးဝယ်။သင်္ဂဟနည်းသုံးပါး၊ သသင်္ခါရိကငါးပါးဝယ်။သင်္ဂဟနည်းသုံးပါး။မောဟမူစိတ်ဝယ်။ သင်္ဂဟနည်းတပါး။ဤသို့—အကုသိုလ်စိတ်၌၊သင်္ဂဟနည်းခုနစ်ပါးယှဉ်ပုံကိုမှတ်အပ်၏။

(၈၆) အဟိတ်စိတ်၏သင်္ဂဟနည်း၌။ဆန္ဒသည်အဓိပတိတင်၏။ အဟိတ်စိတ်သည်။ အဓိပတိမဘပ်ရကား။ ဆန်ကျင်သောကြောင့် ကြဉ်ရသည်။

(၈၇) သမ္ပယောဂနည်းကဲ့သို့။ သင်္ဂဟနည်း၌။ အကုသိုလ် ၈ သည်ကိုရှေးဦးစွာမပြဘဲ။လောကုတ္တရာစသည်ကိုရှေးဦးစွာပြခြင်း သည်။နိယတ၊အနိယတ နှစ်ပါးတို့တွင်။ နိယတ အဖြစ် များခြင်း ကြောင့်၎င်း။အယုတ်အမြတ် နှစ်ပါးတို့တွင်။ အမြတ်အားဖြင့်၎င်း။ အ နည်းအများနှစ်ပါးတို့တွင်။အများအားဖြင့်၎င်း။ဤသို့ရှေးရှုအစဉ်ကို ပြတော်မူ၏။

(၈၈) ဣတ္ထေနသမရုဇ္ဈိသေ-ဟူသောပါဌ်ဖြင့်။ ဖဿသည်။ စိတ် တခုယုတ်(၉၀)အကျယ်(၁၂၁)ပါး၌ယှဉ်သောကြောင့်။ဖဿတခု ယုတ်(၉၀) အကျယ် (၁၂၁) ပါး ပြား၏၊ ထို့အတူ—ကြွင်းသော စေတသိက်တို့သည်လည်း။ မိမိတို့ယှဉ်သောစိတ် အရေအတွက်သို့ လိုက်၍ပြားကုန်၏ဟူသော၊ ဣတ္ထံတတ္ထ ကိုပြတော်မူ၏။

အဘိဓမ္မတ္ထသင်္ဂဟသင်္ဂဟကျမ်း၏—ဒုတိယပရိစ္ဆေဒပြီး၏။

နမတ္တု၊ ပကိဏ္ဏက ဝိဘာဂသ။

(၁) ဤသို့—စိတ္တုံ၊ စေတသိကံ-ဟူသော။ အကျဉ်း ဥဒ္ဒေသ၏။ အကျယ်နိဒ္ဒေသကိုပြပြီး၍။ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ စိတ်၊ စေတသိက်တို့၏။ဝေဒနာစသည်ကို ဝေဘန်သောအားဖြင့်၎င်း။ဝေဒ နာစသောအပြားဖြင့်ပြားသော။စိတ္တုပ္ပါဒ်တို့ကို။ ဝေဘန်သော အား ဖြင့်၎င်း။ ပကိဏ္ဏကသင်္ဂဟ ကို ပြတော်မူလိုသော။ ရှင်အနုရုဒ္ဓါ ဒါမည်သာသော၊အဌကထာဆရာသည်။သမ္ပယုတ္တာယထာယောဂံ အစရှိသောပထမဂါထာဖြင့်။ အနုသန္ဓေစကား၊ မိန့်ကြားတော်မူ၏။ ဤဂါထာ ဝယ်။တေပညာသ-ဟူသောပါဌ်ဖြင့်။ စိတ်သည်တခုယုတ် ကိုးဆယ်အပြားရှိသော်လည်း။ အာရုံကိုသိတတ်သော။ သဘောတူ သည်၏အဖြစ်ကြောင့်။ တခုသောအဘို့ရှိသည်ကိုပြ၍။ ဖဿစသော

စေတသိက် (၅၂) ပါးတို့၏။ ဗုသနစသော။ ဥမိတို့၏ သဘောအားဖြင့် ၅၂) တို့ရှိသည်ကိုပြ၍ ပေါင်း (၅၃) ပါးသော။သဘောလက္ခဏာကိုကောက်ယူအပ်၏။ ထိုသို့လက္ခဏာအတို့အစုပြု၍။ ကောက်ယူအပ်ကြောင်းကို။ယထာယောဂံ-ဟူသော၊ သဒ္ဒန္တရိက်ကိုထောက်၍သိအပ်၏။

(၂) ယသာရဟံ-ဟူသောပါဠိဖြင့်။အဟိတ်စိတ်မှတပါး။ထိုက်သောစိတ္တုပ္ပါဒ်၏အစွမ်းဖြင့်။ ဟေတုသင်္ဂဟ ကိုဆောင်အပ်၏။ ဒွါရဝိမုတ်စိတ်မှတပါး။ထိုက်သောစိတ္တုပ္ပါဒ်၏ အစွမ်းဖြင့်။ ဒွါရသင်္ဂဟကိုဆောင်အပ်၏။အရူပဝိပါက်(၄)ခုတပါး။ ထိုက်သောစိတ္တုပ္ပါဒ်၏အစွမ်းဖြင့်။ဝတ္ထုသင်္ဂဟကိုဆောင်အပ်၏။ ဝေဒနာသင်္ဂဟ။ ကိစ္စသင်္ဂဟ။အာရမ္မဏသင်္ဂဟတို့၌။မထိုက်သောစိတ္တုပ္ပါဒ် မရှိဟူသော ဓာန္တိတတ္တ ကို ညွှန်းပြအပ်မှု၏။ ။စိတ္တုပ္ပါဒဝသေနေဝ ၌။ ဧဝသဒ္ဒါဖြင့်။စိတ်,စေတသိက်, နှင့်ကင်း၍။တစုံတခုသော သင်္ဂဟကိုမျှ မဆောင်အပ်ဟူသော အနက်ကိုပြ၏။ ဝေဒနာသင်္ဂဟ၌။ အနုဘဝနလက္ခဏာဆိုသည်မှာ။ခံစားခြင်းလက္ခဏာကိုဆိုသည်။ ဣန္ဒြိယဘေဒ ဆိုသည်မှာ။ အစိုးရသောအားဖြင့် ပြားသည်ကို ဆိုသည်။ သုခဝေဒနာမှာ။ ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ ဒုက္ခဝေဒနာမှာ။ အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ ဥပေက္ခာဝေဒနာမှာ။မဇ္ဈတ္တာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ဤသို့—အနုဘဝနအားဖြင့် သုံးပါးဖြစ်၏။ သုခဝေဒနာမှာသုခိန္ဒြေ။ ဒုက္ခဝေဒနာမှာ ဒုက္ခိန္ဒြေ။သောမနဿဝေဒနာမှာ သောမနဿိန္ဒြေ၊ ဒေါမနဿဝေဒနာမှာ ဒေါမနဿိန္ဒြေ။ ဥပေက္ခာဝေဒနာမှာ။ဥပေက္ခိန္ဒြေ၊ဤသို့—ဣန္ဒြိယဘေဒအားဖြင့် ငါးပါးဖြစ်၏။ထိုတွင်—အနုဘဝနဘေဒ၌၊သုခသဟာဂုတ် ခြောက်ဆယ့်သုံးခုဌ်ရှိသောဝေဒနာသည်။ သုခဝေဒနာ မည်၏။ ဒုက္ခသဟာဂုတ် သုံးခုဌ်ရှိသောဝေဒနာသည်။ ဒုက္ခဝေဒနာ မည်၏။ ဥပေက္ခာသဟာဂုတ်စိတ်ငါးဆယ့်ငါးခုဌ်ရှိသောဝေဒနာသည်။ ဥပေက္ခာဝေဒနာမည်၏။ ဣန္ဒြိယဘေဒ၌လည်း။ သုခသဟာဂုတ် ကာယဝိညာဉ် စိတ်ဘခုနှင့် ယှဉ်သောဝေဒနာသည်။ သုခဝေဒနာ မည်၏။ ဒုက္ခသဟာဂုတ် ကာယဝိညာဉ်စိတ်ဘခုနှင့်ယှဉ်သောဝေဒနာသည်။ ဒုက္ခဝေဒနာမည်၏။ အာ

No-21.

ကျယ်အားဖြင့်။သောမနဿသဟဂုတ်စိတ်ခြောက်ဆယ့်နှစ်ခုတို့နှင့်ယှဉ်သောဝေဒနာသည်။သောမနဿဝေဒနာမည်၏။ ဒေါသမူ့ဒွေနှင့်ယှဉ်သောဝေဒနာသည်၊ ဒေါမနဿဝေဒနာမည်၏။ အကျယ်အားဖြင့်ဥပေက္ခာသဟဂုတ်စိတ်ငါးဆယ့်ငါးခု တို့နှင့်ယှဉ်သော ဝေဒနာသည်။ဥပေက္ခာဝေဒနာမည်၏။သောမနဿသဟဂုတ် (၆၂)ခုကို။ သုခသဟဂုတ် ကာယဝိညာဉ်သို့သွင်း၍။ သုခသဟဂုတ်စိတ် (၆၃) ခုနှင့်ယှဉ်သောဝေဒနာသည်၊သုခဝေဒနာ(၆၃)ခုမည်၏။ဒေါသမူဒွေကို။ဒုက္ခသဟဂုတ် ကာယဝိညာဉ် သို့သွင်း၍။ ဒုက္ခသဟဂုတ်စိတ် (၃)ခုနှင့်ယှဉ်သော ဝေဒနာသည်။ ဒုက္ခဝေဒနာ(၃)ခုမည်၏။ ဥပေက္ခာသဟဂုတ်စိတ်(၅၅) ခုနှင့်ယှဉ်သောဝေဒနာသည်။ဥပေက္ခာဝေဒနာ (၅၅) ခုမည်၏။ သုခသဟဂုတ်ကာယဝိညာဉ်၌ ရှိသောဝေဒနာသည်။ကာယိကသုခမည်၏။ သောမနဿသဟဂုတ် စိတ် ၆၂ တို့၌ရှိသောဝေဒနာသည်,မာနသိကသုခမည်၏။ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသောဝေဒနာသည်။ကာယိကဒုက္ခမည်၏။ဒေါသမူဒွေ၌ရှိသောဝေဒနာသည်,မာနသိကဒုက္ခမည်၏။ ဥပေက္ခာ ဝေဒနာသည် စင်စစ်စိတ်၌သာလျှင် ဖြစ်၍ အဖြစ်ကြောင့် တပါးအစုသာလျှင်ဖြစ်၏။ နှစ်ပါးခွဲး၍ မရ။ စေတသိက် အားဖြင့်။ သုခ သဟဂုတ်။ ဒုက္ခသဟဂုတ်။ကာယဝိညာဉ်စိတ်တို့၌။ ဝေဒနာ ကြဉ်သော။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၆)ခုတို့သည် ယှဉ်ကုန်၏။ သောမနဿသဟဂုတ်စိတ် (၆၂) ပါးတို့၌။ ဝေဒနာ၊ ဒေါသ၊ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊ဝိစိကိစ္ဆာကြဉ်သော။ စေတသိက် (၄၆) ခုတို့သည်ယှဉ်ကုန်၏။ဒေါမနဿသဟဂုတ်စိတ်နှစ်ခု၌။ဝေဒနာ၊ပီတိ၊လောဘဒိဋ္ဌိ၊ မာန၊ ဝိစိကိစ္ဆာ ကြဉ်သော။ စေတသိက် (၂၁)ပါးတို့သည်ယှဉ်ကုန်၏။ ဥပေက္ခာသဟဂုတ်စိတ်(၅၅) ခုတို့၌။ ဝေဒနာ၊ပီတိ၊ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊ ကြဉ်သော စေတသိက် (၄၆) ပါ တို့သည်ယှဉ်ကုန်၏။

(၃) အနုဘဝနအားဖြင့်။ သုခဝေဒနာ။ဒုက္ခဝေဒနာ။ ဥပေက္ခာဝေဒနာ (၃)ပါး ရှိသည်တွင်။ အပြစ်မရှိသောအတို့၌ တည်သော။ ဥပေက္ခာဝေဒနာကို။သုခသို့သွင်း၍။အပြစ်ရှိသောအတို့၌ တည်သော

ဥပေက္ခာဝေဒနာကို။ ဒုက္ခသို့သွင်း၍ ဝေဒနာနှစ်ပါးဖို့ဖို့ဟူ၍ငင်း။ အလုံးစုံ သုခ,ဒုက္ခ, စသည်မရွေး။ ခံစားအပ်သော။ ဝေဒနာ ဟူသမျှသည်ပင်ပြုပြင်ခြင်း။ဖေါက်ပြန်ခြင်း။ သင်္ခါရ ဝိပရိဏာမ နှင့် မကင်းရကား။ ဒုက္ခဝေဒနာတပါးသာ ဟူ၍ငင်း။ နေယျတ္ထ နည်းအားဖြင့် ဟောတော်မူအပ်သော။ဝေဒနာသည်။ နေယျတ္ထဝေဒနာမည်၏။ သုခဝေဒနာကို အနိစ္စ။ အသင်္ခတဟု ဟောတော်မူရာ၌။ နီတတ္ထဝေဒနာမည်၏။ တနည်း။ ဝေဒနာ (၃) ပါးဖို့ဖို့ဟု ဟောရာ၌။နီတတ္ထဝေဒနာမည်၏။ ထိုနီတတ္ထဝေဒနာ ၃-ပါး တို့တွင်။ သုခ၊ ဒုက္ခ ဟူသည်။ ကိုယ်၌တည်သောသုခဝေဒနာ။ဒုက္ခဝေဒနာ။စိတ်၌တည်သော။ သုခဝေဒနာ။ဒုက္ခဝေဒနာ, ဟူ၍။ ဣန္ဒြိယဝိဘင်း ဒေသနာတော်၌။ ဣန္ဒြေငါးပါးကိုဘုရားဟောတော်မူသောကြောင့်။ ဝေဒနာ ငါးပါးကို ရှင်အနုရုဒ္ဓါပြတော်မူ၏။

(၄) ဝိတိ၊ဒေါသ၊ဉာဏ၊ မဇ္ဈတ္တရိယ၊ဝိစိကိစ္ဆာ။ ဤခြောက်ပါးသောစေတသိက်တို့သည်။ဝေဒနာတပါးနှင့် ယှဉ်သော။ စေတသိက်တို့မည်ကုန်၏။ ယှဉ်ပုံကား။ ဝိတိသည် သောမနဿဝေဒနာတပါး၌။ဒေါသ။ဉာဏ၊မဇ္ဈတ္တရိယ၊ ကုက္ကုစ္စ၊ စေတသိက် လေးပါးသည်။ ဒေါမနဿဝေဒနာ တပါး၌။ ဝိစိကိစ္ဆာသည်။ ဥပေက္ခာ ဝေဒနာ တပါး၌။အသီးသီးယှဉ်ကုန်၏။ ။သောဘဏ သာဓာရဏ ၂၅-ခု နှင့်။လောဘ၊ဒိဋ္ဌိ၊မာန၊ဤ ၂၈-ပါးသော စေတသိက်တို့သည်။ ဝေဒနာနှစ်ပါးနှင့်ယှဉ်သောစေတသိက်မည်ကုန်၏။ နှစ်ပါးဟူသော်ကား၊ သောမနဿဝေဒနာ။ ဥပေက္ခာ ဝေဒနာတည်း။ ငရိယ ကြဉ်သော။ ပကိဏ်းစေတသိက် ၅-ခု။ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ခု။ထိန၊မိဒ္ဓ၊ဤ ၁၁-ပါးသောစေတသိက်တို့သည်။ ဝေဒနာ ၃-ပါးနှင့်ယှဉ်သောစေတသိက်မည်ကုန်၏။ ၃-ပါး ဟူသော်ကား။ သောမနဿဝေဒနာ။ဒေါမနဿဝေဒနာ။ ဥပေက္ခာဝေဒနာတည်း။ ဝေဒနာ ကြဉ်သော သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၆-ခုတို့သည်။ ဝေဒနာ ငါးပါးနှင့်ယှဉ်သော စေတသိက်မည်ကုန်၏။ ၅-ပါးဟူသော်ကား။ သုခ၊ဒုက္ခ၊သောမနဿ၊ဒေါမနဿ၊ဥပေက္ခာ၊ဝေဒနာတည်း။

(၅) ဥပေက္ခာ ဝေဒနာ၌ ဥပေက္ခာသည်—ဘဝင်္ဂုပေက္ခာ။ ဖြဟ္မ

ဝိဟာရုပေက္ခာ။ ဗောဇ္ဈင်္ဂုပေက္ခာ။ ဝီရိယုပေက္ခာ။ သင်္ခါရုပေက္ခာ။ ဝေဒနုပေက္ခာ။ ဝိပဿနုပေက္ခာ။ တတြမဇ္ဈတ္တုပေက္ခာ။ ဈာနုပေက္ခာ။ ပါရိသုဒ္ဓုပေက္ခာအားဖြင့်ဆယ်ပါးရှိ၏။ ထိုတွင် ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဣဋ္ဌာရုံ အနိဋ္ဌာရုံဟုဆိုအပ်သောအာရုံ ၆ ပါးတို့၌။ လျစ်လျူရှုခြင်းသည်။ ဆဠင်္ဂုပေက္ခာမည်၏။ သဗ္ဗေသတ္တာစသည်ဖြင့်၊ ခပ်သိမ်းသောသတ္တဝါတို့၌လျစ်လျူရှုခြင်းသည်။ ဗြဟ္မဝိဟာရုပေက္ခာမည်၏။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂ ဘာဝေတိစသည်ဖြင့်။ သင်္ခတဓာတ်တရားတို့၌လျစ်လျူရှုခြင်းသည်၊ ဗောဇ္ဈင်္ဂုပေက္ခာမည်၏။ အားထုတ် ခြင်းလည်းမရှိ။ လျော့ခြင်းလည်းမရှိသော ဝီရိယသည်၊ ဝီရိယုပေက္ခာမည်၏။ သင်္ခါရတရားတို့၌လျစ်လျူရှုသော ဉာဏ်သည်။ သင်္ခါရုပေက္ခာမည်၏။ အဒုက္ခမသုခ ဝေဒနာသည်။ ဝေဒနုပေက္ခာ မည်၏။ ဝိပဿနာဉာဏ်သည်။ ဝိပဿနုပေက္ခာမည်၏။ သင်္ခတဓာတ် တရားတို့ကိုအမျှရှက်ဆောင်တတ်သော စေတသိက်သည်၊ တတြမဇ္ဈတ္တုပေက္ခာမည်၏။ တတိယဈာန်ချမ်းသာ၌ လျစ်လျူရှုခြင်းသည်။ ဈာနုပေက္ခာမည်၏။ စတုတ္ထဈာန်ချမ်းသာ၌လျစ်လျူရှုခြင်းသည်၊ ပါရိသုဒ္ဓုပေက္ခာမည်၏။

(၄) ၎င်းဆယ်ပါးသောဥပေက္ခာကို။ ပါရာဇိကဏ်အဋ္ဌကထာလာတိုင်း။ ဘုံ၊ ပုဂ္ဂိုလ်၊ စိတ်၊ အာရုံ၊ ခန္ဓာ၊ ကောဋ္ဌာသ၊ ကုသလတိက်၊ သင်္ခေပ၊ ဤ ၈ ပါးဖြင့်ခွဲမှုကား။ ဆဠင်္ဂုပေက္ခာ။ ဝိပဿနုပေက္ခာ။ သင်္ခါရုပေက္ခာ (၃) ပါးသည်။ ကာမာဝစရမည်၏။ ဗြဟ္မဝိဟာရုပေက္ခာ။ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ (၃) ပါးသည်။ ရူပါဝစရ မည်၏။ ဝေဒနုပေက္ခာ၊ ဝီရိယုပေက္ခာ။ တတြမဇ္ဈတ္တုပေက္ခာ (၃) ပါးသည်။ စတုဘူမကမည်၏။ ဗောဇ္ဈင်္ဂုပေက္ခာတပါးသည် ကာမာဝစရ၊ လောကုတ္တရာမည်၏။ ဤကားဘုံဖြင့် ခွဲချက်တည်း။ ဆဠင်္ဂုပေက္ခာသည်၊ ရဟန္တာသန္တာန်၌သာဖြစ်၏။ ကြွင်း (၉) ပါးသည်။ ပုထုဇ္ဇဉ်၊ သေက္ခ၊ ရဟန္တာတို့၌ဖြစ်၏။ ဤကားပုဂ္ဂိုလ်ဖြင့်ခွဲချက်တည်း။ ဆဠင်္ဂုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ ဝီရိယုပေက္ခာ၊ သင်္ခါရုပေက္ခာ၊ ဝိပဿနုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ (၆) ပါးသည်။ သောမနဿ သဟဂုတ်။ ဥပေက္ခာသဟဂုတ်စိတ်တို့နှင့်။ သမ္ပယုတ်ဖြစ်၏။ ဗြဟ္မဝိဟာရုပေက္ခာ။ ဝေဒနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာ (၃) ပါးသည်။ ဥပေက္ခာ သဟဂုတ်စိတ်နှင့် သမ္ပ

ယုတ်ဖြစ်၏။ဈာနုပေက္ခာသည်။သောမနဿ သဟဂုတ်စိတ်နှင့် သမ္ပယုတ်ဖြစ်၏။ဤကားစိတ်ဖြင့်ခွဲ၍ပြချက်တည်း။

ဆဠင်္ဂုပေက္ခာ၊ဝီရိယုပေက္ခာ၊သင်္ခါရုပေက္ခာ၊ဝေဒနုပေက္ခာ၊ဝိပဿနုပေက္ခာ။တတြမဇ္ဈတ္တုပေက္ခာ။(၆)ပါးတို့သည်။ အာရုံ(၆)ပါး၌ဖြစ်၏။ဗြဟ္မဝိဟာရုပေက္ခာ။ ဈာနုပေက္ခာ။ပါရိသုဒ္ဓုပေက္ခာ(၃)ပါးတို့သည်။ဓမ္မာရုံ၌ဖြစ်ကုန်၏။ဗောဇ္ဈင်္ဂုပေက္ခာတပါးသည်နိဗ္ဗာန်အာရုံ၌ဖြစ်၏။ဤကားအာရုံဖြင့် ခွဲ၍ပြချက်တည်း။ ဝေဒနုပေက္ခာသည်။ဝေဒနက္ခန္ဓာမည်၏။ ကြွင်း၉ပေက္ခာကိုးပါးသည်။ သင်္ခါရက္ခန္ဓာမည်၏။ဤကားခန္ဓာဖြင့်ခွဲ၍ပြချက်တည်း။

ဆဠင်္ဂုပေက္ခာ။ဗြဟ္မဝိဟာရုပေက္ခာ။ဗောဇ္ဈင်္ဂုပေက္ခာ။ဈာနုပေက္ခာပါရိသုဒ္ဓုပေက္ခာ။တတြမဇ္ဈတ္တုပေက္ခာ (၆)ပါးတို့သည်။ တရားကိုအားဖြင့်။တတြမဇ္ဈတ္တတာစေတသိက်ဖြစ်ရကား။ ကောဋ္ဌာသ အားဖြင့်တပြိုင်နက် မဖြစ်ကုန်။တပါးဖြစ်လျှင် ကျန်ငါးပါး ပြိုင်၍ မဖြစ်ကောင်း။သင်္ခါရုပေက္ခာ။ ဝိပဿနုပေက္ခာနှစ်ပါးတို့သည်။ တရားကိုယ်အားဖြင့်။ပညိန္ဒြေစေတသိက်ဖြစ်ရကား။ ကောဋ္ဌာသအားဖြင့်တပြိုင်နက်မဖြစ်ကုန်။ဘပါးဖြစ်လျှင်။ တပါးပြိုင်၍ မဖြစ်ကောင်း။ဝေဒနုပေက္ခာ။ဝီရိယုပေက္ခာ။နှစ်ပါးတို့သည်၊ တပြိုင်နက်သော ခဏ၌။ဝေဒနာနှင့်ဝီရိယ။ပညာ။တတြမဇ္ဈတ္တတာ။ဝေဒနာနှင့် ဝီရိယ ပညာ။ဗောဇ္ဈင်္ဂုပေက္ခာ။ဝေဒနာနှင့်ဝီရိယ။ပညာ။ ဆဠင်္ဂုပေက္ခာ၏သို့သောနည်းအားဖြင့် ဖြစ်ကောင်း၏။ ကောဋ္ဌာသအားဖြင့် ခွဲချက် တည်း။ ဆဠင်္ဂုပေက္ခာသည်။အဗျာကတတရားမည်၏။ဗြဟ္မဝိဟာရုပေက္ခာစသော၈ပါးတို့သည် အကုသိုလ် အဗျာကတ တရားနှစ်ပါးမည်၏ဝေဒနုပေက္ခာတပါးသည် ကုသိုလ်။အကုသိုလ်။ အဗျာကတတရားသုံးပါးမည်၏။ ကုသလတိက် အားဖြင့် ခွဲ၍ပြချက်တည်း။ ဥပေက္ခာဆယ်ပါးတို့သည်တရားကိုယ်အားဖြင့်၊ ဝီရိယ-ဝေဒနာ၊ တတြမဇ္ဈတ္တတာ။ပညာအားဖြင့်(၄)ပါးရှိ၏။ ဤကား သဘောအားဖြင့်ခွဲချက်တည်း။

(၇) ဟေတုသင်္ဂဟ၌။ဟိတ်သည် လက္ခဏာ တရားကိုယ်အားဖြင့်။လောဘ။ဒေါသ။မောဟ။အလောဘ။အဒေါသ။အမောဟဟူ၍

(၄)ပါးရှိ၏။ဇာတ်အားဖြင့်ကုသိုလ်ဟိတ် (၃)ပါး။အကုသိုလ်ဟိတ် (၃)ပါး။ အဗျာကတဟိတ်(၃)ပါး။ ဤသို့(၉)ပါးဖြစ်၏။ တနည်း ကုသိုလ်။ အကုသိုလ်။ ဝိပါက်။ ကြိယာတို့၌ (၃) ပါးစီပြား၍ ကား (၁၂)ပါးဖြစ်၏။ ကာမဘုံ၌ (၁၂)ပါးလုံးကိုပင် ရ၏၊ ရူပဘုံ။ အရူပဘုံတို့၌ ဒေါသကြဉ်သော ဟိတ်[၁၁]ပါးစီ ရ၏။ ထို့ကြောင့် ဘုံအားဖြင့် ဟိတ်(၃၄) ပါးဖြစ်၏၊ ။မြောက်ကျွန်းသူ တို့အား။ မောဟဟူသောအကုသိုလ်ဟိတ်တပါး။ အလောဘ။ အဒေါသဟူ သောကုသိုလ်ဟိတ်နှစ်ပါး။ ဤဟိတ်[၃] ပါးကိုသာ ရအင်၏။အသ ညသတ်ဘုံသား။ဒုဂ္ဂတိဘုံသားတို့အား။ ဟိတ်[၉]ပါးကို မရအင်။ ထိုဟိတ်(၉)ပါးဘာရားတို့သည်။ တကွဖြစ်ကုန်သော။ စိတ်- စေတ သိက်တို့၏။ကောင်းစွာတည်ရာ၏ အဖြစ်ကိုပြီးစေတတ်သည်၏ အ ဖြစ်ကြောင့်။မူလလည်းမည်ကုန်၏။ လောကူပမာအားဖြင့်။ ကြီးပွား သောအဖြစ်ရှိသော သစ်ပင်တို့သည်။ မြဲစွာတည်တန့်ကုန်သကဲ့သို့။ ဟိတ်(၉)ပါးတို့သည်လည်း။ကုသိုလ်။အကုသိုလ်တို့၏ မြဲစွာတည် ရာ၏အဖြစ်ကြောင့်။မူလဟူမည်ကုန်၏။ ကုသိုလ်။အကုသိုလ်တို့၏ဖြစ် ခြင်းကိုပြီးစေတတ်ကုန်သော။ စင်စစ်အကြောင်းကား မဟုတ်ကုန်။ ကုသိုလ်။အကုသိုလ် ဖြစ်ခြင်းတို့သည်။ ယောနိသော မနသိကာရ၊ အယောနိသောမနသိကာရတို့နှင့်စပ်၍ဖြစ်ကုန်၏။

(ဂ) စိတ်ကိုရေတွက်အပ်သကဲ့သို့။ စေတသိက်ဖြစ်သော ဟိတ် ကိုရေတွက်မှုကား။အကုသိုလ်ဇာတ်ဟိတ်သည် ၂၂ ပါးအပြားရှိ ၏။ ၂၂ ပါးဟူသော်ကား။လောဘဟိတ်သည်။လောဘမူစိတ်ရှစ်ခု၌ ယှဉ်ရကား။ လောဘဟိတ်ရှစ်ခု။ ဒေါသဟိတ်သည်, ဒေါသမူနှစ်ခု၌ ယှဉ်ရကား။ဒေါသဟိတ်နှစ်ခု။မောဟဟိတ်သည်, အကုသိုလ် ၁၂ ပါး၌ယှဉ်ရကား။မောဟဟိတ် ၁၂ ခု။ ဤသို့ ၂၂ပါးဖြစ်သတည်း။ ကုသိုလ်ဇာတ်ဟိတ်တရာ့ခုနှစ်ပါးရှိ၏။တရာ့ခုနှစ်ပါးဟူသော်ကား မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု၌။ အလောဘ၊ အဒေါသ။ ဟိတ်နှစ်ပါးနှင့်ယှဉ်ရကား။အလောဘ ၄ ခု၊အဒေါသ ၄ ခု။မဟာ ကုသိုလ်ဉာဏ သမ္ပယုတ်စိတ်လေးခု၌။ဟိတ်သုံးပါးနှင့်ယှဉ်ရကား။ အလောဘ၄ခု၊အဒေါသ ၄ခု။အမောဟ ၄ခု။မဟာဂ္ဂုတ်ကုသိုလ်၉ခု

လည်းဟိတ် ၃ ပါးနှင့်ယှဉ်ရကား။ အလောဘ ၆ ခု။ အဒေါသ ၆ ခု။ အမောဟ ၆ ခု။ မဂ်စိတ်နှစ်ဆယ်၌လည်း။ အလောဘ ၂၀။ အဒေါသ ၂၀။ အမောဟ ၂၀။ ပေါင်း ၁၀၇ ပါးဖြစ်သတည်း။ ဝိပါက်ဇာတ်ဟိတ်မှာလည်းထိုအတူ ၁၀၇ ဖြစ်၏။ ကြိယာဇာတ်ဟိတ် ၄၇ ပါး အပြားရှိ၏။ ၄၇ ပါးဟူသော်ကား။ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် လေးခု၌။ အလောဘ ၄ ခု။ အဒေါသ ၄ ခု။ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု၌။ အလောဘ ၄ ခု။ အဒေါသ ၄ ခု။ အမောဟ ၄ ခု။ မဟဂ္ဂုတ်ကြိယာ ၉ ခု၌ အလောဘ ၉ ခု။ အဒေါသ ၉ ခု။ အမောဟ ၉ ခု ပေါင်းလေးဆယ်ခုနစ်ပါးဖြစ်သတည်း။ ဤသို့ ဇာတ်ဟိတ် အသီးသီး ဖြစ်ကုန်၏။

(၉) [က] မောဟမူ ဒွေ၌ ယှဉ်၍ဖြစ်သော စေတသိက် ၁၆ ပါးတို့တွင်၊ မောဟဟိတ်သည်။ လောဘ၊ ဒေါသ ဟူသော တပါးသော ဟိတ်တို့နှင့်ယှဉ်ဘက် သမ္ပယုတ်ဟိတ် မရှိရကား။ အဟိတ်စေတသိက်မည်၏။ ဆန္ဒကြဉ်သော အညသမာန်းဒွါဒသသည်၊ အဟိတ်စိတ်မှာယှဉ်ခြင်းကြောင့်။ အဟိတ်စေတသိက်ပင်မည်၏။ နှစ်ပါးကို ပေါင်းလျှင်။ ဟိတ်ဘက်တက်သောအားဖြင့်။ အဟိတ်စေတသိက်တဆယ့်သုံးပါး ဖြစ်၏။ (ခ) မောဟမူ ဒွေ၌၊ မောဟကြဉ်သော ကျန်စေတသိက် ၁၅ ပါး။ ဒွိဟိတ်စိတ်၌ယှဉ်သော ပညိန္ဒြေ ဝိစိကိစ္ဆာကြဉ်၍ ၅၀ သောစေတသိက်တို့တွင်။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ၅ ပါး။ ပေါင်းနှစ်ဆယ်သောစေတသိက်တို့သည်၊ တခုသောစိတ်၌ ဧကတ္တယ၌ယှဉ်ဘက် ဟိတ်တပါးဦသာ ရှိသောကြောင့်။ ဧကဟိတ် စေတသိက်မည်ကုန်၏။ ဒွိဟိတ်စိတ်၌ ယှဉ်သော ငါးဆယ်သော စေတသိက်တို့တွင်။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ဤငါးပါးသောစေတသိက်တို့သည် ယှဉ်ဘက်ဟိတ်တပါးဦ ရှိရကား။ ဧကဟိတ်စေတသိက်မည်၏။ မောဟမူ ဒွေ၌ ယှဉ်သောစေတသိက်တို့တွင် မောဟကြဉ်သော။ ကျန်စေတသိက် ၊တဆယ့်ငါးပါး သည်လည်း။ မောဟဟူသော ယှဉ်ဘက်ဟိတ်တပါးသာရှိရကား၊ ဧကဟိတ် စေတသိက်မည်၏ နှစ်ပါးကိုပေါင်းလျှင်၊ ဟိတ်ဘက်သော အားဖြင့်။ ဧကဟိတ် စေတသိက် နှစ်ဆယ်ဖြစ်၏။ လောဘမူ၌။ လောဘဟိတ်

သည်။ ယှဉ်ဘက်မောဟဟိတ်ဘပါးသာရှိ၏။ ဒေါသမူ၌။ ဒေါသဟိတ်သည်ယှဉ်ဘက်။ မောဟဟိတ်ဘပါးသာရှိ၏။ ထိုအတူ— လောဘမူ။ ဒေါသမူတို့၌ရှိသော။ မောဟဟိတ် သည်လည်း။ ယှဉ်ဘက်လောဘဟိတ်။ ဒေါသဟိတ်ဘပါးမိသာရှိ၏။ ဉာဏဝိပ္ပယုတ်၌ရှိသော။ အလောဘဟိတ်သည်။ ယှဉ်ဘက်အဒေါသဟိတ်ဘပါးသာ ရှိ၏။ ထိုအတူ အဒေါသဟိတ် သည်လည်း။ ယှဉ်ဘက် အလောဘ ဟိတ်တပါးသာရှိ၏။ ထိုကြောင့်— ဒွိဟိတ်စိတ်၌ ယှဉ်သော။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ ဤငါးပါးသော စေတသိက်တို့ကိုဧကဟိတ်စေတသိက်၌ ထည့်သွင်းအပ်ကုန်၏။ [၈] တိဟိတ်စိတ် ၄၈ ပါး၌ယှဉ်သော စေတသိက် ၃၈-ပါးတို့တွင်။ အလောဘ၊ အဒေါသ၊ အမောဟ၊ စေတသိက်သုံးပါးတို့သည်။ ယှဉ်ဘက်ဟိတ် နှစ်ပါးသာလျှင်ရှိရကား။ ဒွိဟိတ်စေတသိက်မည်၏။ ဆိုခဲ့ပြီးသော ဒွိဟိတ်စိတ်၌ယှဉ်သော။ စေတသိက်အကျန် ၄၅-ပါး သည်လည်း။ ယှဉ်ဘက်ဟိတ်နှစ်ပါးသာလျှင်ရှိရကား။ ဒွိဟိတ်စေတသိက်မည်၏။ နှစ်ပါးကိုပေါင်းလျှင်။ ဟိတ်ဘက်သောအားဖြင့်။ ဒွိဟိတ်စေတသိက် ၄၈-ပါးဖြစ်၏။ [၉] တိဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၃၈-ပါးတို့တွင်။ အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ် ၃-ပါးကိုနုတ် ပြီးဖြစ်ရကား။ ကျန်စေတသိက် ၃၅-ပါးသည်။ ယှဉ်ဘက် အလောဘ၊ အဒေါသ၊ အမောဟ၊ တည်းဟူသော။ ဟိတ် ၃-ပါးရှိသောကြောင့်။ ဟိတ်ဘက်သောအားဖြင့်။ တိဟိတ်စေတသိက် ၃၅-ပါးဖြစ်၏။

(၁၀) ယူအပ်ပြီးသော။ စေတသိက်ကိုမယူသော။ ပါရိသေသနည်းအားဖြင့်ကား။ လောဘ၊ ဒေါသ၊ ဝိစိကိစ္ဆာ။ ဤ ၃-ပါးသည်။ ဧကဟိတ် စေတသိက် မည်၏။ ။ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မောဟ၊ ဒိဋ္ဌိ၊ မာန၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ဤ (၉) ပါးသည် ဒွိဟိတ် စေတသိက် မည်၏။ အလောဘ၊ အဒေါသ၊ အမောဟ၊ ကြဉ်သော။ သောဘဏစေတသိက်နှစ်ဆယ့်နှစ်ခု။ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓ၊ ဤ (၂၇) ပါးသည်။ တိဟိတ်စေတသိက်မည်၏။ ဒိတိစေတသိက်သည်။ ဒေါသကြဉ်သော ဟိတ်ငါးပါးနှင့်ယှဉ်သော စေတသိက်မည်၏။ ဝိတိမှကြွင်းသော။ အညသမာန်းစေတသိက် တဆယ့်

နှစ်ပါးသည်။ဟိတ်(၄)ပါးနှင့်ယှဉ်သော စေတသိက်မည်၏။ ။ အဟိတ်စိတ်သည်။ပဋိသန္ဓေစိတ်မဟုတ်။ပဝတ္တိစိတ်မျှသာဖြစ်ခြင်းကြောင့်။ အဟိတ်ပုဂ္ဂိုလ်ဟူ၍ မရှိ။ အသညသတ် ပုဂ္ဂိုလ်သည်။ နာမ်မရှိသောကြောင့်။အဟိတ်ပုဂ္ဂိုလ်မည်၏။ ဇမ္ဗူဒိပါတောင်ကျွန်းမှ တပါးသော (၃) ကျွန်းသားတို့အား။ ဗြဟ္မာပြည်, နိဗ္ဗာန်, ဤနှစ်တန်တို့၌ရောက်ကြောင်းတရားကို။ဟောပြသူမရှိသောကြောင့်။ ဟိတ်မရှိဟုဟောတော်မူ၏။

(၁၁) ကိစ္စသင်္ဂဟ၌။ဋီကာကျော်အလိုအားဖြင့်။ အတိတ်ဘဝနှင့်။ပစ္စုပ္ပန်ဘဝ။နှစ်ရပ်ကို စပ်တတ်သော။ ပဋိသန္ဓေစိတ်၏ အစွမ်းသတ္တိသည်ကိစ္စမည်၏။ စပ်တတ်သော သတ္တိအစွမ်းရှိသော။ ပဋိသန္ဓေစိတ်သည်ဌာနမည်၏။ သင်္ခေပအလိုအားဖြင့်။ ကိစ္စဝန္တ ဖြစ်သောစိတ်ဒြပ်သည်ကိစ္စမည်၏။စုတိ,ဘဝင်,တို့၏အကြား။အန္တရဝိဝရကပ္ပပညတ်သည် ဌာနမည်၏။

ချဲဦးအံ့။ ။ဋီကာကျော်၌။ပဋိသန္ဓေမှလွတ်သောဌာနမည်သည်မရှိ။ ယင်းသို့ပင်မရှိသော်လည်း။ ယူလွယ်စေခြင်းငှာ။ သီလာပုတ္တကဿသရီရံ။စသည်တို့၌ကဲ့သို့။ မပြားသော်လည်းပြားသကဲ့သို့မှတ်အပ်၏ဟုဆို၏။ကြွင်းသောကိုးဌာနတို့၌လည်းဤအတူပင်ဆို၏။ ဤဋီကာကျော်၌ပင်,မပြားသော်လည်းပြားသကဲ့သို့ကြံသော်။စုတိဘဝင်ါနံအန္တရာစသောစကားကိုမဆိုအပ်။ ပဋိသန္ဓိဝိညာဉ်ကိုလည်းပြားသောသဘောရှိသည်၏ အဖြစ်ကြောင့်။ တဋ္ဌာနအဖြစ်ဖြင့် မယူအပ်ဟု။ ဋီကာကျော်၏ဝါဒ၌။သင်္ခေပဝဏ္ဏနာဋီကာဆရာသည် အပြစ်ကိုတင်၏။သင်္ခေပ၏ဘင်ချက်အား ...ဂကား။ပဋိသန္ဓေမှလွတ်သောဌာန မရှိသော်၊ စုတိဘဝင်ါနံအန္တရာပဋိသန္ဓိဌာနံ-ဟူ၍ ဋီကာကျော်ဆရာသည်မဆိုသင့်။ပဋိသန္ဓေမှလွတ်သောဌာနမရှိသောကြောင့်။ ပဋိသန္ဓိဝေဌာနံပဋိသန္ဓိဌာနံ-ဟူ၍သာဆိုသင့်၏ဟု။ ဝိဘာဝနီဋီကာကျော်၏အပြစ်ကိုတင်လိုသည်။ ဆရာကြီးတို့သည်း။ သင်္ခေပ၏ဝါဒကို နှစ်သက်ကြဘုန်၏။ ။ဤ၌ ဋီကာဆရာ နှစ်ဦး၏ ဝါဒကို ဘုရားကြီးဆရာတော်ရှင်း၍ပြသည်မှာ၊ပဋိသန္ဓိယာဌာနံပဋိသန္ဓိဌာနံ-ဟူသောဝစနတ္ထ၌။ပဋိသန္ဓေနှင့်ဌာနကား။မပြားသောကြောင်။ အဘေဒဘေဒ

ပစာ ဟု။ ဋီကာဆိုခြင်းသည်။ အလွန်ခဲ၏၊ အဘဲ့ကြောင့် ဟူမူ။ ပဋိသန္ဓိဟူသောရှေးပုဒ်၏အရကို။ဘာဝသာဓနပြု၍။သဘာ္ဘဖြစ်သော ကိစ္စကိုသာ ဋီကာယူသည်။ ဌာနံ ဟူသော နောက်ပုဒ်၏ အရကို လည်း။အဓိကရဏသာဓနပြု၍။သဘာ္ဘမန္တဖြစ်သော။ စိတ်ကို မဏိ မည္မူ ယူသည်။ ဤသို့—သဘာ္ဘ, သဘာ္ဘမန္တ၏ အဖြစ်ဖြင့် ပြားသော ကြောင့်တည်း။ သဘ္ဘ သဘ္ဘမန္တ မျှသာ ပြားသည်။ ဒြပ် မပြား သောကြောင့်။ အဘေဒဘေဒူပစာ သင့်ကောင်းပါ၏ဟု ဆိုရမည် လည်း၊သဘ္ဘ, သဘ္ဘမန္တပြားလျှင်ပင်။ အပြား ဟူ၍သာ ဆိုကောင်း သည်။မပြားဟူ၍ မဆိုကောင်း။ ယင်းသို့ဖြစ်လျှင်။ ပဋိသန္ဓိအရကို။ ပဋိသန္ဓိယဘိတိပဋိသန္ဓိ-ဟု။ ကတ္တုသာဓနပြု၍။ စိတ်ကိုအရယူ။ ဌာနံကိုလည်းမဏိမည္မူပြုသည့်အတိုင်း။ ကတ္တုသာဓနပြု၍ စိတ်ကို ပင်အရယူလျှင်။ နှစ်ပုဒ်အရမပြားဖြစ်ကောင်းတော့သည်။ ယင်းသို့ ယူရမည်လည်း။ဋီကာ၌ အရိပ်မျှမထင်။ ထိုကြောင့်—ဋီကာအလိုကို အလွန်သိခက်၏။ ။သင်္ခေပသရာ၏အလိုအားဖြင့်။တိဋ္ဌတိဧတ္ထာတိ ဌာနံ-ဟုပြု၍။ အန္တရဝိဝရကပ္ပ ပညာတ်ကို။ ဌာနဟုယူလိုသည်။ ဧတ္ထ၊ဤအကြား၌။စိတ္တံ၊ပဋိသန္ဓေစသောစိတ်သည်။တိဋ္ဌတိ-ဘည်၏။ ဣတိ၊ကြောင့်။ တံ၊ထိုအကြားသည်။ဌာနံ၊မည်၏၊ အန္တရဝိဝရကပ္ပ ပညာတ်ရစေ။ပဋိသန္ဓိယာဌာနံပဋိသန္ဓိဌာနံ-ဟု။ အဘေဒဘေဒူပစာ ကြံသောဋီကာကို။ ရုတိဘဝင်္ဂါနံအန္တရာ စသော စကားကိုလည်း မဆိုအပ်။ သရုပ်အားဖြင့် ပြားသောကြောင့်။ ပဉ္စဝိညာဉ် ကိုလည်း။ တဌာနတည်း၏အဖြစ်ဖြင့် ပေါင်း၍မယူအပ်ဟု။ သင်္ခေပက အပြစ် နှစ်ချက်တင်သည်။ တင်သည့် အတိုင်းလည်း။ တင်သင့်၏ဟု ထင် သည်။သူအချိုကား။အန္တရကို။အန္တရေဘဝါအန္တရာ ဟု။ ဘာဝ တဒ္ဓိတ်ပြု၍စိတ်ကိုအရယူလျှင်။သင်္ခေပတင်သောအပြစ်သည်။ဋီကာ ၌မရောက်ပေ။ တင်လို၍သာတင်သည်ဟုပြောဆိုကြသည်။ အန္တရာ မှာ။သဒ္ဒါ၏လေသမျှကို ကြံဆ၍ ဆိုသောကြောင့် ဆိုတန်စေ။ ပဉ္စ ဝိညာဉ်ကိုတဌာနတည်း၏ အဖြစ်ဖြင့် ပေါင်း၍မယူအပ်ဟု။ တင် သောအပြစ်ဝယ်။အဘယ်သို့လျှင် ထိုသူတို့ချေနိုင်အံ့နည်း။ စင်စစ် မူကား။ပဉ္စဝိညာဉ်ကိုပဉ္စဒွါရဇဝန္တန်းနှင့်သမ္ပဋိစ္ဆိုင်းအကြားဖြစ်ခြင်း

တူသောကြောင့်သာ,တဒ္ဒါနတည်း၏ အဖြစ်ဖြင့်ပေါင်း၍ယူရသည်။ သင်္ခေပဆရာ ဆိုသည့် အတိုင်း။ ဒွါနအရကို။ အန္တရုပ်ဝိရကပ္ပ ပညာတ်ကိုမယူဘဲ။ဋီကာ, မဏိမဉ္ဇူတို့ ဆိုသည့်အတိုင်း။ စိတ်ကို ယူလျှင်။စကျွဴပိညာဉ်စသောစိတ်သည်။ အသီးအသီးသရုပ်အားဖြင့် ပြားသောကြောင့်။ တဒ္ဒါနတည်း၏ အဖြစ်ဖြင့် ပေါင်း၍မယူသင့်။ ထိုကြောင့်—ဋီကာ၏ အသုံးအဖြတ်သည်။ မိမိ သုံးဖြတ်သော အ ဓိပ္ပါယ်တွင်မျှ။ အလွန်ခဲ့းလှသောကြောင့်။ သင်္ခေပ အဘိုင်း ငါတို့နှစ် သက်သည်။ သင်္ခေပ အလိုမှု။ ကိစ္စနှင့်ဒွါနအထူးကား။ကိစ္စအရကို ပဋိသန္ဓေစသောကိစ္စထိုကိစ္စနှင့်မကင်းကောင်းသောကိစ္စဝန္တစိတ်ကို ကိစ္စယူလိုသည်။ဒွါနအရကို အန္တရုပ်ဝိရကပ္ပပညာတ် ယူလိုသည်။ ခဲ့းရပ်။ဋီကာ၏အဘေဒဘေနှ၌။ ပဋိသန္ဓိ-ဟူသော ရှေးပုဒ်၏ အရကို သင်္ခေပယူသည့်အဘိုင်း။ ပဋိသန္ဓေစသောကိစ္စ။ ထိုကိစ္စနှင့် မကင်း ကောင်းသော။ကိစ္စဝန္တစိတ်ကိုယူ၍။ ဒွါန်-ဟူသောနောက်ပုဒ်၏အရ ကိုလည်း။စိတ်ကိုပင်ယူလျှင်မပြားသကဲ့သို့ ၏၊ ။မြို့ပြင်ကြီးဆရာ တော်ကား၊ဗျာပါရကို ကိစ္စ။ ပြုခြင်းစသည်ကို ဒွါန။ ဥပမာကား။ ငါသည် ပြုဘွယ်ကိစ္စရှိသေး၏ ဟုဆိုသည်၌။ မပြုရခြင်းကို ကိစ္စ။ ပြုသောကာလကိုဒွါန။ ကိစ္စနှင့်ဒွါန မကွဲးကောင်းဟု။ မိန့်တော် မူ၏။ဓုတိကိမာတိကာစဉ်၌။နောက်သုံးထားလျက်။ ပဒဘာဇနိ၌ ရှေ ားခြင်းသည်။ပဋိသန္ဓေ, ဘဝင်တို့နှင့်တူသောကြောင့် ပေါင်းလိုက် သည်။သုခသန္တီရဏသည်။ပဋိသန္ဓေကို ပေးခြင်းသဘောမရှိ။ မနော ဒွါရာဝဇ္ဇနိးသည်။ ပရိဇ္ဇာခုံ၌ နှစ်ကြိမ်သုံးကြိမ် ဖြစ်သော်လည်း။ ဇပါက်စိတ်အစဉ်၌ဖြစ်ရသောကြောင့်။ အားနည်းသည်ဖြစ်၍၊ အာရုံ ၏အရသာကို ခံစားခြင်း တည်းဟူသော။ ဇောအဟုန်မှ ကင်းသော ကြောင့်။ ဇောကိစ္စ၏ အရာ၌ အာဝဇ္ဇနိုးနွေ ကိုကြည့်ရ လေသည်။ ဇောကိစ္စတင်သောစိတ်မှကြွင်းသော စိတ်တို့၏လည်း။ ခဏတ္တုပြည့် ရုံသည်၏အဖြစ်ကြောင့် လျှင်သောအဟုန်ဖြင့် ဖြစ်ခြင်းသဘောနှင့်ပြား သော်လည်း ဒါနစသောကုသိုလ်ပါဏာတိပါတစသောကိစ္စကို ပြီးစေ ဘဘ်သောကြောင့် ဇောကိစ္စဟု ဇောစိတ်တို့သည်ကား၊ ထိုထို း ၊ ၇က်ငွကို ြီးစေတတ်ကုန်၏ ကြားခုံ

(၁၂) ဈာန်သည်၊ သာမညအားဖြင့် (၁၀) ပါးရှိ၏။ ဝိသေသအားဖြင့် (၂၅) ပါးရှိ၏။ နှစ်ဆယ့်ငါးပါး ဟူသော်ကား။ ပဋိသန္ဓေတဈာန်။ ဘဝင်ခြောက်ဈာန်။ အာဝဇ္ဇန်း နှစ်ဈာန်။ ပဉ္စဝိညာဉ် တဈာန်။ သမ္ပဋိစ္ဆိုင်းတဈာန်။ သန္တီရဏတဈာန်။ ဝုဋ္ဌောနှစ်ဈာန်။ ဇော ခြောက်ဈာန်။ တဒါရုံနှစ်ဈာန်။ စုတိသုံးဈာန်။ ဤသို့ (၂၅) ပါး ဖြစ်သတည်း။ ထိုဘဝင်—စုတိဘဝင်တို့၏ အကြားသည်။ ပဋိသန္ဓေ တဈာန် မည်၏။ ပဋိသန္ဓေ အာဝဇ္ဇန်း, အကြား။ တဒါရုံအာဝဇ္ဇန်းအကြား။ ဇော,အာဝဇ္ဇန်းအကြား။ ဝုဋ္ဌောအာဝဇ္ဇန်းအကြား။ ရံခါ တဒါရုံစုတိအကြား။ ဇောစုတိ အကြားသည်။ ဘဝင်ခြောက်ဈာန်မည်၏။ ဘဝင်ပဉ္စဝိညာဉ် အကြား။ ဘဝင်ဇောအကြားသည်။ အာဝဇ္ဇန်းနှစ်ဈာန်မည်၏။ အာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း အကြားသည်။ ပဉ္စဝိညာဉ်တဈာန်မည်၏။ ပဉ္စဝိညာဉ် သန္တီရဏအကြားသည်။ သမ္ပဋိစ္ဆိုင်းတဈာန်မည်၏။ သမ္ပဋိစ္ဆိုင်း ဝုဋ္ဌောအကြားသည်။ သန္တီရဏ တဈာန်မည်၏။ သန္တီရဏ ဇောအကြား။ သန္တီရဏဘဝင် အကြားသည်။ ဝုဋ္ဌောနှစ်ဈာန်မည်၏။ ဝုဋ္ဌောတဒါရုံအကြား။ ဝုဋ္ဌောဘဝင်အကြား။ ဝုဋ္ဌောစုတိအကြား။ အာဝဇ္ဇန်းတဒါရုံအကြား။ အာဝဇ္ဇန်းဘဝင်အကြား။ အာဝဇ္ဇန်း စုတိအကြား သည်။ ဇော (၆) ဈာန်မည်၏။ ဇောဘဝင်အကြား။ ဇောစုတိ အကြားသည်။ တဒါရုံနှစ်ဈာန်မည်၏၊ တဒါရုံ ပဋိသန္ဓေအကြား။ ဇောပဋိသန္ဓေ အကြား။ ဘဝင်ပဋိသန္ဓေအကြားသည်။ စုတိသုံးဈာန်မည်၏။ ။ကိစ္စမှာ (၁၄) ပါးရှိလျက်။ ဈာန်မှာ (၁၀) ပါး ပြားရခြင်းသည်။ ဒဿန၊ သဝန၊ ဃာယန၊ သာယန၊ ဖုသန၊ ဤကိစ္စ ငါးပါးတို့သည်။ ဖြစ်ရာဈာန်ခြင်းတူသောကြောင့်။ ပဉ္စဝိညာဉ် တဈာန်၏ အဖြစ်ဖြင့် ယူအပ်ရကား။ (၁၀) ပါးသာပြားနိုင်၏ ဟူလို၏။

(၁၃) စိတ်ကိုရေတွက်အပ်သကဲ့သို့။ စေတသိက်ကိုလည်း ကိစ္စအားဖြင့်ရေတွက်မူ အကုသိုလ်စေတသိက် (၁၄)ခု။ ဝိရတီ စေတသိက်(၃)ခု။ ဤ(၁၇)ခုသော စေတသိက်တို့သည်။ ဇောကိစ္စတကိစ္စသာဘင်ကုန်၏။ အပ္ပမညာစေတသိက်နှစ်ပါးတို့သည် ပဋိသန္ဓေကိစ္စ။ ဘဝင်ကိစ္စ။ စုတိကိစ္စ။ ဇောကိစ္စအားဖြင့် (၄)ကိစ္စတင်ကုန်၏၊ သောဘဏသာဓာရဏစေတသိက်(၁၉)ခု။ ပညိန္ဒြေ။ ဆန္ဒ။ ဤစေတသိက် ၂၁

ပါးတို့သည်ပဋိသန္ဓေကိစ္စ။ ဘဝင်ကိစ္စ။ စုတိကိစ္စ။ တဒါရုံကိစ္စ။ဇော ကိစ္စအားဖြင့် ငါးကိစ္စတပ်ကုန်၏။ ပီတိစေတသိက် တရသည်။ပဋိ သန္ဓေကိစ္စ။ဘဝင်ကိစ္စ၊စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ၊ ဇော ကိစ္စအားဖြင့်(၆)ကိစ္စတပ်ကုန်၏။ ဝီရိယစေတသိက်တရသည်။ ပဋိ သန္ဓေကိစ္စ။ဘဝင်ကိစ္စ၊စုတိကိစ္စ၊အာဝဇ္ဇန်းကိစ္စ။ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စအားဖြင့်(၇)ကိစ္စတတ်၏။ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ဤစေတသိက်(၃)ပါးတို့သည်။ ပဋိသန္ဓိကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊သမ္ပဋိစ္ဆန်းကိစ္စ၊သန္တီရဏကိစ္စ၊ဝုဋ္ဌောကိစ္စ၊ ဇော ကိစ္စ၊တဒါရုံကိစ္စအားဖြင့်(၉)ကိစ္စတပ်၏။သဗ္ဗစိတ္တ သာဓာရဏစေ တသိက်(၇)ပါးသည်အလုံးစုံ(၁၄)ကိစ္စတပ်၏။

(၁၄) မဏိမဉ္ဇူသာတိုင်း၊ဌာနကိုချဲ့ဦးအံ့။ပဋိသန္ဓေဘဝနိကန္တိ လောဘစိတ်,အာဝဇ္ဇန်းတို့၏အကြား၌။တဆယ့်သုံးရကုန်သော,တ ဆယ့်လေးရကုန်သော,ထိုထက်လွန်ကုန်သော ဘဝင်စိတ်တို့သည် ဖြစ်ကုန်၏။ကာမာဝစရသတ္တဝါတို့၏အဝိဘူတာရုံ။ မဟန္တာရုံတို့၌။ ဗြဟ္မာတို့၏ဝိဘူတာရုံ။အဝိဘူတာရုံ မဟန္တာရုံ၊ အတိမဟန္တာရုံတို့ ၌ဖြစ်သော,ဇော,အာဝဇ္ဇန်းတို့၏ အကြား၌ ဘဝင်ဖြစ်၏။အတိမဟ န္တာရုံ၌ဖြစ်သော, တဒါရုံ၊ အာဝဇ္ဇန်းတို့၏ အကြား၌ ဘဝင်ဖြစ်၏။ ကာမာဝစရသတ္တဝါတို့၏၎င်း။ဗြဟ္မာတို့၏၎င်း။ပရိတ္တာရုံ၌၊ ဝုဋ္ဌော, အာဝဇ္ဇန်းတို့၏အကြား၌ဘဝင်ဖြစ်၏။ကာမဘုံမှစုတေ၍ ကာမဘုံ၌ ၎င်း။ဗြဟ္မာ့ဘုံ၌၎င်း။ဗြဟ္မာ့ဘုံမှစုတေ၍ဗြဟ္မာ့ဘုံ၌၎င်း, ကာမဘုံ ၌၎င်း။ဖြစ်သောသတ္တဝါ၏တရသောဇောဝီထိထက်လွန်သော, နှစ်ခု သောဂိဇ္ဇကျဏအသက်ကြွင်းရှိသော,ချုပ်ချက်သောဇောစုတိတို့၏ အကြား၌ဘဝင်ဖြစ်၏။ကာမဘုံမှစုတေ၍ ကာမဘုံ၌သာလျှင်ဖြစ် သောသတ္တဝါ၏တရသော တဒါရုံဝီထိထက် လွန်သော, နှစ်ခုသော ဂိဇ္ဇကျဏအသက်ကြွင်းရှိသော, သတ္တဝါ၏ တဒါရုံ, စုတိတို့၏အ ကြား၌ဘဝင်ဖြစ်၏ ဤကား :- ဘဝင်ဖြစ်ရာဌာနတည်း။ပဉ္စဒွါရ ဝီထိ ၌,ဘဝင်,ပဉ္စဒွါရာဝဇ္ဇန်းတို့၏ အကြား၌ ပဉ္စဒွါရာဝဇ္ဇန်းသည် ဖြစ်၏။ မနောဒွါရဝီထိ၌ဘဝင်,ဇော တို့၏အကြား၌ မနောဒွါရာဝဇ္ဇန်းသည် ဖြစ်၏ ဤကား :အာဝဇ္ဇန်းနှစ်ပါးဌာနတည်း။ ပဉ္စဝိညာဏဌာန။ သမ္ပဋိ

ဿနတဌာန။ သန္တီရဏဘဝဌာနတို့သည် ထင်ရှားကုန်၏။ မဟန္တာရုံ၌ သန္တီရဏ၊ ဇောတို့၏အကြား၌ ဝုဋ္ဌော ဖြစ်၏။ ပရိတ္တာရုံ၌ သန္တီရဏ ဘဝင်တို့၏အကြား၌ ဝုဋ္ဌော ဖြစ်၏။ ဤကား ဝုဋ္ဌော နှစ်ဌာနတည်း။ အတိမဟန္တာရုံ၌ ဝုဋ္ဌော၊ တဒါရုံတို့၏ အကြား၌ ဇောဖြစ်၏။ မဟန္တာရုံ၌ ဝုဋ္ဌော ဘဝင်တို့၏အကြား၌ ဇောဖြစ်၏။ ကာမဘုံမှ စုတေ၍ ထိုဘုံ၌ သာလျှင် ဖြစ်သော အချို့သော သတ္တဝါတို့၏ ဝုဋ္ဌော စုတိတို့၏ အကြား၌ ဇောဖြစ်၏၊ ဝိဘူတာရုံ၌ မနောဒွါရာဝဇ္ဇန်း။ တဒါရုံတို့၏ အကြား၌ ဇော ဖြစ်၏။ အဝိဘူတာရုံ၌ မနောဒွါရာဝဇ္ဇန်း ဘဝင်တို့၏ အကြား၌ ဇောဖြစ်၏။ ကာမဘုံမှ စုတေ၍၊ ကာမဘုံ၌၎င်း။ ဗြဟ္မာ့ဘုံ၌၎င်း။ ဗြဟ္မာ့ဘုံမှ စုတေ၍ ဗြဟ္မာ့ဘုံ၌၎င်း။ ကာမဘုံ၌၎င်း ဖြစ်သော သတ္တဝါတို့၏ မနောဒွါရာဝဇ္ဇန်း။ စုတိတို့၏ အကြား၌ ဇောဖြစ်၏၊ ဤကား ဇောခြောက်ဌာနတည်း။ အတိမဟန္တာရုံ။ ဝိဘူတာရုံတို့၌၊ ဇော ဘဝင်တို့၏ အကြား၌၊ တဒါရုံဖြစ်၏။ ကာမဘုံမှ စုတေ၍ ထိုဘုံ၌သာ ဖြစ်သော။ အချို့သော သတ္တဝါတို့၏ ဇော စုတိတို့၏ အကြား၌ တဒါရုံဖြစ်၏။ ဤကား တဒါရုံနှစ်ဌာနတည်း။ ကာမဘုံမှ စုတေ၍ ကာမဘုံ၌၎င်း။ ဗြဟ္မာ့ဘုံ၌၎င်း။ ဗြဟ္မာ့ဘုံမှ စုတေ၍ ဗြဟ္မာ့ဘုံ၌၎င်း။ ကာမဘုံ၌၎င်း ဖြစ်သော သတ္တဝါတို့၏ ဇော။ ပဋိသန္ဓေတို့၏ အကြား၌ စုတိစိတ်သည် ဖြစ်၏။ ကာမဘုံမှ စုတေ၍ ကာမဘုံ၌သာလျှင် ဖြစ်သော သတ္တဝါတို့၏ တဒါရုံ၊ ပဋိသန္ဓေတို့၏ အကြား၌ စုတိစိတ်သည် ဖြစ်၏။ ကာမဘုံမှ စုတေ၍ ကာမဘုံ၌၎င်း။ ဗြဟ္မာ့ဘုံ၌၎င်း။ ဗြဟ္မာ့ဘုံမှ စုတေ၍ ဗြဟ္မာ့ဘုံ၌၎င်း။ ကာမဘုံ၌၎င်း ဖြစ်သော သတ္တဝါတို့၏ ဘဝင်။ ပဋိသန္ဓေတို့၏ အကြား၌ စုတိစိတ်သည် ဖြစ်၏။ ဤကား စုတိသုံးဌာနတည်း။

(၁၇) ကံတို့၏ လက္ခဏာကား။ တခုသော ကံကြောင့် တခုသော ဥပပတ္တိဘဝသည် ဖြစ်၏။ ထိုကံသည် မိမိ၏ အလိုအားဖြင့်၎င်း။ တပါးကံက တားမြစ်သဖြင့်၎င်း ကုန်သည်ရှိသော်။ ထိုဘဝသည် ချုပ်ခြင်းသို့ ရောက်၏။ ထိုအခါ တခုသော ကံ၏ အခွင့်သည် ဖြစ်၏။ ဤသို့ဖြစ်သောအခါ။ ထိုထိုဖြစ်ဆဲဖြစ်သော ဘဝမှ စုတေသော ပုဂ္ဂိုလ်၏ အကြား၌၊ ခဏတ္တယမျှ မရပ်မတည်မူ၍။ အကျိုးပေးခွင့်ကို ရသော တခုသော ကံကြောင့်၊ တဖန် ဘဝတပါး၏ အစကို ဆက်စပ်သည်၏ အစွမ်း

ဖြင့်ဖြစ်ခြင်းသည်။ပဋိသန္ဓေကိစ္စမည်၏။အကျဉ်းမှတ်ပုံကား။စုတိသို့
ရောက်လျှင်။ပဋိသန္ဓေသို့ရောက်သဖြင့်။ပဋိသန္ဓေနှင့် စုတိအကြားကို
ဘဝမခြားမူ၍စပ်သည်ကိုပင် ပဋိသန္ဓေကိစ္စခေါ်၏။ဘဝင်ဧကူနဝိသ
သည်,လောကီဝိပါက်ဗဋ္ဋံသ။ကဋတ္တာရုပ်ဟုဆိုအပ်သော, ဥပပတ္တိ
ဘဝ၏အကြောင်းဖြစ်၏၊လောကီကုသိုလ်,အကုသိုလ်,စေတနာတရ
ယုတ်သုံးဆယ်ဟု ဆိုအပ်သော,ကမ္မဘဝ၏အကြောင်းကားမဟုတ်။
ဥပပတ္တိဘဝ၏ အကြောင်းအဖြစ်တည်း ဟူသော, သဘောသည်
ဘဝင်ကိစ္စမည်၏။တနည်းဖြစ်ဆဲဖြစ်သော ဥပပတ္တိဘဝ၏အစဉ်၌။
အကြင်မျှလောက်ကံသည်မကုန်သေး, ထိုမျှလောက် မပြတ်ဖြစ်ခြင်း
၏အကြောင်းအင်္ဂါ၏အဖြစ်ဖြင့် ဖြစ်ခြင်းသည်, ဘဝင်ကိစ္စ မည်၏။
စိတ်တို့၏အစဉ်ကိုဘဝင်၏အစွမ်းဖြင့်ဖြစ်ခြင်းငှာမပေးမူ၍ဝီထိစိတ်
ဖြစ်ခြင်းငှါညွတ်ခြင်းသဘောသည်။အာဝဇ္ဇန်းကိစ္စမည်၏။စက္ခုဒွါရ
၌ထင်ခြင်းသို့ရောက်သော ရူပါရုံကိုရှုခြင်းသည်, ဒဿနကိစ္စမည်၏။
သောတဒွါရ၌ထင်ခြင်းသို့ရောက်သော သဒ္ဒါရုံကို ကြားခြင်း သည်,
သဝနကိစ္စမည်၏။ ဃာနဒွါရ၌ ထင်ခြင်းသို့ ရောက်သော ဂန္ဓာရုံကို
နမ်းခြင်းသဘောသည်,ဃာယနကိစ္စမည်၏။ ဇိဝှါဒွါရ၌ ထင်ခြင်းသို့
ရောက်သောရသာရုံကိုလျက်ခြင်းသဘောသည်။ သာယနကိစ္စမည်
၏။ကာယဒွါရ၌ထင်ခြင်းသို့ရောက်သော, ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်း
သဘောသည်,ဖုသနကိစ္စမည်၏။ ပဉ္စဝိညာဉ်သည် ယူအပ် ပြီးသော
အာရုံကိုခံခြင်းသဘောသည်။ သမ္ပဋိစ္ဆနကိစ္စမည်၏။ သမ္ပဋိစ္ဆိုင်း
သည်ခံအပ်ပြီးသောအာရုံကို စုံစမ်းခြင်း သဘောသည် သန္တီရဏ
ကိစ္စမည်၏။သန္တီရဏသည်စုံစမ်းအပ်ပြီးသောအာရုံကိုမှတ်ခြင်းသ
ဘောသည်,ဝုဋ္ဌောမည်၏။ အဟုန်နှင့်တကွဖြစ်သော စိတ်၏ဖြစ်ခြင်း
သဘောသည်ဇောကိစ္စမည်၏။ဇောသည် ယူအပ်ပြီးသောအာရုံကို
အာရုံပြုခြင်းသဘောသည် တဒါရုံကိစ္စမည်၏။ကမ္မဘဝကြောင့် ဖြစ်
သောဥပပတ္တိဘဝမှရွေ့လျောခြင်းသည်၎င်း ဖြစ်ရာဌာနမှ ရွေ့လျော
ခြင်းသည်၎င်း,စုတိကိစ္စမည်၏။

ကိစ္စသင်္ဂဟပြီး၏။

(၁၆) ဒွါရဟူသည်တံခါးတည်း, ထိုသည်, ဟင်းလင်းသောတံခါး။ အကြည်တံခါး,ဟူ၍, နှစ်ပါးရှိ၏။ ထိုတွင်, အပေါက်တံခါးသည်ဟင်းလင်းပွင့်သောတံခါးမည်၏။ကြေးမုံမှန်ချပ်ကဲ့သို့ဖြင့်ပြီးသောအလင်းတံခါးသည်,အကြည်တံခါးမည်၏။ ထိုအကြည်တံခါးသည်,ဘုန်းရှိသောသူတို့၏,အိမ်၌သင့်ရှား၏။ ထိုတံခါးနှစ်မျိုးကဲ့သို့။သတ္တဝါတို့၏ကိုယ်၌လည်း,ဒွါရ,ကိုးပေါက်သည်,အပေါက်တံခါး မည်၏ ကြေးမုံမှန်ချပ်တို့နှင့်တူသော,ပသာဒရုပ်သည်, အကြည်တံခါးမည်၏။ ဤ၌ ပသာဒရုပ်တည်း ဟူသော, အကြည် တံခါး တို့ကို, ယူအပ်၏။ ထို အကြည် တံခါး တို့ကို အာရမ္မဏိက ဖြစ်သော စိတ်တရားတို့၏ငှင်း။ ရူပါရုံစသော အာရုံတရားတို့၏ငှင်း ဝင်ရာ, ထွက်ရာ၏ အဖြစ်အားဖြင့်ဒွါရနှင့်တူသောကြောင့် ဒွါရဟုဆိုအပ်၏။ထိုအကြည်သည်လည်း ကံ၌မှီသောကြောင့်။စက္ခုဒွါရစသည်ဖြင့်ရုပ်အကြည်ငါးပါးရှိ၏။နာမ်အကြည်သည်၊မနောဒွါရအားဖြင့်တပါးရှိ၏။ ။အာဝဇ္ဇန်းအစရှိသည်တို့သည်, စက္ခုအကြည်၌ထင်လာကုန်သော,လဝန်းနေဝန်း အစရှိသော ရူပါရုံတို့ကို ယူကုန်သောကြောင့်။ထိုစက္ခုအကြည်သည်ပင်လျှင်။ အာရုံ, ၊အာရမ္မဏိက တရားတို့၏ဝင်ရာ,ထွက်ရာဖြစ်ခြင်းကြောင့်စက္ခုဒွါရ, မည်ရလေ၏။ သောတ,အကြည်စသည်တို့၌သည်း,နည်းကိုမှီး၍ သိအပ်၏။ စက္ခုမေဝ၌ဝေသဒ္ဒါသည်ဒိုကာအလို။မံသစက္ခုကိုကန့်၏။ မဏိမဉ္ဇူအလို,စက္ခုဒသက,ကလာပ်၌။စက္ခုပသာဒမှကြွင်းသောရုပ်ကိုးပါးကိုကန့်သည်။စက္ခုဒွါရ၌ရူပါရုံ လေးဆယ့်ခြောက်ပါးသော စိတ်တို့၏ဖြစ်ခြင်းသည်,ဝင်သည်မည်၏။ ချုပ်ခြင်းသည် ထွက်သည် မည်၏။ (သောတဒွါရစသည်တို့၌နည်းတူပင်)

(၁၇) မနောဒွါရ၌ကားအာရုံ(၆)ပါးတို့၏ ဝင်ရာ ထွက်ရာဖြစ်သောမနောဒွါရကိုမယူအပ်။မနောဧဝဒွါရံမနောဒွါရံ။ မနောဧဝဘွင်စိတ်သည်ပင်လျှင်,ဒွါရံဒွါရမည်၏။ မနောဒွါရံ- မနောဒွါရဘွင်စိတ်သည်ပင်လျှင်ဒွါရမည်၏။ အရကား, ပဋိသန္ဓေအခါမှစ၍ အသက်ရှည်သမျှကာလပတ်လုံး။မြစ်ရေ အလျဉ်ကဲ့သို့ ဖြစ်သော ဥပေက္ခာသန္တီရဏနှစ်ခု။မဟာဝိပါက်ရှစ်ခု။မဟဂ္ဂုတ်ဝိပါက်ကိုးခု။ အားဖြင့်

တခုယုတ်နှစ်ဆယ်သော ဘဝင်စိတ်ကိုသာလျှင် ဤဌ်မနောဒွါရဟုလို အပ်၏။ဘဝင်္ဂုပစ္ဆေဒဟူသည် ငြိတ်သောဘဝင်ကို ဆိုသည့်, ပထမ ဘဝင်စသည်တို့သည်လည်း။ဥပါဒ်,ဋ္ဌိ,ဘင်,စေ့၍ ချုပ်သည့် ကာလ, ဘဝင်ပြတ်သဖြင့်ဘဝင်္ဂုပစ္ဆေဒဟုခေါ်သောကြောင့်။ ၎င်းဘဝင်္ဂုပစ္ဆေ ဒကို,မနောဒွါရမည်၏ဟုမဆိုသင့်။၎င်းဘဝင်၏ပြတ်ခြင်းသည့်,နောက် ဘဝင်ဖြစ်ခြင်း၏အကြောင်းမျှသာဖြစ်၏။အာဝဇ္ဇနအစရှိသော စိတ် တို့၏ဖြစ်ကြောင်းမဟုတ်။အာဝဇ္ဇနအစရှိသော ဝီထိ စိတ်တို့၏ဖြစ် ကြောင်းဟုဆိုအပ်သော,ဘဝင်္ဂုပစ္ဆေဒကိုသာမနောဒွါရဟုဆိုသင့်၏။ ယင်းသို့ ဖြစ်သော် ပဉ္စဒွါရာဝဇ္ဇန်း၏ ရှေ့အတိုင်၌ ဖြစ်သောဘဝင်ဂု ပစ္ဆေဒ ၁၉ခုသည်ပဉ္စဒွါရာဝဇ္ဇန်းစသောဝီထိစိတ်တို့၏ဖြစ်ကြောင်း ဖြစ်သော်လည်း။မနောဒွါရာဝဇ္ဇန်းစသည်တို့၏ ဖြစ်ကြောင်းမဟုတ်ရ ကား၊မနောဒွါရဟူသောအမည်ကိုမရ။ မနောဒွါရာဝဇ္ဇန်း၏ ရှေ့အ တိုင်၌ဖြစ်သော, ဘဝင်ဂုပစ္ဆေဒ ၁၉)ခုသည်သာလျှင် မနောဒွါရဟူ သောအမည်ကိုအထင်ရဋ္ဌိအားဖြင့်ရအင်၏ဟုလိုဝ်။

(၁၈) ဘုံဘိုင်းအကုသလကမ္မပထအရာ၌။လောဘမူရှစ်။ဒေါသ မူနှစ် ဤဆယ်ပါးသောစိတ်သည်မနောဒွါရမည်၏။ ပစ္စည်းပိုင်း၌စိတ် တခု ယုတ်ကိုးဆယ် သည်။ မနောဒွါရမည်၏။ဝီထိပိုင်း၌ဘဝင်္ဂုပစ္ဆေ ဒ(၁၉ ခုသည်မနောဒွါရ မည်၏။ ကာယ, ဝစီ, မနော,အားဖြင့်။ဒုစ ရိုက်သုံးပါးတို့သည်၎င်း။ ကာယ,ဝစီ,မနော,အားဖြင့် သုစရိုက်သုံး ပါးတို့သည်၎င်း။အာရုံ(၆)ပါးကိုစွဲ၍ဖြစ်ရကား။ ဒွါရ(၆)ပါးဝယ်, တပါးပါးသောဒွါရ၌။ ဒုစရိုက်သုံးပါး၊ သုစရိုက်သုံးပါးစိ ရှိရကား။ ဒုစရိုက်ဒွါရ(၁၈)သုစရိုက်ဒွါရ(၁၈)အားဖြင့် ပေါင်းသော်(၃၆)ပါး သောဒွါရတို့သည်ဖြစ်ကုန်၏။

(၁၉) ဥပေက္ခာသန္တီရဏနှစ်ခု။ မဟာဝိပါက် ရှစ်ခု တို့သည်။ သန္တီရဏ,တဒါရုံကိစ္စတပ်သောအခါ။ရုံခါခြောက်ဒွါရ၌ဖြစ်၍။ ပဋိ သန္ဓေ,ဘဝင်,စုတိ,ကိစ္စတင်သောအခါ, ရုံခါခြောက်ဒွါရမှ လွတ်ကုန် ၏။မဟဂ္ဂုတ်ဝိပါက်(၉)ခုသည်ပဋိသန္ဓေ,ဘဝင်,စုတိ၊ကိစ္စတပ်ရကား အချင်းခပ်သိမ်း ခြောက်ဒွါရမှလွတ်၏။ ဤတခုယုတ်နှစ်ဆယ်သော စိတ်တို့သည်၊စက္ခုအစရှိသောငါးဒွါရတို့၌ မဖြစ်ခြင်းကြောင့် ၎င်း၊

မနောဒွါရဟုဆိုအပ်သော ဘဝင်မှ။ ကမ္မနိမိတ် စသည်တို့မှ တပါးသော-အာရုံကိုယူခြင်း၏ အစွမ်းအားဖြင့်။ မဖြစ်ခြင်းကြောင့်ရင်း။ ပဋိသန္ဓေကိစ္စစသည်တို့၏ အစွမ်းဖြင့် ဖြစ်ကုန်သောတခုယုတ်နှစ်ဆယ်သော စိတ်တို့သည်။ ခြောက်ဒွါရမှ လွတ်ရကုန်၏။ပဉ္စဒွါရ၌မဖြစ်သောစိတ်ကား။ အပ္ပနာဇောဆဲ့ခုနစ်သတည်း။ မနောဒွါရ၌ မဖြစ်သောစိတ်ကား။ ဒွေးပဉ္စဝိညာဉ်(၁၀)ပဉ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်းဒွေး။ ဝဇ္ဇော,၏(၁၄ ပါးတည်း။ ။စေတသိက်အားဖြင့်။ အပ္ပမညာဒွေး၊ဝိရတီသုံးခုတို့သည်။မနောဒွါရ၌သာ ဖြစ်ကုန်၏။ ကြွင်း(၄၇)ပါးကုန်သော စေတသိက်တို့သည် ခြောက်ဒွါရ၌ ဖြစ်ကုန်၏။မဟာဂ္ဂုတ်ဝိပါက်(၉)ခု၌ ယှဉ်သော၊စေတသိက်ပဉ္စတိ သသည်။ ခြောက်ဒွါရမှ လွတ်သောဒွါရဝိမုတ် စေတသိက်မည်၏။ ။မိုလ်ကုန်းဆရာတော်ကား၊ဘဝင်ဟူသမျှသည်၊ မနောဒွါရ ဖြစ်ခြင်း၌သာ ထိုက်သောကြောင့်။အာဝဇ္ဇန်း၏ရှေ့ဘဝင်၊နောက်ဘဝင်ဟု မရွေးချယ်မူ၍ အလုံးစုံသောဘဝင်ဟူသမျှသည်ပင်၊ မနောဒွါရ မည်၏ဟု မိန့်တော် မူ၏။ စက္ခုဒွါရ၌သာဖြစ်၍ သောတဒွါရ၌ မဖြစ်သော စိတ်နှစ်ခု။သောတဒွါရ၌သာဖြစ်၍ စက္ခုဒွါရ၌ မဖြစ်သော စိတ်နှစ်ခု။နှစ်ဒွါရလုံး၌ဖြစ်သောစိတ်လေးဆယ့်လေးခု။နှစ်ဒွါရလုံး၌မဖြစ်သောစိတ် လေးဆယ့်တခု။လေးချက်စုမူ။စိတ်တခုယုတ်ကိုးဆယ်ဖြစ်၏။ဃာန၊ ဇိဝှာ၊ ကာယ၊မူလ်၌လည်းနည်းတူပင်တည်း။ ။စက္ခုဒွါရ၌သာဖြစ်၍ မနောဒွါရ၌မဖြစ်သောစိတ်ကား။ ပဉ္စဒွါရာဝဇ္ဇန်း။ စက္ခုဝိညာဉ်ဒွေး။ သမ္ပဋိစ္ဆိုင်းဒွေး။အားဖြင့်ငါးပါးတည်း။မနောဒွါရ၌သာ ဖြစ်၍စက္ခုဒွါရ၌ မဖြစ်သောစိတ်ကား။ အပ္ပနာဇောဆဲ့ခုသတည်း။ နှစ်ဒွါရလုံး၌ ဖြစ်သောစိတ်ကား(၄၁)ပါးတည်း။ နှစ်ဒွါရလုံး၌မဖြစ်သော စိတ်ကား။ သောတဝိညာဉ်ဒွေး။ဃာနဝိညာဉ်ဒွေး။ဇိဝှာဝိညာဉ်ဒွေး၊ ကာယဝိညာဉ်ဒွေး၊မဟဂ္ဂုတ်ဝိပါက် ၉ ခုအားဖြင့် (၁၇)ပါးတည်း။ ၄ချက်စုသျှင် တခုယုတ်ကိုးဆယ်ဖြစ်၏။သောတဒွါရစသည်ကို မူတည်၍ ဤနည်းတူခွဲးအပ်၏။

ဒွါရသင်္ဂဟပြီး၏။

(၂၀) အာရမ္မဏသင်္ဂဟ၌။အာရုံဟူသည်။ စိတ်၊ စေတသိက်၊ တရားတို့သည်လာ၍မွေ့လျော်ရာဖြစ်သောကြောင့် အာရုံမည်၏။တနည်းကား။စိတ်စေတသိက်တည်းဟူသော- အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့သည်။စွဲးကိုင်၍ ယူအပ်သောကြောင့်။ အာရုံမည်၏။ ထိုကြောင့်။ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြု၍။ စက္ခုဒွါရ၌ဖြစ်သော စိတ်လေးဆယ့်ခြောက်ပါး။ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍။ သောတဒွါရ၌ဖြစ်သောစိတ်(၄၆)ပါး။ ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၍။ ဃာနဒွါရ၌ဖြစ်သောစိတ်(၄၆)ပါး။ ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၍ ဇိဝှါဒွါရ၌ ဖြစ်သောစိတ်(၄၆)ပါး။ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍။ ကာယဒွါရ၌ဖြစ်သောစိတ်[၄၆]ပါးတို့သည် အစဉ်အတိုင်း အသီးသီးဖြစ်ကြကုန်၏။ပစ္စုပ္ပန်၊အတိတ်၊ အနာဂါတ်၊ ကာလဝိမုတ်ဖြစ်သော အာရုံ[၆]ပါးကိုအာရုံပြု၍၊မနောဒွါရ၌ဖြစ်သော စိတ်(၆၇)ပါးတို့သည်။ ထိုက်သည်အားလျော်စွာဖြစ်ကုန်၏။

(၂၁) ဤမနောဒွါရ၌ကဇောတို့၏အာရုံပြုပုံကား။ဟသိတုပ္ပါဒ်ကြဉ်သောကာမဇော(၂၈)ခုသည်။ ကာလသုံးပါးကာလဝိမုတ်ဖြစ်သောအာရုံ(၆)ပါးကိုအာရုံပြု၏။ဟသိတုပ္ပါဒ်သည်ကား။ကာလသုံးပါးသာလျှင်ဖြစ်သောအာရုံ(၆)ပါးကို အာရုံပြု၏ [ထိုဟသိတုပ္ပါဒ်သည်။ကာမအာရုံကိုကေန်ယူ၏] အဘိညာဉ်ဇောသည်ကား။ ကာလသုံးပါးကာလဝိမုတ်ဖြစ်သောအာရုံ(၆)ပါးကို အာရုံပြု၏။ ကြွင်းသောမဟဂ္ဂုတ်လောကုတ္တရာဇောသည်ကား။ ကာလဝိမုတ်အာရုံကိုငှင်း၊အတိတ်အာရုံကိုငှင်း အာရုံပြု၏။ ဤသို့ သီးသန့်ခြားနား၍ အာရုံယူပုံအဓိပ္ပါယ်ကိုယထာရဟံဟူသောပါဌ်ဖြင့်ပြတော်မူ၏။

(၂၂) အတိတ်အနာဂါတ်တို့၌ပွင့်ပြီးပွင့်လတံ့ သော ဘုရားရှင်တို့၏ရူပါရုံစသည်တို့ကဲ့သို့။ စက္ခုပသာဒ စသည်တို့အားထင်ခြင်းသို့မရောက်ကုန်သော။ရူပ၊ သဒ္ဒါစသောအာရုံငါးပါးတို့သည်ဓမ္မာရုံမည်၏ဟူ၍ဆိုကြကုန်သော်လည်း၊ဒိဗ္ဗစက္ခုအဘိညာဉ်၏အာရုံဖြစ်သောကြောင့်၊ဓမ္မာရုံဟူ၍၊မဆိုအပ်၊ရူပါရုံစသည်မည်၏ဟူ၍ - ငှ်ဆိုအပ်ကြောင်းကိုအဋ္ဌကထာ၌ပြတော်မူ၏။ ။အသင်္ခတတရားဖြစ်၍ ပျက်စီးခြင်းမရှိသောကြောင့်ငှင်း၊ အတိတ်စသော ကာလ၏အစွမ်း

ဖြင့်မဆိုအပ်သည်၏အဖြစ်ကြောင့်ငင်း။ နိဗ္ဗာန်၊ ပညတ်၊တရားနှစ်ပါးသည်။ကာလဝိမုတ်မည်၏။ ထို့ကြောင့်။ ကာလ ဝိမုတ္တံ့ဟူသော ပါဠ်၌ကာလဝိမုတ်ဟူသည်နိဗ္ဗာန်ပညတ်နှစ်ပါးကို ကောက်ယူအပ်၏၊

(၂၃) ဒွါရဝိမုတ္တာနဉ္စ။ လ။ ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ၊ဟူသောပါဠ်ဖြင့်။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ဟု ဆိုအပ်ကုန်သောဒွါရဝိမုတ်စိတ်တရှယုတ်နှစ်ဆယ်တို့၏၊ အာရုံသည် ဖြစ်သင့်သည်အားလျော်စွာ။ရူပါရုံအစရှိသောအာရုံခြောက်ပါး။ များသောအားဖြင့် အခြားမဲ့လွန်လေပြီးသော ဘဝ၌၊ ခြောက်ဒွါရဖြင့် ယူအပ်သောပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ်၊ ပညတ်မှုလည်းဖြစ်သောကံ။ ကမ္မနိမိတ်။ဂတိနိမိတ်ဟု သမုတ်အပ်သော၊ အာရုံသည် ဖြစ်၏ဟုလိုဝ်။ ။ဤ၌ ကံဟူသည် အားထုတ်အပ်၊ဆီးပူးအပ်သောဥဒ္ဒနစေတနာကြည်သော၊အကုသိုလ်စေတနာတဆယ့်တစ်။ မဟာကုသိုလ်စေတနာရှစ်။ ပေါင်းစေတနာ တဆယ့်ကိုးပါးကို မှတ်အပ်၏။ (ပဋိသန္ဓေကိုဖြစ်စေတတ်သော။ကုသိုလ်,အကုသိုလ် ဟူလိုဝ်) ထိုကံသည်ကာလအားဖြင့် အတိတ်၌ဖြစ်၏။ ဒွါရအားဖြင့်။ မနောဒွါရ၌သာထင်၏။အာရုံအားဖြင့်။ ဓမ္မာရုံ သာလျှင်တည်း။ ။ကမ္မနိမိတ်ဟူသည်။ အကြင်ဝတ္ထုကိုအာရုံပြု၍။ ထိုလောက် ကုသိုလ်, အကုသိုလ်ကံ, ကိုပြုသောကာလ၌။ရအပ်သောအဆောက်အဦးဖြစ်သော။ ဆွမ်း, သင်္ကန်း, ထီး, တန်းခွန်, ဓား, လက်နက်, အစရှိသော။ အာရုံ (၆) ပါးကိုမှတ်အပ်၏။ဤကမ္မနိမိတ်သည်။ ပဉ္စာရုံဖြစ်ငြားအံ့။ ကာလအားဖြင့်ပစ္စုပ္ပန်အတိတ်၌ဖြစ်၏။ခြောက်ဒွါရဖြင့်ယူအပ်၏။ ဓမ္မာရုံဖြစ်ငြားအံ့။ကာလအားဖြင့် အတိတ်၌ဖြစ်၏။ မနောဒွါရဖြင့် ယူအပ်၏။ ။ဂတိနိမိတ်ဟူသည်။ အခြားမဲ့ဖြစ်လတ္တံ့သော ဘဝ သစ်၌။ ရအပ်ခံစားအပ်သော။ အမိဝမ်းရေ။ငရဲမီး။နတ်ပြည်။ ပဒေသာပင် အစရှိသော။ပစ္စုပ္ပန်ရူပါရုံကိုမှတ်အပ်၏။ဤဂတိနိမိတ်သည်။ ကာလအားဖြင့်။ပစ္စုပ္ပန်၌ဖြစ်၏။ဒွါရအားဖြင့်။ မနောဒွါရ၌သာလျှင်ဖြစ်၏။

(၂၄) ဤ၌ ယထာသမ္ဘဝံ ဟူသောပါဠ်ဖြင့်။ ကာမပဋိသန္ဓေ, ဘဝင်, တို့သည်။ခြောက်ဒွါရဖြင့်ယူ၍ ပေးအပ်သော။ ပစ္စုပ္ပန်အတိတ်

ဖြစ်သော။ကမ္မနိမိတ်ဟုသမုတ်အပ်သော။ အာရုံ ငါးပါးကို အာရုံပြု၍။ကာမစုတိသည် ခြောက်ဒွါရဖြင့်ယူ၍ ပေးအပ်သော။ အတိတ်ဖြစ်သော။ကမ္မနိမိတ်ဟု သမုတ်အပ်သော။ အာရုံငါးပါးကို အာရုံပြု၍။ ဤကာမဒွါရဝိမုတ်စိတ် တို့သည်။ မနောဒွါရဖြင့် ယူ၍ပေးမူ။ အတိတ်ဖြစ်သော။ကံ, ကမ္မနိမိတ်, မွောရုံကို အာရုံပြု၍။ ဂတိနိမိတ်ဖြစ်လျှင်။မနောဒွါရဖြင့်ယူအပ်သော။ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြု၍။ ။ ရူပပဋိသန္ဓေ ငါးပါး။ အာကာသနဉ္စာယတန။ အာကိဉ္စညာယတန ဟူသော။အရူပပဋိသန္ဓေတို့သည်။မနောဒွါရဖြင့်ယူ၍ ပေးအပ်သော ပညတ်ကမ္မနိမိတ်။ခမ္မာရုံကို အာရုံပြု၍။ ဝိညာဏဉ္စာယတန။ နေဝသညာနာသညာယတန။ပဋိသန္ဓေတို့သည်၊ မနောဒွါရဖြင့်ယူ၍ ပေးအပ်သော။အတိတ်ဖြစ်သော ကမ္မနိမိတ်ခမ္မာရုံကို အာရုံပြု၍။ ဤသို့သော-ကာမ၊မဟဂ္ဂုတ်၊ပဋိသန္ဓေ၊ဘဝင်၊စုတိ၊ တို့၏ အာရုံ ပြဟန်ကို ပြတော်မူ၏။

(၂၅) ဒွါရဝိမုတ် စိတ်တခု ယုတ်နှစ်ဆယ် တို့၏။ အာရုံကား။ ပဋိသန္ဓေသည် ကံကိုအာရုံပြုခဲ့လျှင်။ ဘဝင်စုတိတို့သည်လည်း။ ကံကိုသာအာရုံပြုကုန်၏။ ပဋိသန္ဓေသည်။ ကမ္မနိမိတ်ကိုအာရုံပြုလျှင်။ ဘဝင်၊စုတိ၊တို့သည်လည်း။ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေသည်။ဂတိနိမိတ်ကိုအာရုံပြုခဲ့လျှင်။ဘဝင်၊စုတိ၊တို့သည်လည်း။ ဂတိနိမိတ်ကိုအာရုံပြုကုန်၏။ပဋိသန္ဓေစိတ်ပြုသော အာရုံကို ဘဝင်၊စုတိ၊ တို့သည် အာရုံပြုကုန်၏ ဟူလိုဝ်။ ဤစကားသည်။ အလုံးစုံသော။ သတ္တဝါတို့၏ပဋိသန္ဓေ၊ဘဝင်၊စုတိ၊နှင့် ဆက်ဆံသောစကားတည်း။

(၂၆) ယေဘုယျေနဟူသော ပါဠိဖြင့်။ မရဏာသန္နဇောစိတ်နှင့် ပဋိသန္ဓေစိတ်၏။အာရုံတူသည်ဟုဆိုသည်မှာ။ ယေဘုယျအားဖြင့်သာဆိုသည်။အပုကအားဖြင့်၊အသညသတ်ဘဝမှ မဟာကင်ငါးရာ အဆုံး၌၊ စုသော ကုန်သော သတ္တဝါတို့၏။ ကာမသုဂတိဘဝ၌။ပဋိသန္ဓေစိတ်၏ အာရုံကို၊ အခြားမဲ့ လွန်လေပြီးသော။ အသညသတ်ဘဝ၌၊ တစုံတခုသောဒွါရဖြင့်။ မရဏာသန္နဇော၏ ယူခြင်းသည် မရှိရကား။ကာမသုဂတိဘုံ၌။ပဋိသန္ဓေစိတ်၏ အာရုံကိုလှမ်း၍ မယူ

နိုင်ရာ။အဘယ်သို့ကာမသုဂတိဘုံ၀ယ် ပဋိသန္ဓေတည်နေမည်နည်း, ဟုစောဒနာသင့်ပြားသော်လည်း။ အသညသတ်ဘုံမှစုတေ လတ္တံ့သောပုဂ္ဂိုလ်အား။အသညသတ်ဘုံသို့မရောက်မီ။ရှေးဖြစ်သော ကာမသုဂတိဘဝ၌ပြုလုပ်ခဲ့သော။ ပဋိသန္ဓေကိုပေးတတ်သော။ အပရာပရိယဝေဒနီယကံ၏ အစွမ်းကြောင့် သာလျှင်။ ထိုအသညသတ်ဘုံမှစုတေ ကုန်သောသတ္တဝါတို့၏။ ကာမသုဂတိဘဝ၌ ပဋိသန္ဓေစိတ်၏။ ကံ,ကမ္မနိမိတ်၊ဂတိနိမိတ်၏ အာရုံသည်ထင်စေကုန်၏။ ထိုကြောင့်–ယေဘုယျသဒ္ဒါဖြင့်။အသညသတ် ပုဂ္ဂိုလ်ကို နှစ်စေသည်ဟူသော အဓိပ္ပါယ်ကိုပြတော်မူ၏။ ။အရူပဘုံမှ စုတေ၍။ ကာမဘုံ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား။ အရူပဘုံ၀ယ်။မနောဒွါရမရဏာသန္နဇော၌။ကံ,ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတို့တွင်။ ကံနှင့်နာမ်ကမ္မနိမိတ်သာထင်နိုင်ရန်ရှိ၏။ဂတိနိမိတ်မှာ။ ရုပ်နိမိတ်ဖြစ်၍။အဘယ်သို့ထင်နိုင်အံ့နည်းဟုစောဒနာသင့်ပြားသော်လည်း။ အရူပဘုံ၌ အချင်းခပ်သိမ်းရုပ်တို့၏မရှိခြင်းကြောင့်။ ဓမ္မာရုံတခုကိုသာ ရအောင်၏။ ထိုကြောင့်–အရူပဘုံသားတို့အား၊ဂတိနိမိတ်ရူပါရုံသည်။ အရူပဘုံ၌မထင်။ကာမဘုံသို့ရောက်၍။ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏ၌ ထင်ခြင်းသို့ရောက်ကြောင်းကိုအနုဋီကာဆရာသွင့်ပြတော်မူ၏။

(၂၇) ဒွါရဝိမုတ္တာနဉ္စ။ လ။ ပစ္စုပ္ပန္နမတီတံ-ဟူသောပါဌ်၀ယ် ပစ္စုပ္ပန္နံ-ဟူသောပါဌ်ဖြင့်။အနာဂတ်အာရုံ၏ ပဋိသန္ဓေအာရုံ အဖြစ်ကိုတားမြစ်တော်မူ၏။ဤစကားရပ်ဖြင့်။အနာဂတ်၌ပွင့်လတ္တံ့သော။ အရိမေတ္တေယျဘုရားရှင်အား။ ရည်ညွှန်း၍ လှူဒါန်းသော ကုသိုလ်သည်။ပဋိသန္ဓေ အကျိုးကိုဖွံ့ဖြိုးစွာ မပေးနိုင်ဟု ဆရာကြီးတို့ ဆိုကုန်၏။ ။အနာဂတ်အာရုံသည်။ အတိတ်,ကံ,ကမ္မနိမိတ် ကဲ့သို့။ အာရုံကိုခံစားပြီးသည်းမဟုတ်။ ပစ္စုပ္ပန်ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်ကဲ့သို့။ထင်ခြင်းသို့ရောက်ဆဲလည်း မဟုတ်သောကြောင့်။ အနာဂတ်အာရုံကိုတားမြစ်တော်မူခြင်းဖြစ်သည်။ ။ပဋိသန္ဓေစိတ်၏အာရုံသုံးပါးတို့တွင်။ကံနှင့်ကမ္မနိမိတ်မှာ။ထင်လာရင်းအတိုင်းပြောင်းရွှေ့၍ခံရကောင်းသောကြောင့်။ အစလနိမိတ်မည်၏။ ဂတိနိမိတ်မှာမူ။ပဉ္စာ

နန္တရိယကံကိုပြုသောသူကိုထား၍။ ကြွင်းသော ပုဂ္ဂိုလ် တို့အား။ တရံတခါပြောင်းရွေ့၍ ရစကောင်းသောကြောင့်။ စလနိယမိတ်မည်၏။ တနည်း။ ကံသည်မိမိသန္တာန်၌ ဖြစ်သောကြောင့်။ အဇ္ဈတ္တမည်၏။ ကမ္မနိမိတ်သည်။အဇ္ဈတ္တ၌ရင်း။ဗဟိဒ္ဓ၌ရင်းဖြစ်၏။ ဂတိနိမိတ်သည် ဗဟိဒ္ဓ၌ဖြစ်၏။

(၂၈) ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိ၌။ ရဟန္တာ ပုဂ္ဂိုလ် တို့သည်။ဝဋ္ဋသမုစ္ဆေဒမရဏာဖြစ်၍။ထိုထိုဂတိတို့၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ် မဟုတ်သောကြောင့်။ စုတိစိတ်ကို ကြဉ်ထား၍။ မနောဒွါရာ ဝဇ္ဇန်း။မရဏာသန္န ကြိယာဇော တို့သည်။ နာမ်၊ ရုပ်၊ လက္ခဏာ၊ ပညတ်,ကိုအာရုံပြုသည်တို့၏အဖြစ်ကြောင့်။ ကံ,ကမ္မနိမိတ်။ ဂတိနိမိတ်, ဟူ၍မခေါ်ဝေါ်အပ်။ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိတော်စိတ်သည် ပဋိသန္ဓေစိတ်၏အာရုံနှင့်တူသော။ကာမစိတ္တုပ္ပါဒ်ရုပ် (၂၀) ခု တို့တွင်။တခုခုသော။ကာမအာရုံကိုအာရုံပြု၏။ ဘုရားရှင်၏ ပဋိသန္ဓေ စိတ်သည်။ပထမမဟာဝိပါက်စိတ် ဖြစ်ရကား။ စုတိတော် စိတ်သည် လည်း။ရင်းပထမ,မဟာဝိပါက်စိတ်သာတည်း။ထိုစိတ်သည်လည်း။ ကာမစိတ္တုပ္ပါဒ်ရုပ် (၂၀) ခုတို့တွင်။ တခုခုသောကာမအာရုံကိုသာ လျှင်အာရုံပြု၏။ အနေဇောသန္တိမာရဗ္ဘ၊ ယံကာလမကရီမုနိ-ဟူသော် သုတ်မဟာဝါပါဠိ,ရှင်အနုရုဒ္ဓါ ကြူးရင့်သည်ကို အစွဲးပြု၍။ စုတေ တော်စိတ်သည်'နိဗ္ဗာန်ကိုအာရုံပြုဖို့ဟု။ အချို့ပုဂ္ဂိုလ်တို့ ယူဆချက်ငြားသော်လည်း။ ပရိနိဗ္ဗာန်စံတော်မူခါနီး ဘုရားရှင်သည်၊ နိဗ္ဗာန်ပြည်သို့ ငါဝင်မည်ဟု အကြံတော်ဖြင့်။ နိဗ္ဗာန်ကိုအကြောင်း ထား၍။ကာမကိုအာရုံပြုပြီးစုတေ တော်မူရကား၊ ဘုရားရှင် စုတိ တော်စိတ်သည်။ နိဗ္ဗာန်ကိုအာရုံမပြုဟူ၍ မှတ်အပ်၏။ စုတိတော် စိတ်သည်။နိဗ္ဗာန်ကိုအာရုံပြုသော။ လောကုတ္တရာစိတ်မဟုတ်သည် ကိုလည်း။သတိပြုသဖြင့် သိအပ်၏။

(၂၉) မနောဒွါရာဝဇ္ဇန်း။မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု မဟာကြိယာဉာဏသမ္ပယုတ် လေးခု၊ အဘိညာဏ်နှစ်ခု၊ ဤတဆယ့်

တပါးသောစိတ်တို့သည်၊ နိဗ္ဗာန်ကို ရံခါ အာရုံပြုနိုင်၏ဟုဆိုသော်လည်း၊မဟာကုသိုလ်တိုင်းမဟုတ်၊မဂ်၏ ရှေးအဘို့၌ကျသော၊ဂေါတြဘုကိစ္စတပ်သောကုသိုလ်သာလျှင်ပစ္စက္ခအားဖြင့် အာရုံပြုနိုင်၏။ ထို့ကြောင့်ယခုကာလ၌ရှိဘိုးသူတော်- မယ်သီလတို့သည်။ နိဗ္ဗာန်ကို အာရုံပြုနိုင်ပါအံ့နည်းဟုဆိုသော်။ ဂေါတြဘု၏ အခိုက်၌၊နိဗ္ဗာန်ကို အာရုံပြုနိုင်၏ဟုဖြေဆိုအပ်၏။ ။ပဋိဝိသပရိတ္တမှ၊ လ။အမ္မနိဗ္ဗာန ဂေါစရ-ဟူသောဂါထာသည်။ကေန် အာရုံပြုသောဂါထာမည်၏။ ဝိသာနုတ္တရမုတ္တမှ။လ။သတ္တဓါဘတ္တသင်္ဂဟောဟူသောဂါထာသည် အနေကန်အာရုံပြုသောဂါထာမည်၏။ ထိုအာရုံကိုစေတသိက်အားဖြင့်မှတ်သော်ကား၊အကုသိုလ်စေတသိက်(၁၄)ခုသည်။လောကီကိုသာအာရုံပြု၏။ ဣဿာစေတသိက်သည်၊ ဗဟိဒ္ဓကို အာရုံပြု၏။ မစ္ဆေရစေတသိက်သည်။အဇ္ဈတ္တကိုအာရုံပြု၏။ ဝိရတိစေတသိက်သုံးခုသည်။ဝိရမိတဗ္ဗဝတ္ထုနှင့်တကွ၊ကာမနာမ်ရုပ်၊ပစ္စုပ္ပန်အနာဂါတ်တို့ကိုအာရုံပြု၏။ အပ္ပမညာ စေတသိက်သည်။ ပညတ်ကိုအာရုံပြု၏။ကြွင်းစေတသိက်သုံးဆယ့်သုံးပါးသည်။အလုံးစုံကိုအာရုံပြု၏။

ငယ်စဉ်-ရှိအာရုံ၊ ကျက်မှတ်၍ ထုံကဲ့သော၊ ရှေးဆရာတို့၏။ ကေန်,အနေကန်, အာရုံပြုလင်္ကာကိုဆိုဦးအံ့။

(၁) ပဉ္စဝိညာမနောဓာ၊တဒါဟာသိနော။ ကာမကေန်-၂၅။
(၂) ဝိညာနဉ္စာနာသညာ၊သချ်ဆဟုဟော။မဟဂ္ဂုတ်ကေန်-၆။
(၃) ပဉ္စရသာ စိတ်ရုပ်၊ အာကာ အာကိဉ္စော။ ပညတ်ကေန်-၂၀။
(၄) ပညတ်ကေန်လောကုတ်မှန်၊ရွေဉာဏ်မတွေးတော။ ကာလဝိမုတ်ကေန် ၂၆။
(၅) ပဉ္စဝိညာ,မနောဓာ,သချ်ာတောရသော။ ပစ္စုပ္ပန်ကေန်-၁၃။
(၆) ဝိညာနဉ္စာနာသညာကေန်အတိတ်ဟော။အတိတ်ကေန်-၆။
(၇) ကေန်မပါနာဂတာမိန့်မှာရှင်ပင်ဟော။အနာဂါတ်ကေန်မရှိ။
(၈) လောကုတ္တရံ၊ မြတ်နိဗ္ဗာန်၊ ကေန် သိစေသော။ နိဗ္ဗာန်ကေန်-၈။

(၉) ရူပါရူပနှင့်တွေ့ရ။ပဥ္စတိံသဟော။ ဓမ္မာရုံကြောင်းကန် ၃၅။
(၁၀) ပစ္စုပ္ပန်ကြောင်းကန်တွေရသိ၊ ခွေဉာဏ်ဆ၍ဟော။ ရုပ်ကြောင်းကန်-၁၃။
(၁၁) အတိတ်နိဗ္ဗာန်၊ ယင်း ကြောင်းကန်, နှစ်တန်,မိသကော။ နာမ်ကြောင်းကန်-၁၄။
(၁၂) ဝိညာနဥ္စာနာသညာ၊ သချာဆဟုဟော။ အစ္စတ္တကြောင်းကန်-၆။
(၁၃) စိတ်ရူပမှာ, လောကုတ်ပါ။ အာကာ အာကိဥ္စော။ ဗဟိဒ္ဓကြောင်းကန်-၂၉။
(၁၄) နတ္ထိကြောင်းကန်မရှိမှန်၊ ခွေဉာဏ်ဖွင့်၍ဟော။ အစ္စတ္တ, ဗဟိဒ္ဓ, ကြောင်းကန်မရှိ။
(၁၅) စတုပညာစိတ်လှာမာဘိညာထည့်၍ဟော။ အစ္စတ္တဗဟိဒ္ဓကြောင်းကန်-၅၆။
(၁၆) ကာမနိဗ္ဗာန်၊ တိတ်ကြောင်းကန်, သုံးတန် မိသကော။ ပရမတ္ထကြောင်းကန်-၃၉။
(၁၇) စက္ခုဝိညာတခုံသာ။ မိန့်မှာရှင်ပင်ဟော။ ရူပါရုံကြောင်းကန်-၁။ တထာ,သောတ,ဃာန,ဇိဝှာ,ကာယ,နည်းတူပင်တည်း။

ကြောင်းကန်ပြီး၏။

အနေကန်ကား။

(၁) ဟာသိမပါ၊ ဓောကာမာ၊ ဘိညာ, ဒွေဝုဋ္ဌော။ ကာမအနေကန်-၃၁။
(၂) ကာမ၊ မဟဂ္ဂုတ်။ ဝိမုတ်၊ ပညာတ်၊ ပရမတ်။ ငါးရပ်နေကန်တ-၃၀။
(၃) ကာမနေသာ ပေါ်တွင်သော၊ တဒါ ဟာသိနော။ ပစ္စုပ္ပန်နေကန်-၄၃။
(၄) ပစ္စုပ်ပ် နေကန်၊ တိမ်ဆွံ၊ အမှန် သိစေသော။ အတိတ်အနေကန်-၄ ...
(၅) ပနုပ်တိဘာ၊ နာဂဟာနှင့်၊ ဓမ္မာရုပ်နာမ်။ ဤခြောက်တန်နေကန်အတူတ-၄၃။
No-24.

(၆) လေးဆယ့်သုံးတန်၊သင်္ချာယံ၊စိတ်ကြီးပန်းမဂ္ဂ။
(၇) ဗဟိဒ္ဓအဖြုတ်၊နှစ်ခုစပ်။ဘုံရင်နေကန်တွ။
(၈) ဆပညာသ၊သင်္ချာရ၊မဂ္ဂနှလုံးယူ။
(၉) အာရုံငါးတန်၊အရမှန်, နေကန်အတူတွ။
(၁၀) နှစ်ဆယ့်ငါးတန်၊အာရမ္မဏံ။ ကေန်ကာမဟော။
(၁၁) သုံးဆယ့်တတန်၊အနေကန်, ရွေဥာဏ် မတွေးတော။
(၁၂) နှစ်ဆယ့်တတန်။ ပညာတ်တန်, ကေန်သိစေသော။
(၁၃) အနေကံမူ၊နောက်နည်းတွ။မှတ်ယူအရဟော။
(၁၄) နှစ်ဆယ့်ကိုးတန်၊ပြုကေန်,ကာလံဝိမုတ္တော။
(၁၅) သုံးဆယ့်တတန်၊အနေကန်, ကာမံတူသဘော။
(၁၆) တဆယ့်သုံးတန်၊ ပစ္စုပ္ပန်, ကေန်ဖြစ်ဘိသော။
(၁၇) လေးဆယ့်သုံးမှာ၊အနေကာ,သင်္ချာဘုရားဟော။
(၁၈) အတိတ်ကေန်၊အာရမ္မဏံ၊ မှတ်ရန်ပုံရှုပြော။
(၁၉) ကေန်ပြုဘုံ၊ဓမ္မာရုံ၊ နှတ်ငုံ ရစေသော။
(၂၀) တေစတ္တာလီသံ၊အနေကံ, မှတ်ရန်ဓိပ္ပါယ်ဟော။
(၂၁) ၎င်းစိတ္တုံရုပ်ကေန်၊ရွေဥာဏ်မတွေးတော။အနေကံတွ။
(၂၂) တဆယ် လေးတန်၊နာမ်ကေန်၊မှတ်ရန်ပြဘိသော၊
(၂၃) အာရုံပြုပုံ၊အလုံးစုံ, ပြီးကုန်နိဋ္ဌတာ။

အာရမ္မဏသင်္ဂဟာပြီး၏၊

(၃၀) ဝတ္ထုသင်္ဂဟ၌။ဝတ္ထုဟူသည်။ စိတ်, စေတသိက် တို့၏။ မှီရာဖြစ်သောကြောင့်။စက္ခုပသာဒစသော။ ရုပ်တို့သည် ဝတ္ထုမည်ကုန်၏။ဝတ္ထု (၆) ပါး ရှိသည်တွင်။ စက္ခုဝိညာဉ်နှစ်သည်။ စက္ခုဝတ္ထုကိုမှီ၍ဖြစ်၏။ သောတဝိညာဉ်နှစ်သည်။ သောတဝတ္ထုကို မှီ၍ဖြစ်၏။ဃာနဝိညာဉ်နှစ်သည်။ဃာနဝတ္ထုကိုမှီ၍ဖြစ်၏။ ဇိဝှာဝိညာဉ်နှစ်သည်။ဇိဝှာဝတ္ထုကိုမှီ၍ဖြစ်၏။ကြွင်းသောစိတ် (၇၉) ခုတို့သည်။ ဟဒယဝတ္ထုကိုမှီ၍ဖြစ်ကုန်၏။ကာမ(၁၁)ဘုံ၌သာခြောက်ပါးသော ဝတ္ထုရုပ်ကိုရထိုက်၏ဆိုသော်လည်း။ ပြည့်စုံသော ဣန္ဒြေ ရှိသော။ ပုဂ္ဂိုလ်အားသာ (၆)ပါးလုံးကိုရထိုက်၏။ သဗ္ဗာနိပိလဗ္ဘန္တိ၌။ ပိ

သဒ္ဒါဖြင့်။ကန်းသောသူ။နားပင်းသောသူ, စသည်တို့၏ အစွမ်းဖြင့်။ ဇရာရင့်ရော်သောပုဂ္ဂိုလ်တို့အား။ငါးပါး, လေးပါး, သုံးပါး, သောဝတ္ထုရုပ်ကိုလည်း အသီးသီးရ၏ ဟူသော။အဓိပ္ပာယ်ကိုဆည်း၏။

(၃၁) ရူပဘုံ၌။ ဃာနာဒိတ္တယပသာဒကို မရခြင်းမှာ။ ကာမဂုဏ်၌။ တပ်ခြင်းကင်းသော။ ကာမဝိရာဂဘာဝနာ၏ အစွမ်းဖြင့်။ ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ လျှင်အာရုံရှိသော။ ပသာဒရုပ်တို့၌လည်း။ တပ်ခြင်းကင်းလေ့ရကား။ ဃာနာဒိတ္တယပသာဒ သည်။ ရူပဘုံ၌ မရှိ။ ဘုရားကိုဖူးမြင်ခြင်း။တရားတော်ကို နာယူခြင်း အကျိုးငှာ။ စက္ခု, သောတ,တို့၌တပ်ခြင်းမကင်းသောကြောင့်။ စက္ခုဝတ္ထု။ သောတဝတ္ထုနှင့်တကွ။ဟဒယဝတ္ထုသုံးပါးကိုသာရအပ်၏။ ထိုသို့ ပသာဒရုပ်ကိုမရငြားသော်လည်း။ နှာခေါင်းစသော သဏ္ဌာန်မူကား။ ဃာနံ အတ္ထိ၊ဃာနပသာဒေါစ၊ ဃာနဝိညာဏဥ္စနတ္ထိ၊ တသ္မာဂန္ဓနဇာနန္တိ ဟု။ဇိနာလင်္ကာရဋီကာမိန့်မှာတော်မူသောကြောင့် ရှိ၏ ဟူ၍ မှတ်အပ်၏။ ။ရူပဗြဟ္မာဘုံ၌။ ဂန္ဓ, ရသ, ဩဇာ, ဖောဋ္ဌဗ္ဗ, တို့သည် ရှိကုန်သော်လည်း။ဆိုမရှိသောကျည်ပွေ့သည်။ထောင်းခြင်းကိစ္စကို မပြီးစေနိုင်သကဲ့သို့။ဆိုနှင့်တူသော။ ဃာန, ဇိဝှာ,ကာယ,အဇ္ဈတ္တိက ဩဇာတို့သည်။ဗြဟ္မာဘုံ၌မရှိသောကြောင့်။ ကျည်ပွေ့နှင့် တူသော ဂန္ဓ၊ရသ၊ဗဟိဒ္ဓဩဇာပထဝီတို့သည်။ ထောင်းခြင်းကိစ္စနှင့်တူသော အာယတနကိစ္စကို မပြီးစေနိုင်ကုန်။ အာယတနကိစ္စကို မပြီးစေနိုင်သော။ ၍ဂန္ဓာရုံစသည်တို့သည်။ တရားသဘောကို မလွန်နိုင်သောကြောင့်။ဓမ္မာယတန၌ အတွင်းဝင်၏ ဟု။ အနုဋီကာ ဆရာမိန့်တော်မူ၏။ ထို့ကြောင့်—ဗြဟ္မာ့ဘုံ၌။ ဥယျာဉ်, ဗိမာန်, စသော ဗဟိဒ္ဓရုပ်လည်း။ဗာဟိရဖြစ်သော။အဋ္ဌကလာပ်ရုပ်ကို ရကောင်းသည် ဖြစ်ရကား။ဗြဟ္မာ့ဘုံ၌။ ဂန္ဓာရုံရှိ၏ ဟူလို၏။

(၃၂) အရူပလေးဘုံ၌ကား၊ ရုပ်၌တပ်ခြင်းကင်းသော။ ဘာဝနာ၏အစွမ်းဖြင့်။အချင်းခပ်သိမ်းဝတ္ထုရုပ်(၆)ပါးလုံးမရှိ။ မနာယတန ဓမ္မာယတန၌အကျုံးဝင်သော။စိတ်,စေတသိက်, တရားအစုမျှသာ၊ ကောင်းကင်ပြင်၌ လေခါတ် တည်သကဲ့သို့ တည်၏ဟူ၍။ အနုမာန မျှက်ရမ်းဆသဖြင့်သိအပ်၏။ ဘုရားပစ္စေကဗုဒ္ဓါတို့၏ တရားတော်

သံကို။ကြားနာရခြင်းတည်းဟူသော။ ပရတောဃောသ, ပစ္စည်းကို မရခြင်းကြောင့်။အရူပဘုံ၌သောတာပန်ကင်းရကား။ သောတာပတ္တိ မဂ်စိတ်ကိုမရပ်ဟူ၍ မှတ်အပ်၏။ ။ဆဝတ္ထုံနိဿိတာကာမေ။ လ။ ဓာတွေကာနိဿိတာမတာ-ဟူသော ဂါထာဖြင့်။ ကာမ တဆယ့် တဘုံ၌ဝတ္ထုရုပ် (၆) ပါး။ဝိညာဏဓာတ်ခုနစ်ပါးကိုရအင်၏။ ဝိညာ ဏဓာတ်ခုနစ်ပါးဟူသည်။ စက္ခု ဝိညာဉ် ဒွေသည် စက္ခု ဝိညာဏ ဓာတ်။သောတဝိညာဉ်ဒွေသည်သောတဝိညာဏဓာတ်။ဃာနဝိညာဉ် ဒွေသည်ဃာနဝိညာဏဓာတ်။ ဇိဝှာဝိညာဉ် ဒွေသည် ဇိဝှာဝိညာဏ ဓာတ်။ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေသည်မနောဓာတ်။ကြွင်းသောစိတ် ခုနစ်ဆယ့် ခြောက် ပါးသည်။မနောဝိညာဏဓာတ်။ ဤသို့ ဓာတ်ခုနစ်ပါးဖြစ်၏။ အသညသတ်ကြဉ်သော ရူပ တဆယ့် ငါးဘုံ၌။ စက္ခုဝတ္ထု၊သောတဝတ္ထု။ ဟဒယဝတ္ထုသုံးပါးကိုသာရ၏။ဓာတ်အားဖြင့်။စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ်။မနောဓာတ်။မနောဝိညာဏဓာတ်လေးပါးကို ရ၏။အရူပဘုံ၌ဝတ္ထုခြောက်ပါးလုံးကိုပင်မရ။ မနောဝိညာဏဓာတ် တပါးသာရ၏။

(၃၃) တေစတ္တာလီသနိဿာယ၊ လ။ ပါကာရုပ္ပါအနိဿိတာ, ဟူသောဂါထာဖြင့်။ ပဉ္စဝတ္ထုကို ကေန်မှီသော စိတ်သည်။ ဒွေ့ပဉ္စ ဝိညာဉ်တဆယ်တည်း၊ ဟဒယဝတ္ထုကို ကေန်မှီသောစိတ်။ မနော ဓာတ်သုံးခု။ တဒါရုံတဆယ့် တခု။ ဒေါသမူဒွေ။ သောတာပတ္တိမဂ်။ ဟသိတုပ္ပါဒ်။ရူပစိတ်တဆယ့် ငါးခု။ ပေါင်းသုံးဆယ့် သုံးပါးတည်း။ နှစ်ရပ်ပေါင်း (၄၃) ပါးသောစိတ်တို့သည်။ ပဉ္စဝေါကာရ ဘုံ၌သာ ဖြစ်ခြင်းကြောင့်။ဝတ္ထုရုပ်ကိုကေန်မှီ၍ဖြစ်ကုန်၏။ ကြွင်းသော အကု သိုလ်စိတ်တဆယ်။ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ်ရှစ်ခု။ မဟာ ကြိယာရှစ်ခု။ အရူပကုသိုလ်လေးခု။ အရူပကြိယာ လေးခု။ သော တာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ခုနစ်ခု အားဖြင့်။ လေး ဆယ့် နှစ်ပါးသောမနောဝိညာဏဓာတ်တို့သည်။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ။ဟဒယဝတ္ထုရုပ်ကိုမှီ၍သာဖြစ်ကုန်၏။ စတုဝေါကာ ရဘုံ၌ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကိုမမှီမူ၍သာဖြစ်ကုန်၏။အ

ရူပဝိပါက်လေးခုတို့သည်။အရူပဘုံ၌သာဖြစ်ခြင်းကြောင့်။ ဝတ္ထုရုပ်(၆) ပါးလုံးကိုမမှီမူ၍သာဖြစ်ကုန်၏။ ဤသို့သော အဓိပ္ပါယ်ကို ပြတော်မူ၏။

(၃၄) စေတသိက်အားဖြင့်။ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခုတို့သည်။ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ,ဆဝတ္ထုကိုမှီ၍ ဖြစ်ကုန်၏၊ရူပဘုံ၌ကားသုံးပါးသောဝတ္ထုကိုသာမှီ၏။စတုဝေါကာရဘုံ၌ဖြစ်သောအခါ,မှီရာဝတ္ထုရုပ်မရှိကုန်။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,စေတသိက်လေးပါးတို့သည်။ဟဒယဝတ္ထုကိုသာ အမြဲမှီကုန်၏။ကြွင်းစေတသိက်လေးဆယ့်တပါးတို့သည်,ဟဒယဝတ္ထုကိုရံခါမှီကုန်၏။အရူပဘုံ၌ ဖြစ်သောအခါ မမှီမူ၍ဖြစ်ကုန်၏။ ။ဤ၌ခန္ဓာငါးပါးရှိသော(၂၆)ဘုံကို ပဉ္စဝေါကာရဘုံ ခေါ်သည်။ နာမက္ခန္ဓာလေးပါးရှိသော။ အရူပလေးဘုံကို။ စတုဝေါကာရဘုံ ခေါ်သည်။ရုပ်ခန္ဓာတပါးသာရှိသော, အသညသတ်ဘုံကို,ဧကဝေါကာရဘုံခေါ်သည်။ ။ဝေါကာရသဒ္ဒါသည်ခန္ဓာကိုဟော၏။

ဝတ္ထုသင်္ဂဟပြီး၏။

အဘိဓမ္မတ္ထသင်္ဂဟသင်္ဂဟကျမ်း၏တတိယပရိစ္ဆေဒပြီး၏။

---

## နမတ္ထု-ဝီထိဝိဘာဂသာ။

(၁) ဤသို့ဝေဒနာစသော,အပြားတို့ဖြင့် ပြွမ်းကုန်သော၊ စိတ်၊ စေတသိက်တို့ကို ရေတွက်ရာ။ ရေတွက်ကြောင်း ဖြစ်သော၊ ပကိဏ္ဏက–သင်္ဂဟကိုပြပြီး၍၊ယခုအခါ၌၊ထိုစိတ်,စေတသိက် တို့၏ဖြစ်စဉ်ဖြစ်ဆက်ကိုရေတွက်ရာရေတွက်ကြောင်းဖြစ်သော,ဝီထိသင်္ဂဟကိုပြတော်မူလိုသော၊ရှင်အနုရုဒ္ဓါ ထေရ်မြတ်သည်။ ။ဘနည်း၊ ဝီထိစိတ္တပရံပရာဟူသည်နှင့်အညီ၊စိတ်တို့၏အခြားမဲ့၊ စိတ္တနိယာမ၏အစွမ်းဖြင့်၊ဆက်စပ်၍ဖြစ်သော စိတ်အစဉ်သည်၊ ဝီထိမည်၏။ ဝီယန္တိဂစ္ဆန္တိ ဧတ္ထာတိ ဝီထိ။ဝီထိဒ္ဓယာတိဝီထိ၊ ဟူသည်နှင့် အညီ။

လူတို့၏သွားလာရာ(ခြီး)အစဉ်နှင့်တူသော စိတ်အစဉ်ဖြစ်၍လည်း။ ဝီထိမည်၏။ပဉ္စသနွေ။ဘဝင်။ပုတိ။ စိတ်တို့သည် အစဉ်မပြတ် ဖြစ်ခြင်းရှိသော်လည်း။ဒွါရဝိမုတ်စိတ်ဖြစ်၍။ စကျွန်ဒွါရစသည်ဖြင့် မဆိုအပ်သောကြောင့်။ဝီထိစိတ်မမည်။ဝီထိမုတ်စိတ်သာ မည်ကုန်၏။ဤသို့ဝီထိစိတ္တုပ္ပါဒ်—ဝီထိမှလွတ်ကုန်သော၊စိတ္တုပ္ပါဒ်တို့၏ ဖြစ်ခြင်းကိုပေါင်း၍ ယူရာ ယူကြောင်း ဖြစ်သော။ ဝီထိသင်္ဂဟကို ပြခြင်းငှါ။ စိတ္တုပ္ပါဒါနမိတ္တော ၊စသောနှစ်ဂါထာဖြင့်။ပုဗ္ဗာနုသန္ဓေ။ပရာနုသန္ဓေ။ စကားကိုမိန့်ကြားတော်မူ၏။

ဒုဂ္ဂတိအဟိတ်။သုဂတိအဟိတ်။ဒွိဟိတ်။တိဟိတ် ပုဂ္ဂိုလ်အားဖြင့် ပုထုဇ္ဇဉ်လေးယောက်။ သောတာပတ္တိဖလဋ္ဌာန်။ သကဒါဂါမိဖလဋ္ဌာန်။အနာဂါမိဖလဋ္ဌာန်အားဖြင့်။ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်။ဤခုနစ်ယောက်တို့သည်သာလျှင်။ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့ မည်ကုန်၏။ပုထုဇ္ဇဉ်လေးယောက်၊ဖလဋ္ဌာန်လေးယောက်။ဤရှစ်ယောက်သော။ ပုဂ္ဂိုလ်တို့သည်သာလျှင်။ စုတေသော ပုဂ္ဂိုလ်တို့ မည်ကုန်၏။မဂ်ပုဂ္ဂိုလ် လေးယောက်တို့သည်။ ပဋိသန္ဓေ နေသည်လည်းမရှိကုန်။စုတေသည်လည်း မရှိကုန်။(ဖေါက်ပြားစုတေ ခန္ဓာ ရွှေ့သော်။ပျော်မွေ့သာယာ။ဟူသောကဗျာနှင့်အညီ ရေးသားရွတ်ဖတ်ရမည်။)နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်။ အသညသတ် ပုဂ္ဂိုတ်တို့မှတပါး။ဘုံ(၃၀)၌ဖြစ်ကုန်သောပုဂ္ဂိုလ်တို့သည်။ အာရုံ၊ အာရမ္မဏိက။မကင်းကြကုန်။ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌။ နိယာမ တရားငါးပါးတို့တွင်။ စိတ္တနိယာမအားဖြင့်။ အာရုံ(၆)ပါး ပစ္စည်း တရားကိုစွဲ၍။ (၆)ဒွါရ၌ဖြစ်သော စိတ်တို့၏ ဖြစ်ခြင်းအစဉ်သည်။ ခြီးအစဉ်နှင့်တူသောကြောင့် ဝီထိမည်၏ဟူလို၊ ။သစ်ပင်တို့၏ တပြိုင်နက်အသီးအပွင့် စသည်ကို ဆောင်ခြင်းသည်။ဥတုနိယာမမည်၏ ထိုထိုသို့သောမျိုးစေ့နှင့်တူသော အသီးဖြစ်ခြင်းသည်၎င်း။ အုန်းသီး၏အထက်၌အပေါက်ရှိသည်၏အဖြစ်သည်၎င်း။ ဗီဇနိယာမမည်၏။တိဟိတ်ဖြစ်သောကံသည်။တိဟိတ်အကျိုးကို၎င်း။ ဒွိဟိတ်အကျိုးကို၎င်း။အဟိတ်အကျိုးကို၎င်း။ ပေးခြင်းသည်။ကမ္မနိယာမမည်၏။ဘုရားလောင်း၏ ဘွားသောအခါ၌။ မြေလှုပ်ခြင်းအစရှိသော

များစွာလည်းဖြစ်သော။ထူးသောအာဖြစ်သည်။ ဓမ္မနိယာမမည်၏။ အာရုံသည်ပသာဒကိုထိခိုက်ခြင်း ကြောင့်။ ပဉ္စဒွါရဝိထိ။ မနောဒွါရ ဝိထိ၌။အာဝဇ္ဇန်းအစရှိသော ဝိထိစိတ်တို့၏ ဖြစ်ခြင်းသည်။ စိတ္တနိ ယာမမည်၏။နိယာမ။နိယမ။နှစ်ချက်သင့်။ ဝိထိ။ဝီထိ။ နှစ်ချက်သင့် အထက်၌သင်ရှားစေအံ့(စကားချပ်။)

(၂) ဤဝိထိသင်္ဂဟ၌။ပဉ္စဒွါရဝိထိ။မနောဒွါရဝိထိ။တဒါရမ္မဏ နိယမ။ဇဝနနိယမ။ပုဂ္ဂလဘေဒ။ဘူမိဝိဘာဂ။ အားဖြင့် ခြောက်ပါး အပြားရှိ၏။ထိုတွင်၊ ပဉ္စဒွါရဝိထိသည်။ စက္ခုဒွါရဝိထိ။လ။ကာယ ဒွါရဝိထိ။အားဖြင့်ငါးပါးရှိ၏။ထိုတွင်၊ စက္ခုဒွါရ ဝိထိသည်။အတိ မဟန္တာရုံတဝိထိ။မဟန္တာရုံနှစ်ဝိထိ။ ပရိတ္တာရုံ ခြောက်ဝိထိ။ အတိ ပရိတ္တာရုံခြောက်ဝိထိ၊ဤသို့လျှင်ဝိထိအားဖြင့် တဆယ့်ငါးပါး။ ဝိသ ယပဝတ္တိအားဖြင့်လေးပါးရှိ၏။ သောတဒွါဝိထိ။ လ။ ကာယဒွါရ ဝိထိတို့သည်လည်း။တဆယ့်ငါးဝိထိစီရှိရကား။ပဉ္စဒွါရ၌။ ဝိထိအ ပြား(၇၅)ပါးရှိ၏။ (အတိမဟန္တာဍ္ဍ။ထင်ခြင်းသို့ရောက်သည်မှစ၍ ၁၆-ချက်သောစိတ်တို့၏ခဏကဲ့သို့သော။ ခဏဟု ဆိုအပ်သော။အ လွန်များသော' အသက်ရှိသော အာရုံဍင်း။ မဟန္တာဍ္ဍ။ထင်ခြင်းသို့ ရောက်သည်မှစ၍ ၁၅-ချက်၊ ၁၄-ချက် သော စိတ်တို့၏ခဏကဲ့သို့ သောခဏဟုဆိုအပ်သော။ များသော အသက်ရှိသော အာရုံဍင်း။ပရိ တ္တဍ္ဍ။ထင်ခြင်းသို့ရောက်သည်မှစ၍ ၁၃-ချက်၊ ၁၂-ချက်၊၁၁-ချက်၊ ၁၀-ချက်၊ ၉-ချက်၊၈-ချက် သောစိတ်တို့၏ ခဏကဲ့သို့သော၊ ခဏဟု ဆိုအပ်သော နည်းသော အသက်ရှိသောအာရုံဍင်း။အတိပရိတ္တဍ္ဍ။ ထင်ခြင်းသို့ရောက်သည်မှစ၍၇-ချက်၊၆-ချက်၊၅-ချက်၊၄-ချက်၊၃-ချက် ၂-ချက်သော စိတ်တို့၏ခဏကဲ့သို့သော၊ ခဏဟုဆိုအပ်သောအလွန် နည်းသောအသက်ရှိသောအာရုံဍင်း။ဘုရားကြီး ဂဏ္ဍိ ဆရာတော်၏ အနက်၊နှုတ်တက်ရန်။)ဝိသယပဝတ္တိသည်၊ဝိထိမုတ္တဝိသယပဝတ္တိ။ ဝိထိဝိသယပဝတ္တိအားဖြင့်နှစ်ပါးရှိ၏။ထိုတွင်၊ ကံ၊ကမ္မနိမိတ်။ ဂတိ နိမိတ်၊သုံးပါးသည်၊ဝိထိမုတ္တဝိသယပဝတ္တိမည်၏။ အတိမဟန္တာရုံ မဟန္တာရုံ၊ပရိတ္တာရုံ၊အတိပရိတ္တာရုံအားဖြင့်ပဉ္စဒွါရဝိသယ ပဝတ္တိ လေးပါး၊ဝိဘူတာရုံ၊အဝိဘူတာရုံအားဖြင့် မနောဒွါရ ဝိသယပဝတ္တိ

နှစ်ပါး။ပေါင်း၍ ၄-ပါးသည်။ ဝိထိဝိသယပဝတ္တိမည်၏။ ဝိသယ ပဝတ္တိကိုအနက်ယောဇနာရာ၌။ ရူပါရုံစသည်, သည်လည်း။စက္ခု ဒွါရစသည်၌ဖြစ်သည်ကိုစွဲ၍။ အာရုံတို့၏ဒွါရတို့၌ ဖြစ်ခြင်းဟုယော ဇနာသည်။စက္ခုဒွါရစသည်၌ဖြစ်သော စိတ်တို့သည်။ ရူပါရုံစသည် ကိုအာရုံပြု၍ဖြစ်သည့်ကိုစွဲ၍အာရုံတို့၌စိတ်တို့၏ဖြစ်ခြင်းဟုယောဇ နာသည်။အာရုံတို့၌စိတ်တို့၏ဖြစ်ခြင်းကို-ဝိထိမုတ္တဝိသယပဝတ္တိ၌ရ အပ်၏။အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းကို။ဝိထိဝိသယပဝတ္တိ၌ရအပ်၏ ဟုအချို့ဝိညူတို့ဆိုကုန်၏။ဗါးကရာနိသျှဆရာတော်ကား။အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းကိုဝိထိမုတ္တဝိသယပဝတ္တိ၌ယောဇနာ၏။အာရုံတို့ ၏ဒွါရတို့၌ဖြစ်ခြင်းအာရုံတို့၌စိတ်တို့၏ဖြစ်ခြင်းဟုအနက်နှစ်မျိုး။ဝိထိ ဝိသယပဝတ္တိ၌ယောဇနာဘော်မူ၏။ဝိထိမုတ္တာနံဟူ သောစကားကို ဝိသယသဒ္ဒါနှင့်သာလျှင်မစပ်အပ်သေး။ ပဝတ္တိသဒ္ဒါနှင့်လည်း စပ် အပ်၏။၍သို့စပ်သည်ရှိသော်။ကံ-ကမ္မနိမိတ်။ဂတိနိမိတ်။ အာရုံတို့၌ ဝိထိမုတ်စိတ်တို့၏ဖြစ်၏ ဟူသော အနက်သည် သင့်၏။ ထို့ကြောင့် အာရုံတို့၏ဒွါရတို့၌ ဖြစ်ခြင်းကို။ ဝိထိဝိသယပဝတ္တိကို ရည်ရွယ် သည်ဟူသောစကားသည်မကောင်း။အကယ်၍ ၍ကဲ့သို့ယူခဲ့သည် ရှိသော်။အတိပရိတ္တာရုံ၌ အချင်းခပ်သိမ်း ဝိထိစိတ်မဖြစ်ခြင်းကြောင့် ဝိသယပဝတ္တိမည်သည်မဖြစ်နိုင်ရာ။ထို့ကြောင့် ဝိထိဝိသယပဝတ္တိ ဝိထိမုတ္တဝိသယပဝတ္တိနှစ်ပါး၌။အနက်နှစ်ပါးပင် ရကောင်း၏ဟူလိုဝ်

ဥပါဒ်,ဌီ,ဘင်,သုံးခုတို့တွင် တခုခုသည် ခဏငယ်မည်၏။ခဏငယ် တို့၏သုံးခုတို့၏အပေါင်းသည်ခဏကြီးတခုမည်၏။(စကားချင်း။)

(၃) ထိုတွင်စက္ခုဒွါရအတိမဟန္တာရုံဝိထိ၌။ဝိထိပါဒက။ ဝိထိ သန္တာနအားဖြင့်နှစ်ပါးရှိ၏။ ထိုတွင် ဝိထိပါဒကသည်လည်း။ စိတ်, စေတသိက်,တို့၏အသက်,ရုပ်တို့၏ အသက်အားဖြင့် နှစ်ပါးရှိ၏။ထို တွင်,ဥပါဒ်,ဌီ,ဘင်,ဟုဆိုအပ်သော ခဏငယ် သုံးချက်ကာလသည်, စိတ်,စေတသိက်တို့၏အသက်မည်၏။စိတ္တက္ခဏ တဆယ့်ခုနစ်ချက် ခဏငယ်ငါးဆယ့်တချက်ကာလသည်။ ဝိညာဉ်တ်ခွေ။ လက္ခဏာရုပ် လေးခုသည်ကြဉ်အပ်သောနှစ်ဆယ့်နှစ်ပါးသော ရုပ်တို့၏ အသက် မည်၏။ ။ဝိညာဉ်တ်ခွေ၏ အသက်သည်။ ခဏငယ်သုံးချက်ကာလရှိ

၍စိတ်ဖြစ်လျှင်ဖြစ်၏။ စိတ်ချုပ်လျှင်ချုပ်၏။ ထိုကြောင့် သတ္တရသာယုကမစေ့။လက္ခဏာရုပ်လေးခုတို့တွင်။ဥပစယရုပ်။ သန္တတိရုပ်တို့ဖို့အသက်သည်။ဥပ္ပါဒက္ခဏာတချက်ကာလရှိ၍ စိတ်ဖို့ဥပ္ပါ ဒက္ခဏာနှင့်တူသော အသက်ရှိကုန်၏။အနိစ္စတာရုပ်ဖို့အသက်သည်။ဘင်္ဂက္ခဏာ တချက်ကာလရှိ၍ စိတ်ဖို့ဘင်္ဂက္ခဏာနှင့်တူသော အသက်ရှိ၏။ဇရတာရုပ်သည် ဧကူနပညာသစိတ္တက္ခဏာနှင့် တူမျှသောအသက်ရှိ၏။ထို့ကြောင့်သတ္တရသာယုကမစေ့။ ဤအကြောင်း တို့ကြောင့်အသက်မပြည့်လေရကား။ ဝိညာတ်ဒွေ-လက္ခဏာရုပ် လေးခုတို့ကိုကြဉ်အပ်ကုန်၏။အာကာသဓာတ်နှင့် လဟုတာဒိတ္တယ ရုပ်တို့သည်အသဘာဝရုပ်ဖြစ်သော့လည်း။ သဘာဝဖြစ်သော ရုပ်တရားတို့ဖို့ထင်ရှားဖြစ်သည်တိုင်အောင်။၁၇ ချက်ခန့် အသက်ရှိသကဲ့သို့ ဖြစ်၍မကြဉ်ရကုန်။

ဝိထိပါဒကပြီး၏။

(၄) စိတ်တို့ဖို့ ဖြစ်ပေါ် ခြင်း သဘောသည်။ ဥပါဒ်ခဏမည်၏။ ပျက်ခြင်းကိုရှေ့ရှုတည်ခြင်းသည်၊ ဌီခဏမည်၏။ ပျက်စီးချုပ်ပျောက်ခြင်းသည်။ဘင်ခဏမည်၏။ ဤခဏသုံးခုအပေါင်းသည်။ ခဏငယ်သုံးချက်မည်၏။ အတီတဘဝင်။ဘဝင်စလန။ဘဝင်ပစ္ဆေဒ။ ပဉ္စဒွါရာဝဇ္ဇန်း။ပဉ္စဝိညာဉ်။သမ္ပဋိစ္ဆိုင်း။သန္တီရဏ။ဝုဋ္ဌော။ဇော(၇)ကြိမ်။တဒါရုံနှစ်ကြိမ်အားဖြင့် စိတ္တက္ခဏ။တဆယ့်ခုနစ်ချက်ရှိ၏။တချက်, တချက်၌။ဥပါဒ်ခဏ။ဌီခဏ၊ဘင်ခဏ, ဟူ၍။ ခဏငယ် သုံးချက်စီရှိသောကြောင့်။စိတ္တက္ခဏကြီး (၁၇) ချက်၌။ ခဏငယ်ပေါင်း (၅၁) ချက်ရှိ၏။ထိုတွင်—အစတချက်သည်။ ရုပ်ဖို့ဥပါဒ်မည်၏။ အဆုံးတချက်သည်ရုပ်ဖို့ဘင်မည်၏။ အလယ် (၄၉) ချက်သည်။ ရုပ်ဖို့ ဌီမည်၏။ရုပ်ဖို့ဥပါဒ်နှင့်ဘင်သည်၊ ခဏငယ်တချက်စီသာရှိ၍။ စိတ်ဖို့ဥပါဒ်, ဘင်, နှင့်တူကြ၏။ရုပ်ဖို့ဌီမှာ၊ ခဏငယ်(၄၉)ချက်ရှိ၍။စိတ်ဖို့ဌီမှာခဏငယ်တချက်သာရှိ၏။ ရုပ်ဖို့ဥပါဒ်နှင့်ရုပ်ဖို့ ဖြစ်စေ ဟူသောအမည်။ဥပစယ ဟူသောအမည်၊ သန္တတိ ဟူသော အမည်သည်

တူ၏။ရုပ်၏ဌီနှင့်ရုပ်၏ဇရတာသည်တူ၏။ရုပ်၏ဘင်နှင့်ရုပ်၏ အနိစ္စတာသည်။(ဝါ)မရဏတာသည်တူ၏။ စိတ်ဟု ဆိုအပ်သော နာမ်တရားသည်၊လျှင်သောဖြစ်ခြင်း ချုပ်ခြင်းရှိ၏။ ရုပ်တရားသည် လေးသောဖြစ်ခြင်းချုပ်ခြင်းရှိ၏။

ဤအရာတွင်—စိတ်မှာ ဌီခဏ မရှိ။ ဥပါဒ်ခဏ။ဘင်ခဏသာရှိ၏။ ဥပမာအားဖြင့်။ အထက်သို့ မြှောက်ပစ်သော ခဲမှာ တည်ခြင်းမရှိ။ တက်ခြင်း,ကျခြင်း,နှစ်ပါးသာ ရှိသကဲ့သို့ မှတ်အပ်၏။ ထို့ကြောင့်-ယမိုက်ကျမ်း။ ကထာဝတ္ထုကျမ်းတို့၌။ ဥပါဒ်ခဏနှင့် ဘင်ခဏနှစ်ပါးကိုသာ ဟောတော်မူသည်ဟု။ မူလဋီကာ၌ အနာန္ဒာဆရာဆိုတော်မူ၏။ဤသို့ဆိုသော်လည်း။ မူလဋီကာ၌ဆောင်၍ ပြအပ်သော။ အထက်သို့မြှောက်ပစ်အပ်သောခဲ၌ပင်။ တက်ခြင်းအရှိန်၏ အဆုံး၌ ဆုတ်နစ်ခြင်းရှိသကဲ့သို့။ စိတ်မှာလည်း ဥပါဒ်ဟု ဆိုအပ်သော ဖြစ်ခြင်း၏အဆုံး၌။ပျက်စီးခြင်းသို့ ရှေ့ရှုသော ဆုတ်နစ်ခြင်းသည် ရှိ၏။ ဤသို့ပျက်စီးခြင်းသို့ရှေ့ရှုသောအခိုက်အတန့်ကို။ဌီခဏ,ဟုမှတ်အပ်၏။အကယ်၍ပျက်စီးခြင်းသို့ ရှေ့ရှုခြင်း မရှိခဲ့သော်။ ဘင်ခဏလည်း မရှိရာ။ထို့ကြောင့်—ဖြစ်ပေါ်ခြင်း၏ အဆုံးမှ ဖြစ်သော-သဘော ကို။ ဌီခဏ၏ပရိယာယ်ပင်မည်၏ဟု မှတ်အပ်၏။ အဘိဓမ္မာပါဠိတော်၌။ ဌီခဏကို မဟောခြင်းသည်၊ ဌီခဏကို မရကောင်းသောကြောင့်။ မဟောသည်မဟုတ်။ မထင်ရှားသော ခဏဖြစ်၍သာ။ မဟောလေသည်ဟုမှတ်အပ်၏။(ဌီတိ၏ဝစနတ္ထကို ဋီကာမဆိုခြင်းသည်။ ဥပါဒ် ဘင်တို့ကဲ့သို့သရုပ်အားဖြင့်ထင်ရှားမရှိ။ ဘင်သို့ ရှေ့ရှုသော အခိုက်မျှကိုသာဌီဟုဆိုလိုသည်။စိတ္တယမိုက်၌။ ဘင်က္ခဏေ၊ဥပ္ပါဒက္ခဏေ ဟူ၍ဟောတော်မူခြင်းသည်။ ဝေနေယျဇ္ဈာသယ သို့လိုက်၍၊ ဓိဂပဒ ဝလဥ္စနနည်းအားဖြင့်ဟောတော်မူသည်။ (ဂဏ္ဌိ။)[စကားချပ်။]

(၅) ဝိထိသင်္ဂြာန၌။ စက္ခုဒွါရ အတိမဟန္တာရုံဝိထိ ဖြစ်စဉ်ဖြစ်ဟန်ကား။ရူပါရုံနှင့်စက္ခုပသာဒတို့။ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍။အတီတဘဝင်။ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ။ ပဉ္စဒွါရာဝဇ္ဇန်း။ စက္ခုဝိညာဉ်။သမ္ပဋိစ္ဆိုင်း။သန္တီရဏ။ဝုဋ္ဌော၊ဇောခုနစ်ကြိမ်။တဒါရုံနှစ်ကြိမ်။ထို့နောင်-ဘဝင်။ဖြစ်ထိုက်သမျှဖြစ်၍ရူပါရုံစက္ခုပသာဒတို့

သည်၊ သဇ္ဇုရသာယုကစေ့သဖြင့်။ (ဝါ)တဆယ့်ခုနစ်ချက်အသက်
စေ့သဖြင့် ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ချုပ်ခြင်းရှိသော။ တဝိထိ
သည်။ အတိမဟန္တာရုံဝိထိမည်၏။ ဤဝိထိသည်။ တဒါရုံအဆုံးရှိသော
ကြောင့်။ တဒါရမ္မဏာဝါရမည်၏။ ထိုအတိမဟန္တာရုံဝိထိ။ တဒါရမ္မ
ဏာဝါရ၏ ဝိထိချဟန်ပုံစံကား။ ဘွင်-ဘွင်-ဟု, သာမညဘဝင် (၁၃)
ကြိမ်။ အတီတဘဝင်။ န။ ဒ။ ပ။ စ။ သံ။ ဏ။ ဝု။ ဇော(၇)ကြိမ်။ တဒါရုံနှစ်
ကြိမ်၊ ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။ ထို့အတူ အတီတဘဝင်
နှစ်ချက်ငင်း၊ သုံးချက်ငင်း။ လွန်၍ တဒါရုံမကျဘဲ။ ဘဝင်ကျ၍ပထမ
ဘဝင်၏ဘင်နှင့်ငင်း။ သဇ္ဇုမဇောဘင်နှင့်ငင်း။ ပြိုင်၍ချုပ်ခြင်းရှိသော
နှစ်ဝိထိသည်။ မဟန္တာရုံ့ဝိထိမည်၏။ ဤဝိထိသည် ဇောအဆုံးရှိ
သောကြောင့်။ ဇဝနဝါရ မည်၏။ ထိုမဟန္တာရုံဝိထိ။ ဇဝနဝါရ၏
ပထမဝိထိချဟန်ပုံစံကား။ ဘွင်-ဘွင် ဟုသာမညဘဝင် (၁၂)ကြိမ်။
အတီတ ဘဝင် နှစ်ကြိမ်။ န၊ ဒ။ ပ။ စ။ သံ။ ဏ။ ဝုဋ္ဌော။ ဇော(၇)ကြိမ်။
ထို့နောင်-ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။ ဒုတိယဝိထိ ချဟန်ပုံစံကား။
ဘဝင်ဘဝင်ဟုသာမညဘဝင်(၁၁)ကြိမ်။ အတီတဘဝင်သုံးကြိမ်။ န
ဒ။ ပ။ စ။ သံ။ ဏ။ ဝုဇော(၇)ကြိမ်ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

(၆) အတီတဘဝင်(၄)ချက်ငင်း။ လ။ (၉) ချက်ငင်း။ လွန်၍
ဝုဋ္ဌောနှစ်ကြိမ်။ သုံးကြိမ်ဖြစ်၍ဇောမကျဘဲ။ ဘဝင်ကျ၍။ ပဉ္စမဘဝင်
နှင့်ငင်း။ စတုတ္ထ။ တတိယ။ ဒုတိယ။ ပထမ ဘဝင်နှင့်ငင်း။ ဒုတိယ။
တတိယ။ ဝုဋ္ဌောနှင့်ငင်း။ ပြိုင်၍ချုပ်ခြင်း ရှိသော။ ခြောက်ဝိထိသည်။
ပရိတ္တာရုံဝိထိမည်၏။ ဤဝိထိသည် ဝုဋ္ဌော အဆုံးရှိသောကြောင့်၊
ဝေါဋ္ဌဗ္ဗနဝါရမည်၏။ ထိုပရိတ္တာရုံဝိထိ-ဝေါဋ္ဌဗ္ဗနဝါရ၏။ ပထမဝိထိ
ချဟန်ပုံစံကား။ ဘွင်, ဘွင်, ဟု သာမညဘွင် (၁၀) ကြိမ်။ အတီတ
ဘဝင်လေးကြိမ်။ န။ ဒ။ ပ။ စ။ သံ။ ဏ။ ဝုဋ္ဌော နှစ်ကြိမ်။ (သုံးကြိမ်ကျ
သည်လည်းရှိ၏။) ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။ ဒုတိယ
ဝိထိချဟန်ပုံစံကား၊ ဘွင်, ဘွင်, ဟုသာမညဘွင် (၉)ကြိမ်၊ အတီတ
ဘဝင် (၅) ကြိမ်။ န။ ဒ။ ပ။ စ။ သံ။ ဏ။ ဝုဋ္ဌော နှစ်ကြိမ်၊ (သုံးကြိမ်ကျ
သည်လည်းရှိ၏။)ထို့နောင်-ဘဝင် ဖြစ်ထိုက်သမျှ။ တတိယဝိထိ ချ
ဟန်ပုံစံကား။ ဘွင်, ဘွင်, ဟု သာမညဘွင်(၈)ကြိမ်။ အတီတဘဝင်

(၄)ကြိမ်။နှ။ဒ။ပ။စ။သံ။ဏ။ဝုဋ္ဌောနှစ်ကြိမ်။ (သုံးကြိမ်ကျသည်လည်း ရှိ၏။)ထိုနောင်-ဘဝင်ဖြစ်ထိုက်သမျှ။ စတုတ္ထဝိထိ ချဟန် ပုံစံကား။ ဘွင်, ဘွင်, ဟု သာမညဘွင် (၇) ကြိမ်။ အတီတဘွင် (၇) ကြိမ်။ နှ။ဒ။ပ။စ။သံ။ဏ။ဝုဋ္ဌောနှစ်ကြိမ်။ (သုံးကြိမ်ကျသည်လည်းရှိ၏။) ထို နောင်-ဘဝင်ဖြစ်ထိုက်သမျှ။ပဉ္စမဝိထိ ချဟန်ပုံစံကား။ ဘွင်, ဘွင်, ဟုသာမညဘွင် (၄) ကြိမ်။ အတီတဘဝင် (၈) ကြိမ်။ နှ။ဒ။ပ။စ။ သံ။ဏ။ ဝုဋ္ဌောနှစ်ကြိမ်။ (သုံးကြိမ်ကျသည်လည်းရှိ၏။) ထိုနောင်- ဘဝင်ဖြစ်ထိုက်သမျှ။ဆဋ္ဌဝိထိချဟန်ပုံစံကား။ ဘွင်, ဘွင်, ဟု သာ မညဘွင် (၅) ကြိမ်။ အတီတဘွင် (၉) ကြိမ်။ နှ။ ဒ။ ပ။ စ။ သံ။ ဏ။ ဝုဋ္ဌောနှစ်ကြိမ်။(သုံးကြိမ်မကျ။)ထိုနောင်-ဘဝင်ဖြစ်ထိုက်သမျှ။

(၇) ဇော (၇) ကြိမ် စောခွင့် မရှိသောကြောင့်။ ဝုဋ္ဌောသည် နှစ်ကြိမ်။သုံးကြိမ်ဖြစ်ရလေသည်။ ဇောမစောသော ဝိထိ၌ တကြိမ် တည်းသာမဖြစ်မရှိ။ နှစ်ကြိမ်, သုံးကြိမ်, ဖြစ်သည်ကား။ ဝုဋ္ဌော၏ သဘောတည်း။အကယ်၍ ဝုဋ္ဌောသုံးကြိမ် ကျသည်ဖြစ်အံ့။ ဝုဋ္ဌော သုံးကြိမ်နောက်။ စတုတ္ထဘဝင်၏ ဘင်နှင့် ပြိုင်၍။ ချုပ်ခြင်းရှိသော တဝိထိ။ ထိုနောင်—တတိယဘဝင်၏ ဘင်နှင့်ငင်း။ ဒုတိယဘဝင်၏ ဘင်နှင့်ငင်း။ပထမဘဝင်၏ ဘင်နှင့်ငင်း။ တတိယဝုဋ္ဌော၏ ဘင်နှင့် ငင်း။ပြိုင်၍ချုပ်ခြင်းရှိသော(၅)ဝိထိ၏ဆဋ္ဌဝိထိသည်ဒုတိယဝုဋ္ဌော ၏ဘင်နှင့်ပြိုင်၍ချုပ်ရကား။တတိယဝုဋ္ဌောမဖြစ်ထိုက်၍ဉာဏ်မရအပ်။

(၈) အတီတ ဘဝင် (၁၀) ချက်ငင်း။ လ။ (၁၅) ချက်ငင်း။ လွန်၍။ဘဝင်္ဂစလနနှစ်ကြိမ်ဖြစ်၍။ ဝိထိစိတ်မကျဘဲ ဘဝင် ကျ၍။ ပဉ္စမဘဝင်နှင့်ငင်း။ စတုတ္ထ။ တတိယ။ဒုတိယ။ ပထမ,ဘွင်နှင့်ငင်း။ ဒုတိယဘဝင်္ဂစလနနှင့်ငင်း။ပြိုင်၍ချုပ်ခြင်းရှိသောခြောက်ဝိထိသည်။ အတိပရိတ္တာရုံဝိထိမည်၏။ ဤဝိထိသည် ဝိထိစိတ်တို့၏ ဖြစ်ခြင်းမရှိ သည်၏ အဖြစ်ကြောင့်။ မောဃဝါရ မည်၏။ ။ဤသို့လျှင်-စက္ခု ဒွါရသည်။ တဆယ် ငါးဝိထိဖြစ်၏။ သောတ၊ဃာန၊ ဇိဝှာ၊ ကာယ ဒွါရဝိထိတို့သည်လည်း။တဆယ် ငါးဝိထိစီအသီးသီးရှိကုန်ရကား။ ပဉ္စဒွါရဝိထိပေါင်းခုနစ်ဆယ့် ငါးဝိထိဖြစ်၏ ဟုလိုဝ်။

အတိမဟန္တာရုံဝိထိသည်။ရူပပဋိသန္ဓေဖြစ်မှုတဒါရုံမကျ။ကာမပဋိသန္ဓေဖြစ်မှုတဒါရုံကျမကျနှစ်မျိုးရှိ၏။ ပထမမဟန္တာရုံ ဝိထိသည် ကာမပဋိသန္ဓေဖြစ်၏။ဒုတိယမဟန္တာရုံဝိထိသည်။ကာမပဋိသန္ဓေ။ရူပပဋိသန္ဓေတို့၌ဖြစ်၏။ပရိတ္တာရုံ(၄)ဝိထိသည်။ ကာမပဋိသန္ဓေ။ရူပပဋိသန္ဓေတို့၌ဖြစ်၏။ ဤပရိတ္တာရုံဝိထိဖြစ်ပြီးသည် ရှိသော်။ မြင်လိုက်သလို ကြားလိုက်သလိုဟု အောက်မေ့ တွေးတော ရတတ်၏။ဤသို့ပြောဆိုရသောနောက်ကာလဖြင့်။ ပဉ္စဒွါရ- ဝေါဋ္ဌဗ္ဗနဝါရဖြစ်ရာရှေးကာလကိုမှတ်၍ပြသည်။အတိပရိတ္တာရုံ ၆ ဝိထိ၌။ ဝုဋ္ဌော နှစ်ကြိမ်သုံးကြိမ် ဖြစ်ခွင့်မရသောကြောင့်။ ဘဝင်္ဂပဉ္စဒွါရမဖြစ်မှု၍။ ဘဝင်္ဂစလနချည်းသာဖြစ်လေသည်၊ ဝိထိစိတ်ဖြစ်တို့ရှိမှ။ ဘဝင်္ဂပစ္ဆေဖြစ်မြဲတည်း။ ဝိထိစိတ်တို့၏ဖြစ်ခြင်းသည်, အာဝဇ္ဇန်းသာလျှင် ပြခါနီးခြင်းရှိ၏။ အတိမဟန္တာရုံ။မဟန္တာရုံ။ပရိတ္တာရုံတို့၌။ ပဉ္စဝိညာဉ်၏မှီရာ။ ပုရေဇာတပစ္စည်းတပ်သော။ပဉ္စပသာဒကိုရွေးချယ်၍ ပြခြင်းငှါ။ မန္ဒာယုက။အမန္ဒာယုက။မဇ္ဈိမာယုက။ကိုဆရာတို့ ပြကြသည်။ အတိပရိတ္တာရုံ(၆)ဝိထိ၌ကား။ အာရုံ၏ အလွန်အားနည်းသည်၏ အဖြစ်ကြောင့်။ပဉ္စာရုံနှင့် ပဉ္စပသာဒတို့၏ ထိခိုက်ခြင်းရှိသော်လည်း။ ဝိထိစိတ်တို့၏ဖြစ်ခြင်းမရှိ။ ဘဝင်လှုပ်ခြင်းမျှသာရှိ၍။ မှီတတ်သော ပဉ္စဝိညာဉ်ပင်မရှိရကား။မှီရာပသာဒကို ရွေးချယ်၍ ပြဘွယ်မရှိ။ပြလိုသော်လည်း၊ဝိထိစိတ်ပင်မဖြစ်သောကြောင့်။ (ဝါ) ပဉ္စဒွါရာဝဇ္ဇန်း စိတ်ပင် မပါ ဖြစ်၍ ပြခြင်းငှါ မသင့် သောကြောင့်။ မန္ဒာယုက စသော သုံးပါး လုံးကို မရွေးချယ် ရပြီ။ အတိပရိတ္တာရုံ ဝိထိ၌ ပဉ္စာရုံသည်။ပဉ္စပသာဒအားထင်ခြင်းသို့ရောက်၍ ဘဝင်လှုပ်ခြင်း ရှိသဖြင့်၊ဝိထိစိတ်ဟန်ပုံသဏ္ဌာန် ရှိသော်လည်း။ အာရုံ၏ အားနည်းသည်၏အဖြစ်ကြောင့်၊ဝိထိစိတ်စိုးစဉ်းမျှမဖြစ်လာမှု၍။ ရွာဟန်ဆင်လျက်၊ တစက်တပေါက်မျှ မရွာသောမိုဃ်းနှင့်တူ၏။ ဤအတိပရိတ္တာရုံဝိထိသည်။ကာမပဋိသန္ဓေ၊ရူပပဋိသန္ဓေတို့၌ဖြစ်၏။(စကားချပ်။)

ရူပါရုံသည် စက္ခုပသာဒအား။ သဒ္ဒါရုံသည်သောတပသာဒအားထင်ခြင်းသို့ရောက်လာဝယ်။ ရူပါရုံ, သဒ္ဒါရုံ, တို့သည်။မိမိတို့

တည်ရာအရပ်၌တည်ကုန်၍သာလျှင်။စက္ခုပိဉာဉ်။သောတပိဉာဉ်တို့၏ကျက်စားရာအာရုံ၏အဖြစ်သို့ရောက်ကုန်၏။ စက္ခု၊ သောတရှိရာသို့သွား၍ရောက်ကုန်သည်မဟုတ်။ထိုကြောင့်ပုဂ္ဂိုလ်၏နှလုံးသွင်းအားလျော်စွာ။များစွာသော ရပ်ကလာင်၌တည်သော။ ရူပါရုံ။သဒ္ဒါရုံတို့သည်။ထင်ခြင်းသို့ရောက်၏။ ယင်းသို့ဖြစ်ခဲ့သော်။ စက္ခုပိဉာဉ်သည်အပေါင်းကိုအာရုံပြုသော အဖြစ်သည် ရောက်ခဲ့သည်မဟုတ်လောဟူငြားအံ့ ။ပရမတ္ထအားဖြင့်။အစိတ်မှလွတ်သော အပေါင်းတရားမည်သည်မရှိ။အစိတ်အစိတ်သောရူပါရုံသည်ပင်လျှင်။ ထမ်းစင်ထမ်းသောနည်းအားဖြင့်ပေါင်းရုံး၍။ စက္ခုပိဉာဉ်အား။ အာရမ္မဏပစ္စည်းတပ်၏။ဝါ။ထင်ကုန်၏။ ထိုသို့ပေါင်းရုံး၍ ထင်လာကုန်ငြားသော်လည်း။အပေါင်းအားဖြင့်အာရုံကိုမပြုတတ်။အကယ်၍ စက္ခုသောတနှစ်ပါးသည်မိမိတို့၏အနီး၌ဖြစ်သော, ရူပါရုံ,သဒ္ဒါရုံ,ကိုအသီးသီးယူသည်ဖြစ်ခဲ့အံ့ ။မျက်စိဖြင့် မျက်လုံး၏အသင်း မျက်မှောင်ရင်းကိုမြင်ရာ၏။နားဖြင့် သဒ္ဒါရုံ၏ကြားရသော အရပ်မျက်နှာကိုမမှတ်နိုင်ရာ။ထိုသို့လည်းမမြင်နိုင်သည်မဟုတ်။မမှတ်နိုင်သည်မဟုတ်။အသံကိုနားထောင်၍ ပစ်သော လေးသမားကဏ်း၏. မိမိနားတွင်း၌များသည်ကျရာ၏၊ထိုသို့လည်းမကျ။အဝေး၌ တည်ကုန်သောသူတို့သည်။ခဝါဖွပ်သံစသည်တို့ကို ကြားမြင်မှ ကြားရသော ကြောင့်။ သဒ္ဒါရုံသည်သောတရှိရာသို့ရောက်၍ထင်မှတ်သင့်ငြား သော်လည်း ဝေးသောအာရုံ။နီးသောအာရုံ၊တို့ကိုယူခြင်း ထူးသောကြောင့်သာထင်သည်။သဒ္ဒါရုံသည်,သောတရှိရာသို့မရောက်။ ထို့ကြောင့်ရူပါရုံ။သဒ္ဒါရုံတို့သည်။စက္ခု၊သောတ၊ ရှိရာသို့မသွားမူ၍။ မိမိတို့တည်ရာအရပ်၌တည်သျက်ပင်။ထင်ခြင်းသို့ ရောက်ကြောင်းကိုသိအပ်၏။ ။ကြွင်းသော။ဂန္ဓာရုံ။ရသာရုံ။ဖေါဋ္ဌဗ္ဗာရုံတို့သည်။ဃာနပသာဒ၊ ဇိဝှာပသာဒ။ကာယပသာဒတို့၌။ကပ်ငြိထိပါးကုန်သည်ဖြစ်၍ သာလျှင်။တခုတည်းသောကလာပ်၌တည်ကုန်သော အာရုံတို့သည်။ ထင်ခြင်းသို့ရောက်ကြောင်းကိုသိအပ်၏။

မဟာအဋ္ဌကထာ၌ပသာဒရုပ်ငါးပါးလုံးပင် သမ္ပတ္တဂေါစရ ရုပ်ဟုဆိုသည်။ အရှင်ဗုဒ္ဓဃောသသည်, အဋ္ဌကထာသစ်ကို ပြုရာ၌မ

ကြိုက်သောကြောင့်စက္ခုပသာဒရုပ်နှစ်ခုတို့သည်။ အသ မ္ဗတ္တဂေါစရရုပ်မည်၏ဟုဆုံးဖြတ်တော်မူ၏။ ယင်းသို့ဆုံးဖြတ်သော်လည်း။ အချို့ဝိညူတို့ကား။ အဆင်းနှင့် သဏ္ဌာန်သာ ရူပါရုံမဟုတ်, အရိပ်,အရောင်,အလင်းတို့သည်လည်း။ ရူပါရုံပင် ဖြစ်သောကြောင့်။ အဆင်းသဏ္ဌာန်သည်,စက္ခုပသာဒသို့ မကပ်ရောက်ငြားလည်း။ မြင်ရသောဝတ္ထု၏အရိပ်အရောင်,အလင်းတို့သည်။ စက္ခုပသာဒသို့ကပ်ရောက်မှသာ့မြင်အပ်သောဝတ္ထုကို မြင်နိုင်သည်။ ဘုရားပွင့်သည်မှ သာသနာတော်(၉၀၀)ကျော်တိုင်ရူပါရုံ,သဒ္ဒါရုံတို့သည်၊သွားတတ်လာတတ်သည်ဟု မဟာအဋ္ဌကထာအတိုင်း မှတ်သား ကြသည်။ အရှင်ဗုဒ္ဓဃောသအဋ္ဌကထာသစ် ရေးသည်မှစ၍။ သာသနာတော်နှစ်ပေါင်း ၁၅၀၀ ကျော်တိုင်တိုင် မဟာအဋ္ဌကထာ၏စကားကိုဖျက်၍ကျမ်းပြုဆရာအဆက်ဆက်တို့သည်။ ရေးသားကြ၏။ ကြိုက်ရာယူနိုင်၏ဟုဆိုတော်မူကြ၏။ (စကားချပ်။)

အတီတဘွင်ဟူသည်။ မိမိဟုဆိုအပ်သော။ ဘွင်စိတ်။ ရူပါရုံ, စက္ခုပသာဒတို့သည်။ အတူဥပါဒ်ပြိုင်၍ ဖြစ်ကြကုန်၏။ ထိုတွင်။ စက္ခုပသာဒနှင့်ရူပါရုံသည်။ တခုသောစိတ္တက္ခဏကိုလွန်၍။ ဘဝင်္ဂစလနာ၏ဥပါဒ်၌ထင်ခြင်းသို့ မရောက်မှီ။ ဘင်ခဏ၌ပင်သေလွန်ချုပ်ပျောက်လေသောကြောင့်။ ထိုဘဝင်ကို သေလွန်ရစ်သောဘွင်(ဝါ) အတီတဘဝင်(ဝါ)လွန်သောဘဝင်ဟုဆိုအပ်၏။ အာရုံ မထင်သည်ကိုလွန်သည်ဆို၏။ ဘဝင်္ဂစလန၏ဥပါဒ်ခဏ်နှင့်ရင်၏ ဌီခဏသို့ ရောက်မှ။ အာရုံထိခိုက်သည်။ (ထိခိုက်သည် ထင်သည်ဆိုသော စကားသည်အတူတူပင်တည်း။) အတီတဘဝင်၏ ဥပါဒ်၌ရှိသော, စက္ခုပသာဒနှင့်ဗဟိဒ္ဓရူပါရုံသည်၊ အတီတဘွင်မှာအတူဥပါဒ်ရုံသာ။ ထင်ခြင်းသို့ မရောက်သေး။ ထင်၏ဟူသည်ပေါင်းဆုံမိသည်။ ပေါင်းဆုံမိသည်ဆိုသော်လည်း။ အာရုံအာရမ္မဏိကသတ္တိဖြင့်ကျေးဇူးပြုနှင့်သည်ဟူ၏။ စက္ခုဒွါရိကဝိထိစိတ်တို့၏အာရုံမဖြစ်သေး။ ဝိထိတို့စိတ်ကား ရူပါရုံဖြစ်ပြီးသည်နောက်။ အတီဘွင်၏ ဌီ၊ ဘင်နှစ်ချက်။ ဘဝင်္ဂစလန၏ ဥပါဒ်, ဌီ၊ဘင်၊သုံးချက်။ ဘဝင်္ဂုပစ္ဆေဒ၏ ဥပါဒ်၊ဌီ၊ ဘင်၊ သုံးချက်။

ပေါင်း ဤရှစ်ချက်သော ခဏငယ်အစွန့်ကြာမှုဖြစ်သည်။ ထို့ကြောင့် ရူပါရုံသည်ဝိထိစိတ်မဖြစ်ဖို့။ ခဏငယ်ရှစ်ချက်ခန့် ကာလကပင်၊ဝိထိ စိတ်တို့၏အာရုံဖြစ်နိုင်သည်(ဝိထိစိတ်တို့ကိုမိမိ၏ အာရမ္မဏပစ္စယ သတ္တိဖြင့်ကျေးဇူးပြုသင့်သည်ဟူလိုဝ်။)(စကားချင်း)

ဤအရာ၌။စက္ခုပသာဒနှင့်ရူပါရုံထိခိုက်ခြင်း အဟုန်ကြောင့်၊ဘဝင် ၏အစဉ်သည် ပြတ်သည်ရှိသော်၊ အဆောတလျင် မပြတ်မူ၍၊လျင် သောအဟုန်ဖြင့်ပြေးသောယောကျ်ားသည်၊ရပ်ခြင်းငှါ အလိုရှိသော် လည်း၊တချ၊နှစ်ချသောဘဝါးလှမ်းအကြိမ်တို့ကို လွန်၍ရပ်သကဲ့သို့။ ထို့ အတူနှစ်ကြိမ်ဖြစ်၍ဘဝင်ပြတ်၏။ ။အရှင် အနုရုဒ္ဓါဆရာ၏အ လိုအားဖြင့်၊နှစ်ကြိမ်လုံးကိုပင်၊ ဘဝင်္ဂစလနချည်း အမည် ပေးလို သည်၊ပထမဘဝင်စိတ်သည်။ လှုပ်သကဲ့သို့ ဖြစ်တတ် သောကြောင့်၊ ဘဝင်္ဂစလန၊ဒုတိယဘဝင်၊စိတ်သည်၊ဖြတ် ဝါ-ပြတ်သော အခြင်းအ ရာအားဖြင့်ဖြစ်ခြင်းကြောင့်၊ဘဝင်ဂုပစ္ဆေဒဟု, ဆရာကြီးတို့ အမည် ပေးကြသည်၊ထိုတွင်အရှင်အနုရုဒ္ဓါဆရာ၏အလိုသည်၊အတိပရိတ္တာ ရုံ၌၊ ဘဝင်ပြတ်ခြင်းမရှိ လှုပ်ရုံသာဖြစ်သောကြောင့်၊ မချသင့်သည်၊ ဆရာကြီးတို့ပေးကြသောအမည်မှာ၊အတိပရိတ္တာရုံသို့ ရောက်သည့် ကာလ၊ပုဗ္ဗဝေါဟာရ၊ဘူတပုဗ္ဗဂတိကနည်းဟုဆိုအပ်သောအတွင်း ရှိ၌အားဖြင့်သာ၊ ဘဝင်္ဂုပစ္ဆေဒအမည်ကိုရသည်၊ ဆိုလိုရင်းကား ပြေးသောအဟုန်ကိုမသတ်နိုင်၍တဘဝါးနှစ်ဘဝါးလှမ်းပြီးမှ ရပ်သ ကဲ့သို့၊ဘဝင်အဟုန်ကိုမသတ်နိုင်၍နှစ်ကြိမ်ဖြစ်ပြီးမှပြတ်သည်ဟူလိုဝ်။ ဓရးဘဝင်စိတ်နှင့် မတူသော ပဉ္စဒွါရ ဝဇ္ဇန်းစသော ဝိထိစိတ်၏ အကြောင်းအဖြစ်သို့ရောက်ခြင်းသည်၊ ဘဝင်္ဂစလနမည်၏၊ ။ဝိထိ စိတ်ဖြစ်ပေါ်ဖို့ရန်၊ဘဝင်လှုပ်၍ပြတ်၍ပေးရသည်ဟူလိုဝ်။(စကားချပ်)

ဤ၌စက္ခုပသာနှင့်ရူပါရုံထိခိုက်သည်ရှိသော်၊ စက္ခုပသာဒ၏မှီ ရာမဟာဘုတ်၏လှုပ်ခြင်းသည်သင့်တန်စေ, ဟဒယဝတ္ထု၌ မှီသော ဘဝင်စိတ်၏လှုပ်ခြင်း၊ပြတ်ခြင်းသည်အဘယ်သို့သင့်နိုင်အံ့နည်းဟူမူ။ စက္ခု ပသာဒသည်မဟာဘုတ်၌မှီသည်၊ မဟာဘုတ်တို့သည် အချင်းချင်း စပ်ကြသည်။ယင်းမဟာဘုတ်၌ ဟဒယဝတ္ထုရုပ်မှီသည်။ ဟဒယ ဝတ္ထုရုပ်၌ ဘဝင်စိတ်မှီသည်။ ဤသို့တစပ်တည်း စပ်သည်၏အဖြစ်

ကြောင့်ဟဒယဝတ္ထုကိုမှီသောဘဝင်စိတ်၏လှုပ်ခြင်း၊ ပြတ်ခြင်းသည် သင့်၏ဟုလိုသည်။ တနည်း။ တရသော အာရုံသည် နှစ်ဒွါရ၌ထင်ခြင်းသို့ ရောက်၏၊ ထို့ကြောင့်ရူပါရုံသည်စက္ခုပသာဒကိုထိခိုက်၍၊ ထိုခဏ၌ပင်လျှင်မနောဒွါရ၌ထင်ခြင်းသို့ ရောက်၍၊ ဘဝင်တုံလှုပ်ခြင်း၊ ပြတ်ခြင်း၏အကြောင်းဖြစ်၏ဟုလိုသည်။ သောတပသာဒ၊ သဒ္ဒါရုံစသည်တို့၌ လည်းနည်းတူမှတ်အပ်၏။

ဥပမာ-စည်၏တဘက်သော မျက်နှာအပြင်တည်သော၊ သကာခဲ၌၊ ယင်နားစဉ်-တဘက်သောစည်မျက်နှာအပြင်ကို။ လက်ခတ်အစ ရှိသည်ဖြင့်တီးသည်ရှိသော်။ အစဉ်သဖြင့် စည်ကြက်သော သားရေကြိုးအစရှိသည်တို့၏လှုပ်ခြင်းကြောင့်၊ သကာခဲ လှုပ်သည်ရှိသော်။ ယင်၏ပျံသွားခြင်းဖြစ်သကဲ့သို့။ ထို့အတူ-ရူပါရုံသည်၊ စက္ခုပသာဒကိုထိခိုက်သည်ရှိသော်။ ထိုပသာဒ၏မှီရာ မဟာဘုတ်သည်လှုပ်၏။ အစဉ်သဖြင့်ထိုမဟာဘုတ်နှင့် စပ်သော။ မဟာဘုတ်မှကြွင်းသော။ မဟာဘုတ်နှင့်တကွဖြစ်သော။ ဝတ္ထုရုပ်၊ ဟဒယဝတ္ထုဒသကတို့၏ လည်း လှုပ်ခြင်းကြောင့်။ ထိုဟဒယဝတ္ထုကိုမှီ၍ဖြစ်သောဘဝင်စိတ်၏ လှုပ်သောအခြင်းအရာအားဖြင့်ဖြစ်၏။ စည်လက်ခတ်နှင့်ဗဟိဒ္ဓရူပါရုံ နှင့်တူ၏၊ စည်မျက်နှာနှင့်စက္ခုပသာဒနှင့်တူ၏။ ပန်းကုန်းကြိုးနှင့်စက္ခု ဒသကကလာပ်၌ရှိသောဘုတ်နှင့်တူ၏၊ သကာခဲ ရှိသော စည်မျက် နှာနှင့်ဟဒယဝတ္ထုဒသက ကလာပ်၌ရှိသောဘုတ်နှင့်တူ၏၊ ဟဒယ ဝတ္ထုနှင့်သကာခဲနှင့်တူ၏၊ ယင်နှင့်မနောဝိညာဏဓာတ် တည်းဟူ သောဘဝင်စလနနှင့်တူ၏၊ သောတပသာဒ၊ သဒ္ဒါရုံ စသည် တို့၌ လည်း၊ နည်းတူမှတ်အပ်၏။ [စကားချုပ်။]

(၄) ထို့နောက်-ဘဝင်၏ အလျဉ်ကိုဖြတ်၍။ ထိုရူပါရုံကိုသာ လျှင်။ ဤရူပါရုံသည်အဘယ်သို့သဘောရှိသနည်း။ ဤသို့ဆိုသကဲ့သို့။ နှလုံးသွင်းခြင်းကို ပြုတတ်သော၊ ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်၏။ ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်၏အခြားမဲ့၌။ ထိုရူပါရုံကိုမျက်မှောက်ပြုသော အားဖြင့်၊ ရှုတတ်သော စက္ခုဝိညာဉ်စိတ်သည်ဖြစ်၏။ ထိုနောင်-ထိုရူ ပါရုံကိုပင်လျှင်။ စုံစမ်းသကဲ့သို့ဖြစ်သော၊ သန္တီရဏစိတ်သည်ဖြစ်၏

ထိုနောင်-ရူပါရုံကိုပင်လျှင်။ ကောင်းစွာ မှတ်လင့် သကဲ့သို့သော။ ဝမ္မောစိတ်သည်ဖြစ်၏။ ဤသို့သောစိတ်တို့သည်။ အစဉ်အတိုင်းဖြစ်၍ချုပ်ကုန်၏။ ထိုဝမ္မော ချုပ်ပြီးသည်နောက်၌။ တခုယုတ်သုံးဆယ်ကုန်သော။ကာမဇောတွင်။အမှတ်မရှိတခုခုသောဇောသည်။ ယောနိသောမနသိကာရ စသည်တို့၏ အစွမ်းအားဖြင့်။ ရအပ်သော အကြောင်းရှိသည်ဖြစ်၍။များသောအားဖြင့် ခုနစ်ကြိမ် စော၏။ တွေဝေမိန်းမောသော အခါ။ သေခါနီးသော အခါ၌လည်း။ ခြောက်ကြိမ်, ငါးကြိမ်, ကုန်သော။ ဇောစိတ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့်-ဤအရာ၌။ယောဘုယျသဒ္ဒါကို။ ရှင်အနုရုဒ္ဓါဆရာသည် မိန့်တော်မူအပ်၏။ ထို့နောင်အလျဉ်၏ရှေ့ရှုအထက်သို့သွားသောလှေသို့။မြစ်ရေအလျဉ်သည်အစဉ်လိုက်သကဲ့သို့။ ဇောသို့အစဉ်လိုက်၍ဖြစ်ကုန်သော။ သန္တီရဏစိတ် သုံးခု။ မဟာဝိပါက်စိတ် ရှစ်ခု, ဟု ဆိုအပ်ကုန်သော တဆယ့်တခုကုန်သော စိတ်တို့သည်၊ ထိုဇော၏ အာရုံလျှင် အာရုံရှိကုန်သည်ဖြစ်၍။ တဒါရုံကိစ္စတင်၍ နှစ်ကြိမ်ဖြစ်ကုန်၏။ ထိုနောင်ဋ္ဌိတို့ထိုက်သည်အားလျော်စွာ။ပဋိသန္ဓေနေသောအခါ၌ ဖြစ်သော။ ဝိပါက်စိတ်သည်။ဝိထိစိတ်၏အစွမ်းဖြင့်မဖြစ်မူ၍။ ဘဝင်၏ အဖြစ်ဖြင့်ဖြစ်၏။

ဥပမာဖြင့်-ချဉ်းအံ့။ ။အသီး ရှိသော သရက်ပင် အောက်၌။ ဦးခေါင်းနှင့် တကွသော။ ကိုယ်ကိုခြုံ၍။ အိပ်သောယောကျ်ားတယောက်သည်။ အနီး၌ကျသော သရက်သီး၏ အသံဖြင့် နိုး၍။ ဦးခေါင်းမှ ပုဆိုးကို ပယ်၍။ မျက်စိကိုဖွင့်၍ ကြည့်ရာမြင်သောကြောင့်။ ထို သရက်သီးကို ယူ၍။ ဆုတ်နယ်၍။ နမ်း၍ မှည့်သည်၏အဖြစ်ကိုသိ၍ သုံးဆောင်၍ ခံတွင်း၌တည်သော သရက်သီးကို။ သလိပ်နှင့်တကွမျို၍။ တဖန်-ထိုအရပ်၌ ပင်လျှင် အိပ်၏။ ။ထိုဥပမာစကား၌။ယောကျ်ား၏ အိပ်ပျော်သောကာလကဲ့သို့။ ဘဝင်ဖြစ်သောအခါကိုမှတ်အပ်၏။ သရက်သီး ကျသော ကာလကဲ့သို့။ အာရုံ၏ပသာဒနှင့်ထိခိုက်သောကာလကိုသိအပ်၏။ထိုသရက်သီး၏အသံဖြင့်နိုးသောကာလကဲ့သို့၊ အာဝဇ္ဇန်းဖြစ်သော ကာလကိုမှတ်အပ်၏။ဦးခေါင်းကိုဖွင့်၍ကြည့်သောကာလကဲ့သို့။ စက္ခုဝိညာဉ်၏

ဖြစ်သောကာလကိုသိအပ်၏။ သရက်သီးကို ယူသောကာလ ကဲ့သို့။ သမ္ပဋိစ္ဆိုင်းဖြစ်သောကာလကိုသိအပ်၏။ သရက်သီးကို နယ်သော ကာလကဲ့သို့။ သန္တီရဏဖြစ်သော ကာလကိုသိအပ်၏။ သရက်သီး ကိုနမ်းသောကာလကဲ့သို့။ ဝုဋ္ဌောဖြစ်သော ကာလကိုသိအပ်၏။ သုံး ဆောင်သောကာလကဲ့သို့။ ဇောဖြစ်သောကာလကိုသိအပ်၏။ သလိပ်။ နှင့်တကွမျိုသောကာလကဲ့သို့။ တဒါရုံဖြစ်သော ကာလကိုသိအပ်၏။ တဖန်–ထိုသရက်ပင်အောက်၌ သာလျှင်။ အိပ်သောကာလ ကဲ့သို့ ဘဝင်ကျသောကာလကိုသိအပ်၏။ [စကားချပ်။]

(၁၀) ပဉ္စဒွါရာဝဇ္ဇန်း စိတ်မှ ပဋိလောမ၏ အစွမ်း အားဖြင့်။ ရေတွက်အပ်ကုန်သော။ တဆယ့်ခုနစ်ချက် ကုန်သော စိတ်တို့တွင် အစဘဝင်စိတ်၏ဘင်,ကာလမှစ၍။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘင်,တိုင် အောင်။ တရယုတ်ငါးဆယ်ကုန်သော။ ခဏတို့၌ဖြစ်သော။ တရယုတ် ငါးဆယ်ကုန်သောပသာဒတို့သည်။ စက္ခုပသာဒ မည်ကုန်၏။

ထိုတရယုတ်ငါးဆယ်ကုန်သောစက္ခုပသာဒ တို့တွင်။ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက၊ ပသာဒတို့သည်။ သဗ္ဗရသာယုက ချည်းဖြစ်၍။ အသက် အရှည် အတို မရှိပြားလည်း။ ပဉ္စဒွါရ ဝီထိစိတ်တို့၏အာရုံဖြစ်သော။ ပဉ္စာရုံနှင့်ပြိုင်၍ချုပ်သည်။ ရှေးဦးချုပ် သည်, နောက်မှချုပ်သည်ကိုခွဲး၍။ စက္ခုဒွါရအတိမဟန္တာရုံ ဝီထိ၌။ ပဌမဘဝင်၏ဘင်,ကစ၍ တေရသမဘဝင်၏ဘင်,တိုင်အောင် ဖြစ် ကုန်သော။ သုံးဆယ့်ခုနစ်ပါးကုန်သောစက္ခုပသာဒတို့သည်။ ဒုတိယ တဒါရုံချုပ်သည်မှရှေ့ကာလ၌ချုပ်သောကြောင့်။ (၀ါ) ထိခိုက်သော ရူပါရုံမချုပ်မှီချုပ်ခြင်းကြောင့်။ (၀ါ) အတီတဘဝင်နှင့် ဥပါဒ်ပြိုင်၍ ဖြစ်သောရူပါရုံအောက်။ နည်းသောတိုသောအသက်ရှိသောကြောင့်။ မန္ဒာယုကမည်၏။ အတီတဘဝင်၏ ဌီ,မှစ၍ပဉ္စဒွါရာဝဇ္ဇန်း၏ဘင်,နှင့် အတူ ဥပါဒ်သော။ တဆယ့်တခုသော။ စက္ခုပသာဒ တို့သည်။ ဒုတိယတဒါရုံချုပ်သည်မှနောက်ကာလ၌ချုပ်သောကြောင့်။ (၀ါ)။ ထိခိုက်သော ရူပါရုံချုပ်သည်တိုင်အောင်။ မချုပ်သေးသောကြောင့် (၀ါ)၎င်းရူပါရုံနှင့်အသက်မျှ။ ဒုတိယတဒါရုံ၏ နောက်၌ဖြစ်သော

ဘဝင်တို့၏အခိုက်မှာချုပ်သာဖြင့်။ ရူပါရုံထက်ရှည်သော အသက်ရှိသောကြောင့်။ အမဟန္တာရမည်၏။ အတီတဘဝင်၏ ဥပ္ပါဒက္ခဏာ၌ဖြစ်သော။ စက္ခုပသာဒတခုသည်၊ ဒုတိယတဒါရုံနှင့်ပြိုင်၍ ချုပ်သောကြောင့်။ (၀၁) မိမိနှင့် ထိခိုက်သော ရူပါရုံနှင့်ပြိုင်၍ ချုပ်ခြင်းကြောင့်။ (၀၁) ရူပါရုံနှင့်မျှသောအသက်ရှိသဖြင့်။မရှည်မတိုအလယ်အလတ်အသက်ရှိ၏ဟု ဆိုအပ်သောကြောင့်။ မဇ္ဈိမာယုက မည်၏။ ထိုသုံးပါးတို့တွင်-မဇ္ဈိမာယုက စက္ခုပသာဒကို စက္ခုဝိညာဏ် စိတ်သည်မှီ၏။ မဇ္ဈိမာယုက စက္ခုပသာဒသည်။ စက္ခုဝိညာဏ် စိတ်၏။ နိဿယပစ္စည်းဖြစ်၏။ကြွင်းသော စက္ခုဒွါရဝီထိတို့၌ငှင်း။ သောတပသာဒစသည့်တို့၌လည်းနည်းတူပင်တည်း။

မဟန္တာရုံနှစ်ဝီထိ။ ပရိတ္တာရုံ (၆) ဝီထိတို့၌၊ မန္ဒာယုက,အမန္ဒာယုကကို။စက္ခုဝိညာဉ်စိတ်ဖြစ်ဆဲတွင်။ငြိ,၏အနေနှင့် တည်နေသော (၄၉) ချက်သော စက္ခုပသာဒတို့၌သာ။ အတီတဘဝင် လွန်သမျှ။ မန္ဒာယုကမှာသုံးချလျော့၍။ အမန္ဒာယုကမှာ သုံးချတိုးသည်ကို မှတ်သားရမည် အတိပရိတ္တာရုံဝီထိ၌ကား။စက္ခုဝိညာဉ်မရှိသောကြောင့် မန္ဒာယုက၊အမန္ဒာယုက။ ရွေးချယ်စရာမရှိ။ ထို့ကြောင့်-အောက်၌ပြခဲ့ပြီးသောဝီထိချဟာန်ပုံစံ၌။ မန္ဒာယုက ဖြစ်သောသာမညဘွင်၏အကြွမ်ကိုသ၍ာတပ်၍မပြကဲ့သတည်းဟုမှတ်။ အတိမဟန္တ၊မဟန္တ၊ ပရိတ္တ၊အတိပရိတ္တအဖြစ်ကို။အာလောကစသောအကြောင်းအားဖြင့်ငှင်း။အာရုံတို့၏လွန်စွာထင်ခြင်း၊အားကြီးစွာထင်ခြင်း။ အနည်းငယ်ထင်ခြင်း။မထင်ခြင်းအားဖြင့်ငှင်း။ ရူပါရုံ အဝေးအနီး အားဖြင့်ငှင်း မှတ်အပ်၏။လဝန်း, နေဝန်း, စသည်တို့သည်။ ဝဏ္ဏအရောင်အလင်း အားကြီးသောကြောင့်။ ဝေးသော်လည်း အတိမဟန္တာရုံဝီထိ ဖြစ်နိုင်၏။ တနည်း။ အတိမဟန္တာရုံကို။ မမြင်ဘူးသောရူပါရုံကိုတသ်မက်၍ကြည့်ရာ၌ ရအပ်၏။ မဟန္တာရုံကို မြင်ဘူးသော။ ရူပါရုံကို ကြည့်ရာ၌ရအပ်၏။ ပရိတ္တာရုံကို မြင်လိုက်သလို, ကြားလိုက်သလို, ဟုဆိုအပ်သော အမှတ်တမဲ့ကာလ၌ ရအပ်၏။ အတိပရိတ္တာရုံကို မွေးဖွားစသူငယ်အားရအပ်၏။ [စကားချပ်။]

(၁၁) တဒါရုံအဆုံးရှိသောအတိမဟန္တာရုံဝိထိ၌။ ရူပါရုံဥပါဒ်ပြီးသည်နောက်။စိတ္တက္ခဏာတချက်ကို လွန်၍၊ စက္ခုဒွါရ၌ ထင်ခြင်းသို့ရောက်နိုင်သည် ဖြစ်၍။ စိတ္တက္ခဏာ (၁၆) ချက်ခန့်။ အလွန်များသောအသက်ကြွင်းရှိသေးသည်ဖြစ်၍။ အတိမဟန္တ ရူပါရုံဟုမှတ်အပ်၏။ဤအတိမဟန္တရူပါရုံကိုအာရုံပြု၍ ဖြစ်သော။ ဝိထိစိတ် အစဉ်ကိုလည်း။အတိမဟန္တာရုံဝိထိဟုမှတ်အပ်၏။ဤကဲ့သို့စိတ္တက္ခဏာတချက်ကိုလွန်၍ထင်ခြင်းသို့ရောက်သောအာရုံဖြစ်ခဲ့လျှင်။အကြောင်းမညီညွတ်၍တဒါရုံမကျသော်လည်း။ အတိမဟန္တာရုံဝိထိဟူ၍ပင်မှတ်အပ်၏။ထို့ကြောင့်-အတိမဟန္တာရုံဝိထိသည်။ တဒါရုံ အဆုံးရှိသောဝိထိ။ ဇောအဆုံးရှိသော ဝိထိ, အားဖြင့်နှစ်ပါးရှိ၏။ ။ထိုတွင်-ဇောအဆုံးရှိသော အတိမဟန္တာရုံဝိထိ ချဟန်ကား။ အတီတဘဝင်၊ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊ပဉ္စဒွါရာဝဇ္ဇန်း၊စက္ခုဝိညာဉ်၊သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ဝုဋ္ဌော၊ ဇော (၇) ကြိမ်။ ထိုနောင်-ဘဝင်ဖြစ်ထိုက်သရွေ့၊ဤဝိထိသည်အသည်သတ်ကြဉ်သော။ရူပ (၁၅)ဆုံ၌ရှိသော။ ရူပဗြဟ္မာ့တို့၌ ဖြစ်သော။ ဇော အဆုံး ရှိသော အတိမဟန္တာရုံဝိထိသည်း။ဤရူပဗြဟ္မာတို့၌။ စက္ခု၊သောတ၊ဟဒယ ဟုဆိုအပ်သောဝတ္ထု သုံးပါးကိုရသောကြောင့်။ စက္ခုဒွါရဝိထိ။သောတဒွါရဝိထိတို့ဖြစ်နိုင်၏။ ထိုသို့ ဖြစ်နိုင်သော်လည်း။ ရူပဗြဟ္မာ တို့မှာတဒါရုံဖြစ်ရာဌာန မဟုတ်၍။ တဒါရုံမကျမူ၍။ ဇောသာကျရလေသည်။ ။ဤဝိထိ၌ ရူပဘဝင် (၅) ချက်ို ချအပ်၏။ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်၍ဖြစ်သောရူပါရုံသည်။ဘဝင်စလနမှ ဥပါဒ်၌ ထင်ခြင်းသို့ရောက်၍။သတ္တမဇောနောင်ဒုတိယဘဝင်၏ဘင်,နှင့်ပြိုင်၍ချုပ်၏။ ရူပဘဝင်ကား။ကသိုဏ်းစသော ကမ္မနိမိတ်ကို အာရုံပြု၏။ အာဝဇ္ဇန်းအစဇောအဆုံးရှိသောစိတ်တို့သည်။ ထင်လာသောပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုကုန်၏။ ဇောမှာဒေါသဇော နှစ်ခုကိုကြဉ်သော။ ကာမဇော(၂၇) ခုတို့တွင်။တခုခုကိုချအပ်၏။ဤဝိထိသည်ကား။ ရူပဘုံ၌ ဖြစ်သောဇောအဆုံးရှိသောအတိမဟန္တာရုံဝိထိမည်၏။

(၁၂) အတိမဟန္တာရုံဝိထိသည်။ တဒါရမ္မဏဝါရ ဇဝနဝါရအားဖြင့် နှစ်ပါးရှိ၏။ ထိုတွင် ဇဝနဝါရသည်လည်း ရူပဗြဟ္မာ၌

ဖြစ်သောဇဝနဝါရ။ အတိဣဋ္ဌာရုံ၌ဒေါသဇောကျ၍အာဂန္တုကဘဝင်ကျသော,သောမနဿပုဂ္ဂိုလ်၏ ဇဝနဝါရအားဖြင့် နှစ်ပါးရှိပြန်၏။ ထို့ကြောင့် အဘိမဟာဋ္ဌကထာရုံဝီထိသည် သုံးပါးရှိ၏။ ထိုတွင် (ပဍ္ဍတ္တိ အာရဇ္ဇဝနေ ဇဝနတော ဘဒ္ဒါရမ္မဏံ နသမ္ဘတိ) ဟူသော သမ္မော အဋ္ဌကထာနှင့်အညီ။ ပညာတ်ကိုအာရုံပြု၍ဇောကျသောဝီထိ၌ တဒါရုံမကျဟု မှတ်အပ်၏။ ဇောဟူသည်။ ယောနိသောမနသိကာရဖြစ်အံ့ ကုသိုလ်ဇော။ အယောနိသောမနသိကာရဖြစ်အံ့ အကုသိုလ်ဇော။ အနုသယကင်းသော ရဟန္တာပုဂ္ဂိုလ်ဖြစ်အံ့ ကြိယာဇောဖြစ်၏။ ထိုဇော၏အဟုန်သည် လွန်စွာအားကြီး၏။ တချို့သောအကုသိုလ်ဇောသည်။ တကမ္ဘာပတ်လုံးငရဲ။ သုံးကမ္ဘာ။ ထိုထက်အရှည်ငရဲ။ ငရဲ၌နှစ်သားနိုင်၏။ ဆင်သန္တာန်၌ဖြစ်သောဇောစိတ်သည်။ ဆင်ကိုယ်ကိုပြေးနိုင်သွားနိုင်အောင်ဆောင်နိုင်၏။ ကုသိုလ်အရာ၌။ ဥဗ္ဗေဂပီတိနှင့်ယှဉ်သော ကုသိုလ်ဇော အဘိညာဉ်နှင့်ယှဉ်သော ကုသိုလ်ဇောတို့သည်ကောင်းကင်သို့ ပြန့်တက်အောင် ဆောင်နိုင်၏။ ကုသိုလ်ဇောဘောသည်(၈၁)ကမ္ဘာပတ်လုံး ချမ်းသာနှင့်ပြည့်စုံအောင်ဆောင်နိုင်၏။

ဇော(၇)ကြိမ်တို့တွင် ပဌမဇောသည် သဘောတူသော အာသေဝနပစ္စည်းကိုမရသောကြောင့် အားအနည်းဆုံးဖြစ်၏၊ ဒုတိယဇောသည် ပဌမဇောတည်းဟူသော အာသေဝနပစ္စည်းကိုရသောကြောင့် ပဌမဇောထက်အားကြီး၏။ တတိယဇောသည်ထို့အတူ ဒုတိယဇောထက် အားကြီး၏၊ စတုတ္ထဇောသည် အားအကြီးဆုံးဖြစ်၏။ ပဉ္စမဇော၊ ဆဋ္ဌမဇော၊ သတ္တမဇော တို့သည် ဆုတ်ယျော ကျရောက်သော ဇောများဖြစ်ကြ၍ တဇောအောက် တဇော အားနည်းကြကုန်၏။ ထို့ကြောင့် သတ္တမဇောသည်ပဌမဇောမှတပါး ပဋိသန္ဓေကို ပေးစွမ်းနိုင်သော ဇောတို့တွင် အားအနည်းဆုံး ဖြစ်၏။ ဥပမာ အားဖြင့် အသက် (၅၀)ကျော် (၆၀)တွင်း ဟာနိဒသကအရွယ်သို့ရောက်သောသူသည် ဆက်လက်၍ အသက် ရာကျော်နေရစေကာမူ တနေ့ထက်တနေ့ အားအင်ဆုတ်ယုတ်ခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ဇောတို့၏ အားကြီးသည်၏အဖြစ် အားနည်း

သည့်ဖို့အဖြစ်ကိုသိအင်၏။အညာသို့ ဆန်သောလှေ၏နောက်သို့ ရေ အနည်းငယ်လိုက်သကဲ့သို့ဇောဖို့ အဟုန်ကြောင့်ဘွင်စိတ်မဖြစ်သေး ဘဲ ဇောယူသောအာရုံကိုအာရုံပြု၍တဒါရုံနှစ်ကြိမ် ဖြစ်ရလေသည် ဟူလို၏။ [စကားချပ်။]

အတိမဟန္တာရုံဝိထိ၌။တဒါရုံကျသကဲ့သို့မဟန္တာရုံနှင့်ဝိထိ၌။တ ဒါရုံ အဘယ့်ကြောင့်၊ မကျသနည်းဟူမူ။ ကုန်ပြီးသော အသက် ရှိသည့်ဖို့ အဖြစ်ကြောင့်ငှင်း။ (၀၂)ဒုတိယ မဟန္တာရုံ၀ယ်။ (၁၄) ချက်-စိတ္တက္ခဏ၊အသက် ရှိသော အာရုံ၌။ အာရုံ၏ ရှေး ဦးစွာ ချုပ်နှင့်လေသောကြောင့် တဒါရုံ မဖြစ်။ ပထမ, မဟန္တာ ရုံဝိထိ၌· (၁၅) ချက် စိတ္တက္ခဏ အသက် ရှိသော အာရုံ၌လည်း၊ ဇော ဖြစ်သည်မှ နောက်၌ တဒါရုံ ဖြစ်ရန် စိတ္တက္ခဏ တခုသာ ကြွင်းလေသောကြောင့်။ တဒါရုံဟူကလည်း မဖြစ်သပ်သပ်။ဖြစ်လျှင် နှစ်ကြိမ်သာဖြစ်မြဲဖြစ်၍နှစ်ကြိမ်တဒါရုံဖြစ်ခြင်း၏မလောက်ရကား။ ပထမတဒါရုံလည်းမဖြစ်။ တဒါရုံဟူသည် တကြိမ်ကျရိုးမရှိ။ ဟော အဋ္ဌကထာ၌လည်းနှစ်ကြိမ်ပင်လာ၏၊ မဏိမဉ္ဇူကာယ်ဆရာတို့ကား။ တဒါရုံတကြိမ်ကျသည်ကိုအလိုရှိကြ၏၊ အရှင်အနုရုဒ္ဓါလည်း နှစ် ကြိမ်ပင်အလိုရှိ၏။ပရမတ္ထဝိနိစ္ဆယကျမ်း၌။ သကိံ ဒွေဝါတဒါလမ္ဗံ ဟူ၍တဒါလ ကြိမ်သော်ငှင်း၊ နှစ်ကြိမ်သော်ငှင်းကျရန်ကို အရှင်အနု ရုဒ္ဓါပင်ဆိုတော်မူ၏။ဆိုသော်လည်းမဉ္ဇူမနိကာယ်ဆရာတို့၏ အလို အားဖြင့်ဆိုတော်မူသည်ဟုမှတ်အင်၏။ ငမိအလိုအားဖြင့် သင်္ဂဟ ကျမ်း၌လာသည့်အတိုင်း နှစ်ကြိမ်ပင်တည်း။ ထို့ကြောင့်မဟန္တာရုံ ဝိထိ၌ဇောနောင်ဘွင်သာကျရသည်။ [စကားချပ်။]

ပရိတ္တာရုံဝိထိ၌ ဇောမဖြစ်ခြင်း၏အကြောင်းကား။ ငှဋ္ဌေါ ဖြစ် သည်မှနောက်၌ ရူပါရုံ၏ အသက်သည် စိတ္တက္ခဏ ခြောက်ချက် သာကြွင်းရကား၊ဇောဟူ ကလည်း ဗလဝဖြစ်သောအာရုံ၌မြဲသော အားဖြင့် (၇)ကြိမ်သာဖြစ်သောကြောင့်, ဇောဖြစ်ခြင်းငှါ အာရုံ၏ အသက်သည်မလောက်သည်ဖြစ်၍ (၀၂) ရူပါရုံအစရှိသောအာရုံ၏ နည်းသော အသက် ရှိသည့်ဖို့အဖြစ်ဖြင့် အလွန်အားနည်းရကား၊ ဇောမဖြစ် ဟူလို၏။ ရူပါရုံ အားနည်းသောကြောင့်။ ဝုဋ္ဌောတွင်

သာဝိထိစိတ် ဖြစ်သဖြင့် နည်းသော ဝီထိစိတ် ရှိးသာကြောင့် ပရိတ္တာရုံဝိထိမည်၏။ ဤပရိတ္တာရုံ(၆)ဝီထိ၌ ရူပါရုံသည် ဓမ္မောနောင်စိတ္တက္ခဏ (၆) ချက်ခန့်မျှသာအသက်ကြွင်းရှိသည်။ ဇော(၇)ကြိမ်ပြည့်အောင် အသက်ကြွင်းမရှိ။ကာမဇောဟူသည်။ပကတိ ကာလ၌ (၇)ကြိမ်အောက်ယုတ်၍မဖြစ်။ မူလဋီကာအာနန္ဒာဆရာသည်ကား။ အာဝဇ္ဇန်းဟူသည်ကုသိုလ် အကုသိုလ်ဇောတို့အားအနန္တရပစ္စည်းတပ်သည်ကို ပဋ္ဌာန်း၌ ဘုရား ဟောတော်မူသည်၏ အဖြစ်ကြောင့်။ ဝုဋ္ဌောအာဝဇ္ဇန်း တို့၏လည်းအနက်ထူး မရှိသည်၏အဖြစ်ကြောင့်။ ဝုဋ္ဌောဖြစ်သည်ရှိသော်။ကုသိုလ်,အကုသိုလ်, ကြိယာဇောတို့အား။ စင်စစ်အနန္တရပစ္စည်းအဖြစ်သည်ဖြစ်ရာသောကြောင့်။ ဝုဋ္ဌောဖြစ်ရုံကဇောဝီထိ မကျသည်မရှိရာ။ဤနှိုက်သောအဟုန်ရှိသည်ဖြစ်၍။ ဇော (၇) ကြိမ်မပြည့်သဖြင့်။မုစ္ဆာကာလ၌ (၆)ကြိမ်။ မရဏာသန္န အခါ၌ ငါးကြိမ်ဇောစောသဖြင့်။ ပရိတ္တာရုံဝီထိကို မှတ်အပ်၏။ ဝုဋ္ဌော၏ နှစ်ကြိမ်, သုံးကြိမ်, ဖြစ်ခြင်းကိုမမှတ်အပ်ဟုဆို၏။ ဤအာနန္ဒာအရှင့်စကားကို။ သုမင်္ဂလသာမိ အရှင်က ပယ်တော်မူ၏။ ပယ်ပုံကား။ တိဟိတ်ဒွိပါက်စိတ်တို့ကို အနန္တရ ပစ္စည်းအဖြစ်ဖြင့် ဟောတော်မူအပ်ကုန်သည်ပင်လျှင်။ ရဟန္တာတို့၏ တိဟိတ်ဝိပါက် စုတိစိတ်တို့သည်။အဘာသ်စိတ်အား။ အနန္တရပစ္စည်းတပ်အံ့နည်း။ ထိုတိဟိတ်ဝိပါက်စုတိစိတ်တို့ကဲ့သို့။ ဝုဋ္ဌောသည်လည်း အကြောင်းချို့တဲ့သည်၏အဖြစ်ကြောင့်။ ကုသိုလ်, အကုသိုလ်, အစရှိသည်တို့၏ အနန္တရပစ္စည်းမဖြစ်ဟုဆိုခြင်းငှာ မတတ်ကောင်းသည်မဟုတ်။ ထို့ကြောင့်-အဋ္ဌကထာတို့၌၊သာသောသာနည် ဖြင့်ပင်လျှင်။ပရိတ္တာရုံ၌ ဝုဋ္ဌောအဆုံးရှိသည်၏အဖြစ်ကို မှတ်အပ်၏ဟု ပယ်၏။ ။ဂန္ထိ ရမိဒံဝိမံသိတဗ္ဗာဂဟောဘင္ဂံ။ [စကားချပ်။]

အဘိပရိတ္တာရုံ၌။ဝီထိစိတ်မဖြစ်ခြင်းအကြောင်းကား။ လွန်သောအစွမ်.အားဖြင့်။ပထမအတိပရိတ္တာရုံ၌။ အတီတဘဝင် (၁၀) ချက်။ ဘဝင်စနနှစ်ကြိမ်ဖြစ်ပြီးသည်နောက်။ (၇) ချက်သော စိတ္တက္ခဏအသက်ကြွင်းရှိသောအာရုံ၏လည်း။နှစ်ကြိမ်ဝုဋ္ဌောဖြစ်ခြင်း၏ အာရုံအသက်မလောက်သည်၏ အဖြစ်ကြောင့်။ ဝီထိစိတ်မဖြစ် ဟူလို၊

ဤအတိပရိတ္တာရုံဝိထိကို (သုပိနေနေဝ၊ဗိန္ဒုံ ဝိယာမေ၊သုတံဝိယာမေ၊ ကထနကာလေပိ အဗျာကတောယေဝ) ဟု-သမ္မောဟဝိနောဒနီအဋ္ဌကထာ အတိုင်း။အဗျာကတဝိထိ ဟုဆရာကြီးတို့ဆိုကြကုန်၏။ အတိပရိတ္တာရုံဝိထိတို့ကို အာဝဇ္ဇန်းအစရှိသော ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ဝိထိစိတ်တို့၏ဖြစ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။မောဃဝါရဟုဆိုအပ်၏။အဋ္ဌသာလိနီ ကျမ်း၌ကား။ မဟန္တာရုံကို့လည်း။တဒါရုံမှဆိတ်သည်၏အဖြစ်ကြောင့်။ ပရိတ္တာရုံကိုလည်း။ဇောမှဆိတ်သည်၏ အဖြစ်ကြောင့်။ မောဃဝါရဟု ဆိုအပ်၏။ [စကားချပ်။]

ပဉ္စဒွါရာဝဇ္ဇန်းစသော ဝိထိစိတ်ချနစ်မျိုးတို့သည်၊ ဘဝင်စိတ် ဖြစ်သောအခါ မရှိငြားသော်လည်း။ လောကဦ-ကျောက်, လောင်စာ, နေပူ။ဤသုံးပါးပေါင်းဆုံမိသည်ရှိသော်။ မီးသည်ရှေးက ထင်ရှားမရှိငြားလည်း။မီးတောက်မီးလျှံပေါ် လာရသကဲ့သို့။ ထို့အတူ-ပဉ္စဒွါရာဝဇ္ဇန်းအစရှိသောဝိထိစိတ်တို့သည်။ ဝတ္ထုအာရုံအစရှိသည် ပေါင်းဆုံမိသည် ရှိသော်ဖြစ်ပေါ် ၍လာ၏။ စက္ခုပသာဒသည်။ စက္ခုဝိညာဉ်အား။နိဿယ၊ပုရေဇာတ၊ဣန္ဒြိယ၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ ဤခြောက်ပစ္စယ သတ္တိဖြင့်ကျေးဇူးပြု၏။ ရူပါရုံသည် စက္ခုဝိညာဉ်အား။ အာရမ္မဏ ပုရေဇာတ၊အတ္ထိ၊အဝိဂတ။ ဤလေးပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။အာလောကသည်စက္ခုဝိညာဉ်အား။ ဥပနိဿယ ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ မနသိကာရသည် စက္ခုဝိညာဉ်အား။ အနန္တရ၊သမနန္တရ၊အနန္တရူပနိဿယ၊နတ္ထိ၊ ဝိဂတ။ ဤငါးပစ္စယ သတ္တိဖြင့်ကျေးဇူးပြု၏။ သောတဝိညာဉ်စသည်တို့၌လည်း။ ဤနည်းတူထိုက်သည်အားလျော်စွာသိအပ်၏။ [စကားချပ်။]

အတိပရိတ္တာရုံ ဝိထိ ချရာ၌ အတီတဘဝင် (၁၀) ချက် ဘဝင်စလနချနှစ်ကြိမ်ချရ၍ သဏ္ဍာရသပိဋ္ဋ ကဋ္ဌာကာပြည့်ကုန်၏ဟုလည်းဆို၍ချအပ်၏။(ဥက္ကဋ္ဌေ ဝါရေ ဒွေနဿဘဝင်စလနာနိ။အန္တိမပရိယန္တေ ဒွေနဿဘဝင်စလနာနိဘဝ န္တိတိဒဋ္ဌဗ္ဗံ) ဟု အဘိဓမ္မတ္ထ ဝိဘာဝနီ၌ ဆိုသောကြောင့်တည်း။ဝိထိလက်ရိုးနှင့်တကွ ဆရာ့ဆရာတို့ ဆိုဒိုးအပြု များကြသည်ကား အတီတဘဝင် (၁၀) ချက်။ ဘဝင်စလန

နှစ်ကြိမ်။ထိုနောင်ဘဝင်ဖြစ်ထိုက်သည်မျှသာချုပ်ပြီးပြကြ၏။ သို့သော်လည်း ဘဝင်စိတ်ချင်းမျှဖြစ်၍မထူးလှချေ။

အမိဝမ်းတွင်း၌ကိန်းအောင်းသော ပုဂ္ဂိုလ်တို့အား။စက္ခုဝိညာဉ် ဖြစ်ခြင်းအကြောင်းလေးပါးတို့တွင်။အာလောကကိုမရသောကြောင့် စက္ခုဒွါရဝီထိမဖြစ်။အမိ၏ဝမ်းရှတ်သံ၊ဝမ်းကို ရိုက်နှက် ထိခိုက်သံ များကိုအာရုံပြု၍ သောတဒွါရဝီထိဖြစ်၏။ (ဝမ်းတိုက်၌ဖြစ်။ ရေနှစ်, ဆိတ်မွှန်။ တွေဝေလွန်ထ။ ကောင်းကင် ကျတည်း။ စတုတ္ထဈာန်နေ။ သူသေတတည်။ပြဟ္မာ့ပြည်။ရှစ်မည်သက်မရှု) ဟူသောထွက်သက် ဝင်သက်မဖြစ်ကောင်းသော,ပုဂ္ဂိုလ်ရှစ်ယောက်တွင်။ မိဝမ်းတွင်းလူ ပါဝင်သောကြောင့်၊ဃာနဒွါရဝီထိမဖြစ်။ ဝမ်းတွင်းကပင် လျှာရည်, တံတွေးရည်၊ တည်လျက်ရှိသောကြောင့် ဇိဝှာဒွါရဖြစ်၏။ ကာယ ဒွါရဝီထိမှာဆိုဘွယ်မရှိရ၏။သို့ကြောင့် စက္ခုဒွါရဝီထိ၊ ဃာနဒွါရ ဝီထိ။ မဖြစ်ကောင်းကြွင်းသုံးပါးကား ဖြစ်ကောင်း၏။ [စကားချင်။]

(၁၃) တခုခုသော ပဉ္စဒွါရဝီထိ၏ အဆုံး၌။ ထိုက်သည်အား လျော်စွာ တဒနုဝတ္တကမနောဒွါရ ဝီထိ။ သုဒ္ဓ မနော ဒွါရ ဝီထိ တို့ သည်ဖြစ်ကုန်၏။ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ စက္ခုဝိညာဏဝီထိ။ အတိတ်ကိုအာရုံပြု၍ဘဒနုဝတ္တကမနောဒွါရတဝီထိနာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရတဝီထိ။အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓ မနောဒွါရတဝီထိ။အားဖြင့် လေးဝီထိခြောက်မှအာရုံကိုဆုံးဖြတ်နိုင် ရကား။ ယင်းလေးဝီထိခြောက်မှ အဓိပ္ပါယ်တ္ထကိုသိ၏ဟူလို၊လေး ဝီထိတို့တွင်, ပထမ-ဒုတိယ-ဝီထိ၏အာရုံသည်ပရမတ်။ တတိယ စတုတ္ထဝီထိ၏ အာရုံသည် ပညတ် ဟူ၍ပိုင်းခြားအပ်၏။

(၁၄) တလုံးသောအက္ခရာကိုကြားနာသောသူသည်၊ ဂေါဟူ သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိ၊ အ တိတ်ဂေါသဒ္ဒါကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရတဝီထိ။ နွားဟူ သောနာမပညတ်ကိုအာရုံပြု၍သုဒ္ဓမနောဒွါရတဝီထိ။နွားခြင်တည်း ဟူသောအတ္ထပညတ်ကိုအာရုံပြု၍ သုဒ္ဓမနောဒွါရတဝီထိ။အားဖြင့် လေးဝီထိခြောက်မှအဓိပ္ပါယ်တ္ထကို သိသည်။ ဃဋ-ဟူသော နှစ်လုံး သောအက္ခရာကိုကြားနာသောသူသည်။ဃ-ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံ

ကို အာရုံပြု၍ သောတဝိညာဏတဝီထိ။ အတိတ် ဃ,သဒ္ဒါကိုအာရုံပြု၍တဒနုဝတ္တကမနောဒွါရတဝီထိ။ ဍ,ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိ။ အတိတ် ဍ,သဒ္ဒါကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ။ ဃ,နှင့်ဍ,ကို ပေါင်းစုခြင်းတည်းဟူသော သမူဟာကာရပညတ်ကိုအာရုံပြု၍ သဒ္ဒမနောဒွါရဝီထိ, အိုးဟူသော နာမပညတ်ကိုအာရုံပြု၍ သဒ္ဒမနောဒွါရဝီထိ။ အိုးဖြိုပ်အနက်ကိုအာရုံပြု၍ သဒ္ဒမနောဒွါရဝီထိ။ အားဖြင့် ခုနစ်ဝီထိကျမှအဓိပ္ပါယ်တွက်ကိုသိရသည်။ ဤတွင်အစ လေးဝီထိသည် ပရမတ်ကိုအာရုံပြု၏။ အဆုံး သုံးဝီထိသည် ပညတ်ကို အာရုံပြု၏။ အက္ခရာသုံးလုံးရှိသောသဒ္ဒါ။ လေးလုံးရှိသောသဒ္ဒါ။ ငါးလုံးရှိသောသဒ္ဒါတို့၌လည်းထိုအတူ-နှစ်ဝီထိနှစ်ဝီထိတိုး၍ ကိုးဝီထိ။ ဆယ့်တစ်ဝီထိ။ ဆယ့်သုံးဝီထိသို့ ကျမှ အဓိပ္ပါယ်တွက်ကို သိရသည်။ သမူဟာကာရကိုပညတ်ကို အာရုံပြုသော မနောဒွါရဝီထိကို သာရတ္ထဒီပနီဋီကာ၌ပြ၏။ ဝိဘာဝနီဋီကာ၌မပြဆို။ ထို့ကြောင့် အချို့ဆရာကြီးတို့သည်။သမူဟာကာရပညတ်ကို အာရုံပြုသောမနောဒွါရဝီထိကိုချန်ထားကြကုန်၍။အက္ခရာ နှစ်လုံးရှိသောသဒ္ဒါ၌(၄)ဝီထိ။သုံးလုံးရှိသောသဒ္ဒါ၌ (၇)ဝီထိ။ လေးလုံး၌ (၁၀)ဝီထိ။ ငါးလုံး၌ (၁၂)ဝီထိ။ဟုအသီးသီး ဝေဘန်ကုန်၏။ ဤနည်းကိုမှီ၍ အက္ခရာ များသလောက်ဝီထိပွားများသည်ကို နှလုံးပိုက်ရမည်။

(၁၄) ပဉ္စဒွါရဝီထိ၌၊ ပဉ္စဒွါရာဝဇ္ဇန်းအစတဒါရုံ အဆုံးရှိသောဝီထိစိတ်တို့သည်။ကာမစိတ်စတုပညာသ,သာတည်း။ အာရုံအားဖြင့်ဝီထိ၏ရှေ့နောက်ဖြစ်သော ကာမဘုံ (၁၀) တို့သည်။ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်,သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။ ထိုတွင်ဝီထိစိတ်တို့၏ ရှေ့နောက် ရူပဘုံငါးခုဖြစ်အံ့,ကမ္မနိမိတ်တပါးကိုသာအာရုံပြု၏။ ပဉ္စဒွါရာဝဇ္ဇန်းစသောဝီထိစိတ်တို့သည်။ မဇ္ဈိမာယုကဖြစ်၍၊ နေ့ဦးအတိတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်၍ဘဝင်စလန၏ဥပါဒ်, ဌီ၏ပြိုင်၍ ထောင် ထိုက်ခြင်းသို့ရောက်သော ပစ္စုပ္ပန်ပဉ္စာရုံကိုသာအာရုံပြုကုန်၏။ ဖိုချ အားဖြင့် ဒွေပဉ္စဝိညာဉ် တဆယ်

ထိုသည့်,ရှေးဦးအတိတ်ဘဝ၌ တချက်လွှန်နှင့် ဥပါဒ်ဖြိုင်သော ပဋ္ဌ ပသာဒဝတ္ထုကိုအသီးသီး၌ကြကုန်၏။ (ဝါ,မန္ဒာယုက,အမန္ဒာယုက မဇ္ဈိမာယုကသုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်သော၊ပဋ္ဌပသာဒကိုသာ ၌ကြကုန်၏။ပဋ္ဌဝိညာဉ်မှကြွင်းသော ဝီထိစိတ်တို့သည်၊မိမိတို့၏ ရှေး ရှေးအနန္တရစိတ်နှင့် အတူဥပါဒ်ဖြိုင်သော၊ ဟဒယဝတ္ထုကိုချည်း ၌ ကုန်၏။သုံးအားဖြင့်ကာမ(၁၁)ဘုံ၌ပဋ္ဌဒွါရ (၄၆)ဝီထိတို့ကို ရအပ် ကုန်၏။အသညသတ်ကြဉ်သော၊ရူပ(၁၅)ဘုံ၌။စက္ခုဒွါရ,သောတဒွါ ရ,ဝီထိ(၃၀)တို့တွင်အတိမဟန္တာရုံနှစ်ဝီထိကိုချန်ထား၍ (၂၈)ဝီထိ တို့ကို ရအပ်ကုန်၏။ အသညသတ်ဘုံ၌ ဝိညာဉ်(၆)ပါး မရှိသော ကြောင့် ဝီထိစိတ်မဖြစ်။ အရူပ(၄)ဘုံ၌ ပဋ္ဌဝိညာဉ် မရှိသောကြောင့် ပဋ္ဌဒွါရဝီထိမရှိ။ မနောဒွါရ ဝီထိသာရှိ၏။ ။တနည်း၊ ဃာနဒွါရ, ဇိဝှာဒွါရ,ကာယဒွါရ ဝီထိတို့သည် ကာမ(၁၁)ဘုံ၌သာဖြစ်ကုန်၏။ စက္ခုဒွါရ,သောတဒွါရဝီထိတို့သည်ကား ကာမ(၁၁)ဘုံ အသည သတ်ကြဉ်သောရူပ(၁၅)ဘုံတို့၌လည်းဖြစ်ကုန်၏။တနည်း, အတိမ ဟန္တာရုံ၌ စက္ခု၊သောတ၊နှစ်ပါး၊ ဃာနာဒိတ္တယ၊(၄၅)ပါး။ ပေါင်း ၍(၄၇)ဝီထိတို့သည်။ကာမ(၁၁) ဘုံ၌ဖြစ်ကုန်၏။ ကြွင်း (၂၈)ဝီထိ တို့သည် ပဋ္ဌဝေါကာရ(၂၆)ဘုံ၌ဖြစ်ကုန်၏။ ဧကဝေါကာရဘုံ။စတု ဝေါကာရဘုံတို့၌ကား,ပဋ္ဌဒွါရဝီထိမဖြစ်။ ပုဂ္ဂိုလ်အားဖြင့် ပုထုဇ္ဇဉ် လေးယောက်။ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ ၍ရှစ်ယောက်သော ပုဂ္ဂိုလ်သို့၌ဖြစ်ကုန်၏။ကာမဘုံ၊ကာမသတ္တဝါ၊ အားဖြစ်သောဝီထိ၌ ကာမဘဝင်(၁၀)ကို။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အားဖြစ်လျှင်၊ အကုသ လဝိပါက်ဥပေက္ခာသန္တီရဏဘဝင်ကို၊ ရူပပုဂ္ဂိုလ်အားဖြစ်လျှင် ရူပ ဘဝင်ငါးခုကို အသီးသီးချရမည်။တဒါရုံသည် ကာမဘုံ၌သာဖြစ်၏။

(၁၄) ပဋ္ဌဒွါရဝီထိ၌ ဝီထိစိတ်တို့သည်။ ပဋ္ဌဒွါရဇွန်း၊ ပဋ္ဌဝိ ညာဉ်၊သမ္ပဋိစ္ဆန်း။ သန္တီရဏ၊ ဝုဋ္ဌော၊ဇော၊တဒါရုံ ဟူ၍ သာမည အားဖြစ်ခုနစ်ပါး (၍ကား ကာမဘုံကို ရည်၍ ဆိုဘည်။ ရူပဘုံ၌ တဒါရုံနှုတ်၍အမည်(၆)ပါးကိုရအင်၏၊အရူပဘုံ၌ကား။ဝုဋ္ဌောဇော ဟူသော အမည် နှစ်ပါးကိုရအပ်၏။) ဇော ခုနစ်ကြိမ်နှင့် တဒါရုံ နှစ်ကြိမ်ကို အသီးထုတ်လျှင် မကျဉ်းမကျယ် အားဖြင့်(၁၄)ပါး။

ကာမဇောတသ္မ ယုတ်(၃၀)တဒါရုံ ဇောဒသ၊ ခွေပဉ္စဝိညာဉ်(၁၀)တို့ကိုအသိးထုတ်လျှင်။အကျယ်အားဖြင့်(၅၄)ပါးဖြစ်၏။

ပဉ္စဒွါရဝိထိပြီး၏။

(၁၈) မနောဒွါရဝိထိသည်။ ပရိတ္တဝိထိ။ အပ္ပနာဝိထိ အားဖြင့် နှစ်ပါးရှိ၏။ ထိုတွင်—ပရိတ္တဝိထိသည်။ (၁၇) ချက် အသက်စေ့ ကောင်းသော။ပစ္စုပ္ပန်ရုပ် ဓာတိသကိုအာရုံပြု၍။ ဝိဘူတာရုံ ငါးဝိထိ။ အဝိဘူတာရုံနှစ်ဝိထိ။ (၁၇)ချက်အသက်မစေ့ကောင်းသော။ ကြွင်း ရုပ်နာမ်ပညတ်တို့ကိုအာရုံပြု၍။ ဝိဘူတာရုံတဝိထိ။ အဝိဘူတာရုံ တဝိထိ, အားဖြင့်ကိုးပါးပြား၏။ ထိုတွင်-ပစ္စုပ္ပန်ရုပ်ဓာတိသ, ဥပါဒ် သည်မှစ၍။အတီတဘဝင်တချက်ငင်း။လ။ ငါးချက်ငင်း။ လွန်၍-နု။ဒ။ မ။ဇော (၇)ကြိမ်။ တဒါရုံနှစ်ကြိမ်။ ထို့နောင်-ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍။ ပစ္စုပ္ပန်ရုပ်ဓာတိသသည်။ (၁၇) ချက် အသက်စေ့သဖြင့်။ စတုတ္ထဘဝင်နှင့်ငင်း။တတိယ။ဒုတိယ။ပထမ ဘဝင်နှင့်ငင်း။ ဒုတိယ တဒါရုံနှင့်ငင်း၊ပြိုင်၍ချုပ်ခြင်းရှိသော (၁၆) ချက်။ လ။ (၁၂)ချက် .စိတ်သက်ရှိသော။ငါးဝိထိသည်။ဝိဘူတာရုံဝိထိမည်၏။

ထိုအတူ-အတီတ ဘဝင် (၆) ချက်ငင်း။ (၇)ချက်ငင်း။ လွန်၍ တဒါရုံမကျဘဲ။ဘဝင်ကျ၍။ ပထမဘဝင်နှင့်ငင်း။သတ္တမဇောနှင့်ငင်း။ ပြိုင်၍ချုပ်ခြင်းရှိသော (၁၁) ချက်။ (၁၀) ချက်စိတ်သက်ရှိသော နှစ်ဝိထိသည် အဝိဘူတာရုံဝိထိမည်၏။ ။ပစ္စုပ္ပန်ရူပါရုံ၌ ငါးဝိထိ ရသကဲ့သို့။ပစ္စုပ္ပန်သဒ္ဒါရုံ။လ၊ ဓမ္မာရုံတို့၌သည်း ငါးဝိထိစီရလေရ ကား။ဝိဘူတာရုံဝိထိပေါင်း (၃၀) ဖြစ်၏။ ပစ္စုပ္ပန် ရူပါရုံ၌ အဝိဘူ တာရုံနှစ်ဝိထိရသကဲ့သို့။သဒ္ဒါရုံ။လ။ ဓမ္မာရုံတို့၌သည်း။ နှစ်ဝိထိစီရ လေရကား။အဝိဘူတာရုံဝိထိပေါင်း (၁၂) ဖြစ်၏။

(၁၉) အသက်မစေ့ သော။ဝိဘူတာရုံ, အဝိဘူတာရုံ, နှစ်ဝိထိ ဖြစ်ဟန်ကား။ကာလသုံးပါး၌ ဖြစ်သော (၁၇) ချက် မစေ့ကောင်း သော။ကာမဝိတ်၊ ... သိက်။ဝိညာတ်ခွေ။ လက္ခဏာချပ်, ဟု ဆိုအပ်

သောဓမ္မာရုံ။အတိတ်, အနာဂါတ်ဖြစ်သော။ကြွင်းရုပ်ဗာဒိသ ဟုဆို အပ်သော။အာရုံ (၆)ပါးတို့ကို အာရုံပြု၍။ အတိတဘွင်မကျဘဲ။ ဈေးနည်းတူ—အာပါသဘွင်၏ အခြားမဲ့၌။ န။ ဒ။ မ။ ဇော (၇)ကြိမ်။ တဒါရုံနှင်ကြိမ်။ထိုနောင်-ဘွင်ကျသောတဒိထိသည်။ဝိဘူတာရုံဝိထိ မည်၏။ကာလသုံးပါး၌ဖြစ်သော။ (၁၇) ချက်မစေ့ ကောင်းသော။ စိတ်တခုယုတ် (၉၀) စေနွေပညာသ။ဝိညာတ်ရုပ်။သင်္ကေတာချုပ်, ဟု ဆိုအပ်သောဓမ္မာရုံ။အတိတ်, အနာဂါတ်ဖြစ်သော။ကြွင်းရုပ်ဗာဒိသ ဟု ဆိုအပ်သော၊ အာရုံ(၆) ပါး။ ကာလဝိမုတ် ဖြစ်သော။ နိဗ္ဗာန် ပညာတ်တို့ကိုအာရုံပြု၍။ တဒါရုံမကျဘဲ။ ၎င်းနည်းတူ-ဇောနောင် ဘွင်ကျသောတဒိထိသည်။ အဝိဘူတာရုံဝိထိမည်၏။ (ဤနှစ်ဝိထိ၌။ အာရုံ၏ဖြစ်ချုပ်ကိုပြဘွယ်မရှိ။ထိုကြောင့် (၁၇) ချက်အသက်စေ့ သည်၏အဖြစ်ကိုဝိစစ်ဘွယ်မရှိ။) ဝိဘူတာရုံသည်။တဒါရမ္မဏဝါရ မည်၏။အဝိဘူတာရုံသည်။ ဇာဝနဝါရမည်၏။ဝိဘူတာရုံဝိထိသည်။ ကာမဘုံ၌ဖြစ်၏။အဝိဘူတာရုံဝိထိသည်။ဘုံ (၃၀) ၌ဖြစ်၏။

ဝါဒထူးကိုဆိုဦးအံ့။ အဝိဘူတေ ဝိဘူတေစ၊ ပရိတ္တေစာပရိတ္တ ကေ။ဇဝေါယေဝဘဝင်္ဂန္တာ၊ ဖြဟ္မာနံစတုဒ်ဂါစရေ-ဟူသော, သစ္စ သင်္ခေပအဋ္ဌကထာ, ဂါထာနှင့်အညီ။ ဆရာတော်ဦးဗုဓ်သည်။ ဝိဘူ တာရုံဝိထိ၏ကာမဘုံ၌ဖြစ်၏ဟူသောအယူကို မနှစ်သက်။ အညည သတ်ကြည့်သော်ဘုံ-၃၀-၌ဖြစ်ခြင်းကိုနှစ်သက်၏တောင်တွင်းပုဂ္ဂိုလ် ကျော်, ခင်ကြီးဖျော်ကား။ဖြဟ္မာတို့အား။တဒါရုံ၏မဖြစ်ခြင်းကြောင့် ဝိဘူတာရုံဝိထိ၏ကာမဘုံ၌ ဖြစ်ခြင်းကို နှစ်သက်၏။ ။ပဉ္စဒွါရိက ဝိထိစိတ်တို့၏ပဋိပန္နလျှင်အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်။ အတိ မဟန္တစသောလေးပါးအပြားဖြင့် အာရုံကိုမှတ်သည်။ မနောဒွါရိက ဝိထိစိတ်တို့၏ကား။အတိတ်,အနာဂါတ်,ကာလဝိမုတ်, အာရုံသည်း ရှိသည်၏ အဖြစ်ကြောင့်။ အတိ မဟန္တ၊စသည်တို့၏ အစွမ်းဖြင့်။ အာရုံကိုမှတ်ခြင်းငှာမတတ်ကောင်းရကား၊ ဝိဘူတာရုံ,အဝိဘူတာ ရုံ၏အစွမ်းဖြင့်သာ။အာရုံကိုမှတ်သည်။ [စကားချပ်။]

(၂၀) မနောဒွါရဝိထိစိတ်တို့သည်။ သာမည အားဖြင့်။ မနော ဒွါရာဝဇ္ဇန်း၊ဇော။တဒါရုံ။ ဟူ၍ သုံးပါးရှိကုန်၏။ အကြိမ်အားဖြင့်။

မနောဒွါရာဝဇ္ဇန်း။ဇော (၇) ကြိမ်။ တဒါရုံနှစ်ကြိမ် ဟူ၍ ဆယ်ပါး ရှိကုန်၏။ အကျယ်အားဖြင့် မနောဒွါရာဝဇ္ဇန်း။ ကာမဇော (၂၉) တဒါရုံ (၁၁) ဟူ၍ (၄၁) ပါးရှိကုန်၏။

ပဉ္စဒွါရ၏အသီးဥစ္စာဖြစ်သော။ ဒွေပဉ္စဝိညာဉ်တဆယ်။ မနောဓာတ်သုံးခုဟုဆိုအပ်သော (၁၃) ပါးသောစိတ်တို့သည်။မနောဒွါရ၌မဖြစ်ကောင်းသောကြောင့်။ ဤကာမဇောဝါရ မနောဒွါရ ဝိထိ၌။ (၄၁) ပါးသာလျှင်ဖြစ်၏။ ပဉ္စဒွါရ၌။ ငါးပါးအာရုံထိခိုက်ခြင်းကြောင့်။ ဝိထိစိတ်ဖြစ်၏။ မနောဒွါရ၌။ အာရုံ၏ ထင်ခြင်းကြောင့်။ ဝိထိစိတ်ဖြစ်၏။ထင်၏–ဟူသည်, ပဉ္စဒွါရ၌ကဲ့သို့။ ငါးပါးအာရုံ ရှေးရှုတော်မူကြသောအဖြစ်မဟုတ်။ မနောဒွါရာဝဇ္ဇန်း၏ အာရုံ ပြုထိုက်သော အဖြစ်ကို မှတ်အပ်၏။ ပဉ္စဒွါရာဝဇ္ဇန်းသည်။ မနောဒွါရ၌ဖြစ်သော်။ ပဉ္စဒွါရာဝဇ္ဇန်းမမည်။မနောဒွါရာဝဇ္ဇန်းသာမည်ရာ၏။ ဒွေပဉ္စဝိညာဉ်တဆယ်သည်။ဝိတက်မရှိရကား။ မိမိတို့အလိုလို အာရုံသို့မကပ်နိုင်။ ငါးပါးအာရုံထိခိုက် ခြင်းကြောင့်သာ ကပ်နိုင်၏။ ငါးပါးအာရုံထိခိုက်ခြင်းသည်လည်း။ မနောဒွါရ၌ မရှိခဲ့။ သမ္ပဋိစ္ဆိုင်းသည်။ မိမိအား အနန္တရပစ္စည်း ပြုတတ်သော ပဉ္စဝိညာဉ် မရှိခဲ့။ ထိုအကြောင်းတို့ကြောင့်။ ပဉ္စဒွါရာဝဇ္ဇန်း။ ဒွေပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်းတို့သည်။ မနောဒွါရ၌မဖြစ်ကြကုန်။ [စကားချုပ်။]

ပရိတ္တာဝိထိပြီး၏။

(၂၁) ကာမဇောဝါရ၏ အခြားမဲ့၌။ အပ္ပနာဇောဝါရ ကိုပြတော်မူ၏။ ထိုအပ္ပနာဇော၏ ဝါရ၌။ ကသိုဏ်း ပညတ် စသော မဟဂ္ဂုတ်အာရုံ။တေဘုမ္မကသင်္ခါရအာရုံတို့၏ ထင်သောအာရုံတို့၌ သာလျှင်။ အပ္ပနာဇော ဖြစ်သောကြောင့်။ ဝိဘူတာရုံ အဝိဘူတာရုံ အပြားမရှိ။ တနည်း။ အပ္ပနာဇောဝါရ၌။ ဇောနောင်တဒါရုံ ကျသည်ဖြစ်အံ့။ဝိဘူတ, အဝိဘူတ, ဟုအပြားရှိရာ၏။ ဇောနောင်တဒါရုံ မကျသောကြောင့်အပြားမရှိ။ ထို့ကြောင့်-ဝိဘူတာရုံ တခုကိုသာလျှင်

ရအပ်၏။ ။ထိုအပ္ပနာဇောတို့၏ ဝါရ၌။စတုက္ကနယ်၌တိက္ကနယ်၌မေဝဝါ-ဟူသောစကားကို။ဒန္ဓာဘိည။ခိပ္ပါဘိညပုဂ္ဂိုလ်တို့၏ အစဉ်အားဖြင့် ဆိုအပ်၏။ စတုတ္ထံဝါ၂ဥမံဝါ-ဟူသော စကားကို။ ခိပ္ပါဘိညဒန္ဓာဘိညပုဂ္ဂိုလ်တို့၏အစဉ်အားဖြင့်ဆိုအပ်၏။ဒန္ဓာဘိညပုဂ္ဂိုလ်ဖြစ်အံ့။ ကာမဇောသေးကြိမ်။ထိုနောင်-အပ္ပနာဇောသုံးကြိမ်ဖြစ်၏။ ခိပ္ပါဘိည ပုဂ္ဂိုလ်ဖြစ်အံ့၊ကာမဇောသုံးကြိမ်။ ထိုနောင်-အပ္ပနာဇော လေးကြိမ် ဖြစ်၏။ ။ပဌမအနုလုံသည်။ အာသေဝနပစ္စည်းကို မရသည်၏ အဖြစ်ကြောင့်။ဒုတိယဂေါတြဘုကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်။ အာသေဝနပစ္စည်းကိုရငြားသော်လည်း။ ကမ်းပါးပြတ်သို့ ရှေးရှုပြေးသော ယောကျ်ားသည်။ ရပ်လိုပါသော်လည်း။ ကမ်းပါး ပြတ်၏ အစွန်း၌ခြေကိုထား၍ ရပ်ခြင်းငှာမတတ်နိုင်၊ ကမ်းပါးပြတ်နှင့် နီးသည်၏အဖြစ်ကြောင့် (၆)ကြိမ်မြောက်ဇောင်း။ (၇)ကြိမ်မြောက်ဇောင်း။ အပ္ပနာ၏ အစွမ်းဖြင့် မဘည်နိုင်။ ထိုကြောင့်—အလွန် အားဖြင့် ငါးကြိမ်မြောက်၌ သာလျှင်။ အယုတ်အားဖြင့် လေးကြိမ်မြောက်၌ သာလျှင်။အပ္ပနာဖြစ်၏၊ ထိုထက်-ထိုအောက် အယုတ်အလွန် တို့သည်မဖြစ်ကုန်။

ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု, တို့သည်။ သရုပ်အားဖြင့်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် တိဟိတ်ပုထုဇဉ်သေက္ခ တို့အား လျော်စွာဖြစ်၏။ မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု တို့တွင်။ တခုခု သည်။ ရဟန္တာ တို့အား ဖြစ်၏။ ထိုကြောင့်—အမွှန်အညတရသ္မိံ ကို မိန့်၏၊ အပ္ပနာကို ပြုပြင်တတ်သောကြောင့်။ပရိကံမည်၏။ အပ္ပနာ၏အနီး၌ ဖြစ်တတ်သောကြောင့်။ဥပစာမည်၏။ဇောင်းဇောသည် အနုလုံ၊ဂေါတြဘု စိတ်ခြား၍အပ္ပနာနှင့်မနီးလွန်းသော်လည်း။ ပရိကံဇောလောက် မဝေးလွန်းသောဖြစ်ခြင်းရှိသောကြောင့်။ အနီး၌ဖြစ်သည်မည်၏။ အနုလုံ ဂေါတြဘုတို့သည်။ဥပစာထက် အပ္ပနာနှင့် နီးသောကြောင့်၊ ဥပစာ ခေါ် ထိုက်ငြားသော်သည်း။ အနုလုံ၊ ဂေါတြဘု, ဟူသော အမည်ထူးကိုရပြီးဖြစ်၍မခေါ် ဆိုအပ်။ မနီးလွန်းမဝေးလွန်းသည်ကိုဥပစာခေါ်သည်။ရှေးဖြစ်သောပရိကံနှင့်ပစ္စယပ္ပန်။အထက်ဖြစ်သော အပ္ပ

နာနှင့်ပစ္စည်းအဖြစ်ဖြင့် လျော်သောကြောင့်။ အနုလုံမည်၏။ ကာမ အနွယ်ကိုနှိပ်စက်တတ်သောကြောင့်၎င်း။ မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်သောကြောင့်၎င်း။ ဂေါတြဘုမည်၏။ ဤကား—မဟဂ္ဂုတ်ဈာန်ဖို့ရှေ့အဘို့၌ဖြစ်သောစိတ်ကို ရည်သည်။ ပုထုဇ္ဇဉ် အနွယ်ကို နှိပ်စက်တတ်သောကြောင့်၎င်း။ သောကုတ္တရာ အနွယ်ကို ပွားစေတတ်သောကြောင့်၎င်း။ ဂေါတြဘုမည်၏။ ဤကား—မဂ်ဖို့ရှေ့ အဘို့၌ဖြစ်သောစိတ်ကို ရည်သည်။ ထိုတွင်ဈာန်ဂေါတြဘုသည်။ ဘသိုဏ်းပညာတ်ကိုအာရုံပြု၏။ မဂ်ဂေါတြဘုသည် နိဗ္ဗာန်ကိုအာရုံပြု၏။ ဤလေးပါးတို့ကို လေးကြိမ်ဖြစ်ခြင်း၌ အကြွင်းမရှိရအပ်ကုန်၏။ သုံးကြိမ်ဖြစ်ခြင်း၌။ ဥပစာ၊အနုလုံ၊ဂေါတြဘု၊ အားဖြင့်သာ ရအပ်ကုန်၏။ ဘဝင်ပါတော၀၌။ ၆၀-သဒ္ဒါဖြင့် တဒါရုံကို ကန့်သည်။ [စကားချပ်။]

(၂၂)သောမနဿ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော နှစ်ခုမှနောက်၌။ မဟဂ္ဂုတ်ကုသိုလ် သောမနဿ သဟဂုတ်စိတ် လေးခု၊ မဂ်သောမနဿသဟဂုတ်စိတ် (၁၆) ခု။ အောက်ဖိုလ်သောမနဿ သဟဂုတ်စိတ် (၁၂) ခု၊ ပေါင်း (၃၂) ပါးသော၊ အပ္ပနာဇော တို့သည်ဖြစ်ကုန်၏။ ဥပေက္ခာ သဟဂုတ်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောနှစ်ခုမှနောက်၌။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ သဟဂုတ်စိတ် (၅) ခု၊ မဂ်ဥပေက္ခာ သဟဂုတ်စိတ် (၄) ခု။ အောက်ဖိုလ်ဥပေက္ခာသဟဂုတ်စိတ်သုံးခု။ ပေါင်း (၁၂) ပါးသော အပ္ပနာဇောတို့သည်ဖြစ်ကုန်၏။ သောမနဿသဟဂုတ် မဟာကြိယာဉာဏသမ္ပယုတ်ဇောနှစ်ခုမှနောက်၌။ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်စိတ်လေးခု။ အရဟတ္တဖိုလ် သောမနဿသဟဂုတ် စိတ် လေးခု။ ပေါင်း၎စ်ပါးသော အပ္ပနာဇောတို့သည်ဖြစ်ကုန်၏။ ဥပေက္ခါသဟဂုတ် မဟာကြိယာဉာဏသမ္ပယုတ်ဇောနှစ်ခုမှနောက်၌ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်စိတ် (၅) ခု၊ အရဟတ္တဖိုလ် ဥပေက္ခာ သဟဂုတ်စိတ်ဘခု၊ ပေါင်း (၆) ပါးသောအပ္ပနာဇော တို့သည်ဖြစ်ကုန်၏။ ဤကား—ဝေဒနာသဘောတူသော၊ ကာမဇောမှ နောက်၌ ကျကုန်

သော၊ အပ္ပနာဇောတို့ကို ပေါင်း၍ပြသော၊ ဝွတ်ဆိ သသုခပုည မှာစ သောဂါထာ၏ သရုပ်ကိုကောက်ယူပုံတည်း။

(၂၃) တိဟိတ် ပုထုဇ္ဇဉ်, အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် တို့၏။ တိဟိတ်ကာမကုသိုလ်ဇော လေးခုမှ နောက်၌။ မဟဂ္ဂုတ်ကုသိုလ် (၉) ခု။ အရဟတ္တမဂ်စိတ် (၅) ခု၊ ကြွင်းသော လောကုတ္တရာ စိတ် (၃၅) ခု၊ ပေါင်း (၄၄) ပါး ကုန်သော၊ အပ္ပနာဇော တို့သည် ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ တိဟိတ် ကာမကြိယာဇော လေးခုမှ နောက်၌ မဟဂ္ဂုတ်ကြိယာ (၉) ခု။ အရဟတ္တဖိုလ် စိတ် (၅) ခု။ ပေါင်း (၁၄) ပါးကုန်သော အပ္ပဇောတို့သည်ဖြစ်ကုန်၏။

အပ္ပနာဝိထိပြီး၏။

အပ္ပနာဟူသည် ဝိတက် စေတသိက်ကို ရ၏။ ထိုဝိတက်သည် အာရုံ၌ သမ္ပယုတ်တရားတို့ကို ထင်စေသကဲ့သို့ ဖြစ်သောကြောင့်၊ အပ္ပနာမည်၏။ မဟဂ္ဂုတ်လောကုတ္တရာတို့၏ ဝိတက်လျှင် အကြောင်း ရင်းရှိသည်၏ အဖြစ်ကြောင့် အကြောင်းရင်း ဝိတက်၏ အပ္ပနာဟူသော အမည်ကိုအကျိုးဖြစ်သော မဟဂ္ဂုတ်လောကုတ္တရာ ဈာန်တရားတို့၌ ကာရဏူပစာရအားဖြင့်တင်စား၍ အပ္ပနာဟုဆိုအပ်၏။ သတ္တဝါတို့ သည် ပဉ္စဒွါရဝိထိ ကျ၍ အိပ်ပျော်ခြင်းသို့ ရောက်သည်မရှိ။ မနောဒွါရ ဝိထိကျ၍ မနောဒွါရဝိထိ နောင်ဘဝင်စိတ်ဖြင့်သာလျှင် အိပ်ပျော်ခြင်း သို့ရောက်၏။ အိပ်မက်မြင်ရာ၌ သည်း မနောဒွါရ ဝိထိဖြင့်သာမက်၏။ နိုးသော်သည်း မနောဒွါရ ဝိထိသည်သာလျှင် ရှေးဦးစွာကျ၍နိုး၏။ အိပ်ပျော်သောသူ၏ အနီးသို့မီးခွက်ကိုဆောင်ယူလာလျှင်မနောဒွါရဝိ ထိကျ၍ ဤ၌အလင်းရှိ၏ဟုသိ၏။ သိပြီးမှနိုး၍ စက္ခုဒွါရဖြင့်သိ၏။ ဇော တဒါရုံ တို့မှဆိတ်သော မနောဒွါရဝီထိနှစ်ပါးနှစ်ကြိမ် သုံးကြိမ်ကျသော, သုပိနန္တ မနောဒွါရ၊ မောဃဝါရ အဝိဘူတာရုံဝိထိသည်လည်း အ ဗျာကတဝိထိမည်၏။ ထိုသုပိနန္တ ဝိထိ ချဲ့ဟန်ကား၊ ဘဝင်, ဘဝင် နု၊ ဒ၊ မ၊ မ၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဤကား အာဝဇ္ဇန်း (၂) ကြိမ်ကျ သောဝိထိတည်း။ ဘဝင်၊ ဘဝင်၊ နု၊ ဒ၊ မ၊ မ၊ မ၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊ ဘဝင်၊

ဤကား အာဝဇ္ဇန်းသုံးကြိမ်ကျသောဝီထိတည်း။ ဤဝီထိ၌ အတီတ. ဘဝင်ဟူ၍၎င်း။ အာရုံဖြစ်ချုပ်ဟူ၍၎င်း၊ မဆိုရ၊ (ဒုတိယအာဝဇ္ဇန်းသည်၊ ပထမဇောအရာ၌ တည်၍။ နောက် နောက်ဘဝင် တို့သည်၊ ဒုတိယဇောစသည်တို့၏ အရာ၌တည်၍ ဖြစ်ကုန်သည်ထင်ပေသည်ဟုဗိုလ်ကုန်း ဆရာတော်မိန့်၏။) ဇောစစ်ကား မဟုတ် ဇောအရာ၌တည်သောသုပိနန္တဝီထိဟုမှတ်ရုံသာဖြစ်၏။ထိုအိပ်မက်ကို အိပ်စဉ်လည်းမဟုတ်, နိုးစဉ် လည်းမဟုတ်, ဘဝင်အလျဉ်ချုပ် ပြတ်ခါနီး။ မျောက်မျှည်းအိပ်ပျော်ခြင်းကဲ့သို့ ဖြစ်သောအခါ၊ ဝီထိစိတ်အစတွင်မြင်မက်၏၊ အိပ်မက်၌ ဖြစ်သောကုသိုလ်၊ အကုသိုလ်စေတနာသည်အားနည်းသော ဝတ္ထုရှိသည်၏အဖြစ်ကြောင့်။ ပဋိသန္ဓေ အကျိုးကိုမပေးနိုင်။ ပဝတ္တိအခါ၌ တပါးသော ကုသိုလ် အကုသိုလ်တို့သည်။ ထောက်ပံ့အပ်သည် ရှိသော် အကျိုးကို ပေးနိုင်၏။ မရဏာသန္နစေတနာသည်၎င်း။ သုပိနန္တစေတနာသည်၎င်း။ ပဉ္စဒွါရိက စေတနာသည်၎င်း။ ဤသုံးပါးသည်ပဋိသန္ဓေအကျိုးကိုမပေးနိုင်။ အိပ်မက်ကိုမပယ်အပ်သေးသော ဝိပလ္လာသရှိကုန်သော ပုထုဇဉ်(၄)ယောက်, သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့သည်သာလျှင်မက်ကုန်၏။ သညာ,စိတ္တ,ဒိဋ္ဌိဝိပလ္လာသတို့ကိုပယ်ပြီးကုန်သော ရဟန္တာတို့အားမမြင်မက်ကုန်။စေတီပုထိုးကိုရှိခိုးရ၏ဟုမက်သောအခါစသည်တို့၌။ ဝီထိချဟန်ကား။ဘဝင်ဘဝင်ဘဝင်၊န၊ဒ၊မ၊ဇော(၇)ကြိမ်။တဒါရုံနှစ်ကြိမ်ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ် ရှိခိုးအပ်သောစေတီစသည်ကိုအာရုံပြု၏။ သတ္တဝါတို့ကိုသတ်ရ၏ဟု မက်သောအခါစသည်တို့၌လည်း။ဘဝင်၊ ဘဝင်၊ ဘဝင်၊ န ဒ၊ မ၊ ဇော(၇)ကြိမ်။ တဒါရုံ နှစ်ကြိမ်။ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်၊သတ်အပ်သောသတ္တဝါစသည်ကို အာရုံပြု၏။ဤနှစ်ဝီထိသည်၊ သုပိနန္တဝိဘူတာရုံဝီထိမည်၏။ ထိုအိမ်မက်သည် စေတီကိုရှိခိုးခြင်းစသည်ကိုမက်သောသူအားကုသိုလ်။ သူ့အသက်ကိုသတ်ခြင်းစသည်ကို မက်သော သူအား အကုသိုလ်၊ ထိုနှစ်ပါးမှ လွတ်သော,အာဝဇ္ဇန်း တဒါရုံကော၌ ဖြစ်သော မြင်သလိုလို ကြားသလိုလိုဖြစ်သောသူအားအဗျာကတဖြစ်၏ [စကားချုပ်။]

မနောဒွါရဝီထိပြီး၏ဘည်း၊

## တဒါရမ္မဏနိယမ။

(၂၄) ပဥ္စဒွါရ၊မနောဒွါရ၌။ တဒါရုံဖြင့် မှတ်ခြင်းကိုဝေဘန်၍
ပြခြင်းငှာ၊သဗ္ဗတ္ထာပိ-အစ ရှိသည်ကိုမိန့်၏။ ဣဋ္ဌေကုသလဝိပါကာနိ
၌၊ဣဋ္ဌဖို့အရကိုဣဋ္ဌမဇ္ဈတ္တာရုံကိုယူအပ်၏။ ဣဋ္ဌအနိဋ္ဌကို ရွေးချယ်
ရာ၌။မိမိအလိုရှိလျှင်ဣဋ္ဌ၊ ၎င်းဣဋ္ဌ၏ အရကို။ ဣဋ္ဌမဇ္ဈတ္တာရုံ။အတိ
ဣဋ္ဌာရုံကိုယူအပ်၏။မိမိအလိုမရှိလျှင်အနိဋ္ဌ၊ဤသို့စီစစ်ရာ၌။ အလွန်
ကြမ်းတမ်းသောသူအား။ဣဋ္ဌအနိဋ္ဌကို မရွေးချယ်ရ။ ကြမ်းလည်း
မကြမ်းလွန်း။သိမ်လည်းမသိမ်မွေ့လွန်း။ အလယ်အလတ် ဖြစ်သော
ပုဂ္ဂိုလ်တို့အား သာလျှင်။ ဒွါရဖြင့်မှတ်၍ ရွေးချယ်ရာ၏။ သညာ
ဝိပလ္လာသဖြစ်သောသူအားလည်း။မရွေးချယ်ရ။ အနိဋ္ဌာရုံ၊ဣဋ္ဌမဇ္ဈတ္တာ
ရုံ၌။ဥပေက္ခာသဟဂုတ် သန္တီရဏတဒါရုံကို ချအင်ဖို့-ဟူသည်ကို
အဝုတ္တသိဒ္ဓိနည်းဖြင့်သိအပ်၏။ ထိုဣဋ္ဌအနိဋ္ဌ တို့တွင်။ တခုသောဒွါရ
မှာဣဋ္ဌ။တခုသောဒွါရမှာအနိဋ္ဌဖြစ်သည်လည်းရှိ၏။ ငွေ့လှ ငွေ့ကြမ်
လုံးစသည်တို့သည် စက္ခုဒွါရ၌ဣဋ္ဌာရုံ၊ ထိုးသည်ရှိသော်။ ကာယ
ဒွါရ၌ အနိဋ္ဌာရုံ။ကျင်ကြီးကျင်ငယ်တို့သည်၊ စက္ခု ဃာနဒွါရတို့၌
အနိဋ္ဌာရုံ။ ကာယဒွါရ၌ကား ဣဋ္ဌာရုံ။ (ဒ.ဘဲ့ ကြောင့် အကုသလ
ဝိပါက်ဒုက္ခသဟဂုတ် ကာယဝိညာဉ်မဖြစ်သောကြောင့်။) ဝိပါတ်
စိတ်မည်သည် ကြေးမုံတွင် မျက်နှာ ရိတ်ကဲ့သို့ ကံ၏ အာနုဘော်
ကြောင့်ဖြစ်ရကား၊ကြံဖန်ပြုပြင်သူကင်း၏။ ကုသိုလ်အကုသိုလ်ဇော
စိတ်ကဲ့သို့ဘောက်ပြန်ကြံဆ၍ အာရုံကိုမယူနိုင်ရကား၊အာရုံအတိုင်း
ဝေဒနာကိုယှဉ်အပ်၏။ဤကားဝိပါက်သည်အာရုံ၌အမှန်ဖြစ်ကြောင်း
တည်း။ ၊မဂ်ဖြင့် ပယ်အင်ကုန်သေးသော ဝိပလ္လာသရှိကုန်သော
သတ္တဝါတို့၏ သန္တာန်၌။ ဘုရားအစရှိကုန်သော အတိဣဋ္ဌာရုံတို့၌
သော်လည်း။ဣဋ္ဌမဇ္ဈတ္တာရုံဟူသောအခြင်းအရာဖြင့်။ ခွေးလင်းတတို့
သည် မစင်ခွေးကောင်းပုတ်အစရှိကုန်သော အနိဋ္ဌာရုံတို့၌။ ဣဋ္ဌာရုံ
ဣဋ္ဌမဇ္ဈတ္တာရုံဟူသော အခြင်းအရာဖြင့်ဇောတို့သည် အာရုံကိုယူ
တတ်ကုန်၏။ ထို့ကြောင့်, ဘုရားအစရှိကုန်သော အတိဣဋ္ဌာရုံတို့၌။
သဒ္ဓါမရှိကုန်သောသူတို့အား။ ဥပေက္ခာဇော ။တိတ္ထိအစရှိသည်တို့
အား။ဒေါမနဿဇော။ နက်နဲသော သဘောရှိကုန်သောသူ အစရှိ

သည်တို့အား။ စက်ဆုပ်ဘွယ်ရှိသော အာရုံ၌လည်း၊ ဥပေက္ခာဇော။ ခွေးအစရှိသောသတ္တဝါတို့အား။ စက်ဆုပ်ဘွယ်ဖြစ်သော ကျင်ကြီးအစရှိသောအာရုံ၌။ သောမနဿဇောအသီးသီးဖြစ်ကုန်၏၊ ဤကား–ဇောသည်အာရုံ၌မမှန်ကြောင်းတည်း။

(၂၅) ဤသို့သောနည်းဖြင့်။ အတိဣဋ္ဌာရုံကို။ အနိဋ္ဌာရုံ။ ဣဋ္ဌမဇ္ဈတ္တာရုံ။အနိဋ္ဌာရုံကို။ ဣဋ္ဌရုံ,ဣဋ္ဌမဇ္ဈတ္တာရုံ, အားဖြင့်။ အာရုံကိုဘောက်ပြန်၍ယူခြင်းသည်။ အကြောင်းရင်းမဟုတ်။ အကြင်အာရုံသည်ကေန်,အနိဋ္ဌာရုံဖြစ်အံ့။ အကုသလဝိပါက်။ ပဉ္စဝိညာဉ်။ သမ္ပဋိစ္ဆိုင်း။သန္တီရဏ။တဒါရုံတို့သည်ဖြစ်ကုန်၏။ ကေန်စင်စစ် ဣဋ္ဌာရုံဖြစ်အံ့။ကုသလဝိပါက်၊ပဉ္စဝိညာဉ်။သမ္ပဋိစ္ဆိုင်း။သန္တီရဏ။ တဒါရုံတို့သည်ဖြစ်ကုန်၏။ပဉ္စဒွါရာဝဇ္ဇန်း။ မနောဒွါရာဝဇ္ဇန်း စိတ်တို့သည်။ ဆိုင်ရာဒွါရ၌ဖြစ်သမျှအာရုံကိုယူကုန်၏။ဣဋ္ဌအနိဋ္ဌအထူးမှတ်ဘွယ်မရှိ။ မစင်, ခွေးကောင်ပုပ်, စသည်ကိုမြင်၍ နှလုံးမသာလျှင်၊ဒေါသဇောချ။တသ်နှစ်သက်လျှင် လောဘဇောချ' ယောနိသောမနသိကာရရှိလျှင်။မဟာကုသိုလ်ဇောချ။ကြွင်းသောအာရုံတို့၌လည်းထိုက်သည်အားလျော်စွာ မှတ်အပ်၏။ ဘုရားရဟန္တာတို့မှာ အနိဋ္ဌာရုံကို မြင်လျှင်။ အကုသလ ဝိပါက်စက္ခုဝိညာဉ် စသည်ချ။ ဇောမှာ မဟာကြိယာဇောပင်ဇော၏။ဝိပ္ပလ္လာသကင်းသောကြောင့်။ ဒေါသဇော စသည်မဖြစ်။ အနိဋ္ဌာရုံ၌ အကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏ။ တဒါရုံ တခုသာဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံ၌။ အဟိတ်ကုသလဝိပါက်။ ဥပေက္ခာသန္တီရဏ၊ မဟာဝိပါက် ဥပေက္ခာ တဒါရုံတို့သည် ဖြစ်ကုန်၏။အတိဣဋ္ဌာရုံ၌။သောမနဿ တဒါရုံငါးခုတို့သည်ဖြစ်ကုန်၏။

ဟသိတုပ္ပါဒ်။ မဟာကြိယာသောမနဿ ဇောနောင်၊ သောမနဿတဒါရုံ၊မဟာကြိယာ ဥပေက္ခာဇောနောင်။ဥပေက္ခာတဒါရုံချ၊ မဟာကြိယာဉာဏ သမ္ပယုတ်စိတ်စသည်တို့ကိုလည်း။ထိုက်သည်အားလျော်စွာမှတ်အပ်၏။ကုသိုလ်-အကုသိုလ်၏အခြားမဲ့၌။တဒါရုံဖြစ်ခြင်းကို၊ ပဋ္ဌာန်း၌ ဘုရားဟောတော်မူခြင်းယည်။ ကြိယာဇောနောင်, တဒါရုံမဖြစ်ထိုက်သောကြောင့်ဟောတော်မူသည်မဟုတ်၊အကောင်၌ ကြိယာဇောနောင် တဒါရုံကို ဟောသည်ဖြစ်အံ့၊ ပရိတ္တာရုံ၌

ဝေဒနာ၏အခြားမဲ့၌၊ တဒါရုံဖြစ်ခြင်းကို၊ ဘုရား၏ အလိုတော်ကို မသိကုန်သောသူတို့သည်၊ မှတ်ကုန်ရာ၏။ ထို့ကြောင့် ကြိယာဇော၏ အခြားမဲ့၌ တဒါရုံကို ဘုရားဟောတော်မမူခြင်းဖြစ်သည်။ မူလဋီကာကို ပြုကုန်သော၊ အရှင်အာနန္ဒာ ဆရာတို့သည်ကား၊ ထိုပဋ္ဌာန်း ပါဠိတော်ကို ထောက်၍၊ ကြိယာဇော၏ အခြားမဲ့၌၊ တဒါရုံမဖြစ်ဟုဆိုဖြတ်ကုန်၏။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌၊ ကြိယာဇော၏၊ အဆုံး၌လည်း တဒါရုံဖြစ်ခြင်း၏ အကြောင်းကို အကျယ်အားဖြင့် ဘွင့်ဆိုချက်ရှိသောကြောင့်၊ အရှင်အာနန္ဒာဆရာ၏ စကားကို သင့်အံ့ထင်ဟု ဆရာကြီးတို့ဆိုကုန်၏။ [စကားချုပ်။]

(၂၆) သောမနဿနှင့် ဆန့်ကျင်သော၊ သဘောရှိသော၊ ဒေါမနဿ ဇော၏အဆုံး၌ကား၊ အဘယ်သို့ဖြစ်သနည်းဟု မေးဘွယ်ရှိ၍၊ ဒေါမနဿသဟဂတဇဝနာဝသာနေစပန၊ သ။ အာစရိယာကို မှီ၍ဘော်မူ၏၊ ထိုဘွင့်၊ သောမနဿပဋိသန္ဓိကဿ၊ ဟူသောပါဠိဖြင့်၊ သောမနဿပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏၊ ဒေါမနဿဇော၏အဆုံး၌၊ သောမနဿဘဝင်မကျသည်၏ အဖြစ်ကိုပြသည်။ ယဒိတဒါလမ္ဗဏသမ္ဘဝေါနတ္ထိဟူသော ပါဠိဖြင့်၊ သောမနဿပဋိသန္ဓေနေခြင်း ရှိကုန်သော၊ ဘိက္ခုအစရှိသည်တို့၏ ဘုရားအစရှိကုန်သော၊ အတိဣဋ္ဌာရုံတို့၌သည်၊ ဒေါသဇော စောသည်ရှိသော်၊ သောမနဿတဒါရုံ၏၎င်း၊ ဥပေက္ခာတဒါရုံ၏၎င်း၊ မဖြစ်ခြင်းကိုပြသည်၊ ထိုသို့ မဖြစ်ကုန်သည်ရှိသော်၊ ဥပေက္ခာသန္တီရဏစိတ်သည်၊ ထိုဘဝ၌ များသောအားဖြင့်၊ ရှေး၌ယူဘူးသောကာမအာရုံကို အာရုံပြု၍၊ အာဂန္တုကဘဝင်ကိစ္စ၏ အစွမ်းဖြင့် ဖြစ်၏။ ထိုဥပေက္ခာသဟဂုတ်သန္တီရဏ အာဂန္တုကဘဝင်စိတ်ကို၊ အနန္တရပစ္စည်းပြု၍၊ သောမနဿ ဘဝင်စိတ်သည် ဖြစ်၏ (၀၁) မဟာဝိပါက်သောမနဿသဟဂုတ်ပဋိသန္ဓေစိတ်သည်မူလဘွင်ဖြစ်၍ချုပ်၏။ မလျောက်ပတ်သောအာရုံနှင့်တွေ့၍၊ သောကီချာန်လျော့ကျသောပုဂ္ဂိုလ်သည်၊ ၎င်းချာန်ကိုအာရုံပြု၍၊ ငါ၏ မြတ်သောချာန်ဘရားသည် ပျက်စီးပြီဟု ဒေါသဇောစောသည်ရှိသော်၊ ကာမအာရုံမဟုတ်သည်၏ အဖြစ်ကြောင့်၊ ချာန်ဘည်းဟူသောမဟဂ္ဂုတ်အာရုံ၌ တဒါရုံမဖြစ်၊ ဤသို့သောအနက်သဘောကိုပြ၏ (ဥပေက္ခာသန္တီရဏ

ဟုဆိုအပ်သော အာဂန္တုက ဘဝင်သည်ကား။ နိရောဝဇ္ဇနအာဝဇ္ဇန်းကင်းသောစိတ်မည်၏၊ အာဝဇ္ဇန်းကင်းသောစိတ်တို့သည်။ ဤပဉ္စဒွါရ မနောဒွါရ။ ဒေါမနဿဝိထိ၌ အာဂန္တုက ဘဝင်စိတ်။ နိရောဓ သမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်စိတ်။ အရိယာမဂ်စိတ်။ မဂ္ဂါနန္တရဖိုလ်စိတ်။ အားဖြင့် ဤလေးပါးတို့သည် အာဝဇ္ဇန်းပေးသောအာရုံကိုမယူကြမူ၍ မိမိတို့၏ အာရုံ၌သာလျှင် ဖြစ်ကြကုန်၏။ ပဋိသန္ဓေဘဝင်တို့သည်။ သမ္ပယုတ္တဓမ္မသင်္ဂါရ အာရုံအား ဖြင့်တူ၏ဟူသည်။ ယေဘုယျသာ။ ဒေါမနဿဝိထိနှစ်ပါး၌။ ပဋိသန္ဓေဘဝင်စိတ်တို့သည်။ အာရုံမတူခြင်း အပ္ပကာရှိသေး၏ ဟုလို၏။ ဒေါမနဿဝိထိ၌ ဥပေက္ခာသန္တီရဏစိတ်။ နိရောဓသမာပတ္တိဝိထိ၌။ ဖိုလ်စိတ်ဤနှစ်ပါးသည်။ အာဝဇ္ဇန်း ကင်းလျက်ဖြစ်သော ဝိထိစိတ်မည်၏။ မဂ္ဂဝိထိ၌။ ဂေါတြဘု။ ဝေါဒါန်။ ဖိုလ်ဇော၊ ဖလသမာပတ္တိ ဝိထိ၌ဖြစ်သောဖိုလ်ဇော။ ဤနှစ်ပါးတို့သည် ဇောအာဝဇ္ဇန်း အာရုံ မတူသောဝိထိစိတ်မည်၏။ ဘဝင်တို့သည်၊ မူလဘဝင်။ အာဂန္တုကဘဝင်။ ပိဋ္ဌိဘဝင်၊ ဟူ၍ သုံးပါးရှိ၏။ ထိုတွင် ပဋိသန္ဓေစိတ်နှင့် ဝေဒနာ။ ဉာဏ်။ သင်္ခါရ။ သုံးပါးလုံးတူသည်ဖြစ်အံ့။ မူလဘဝင်မည်၏။ မတူသည်ဖြစ်အံ့။ အာဂန္တုကဘဝင်မည်၏။ နောက်ဆုံး တဒါရုံစိတ်သည် ပိဋ္ဌိဘဝင်မည်၏။)

(၂၇) ဥပေက္ခာနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်သည်ကား။ ဣဋ္ဌမဇ္ဈတ္တာရုံကိုအာရုံပြု၍၊ ဒေါသဇောစောသည် ဖြစ်အံ့။ တဒါရုံ ကျလောက်သော ဝိထိဖြစ်လျှင်။ ဥပေက္ခာတဒါရုံချ။ မကျလောက်လျှင် ဥပေက္ခာဘဝင်ချ။ ဥပေက္ခာနှင့်ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည်။ အတိဣဋ္ဌာရုံကိုအာရုံပြု၍ ဒေါသဇောကျသည်ဖြစ်အံ့၊ တဒါရုံကျလောက်သော်လည်း မချရ၊ အကြောင်းကား၊ အတိဣဋ္ဌာရုံ၌ သောမနဿ တဒါရုံကျသင့်သည်၊ ထိုသို့ပင်ကျသင့်သော်လည်း၊ ထိုသောမနဿ သဟဂုတ်စိတ်၊ ဒေါမနဿသဟဂုတ်စိတ်တို့၏၊ အချင်းချင်းဆန့်ကျင်ဘက်ဖြစ်သောကြောင့်တည်း၊ ကာမဥပေက္ခာဘဝင်ကိုသာချ၊ သောမနဿသဟဂုတ်ဇောဖြစ်လိုက်သော၊ အတိဣဋ္ဌာရုံ၌ သော်လည်း၊ ဒေါသဇောစောသေး၏၊ ဝိပါက်စိတ် တို့သည်ကား၊ အနိဋ္ဌာရုံ၊ ဣဋ္ဌ

မဟဂ္ဂုတ္တရာရုံ။ အတိဇ္ဇုဒ္ဓါရုံအားလျော်စွာသာလျှင်ဖြစ်ကုန်၏။ ထို့ကြောင့်
ရှေးဆရာတို့သည်။ ဝိပါက်အမှန်။ ဇောအပြန်ဟူ၍။ ဆိုစမှတ်ပြုကုန်၏။

(၂၀) ရဟန္တာ တို့အား။ ဝိဗ္ဗဝိပ္ပလ္လာသဖြင့် မရှိခြင်းကြောင့်။
ကြိယာဇောတို့သည်လည်း။ အာရုံ ထင်သည့်အား လျော်စွာဖြစ်
ကုန်၏။ ထို့ကြောင့်-ရဟန္တာတို့အား ဝိပါက်သည်းအမှန်။ ဇောလည်း
အမှန်ဖြစ်၏။ အဘိဇ္ဇုဒ္ဓါရုံ၌။ သောမနဿကြိယာဇော။ သောမနဿ
တဒါရုံဝိပါက်ဖြစ်၏။ ဇုဋ္ဌမဇ္ဈတ္တ။ အနိဋ္ဌာရုံတို့၌။ ဥပေက္ခာကြိယာ
ဇော။ ဥပေက္ခာတဒါရုံ ဝိပါက်ဖြစ်၏။ ရဟန္တာ သန္တာန်၌။ ဝိပါက်
လည်းမှန်။ ကြိယာဇော လည်းမှန်-ဟူသော စကားသည်။ အရိုးစု
ပြိတ္တာစသည်တို့ကို ရှင်မောဂ္ဂလာန် မြင်တော်မူရာ, စသည် တို့၌။
သနားကြောက်မက်စက်ဆုပ်ဘွယ်ဖြစ်ပါးလျက်။ အဘယ်သို့-အာရုံ
ပြောင်း၍။ အဘယ်အကြောင်းကြောင့်ပြုံးရယ်သနည်းဟူမူ။ ပြိတ္တာကို
မြင်လျှင်အတိတ်အကြောင်း မကောင်းမှုကိုမြင်၍။ ငါတို့သည် ထိုကဲ့
သို့သောပြိတ္တာတို့ဖြင့် ဖြစ်ရဘိသကဲ့သို့သော ပုတုဇ္ဇဉ် အတ္တဘောမှ
လွတ်ရပေပြီဟု၊ မိမိသန္တာန်၌ ပြည့်စုံခြင်း သမ္ပတ္တိဂုဏ် ဣဋ္ဌာရုံကို
အာရုံပြုကာ။ ဝမ်းသာရွှင်ပြယ် ပြုံးရယ်သည်ဟု။ ပါရာဇိကာဏ်
အဋ္ဌကထာ၌မိန့်ဆို၏။ ဥပမာ-မုတ်ဆိတ်ဘွားရေနှင့် ကုလားကိုမြင်
သောသူငယ်တယောက် ပြင်းစွာ ငိုကြွေးသည်ကို။ အမောင်ငါ့ကို
မကြောက်ပါနှင့်ဟုဆိုရာ။ ခင်ဗျားကြီးကိုကြောက်၍မဟုတ်။ ခင်ဗျား
ကြီးကိုမြင်ရတွင်။ ရှေ့အခါ ပျောက်သွားသော ကျွန်တော် ဆိတ်
ကြီးကိုအောက်မေ့လွမ်းဆွတ်၍ ငိုပါသည် ဟု ဆိုသကဲ့သို့တည်း။
ဟုဆရာကြီးတို့ ဥပမာပြုကြ၏။ ထို့ကြောင့်-ဝိပါက်အမှန်, ဇောအမှန်
ဟုဆိုစမှတ်ပြုကြ၏။

(၂၉) (၁၁) ပါးကုန်သော တဒါရုံ တို့ကို။ ကာမတဏှာလျှင်
အကြောင်းရင်း ရှိကုန်သော။ ကုသိုလ်ကံ, အကုသိုလ်ကံ တို့သည်။
ဖြစ်စေအပ်ကုန်၏။ ထို့ကြောင့်-သုံးပါးကုန်သော အင်္ဂါတို့ဖြင့် မှတ်၍
ပြခြင်းငှာ။ တထာကာမာဝစရဇဝနာဝသာနေ။ လ။ ဣဋ္ဌာ နိုတိ-ကို
မိန့်တော်မူ၏။ ကာမဇော။ ကာမသတ္တဝါ။ ကာမအာရုံ။ ထိုသုံးပါးစုံမှ
တဒါရုံဖြစ်နိုင်သည်။ ကာမတဏှာလျှင် အကြောင်းရှိသော ကံသည်

ဖြစ်စေအပ်သောတဒါရုံသည်။အလွန်သဘောမတူသော။ရူပ။အရူပ လောကုတ္တရာဇောတို့ အခြားမဲ့၌မဖြစ်။ ထိုတဒါရုံသည်။ ဝိဘူတာရုံ။ အတိမဟန္တာရုံ၌သာဖြစ်သည်။ တိဟိတ်ပုဂ္ဂိုလ်အား။ တဒါရုံကော ဒသ။ဒွိဟိတ်, သုဂတိအဟိတ် ပုဂ္ဂိုလ်အား။ ဒွိဟိတ်တဒါရုံ လေးခု။ အဟိတ်တဒါရုံ သုံးခု။ ပေါင်း (၇) ခု။ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်အား။ အဟိတ်တဒါရုံသုံးခုကျနိုင်၏။အနွယ်ကိုအာရုံပြု၍ဖြစ်သော။ ဇောတို့ အဆုံး၌၎င်း။ ပညတ်ကိုအာရုံပြု၍ ဖြစ်သော။ ဇောတို့အဆုံး၌၎င်း။ လက္ခဏာလျှင် အာရုံရှိသော။ ဝိပဿနာဇောတို့ အဆုံး၌၎င်း။ အဘိညာဉ်ကိုအာရုံပြု၍ဖြစ်သောဇောတို့အဆုံး၌၎င်း။ပဋိသမ္ဘိဒါဉာဏ်ကိုအာရုံပြု၍ဖြစ်သောဇောတို့အဆုံး၌၎င်း။ တဒါရုံမဖြစ်ဟု။ သမ္မောဟဝိနောဒနီ၌ဆို၏။

တဒါရမ္မဏာနိယာမပြီး၏။

(၁၀)၊ဇဝနနိယာမ ဇောကို ဝေဘန်၍ ပြခြင်းငှာ။ ဇဝနေသုစ အစရှိသည်ကိုဆို၏။ထိုဇောသည်။သေခါနီးအခါ၊ ဟဒယဝတ္ထု အားနည်းသည်၏အဖြစ်ကြောင့်။ ငါးကြိမ်သော၏။ မရဏကာလာဒိသု၌။ အစာဒိသည်ပြဖြင့်။ လျင်စွာဖြစ်ခြင်း ရှိသည်ကို။ သင်္ခေပ ဆရာ ယူသည်။ မန္ဒာ ကာလ ကို။ ဝိဘာဝနီ ဋီကာ ဆရာ ယူသည်။ ဒွေ, ဝါ, အစုံသည်။ယမက မည်၏။ ပဋိပက္ခဟရဏာတိ ပါဋိဟာ ရိယ ပြသည့်အခါ၊ မြတ်စွာဘုရားတို့၏။ သာသနာတော်တို့၏။ တိတ္ထိတို့သည်ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ထိုဆန့်ကျင်ဘက်ဖြစ်သော တိတ္ထိတို့ကိုဆောင်ခြင်းကြောင့်။ပါဋိဟာရိယမည်၏။

ချဲ့ဦးအံ့။ ဘုရားရှင်သည်၊ ခုနစ်ခါမြောက်၌။ ကဏ္ဍမ္ဗ သရက်ပင်ရင်း၌၊ သဆယ့်နှစ်ယူဇနာကျယ်သော၊ ရတနာမဏ္ဍပ်၌၊ တယူဇနာပမာဏရှိသော ရတနာပလ္လင်ထက်၌ နေတော်မူ၍၊ သုံးယူဇနာရှိသောတီးပြုကိုဆောင်းလျက်။ တဆယ့်နှစ်ယူဇနာရှိသောပရိသတ်၌တိတ္ထိတို့အား၊ယမကပါဋိဟာရိယကို ပြတော်မူရာ၊ အထက်ဖြစ်

ဧသော။ကိုယ်တော်မှမီးအလျှံ။ အောက်ဖြစ်သော ကိုယ်တော်မှ ရေအလျဉ်ထွက်၏။တခုတခုသောမွေးတွင်းတော်မှ မီးအလျှံ၊ တခုတခုသောမွေးတွင်းတော်မှရေအလျဉ်ထွက်၏။ ဤသို့ စသည်ဖြင့်ပြတော်မူ၏။ရွှေအဆင်းနှင့်တူသောကိုယ်တော်မှ။ရွှေနှင့်တူသောရွှေအရောင်တို့သည်ထွက်၍။ အသက် ဘဝဂ်ဘုံ တိုင်အောင် ကြွသွားကုန်၏။ တသောင်းသော စကြာဝဠာတိုက်ကို တန်းဆာဆင်ဘိ သကဲ့သို့ဖြစ်၏။ရေမီးစသည်တို့သည်။တပြိုင်နက်ကဲ့သို့ ဖြစ်ငြားသော်သည်း။ စင်စစ်တပြိုင်နက်ဖြစ်သည်မဟုတ်။အကြောင်းမူကား။ ရေကိုဖြစ်စေတတ်သော စိတ်တော်သည်း တခြား။ မီးကိုဖြစ်စေတတ်သော စိတ်တော်လည်းတခြား။ တပြိုင်နက်မဖြစ်ကုန်။ ထိုသို့ပင် အသီးအခြားဖြစ်ငြားသော်လည်း။ငါးပါးကုန်သော အခြင်းအရာတို့ဖြင့်။ လေ့လာအင်ပြီးသော။ဝသီဘော်ရှိသည်၏ အဖြစ်ကြောင့်။ တပြိုင်နက်ကဲ့သို့ဖြစ်ကုန်၏။ ညိုသောရောင်ခြည်ကိုဖြစ်စေခြင်းငှာ၊ နီလကသိဏ်းကို။ ရွှေသောရောင်ခြည်ကိုဖြစ်စေခြင်းငှာ။ပီတကသိဏ်းကို။နီသောရောင်ခြည်ကိုဖြစ်စေခြင်းငှာ။ လောဟိတကသိဏ်းကို။ ဖြူသောရောင်ခြည်ကိုဖြစ်စေခြင်းငှာ။ သြဒါတကသိဏ်းကို။ မီးအလျှံထွက်စေခြင်းငှာ။ တေဇောကသိဏ်းကို။ ရေအလျဉ်ကို ဖြစ်စေခြင်းငှာ။ အာပေါကသိဏ်းကိုဝင်စားတော်မူ၏။ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်၊ ရေမီးစသည်တို့ကိုဖြစ်စေခြင်းငှာ။အဘိညာဉ်၏ အခြေဖြစ်သော။ စတုတ္ထဈာန်ကို အသီးအသီးဝင်စား။ ထိုဈာန်မှထ၍၊ ဥပေက္ခာ သဟဂုတ်ဈာန်တရားတို့ကို။ အသီးအသီးဆင်ခြင်တော်မူသောမြတ်စွာဘုရား၏။မနောဒွါရာဝဇ္ဇန်းဖြင့်ဆင်ခြင်အပ်ကုန်သော။ဈာန်အင်္ဂါလျှင် အာရုံရှိကုန်သော။ လေးကြိမ်လည်း ဖြစ်ကုန်သော။ ငါးကြိမ်လည်း ဖြစ်ကုန်သော။ပစ္စဝေက္ခဏာဇော စိတ်တို့သည် ဖြစ်ကုန်၏။ ဝဒန္တိအရအဋ္ဌကထာဆရာကိုယူရမည်။ မြတ်စွာဘုရား၏ ဘွင် အဟုန်သည်အလွန်လျင်မြန်၏။လျင်မြန်၏-ဟူသည် တဝိထိနှင့် တဝိထိအကူး၌ဘွင်ကျခြင်းနည်းသည်ကို မှတ်အပ်၏။ ထိုကြောင့်-မဏိဒီပဋီကာ၌။ (ဒွေဘဝင်္ဂါနိဗုဒ္ဓဿ။ သာရိပုတ္တဿသောဠသအညေသံပနသတ္တာနံဘဝင်္ဂါနိဗဟူနိပိ)အနက်လွယ်၏။ ဤသို့ တဝိထိနှင့်တဝိထိအကူး။

ဘုရားရှင်တို့မှာ နှစ်ကြိမ်ခြားသောကြောင့်။ ဘွင်တော်လျှင်မြန် သဘ
တည်း။ [စကားချပ်။]

ဘဂဝတော-ဟူသောစကားသည်။နိဒဿနမျှသာ။ ရှင်သာရိပုတ္တ
ရာအစရှိကုန်သောပုဂ္ဂိုလ်တို့သည်လည်း။ဤကဲ့သို့သော။ယမကပါဋိ
ဟာရိယ,ကို ပြတော်မူကုန်၏။ ပစ္စာရိပဋ္ဌဝါ-ဟူသော စကားကို။
တိက္ခိန္ဒြိယပုဂ္ဂိုလ်။မုဒိန္ဒြိယ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ယူအပ်၏ဟု၊
ဓမ္မပါလမထေရ်ဆိုအပ်သည်၏အဖြစ်ကြောင့်။ဘုရားအားလေးကြိမ်
သာလျှင်ဖြစ်ကုန်၏၊ဘုရားမှတပါးကုန်သော၊ ရှင်သာရိပုတ္တရာအစ
ရှိကုန်သောပုဂ္ဂိုလ်တို့အား။ငါးကြိမ်ဘုန်သော။ ပစ္စဝေက္ခဏာ ဇော
စိတ်တို့သည်လည်း ဖြစ်ကုန်၏။ ဤသို့ ယထာရုတဖြစ်ခြင်းသည်။
သင့်သကဲ့သို့ထင်၏ဟုဋီကာကျော်ဆရာသည်ဆိုတော်မူ၏။ ဤသို့—
ဓမ္မပါလမထေရ်ဝါဒ အတိုင်းယူလျှင်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်
ဆန့်ကျင်သကဲ့သို့ရှိ၏။ဆန့်ကျင်ပုံမှာ။ ဘဂဝတော-ဟူသော သမ္ဗာန်
ပုဒ်ကို။ပစ္စဝေက္ခဏစိတ္တာနိ-ဟူသော ပုဒ်နှင့်စပ်၍၊ ပဋ္ဌဝါ-ဟူသော
ပုဒ်၌၊ ဝါ-သဒ္ဒါကို။ သမုစ္စယ်ပုဒ် နှစ်ခုနှောင် ဆောင်၍။ အဓိပ္ပါယ်ကို
ယူလျှင်။မြတ်စွာဘုရား၏ အနည်းအားဖြင့်လေးကြိမ်လည်း ဖြစ်ကုန်
သော်အများအားဖြင့်ငါးကြိမ်လည်းဖြစ်ကုန်သော်။ပစ္စဝေက္ခဏာဇော
စိတ်တို့သည်ဖြစ်ကုန်၏ဟု ယူသင့်သည်။ သို့မှသာလျှင်။ဘဂဝတော
-ဟူသော။သမ္ဗာန်ပုဒ်၏အနက်ထူးဖြစ်နိုင်မည်။ဝါ-သဒ္ဒါဖြင့်။ ဘုရား၏
ပစ္စဝေက္ခဏာဇောလေးကြိမ်သာ ဇောကုန်သည်မဟုတ်။ ငါးကြိမ်
လည်းဇောကုန်၏ဟုပြသည်၊ထိုကြောင့် ဆန့်ကျင်သကဲ့သို့ထင်သည်
အဋ္ဌသာလိနီအဋ္ဌကထာ၌ ဘုရားတပါးသာ ဝိပ္ပါဘိညပုဂ္ဂိုလ်ရှိသည်
မဟုတ်။ရှင်သာရိပုတ္တရာ။ရှင်မောဂ္ဂလာန်မထေရ် တို့ကိုလည်း။ ဝိပ္ပါ
ဘိညပုဂ္ဂိုလ်ဟူ၍ သိနိုင်ကြောင်းကိုပြချက်ရှိသောကြောင့်။ဓမ္မပါလ
ဝါဒအတိုင်း။တိက္ခိန္ဒြိယဖြစ်သော်ကြောင့်။ဘုရားမှပစ္စဝေက္ခဏာဇော
စိတ်တို့သည်လေးကြိမ် မုဒိန္ဒြိယဖြစ်သောကြောင့်၊ ရှင်သာရိပုတ္တရာ
စသည်တို့မှာ၊ငါးကြိမ်ဟုဆိုခြင်းသည်။ မသင့်ဟူ၍၊ အချို့ဆရာတို့
ဆုံးဖြတ်ကုန်၏၊ တိက္ခိန္ဒြိယဖြစ်သောကြောင့်။ ဘုရားလေးကြိမ်ဇော
လျှင်၊ရှင်သာရိပုတ္တရာစသည်တို့သည်လည်း၊ တိက္ခိန္ဒြိယ ဖြစ်သော

ကြောင့်။လေးကြိမ်ပင် စောသင့်သည်။ မုဒိန္ဒြိယ ပုဂ္ဂိုလ်။ ဒန္ဓာဘိည ပုဂ္ဂိုလ်တို့၌သာလျှင်။ငါးကြိမ်စောသင့်သည်။ ဤသို့လည်း။ တနည်း မှတ်သူအပ်သေး၏၊ ဂန္ထိ ရမိဒ်ဝိမံသိတ္တာဂဟောတဖွံ့၊ [စကားချပ်။]

(၃၁) ကာမဇောဖို့ဝါရမှတပါး။ မဟဂ္ဂုတ်ဇောဖို့ ဝါရကို ပြ တော်မူလိုသောကြောင့်။ အာဒိကမ္မိကဿပန စသည်ကို မိန့်တော် မူ၏။မဟဂ္ဂုတ်ဇောမှတပါး။လောကုတ္တရာဇောကိုပြလိုသောကြောင့် စတ္တာရောပနမဂ္ဂုပ္ပါဒါ အစရှိသည် မိန့်တော်မူ၏။ ။ယထာရဟံ ဟူသောပါဌ်ဖြင့်၊ ဇောခုနစ်ကြိမ် အတိုင်းအရှည် ရှိသည်ဖို့ အဖြစ် ကြောင့်။ တခုသော အာဝဇ္ဇန်းရှိသော မဂ္ဂဝီထိ၌။ ခိပ္ပါဘိညပုဂ္ဂိုလ် ဖြစ်အံ့။ကာမာဝစရဉာဏသမ္ပယုတ်ဇော ၄ခုတို့တွင်။ တခုခုသော ဇောသည်။ ဥပစာ၊အနုလုံ၊ဂေါတြဘု-ဟူသော အမည်ဖြင့်။ ဇော သုံးကြိမ်။ ထိုနောင်-လေးကြိမ်မြောက်၌။ သောတာပတ္တိမဂ်စိတ် တ ကြိမ်ဖြစ်သည်မှနောက်၌။ သောတာပတ္တိ ဖိုလ်ဇော သုံးကြိမ်ဖြစ်၏။ ထိုနောင်-ဘဝင်ကျ၏။ ။ဒန္ဓာဘိညပုဂ္ဂိုလ်ဖြစ်အံ့။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ဂေါတြဘု။ဟူသောအမည်ဖြင့်။လေးကြိမ်, ငါးကြိမ် မြောက် သောတာပတ္တိမဂ်စိတ်တကြိမ် ဖြစ်သည်မှနောက်၌၊ သောတာပတ္တိ ဖိုလ်ဇောနှစ်ကြိမ်ဖြစ်၏၊ ထိုနောင်-ဘဝင် ကျ၏၊ တဒါရုံ အင်္ဂါမစုံ ညီသောကြောင့်။တဒါရုံမကျ။ဤသို့သောအဓိပ္ပါယ်ကိုပြတော်မူ၏။

(၃၂) ဒွနာဂါမ်။ရဟန္တာတို့သည်။ရူပ ပထမဈာန်ကိုဝင်စား ၍။၎င်းဈာန်ကိုလက္ခဏာတင်၍ရှု၏။ ဤသို့သောနည်းအားဖြင့်။ အာ ကိဉ္စညာယတနဈာန် တိုင်အောင် ဝင်စား၍။ လက္ခဏာတင်၍ ရှု၏။ ထိုနောင်မှငါးဖို့သက်နိုးစသော။ ပရိက္ခရာ, ကျောင်း, စသည်တို့ကို။ မီးသည်မဖျက်ဆီးနိုင်စေသတည်း။ ဘုရားခေါ်တော်မူလျှင်။ သိစေ သတည်း။အာကြောင်းရှိ၍သယ်ာတို့ တောင့်တလျှင် သိစေသတည်း၊ ခုနစ်ရက်အတွင်း၌၊မိမိဖို့ အာယုသင်္ခါရ တည်ခြင်းကို ကြည့်ခြင်း။ ဤသို့—ပုဗ္ဗကိစ္စလေးပါးကိုပြု၍၊ကုသိုလ်ကြိယာတို့တွင်။ အနာဂါမ် ဖြစ်လျှင်။ အရူပကုသိုလ် နေဝသညာ နာသညာယတနဈာန်သည် နှစ်ကြိမ်စော၏။ရဟန္တာဖြစ်လျှင်အရူပကြိယာနေဝသညာနာသညာ ယတန ဈာန်သည် နှစ်ကြိမ်စော၏။ ထိုနောင် စိတ်စေတသိက်တို့ဖို့

ချုပ်ခြင်းသို့ရောက်၏။ ထသောအခါ အနာဂါမ်ဖြစ်လျှင်။ အနာဂါမိဖိုလ်၊ရဟန္တာဖြစ်လျှင်။အရဟတ္တဖိုလ်တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင်ဘဝင်ကျ၏။ရုပ်ဘုံမှာအဓိဋ္ဌာန်သည်ကိုချိန်၍။ အကြွင်းနည်းတူပင်။ အနာဂါမ် ရဟန္တာတို့သည်သာလျှင် နိရောဓ သမာပတ်ကိုဝင်စားနိုင်ကုန်၏။

(၃၃) သမာပတ္တိဝိထိ၏အရကို။ ဈာနသမာပတ္တိဝိထိ။ဖလသမာပတ္တိဝိထိကိုသူအပ်၏။ဤနှစ်ဝိထိတို့၌။ ဘဝင်အလျဉ်ကဲ့သို့ ဖြစ်၍ဝိထိကိုမှတ်ခြင်းမရှိ။ နေ့ညဉ့်ပတ်လုံးလည်း။ဝင်စားခြင်းငှာ စွမ်းနိုင်၏။ ။ဇဝနာနိဗဟူနိပိ-ဟူသောပါဌ်၌။ အပိ-သဒ္ဒါဖြင့်။ လောကီဈာန်တို့ကိုရှေးဦးစွာဖြစ်သော။ အပ္ပနာ၌ တကြိမ်ရအောင်ကုန်၏။ အဆုံးဖြစ်သောအနာဂါမိဖိုလ်။အရဟတ္တဖိုလ်နှစ်ခုအပေါင်းကို။နိရောဓသမာပတ်၏အခြားမဲ့၌။ တကြိမ် ရအောင်ကုန်၏။ မဂ်၏ အခြားမဲ့၌။ နှစ်ကြိမ်, သုံးကြိမ်, ကုန်သော။ ဖိုလ်စိတ်တို့ကိုလည်း ရအောင်ကုန်၏။ ဤသို့သောအနက်ကိုပေါ်၏။

ဇဝနနိယမပြီး၏။

—※—

(၃၄) ပုဂ္ဂလဘေဒ၊ ပုဂ္ဂိုလ်သည်။ ဒုဂ္ဂတိအဟိတ်။ သုဂတိ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ ဟူ၍။ ပုထုဇ္ဇန်လေးယောက်။ မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ဟူ၍ရှစ်ယောက်။ ဤသို့အားဖြင့်တကျိပ်နှစ်ယောက်ဖြစ်ကုန်၏၊ ထိုတွင်၊ အကုသလဝိပါက်,ဥပေက္ခာသဟဂုတ်, သန္တီရဏစိတ်တလုံးဖြင့်၊ ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည်ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မည်၏၊ အဟိတ်အကုသလဝိပါက်၊ ဥပေက္ခာသဟဂုတ်၊ သန္တီရဏ စိတ်တလုံးဖြင့်၊ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်သည်၎င်း၊ ဇာတိအန္ဓ၊ ဇာတိဗဓိရ၊ ကလာပ်ရုပ်ဖြင့်၊ ပဋိသန္ဓေနေသော အသညသတ်ပုဂ္ဂိုလ်သည်၎င်း၊ သုဂတိအဟိတ် ပုဂ္ဂိုလ်မည်၏၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် စိတ်လေးခုဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည်၊ ဒွိဟိတ်ပုဂ္ဂိုလ်မည်၏။ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်

သေးခု။ မဟာကုသိုလ်ဝိပါက်ကိုးခုဖြင့်၊ ပဋိသန္ဓေနေသည်ဖြစ်၍၊ ပဋိသန္ဓေမှ, စုတိတိုင်အောင်။ သောတာပတ္တိမဂ်ဖို့ရှေ့။ ဂေါတြဘုတိုင်အောင်။ ဖြစ်ထိုက်သောစိတ်တို့၏။ ခဏတ္တယသမင်္ဂီဖြစ်သောပုဂ္ဂိုလ်သည်။တိဟိတ်ပုဂ္ဂိုလ်မည်၏။သောတာပတ္တိမဂ်စိတ်၏ ခဏတ္တယသမင်္ဂီဖြစ်သောပုဂ္ဂိုလ်သည်။ သောတာပတ္တိမဂ္ဂဋ္ဌာန်မည်၏။ သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှစ၍။ သကဒါဂါမိမဂ်စိတ်ဖို့ရှေ့။ ဝေါဒါန်တိုင်အောင်။ဖြစ်ထိုက်သောစိတ်တို့၏။ခဏတ္တယသမင်္ဂီဖြစ်သော ပုဂ္ဂိုလ်သည်။ သောတာပတ္တိဖလဋ္ဌာန်မည်၏။ သကဒါဂါမိမဂ် စိတ်၏ ခဏတ္တယသမင်္ဂီဖြစ်သော ပုဂ္ဂိုလ်သည်။သကဒါဂါမိမဂ္ဂဋ္ဌာန်မည်၏။ သကဒါဂါမိမဂ္ဂါနန္တရဖိုလ်မှစ၍၊ အနာဂါမိမဂ်စိတ်ဖို့ရှေ့။ ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏၊ ခဏတ္တယသမင်္ဂီ ဖြစ်သော ပုဂ္ဂိုလ်သည်။ သကဒါဂါမိ ဖလဋ္ဌာန်မည်၏။ အနာဂါမိမဂ်စိတ်၏။ ခဏတ္တယသမင်္ဂီ ဖြစ်သော ပုဂ္ဂိုလ်သည်။ အနာဂါမိမဂ္ဂဋ္ဌာန် မည်၏။အနာဂါမိမဂ္ဂါနန္တရဖိုလ်မှစ၍, အရဟတ္တမဂ်ဖို့ရှေ့ ဝေါဒါန်တိုင်အောင်, ဖြစ်ထိုက်သော စိတ်တို့၏။ ခဏတ္တယသမင်္ဂီ ဖြစ်သော ပုဂ္ဂိုလ်သည်။အနာဂါမိဖလဋ္ဌာန်မည်၏၊ အရဟတ္တမဂ်စိတ်၏။ ခဏတ္တယသမင်္ဂီဖြစ်သော, ပုဂ္ဂိုလ်သည်။ အရဟတ္တမဂ္ဂဋ္ဌာန်မည်၏။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍။ ပစ္ဆိမစိတ် ဖြစ်သည်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏။ခဏတ္တယသမင်္ဂီဖြစ်သော ပုဂ္ဂိုလ်သည်၊ အရဟတ္တဖလဋ္ဌာန်မည်၏။

(၃၅) ထိုတကျိပ်နှစ်ယောက်သောပုဂ္ဂိုလ်တို့တွင်၊ဒွိဟိတ်, ဒုဂ္ဂတိအဟိတ်,သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်။အပ္ပနာဇောဖို့ ဖြစ်ခြင်းကို,တားမြစ်တတ်ကုန်သော။ဒွိဟိတ်, အဟိတ်ပဋိသန္ဓေနေခြင်းရှိကုန်သောကြောင့်။အပ္ပနာဇောတို့ကို,မရအပ်ကုန်။ အပ္ပနာမရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ အရဟတ္တဖိုလ်သည်မရှိ, အရဟတ္တဖိုလ် မရှိသောကြောင့်,ကြိယာဇောတို့ကိုလည်းမရအပ်ကုန်။ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်။မူလပဋိသန္ဓေ၏ဉာဏ်ကင်းသဖြင့်။ မိုက်သည်၏ အဖြစ်ကြောင့်၊ ဉာဏသမ္ပယုတ်ဝိပါက်စိတ်တို့ကို မရအပ်ကုန်။ ဉာဏဝိပ္ပယုတ္တာနိစ ဟူသောပါဠိ၌။ စသဒ္ဒါဖြင့်, ဉာဏ

သပ္ပယုတ်ဝိပါက်စိတ်တို့ကိုလည်း။ မရအင်ကုန် ဟူသောအနက်ကို ပေါင်းသည်ဖြစ်၍အဖြစ်ကြောင့်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်။ ရှစ်ပါးကုန်သောတဒါရုံစိတ်တို့ကို မရအပ်ကုန်၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ပယ်အင်ပြီးသော တဏှာရှိ သည်ဖြစ်၍ အဖြစ်ကြောင့်, ကုသိုလ် အကုသိုလ် ဇောတို့ကိုမရအင်ကုန်၊

(၃၆) တကျိပ်နှစ်ယောက်သောပုဂ္ဂိုလ်တို့တွင်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အား အကုသိုလ်စိတ်၊(၁၂)ခု။ ဟသိတုပ္ပါဒ်ကြဉ်သော, အဟိတ်စိတ်(၁၇)ခု။ မဟာကုသိုလ်စိတ်(၈)ခု အားဖြင့်။ (၃၇) ပါးသောစိတ်တို့ကိုရအင်၏။ သုဂတိအဟိတ်, ဒွိဟိတ်တို့အား။ ထို(၃၇)ပါးသောစိတ်တို့၌။ မဟာဝိပါက်ဉာဏဝိပ္ပယုတ် လေးခုကို ထည့်သောအားဖြင့် (၄၁)ပါးသောစိတ်တို့ကို။ (ဒွိဟိတ်ပုဂ္ဂိုလ်သည်။ဉာဏဝိပ္ပယုတ်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေသောကြောင့် ရခြင်းသင့်၏။သုဂတိအဟိတ်ပုဂ္ဂိုလ်သည် ရသင့်ဟူဘြားအံ့။ ပဋိသန္ဓေ၊အခါက မရ။ ပဝတ္တိအခါ၌ တဒါရုံအဖြစ်ဖြင့် ရလေရကား၊ စိတ်ရတူ၏ ဟူလိုဝ်။ ယင်းသို့သော် ပဋိသန္ဓေ ကံကြောင့် ဖြစ်သလော ဟူမူ။ တစုံတခုသောကံကြောင့်ဖြစ်၏ဟုမှတ်။)တိဟိတ်ပုဂ္ဂိုလ်သည်။ဈာန်မရဈာန်ရ အားဖြင့် နှစ်ယောက်ပြား၏။ ထိုတွင်,ဈာန်မရသော တိဟိတ်အား။ ထို(၄၁)ပါးသောစိတ်တို့၌။မဟာဝိပါက်။ဉာဏသမ္ပယုတ် လေးခုကို ထည့်သောအား။(၄၅)ပါးသော,စိတ်တို့ကို၊ မဟဂ္ဂုတ် ဈာန်ကိုးပါးသုံးကိုရပြီးသော တိဟိတ်အား၊ ထို(၄၅)ပါးသော စိတ်တို့၌။ မဟဂ္ဂုတ်ကုသိုလ်(၉)ခုကို ထည့်သောအားဖြင့်။ (၅၄)ပါးသောစိတ်တို့ကိုရအင်၏ (မဂ်ပုဂ္ဂိုလ်လေးယောက်တို့အား။ အသီးသီး ၎င်းတို့၏ မဂ်တခုစီသာလျှင်၊ရအင်ကုန်၏။) သောတာပတ္တိဖလဋ္ဌာန်သည်။ ဈာန်မရ၊ဈာန်ရ အားဖြင့် နှစ်ယောက်ပြား၏။ထိုတွင်,ဈာန်မရသော, သောတာပတ္တိဖလဋ္ဌာန်အား၊ ဈာန်မရသော, တိဟိတ်သည် ရအင်သော(၄၅)ပါးကုန်သော စိတ်တို့တွင်။ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခု၊ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တခု၊ပေါင်းငါးခုကိုနုတ်၍ သောတာပတ္တိဖိုလ်စိတ်တခုကိုသွင်းသောအားဖြင့်၊ (၄၁)ပါးကုန်သောစိတ်တို့ကို။

ဈာန်ရသော, သောတာပတ္တိဖလဇ္ဈာန်အား။ ဈာန်ရ ကိဟိတ်သည် ရအပ်သော။(၅၄)ပါးကုန်သောစိတ်တို့တွင်, ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခု။ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု။ ဤငါးခုကိုနှုတ်၍။ လောကီဈာန်ရသော, သောတာပတ္တိ ဖိုလ်စိတ်တခုကို သွင်းသောအားဖြင့်။ (၅၀)သောစိတ်တို့ကိုရအပ်၏။

(၃၇) သကဒါဂါမိဖလဇ္ဈာန်သည်။ ဈာန်မရ၊ ဈာန်ရ အားဖြင့် နှစ်ယောက်ပြား၏။ ထိုတွင်, ဈာန်မရသော, သကဒါဂါမိဖလဇ္ဈာန်အား။ ဈာန်မရသောသောတာပန်၏ (၄၁)ပါးသော စိတ်တို့၌။သောတာပတ္တိဖိုလ်စိတ်ကိုပယ်၍။ သကဒါဂါမိဖိုလ် စိတ်ကို ထည့်သော အားဖြင့်။ (၄၁)ပါး။ဈာန်ရသကဒါဂါမိဖလဇ္ဈာန်အား။ဈာန်ရ သောတာပန်၏ ရအပ်သော (၅၀)သောစိတ်မှ။ ဖိုလ်ခြင်းလဲ လှယ်သော အားဖြင့်။(၅၀)သောစိတ်တို့ကို။ အနာဂါမိဖလဇ္ဈာန်သည်။ ဈာန်မရ ဈာန်ရ အားဖြင့် နှစ်ယောက်ပြား၏။ ထိုတွင်, ဈာန်မရသော အနာဂါမ်သည်။ ဈာန်မရသော တိဟိတ်သည်။ ရအပ်သော, (၄၅)ပါးကုန်သောစိတ်တို့တွင်။ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု။ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု။ ဒေါသမူဒွေး။ ဤခုနစ်ပါးကိုနှုတ်၍။ လောကီဈာန် မရသော အနာဂါမ်ဖိုလ်ကိုထည့်သောအားဖြင့်၊(၃၈)ပါး။ဈာန်ရသော အနာဂါမ်အား။ဈာန်ရ,တိဟိတ်သည်ရအပ်သော(၅၄)ပါးကုန်သော စိတ်တို့တွင်။အထက်ပါခုနစ်ပါးကိုကြဉ်၍။လောကီဈာန်ရအနာဂါမ် ဖိုလ်ကိုသွင်းဖို့သောအားဖြင့်။ (၄၈)ပါးကုန်သောစိတ်တို့ကို။ အရဟတ္တဖလဇ္ဈာန်သည်။ ဈာန်မရဈာန်ရအားဖြင့်နှစ်ယောက်ပြား၏။ ထိုတွင်,ဈာန်မရသော။အရဟတ္တဖလဇ္ဈာန်အား။ အဟိတ်စိတ် တဆယ့်ရှစ်ခု။မဟာဝိပါက်စိတ်ရှစ်ခု။မဟာကြိယာစိတ်ရှစ်ခု။လောကီဈာန်မရသောရဟန္တာ၏။အရဟတ္တဖိုလ်တခုအားဖြင့်(၃၅)ပါး။ဈာန်ရသော အရဟတ္တဖလဇ္ဈာန်အား။ထို(၃၅)ပါးသောစိတ်တို့၌။မဟဂ္ဂုတ် ကြိယာကိုးခုကိုထည့်သောအားဖြင့်(၄၄)ပါးသောစိတ်တို့ကိုရအပ်၏။ (ကာမဘုံ။ ရူပဘုံ။ အရူပဘုံ။ ဖြစ်ကုန်သော, မဂ်ပုဂ္ဂိုလ် ဟူသမျှတို့သည်။အထူးမရှိကုန်။

(၃၈) ရူပဘုံ၌ဖြစ်သော တိဟိတ်အား။ လောဘမူစိတ် ၅စ်ခု။ မောဟမူ၌ွေ စက္ခုဝိညာဉ်၌ွေ။ သောတဝိညာဉ်၌ွေ။ သမ္ပဋိစ္ဆိုင်း၌ွေ။ သန္တီရဏသုံးခု။အာဝဇ္ဇန်း၌ွေ။ မဟာကုသိုလ်စိတ်ရှစ်ခု။ မဟာဂ္ဂုတ်, ကုသိုလ်ကိုးခု။ဘုံပုဂ္ဂိုလ်အားလျော်သော။ မိမိပဋိသန္ဓေ ရူပဝိပါက် စိတ်တခု အားဖြင့် (၃၉) ပါးသော။ စိတ်တို့ကိုရအပ်၏။ ရူပသော တာပတ္တိဖလဋ္ဌာန်အား။ ရူပတိဟိတ် သည် ရအပ်သော (၃၉) ပါး ကုန်သောစိတ်တို့တွင်။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခု။ ဝိစိကိစ္ဆာ သဟဂုတ်စိတ် တခုကို နှုတ်၍။ သောတာပတ္တိဖိုလ်ကို သွင်းသော အားဖြင့်(၃၅) ပါးကုန်သောစိတ်တို့ကိုရအပ်၏။သောတာပန်အတူ။ သကဒါဂါမိဖလဋ္ဌာန်။ အနာဂါမိဖလဋ္ဌာန် တို့အား။ သောတာပတ္တိ ဖိုလ်ကိုနှုတ်၍။သကဒါဂါမိဖိုလ်။ အနာဂါမိဖိုလ် တို့ကို အသီးသီး လဲလှယ်၍။ သွင်းသောအားဖြင့် (၃၅) ပါးကုန်သော စိတ်တို့ကို အသီးသီး ရအပ်ကုန်၏။ ။ရူပအရဟတ္တ ဖလဋ္ဌာန်အား။ စက္ခု ဝိညာဉ်၌ွေ၊ သောတဝိညာဉ်၌ွေ။ သမ္ပဋိစ္ဆိုင်း၌ွေ။သန္တီရဏသုံး။ အဟိတ်ကြိယာသုံး။ မဟာကြိယာရှစ်။ မဟဂ္ဂုတ်ကြိယာကိုး။ အရဟတ္တဖိုလ်စိတ်တခု။မိမိပဋိသန္ဓေရူပဝိပါက်တခု အားဖြင့် (၃၁)ပါး ကုန်သောစိတ်တို့ကိုရအပ်၏။ အသညသတ်ကြဉ်သော။ ရူပ (၁၅) ဘုံရှိပုဂ္ဂိုလ်တို့၏စိတ်ရပြီး၏။

(၃၉) အရူပဘုံ၌။ အရူပတိဟိတ်ပုထုဇ္ဇဉ်အား။ လောဘမူစိတ် ရှစ်။မောဟမူ၌ွေ။ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ်စိတ် ၅စ်။ အရူပ ကုသိုလ်လေး။မိမိပဋိသန္ဓေအရူပဝိပါက်တခု အားဖြင့် (၂၄) ပါး သောစိတ်တို့ကိုရအပ်၏သောတာပတ္တိဖလဋ္ဌာန်အားအရူပတိဟိတ် ပုဂ္ဂိုလ်သည်ရအပ်သော (၂၄) ပါးကုန်သောစိတ်သို့တွင်။ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်လေးခု၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ် တခုကို နှုတ်၍။ သောတာပတ္တိဖိုလ်စိတ်ကို ထည့်၍။ (၂၀) ကုန်သော စိတ်တို့ကို သကဒါဂါမိဖလဋ္ဌာန်။ အနာဂါမိဖလဋ္ဌာန် တို့အား။ မိမိတို့ဖိုလ်ကို လဲလှယ်သောအားဖြင့် (၂၀) သောစိတ်တို့ကို။ အရူပ အရဟတ္တ ဖလဋ္ဌာန်အား။မနောဒွါရာဝဇ္ဇန်းတစ်။ မဟာကြိယာရှစ်။ အရူပကြိ ယာလေး။အရဟတ္တဖိုလ်စိတ်တခု၊ မိမိပဋိသန္ဓေအရူပဝိပါက်တခု

အားဖြင့် (၁၅) ပါးသော စိတ်တို့ကို ရအပ်၏။ အာကာသာနဉ္စာယတနတိဟိတ်ပုထုဇဉ်အား။ ဈာန်မရလျှင် နှစ်ဆယ်။ ဈာန်ရလျှင် အရူပကုသိုလ်လေးခုကိုထည့်သောအားဖြင့်။ နှစ်ဆယ့်လေးပါးကုန်သောစိတ်တို့ကို ဝိညာဏဉ္စာယတနတိဟိတ်အား။ ဈာန်မရလျှင် နှစ်ဆယ်။ဈာန်ရလျှင် ဝိညာဏဉ္စာယတနကုသိုလ်။ အာကိဉ္စညာယတနကုသိုလ်။နေဝသညာနာသညာယတနကုသိုလ်။ ဤသုံးခုကို ထည့်၍ (၂၃) ပါးကုန်သောစိတ်တို့ကို။ အာကိဉ္စညာယတနတိဟိတ်အား။ ဈာန်မရလျှင်နှစ်ဆယ်။ ဈာန်ရလျှင် အာကိဉ္စညာယတန ကုသိုလ်။ နေဝသညာနာသညာယတန ကုသိုလ်။ ဤနှစ်ခုကို ထည့်၍ (၂၂) ပါးကုန်သောစိတ်တို့ကို။နေဝသညာနာသညာယတနတိဟိတ်အား။ ဈာန်မရလျှင် နှစ်ဆယ်။ ဈာန်ရလျှင် နေဝသညာ နာသညာယတနကုသိုလ်စိတ်တခုကိုထည့်၍(၂၁) ပါးကုန်သောစိတ်တို့ကိုရအပ်၏။

(၄၀) အာကာသာနဉ္စာယတနဘုံ၌။ သောတာပတ္တိဖလဋ္ဌာန်။ သကဒါဂါမိဖလဋ္ဌာန်။ အနာဂါမိဖလဋ္ဌာန် တို့အား။ ဈာန်မရလျှင်။ အရူပကုသိုလ် လေးခု ကြဉ်သော (၁၆) ပါး။ ဈာန်ရလျှင် အရူပကုသိုလ်လေးခုကို ထည့်သော အားဖြင့် (၂၀) သော စိတ်တို့ကို အသီးသီးရအပ်ကုန်၏။ ။ဝိညာဏဉ္စာယတနဘုံ၌။ သောတာပတ္တိဖလဋ္ဌာန်။သကဒါဂါမိဖလဋ္ဌာန်။ အနာဂါမိဖလဋ္ဌာန်တို့အား။ ဈာန်မရလျှင် (၁၆) ပါး။ ဈာန်ရလျှင် ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန။နေဝသညာနာသညာယတန။ ကုသိုလ်အထက်ဈာန်သုံးကို ထည့်သောအားဖြင့် (၁၉) ပါးကုန်သော စိတ်တို့ကို။ အာကိဉ္စညာယတနဘုံ၌။သောတာပတ္တိဖလဋ္ဌာန်။ သကဒါဂါမိဖလဋ္ဌာန်။ အနာဂါမိဖလဋ္ဌာန်တို့အား။ ဈာန်မရလျှင် (၁၆) ပါး။ ဈာန်ရလျှင် အာကိဉ္စညာယတန။နေဝသညာနာသညာယတန။ကုသိုလ်အထက်ဈာန်နှစ်ခုကိုထည့်သောအားဖြင့် (၁၈) ပါးသောစိတ်တို့ကို။နေဝသညာနာသညာ ယတနဘုံ၌။ သောတာ ပတ္တိ ဖလဋ္ဌာန်။ သကဒါဂါမိဖလဋ္ဌာန်။အနာဂါမိဖလဋ္ဌာန် တို့အားဈာန်မရလျှင်(၁၆)ပါး။ ဈာန်ရလျှင်။ နေဝသညာ နာသညာ ယတနကုသိုလ်တခုကို ထည့်သော အားဖြင့်(၁၇)ပါးကုန်သော, စိတ်တို့ကိုအသီးသီး ရအပ်ကုန်၏။

အာကာသာနဉ္စာယတနဘုံ၌။ အရဟတ္တဖလဋ္ဌာန်အား၊ ဈာန်မရလျှင်။မနောဒွါရာဝဇ္ဇန်း။ မဟာကြိယာရှစ်။ အရဟတ္တဖိုလ်တစ်။ မိမိပဋိသန္ဓေအရူပဝိပါက်တခုအားဖြင့်၊ (၁၁)ပါး။ ဈာန်ရလျှင်, အရူပကြိယာလေးခုထည့်သောအားဖြင့်(၁၅)ပါး ကုန်သော စိတ်တို့ကို။ ဝိညာနဉ္စာယတနဘုံ၌။အရဟတ္တဖလဋ္ဌာန်အား။ ဈာန်မရလျှင်(၁၁)ပါး။ဈာန်ရလျှင်,ဝိညာနဉ္စာယတန။အာကိဉ္စညာယတန။ နေဝသညာနာသညာယတန။ ကြိယာသုံးခုကို ထည့်သောအားဖြင့် (၁၄)ပါးကုန်သောစိတ်တို့ကို။ အာကိဉ္စညာယတနဘုံ၌။ အရဟတ္တဖလဋ္ဌာန်အား။ဈာန်မရလျှင်(၁၁)ပါး။ ဈာန်ရလျှင်။အာကိဉ္စညာယတန။နေဝသညာနာသညာယတနကြိယာအထက်ဈာန်စိတ်နှစ်ခုကိုထည့်သောအားဖြင့်(၁၃)ပါးကုန်သောစိတ်တို့ကို။နေဝသညာနာသညာယတနဘုံ၌။အရဟတဖလဋ္ဌာန်အား။ဈာန်မရလျှင်(၁၁)ပါး။ ဈာန်ရလျှင်မိမိရသောနေဝသညာနာသညာယတနကြိယာဈာန်စိတ်တခုကိုထည့်သောအားဖြင့်။(၁၂)ပါးကုန်သောစိတ်တို့ကိုရအပ်၏။

(၄၁) ပါရိသေသနည်းဖြင့် အစွမ်းဖြင့်။ ထိုပုဂ္ဂိုလ်တို့ဖြင့် ရအပ်ကုန်သော,ဝီထိစိတ်တို့ကိုပြခြင်းငှါ။ အသေက္ခာန်။လ။ စတုပညာသသမ္ဘဝါ။ဟူသော ဂါထါကို မိန့်တော်မူ၏။ စတုစတ္တာလီသဖြင့် အရကား။ ကာမဝိပါက်တေဝီသ။ကြိယာနှစ်ဆယ်။ အရဟတ္တဖိုလ်စိတ်အားဖြင့်(၄၄)ပါးကုန်သော စိတ်တို့ကို။ ဆပညာသဖြင့် အရကား။ ကာမဝိပါက်တေဝီသ။အာဝဇ္ဇန်းဒွေ။ ကုသိုလ်စိတ် ဧကဝီသ။ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခု၊ ဝိစိကိစ္ဆာသဟဂုတ် စိတ်တခုသည်။ ကြဉ်အပ်သော။အကုသိုလ်စိတ်ခုနစ်ခု၊ အောက်ဖိုလ် သုံးခုအားဖြင့်။ (၅၆)ပါးကုန်သော စိတ်တို့ကို။ စတုပညာသဖြင့် အရကား၊ ကာမဝိပါက်တေဝီသ။အာဝဇ္ဇန်းဒွေ အကုသိုလ်စိတ် တဆယ့်နှစ်ခု။လောကီကုသိုလ် သတ္တရသ အားဖြင့်။(၅၄) ပါးကုန်သော စိတ်တို့ကို ကောက်ယူအပ်၏။ ။ကာမ၊ရူပ၊အရူပ၊ရဟန္တာရအပ်သော စိတ်ဟူ၍ အထူးမပြုဘဲ။ (၄၄)ပါးကုန်သော စိတ်တို့ကို၊ ရဟန္တာတို့သည်၊ကာမ ရူပ၊အရူပ၊ သေက္ခဟူ၍ အထူးမပြုဘဲ၊ (၅၇)ပါးကုန်သောစိတ်တို့ကို၊သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည်၊ ကာမ၊ ရူပ၊

အရူပ၊ပုထုဇ္ဇဉ်ဟူ၍ အသုံးမပြုဘဲ။ (၅၄)ပါးကုန်သောစိတ်တို့ကို။ ပုထုဇ္ဇဉ်ပုဂ္ဂိုလ်လေးယောက်တို့သည်။သာမည်အားဖြင့်ရအင်သည် ကို ပြတော်မူ၏၊

ပုဂ္ဂလဘေဒ ပြီး၏။

(၄၂) ဘူမိဝိဘာဂ။ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့်။ ဝိထိစိတ်တို့၏ ဖြစ်ခြင်းအပြားကိုပြပြီး၍။ ဘုံတို့၏အစွမ်းဖြင့်ဖြစ်သော။ ဝိထိစိတ် တို့ကို။ ဝေဘန်၍ ပြလိုရကား။ ကာမဝစရ ဘူမိယံ စသည်ကို မိန့် တော်မူ၏၊ သဗ္ဗာနိပိ ဟူသောပုဒ်၌။ ပိသဒ္ဒါဖြင့်။ သက်သက် ဝိထိ စိတ်တို့ကိုသာလျှင်,ရအပ်ကုန်သည်မဟုတ်။ ဘဝင်စိတ်။ စုတိစိတ်။ ပဋိသန္ဓေစိတ်,တို့ကိုလည်း၊ ရအင်ကုန်၏ ဟူသော အနက်ကို ပေါင်း တော်မူ၏။သန္တိရကာသုံးရသည်။ တဒါရုံကိစ္စတပ်ခိုက်။ ရူပဘုံ၌ မရ အင်။သဗ္ဗတ္ထာပိ၌။ ပိသဒ္ဒါဖြင့်။ယခင် ပယ်အင်ပြီးသော စိတ်တို့ကို သာမရအပ်သည်မဟုတ်။ထိုထိုဒွါရိက။စိတ်တို့ကိုလည်း မရအပ်ဟု ပေါင်းသည်။ (ဘုံသုံးပါး၌ပင်။ ပသာဒရုပ်ချို့သော ပုဂ္ဂိုလ်တို့အား။ ဒွါရိက စိတ်တို့ကိုမရအပ်။ဟူလို၏။)

ကာမ တဆယ့် တဘုံ၌၊ ပဋိသန္ဓေ နေကုန်သော ။တကျိပ် နှစ်ယောက်ကုန်သောပုဂ္ဂိုလ်တို့အား။ စိတ်တခု ယုတ်ကိုးဆယ် တို့ တွင်။ မဟဂ္ဂုတ်ဝိပါက် ကိုးခုသည် ကြဉ်အင်ကုန်သော၊ ရှစ်ဆယ် (၈၀)သော ဝိထိစိတ်တို့ကို ရအင်ကုန်၏။ ဤကား။ အသီတိဝီထိ စိတ္တာနိ,အရတည်း။ ။အသညသတ်ကြဉ်သော ရူပ တဆယ့်ငါး ဘုံ၌။ ပဋိသန္ဓေ နေသော တိဟိတ် ပုထုဇ္ဇဉ်တယောက်၊ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက် တို့အား။ ဒေါသမူနှစ်သည် ကြဉ်အပ်သော။ အကုသိုလ်စိတ်ဆယ်ခု။ ဃာနဝိညာဉ်နှစ်။ ဇိဝှါဝိညာဉ်နှစ်။ ကာယ ဝိညာဉ်နှစ်။သည် ကြဉ်အင်သော။ အဟိတ်စိတ် (၁၂)ခု။ မဟာ ကုသိုလ်၊ မဟာကြိယာ (၁၆)ခု။ မဟဂ္ဂုတ် ကုသိုလ် ကိုးခု။ မ ဟဂ္ဂုတ်ကြိယာကိုးခု၊ လောကုတ္တရာစိတ်ရှစ်ခု အားဖြင့်။ (၆၄)ပါး ကုန်သောဝိထိစိတ်တို့ကို။ ဖြစ်သင့်သည်အားလျော်စွာ ရအင်ကုန် ၏။ ဤကားစတုသဋ္ဌိ အရတည်း။ထို (၆၄)ပါးကုန်သော စိတ်တို့၌။

ဘုံပုဂ္ဂိုလ်အားလျော်စွာ။ မိမိတို့ပဋိသန္ဓေဝိပါက်စိတ်ကိုအသီးသီး တခုစီထည့်၍(၆၅)ပါးကုန်သော စိတ်တို့ကို။ ပထမဈာန် သုံးဘုံ။ ဒုတိယဈာန်။တတိယဈာန်သုံးဘုံ။ ဝေဟပ္ဖိုလ်ဘုံ။ ဤဆယ်ဘုံ၌ဖြစ်ကုန်သော၊ဗြဟ္မာတို့သည်ရအပ်ကုန်၏။

(၄၃) သုဒ္ဓါဝါသငါးဘုံတို့၌။ ထို၊(၆၅)ပါးကုန်သော စိတ်တို့တွင်၊ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု။ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု။ အောက်မဂ်သုံးခု။ အောက်ဖိုလ် နှစ်ခုတို့သည် ကြဉ်အပ်ကုန်သော။ (၅၅)ပါးကုန်သော စိတ်တို့ကို ရအပ်ကုန်၏။ အရူပလေးဘုံ၌ ပဋိသန္ဓေနေသော၊တိဟိတ်ပုထုဇ္ဇန်တယောက်။ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကြဉ်သော။ အရိယာ(၇)ယောက်တို့အား၊ ဒေါသမူဒွေကြဉ်သော။ အကုသိုလ်စိတ် ဆယ်ခု၊ မနော ဒွါရာဝဇ္ဇန်း တခု။ မဟာကုသိုလ်။ မဟာကြိယာ (၁၆)ခု။ အရူပကုသိုလ်။ အရူပကြိယာ။ ရှစ်ခု၊ သောတာပတ္တိမဂ်သည် ကြဉ်အပ်သော။ လောကုတ္တရာစိတ် ခုနစ်ခုအားဖြင့်။ (၄၂)ပါးကုန်သော ဝိထိစိတ်တို့ကို ရအပ်ကုန်၏။ ဤကား ဒွေစတ္တာလီသအရတည်း။ ထို-(၄၂)ပါးကုန်သောစိတ်တို့၌။ ဘုံပုဂ္ဂိုလ်အား လျော်သော။ မူလ ပဋိသန္ဓေအရူပ ဝိပါက်စိတ်ကို အသီးသီး တခုစီထည့်သောအားဖြင့်။ (၄၃)ပါးကုန်သော စိတ်တို့ကို။ အာကာသာနဉ္စာယတနဘုံ၌၊ ဖြစ်ကုန်သော ဗြဟ္မာတို့သည် ရအပ်ကုန်၏၊ ၊ထို-(၄၃)ပါးကုန်သော စိတ်တို့တွင်။ အာကာသာနဉ္စာယတန။ကုသိုလ် ဝိပါက်။ကြိယာ။ဟုဆိုအပ်သော၊ ပထမ အရူပ စိတ်သုံးခုကိုကြဉ်၍။ မိမိ၏မူလ ပဋိသန္ဓေဟု ဆိုအပ်သော။ ဝိညာဏဉ္စာယတနဝိပါက်ကိုထည့်သောအားဖြင့်(၄၁)ပါးကုန်သော စိတ်တို့ကို၊ ဝိညာဏဉ္စာယတနဘုံဟုဆိုအပ်သော။ဒုတိယအရူပဘုံ၌။ ဖြစ်ကုန်သောဗြဟ္မာတို့သည်ရအပ်ကုန်၏။ ၊ထို(၄၁)ပါးကုန်သော စိတ်တို့တွင်၊ဝိညာဏဉ္စာယတန၊ ကုသိုလ်။ ဝိပါက်။ ကြိယာ ဟုဆိုအပ်သော၊ ဒုတိယ အရူပစိတ်သုံးခုကို ကြဉ်၍၊ မိမိ၏ မူလ ပဋိသန္ဓေဟု ဆိုအပ်သော၊ အာကိဉ္စညာယတနဝိပါက်ကို ထည့်သောအားဖြင့်၊(၃၉)ပါးကုန်သော စိတ်တို့ကို၊အာကိဉ္စညာယတနဘုံဟု ဆိုအပ်သော၊ တတိယ အရူပဘုံ၌ ဖြစ်ကုန်သော၊ ဗြဟ္မာတို့သည်

ရအပ်ကုန်၏။ ။ထို(၃၉)ပါးကုန်သော စိတ်တို့တွင်။ အာကိဉ္စညာယတန။ကုသိုလ်။ဝိပါက်။ကြိယာဟု ဆိုအပ်သော။တတိယ အရူပစိတ်သုံးခုကိုကြည့်၍၊ မိမိ၏မူလ ပဋိသန္ဓေဟု ဆိုအပ်သော။နေဝသညာနာသညာယတန ဝိပါက်ကို ထည့်သောအားဖြင့်။(၃၇)ပါးကုန်သောစိတ်တို့ကို နေဝသညာနာသညာယတနဘုံဟု ဆိုအပ်သော စတုတ္ထအရူပဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့သည်ရအပ်ကုန်၏။

(၄၄) ရူပဗြဟ္မာတို့သည်။ဒေါသမူ၂။တဒါရုံဧကာဒသတို့ကို။ တည်ရာမဟုတ်သည်၏ အဖြစ်ကြောင့် ကြည့်အပ်ကုန်၏။ ။အရူပဗြဟ္မာတို့သည်။ပထမသောတာပတ္တိမဂ်ကို။ သုတပါးထံမှတရားကို မနာရသည်၏အဖြစ်ကြောင့်။ (ဝါ) ပရတောဃောသပစ္စည်းကို မရသည်၏အဖြစ်ကြောင့်။ ကြည့်အပ်ကုန်၏။ အရူပဗြဟ္မာတို့သည်။ ရူပစိတ်တဆယ့်ငါးခုတို့ကို၊ဖြစ်ခြင်းငှာမထိုက်သောကြောင့်။ ကြည့်အပ်ကုန်၏။အရူပဗြဟ္မာတို့သည်။ဟသိတုပ္ပါဒ်စိတ်ကို။ ဟသနာကာယတို့၏မရှိသည်၏အဖြစ်ကြောင့်။ကြည့်အပ်ကုန်၏။

ဘူမိဝိဘာဂပြီး၏။

(၄၅) နိရောဓသမာပတ်ဝင်စားသော အခါအခိုက်ကိုကြည့်၍။ ဘဝနိကန္တိကလောဘဇော ဟုဆိုအပ်သော။ မနောဒွါရ၌ဖြစ်သော။ ဝိထိစိတ်ဖြစ်သည်မှစ၍။ စုတိစိတ်၏ အနီးဖြစ်သော၊ ဝိထိစိတ်ဖြစ်သည်တိုင်အောင်။ဘဝင်ခြားသည်ဖြစ်၍။ ဝိထိစိတ်သည် မပြတ်ဖြစ်၏။ ဝိထိစိတ်တို့၏ ဖြစ်သော အကြိမ်ကား။ ဒွေပဉ္စဝိညာဉ်တဆယ်။ ပဉ္စဒွါရာဝဇ္ဇန်း။သမ္ပဋိစ္ဆိုင်းနှစ်။မဂ်စိတ်လေးခု အားဖြင့် (၁၇) ပါးသောစိတ်တို့သည်။ တကြိမ်သာ ဖြစ်ကုန်၏။ သုခသန္တီရဏ စိတ်တပါးသည်၊သန္တီရဏကိစ္စ တပ်သောအခါတကြိမ်။ တဒါရုံကိစ္စ တပ်သောအခါနှစ်ကြိမ်ဖြစ်၏။နေဝသညာနာသညာယတနကုသိုလ်ကြိယာကြဉ်သော၊မဟဂ္ဂုတ်စိတ် (၂၅)ပါးတို့သည်။ အာဒိကမ္မိကဝိထိအခါ၌ ဈာန်တကြိမ်။ သမာပတ္တိဝိထိအခါ၌ နှစ်ကြိမ်၎င်း။ အကြိမ်များစွာ၎င်း ဖြစ်ကုန်၏။ မနောဒွါရာဝဇ္ဇန်း စိတ် တပါးသည်။ ဒွါရာဝဇ္ဇန်းကိစ္စတပ်သောအခါတကြိမ်။ဝုဋ္ဌောကိစ္စတပ်သောအခါနှစ်

ကြိမ်ရှင်း၊သုံးကြိမ်ရှင်းဖြစ်၏။ကာမပဋိသန္ဓေဆယ်ပါးသည်ပဋိသန္ဓေ
ကိစ္စ၊စုတိကိစ္စတင်သောအခါတကြိမ်။ တဒါရုံကိစ္စ တင်သောအခါ
နှစ်ကြိမ်။ဘဝင်ကိစ္စတင်သောအခါ။ အကြိမ်များစွာ ဖြစ်၏။ နေဝ
သညာနာသညာယတန၊ကုသိုလ်ကြိယာနှစ်ပါးသည်။အာဒိကမ္မိက
ဝိထိ၌တကြိမ်။နိရောဓသမာပတ္တိဝိထိ၌ နှစ်ကြိမ်။ သမာပဇ္ဇနဝိထိ၌
အကြိမ်များစွာဖြစ်၏။ အောက်ဖိုလ် နှစ်ပါးသည်။ မန္ဒပညာ ပုဂ္ဂိုလ်
အား, ဖိုလ်နှစ်ကြိမ်။တိက္ခပညာပုဂ္ဂိုလ်အားဖိုလ်သုံးကြိမ်။ဖလသမာ
ပတ္တိဝိထိ၌။ဖိုလ်အကြိမ်များစွာ ဖြစ်၏။ အထက်ဖိုလ် နှစ်ပါးသည်။
နိရောဓ, သမာပတ်မှ ထသောအခါ ဖိုလ်တကြိမ်။ မန္ဒပညာပုဂ္ဂိုလ်
အားနှစ်ကြိမ်၊တိက္ခပညာပုဂ္ဂိုလ်အားသုံးကြိမ်။ ဖလသမာပတ္တိဝိထိ၌
ဖိုလ်အကြိမ် များစွာ ဖြစ်၏။ အကုသိုလ် (၁၂) မဟာကုသိုလ်,
မဟာကြိယာ, ဝိပ္ပယုတ် (၈) ဟသိတုပ္ပါဒ် (၁) အားဖြင့် (၂၁)
ပါးတို့သည်။ မရဏာသန္န ကာလ၌ (၅) ကြိမ်၊ မုစ္ဆာကာလ၌ (၆)
ကြိမ်။ပကတိကာလ၌ (၇) ကြိမ်ဖြစ်ကုန်၏။ မဟာ ကုသိုလ်, မဟာ
ကြိယာ, ဉာဏသမ္ပယုတ် ၅စ်ပါးတို့သည်။ တိက္ခပညာပုဂ္ဂိုလ်အား။
ဥပစာ, အနုလုံ, ဂေါတြဘု, ဟု သုံးကြိမ်၊ မန္ဒပညာ ပုဂ္ဂိုလ်အား။
ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, ဟု လေးကြိမ်။ မရဏာသန္န
ကာလ၌ငါးကြိမ်။မုစ္ဆာကာလ၌ခြောက်ကြိမ်။ ပကတိကာလ၌၊ခုနစ်
ကြိမ်ဖြစ်ကုန်၏။

ဂေါတြဘု-ဟု, နပုထုဇ္ဇင်ရသနှင့်ရွတ်အင်သောပုဒ်သည်။ ဉာဏ်
စိတ်,စသည်ကိုဟော၏။ဂေါတြဘု-ဟု, ပုထုဇ္ဇင်းဟနှင့်ရွတ်အပ်သော
ပုဒ်သည်။ပုဂ္ဂိုလ်စသည်ကိုဟော၏ဟု၊သဒ္ဒနီတိဆရာမိန့်အပ်ရကား။
ဤ၌ စိတ်ဟော ဖြစ်သောကြောင့်။ ဂေါတြဘု-ဟု, နပုထုဇ္ဇင်ရသနှင့်
ရွတ်ရမည်။ အာဂမယုတ္တိကား။ (ဂေါတြဘုဇာတိရသတ္တ ဝသေ
နကာသိတံပဒံ၊နပုံသကန္တိဝိညေယျံ၊ ဉာဏစိတ္တာဒိပေက္ခကံ,ဂေါတြ
ဘုဇာတိဒီဃတ္တ ဝသေနကထိတံပန, ပုလ္လိင်္ဂန္တိဝိညေယျံ၊ ပုဂ္ဂလာဒိ
အပေက္ခကံ) ဝိထိ-ဟူသည်။ ဝိဓာပရံပရာ ဟု။ ဝိဘာဝနီဋီကာ
ဘွင့်သောကြောင့်။ စိတ်အစဉ်ကို ဆိုလိုသည်။ ဝစနတ္ထကို။ အဘိ
ကထာ, ဋီကာ, စသည်တို့၌အထူးမဆို။မောဂ္ဂလာန်၌။ ဝိတောထိက်

ဟု-သုတ်ကိုတည်သောကြောင့်။ဝိယန္တိ ဂန္ထန္တိ ဧတ္ထ ဧတာယာတိ ဝါဝိထိ, ဟုပြုသည်ရှိသော်။ ဦး အစဉ်ရ၏။ ဝိထိဝဲယာတိဝိထိ-ဟု ဥပမာတဒ္ဓိတ်ဆင့်သည်ရှိသော်။ ဗိတ်အစဉ်ရ၏။ ဝိ-ခါတ်။ဝါ-ခါတ် နှစ်ချက်သင့်။ ပဗ္ဗယာဒနိဒ္ဒေသ-ဟူသော။ ကစ္စည်းသုတ်ကြီး ဖြစ်သော်လည်း။ထိ-ပစ္စည်းသက်၊ ဝိဘောထိက်-ဟူသော။ မောဂ္ဂလာန်သုတ်ဖြင့်သော်လည်း။ထိ-ပစ္စည်းသက်။ ဝိ-ခါတ်ထားသည်ရှိသော်။ ဝိထိ-ဟု, ဒိဃနှင့်ရွတ်ရမည်။ဝါ-ခါတ်ထားသည်ရှိသော်။ ဝိထိ-ဟူ၍၎င်း။ ဝဲသိ-ဟူ၍၎င်း။ဒိဃ, ရဿ, နှစ်ပါးဖြင့် ရွတ်ဆိုသင့်၏။

အဘိဓမ္မတ္ထသင်္ဂဟာသိင်္ဂီကျမ်းဖွဲ့-စတုတ္ထပရိစ္ဆေဒပြီး၏။

(၁) 'အဘိဓမ္မတ္ထ ဧသိဟိ၊ အသင်္ခ္ယေဟိ သာကိယော၊
ပဝတ္တသောတုဇနေဟိ၊ ကေကေနာဘိယာစိတော။

အဘိဓမ္မတ္ထဧသိဟိ၊ အဘိဓမ္မသဘာဝကို ရှာမှီးလေ့ ရှိကုန် ထသော။အသင်္ခ္ယေဟိ၊ ဘုရားလျှာ, မနိဋ္ဌမှစ၍ ဆင်းသက်။ နွယ်မပျက်ကုန်ထသော။ (ဝါ) သိက္ခာသာဓိ အလိင်ကို အညီမယွင်း ဖြည့်ကျင့်ခြင်း "ဓမ္မရသ" တူမျှကုန်ထသော။ သာကိယော၊ သာကီနွယ်ဝင်အရှင်မျိုး၌။ ပဝတ္တသောတုဇနေဟိ၊ ဖြစ်ကုန်သော ဇာသင်သားတို့သည်။ (ဝါ) ပညာရင်နို့ သောက်စို့မှီခို။ ဇာသင်ပျိုတပည့်တို့သည်။ ကေကေန၊ တစုတရုံးတည်း။ တနည်း။ ကေကေန သဘောတရ ဆန္ဒကို ရှုလျက်။ အဘိယာစိတော၊ ညွှတ်ပျပ် မာန်ညောင်း။တောင်းပန်အပ်သည်၏အဖြစ်ကြောင့်။

(၂) ဒက္ခိဏာသို့ ဗိသာဘာဂေ၊ သိရိခေတ္တရ ဒ္ဓာနိယား
ကိုးတင်းကျေး ၄မှိဇာနတန၊ နာမေန ပညာဝံတိမေ။

သိရိခေတ္တရဒ္ဓာနိယာ၊ လောကီလောကုတ္တရာ နှစ်ဖြာ အသရေ ဂုဏ်ပေါင်းဝေသည့်။ ရွှေပြေဒ္ဓာန မြို့တော်၏။ (ဝါ) ဒွိတ္တသောင်မင်းမြတ်။သမုန္နတ်ဖွဲ့ပျော်မှတ်စံရာ။ ခေတ္တရာဝတီ ဂုဏ်ပေါင်းညီသည့်၊ ပြည်ရွှေမည်တွင် ဘုံဝယ်မြို့၏။ (ဝါ) ပြည်မြို့၏။ ဒက္ခိဏာသို့ ဒိသာဘာဂေ၊တာအပေါင်းဖြင့် တသောင်းကျော်အောင်။ ကွာဝေးဆောင်သည့်။တောင်ဟုခေါ် မှတ်လက်ျာရပ်၌။ ကိုးတင်းကျေး၄မှိ၊ ရှေးခါ

ကသော်, အလောင်းတော်၏ လယ်ကြီးတခွက်။ ကိုးတင်းပက်အောင် ကျယ်လျက်တည်ရာဇာပြုတ်လာကြောင်း။ ခုထက်တိုင်သာ "ကိုးတင်းကျေးရွာ" ဟု။ သညာမည်ရ ယင်းဂါမဋ္ဌ။ (ပက်သည်ကျဲသည် ပရိယာယ်ပင်။ ကျဲ၍မှတမေ့ ကျေးသို့ ရွှေ့၏။) ဇာတေန၊ ပဋိသန္ဓေအားဖြင့်ဖြစ်ထသော။ ပညာဝန္တံ၊ "ပညာဝံသာဘိဓေ" ဟူ၍။ နာမေန၊ အမည်ရှိထသော။ မေဓယာ၊ ဘုန်း ကံ ပညာ အရာရာ၌နှံ့ချာစုံတ်တိဂုဏ်မရှိသောဝါပဋ္ဌိမ်းသည်။ ရစိတော၌စပ်။ [ဇာတိသဒ္ဒါအာဒျုတ္တ။ အာကာရဋ္ဌ။]

(၃) ယာတိ သုဒယ မာပန္န၊ အဘိဓမ္မ စတုက္ကသ။
သိဂီသဒိသ,ယံဂန္ထော၊ ရစိတော နယသမ္ဗန္ဓော။

ယတိသု၊ အသက်နှင့်ဉာဏ် ဤနှစ်တန်ဝယ်။ နှိုနှိုယ်ဖျိုမြန်း ရှင်ရဟန်းတို့၌။ ဒသံ၊ သနားခြင်းသို့။ အာပန္န၊ ရောက်၍။ အဘိဓမ္မစတုက္ကသ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ခေါ် ဆို ထောက်ဒိုင်း, အောက်လေးပိုင်း၏။ နယသမ္ဗန္ဓော၊ အဋ္ဌနယနှင့် ပြည့်စုံထသော။ သိဂီသဒိသ,ယံဂန္ထော၊ သိဂီနိက်ရွှေစင်နှင့်တူသောဤကျမ်းကို၊ ရစိတော သု. ကိုးသ်ဂုဏ်နှင့်-ကိုယ့်ဂုဏ်ငြိမ့်၍။ စောင်းမြောင်းချုပ်ချယ်စသည် ပယ်၍ကင်းကြယ်မကပ်စီရင်အပ်၏။

(၄) ဇိနံ စက္ကေ ဖဝဿန္တေ၊ သက္ကရာဇေ ဗိဖါရုတော။
သမ္ဗုဒ္ဓါသဠ္ဌမာသေဝ၊ ဇုဏှပက္ခေ, တိဒိဗ္ဗဟော။

ဖဝဿန္တေ၊ လောကုတ္တရာ တည်းဟူသော။ အကျိုးယန်. တိုးချဲ့ခြင်းကို ပေးဝတတ်ထသော။ ဇိနစက္ကေ၊ ဘုရားရှင်ဗျာ သာသနာဝတ်ဆည်။ ဖဝဿန္တေ၊ (၂၄၇၇) ခုသို့။ ဗိဖါရုတော၊ လူတို့သည်-အလေးအမြတ်။ ကမ္ဘည်း တတ်၍ ဖြတ်တမ်းမှတ်စာ။ တင်အပ်သော။ သက္ကရာဇေ၊ သက္ကရာဇ်သည်။ ပိဖါရုတော၊ (၁၂၉၆) ခုသို့။ သမ္ဗုဒ္ဓေ၊ ရောက်လတ်သော်။ အာသဠ္ဌမာသေ၊ ပထမဝါဆိုလ၌။ ဇုဏှပက္ခေ၊ လဆန်းပက္ခဖြစ်သော။ တိဒိဗ္ဗဟော၊ သုံးရက်, ၄-ဟူးနေ့၌။

(၅) ကိတ္တာကိမ္ပုမဟာပေန္တံ၊ အဋ္ဌဝသေ, အနာယာသာ၊
ဟုတွာ အနန္တရာယောစ၊ ဂန္ထော ယံနိဋ္ဌိတော ပုညံ၊

အဋ္ဌဝသော၊ ရဟန်းသိက္ခာ ရှစ်ဝါရတွင်၊ ကိတ္တာကိမ္ပံ၊ ဘာပေဖို့ ခု

ခြင်းစသော ကိစ္စကြီးငယ်ကိုလည်း။ အာဟာပေန္တု၊ ဆောင်စေမူ၍။ အနာယာသာ,အနာယာသေန၊ မပင်မပန်းသဖြင့်။ ပုညာ၊ ဖြူစင်သော အယံဂန္ထော၊ ဤ (အဘိဓမ္မတ္ထသင်္ဂဟသင်္ဂီ) အမည် ရှိသော ကျမ်းသည်။ အနန္တရာယေန၊ အန္တရာယ်မှုခြင်းဘေးမသင့်ရောက်ဘဲလျှင် ဟုတ္ထာ၊ ဖြစ်၍။ နိဋ္ဌိတောယထာ၊ အပြီးသို့ရောက်သကဲ့သို့။

(၄) တထာ သဒ္ဓါဒိကမ္ပန္နာ၊ သီလံ ဝဍ္ဎန္တု ပါဏိနံ၊
အဟံပိ သမ္ဗောဓိ၊ သမ္ဗုဒ္ဓာပတ္တိပဏ္ဍိတံ။

တထာ၊ ထိုအတူ။ပါဏိနံ၊သတ္တဝါတို့၏။ သဒ္ဓါဒိကမ္ပန္နာ၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ, တည်းဟူသော သူတော်တရားထွန်းကားအောင်အားထုတ်ခြင်းအမှုတို့သည်။သီလံ၊လျင်စွာ ဝဍ္ဎန္တု၊သာသနာ့မှောင်စွန်းတောင်စွယ်ကျွန်းကိုထွန်းလင်းကြီးစားတိုးပွားကြစေကုန်သတည်း။ အဟံပိ၊ ငါသည်လည်း။(သောမေဓိန္ဒစင်) တနည်း။ အဟံပိ၊ ငါ၏လည်း၊ (သမ္ဗောဓိသည်၌စင်) သမ္ဗောဓိ၊အကြွင်းမဲ့သိမ်းတို့သည်၎င်း။ သမ္ဗုဒ္ဓာ၊အလိုခြင်းသိမ်းတို့သည်၎င်း။ပဏ္ဍိတံပဏ္ဍိတံ၊တောင့်တတိုင်း,တောင့်တတိုင်း။

(၅) ခိပ္ပံခိပ္ပံ သမိဇ္ဈန္တု၊ မဏိဇောတိ ရသူပမံ၊
ဥဇုဝိရေနသောမေဓိ၊သာသနသာမလံဝါဒံ။

မဏိဇောတိရသူပမံ၊ မဏိဇောတိရသ ပတ္တမြား မျက်ရှင်ကို ဆောင်ရသည်နှင့်အတူ။ ခိပ္ပံခိပ္ပံ၊လျင်စွာလျင်စွာ။သမိဇ္ဈန္တု၊ ပြည့်စုံကုန်စေသတည်း။ သာသနဿ၊ သာသနာတော်၏။ မလံ၊ အညစ်အကြေးဖြစ်သော။ဝါဒံ၊ အယူမှားကို။ဥဇုဝိရေန၊ဖြောင့်မှန် ဖြောင့်မတ်တည်တန့်သော သမာဓိဖြင့်။တနည်း။ ဥဇုဝိရေန၊ ရိုးသား ဖြောင့်မှန်အမြင်သန်သောဉာဏ်ဖြင့်။သောမေဓိ၊အသက်ကိုစွန့်ပယ်၍သော်နှိမ်သင်ရလို၏။

✲

# အမှားပြင်ချက်။

| မျက်နှာ။ | အမှား။ | အမှန်။ | ကြောင်းရေ။ |
|---|---|---|---|
| နိဒါန်း | သုဒ္ဒသင် | သုဓ်သင် | ၁၀ |
| ၅ | ယည်၍ | မည်၏ | ၆ |
| ၁၀ | သုံးသတ် | သုံးသပ် | ၁၆+၁၈ |
| ၁၂ | ဝိရိယဒိက | ဝိရိယာဓိက | ၅ |
| ၁၃ | သမာဝါယ | သမဝါယ | ၆ |
| ၁၆ | ဝိရိယ | ဝိရိယ | ၅ |
| ၁၇ | ဝိညာနက္ခန္ဓာ | ဝိညာဏက္ခန္ဓာ | ၂၄ |
| ၂၅ | ပြဋ္ဌာန်း | ပြဓာန်း | ၉+၁၁ |
| ၂၅ | ပရမတ္တ | ပရမတ္ထ | ၁၈ |
| ၂၇ | ပြီး၏ | ပြီး၍ | ၂၀ |
| ၃၁ | ကိလေသာ | ကိလေသာ | ၂၅ |
| ၃၅ | ဌာရင်း | ဌာ | ၁၇ |
| ၄၃ | မတတ် | မတပ် | ၂၄ |
| ၄၉ | ဒွေပဋ္ဌာ | ဒွေပဋ္ဌ | ၈ |
| ၅၀+၅၂ | ဗောဇ္ဈဗ္ဗာ | ဖောဇ္ဈမ္ဘာ | ၃+၂၂ |
| ၅၃ | ဒအားထုပ် | အားထုတ် | ၂၁ |
| ၆၂ | နှံ့ရသော | နှံ့သော | ၁၈ |
| ၆၅ | တပ်ခြင်း | တသ်ခြင်း | ၂ |
| ၆၇ | ရအခ | ရအင် | ၈ |
| ၆၇ | ဝဏ္ဏုက | ဝဏ္ဏုကို | ၂၀ |
| ၇၀ | ဘဏာရ | ဘာကာရ | ၂ |
| ၇၁ | ဒိကာ | ဋီကာ | ၂၆ |
| ၇၂ | ကုသိုတ် | ကုသိုလ် | ၁၃+၁၄ |
| ၇၂ | တို့ရှိ | တို့၌ရှိ | ၂၅ |
| ၇၃ | စုတိ | စုတိကိစ္စ | ၁၂ |
| ၇၃ | ဘတ်သော | တင်သော | ၁၂+၁၃ |
| ၇၆ | တပ်သော | တဘ်သော | ၅ |
| ၇၈ | ရစ်စဲး | ရပ်သဲး | ၁၇ |
| ၇၄ | နိဝရဏ | နီဝရဏ | ၂၄ |

| မျက်နှာ။ | အမှား။ | အမှန်။ | ကြောင်းရေ။ |
|---|---|---|---|
| ၁၄+၁၅ | ဒန္ဒာ | ဒဏ္ဍာ | ၂၉+၄+၇ |
| ၉၀ | သဃ | သံဃ | ၁၂ |
| ၉၁ | ဒိတိ | ဒိတိ | ၂ |
| ၉၄ | တတ်၏ | တင်၏ | ၂၉ |
| ၉၅ | ကြိယ | ကြိယာ | ၁ |
| ၉၆ | အာကာသောအနန္တော။ အာကာသောအနန္တော။ | အာကာသော။အါကာသော | ၆ |
| ၁၀၁ | ရူပ | ရုပ | ၁၉ |
| ၁၀၂ | အာလင်္ဂိတဗ္ဗ | အာလမ္ဗိတဗ္ဗ | ၁ |
| ၁၀၃ | ကြိယ | ကြိယာ | ၂၂ |
| ၁၀၄ | ပုဂ္ဂိုလ | ပုဂ္ဂိုလ် | ၃ |
| ၁၁၁ | လေးဂါး | လေးပါး | ၁၃ |
| ၁၁၇ | တပ်ဘတ် | တသ်တတ် | ၁၃ |
| ၁၂၃ | ဆန္ဒံ | ဆန္ဒ | ၂၁ |
| ၁၃၅ | လောနှင့် | လောဘနှင့် | ၈ |
| ၁၃၇ | ဓမ္မသင်္ဂဏိ | ဓမ္မသင်္ဂဏီ | ၂၉ |
| ၁၄၁ | မပြဓါန်း | ပြဓါန်း | ၂၄ |
| ၁၆၂ | ဖြစ်ရှို | ဖြစ်သည့်ရှို | ၁၆ |
| ၁၆၅ | အကုသိုလ် | ကုသိုလ် | ၂၂ |
| ၁၇၅ | ဓိဌာ | ဓိဋ္ဌာ | ၁၆ |
| ၁၈၆ | ဓိဌာ | ဓိဋ္ဌာ | ၂၄+၂၅ |
| ၁၉၃ | ဖြစေ | ဖြစ်စ | ၂၆ |
| ၂၀၀ | အတွင်း | အတွင် | ၁၇ |
| ၂၀၇ | ဝိဇ္ဇ | ဝိဇ္ဇာ | ၈ |
| ၂၁၈ | ဃောန | ဃာန | ၁၂ |
| ၂၁၀ | သုခ္ခ | သုဒ္ဓ | ၂၆ |
| ၂၁၉ | အိမ်ပ်က် | အိပ်မက် | ၂၄ |
| ၂၂၀ | ဝိပါတ် | ဝိပါက် | ၁၆ |
| ၂၃၁ | သမ္ပယုဘ် | သမ္ပယုတ် | ၁ |
| ၂၃၁ | သည့်သေအား | သည့်သောအားဖြင့် | ၁၉ |